သမိုင်းလေ့လာရေး

# နိုင်ငံသစ်

စာစောင် [၆]




ကချင်သမိုင်း သုတေသနအဖွဲ့

# သမိုင်းလေ့လာရေး နိုင်ငံသစ်စာစောင် (၆)

## မာတိကာ


| စဉ် | အကြောင်းအရာ | စာရေးသူ | စာမျက်နှာ |
|---|---|---|---|
| ၁။ | နိုင်ငံသစ် အယ်ဒီတာ့ အာဘော် | အယ်ဒီတာ | ၃ |
| ၂။ | ရိုးရာစလေ့ ထားလက်ဘီများ နိဒါန်း (၂) | လေ့လာသူတဦး | ၄ |
| ၃။ | THE ANCIENT KAREN | I.K.H.R.A | ၁၉ |
| ၄။ | ကွယ်နှင့် ကရင် | ဒိ မောမော | ၂၃ |
| ၅။ | အာဇာနည် မန်းဘခိုင်နှင့် ကရင့်သမိုင်း၏ အလှည့်အပြောင်းတခု | စ'စောမန်း | ၃၀ |
| ၆။ | သမိုင်းတရားခံ | ထက်ခေါင် | ၄၂ |
| ၇။ | မှန်ကန် မြတ်တရားသော အကျင့်ကို ကျင့်လျက် | ကောင်းကျော် | ၅၃ |
| ၈။ | ရောဝတီ ငိုနေပြီ | ဖူးကီးဒို | ၆၆ |
| ၉။ | ဗူးတာအယ် | ထက်ခေါင် | ၇၉ |
| ၁၀။ | မေတ္တာရပ်ခံချက် | နိုင်ငံသစ်စာစောင် | ၁၀၀ |
| ၁၁။ | မြစ်ဆုံ | ကရင့်သမိုင်း သုတေသနအဖွဲ့ | ၁၀၁ |


မျက်နှာဖုံးပန်းချီ မန်းကျော်ဆန်း၊ ရိုးရာတူရိယာပစ္စည်း "ကွယ်"
နောက်ကျောဖုံး ဓါတ်ပုံများ။
၁။ ဖ၊ ပ၊ သာ၊ တ၊ ပ၊ တ ၏ စည်းရုံးရေးခရီး (နော်ဝါးဝါးထူး)၊
၂။ ၁၉၉၄/၉၅ ခေါတဲအထက်တန်းကျောင်းမှ မူလတန်းအဆင့် ကျောင်းဆင်းပွဲ (ဝမ်းသာ)၊
၃။ စောသာဝင် (မန်းကျော်ဆန်း)၊
၄။ သားချင်းတို့ ပျော်ရာမြေ (**Burma Issues**)၊
၅။ နှင်းယွန်းကိစ္စာနံ့ (မျိုးတင့်တံခင်း)၊
၆။ ဓနောဝါတ်၏ သစီးပွဲ (ဝမ်းသာ)၊

... ... ... ... ... ... ... ... ... ... ... ...

... ... ... ... ... ... ... ... ... ... ... ...

... ... ... ... ... ... ... ... ... ... ... ... ... သို့

ဓမ္မာလက်ဆောင် ပေးပို့အပ်ပါသည်။

**နိုင်ငံသစ်**

**ကရင့်သမိုင်း သုတေသန အသင်း။**

# ကရင့်သမိုင်း သုတေသနအသင်း (I.K.H.R.A.)

မှ

ဟာဝနိံ ထုတ်ဝေ ဖြန့်ချိသည်။

| | | |
|---|---|---|
| အယ်ဒီတာ | မန်းအောင်ငွေး၊ | |
| တွဲဘက် အယ်ဒီတာ | မန်းထက်ခေါင်၊ | |
| ပြင်ဆင်ကြီးကြပ် | ရဲဘော် ဝင်းထွန်း [ဝမ်းသာ]၊ | |
| ကွန်ပြူတာ | ရဲနီ ကျော်စွာ၊ | [မြန်မာဘာသာ] |
| | ခိုင်မာကျော်ဇော၊ | [မြန်မာဘာသာ] |
| | စောဇောထူး၊ | [ကရင် / မြန်မာဘာသာ] |
| | စောဆာဆေး၊ [K.I.C.] | [ကရင်ဘာသာ] |
| | စောပက်ထရစ်၊ | [ အင်္ဂလိပ် ဘာသာ] |
| ဓာပြင် | ရန်ရှင်း၊ | |
| ပန်းချီတာဝန်ခံ | မန်းကျော်ဆန်း၊ | |
| မျက်နှာဖုံးပန်းချီ | မန်းကျော်ဆန်း၊ | |
| အတွင်းပန်းချီ | မန်းကျော်ဆန်း၊ မျိုးတင့်ကံဝင်း၊ | |
| ထုတ်ဝေသည့် နှစ် | ၁၉၉၅ ခု ဒီဇင်ဘာအတွက်၊ ၁၉၉၆ ခုနှစ် မေလတွင် ထုတ်ဝေသည်။ | |
| အုပ်ရေ | ၂၀၀၀။ | |

# နိုင်ငံသစ် အယ်ဒီတာ့ အာဘော်

(၁)

ကရင့်သမိုင်း သုတေသနဌာန၏"နိုင်ငံသစ်" သမိုင်းလေ့လာရေး စာစောင် အမှတ်(၆)ကို ပြင်ဆင်ခဲ့သည်မှာ ၁၉၉၅ ခုနှစ် ဩဂုတ်လ ကတည်းက ဖြစ်ပါသည်။ ပြင်ဆင်ဆဲကာလတွင် အကြောင်းအမျိုးမျိုးကြောင့် မိမိတို့ သုတေသနရုံးကို မဲဆောက်မှ စံခလဘူရီ (ကန်ချနဘူရီ ခရိုင်)သို့ ပြောင်းရွှေ့ခဲ့ရာ လမ်းခရီးကြမ်းတမ်းမှုကြောင့်၊ ကွန်ပြူတာစက်ချို့ယွင်းသွားရပါသည်။ အကြိမ်ကြိမ်ကြိုးစား ပြင်ဆင်ရင်းနှစ်ကုန်သွားခဲ့သည့်တိုင် ကွန်ပြူတာမှာ ပုံမှန် အလုပ်လုပ်နိုင်စွမ်း မရှိတော့၍ အသစ်တလုံးအစားထိုးရန် ဘန်ကောက်ရုံးချုပ်မှ စီစဉ်ပေးခဲ့ပါသည်။ ထို့နောက် ကွန်ပြူတာအဟောင်းတွင် ရိုက်သွင်းထားသော ဆောင်းပါး အချက်အလက်များကို ကွန်ပြူတာ အသစ်သို့ ပြောင်းလဲကူးယူပြီး၊ စံခလသို့ ပို့ပေးခဲ့သော်လည်း စံခလရောက်ပြီး တပါတ်အကြာတွင်ပင် ချို့ယွင်းမှု ဖြစ်ပြန်သည်။

ဤသို့ဖြင့် နိုင်ငံသစ် စာစောင် ထုတ်ဝေရေး ကိစ္စမှာ အကြီးအကျယ် နှောင့်နှေးခဲ့ရပြီး၊ မိမိတို့၏ သုတေသန တာဝန်များလည်း မလွဲမရှောင်သာ ပျက်ကွက်ခဲ့ရပါသည်။ ဤကိစ္စအတွက် "နိုင်ငံသစ်" သုတေသနစာစောင်အား ကူညီပံ့ပိုးကြသော ပုဂ္ဂိုလ်များနှင့် စောင့်စားဖတ်ရှုနေကြသော အလွှာအသီးသီးမှ လေ့လာသူများ အားလုံးကို စာစောင်အဖွဲ့ဝင် အားလုံးကိုယ်စား အနူးအညွတ်တောင်းပန်လိုပါသည်။ နိုင်ငံသစ်စာစောင်အမှတ် (၆)မှစ၍ ပုံမှန်ထုတ်ဝေနိုင်ရန်လည်း စီစဉ်ထားပြီးဖြစ်ပါသည်။

ယခု နိုင်ငံသစ်စာစောင် (၆)တွင် လူပုဂ္ဂိုလ် အတ္ထုပ္ပတ္တိ ဆောင်းပါး (၃)စောင်၊ အမျိုးသားယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါး (၂)စောင်၊ သမိုင်းကြောင်းဝတ္ထု၊ သမိုင်းလေ့လာမှု ဆွေးနွေးခန်းကဏ္ဍ၊ ကရင့်သမိုင်းလေ့လာရေး အင်္ဂလိပ်ဘာသာပြန် ဆောင်းပါးနှင့် မြစ်ဆုံအရေးအခင်း စသည်တို့ ပါဝင်ပါသည်။ ၁၉၉၆ ခုနှစ် နိုင်ငံသစ် စာစောင်ဆောင်းပါးရွေးချယ်ရေး ပေါ်လစီ ချမှတ်ရာတွင် "ပြည်တွင်းစစ်နှင့် ပြည်တွင်း ငြိမ်းချမ်းရေးဆိုင်ရာ လှုပ်ရှားမှု" သမိုင်းမှတ်တမ်းဆောင်းပါးများကို အဓိကထား ရွေးချယ်ဖော်ပြရန် လုပ်ငန်းပေါ်လစီ ဆုံးဖြတ်ချက်ရှိထားပါသည်။ သို့သော် ယခုစာစောင်တွင်၁၉၉၅ခုနှစ်ကတည်းက ရေးသားခဲ့သော ဆောင်းပါးများဖြစ်၍ ယခုနှစ်လုပ်ငန်းစီမံချက်နှင့် မကိုက်မှီသော်လည်း နောင်လာမည့်စာစောင်များတွင်မှ 'ပြည်တွင်းစစ်' 'ပြည်တွင်း ငြိမ်းချမ်းရေး' ဆိုင်ရာ အကြောင်းများကို အထူး အလေးထား ရွေးချယ်ဖော်ပြမည် ဖြစ်ပါသည်။

'မြစ်ဆုံ' အရေးအခင်းကိုငင်း၊ 'ဖူးတာအယ်'၏အတ္ထုပ္ပတ္တိကိုငင်း သီးသန့် စာအုပ်များအဖြစ် ရိုက်နှိပ်ထုတ်ဝေနိုင်ရန် စီစဉ်ထားပါသည်။ စာအုပ်မထုတ်မီတွင်လည်း အခန်းဆက် အဖြစ် ဆက်လက် ဖော်ပြမည်ဖြစ်ပါသည်။

'မြစ်ဆုံ' အရေးအခင်းနှင့်ပတ်သက်၍ ဝေဘန်ချက်အမျိုးမျိုးကို တဆင့်စကားဖြင့်ကြားသိနေရပါသည်။ တဆင့်စကားဖြစ်သောကြောင့်လည်း တရားဝင်အကြောင်းပြန်ကြားနိုင်ရန် မိမိတို့၌ အခက်အခဲရှိနေပါသည်။ ထို့ကြောင့် "နိုင်ငံသစ်"စာစောင်ပါ သမိုင်းလေ့လာရေး ဆောင်းပါးများနှင့်ပတ်သက်၍ မည်သို့သော ဝေဘန်ရေးသားမှုကိုမဆို မိမိတို့ ရုံးလိပ်စာဖြင့် ပေးပို့ ကြပါရန် မေတ္တာရပ်ခံလိုပါသည်။ သို့မှသာ မိမိတို့ အနေဖြင့် စာစောင်မှနေ၍တရားဝင် ပြန်လည် ဖြေရှင်းနိုင်မည် ဖြစ်ပါသည်။

မိမိတို့ နိုင်ငံသစ် သမိုင်းသုတေသနစာစောင်နှင့် လွတ်လပ်သောကရင့်သမိုင်းသုတေသနအဖွဲ့ဝင်များသည် အမျိုးသား အားလုံး၏ အကျိုးအတွက် မိမိတို့ တတ်စွမ်းသမျှ တခဏ်းတကဏ္ဍမှနေ၍ အမျိုးသားရေး တာဝန်ကို ထမ်းဆောင်နေပါသည်။ မိမိတို့၏ သုတေသနအဖွဲ့သည် လွတ်လပ်စွာ ရေးသားတင်ပြမည် ဖြစ်သော် လည်း အမျိုးသားထု၏အကျိုးအတွက် အကြံပြုလာမှုအရပ်ရပ်ကို ကျောခိုင်းနေမည် မဟုတ်ပါ။ မမှန်ကန်သော ရပ်တည်ချက် ကိုလည်း အခိုင်အမာ ဆုပ်ကိုင်ထားမည်မဟုတ်ပါ။

မည်သည့်ဝေဘန်ရေးသားချက်မျိုးကိုမဆို အလေးထားကြိုဆိုနေမည် ဖြစ်ပါသည်။ ၁၉၉၆ခုနှစ်သမိုင်းလေ့လာရေး ခရီးအတွင်း စစ်မှန်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်သည့်လုပ်ငန်းအရပ်ရပ်အပေါ် တမျိုးသားလုံးနှင့် လက်တွဲ ဆောင်ရွက်မည်ဟု အဓိဋ္ဌာန်ချထားပါကြောင်းတင်ပြအပ်ပါသည်။

အယ်ဒီတာ
လွတ်လပ်သော ကရင့်သမိုင်း သုတေသန အသင်း

# ရိုးရာမလေ့ ထား လက်ာများ နိဒါန်း (၂)

ဇလေ့လာသူတဦး

(၁)

ကရင့်ရိုးရာ ထားလက်ာများအား ကမ္ဘာ့နိုင်ငံကြီး များကပင် စိတ်ဝင်တစား စူးစမ်းလေ့လာမှု ပြုလာကြသည်ကို တွေ့ရသည်။ ထားလက်ာများကို သုတေသန ပြုကာ ဘွဲ့ယူစာတမ်း တင်သွင်းမည့် ဆွီဒင်မှ ကျောင်းသူတဦးကို ကျနော်အနည်းငယ်မျှ အကူအညီပေးခဲ့ဘူး သည်။ သူမ ဆွီဒင် ပြန်ခါနီးတွင်ကရင့်သမိုင်း သုတေသနဌာန သို့နောက်ထပ်တခေါက် ရောက်လာပြန်သည်။ ဖူးစကောလေး စပ်ဆိုထားသော ကရင့်တော်လှန်ရေးနှင့် ပတ်သက်သည့် ထားလက်ာများကို သူမ အတော်ပင် စိတ်ဝင်စားသည်။ ထိုလက်ာများထဲမှ အချက် အလက်မှန်ကန်တိကျသည်ဟု ယူဆသော အပုဒ်များကို ရွေးထုတ်ကာ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီး သူမထံ ပို့ပေးပါရန် အကူအညီတောင်းလာ သည်။

အင်္ဂလိပ် ဘာသာ၌ ကျနော် ကောင်းစွာ နိုင်နင်း ကျွမ်းကျင်မှု မရှိချေ။ အင်္ဂလိပ်ဘာသာ တခုတည်း သာမဟုတ် မည်သည့် ဘာသာကိုမျှ နိုင်နင်းမှုမရှိ။ လေ့လာ ဆည်းပူး နေဆဲပင် ဖြစ်သည်။ အင်္ဂလိပ်စကား အနည်းအကျဉ်းမျှတဘက် သားနားလည်အောင်ပြောဆို ရာတွင်ပင် တခါတရံ၌ ကိုယ်ဆိုလိုချင်သည့် စကား တခွန်းကို စကားလုံးတိ ကျမှုရှိစေရန် အတွက် မနည်းကြိုးစဉ်းစား ရွေးချယ်နေရသော ကျနော့်အနေဖြင့် စာရွက်ပေါ် ချရေးရမည့် အလုပ်မှာ လွယ်မယောင်နှင့် ခက်သော အလုပ်ပင်ဖြစ်သည်။ သဒ္ဒါနည်းမကျမှုများ၊ စာလုံးရွေးချယ်သုံးနှုန်းမှု မှားယွင်းခြင်းများ၊ ဝေါဟာရမကြွယ်မှုကြောင့် အဘိဓာန်များ လှန်လှောကာ အချိန်ပေးရှာဖွေရမည့် အခက်အခဲများ၊ များစွာရှိနိုင်သည်။ ကျနော်တတ်နိုင်မည်မဟုတ်ချေ။ သို့ရာတွင် ဆွီဒင်သူမှာ ကျနော်လေးစားချစ်ခင်သော ဗိုလ်မှူးတဦး၏ လမ်းညွှန်မှုဖြင့် ရောက်လာသူ ဖြစ်ခြင်း၊ သူမကိုယ်တိုင် ကျနော်အား ယုံကြည်အားကိုးစွာ အကူအညီတောင်းလာခြင်းနှင့်၊ ထိုအချိန်က ကျနော်တို့ထံ အလည်အပတ် ရောက်နေသော ဆရာဖြစ်သူ၏ အားပေးတိုက်တွန်းခြင်းတို့ကြောင့်၊ ကြိုးစားပြန်ဆိုပေးပါမည်ဟု ကျနော် ကတိပြု ခဲ့ရသည်။

ထားလက်ာ (၉)ပုဒ်ကို (၁၀)ရက်မျှ



ဒူးပလာယာ ဖူးစကောလေး

အချိန်ယူ ပြန်ဆိုခဲ့ရပြီးနောက် ရုံးလက်ခံ အဖြစ်မိတ္တူ ကူးယူထားကာ မူရင်းကို ဆွီဒင် သို့ ပေးပို့ခဲ့သည်။ ဘာသာပြန်ဆိုမှု၌ အားနည်း ချွတ်ယွင်းချက်များ ရှိမည်ဖြစ်၍ စစ်ဆေး ပြုပြင်ပေးပါရန်လည်း ကျနော့်ဆရာထံသို့ မိတ္တူတစ်စောင် ပေးပို့အကြောင်းကြားခဲ့သည်။ ဝေါဟာရအသုံးအနှုန်း မှားယွင်းမှုများကို ပြန်လည် ပြင်ဆင်ချက်ရေးကာ ဆွီဒင်သို့ ထပ်မံပေးပို့နိုင်ရန် ဖြစ်လေသည်။ သို့ရာတွင် အလုပ်များနေသော ဆရာ့ထံမှ ပြန်လည် ပြုပြင်ပေးသည့် စာမူကို မရရှိခဲ့ချေ။

ထိုအတောအတွင်း၊ အမေရိကန်သူတဦးနှင့် ကျနော်တို့ ကြုံကြိုက်မိကြသည်။ စကားပြောဆိုကြရင်း၊ သူမသည်လည်း ကရင့်ရိုးရာ ထားလက်ာများကို သုတေသန ပြုနေသူဖြစ်ကြောင်း သိရပြန်သည်။ သူမ သုတေသနပြုနေသည့် ထားလက်ာများမှာ ကရင်ပြည်နယ် အတွင်းမှ မဟုတ်ဘဲ၊ ထိုင်းနိုင်ငံတွင်း ဒေသများစွာ၌ အနှံ့အပြား အခြေချ နေထိုင်လျက်ရှိသော ကရင်ကျေးရွာများမှ ဖြစ်ပြီး၊ ထိုကရင်များမှာ ဗုဒ္ဓဘာသာပင် လည်းမဟုတ်၊ ခရစ်ယာန် ဘာသာဝင်လည်း မဟုတ်ဘဲ မိရိုးဖလာနတ် ကိုးကွယ်ကြသောသူများ ဖြစ်သည်ဟုဆိုသည်။ ထိုင်းကရင်များ၏ ထားလက်ာ များအပြင် ကရင်ပြည်နယ်တွင်းမှ ထားလက်ာများကိုလည်း ဆက်လက်လေ့လာရန် ဆန္ဒရှိကြောင်း သူမ ပြောသည်။ ကရင့်ရိုးရာ ထားလက်ာများ အကြောင်း ပြောဆိုကြရင်း စကားအလျဉ်းသင့်သောကြောင့် ရိုးရာထားလက်ာ ရေးဖွဲ့မှု ပုံစံဖြင့် ကရင့်သမိုင်းကြောင်း၊ ကရင့်နိုင်ငံရေးနှင့် ကရင့်တော်လှန်ရေး၏ သမိုင်းကြောင်း တစိတ်တပိုင်းကို လွန်ခဲ့သောအနှစ် (၂၀)ခန့်က စပ်ဆိုထားခဲ့သည့် ထားလက်ာများ မိမိတို့ထံ၌ရှိနေကြောင်း၊ ပြီးခဲ့သောလကပင် ဆွီဒင်မှ သုတေသနပြု စာတမ်းတင်မည့် ကျောင်းသူတဦးထံ ထိုထားလက်ာများထဲမှ အချို့ကို ထုတ်နှုတ် ဘာသာပြန်ဆို၍ ပေးပို့ခဲ့ကြောင်း ကျနော်ပြောသည်။ ဆွီဒင်သို့ ပို့ခဲ့သော ထားလက်ာ မိတ္တူကို ထုတ်ပြကာ အသုံး အနှုန်း မှားယွင်း လွဲချော်မှုများကို ပြုပြင်ပေးပါရန်လည်း အကူအညီ တောင်းသည်။ သူမ စိတ်ဝင်တစား ဖတ်ရှုသည်။ စာလုံး အချို့ကို လွယ်ကူရှင်းလင်းစေရန် အတွက် လည်းပြင်ဆင်ပေးသည်။ ကရင့်ရိုးရာ ထား လက်ာကို စိတ်ပါဝင်စားစွာ လေ့လာနေ ကြသူ အများအပြား ကမ္ဘာ့ အရပ်ရပ်တွင် ရှိနေကြောင်းလည်း သူမ ပြောသွားခဲ့လေသည်။

❖ ✡ ❖

(၂)

နိုင်ငံခြားတိုင်းပြည်များက ကရင့်ရိုးရာ ထား လက်ာများအား အဘယ်ကြောင့် စိတ်ဝင်တစား လေ့လာမှု ပြုလာကြသနည်း။

ကရင့်ရိုးရာ ထားလက်ာများကို လေ့လာကြခြင်းသည် ကမ္ဘာပေါ်၌ ကရင်လူမျိုးဟူ၍ ရှိနေကြောင်း ယခင်ကထက်ပို၍ အသိအမှတ်ပြု လာကြခြင်းပင် ဖြစ်လေသည်။ ကရင်ရိုးရာ ထားလက်ာ များ၌ ကရင်လူမျိုး ဆင်းသက်လာပုံ သမိုင်းကြောင်း အချက်အလက် အချို့ကိုငှင်း၊ ကရင့်ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် လူမှုဆက်ဆံရေးများ၊ ဘာသာရေး ယုံကြည်ချက်များကိုငှင်း၊ ကရင်လူမျိုး၏ ပင် ကိုယ်စိတ်ရင်း စေတနာ သဘောထားများကိုငှင်း၊ ကရင်တို့၏ စိတ်ဓါတ် အားမာန် ပြင်းပြသည့် ရည်မှန်းချက်များနှင့် တမ်းတမျှော်လင့်ချက်များကိုငှင်း၊ လူမှုနီတိများ၊ ဆိုရိုးစကားများ၊ တဘောင်များ (အကွက်အဆင်ဆန်းသည့် ဂျပ်ခုတ် ခြင်း၊ သေသပ်ခိုင်ခံ့သည့် တောင်းများ ယက်လုပ်ခြင်း စသည့်) လက်မှုပညာ နည်းစနစ်များ၊ စသည် စသည်ဖြင့် ... ... ရှေးကရင်တို့၏ အတတ်ပညာ၊ အနု ပညာ၊ အသိပညာ စံနှုန်းများကိုငှင်း အဖက်ဖက်မှ လေ့လာသိရှိနိုင်ကြမည် ဖြစ်သည်။

ထားလက်ာများသည် ကရင်အမျိုးသားများ၏ ရှင်သန်ရပ်တည်လာသည့် လူမှုဘဝအတွင်း၌ မည်သည့်အချိန်ကာလကစ၍ သန္ဓေတည်ပေါက်ဖွားလာခဲ့ပါသနည်း။ လွန်ခဲ့သောနှစ်ပေါင်းရာနှင့်ချီ၍ သော်ငှင်း၊ ထောင်နှင့်ချီ၍ သော်ငှင်း ဖြစ်နိုင်ပေလိမ့်မည်။ ထားလက်ာများ စတင်ပေါ်ပေါက် လာခဲ့သည့် အချိန်ကာလကို အနီးစပ်ဆုံး ခန့်မှန်းနိုင်ရန် အတွက်မူ ရှေးဟောင်းဆိုရိုး စကားများနှင့်၊ ဒဏ္ဍာရီသဖွယ် ဖြစ်နေသော သမိုင်းကြောင်း တစိတ်တပိုင်းကို ဖေါ်ထုတ်လေ့လာလျက်၊ အိမ်နီးချင်းနိုင်ငံများ၏ သမိုင်းကြောင်းနှင့် နှိုင်းယှဉ် ချိန်ထိုး ကြည့်ကြရမည် ဖြစ်သည်။ မည်သည့်အချိန်က စတင်ပေါ်ပေါက် လာခဲ့ခြင်း ဖြစ်ကြောင်း သမိုင်းကြောင်း အထောက်အထားများဖြင့် အတိကျနိုင်ဆုံး တင်ပြနိုင်ရန်အတွက်မူ မိမိတို့လေ့လာနေဆဲပင် ရှိပေသေးသည်။

မည်သို့ပင်ဖြစ်စေ ကာလကြာမြင့်စွာ ကတည်းကပင် ထား လက်ာများ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ကြောင်းကိုကား မည်သူမျှ မငြင်းဆိုနိုင်ချေ။ ထားလက်ာများသည် ကရင်အမျိုးသားများ၏ သက်ဝင်လှုပ်ရှား နေသော လူ့အဖွဲ့အစည်းအတွင်း၌ ပျံ့နှံ့စွာ စိမ့်ဝင်လျက် ရှိနေခဲ့လေသည်။

(၃)

ပြီးခဲ့သည့် နိုင်ငံသစ်စာစောင်(၅) "ရိုးရာဓလေ့ ထား လက်ာများနိဒါန်း" တွင် ကရင့် တော်လှန်ရေး၏ သမိုင်းကြောင်း တစိတ်တဒေသ ပါဝင်သော ထား လက်ာများကို ကျနော်ထုတ်နုတ်တင်ပြခဲ့ပါသည်။ ဒူးပလာယာ ဖူးစကောလေး၏ "ကညီထူထံးတၢ်ပၢၢ်ဆၢ" စာမူ နံပါတ်စဉ် (၁၃) မှ (၁၆) အထိအစဉ်လိုက်ပင်ဖြစ်သည်။ ထားလက်ာ စုစုပေါင်း (၂၅)ပုဒ် ရှိသည့်အနက် နံပါတ်စဉ်(၁)မှ (၁၂)အတွင်း အချို့သော အပုဒ်များမှာ အတော်ပင် အချိန်ယူ၍ လေ့လာစူးစမ်းပြီးမှ တင်ပြနိုင်မည် ဖြစ်သည့်အတွက် ချန်လှပ်ထားခဲ့ရပါသည်။ ယခုစာစောင်၌ နံပါတ်စဉ် (၁၇)မှ (၂၄)အထိ ဆက်လက်ဖေါ်ပြမည်ဖြစ်ပါသည်။

ယခုပြမည့် ထား လက်ာများနှင့်ပတ်သက်၍ အနည်းငယ်မျှ ဆွေးနွေး တင်ပြလိုပါသည်။ ထုံးစံအတိုင်းဆိုလျှင် ဤထားလက်ာများမှာ ဖူးစကောလေး ရေးသားသော မူရင်းစာအုပ်မှ ကူးယူပြန်ဆိုဖော်ပြခြင်းဖြစ်၍ မူရင်းထား လက်ာများနှင့်ပတ်သက်သည့် ချီးမွမ်း၊ ကဲ့ရဲ့မှုများ အားလုံးမှာ ဖူးစကောလေးနှင့်သာ သက်ဆိုင်ရမည် ဖြစ်သည်ဟူ၍ငှင်း၊ ကျနော့်အနေဖြင့် ပြန်လည်သီကုံးတင်ပြသူသာဖြစ်၍၊ ဘာသာ ပြန်တင်ပြမှု (မူရင်းထားလက်ာကို အကြမ်းဖျင်း ဘာသာပြန်ဆိုပေးသူမှာ ရဲဘော်မောမော) ၌ ချွတ်ချော်လွဲမှားမှုများရှိခဲ့ပါက ကျနော့် တာဝန်သာ ဖြစ်သည်ဟူ၍ငှင်း ကျနော် ပြောကောင်း ပြောမည်ဖြစ်သည်။ သို့ရာတွင် သမိုင်းလေ့လာရေး နိုင်ငံသစ် စာစောင်မှာ "စာရေးသူ၏ အာဘော်သာဖြစ်ပါသည်" ဟူသော အယ်ဒီတာမှတ်ချက်တို ကလေးကို ရေးလေ့ရှိသည့် စာစောင်မျိုး မဟုတ်ချေ။ မိမိတို့ဖော် ပြသမျှကို တာဝန်ယူလျက်၊ အကောင်းအဆိုး အကျိုးအပြစ်ဝေဖန်မှုများကိုလည်း လက်ကမ်းကြိုဆိုနေသည့် စာစောင်ဖြစ်လေသည်။

ထို့အပြင်လည်း နိုင်ငံသစ် စာစောင်သည် သမိုင်းကြောင်း အချက် အလက်များကို အဓိကထား၍ လေ့လာတင်ပြသည့် စာစောင် ဖြစ်သည်။ ကရင်လူမျိုး ဆင်းသက်လာပုံ သမိုင်း၊ ကရင် စာပေနှင့် ဘာသာရေး သမိုင်း၊ ကရင့် အနုပညာ သမိုင်း၊ ကရင့်တော်လှန်ရေးသမိုင်း စသဖြင့် အခန်းကဏ္ဍများအလိုက် အချက်အလက်ပေါင်းများစွာ ရှိနေမည်ဖြစ်သည်။ မည်မျှပင် လက်ာရသမြောက်အောင် ရေးသားတင်ပြထားသည့် စာမူဖြစ်စေကာမူ အချက်အလက်များ မှန်ကန်မှုမရှိဟု ယူဆပါက နိုင်ငံသစ်စာစောင်တွင် ထည့်သွင်း ဖော်ပြမည်မဟုတ်ချေ။ အချက်အလက်များ မှန်ကန်မှုရှိသည်ဟု ယူဆရသော်လည်း တင်ပြပုံ၌ စေတနာအနည်းငယ် တိမ်းစောင်း သည်ဟု ရှုမြင်ရသော စာမူများကိုမူ စာရေးသူ၏ သဘောထားအမှန်ကို စူစမ်းလေ့လာလျက်တည့်မတ်ပြင်ဆင်ကာ ဖော်ပြပေးခဲ့သည်။ ပြီးခဲ့သောစာစောင် (၅)တွင် ဖူးစကောလေး၏ "ဗမာတွေ" ဟူသော အသုံးအနှုန်းမှာ ဗမာတမျိုးသားလုံးကို ဆိုလိုခြင်းမဟုတ်ဘဲ၊ မဟာလူမျိုးကြီး ဝါဒကိုကျင့်သုံးသော ခေါင်းဆောင်အချို့နှင့် ၎င်းတို့၏ နောက်လိုက်များကိုသာ ဆိုလိုခြင်းဖြစ်ကြောင်း ရှင်းလင်းဖော် ပြပေး ခဲ့သည်။

ယခုလည်း ရှင်းလင်းတင်ပြစရာ အချို့ရှိ လာပါသည်။ ထား လက်ာ နံပါတ် (၂၁)။ "အခြားလူမျိုးများနှင့် မဟာမိတ်" ဟူသော ခေါင်းစဉ်အောက်မှ၊ အပိုဒ်

(၂)၊ စာကြောင်းရေ (၃)နှင့် (၄)။ "ပြည့်စုံခွင့်ရေး လိုချင်ရင်။ ကရင့်အမည် ခံစေချင်။"

ကျနော် နားလည်ထားသည်မှာ မဟာမိတ်သည် မဟာမိတ်သာဖြစ်သည်။ ကိုယ့်အမျိုးသား ဖြစ်စရာ မလိုပေ။ မွန်ဖြစ်ချင်ဖြစ်မည်၊ ကချင်ဖြစ်ချင် ဖြစ်မည်။ ရှမ်း ဖြစ်ချင်လည်းဖြစ်မည်။ သူ့လူမျိုးနှင့် သူသီးခြားရှိကြသည်။ ကိုယ်နှင့်မဟာမိတ် ပြုလိုက်ကာမျှဖြင့် ကိုယ့်လူမျိုး အဖြစ်ခံယူရမည်ဆိုသည်မှာ အခြားလူမျိုးကို စီးပိုး မျိုးဖျောက်ရာ ရောက်စေသည်။ အချို့သော "မဟာ ဗမာ" များကဲ့သို့ပင် "မဟာ ကရင်" ဖြစ်သွား စေနိုင်သည့် သဘောထားမျိုး ဖြစ်သည်။

ကျနော်ကြားဘူးသည့် အဖြစ်ကလေး တခုရှိသည်။ ၁၉၅၈ခုနှစ် တွင် ***M.N.D.O (Mon National Defence Organization)*** မွန်ပြည်သူ့တပ်ဦးအဖွဲ့ ဦးနု အစိုးရထံ လက်နက်နှင့် ဒီမိုကရေစီ လဲ သွားသောအခါ၊ တောင်ပေါက် (၂၄)ရွာ ဝှင်မှ ဒေသခံ တိုက်နယ် ကာကွယ်ရေးမှူး ဖြစ်သော နိုင်မုန်လာနှင့် မွန်ခေါင်းဆောင် အချို့ ကျန်ရစ်သည်။ နိုင်မုန်လာထံတွင် ဗိုလ်မီးခဲ အပါအဝင် လက်နက်ကိုင် အင်အား (၄၀)ကျော်လည်း ရှိနေသည်။ ကေအဲန်ယူ အဖွဲ့အစည်းသို့ နိုင်မုန်လာ ခိုဝင်လာသည်။ မွန်အမျိုးသားဖြစ်သော နိုင်မုန်လာက မွန်နှင့် မပေါင်းလိုတော့ကြောင်း၊ ကေအဲန်ယူအဖြစ် ကရင့်လက်အောက်တွင်ပင်နေ၍လုပ်ကိုင်လိုကြောင်း၊ ကော်သူးလေ တပ်မတော်ဝင် အနေဖြင့်သော်၎င်း၊ ကေအဲန်ယူ၏ တိုက်နယ် ကာကွယ်ရေး တာဝန်ခံ အနေဖြင့်သော်၎င်း မိမိ တတ်နိုင်သမျှ ဆောင်ရွက်လိုကြောင်း ပြောခဲ့သည်။ ထိုအဖြစ်မျိုးကို ဗိုလ်မှူးကြီး တင်ဦး (ဖူးတာအယ်) က လက်မခံလိုချေ။ ကေအဲန်အယ်(လ်)အေ တပ်မှူးများဖြစ်သော ဗိုလ်မှူးအော်လီဗာ၊ ဗိုလ်မှူးမူတူး၊ ဗိုလ်မှူးဆာမိတို့နှင့် တိုင်ပင် ဆွေးနွေးခဲ့ကြပြီးနောက်၊ မွန်အမျိုးသား များအတွက် နိုင်မုန်လာတွင် တာဝန်ရှိကြောင်း၊ လောလောဆယ် အခြေအနေ၌ မွန်များမှာ ၎င်းတို့နယ်မြေတွင် သူခိုး ဓါးပြရန်ကိုလည်း ကြောက်နေကြရကြောင်း၊ မွန် တော်လှန်ရေး အဖွဲ့အစည်းကိုလည်း အားထားမှု ရှိခဲ့ကြကြောင်း၊ ထို့ကြောင့် မိမိတို့အဖွဲ့အစည်းထဲ ဝင်ရောက် လုပ်ကိုင်မည့်အစား၊ မွန်တော်လှန်ရေး အဖွဲ့အစည်းကို ပြန်လည်ဖွဲ့စည်းစေလိုကြောင်း၊ လက်နက် မချသေးသော မွန်ခေါင်းဆောင် အချို့လည်း ကျန်ရှိနေသည်ဟု မိမိတို့ ကြားသိရကြောင်း၊ ထိုသူများနှင့်အတူ ပူးပေါင်း ဆောင်ရွက်ရန် မိမိတို့စီစဉ် ပေးမည်ဖြစ်ကြောင်းဖြင့် နိုင်မုန်လာအား အတန်တန်နားချ ပြောကြားခဲ့ကြသည်။ မုဒုံနယ်မှ နိုင်မဓမ္မနေ၊ နိုင်ဟတ်ခေါင်နှင့် ဗိုလ်မှူးမြထံ၌ ရောက်နေသော ကဒိုင်တိမှ နိုင်အုန်းသွင် တို့ကိုလည်း မှာယူပေးခဲ့သည်။ ဦးနု ဆေးပလ၏ လုပ်ရပ်ကို မနှစ်မြို့က်သည့်အတွက် လက်နက်မချဘဲ ပဲခူးရိုးမတွင် ရောက်နေသည်ဟု သတင်းကြားရသော နိုင်ရွှေကျင်ကိုလည်း မှာယူပေးပါမည်ဟု တာဝန်ခံခဲ့သည်။ ထိုကဲ့သို့ နိုင်မုန်လာအား ဆွေးနွေးပြောကြား ကူညီပေးခဲ့ မှုများမှာ ကေအဲန်ယူ၏ မဟာမိတ် ဖြစ်သည့် ***N. M. S.P. (Nwe Mon State Party)*** မွန်ပြည်သစ်ပါတီကို မွေးဖွားပေါ်ပေါက် လာစေသော သမိုင်းဝင် လုပ်ရပ်များပင် ဖြစ်လေသည်။ မိမိနှင့် မဟာမိတ်ပြု ပူးပေါင်းရုံမျှဖြင့် မိမိအမည်ကို ခံယူစရာ မလိုပေ။

ထို့ကြောင့် ဖူးစကောလေးထံသို့ ကျနော် သွားရောက်တွေ့ဆုံခဲ့သည်။ ရဲဘော် မောမောဖ ဘာသာပြန်ပေးသော စကားပုံများ ပိုမိုတိကျမှုရှိစေရန်အတွက်၊ ဖူးစကောလေးကိုယ်တိုင် ဘာသာပြန်ပေး စေလိုကြောင်း ပြောကြား မေတ္တာရပ်ခံရသည်။ ထို့နောက်တွင် "ခွဲးယာ်လၢ ပှဲၤမှ့ၢ်သးလီ၊ ဘဉ်တူၢ်လိၢ်မံၤပှၤကညီ" ဟူသော လင်္ကာပိုဒ်နှင့်ပတ်သက်၍ ဖူးစကောလေး ၏ ဆိုရင်းသဘောထားကို ကျနော်မေး သည်။ ဖူးစကောလေးက ထိုအပိုဒ်မှာ ကရင်ပြည်ထဲ လာနေသူများကိုသာ ဆိုလိုခြင်းဖြစ်ကြောင်း၊ ဤ 'ထား' များကို လွန်ခဲ့သော အနှစ် (၂၀)က ရေးခဲ့ခြင်းဖြစ်ပြီး ထိုစဉ်က ဒီမိုကရေစီ ကျောင်းသားများနှင့် ညွန့်ပေါင်း ဝန်ကြီး အဖွဲ့များလည်း မရောက်သေးကြောင်း၊ အခြားသော လူမျိုးစုများနှင့် ပတ်သက်၍သော်၎င်း၊ ဒီမိုကရေ စီရေး မဟာမိတ် များနှင့် ပတ်သက်၍၎င်း ဖိနှိမ်အုပ်စီးလိုသည့်ဆန္ဒ လုံးဝမရှိပါကြောင်း ကော်သူးလေပြည်နယ်ထဲသို့ တဦးစနှစ်ဦးစ လာနေကြပြီး မွန်ဘဲ၊ ဗမာဘဲလုပ်နေ၍ အခွင့်အရေး များ မရနိုင်ကြောင်း အုပ်စုလိုက် ဝင်ရောက်လာပြီး ကရင်ပြည်နယ်ထဲ၌ ပြည်နယ်စုကလေးများ ထပ်မံခွဲခြား နေထိုင်ချင်လို့လည်း မဖြစ်နိုင်ကြောင်း၊ ကရင်အမည်ကို ခံစေချင်သည်မှာ ကရင်ပြည်နယ်အတွင်း၌ လာနေသူ မဟာမိတ် အနည်းငယ်ကိုသာ ဆိုလိုခြင်းဖြစ်ကြောင်း ဘာသာရေးနှင့်လည်း မသက်ဆိုင်ရကြောင်း၊ အခြားလူမျိုးအနေဖြင့်ဆိုလျှင် ကရင် ပြည်နယ်တွင်း၌ ကရင်တဦး ရနေသည့်အခွင့်အရေးမျိုး မရနိုင်ကြောင်း ထို့ကြောင့် တသွေး တသားတည်း သဘောထားပြီး ကရင်တဦး ရရှိသည့် အခွင့်အရေးများ နည်းတူ ပြည့်ဝစွာ ရရှိနိုင်စေရန်အတွက် စေတနာ စကားကို ဆိုခဲ့ခြင်းသာဖြစ်ကြောင်း၊ ဘုံရန်သူကို မိမိတို့နည်းတူ ပူးတွဲတိုက်ခိုက်ရမည်ဖြစ်၍ အခွင့်အရေးများ ရရှိပါကလည်း မိမိတို့လိုပင် ခံစားစေလိုသောကြောင့်ဖြစ်ကြောင်း၊ မိမိတို့ကဲ့သို့ သီးခြားပြည်နယ် ရရှိရေး အတွက် ကြိုးပမ်းနေသည့် တိုင်းရင်းသား အဖွဲ့ အစည်းများနှင့် ပြည်မကြီး အပါအဝင် ပြည်တွင်း ပြည်ပရှိ ဒီမိုကရေစီရေး အင်အားစုများကို ဆိုလိုခြင်း မဟုတ်ရကြောင်း ရှင်းပြခဲ့သည်။

ထားလင်္ကာ နံပါတ်(၁၈)၊ "ကေအဲန်ယူလမ်းစဉ် ပြန်လည်ဖော်ထုတ်ခြင်း" အပိုဒ်(၈) ၊ စာကြောင်းရေ (၄)တွင် ပါရှိသော "ကရင်တွေ ပြန်လည် ကြီးစိုးရမယ်"ဟူသည့် သဘောထားနှင့် ပတ်သက်၍ မေးမြန်းရာတွင်လည်း၊ ထိုစဉ်က ကရင်တွေမှာ စုစည်း ညီညွတ်မှုမရှိဘဲ တကွဲတပြားစီ ဖြစ်နေကြောင်း။ (ယခုလည်း စည်းလုံးညီညွတ်ရန် လိုနေသေးကြောင်း) အကယ်၍သာ စုစည်း ညီညွတ်ကြမည်

ဆိုလျှင်၊ တချိန်တုံးက "(၇)မိုင် အစိုးရ" ဟူ၍ သမိုင်းတွင်ရစ်စေခဲ့သည့် နည်းတူ ကရင်တွေ ပြန်လည်အောင်မြင်လာနိုင်မည်ဆိုသည့် သဘောဖြင့်တွန်း အားပေးလိုက်ခြင်းသာ ဖြစ်ကြောင်း တပြည်လုံးကို လက်ဝါးကြီးအုပ်လိုသည့်ဆန္ဒမှာ ယခင်ကတည်းက မရှိခဲ့ပါကြောင်း ဖူးစကောလေး ပြောကြားလေ သည်။

ဖူးစကောလေး၏ မူရင်း ထား လက်ာနံပါတ်(၂၄)'ညီညွတ်ခြင်းနှင့်ဖြောင့်မတ်ခြင်းကို စွဲမြဲစွာဆောင်ထားကြ' တွင် အပိုဒ် (၇)ပိုဒ်ပါရှိသော်လည်း၊ အပိုဒ် (၅) အထိသာဖော်ပြနိုင်မည်ဖြစ်ပါသည်။ မူရင်း ထားလက်ာ အပိုဒ် (၆)နှင့် (၇)တို့ကို၊ အဓိပ္ပါယ် ဖွင့်ဆိုချက် (အဓိပညီ) နှင့်အတူ ဖြတ်တောက် ချန်လှပ်ထားခဲ့ ရခြင်းအတွက် လေးစားအပ်သော ဖူးစကောလေး နှင့် နိုင်ငံသစ်စာစောင် လေ့လာ ဖတ်ရှုသူများအား ကျနော်အထူးအထွေ ရှင်းလင်းချက်ပေးမနေတော့ပါ။ စကားလုံးများ (ဆင် တူရိုးမှား) ထပ်နေခြင်းနှင့်၊ သဘာဝကျဟု (ကျနော်) ယူဆရသောအသုံးအနှုန်းများပါနေခြင်းကြောင့်ဟူ၍ ယေဘုယျ သဘောမျှသာ ပြောကြားလိုပါသည်။

(၄)

စာစောင် (၅)တွင် ဖော်ပြခဲ့သည့် ထား လက်ာများနှင့် ပတ်သက်၍ ပုဂ္ဂိုလ်ကြီး ငယ်များထဲမှ မေးမြန်းဝေဘန် အကြံပြုစာများကို ကျေးဇူးတင်စွာရရှိခဲ့ပါသည်။ " ကွယ်လေးကို "ဟူသော ဝေါဟာရကို ရှင်းလင်းချက် ရေးသကဲ့သို့ပင် ***K.R.C*** နှင့် ***P*** ဆိုသည့်စာလုံးများ၏ အဓိပ္ပါယ်ကို အောက်ခြေမှတ်စုအဖြစ် ထည့်သွင်းဖော်ပြသင့်ကြောင်း။

ထား လက်ာများကို မြန်မာပြန်ဆိုရာတွင် မူရင်းဆိုလိုချက်ကို မပျက်စေဘဲ၊ ကရင်ထားလက်ာကဲ့သို့ပင်စာကြောင်း (၂)ကြောင်းစီ၏ နောက်ဆုံး စာလုံးများအား အသံညီအောင် ဂရုစိုက်ထားသည်ကို တွေ့ရကြောင်း၊ သို့ရာတွင် အချို့စာကြောင်းများမှာ စာကြောင်း တကြောင်းလျှင် စာလုံးရေ (၆)လုံးမှ (၉)လုံး (၁၀)လုံး အထိ ရှိနေကြောင်း၊ (၇)လုံးစီ ရှိသော စာကြောင်းတချို့ကိုလည်း တွေ့ရကြောင်း၊ ဖြစ်နိုင်ပါက ကရင့် ထားလက်ာ အတိုင်း (၇) လုံးစီ အတိအကျ ပြန်ဆိုလျှင် ပိုမိုကောင်းမွန်မည် ဖြစ်ကြောင်း။

ရိုးရာဓလေ့ ထား လက်ာအား လေ့လာထိန်းသိမ်းသင့်ကြောင်း ဥပမာပေး ရေးသားထားသည့် ဆောင်းပါးကို အတော်ကလေး ပြည့်ဝစွာ ဖတ်ရသော်လည်း၊ ထားလက်ာများကို ဖော်ပြရာ၌မူ ပုဒ်ရေနည်းနေသည်ဟု ယူဆကြောင်း ထိုကဲ့သို့သော ထားလက်ာမျိုးကို (၆)ပိုဒ်မှ (၈) ပိုဒ်အထိ ဖော်ပြသင့်ကြောင်း စသည်ဖြင့် ဆိုလာသူများ ရှိပါသည်။

မြန်မာဘာသာ မဟုတ်သည့် စာလုံးများ၊ ဆွေးနွေး ငြင်းခုန်ဘွယ်ရာ ဝိဝါဒဖြစ်စေသည့် စာလုံးများကို အောက်ခြေမှတ်စုအဖြစ် ဖော်ပြပေးရန် ကျနော် တတ်အားသမျှ လေ့လာဆောင်ရွက်ခဲ့ပါသည်။ ထိုအကြားမှပင် ***K.R.C***နှင့် ***P*** ဟူသည့် စာလုံးများကို အဓိပ္ပါယ်ရှင်းလင်းချက်ရေးရန် ကျန်ရှိခဲ့ခြင်း ဖြစ်ပါသည်။ ***K.R..C.***မှာ***(Karen Reveolutionary Council)*** ကရင့်တော်လှန်ရေး ကောင်စီဖြစ်ပြီး၊ ၁၉၅၆ခုနှစ် မောကို ညီလာခံတွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ***(P)***၏ အဓိပ္ပါယ်ကိုမူ ယခုဖော်ပြမည့် ထားလက်ာနံပါတ် (၁၇)တွင် အောက်ခြေမှတ်စုအဖြစ် ဖော်ပြထားပါသည်။

ကရင့်ရိုးရာ ထားလက်ာများကို မြန်မာပြန်ဆိုရသည်မှာ ကရင်စကားပြေကို မြန်မာစကားပြေအဖြစ်သို့ ပြန်ဆိုရခြင်းလောက် လွယ်ကူမှုမရှိပါ။ ထို့ထက် ကရင့်ထားလက်ာကို မြန်မာ ကဗျာအဖြစ်သို့ ပြန်ဆိုရေးသားရသည်မှာ ပိုမိုမလွယ်ကူကြောင်း၊ များစွာ ကသီလင်တ ဖြစ်ရကြောင်း၊ လေးလုံးစပ်၊ သံပေါက်၊ ကာရံမဲ့ စသဖြင့် ပုံစံအမျိုးမျိုးကို စမ်းသပ်ကြည့်ခဲ့ပြီးမှ ယခုကဲ့သို့ ရေးလိုက်ရခြင်း ဖြစ်ကြောင်း စာစောင်(၅)တွင် ကျနော် တင်ပြခဲ့ပါသည်။ ဘာသာပြန်ခြင်းနှင့် ပင်ကိုယ်ရေးခြင်းမှာ ကွာခြားသည်။ ပင်ကိုယ် ရေးခြင်း၌ ကိုယ့်ဆိုလိုချက်ကို ပေါ်လွင်အောင် လွတ်လပ်စွာ တင်ပြနိုင်ပြီး ဘာသာပြန်ခြင်း၌မူ သူ့ဆိုလို ချက်အတိုင်း သူတပါး နားလည်အောင် ဘောင်အကန့်အသတ်ဖြင့် ရေးရမည်ဖြစ်သည်။ ဤသို့ရေးရာတွင် သာမန်စကားပြေ ပုံစံမျိုးဆိုပါက အပန်းကြီးမည်မဟုတ် သော်လည်း စာတကြောင်းချင်းကို သူ့နရီနှင့်သူ ပြေပြစ်မှုရှိအောင် ရေးရခြင်းမှာမူ မလွယ်ကူလှပါ။ ထို့ကြောင့် အချို့စာ ကြောင်းများ၌ (၈)လုံး (၉)လုံး ဖြစ်သွားခြင်း အချို့စာကြောင်းတွင် (၆)လုံးသာဖြစ် နေခြင်းတို့ကို ကြုံရပါသည်။ ထိုစာလုံးများထဲမှ တလုံးစ နှစ်လုံးစ၊ နှုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်း ပြုနိုင်သည့် စာကြောင်း အနည်းငယ်ရှိသော်လည်း၊ များသောအားဖြင့်မူ နှုတ်၍ ဖြည့်၍ မဖြစ်သည့် စာကြောင်းများသာ ဖြစ်သည်ကို တွေ့ရပေမည်။

ဥပမာအားဖြင့် ထား လက်ာ နံပါတ် (၁၅)၊ "အာဇာနည်နေ့ရဲ့ မူလအစ" အပိုဒ် (၂) စာကြောင်းရေ(၂) "ရွာ လူကြီးများက ဧည့်ကြိုထောက်" တွင် "က" ကို ဖြုတ်ပါက "ရွာလူကြီးများဧည့်ကြိုထောက်" ဟူ၍ (၇)လုံး အတိအကျ ဖြစ်သွားနိုင်ပါသည်။ အဓိပ္ပါယ်ပြည့်စုံမှု မရှိသော်လည်း အများ နားလည်နိုင်ကြပါသည်။ ထိုလက်ာတွင်ပင် အပိုဒ် (၈)၊ စာကြောင်းရေ (၂) " ဩဂုတ် ဆယ့်နှစ် ရက်ပါ" ဟူသော စာကြောင်း၌ "လ" တလုံး ဖြည့်စွက်လျက် "ဩဂုတ်လ ဆယ့်နှစ်ရက်ပါ" ဆိုလျှင်လည်း (၇)လုံး ဖြစ်သွားနိုင် ပါသည်။ အဓိပ္ပါယ် ထူးခြားပြောင်းလဲမှု မရှိပါ။ သို့ရာတွင်အချို့သော စာကြောင်းများမှာမူ ဖြည့်စွက်နှုတ်ပယ်၍ မရကြောင်းတွေ့ရမည်ဖြစ်သည်။ ဥပမာ ထား လက်ာနံပါတ် (၁၃) "ဗမာ့ရန်ကို ပြန်လည် ကာကွယ်ခြင်း" အပိုဒ်(၁၂) စာကြောင်းရေ (၁) 'ကရင် တချို့အပြေး လူထုတွေ့' ဟူ သော စာကြောင်းမှာ (၉)လုံးရှိပါသည်။ "တချို့" ဆို သည်မှာ ကရင်အားလုံး မဟုတ်ကြောင်း 'အပြေး' ဆိုသည်မှာ၊ "ပြေးရာတွင်" ဟူသည့် အဓိပ္ပါယ် ဖြစ်

ကြောင်း၊ စာဖတ် သူတိုင်းပင် သိနားလည်ကြမည် ဖြစ်ပါသည်။ ကတ်သီးကတ်သတ် နှုတ်ပယ်မည် ဆိုလျှင် 'ကရင်တချို့ပြေးလူ ထု တွေ.' ဟူ၍ ဖြစ်သွားပါမည်။ အဓိပ္ပါယ်ပြည့်စုံမှု မရှိသော်လည်း ဆက်စပ် နားလည်နိုင်ကြမည်ဖြစ်ပါသည်။ သို့သော် စာလုံးအရေ အတွက်မှာ (၇)လုံး မဟုတ်ဘဲ (၈)လုံး ဖြစ်နေပါသည်။ သို့အတွက် (၇)လုံးဖြစ်အောင် ချုံ့၍ မရနိုင်မည့်အတူတူ အဓိပ္ပါယ်ပြည့်စုံမှု ရှိစေရန်အတွက် (၉)လုံးပင် ထားရှိလိုက်ရခြင်း ဖြစ်ပါသည်။

အဓိပ္ပါယ်ပြည့် စုံ မှု ရှိ စေရန်အတွက် ရေးသားရာတွင် (၉)လုံးမကသော စာကြောင်းများ၊ ထား လင်္ကာစာချိုး (၁)ကြောင်းတည်းကို မြန်မာစာချိုး (၂) ကြောင်းဖြစ်နေသော အပိုဒ်များအားလည်း တွေ့ရှိရမည်ဖြစ်ပါသည်။ လင်္ကာဆိုသည်မှာ ရွတ်ဆိုရသည့် တေးကဗျာ ***(recitation)*** ပင်ဖြစ်သည်။ အသံရွတ်ဆိုမှု အဖြတ်အတောက် နရီ စည်းချက် ဌာန်ကရိုဏ်း ကျမှုကို အဓိကထားပါသည်။ ကရင့်ရိုးရာ ထားလင်္ကာမှာ စာတကြောင်းလျှင် (၇)လုံးဟု ဆိုသော်လည်း အချို့စာလုံးများကို ရွတ်ဆိုရာတွင်မူ(၇)သံ (၇)လုံးမကပါ။ ဥပမာ။ ။ ကျဲ၊ ကျဲ ၊ ဖျိုး၊ ပြး၊ တြီ၊ ကြ ား စသည့် စာလုံးများမှာ အသံနှစ်သံ ထွက်သည့် စာလုံးများ ဖြစ်သည်။ စာတကြောင်း တွင် ထိုလုံးစာမျိုး(၂)လုံး(၃)လုံး ပါရှိပါက အသံ(၉)သံ၊ (၁၀)သံ ဖြစ်သွားပါသည်။ ပုံစံ အားဖြင့် ဒုဉ် ဒါ ဝး တြံး ခး ပြူး ပြူး။ တဉ် ထူဉ် ဖျဲး ကျဲ ဃု ထိဉ်ဝဲ။

သို့ဖြစ်၍ ကရင့် ထားလင်္ကာကို မြန်မာပြန် ဆိုရာတွင် စာလုံးအရေအတွက်ကို အဓိကမထားဘဲ ဆိုလိုရင်း အဓိပ္ပါယ် တိကျ မှုရှိစေရန်နှင့် သံနေသံထား ပြေပြစ်စွာ ရွတ်ဆိုနိုင်မှုကိုသာ ဦးစားပေး ခဲ့ပါသည်။ "ဘဦးကြီးဟာ ပြည်တခွင်လှည့်"ဟူသော စာကြောင်းမှာ စာလုံးအရေအတွက် အားဖြင့် (၈)လုံး ရှိသော်လည်း အဓိပ္ပါယ် ပြည့်စုံမှုရှိပြီး သံစဉ်စီးဆင်းမှုလည်း ပြေပြစ်သည်။ အကယ်၍ "ဘဦးကြီး ပြည်တခွင်လှည့်" ဟုဆိုလျှင် စာလုံး(၇)လုံး အတိအကျ ရှိသော်လည်း အဓိပ္ပါယ်ကိုမူ အတော်ကလေး တွေးယူရပါသည်။ ပို၍ဆိုး သည်မှာ ရွတ်ဆိုရာ၌ သံစဉ်ပြေပြစ်မှု မရှိခြင်း၊ စာလုံးများ ထောင့်နေခြင်းပင် ဖြစ်သည်။ ***Rhythmically*** မဖြစ်ဟု ဆိုရပါမည်။

မူရင်းအဓိပ္ပါယ်အပြင် စာလုံးများ၏ ကာရန်နှင့် သံစဉ်ပြေပြစ်မှုကိုလည်း ထည့်တွက်ရသောကြောင့် ရံဖန် ရံခါတွင် အင်္ဂလိပ်စာလုံးများ၊ ကရင်စာလုံးများကို မြန်မာအသံထွက်ဖြင့် ရေးရခြင်း ***(Poetic licence)*** များလည်း ရှိပါသည်။ ဥပမာ မိဒီယမ်မှု၊ ကော်ခိုစသည့် စာလုံးများ၊ ထိုစာလုံးများကိုမြန်မာလို ဖော်ပြပါက သံစဉ်စီးဆင်းမှု ပျက်စီးနိုင်သည့်အတွက် အင်္ဂလိပ်စာ ကရင်စာ အသံဖြင့် တမင်ပင် ဖော်ပြခဲ့ခြင်းဖြစ်သည်။ ဖော်ပြခဲ့သည့် စာလုံးများ၏ အဓိပ္ပါယ်ကိုလည်း အောက်ခြေမှတ်စုဖြင့် ရှင်းပြထားပါသည်။

မြန်မာစာလုံးများတွင် အ၊ က၊ မ၊ တ စသည်တို့မှာ အချို့သော စာလုံးများနှင့် တွဲသုံးပါက၊ ၎င်းတို့၏ အသံကို လုံးဝပျောက်လိုက်ခြင်းသော်၎င်း၊ တမတြာ (မျက်တောင်တခတ်) ခန့်မျှသာ ကျန်ရှိအောင်သော်၎င်း၊ အဓိပ္ပါယ် ပြောင်းလဲမှု မရှိစေဘဲ လုပ်နိုင်စွမ်းသည့် အက္ခရာများ ဖြစ်သည်။ ဥပမာ– အကြိမ်ကြိမ်အခါခါကို၊ ကြိမ်ကြိမ် ခါခါ အဖြစ်၎င်း၊ အနေအထားကို အနေထား၊ အခြေအနေကို အခြေနေ အဖြစ်၎င်း၊ အသံပျောက် ရွတ်ဆိုနိုင်ပေသည်။ သို့ရာ တွင် အချို့သော စာလုံးများ၌ ၎င်းတို့ကို မထည့်၍ မဖြစ်ပါ။ ဥပမာ ရွတ်ဆိုရာ၌ အသံပျောက်စေသော်လည်း 'အနောက်ပိုင်း' ဟူသော စာလုံးနှင့် 'နောက်ပိုင်း' ဟူသည့်စာလုံးမှာ အဓိပ္ပါယ် ကွာခြားပေသည်။ ထို့ကြောင့် အ၊ က၊ မ၊ တ စသည့် စာလုံးများကို နေရာများစွာ၌ မထည့်မဖြစ် ထည့်ခဲ့ရခြင်း ဖြစ်သည်။

ကရင့်ထားလင်္ကာ၏ ဆိုလိုရင်း အဓိပ္ပါယ်ကို တတ်အားသမျှ ပြည့်စုံစေရန် ရေးထားသော ထိုစာကြောင်းများအား ရွတ်ဆိုကြည့်သည့် အခါတွင်မူ သံစဉ်ပြေပြစ် ချောမောမှု ရှိသည်ကို တွေ့ရမည် ဖြစ်ပါသည်။ ကရင့် ထားလင်္ကာသည် မြန်မာလင်္ကာ မဟုတ်ပါ။ ထို့ကြောင့်ဘာသာပြန်ဆိုရာတွင် အနီးစပ်ဆုံး ပုံစံအထိသာ နရီစည်းဝါး ကိုက်အောင် လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။ ကရင့် ထား လင်္ကာတွင် စာကြောင်း တကြောင်း၌ (၇)လုံးရှိသကဲ့သို့ မြန်မာ ပြန်ဆိုရာတွင်လည်း (၇)လုံး ရှိသည့် စာကြောင်း အတော်များများ ရှိပါသည်။ သို့ရာတွင် စာကြောင်းအားလုံး (၇)လုံးစီသာ ဖြစ်နိုင်ဘို့ရန်မှု ရေးစပ်သော အကြောင်းအရာပေါ်တွင် လိုက်၍၎င်း ဘာသန္တရ ဝေါဟာရနိုင်နင်းမှု၊ မနိုင်နင်းမှု အပေါ် မူတည်၍၎င်း ကြိုးစား ကြည့်ရမည် ဖြစ်ပါသည်။

စာစောင်(၅)တွင် နိဒါန်းပျိုး လိုက်သော ထားလင်္ကာ ဆောင်းပါးကို ပြည့်ဝစွာ ဖတ်ရသော်လည်း ထား လင်္ကာများဖော်ပြရာ၌မူ အပုဒ်ရေ နည်းပါးသောကြောင့် ပိုမိုထည့်သွင်း ဖော်ပြပေးရန် ဆိုလာသော ပုဂ္ဂိုလ်တဦးအနေဖြင့် ယခု စာစောင်တွင် ကျေနပ်နှစ်သိမ့်နိုင် လိမ့်မည်ဟု မျှော်လင့်ပါသည်။ ကျနော့် အနေဖြင့် လောလောဆယ် ဖော်ပြရန်ရှိသည့် ဖူးစကောလေး၏ ထားလင်္ကာများ အားလုံးကို အချိန်မဆွဲဘဲ ဖော်ပြလိုက်ပါသည်။ ပြီးခဲ့သော စာစောင်တွင် (၄)ပုဒ်သာ ဖော်ပြခဲ့ရာမှ ယခုစာစောင်တွင် (၈)ပုဒ်ဖော်ပြခြင်း ဖြစ်ပါသည်။

ဖူးစကောလေး၏ ကျန်ရှိနေသေးသော ထား လင်္ကာများကို ဆက်လက်လေ့လာ စူးစမ်းရဦးမည်ဖြစ်ရာ လေ့လာမှု မပြီးဆုံးသေးမီ နိုင်ငံသစ်စာစောင် ထွက်ရှိနိုင်ရေးအတွက်အလျင်လိုပါက ကျနော်တို့ထံ၌ ရှိနေပြီးဖြစ်သည့် "ဖူး လောကွား၏ ထားလင်္ကာ"များကိုကြားဖြတ် တင်ပြမည် ဖြစ်ပါသည်။

(၅)

## အခိၣ်(၁၇)ထါ K.P.L.A.ဒီး (P) –လီၤဖး (P). ကဒဲကဒဲလီၤဖး.

၁– အိၣ်ဒ်န့ၣ်စှၤနံၣ်စှၤလါ
တၢ်လီၤဖးတဆိတ့ၢ်ဘၣ်.
ကထိခွံကယၤဃုဆံဃု
လီၤဖးကဒီးဝဲတစု.

၂– **K.P.L.A.** ဒီး **P.** ကရၢ
တဘၣ်လိာ်သးအဘၢၣ်စၢၤ
ထိၣ်ကရၢခိၣ်ဘိၣ်မှးကဲ
ထုးလီၤဖးဒီး **P.**အကျဲ

၃– ကညီခိၣ်နၢ် **P.** ကရၢ
တပျဲအိၣ်ဟိၣ်ကဝီၤလၢၤ
ဘၣ်ကူၤအိၣ်ပကိရိမး
တိခိၣ်ရိၣ်မဲကဲခိၣ်နၢ်.

၄– ကထိခွံကယၤဃုဆံဃိး
**P.** ကျါတၢ်မၤသးလဲလိာ်
ခိၣ်နၢ်တၢ်ထံၣ်တဖိးမံ
လီၤဖးကဒီး ကရၢ **P.**

၅– **P.** ခိၣ် ကီၢ်ထူဒီးဘးစၣ်
တၢ်ထံၣ်တဒ်သိးလိာ်သး
ကီၢ်ထူထံၣ်, မၤဆိပတိၢ်
ဘးစၣ်ထံၣ် မၤကလုာ်ဂီၢ်.

၆– လၢပၣ်တံၣ်အပူၤဟး ထိၣ်
ဃုာ်ဒီးသုးခိၣ်ဒိၣ်မိၣ်မိၣ်
ဟဲပိာ်ထွဲသုးခိၣ်ဘးသ့ၣ်
ကဲခိၣ်, ဘျုးဒဝဲၢ်ကီၢ်ရ့ၣ်.

## အခိၣ်(၁၈) ခ့ၣ်အဲၣ်ယူၣ်မၤဖျါထိၣ်ကူၤအကျဲ–

၁– တယံာ်ဘၣ်ခိၣ်နၢ်မ့ၢ်ထိၣ်
ထံၣ်လိာ်သးအိၣ်ဖှိၣ်တၢၢ်ပိၣ်
တၢၢ်ပိၣ်တၢၢ်ပီကူၤအကျဲ
ဒ်ဆိမိၣ်ကြၢးဟ်လီၤဝဲ.

၂– သနူအိၣ်ဟ်လၢပကိာ်
ဒီးကညီဖိန့ၣ်ဖိးလိာ်
မ့ၢ်ဒၣ် ခ့ၣ်အဲၣ်ယူၣ်အကျဲ
ကညီတၢ်အဲၣ်ဘၣ်လိာ်ဝဲ.

၃– ဆူစုစ့ၣ်စုထွဲတဃာ်.
တၢ်ဘၢၣ်စၢၤဟလဲၤဝဲဒၣ်
ကရၢမိၢ်ပှၢ်ခ့ၣ်အဲၣ်ယူၣ်
တိခိၣ်ရိၣ်မဲအသနူ.

၄– ခ့ၣ်အဲၣ်ယူၣ်, အကျဲအံၤန့ၣ်
မ့ၢ်ကညီ ဒံၣ်မိၢ်ကြ့ၣ်စံၣ်
ကညီဂီၢ် ပတၢ်ပၢၢ်ဆၢ
ကညီပဒိၣ်ကဘၣ်ပၢ.

၅– ကညီအသုးမ့ၢ်သံၣ်ဘိ
ခိၣ်နၢ်ဘၣ်မ့ၢ်ကညီဖိ
ဒ်အိၣ်မှာ်ပၢၤဘၣ်ကမျၢၢ်
တြီဒုၣ်ဒါဆၢထၢၣ်ဒ်လၢၢ်.

၆– ယပှၤကလုာ်, သ့ၣ်ညါနဲ
ခ့ၣ်အဲၣ်ယူၣ် မ့ၢ်ဒၣ်နကျဲ
ကျဲလၢအဂၤတဖိးလိာ်
ကဘၣ်လီၤဖးနမ့ၢ်ပိာ်.

၇– ဒုၣ်ဒါခဲအံၤဃုထိၣ်ကျဲ
ဒ်ကမၤလီၤဖးပဝဲ
မၤပှၤဒ်သုန့ၢ်တဂ့ၤ
ပဘၣ်အိၣ်ဃူအိၣ်ဖိးကူၤ.

၈– ကညီအိၣ်လီၤမ့ၢ်ပြံပြါ
လၢဝ့ၢ်လၢခိ, လၢ **P.** ကျါ
ကညီခဲလၢာ်မ့ၢ်စူးရိ
ကညီမိၢ်ဖိကဒိၣ်စိ.

## အခိၣ်(၁၉) ခ့ၣ်အဲၣ်ယူၣ်ခိၣ်နၢ် အသိ, K.N.L.C.ဒီး K.N.L.A အိၣ်ထိၣ်.

၁– တၢ်သုးတၢ်ကျဲခဲအံၤအိၣ်
ဒ်တၢ်ဆၢကတိၢ်ဟဲပိာ်စိာ်
ကျဲအတီကညီနာ်ဝဲ
မ့ၢ်ဒၣ် ခ့ၣ်အဲၣ်ယူၣ်အကျဲ.

၂– **N.U.**ကျဲဆိလီၤဝဲဒၣ်
ဃုထၢထိၣ်ကူၤအခိၣ်နၢ်
ဒ်ကရၢခိၣ်နၢ်ကြၢးအိၣ်
ဃုထၢထိၣ်လၢတၢ်အိၣ်ဖှိၣ်.

၃– မၤကဒီးတၢ်ပၢတၢ်ပြး
အိၣ်တသ့ဘၣ်သူၣ်လီၤသး
အါဒ်အါဂၤအခိၣ်နၢ်
ဃုထၢထိၣ်ဟ်လီၤဝဲဒၣ်.

၄– တၢ်ဖံးတၢ်မၤအပတိၢ်
အိၣ်ဒီးသးပှၢ်ဒီးသးဘိၣ်
ကဲခိၣ်နၢ်မ့ၢ်နံၤမ့ၢ်သိ
ဘၣ်ဃုထၢလွံၢ်နံၣ်တဘျီ

၅– လၢခ့ၣ်အဲၣ်ယူၣ် အကျဲန့ၣ်
လၢပၢပြးပူၤလီၤဆီစ့ၢ်
**K.N.L.C.** အိၣ်တဖု
ဖိၣ်ဂၢၢ် **K.N.U.** သနူ

၆– **K.N.L.C.** တဖၣ်န့ၣ်
မ့ၢ်ခၢၣ်စးဟဲလၢကီၢ်ရ့ၣ်
ကီၢ်ရ့ၣ်တဘ့ၣ်ဆှၢသၢဂၤ
ဘၣ်အိၣ်ဖှိၣ်လၢလီၢ်ခၢၣ်သး.

၇– ဒ်တၢ်မၤကလဲၤသးဂ့ၤ
ကိၣ်ကးအံၤဘၣ်ဟ့ၣ်ကူၣ်ကူၤ
တၢ်သိၣ်တၢ်သီထံကီၢ်ဂီၢ်
ကရၢဘၣ်တ့ဟ်ပလိၢ်.

၈– ဒ် ခ့ၣ်အဲၣ်ယူၣ် ဟ်ကျဲသိး
ကီၢ်ရ့ၣ်အမံၤကိးလဲလိာ်
လၢညါတၢ်ကိးလၢနီၣ်ဂံၢ်
ခဲအံၤကိးကူၤလၢအမံၤ.

၉– လၢသုးမ့ၢ်တခိစ့ၢ်ကိး
တၢ်ကိးကူၤအီၤတဒ်သိး
လၢညါကိး **K.P.L.A**
**K.N.L.A.** ဘၣ်ကိးကူၤ.

၁၀– **K.N.L.A.** သုးမ့ၢ်ဒိၣ်
သုးလၢကလံၤ,ထံဒီးခိ
အခိပညီ–**K.N.L.**
ကညီကလုာ်တၢ်ထူၣ်ဖျဲး.

## အခိၣ်(၂၀) မါဘးစၣ်ဟဲက့ဆူ (K.N.U.) ပှၤ.

၁- ခ့ၣ်အဲၣ်ယူၣ် ခိၣ်နၢ်တဖၣ်
တအိၣ်ဃိဒိဝဲဒၣ်ဘၣ်
ဂ့ာ်ကျဲးစၢးထုးဖှိၣ်က့ၤ P.
ဒ်ကဒုးသကိးလီၤတံၢ်

၂- ကထိခွံကယၤနွံဆံနံၣ်
ဘးစၣ်ဟးထီၣ်ကရၢ P.
ဃုာ်ဒီးတံၤသကိးတနီၤ
ဟဲက့ၤဆူ K.N.U. လီၤ.

၃- မါဘးစၣ် ကဲကီၢ်ခိၣ်တၢ
ခံတဂၤ သုးခိၣ်ကျၢၢ်မှူး
တဘျုးဂၤပှၤသ့ပှၤဘၣ်
ခ့ၣ်အဲၣ်ယူၣ်ကျဲဆှၢဝဲဒၣ်.

၄- တဂ့ၤလၢပသးဒ့ဒီ
လဲၤသကိးနဲဆူညါခီ
ခ့ၣ်အဲၣ်ယူၣ်ကျဲမ့ၢ်လီၤမၢ်
ခဲအံၤမူထီၣ်က့ၤဝဲဒၣ်.

၅- လဲၤသကိး, ကိးဂၤကိးဂၤ
မၤသကိး, ကိးဂၤကိးဂၤ
နမၤမ့ၢ်ထီၣ်ဘးသပှၢ်
တၢ်မၤနၢၤဒိၣ်ကန့ၢ်ဘၣ်.

၆- မ်ဒ်န့ၣ်ဒီးကညီသ့ၣ်
လၢလဲၣ် လၢလီၣ် ထုးဖှိၣ်န့ၢ်
ဒ်ကန့ၢ်ပကီၢ်ထူၣ်ဖျဲး
N.U. ကျဲမၤကိးဂၤဒဲး

## အခိၣ်(၂၁) ကလုာ်ဖိဒီး သိၣ်မှံၤဂ့ၢ်ဝီ.

၁- ထံဖိကီၢ်ဖိသ့ၣ်အကျါ
အိၣ်ဃုာ်ဒီးကလုာ်ဂၤအါ
ပၢၢ်ဆၢဂီၢ်ဟ့ၣ်သးသပှၢ်
ကန့ၢ်ဘၣ်အခွဲးအယာ်.

၂- ခွဲးယာ်တမ့ၢ်လီၤဆီဘၣ်
ကန့ၢ်ဘၣ်ဒ်အထဲးတၢ်
ခွဲးယာ်လၢပှဲၤမ့ၢ်သးလီ
ဘၣ်တူၢ်လိာ်မံၤ "ပှၤကညီ"

၃- တပူၤဃီအိၣ်ဆိးပကီၢ်
အိၣ်ဒီးတၢ်လဲၤလိာ်ဟးထီၣ်
သုတအိၣ်ဒီးတၢ်ဘျးနီး
ကိးဂၤပဘၣ်သ့ရ့လိာ်.

၄- တၢ်အ့ၣ်လိာ်ဆိးက့ဟးဆှဲး
မ့ၢ်ပမူဒါကိးဂၤဒဲး
ကလုာ်ဖိပမ့ၢ်တအဲၣ်
ဒုၣ်ဒါကဃုထီၣ်အကျဲ.

၅- အိၣ်ဒံးဒီးပသိၣ်ပမှံၤ
လၢအဘူးဒီးလၢအယံၤ
မ့ၢ်ပသိၣ်ပမှံၤသတး
တကြၢးဃုထီဒါလိာ်သး.

၆- ဃုပဝဲတၢ်ဃူတၢ်ဖိး
ဒ်ကန့ၢ်အါတံၤသကိး
သိၣ်မှံၤပမ့ၢ်တထီဒါ
ကဲထီၣ်သ့ပဂံၢ်ပဘါ.

၇- တၢ်ဟ်သးသိၣ်မှံၤဖီခိၣ်
ဘၣ်စူးရိသုးမ့ၢ် ဒီသိၣ်.
ဒီမှံၤ ဒီသိၣ် အသုးမ့ၢ်
ဘၣ်ဒုးဖှိၣ်ဒုၣ်ဒါတဖု.

၈- မ့မ့ၢ်နာ်သက့ဒ်န့ၣ်
ပလီၢ်နသးကညီသ့ၣ်
ပသိၣ်မှံၤန့ၣ်ဘၣ်ပလီၢ်
ဆူလီၢ်ခံ ကဃၣ်ဘၣ်ခိၣ်.

၉- ပနၢ်ဘွါ ဘျၢၣ်တၢ်နှာ်ယိာ်
အိၣ်ထိဘိနမဲာ်ဘၣ်အိး
သုတဘၣ်ကဒီးတၢ်လီ
ကွၢ်မၤကွၢ်မၤစီၣ်ကညီ.

## အခိၣ်(၂၂)ထါ– တၢ်နးတၢ်ဖှိၣ် ဘၣ်ပှၤကမျၢၢ်.

၁- ဆၢကတီၢ်တၢ်ဒုးတၢ်ယၤ
တူၢ်ဘၣ်ပဝဲဒၣ်ကိးဂၤ
တၢ်ဖှိၣ်တၢ်နးဒိၣ်ဒီးဆံး
ပတူၢ်ဘၣ်ပသးကတံာ်.

၂- ကွၢ်ကဒါက့ၤနတၢ်ဖှိၣ်
ပဃိၤသုးမၤနၢၤအိၣ်ဃိၣ်
ဘၣ်လုၢ်အီၤလၢထီးလၢဆိ
တန့ၢ်ပှ့ၤဘၣ်ဟ့ၣ်ကလီ.

၃- မၤကဒီးခ့တး တၢ်မၢ
နတလဲၤနအိၣ်တပၢ
တလဲၤဖှိၣ်ဆူၣ်န့ၢ်သတး
မၢနယိးသံလီၤနသး.

၄- လဲၤခ့တးတသိတဝံၤ
တလါက့ၤတတုၤဟံၣ်,ယံၤ
စုခိၣ်ပိၢ်ဖးသွံၣ်လီၤအါ
ဖံဘၣ်သွံၣ်လီၤဘၣ်သးနါ.

၅- လဲၤခ့တးအသိပှဲၤထီၣ်
ကွၢ်လၢ်ပှၤဟဲတီလဲလီၢ်
မိၢ်ပၢ်မ့ၢ်ဃ့က့ၤအဖိ
ဘၣ်ရှ့ဒီးစ့လၢကထိ.

၆- လဲၤလၢကျဲနမ့ၢ်လီၤဃံၤ
ဒီးခိၣ်ဖံးထူတံၢ်ယီၢ်တံၤ
ယိးတန့ၢ်လီၤဘှံးမ့ၢ်ထံၣ်
(၃၀၃)မ့ၢ်အကသံၣ်.

၇- ယပှၤကလုာ်သ့ၣ်သုဓၢ
ပဝဲအံၤပယီၤဆိၣ်ဘၢ
ပိာ်မုၣ်ပိၣ်မၢၤ မၤလၢမါ
မၤခ့တးပိာ်တံၢ်ပိာ်ခွါ.

၈- တၢ်နးတၢ်ဖှိၣ်အံၤကွၢ်နဲ
ဒ်ကပူၤနဘၣ်ဃုကျဲ
ထံကီၢ်သုးမ့ၢ်ဒီးပဒိၣ်
နကပူၤဒီးနၤမ့ၢ်အိၣ်.

၉- သတးဒီးဒ်ကန့ၢ်ကီၢ်
ဒုးသကိးနဲလၢနလီၢ်
ဟ့ၣ်နသးဂံၢ်ဘါထူးတီၤ
တီနံ ကန့ၢ်နကီၢ်လီၤ.

## အခိၣ်(၂၃)ထါ ကမျၢၢ်အမူအဒါ.

၁- မ်ဒ်န့ၣ်ဒီးခါဆူညါ

လီၤဘၣ်က့ၤကမျၢ်မူဒါ
ဒ်သိးပဒိၣ်ကဂၢ်ကျၢၤ
ကမျၢ်ဓၢတိစၢၤမၤစၢၤ.

၂- နဂံၢ်နဘါစ့ၢ်ကီးန့ၣ်
ဟ့ၣ်ဃုာ်နတၢ်ထူးတီၤစ့ၢ်
ဒ်ကန့ၢ်ဘၣ်ကညီကီၢ်
ဘၣ်ဟ့ၣ်နသးခဲလၢာ်ဓိၣ်.

၃- နမၤစၢၤသ့ကျဲအါဘိ
တဘိဆှၢနဖိဆူကို
အါန့ၣ်အါလါကသ့ထိၣ်
စီၣ်ထိၣ်တၢ်မၤကလုာ်ဓိၢ်.

၄- ဖိမုၣ်ဖိခွါအတၢ်သ့
ကလုာ်ဂီၢ်ဟ့ၣ်လၢာ်ဟ့ၣ်ဆ့
ပကီၢ်သဘျ့ကီၢ်သူလ့ၤ
တၢ်န့ၢ်သါကန့ၢ်ဘၣ်က့ၤ.

၅- ပှၤကမျၢ်ပဒိၣ်ဒီးသုး
ဒ်ပျံၤသၢ, ဘၣ်ဖျ့ဃံၤဃုာ်
မၤတၢ်ဒီးတၢ်ဃူတၢ်ဖိး
ကီၢ်သဘျ့ဂံၢ်ဒုးသကိး.

၆- သုးမ့ၢ်ဘၣ်လဲၤလၢညါသၢၣ်
အိၣ်လၢခံပဒိၣ်ဘၣ်ပၢၢ်
ကမျၢ်ဟ့ၣ်ဂံၢ်ဟ့ၣ်ဘါစၢၤ
သပှၢ်တၢ်ပကမၤနၢၤ.

၇- သးပှၢ်လၢပျၢၤတၢ်တဲဒီ
မၤလိာ်ပှၤဃူဖိးလၢ်, ဖိ
တၢ်ဝံၣ်အိၣ်လၢတၢ်အကိ
တၢ်မံၤတဝံၤတဂၤဃိ.

၈- ဒ်တၢ်ကီကဖျဲးပစီၤ
ပမ့ၢ်ဃူမးပကပိၤ
သ့ၣ်နီၣ်ထိၣ် ပှၢ်တၢ်မၤလိာ်
ကီးဂၤကနၣ်အကျဲ, ပိာ်

## အခိၣ်(၂၄) ပဘၣ်ဟံးဃာ် တၢ်ဃူတၢ်ဖိးဒီး တၢ်တီတၢ်လိၤ.

၁- မၤသပှၢ်ပှၢ်ကညီဓၢ
ထဲကီၢ်ခိၣ်တဘၣ်ဆၢၣ်သၢ
ကီၢ်ခိၣ်ကလုၢ်ပဘၣ်စူၢ်
လီၣ်ဖျါပဃူပတၢ်တူၢ်.

၂- စးထိၣ်လၢအဆံးဒိၣ်ကိၤ
တဂၤလၢအလီၢ်ဝဲၤကျိၤ
ဘၣ်သ့ၣ်ညါတဂၤမူဒါ
တၢ်ယူးယီၣ်လိာ်,ဘၣ်သ့ၣ်ညါ.

၃- တၢ်တီတၢ်လိၤဘၣ်ဟံးဃာ်
သ့တဖျါတၢ်ဟ်မၤသး
တၢ်ဖံးတၢ်မၤတၢ်ကတိၤ
ဖံးမၤဒီးကတိၤတီလိၤ.

၄- မ့ၢ်ထံၣ်လိာ်ကမၣ်စုာ်စုာ်
တဲနၢ်ပၢၢ်လိာ်ကပှာ်လုာ်
ပှၤကိးဂၤမၤလၢသးဖှံ
အမဲာ်ပှဲၤဒီးနံၤကမှံ.

၅- လၢခံကတၢၢ်ကစံးဃဲ
သူၣ်က့သးပှၢ်သ့ၣ်နီၣ်နဲ
တၢ်တီတၢ်လိၤပဘၣ်ဂုာ်
ကဟ်ထိၣ်ထီပကလုာ်.

## အခိၣ် (၁ရ)ထါ–**K.P.L.A** ဒီး **P.**လီၤဖး **P.**ကဒဲကဒဲလီၤဖး အခီပညီ.

တချုးလၢ တၢ်လီၤဖးလၢ **K. P.L.A.** ဒီး **P.** ကရၢ တအိၣ်ထိၣ်ဒံး ဘၣ်န့ၣ် တၢ်ပၢၢ်ဆၢ အတၢ်မၤဘၣ်တၢ်တီခိၣ်ရိၣ်မဲ သုးကျဲၤကွၢ်ထွဲအီၤဒီး **(K.R.C.)** ကညီတၢ်ပၢၢ်ဆၢ ကီၢ်ကးကရၢန့ၣ်လီၤ.တုၤလၢ (၁၉၆၃) နံၣ်န့ၣ် ခိၣ်နၢ်လၢအတီ ခိၣ်ရိၣ်မဲသုးကျဲၤပၢဆှၢ တၢ်ပၢၢ်ဆၢအတၢ်ဖံးတၢ်မၤတဖၣ်အတၢ်ထံၣ်ဖုၣ်ထံၣ်ဖုၣ်ထီ လီၤမ့ၢ်လီၤဖးလၢ စုစ့ၣ်စုထွဲ အဖီခိၣ် အိၣ်ထိၣ်ဝဲလၢ အဝဲသ့ၣ်အကျါအဃိ စးထိၣ်ဖဲန့ၣ်( **K.R.C.**)လီၤဖး ဝဲဒီး **(P)** န့ၣ်လီၤ. တုၤ တၢ်လီၤဖးအိၣ် ထိၣ် ဝဲဒ်န့ၣ်ဒီး လၢ(**K.R.C.**)န့ၣ်ကဲထိၣ်က့ၤ ပှၤပၢဆှၢတၢ်ပၢၢ်ဆၢ ကရၢတဖုဒီး **(P)** ကရၢန့ၣ်ကဲထိၣ်က့ၤတဖုဒၣ်လီၤ.အခါဖဲန့ၣ်လၢသုးတခီတၢ်ကီးဒံးဒၣ်လၢ **(K.P.L.A.)** ကီၢ်သူလ့ၤကမျၢ်တၢ်ထူၣ် ဖျဲးသုးမ့ၢ်ဒိၣ်န့ၣ်လီၤ.တုၤမ့ၢ်တၢ်လီၤ ဖးဝံၤန့ၣ်ခိၣ်နၢ်အါဂၤကနၣ်ဝဲ အတၢ် ပၢၢ်ဆၢအံၤ တမ့ၢ်ကီၢ်သူလ့ၤ ကမျၢ်လၢအအိၣ်ပာ်ဃုာ်ဒီး ကလုာ်အါကလုာ်အတၢ်ထူၣ်ဖျဲး အတၢ်ပၢၢ်ဆၢန့ၣ်လီၤ. မ့ၢ်ဒၣ်ကညီတကလုာ်ဓိၤအတၢ်ထူၣ် ဖျဲးအတၢ်ပၢၢ်ဆၢတခီန့ၣ်လီၤ. အဃိ လၢတၢ်လဲလိာ်က့ၤ တၢ်အခီပညီဒ် အမ့ၢ်အတီအကြၢးအဘၣ် ကသ့ဝဲအဂီၢ် န့ၣ်ဖဲ (၁၉၆၆) နံၣ်န့ၣ်,လၢသုးတခီ အတၢ်ထံၣ်တဖိးမံလိာ်သးဒီး **(P)** ကရၢလၢၤဘၣ်အဃိ ဟံးန့ၣ်ကွံာ်တၢ်စိတၢ်ကမီၤဖဲနံၣ်အဝဲန့ၣ်အပူၤဒီး ကရၢကရိထိၣ်က့ၤအသုးလၢ(**K.P.L.A.**ဆူ **K.N.L.A.**) ကညီဒီကလုာ် အတၢ်ထူၣ်ဖျဲးသုးမ့ၢ်ဒိၣ်ဒီး လီၤဖးကဒီးဝဲဒီး **(P)** ကရၢန့ၣ်လီၤ.ထဲန့ၣ်တဘျီ **(K.N.L.A.)** တခီဃုထၢထိၣ်က့ၤအသုး ခိၣ်ကျၢၣ် 'ဘိၣ်မှး' လၢကီၢ်ခိၣ်အလီၢ်ဒီး ထုးဖးကွံာ်အသးဒီး**(P)**အကျဲလၢာ်လၢာ်ဆ့ဆ့ဒီး လူၤက့ၤဝဲဒၣ်လၢ **(K.N.U.)** အကျဲပူၤတခီန့ၣ်လီၤ.တုၤနုၤတစု **(K.N.U.)** ခိၣ်နၢ်တဖၣ် တၢ်ဘၣ်ယိာ်လၢ **(P)** ကရၢဖိကမၤတချဲ ဟးရိၣ်ဖိၣ်တၢ်လၢအဟီၣ်ကဝီၤပူၤဒီး တၢ်ဖုၣ်ထံၣ်ဖုၣ်ထီ တၢ်ထံၣ်ကဒ်ကဒါ ကအိၣ်ထိၣ်ဘၣ်ကီာ်လၢ အထံဖိကီၢ်ဖိကမျၢ် တဖၣ်ကျါအဃိ အဝဲသ့ၣ်နီထိၣ်ကွံာ် **(P)** အခိၣ်အနၢ်ဒီး အပှၤတဖၣ်လၢအဟီၣ်ကဝီၤပူၤဒီးမၢအတၢ်က့ၤအိၣ်ကဲခိၣ်ကဲနၢ်ဒီး ပၢဆှၢတၢ်ပၢၢ်ဆၢလၢပကိရိမး တခီန့ၣ်လီၤ. ဖဲ **(P)** ခိၣ်နၢ်ပၢဆှၢသုးကျဲၤတၢ်လၢ (ပကိရိမး)အဆၢကတီၢ်န့ၣ် တၢ်တဖိးလိာ် အိၣ်ထိၣ်ကဒီးဝဲဖဲ (၁၉၆၈) နံၣ်န့ၣ်လီၤ.အဂ့ၢ်ဒ်အံၤ **(P)** အခိၣ် သုးခိၣ်ဒိၣ် ကီၢ်ထူဒီး သရၣ်မါဘးစၣ်သ့ၣ်တဖၣ် အတၢ်ထံၣ်လီၤ မ့ၢ်လီၤဖးလၢ ကီၢ်ထူထံၣ်ဝဲလၢ အကြၢးမၤဆီအတီၤပတီၢ် (အတန်းအစား

ရေး) လၢညါမ့မ့ၢ်မါဘးစၣ်တခီ ထံၣ်
ဝဲလၢ အကြၢးမၤဆိကလုာ်ဂ့ၢ်ဝီ
(အမျိုးသားရေး) လၢညါအဃိန့ၣ်လီၤ.
ထဲန့ၣ်တဘျီ အဝဲသ့ၣ်ခံဂၤန့ၣ်လီၤဖး
လိာ်အသး ကဒီးသတးဒီး မါဘးစၣ်ဒီး
အသကိးတနီၤ ဟးထီၣ်ကွံာ်လၢ ပၣ်
တံၣ်ကရၢအပူၤဖဲ(၁၉၆၆) နံၣ်န့ၣ်ဝံၤဒီး
လၢခံဟဲက့ၤကဒီး အိၣ်က့ၤလၢ (K.N.
U.) ကရၢအဟီၣ်ကဝီၤအပူၤ ကဒီးန့ၣ်
လီၤ.ပှၤလၢအဟဲက့ၤဃုာ်ဒီးအီၤတဖၣ်
န့ၣ်မ့ၢ်ဝဲ သုးခိၣ်ဒိၣ်မိၣ်မိၣ်, ဒီးသုးခိၣ်
ဘးသ့ၣ်တဖၣ်န့ၣ်လီၤ. လၢခံက့ၤသုး
ခိၣ်ဘးသ့ၣ်န့ၣ် ဘၣ်တၢ်ဃုထၢသုးကျဲၤ
ပျ့ၢ်လီၤအီၤဆူ ဘျံးဒဝဲၢ်ကီၢ်ရှၣ်ဒ်ကီၢ်
ရှၣ်ခိၣ်တဂၤအသိးန့ၣ်လီၤ.

## အခိၣ်(၁၈)ထဲါ(K.N.U.) မၤဖျါ ထီၣ်က့ၤအကျဲ အခီပညီ.

မ့ၢ်လၢကျဲခံဘိတဘိ (ဒုတိယ
လမ်းစဉ်) လၢအကဆှၢပှၤဆူ ခီၣ်မှူၣ်နံး
အကျဲန့ၣ် တၢ်တမံသူၣ် မံသးအိၣ်ထီၣ်
အဃိမ့ၢ်ထီၣ်ကီၢ်သူလ့ၤခိၣ်နၢ်တဖၣ်
ကွဲးဆှၢထီၣ်လံာ်ဆူ လီၢ်ခၢၣ်သး
မါဘးစၣ် သ့ၣ်တဖၣ်အအိၣ်တဲလၢ
ထးခိၣ်ဓိၣ် တဲဘၣ်စ့ၢ်ကီး လၢအက
လဲက့ၤ အကျဲသန္ အဂ့ၢ်ဒ်သိး အသုတ
လူၤလၢၤ မၤလၢၤဒ်စိရၢၣ်လံးအကျဲ
အသိးတဂ့ၤန့ၣ်လီၤ. သနာ်က့ မါဘး
စၣ် သ့ၣ်မၤဒံးဒၣ်တၢ်ဒ် စိရၢၣ်လံး
အကျဲအသိးအဃိဖဲ(၁၉၆၆) နံၣ်
လါအ့ဖြ့ၣ်(၁၂)သီန့ၣ်ခိၣ်နၢ်လၢ
မ့ၢ်ထီၣ်တခီ ထံၣ်လိာ်အိၣ်ဖှိၣ် တၢၣ်
ပီၣ်တၢၣ်ပီ သကိးက့ၤလၢ(K.N.U.)
အကျဲဒ်သိး ကမိၣ်ကြၢးဝဲအသိးအဃိ
မ့ၢ်ထီၣ်ကီၢ်သူလ့ၤဖိတဖၣ် ဘၣ်လီၤဖးဒီး
မါဘးစၣ်အသန္လၢအမ့ၢ် ကျဲခံဘိတဘိ
(ဒုတိယလမ်းစဉ်) န့ၣ်လီၤ. (K.N.U.)
အကျဲအံၤဘၣ်တၢ်ဟ်လီၤအီၤန့ၣ်မ့ၢ်လၢ
အဘၣ်လိာ်ဖိးမံလိာ်သးဒီး ကညီဖိ
အတၢ်အဲၣ်ဒီး တဖၣ်ဒီး အသန္အကျဲအံၤ
မ့ၢ်သန္ကျဲလၢအလဲၤတၢ်လၢ တၢ်
ဘၢၣ်စၢၤဒီး တဒ့ခံဆူရစ့ၣ်ဂ့ၤရ

ထွဲဂ့ၤန့ၣ်ဘၣ် ဒီးပှၤလၢအကဘၣ်တီ
ခိၣ်ရိၣ်မဲဒီး ဆှၢအီၤန့ၣ် မ့ၢ်ဒၣ်(K.N.U.)
အကရၢမိၢ်ပှၢ်န့ၣ်လီၤ. (K.N.U.)
အကျဲအံၤ မ့ၢ်တၢ်ဃုထၢဟ်လီၤအီၤန့ၣ်
မ့ၢ်လၢမ့ၢ်ထီၣ်ခိၣ်နၢ်အါဂၤတဖၣ်
ထံၣ်ဒီးနာ်ဝဲလၢ အမ့ၢ်ကညီဖိအဒံၣ်မိၣ်
ကြၢ်စံၣ် လၢတၢ်အခွဲးအယာ် အ လၢ
အပှဲၤအိၣ်ဝဲဒၣ်အဃိန့ၣ်လီၤ. တၢ်
ပၢၢ်ဆၢအံၤ ဒ်အမ့ၢ်ကညီဖိ အတၢ်
ပၢၢ်ဆၢ လၢအပှၤကလုာ် အတၢ်သဘျ့
အဂီၢ်လီၤဆီဒၣ်တၢ်အသိး တၢ်ပၢတၢ်
ပြးအပဒိၣ်န့ၣ် ကဘၣ်မ့ၢ်ဒၣ် "ကညီဖိ
ပဒိၣ်" အတၢ်ပၢတၢ်ပြး(ကရင်အစိုးရ)
န့ၣ်လီၤ. ဒ်န့ၣ်အသိးလၢသုးမ့ၢ်သံၣ်
ဘိတခီ အခိၣ်အနၢ်အဒိၣ်အထီတဖၣ်
စ့ၢ်ကီးကဘၣ်မ့ၢ်ဒၣ် ကညီဖိတဖၣ်
န့ၣ်လီၤ. တၢ်လၢကညီအသုးမ့ၢ်ဒိၣ်အံၤ
ကဘၣ်ဟံးန့ၢ်မူဒါလၢ အကတြီဆၢ
ကယဲၢ်တၢ်အၢလၢ အကဟဲဘၣ် အပှၤ
ကလုာ်ဒီး အတၢ်မှာ်တၢ်ပၢၤခဲလၢာ်
န့ၣ်လီၤ.မ်မ့ၢ်ဒ်န့ၣ်အဃိ ယပှၤကလုာ်
သ့ၣ်ဓၢ ကျဲတဘိအံၤ မ့ၢ်အဂ့ၤဒီး ကဲ
ဘျုးလၢနတၢ်အိၣ်မူ (ဘဝ) အဂီၢ်အဃိ
သ့ၣ်ညါလီၤနသးလၢ နကြၢးပိာ် ထီၣ်
အီၤဒီး န့ၢ်သါဘၣ်က့ၤ တၢ်ဘျုးတၢ်ဖှိၣ်
လၢအဂီၢ်တက့ၢ်.နမ့ၢ်ပိာ်ကျဲလၢ
အဂၤတဘိဂ့ၤ တဘိဂ့ၤန့ၣ်တဘၣ်
လိာ်ဖိးမံလိာ်သးဒီး နတၢ်အဲၣ်ဒီးသး
လီန့ၣ်ဘၣ်. အမဲာ်ညါနကဘၣ်လီၤဖးဒီး
နပှၤကလုာ်လၢအပိာ် (K.N.U.) ကညီ
ဒီကလုာ်စၢဖှိၣ်ကရၢ အကျဲအံၤ သပှၢ်
ကတၢၢ်ဒီးဒံၣ်မိၣ်ကရ့ၣ်စံၣ်အခွဲး
အယာ်လၢ နပှၤကလုာ်ဒီးန့ၣ်ဘၣ်ဝဲန့ၣ်
နန့ၢ်ဘၣ်အီၤတသ့လ့ၤတက့ၤ ဘၣ်န့ၣ်
လီၤ.အဃိတၢ်အဲၣ်ဘၣ်ပပှၤကလုာ်အပူၤ
ကြၢးလၢပမၤဒီး ဆီၣ်ထွဲတၢ်ဒုးအံၤ
လၢဂံၢ်လၢဘါန့ၣ်လီၤ. မ်ဒ်န့ၣ်
ဒီးဒုၣ်ဒါမ့ၢ်ဃုထီၣ်အကျဲလၢအ
ကမၤလီၤမ့ၢ်လီၤဖး ပှၤသနာ်က့
မၤပှၤသုတန့ၢ် တဂ့ၤန့ၣ်ပက ဘၣ်အိၣ်
ဃူအိၣ်ဖိး က့ၤသပှၢ်ကတၢၢ်န့ၣ်လီၤ.
ခဲအံၤမ့ၢ်လၢကညီဖိတဖၣ် အိၣ်လီၤ
မ့ၢ်ပြံပြါလၢခိ, လၢဝ့ၢ် လၢပၣ်တံၣ်

(Party) ကျါဒံးအဃိ ကြၢးလၢအအိၣ်
ဖှိၣ်ရိဖှိၣ် ကျဲၤဖိးလိာ်က့ၤအသးခဲလၢာ်
ဒီး တုၤအကဲထီၣ်က့ၤ ပှၤတဖုဃီတက
ရၢဃိန့ၣ် ပှၤကညီတကလုာ်အံၤ ဒိၣ်စိ
ဒိၣ်ကမီၤက့ၤကသ့ဝဲသပှၢ်က တၢၢ်န့ၣ်
လီၤ.

## အခိၣ်(၁၉) ထဲါ (K.N.U.) ခိၣ်နၢ် အသိ K.N.L.C. ဒီး K.N.L.A. အိၣ်ထီၣ် အခီပညီ.

မ့ၢ်လၢတၢ်မၤထီၣ်အသးလၢ
ကညီတၢ်ပၢၢ်ဆၢဖိအကျါ လဲၤအသး
ခံက့ခံခီလၢ သန္ကျဲအဂ့ၢ် အသးအဃိ
ဒီး ဒ်တၢ်ဆၢကတီၢ် ဟဲစိာ်ဝဲဒီး ကြၢး
ဝဲအသိးလၢ ပကလဲၤကဒီးဆူညါလၢ
ပတၢ်ပၢၢ်ဆၢအပူၤအံၤ ကသ့ဝဲအဂီၢ်
န့ၣ်လီၤ. ဖဲ(၁၉၆၇)နံၣ်န့ၣ် မ့ၢ်ထီၣ်ကီၢ်
သူလ့ၤခိၣ်နၢ်တဖၣ်အိၣ်ဖှိၣ်ကီၣ်ကး ဒီး
သုးကျဲၤလီၤဝဲလၢ ကျဲလၢအမ့ၢ်အတီ
အဘၣ်လၢာ်ကတၢၢ်လၢ အကထုး
ဖှိၣ်က့ၤ ပပှၤကလုာ်ဒီး ကျဲလၢအ
ကဆှၢပှၤဆူ ပတၢ်မၤနၢၤန့ၣ် ပှၤ
ကီးဂၤနာ်လီၤတံၢ် နီၢ်နီၢ်ဝဲလၢ
အမ့ၢ်(K.N.U.)အဝဲန့ၣ်လီၤ. ဒ်(K.N.U.)
အတၢ်ဘျၢအိၣ်ဝဲအသိး ခိၣ်နၢ်တဖၣ်
ဘၣ်တၢ်ဃုထၢထီၣ်က့ၤအီၤတဆီ ဘၣ်
တဆီဝံၤ ဒ်(K.N.U.) မ့ၢ်ကရၢလၢ
အဘၣ်ပၢဆှၢ တၢ်ပၢၢ်ဆၢအံၤအသိး
ဃုထၢထီၣ် ဟ်လီၤကဒီး ဝဲဒီး တၢ်ပၢ
တၢ်ပြး အခိၣ်အနၢ် တဖၣ် စ့ၢ်ကီးန့ၣ်
လီၤ. လၢကရၢဒီး တၢ်ပၢတၢ်ပြးအ
တၢ်ဖံးတၢ်မၤ အကျိၤအကွာ်အဂီၢ် ပှၤ
မၤတၢ်ဖိအိၣ်ဒီး အညါပှၢ်အညါစ့ၢ်အဃိ
လၢတၢ်ဖံးတၢ်မၤ မူဒါအဆၢကတီၢ်
အယံာ်အမီၢ် အဂီၢ်န့ၣ် တၢ်ဘၣ်ဃု
ထၢထီၣ်က့ၤ ခိၣ်နၢ်အသိတဖၣ် (၄)
လွံၢ်နံၣ်တဘျီ ဒ်ထံဂုၤကီၢ်ဂၤတနီၤ
မၤဝဲအသိးန့ၣ်လီၤ.လၢ(K.N.U.) အကျဲ
အတၢ်သုးတၢ်ကျဲၤအပူၤ လီၤဆီ
ဒၣ်တၢ်လၢ တၢ်ပၢတၢ်ပြးအပူၤန့ၣ်
(K.N.L.C.)အိၣ်ဝဲတဖုလီၤ. (K.N.L.C.)
ကညီဒီကလုာ် တၢ်ထူၣ်ဖျဲးကီၣ်ကးအံၤ

မ့ၢ်ကီၢ်ရှၢ်ကီးဘဉ်ဒဲး အခၢဉ်စးသၢဂၤ စှၥ်စှၥ်ဒီး ပှၤတဖဉ်နဲ့ဉ်ဘဉ်လဲၤထီဉ်အိဉ်ဖှိဉ်ကီဉ်ကးတၢ်လၢလီၢ်ခၢဉ်သးနဲ့ဉ်လီၤ.အဝဲသ့ဉ်အမူအဒါမ့ၢ်အကဖိဉ်ဂၢၢ်သကိး (K.N.U.) အကျဲသနူဒ်သိး အသုတလဲၤဆူ စုစ့ဉ်စုထွဲတဂ့ၤအမဲာ်ညါ မ့ၢ်စ့ၢ်ကီးပှၤလၢအဘဉ်ထုးထီဉ်တၢ်ဘျၢ တၢ်သိဉ်တၢ်သီလၢအဘဉ်ဘျိးဘဉ်ဒါ လိာ်သးဒီးကညီအတၢ်အဲဉ်ဒိး ဖိးလိာ်သးဒီး ကညီအထူသနူဒီး ပၢဆှၢတၢ်ပၢကၢ်ပြး ဒ်သိးအကလဲၤသး ဂုၤဂုၤဘဉ်ဘဉ်နဲ့ဉ်လီၤ.

လၢနံ့ဉ်အမဲာ်ညါ ဖဲ (K.N.U.) တိခိဉ်ရိဉ်မဲဒီး ပၢဆှၢတၢ်ပၢၢ်ဆၢအကတိၢ်အံၤ ကီၢ်ရှၢ်တဖဉ် လၢညါနဲ့ဉ်တၢ်ကီးအီၤလၢ အနီၢ်ဂံၢ် (Bg Na) စှၥ်စှၥ်ဘဉ်ဆဉ် ခဲအံၤတၢ်ကီးအီၤလၢအကီၢ်ရှၢ်နီၢ်ဂံၢ်(၁)နဲ့ဉ်ကီးကွၤဝဲအမံၤလၢမုၢ်တြိၤကီၢ်ရှၢ်, (၂)တီအူ, (၃)ချၢဉ်လွံၢ်ထူဉ်, (၅)ဒူသထူဉ်, (၆)ဒူပျာ်ယာ်, (၇)ဖဉ်အဉ်, (၈) ဘျုံး/ဒဝဲၢ်တဖဉ်နဲ့ဉ်လီၤ.လၢသုးမုၢ်တခီစ့ၢ်ကီးကီးလဲလိာ်ဝဲအမံၤနဲ့ဉ်လီၤ. လၢညါနဲ့ဉ်တီးဝဲလၢ (K.P.L.A.) ကီၢ်သူလ့ၤကမျၢၢ်တၢ်ထူဉ်ဖျဲးသုးမုၢ်ဒိဉ် ဒီးမ့မ့ၢ်ခဲအံၤတီးကွၤဝဲလၢ အ(K.N.L.A.)ကညီကလုာ်တၢ်ထူဉ်ဖျဲးသုးမုၢ်ဒိဉ်နဲ့ဉ်လီၤ.လီၤဆီဒဉ်တၢ်လၢ တၢ်ဆီတလဲကွၤ သုးကအမံၤနဲ့ဉ် လၢညါသုးကနီဉ်ဂံၢ် (၅) နဲ့ဉ်တၢ်ဆီတလဲကွၤအီၤလၢ သုးကနီၢ်ဂံၢ်(၁)ဒီး သုးကနီၢ်ဂံၢ်(၄)နဲ့ဉ် တၢ်ဆီတလဲကွၤအီၤဆူ သုးကနီၢ်ဂံၢ်(၇)လီၤ.မ့မ့ၢ်သုးကအဂၤတဖဉ်နဲ့ဉ် အိဉ်ဒဉ်ကၢ်ဒ်အလီၢ်လီၢ်ဒီး သုးကနီၢ်ဂံၢ်(၄)ဒီး(၅)နဲ့ဉ်ခဲအံၤတအိဉ်လၢၤဘဉ်နဲ့ဉ်လီၤ.

တိၢ်နိဉ်–

ထါတဖဉ်အံၤပထံဉ်ဘဉ်လၢတၢ်စးထီဉ်တွဲးအီၤဖဲ (၁၉၇၆)နံဉ်အဃိ သုးကသုးရှဉ်,နီဉ်ဂံၢ်တဖဉ် တဖိးမံလိာ်သးဒီးတၢ်ဆၢကတိၢ်ခဲအံၤလၢၤဘဉ်၊

## အခိဉ်(၂၀) ထါ မါဘးစဉ်ဟဲကွၤဆူ (K.N.U.) ပူၤ– အခီပညီ.

လၢ(K.N.U.)ဒီး(K.N.U.P.) လီၤဖးလိာ်သးအဃိ ကဲထီဉ်တၢ်သူဉ်ခုသးခု လၢဒ့ဉ်ဒါအဂီၢ်ဒီး တၢ်တံာ်မုၢ်တံာ်တာ်လၢ တၢ်ပၢၢ်ဆၢအတၢ် မၤနၢၤအဂီၢ် တဒိးကွဲလၢၤဘဉ်နဲ့ဉ်လီၤ. လၢတၢ်နဲ့ဉ်အဃိဒ်သိးတၢ်ဒုးတၢ်ယၤအဂံၢ်ကဆူဉ်ထီဉ် ဂုၤနဲ့ၢ်ဒံးအလီၢ်ဒီး တၢ်ဂံၢ်တၢ်ဘါကဂ့ၤဝဲလၢ ထံရှူၤကီၢ်သဲး (နိုင်ငံရေး) ဒီးတၢ်ဒုးဂ့ၢ်ဝီ (စစ် ရေး) ကသ့အဂီၢ်နဲ့ဉ်(K.N.U.) ခိဉ်နၢ်လၢအမ့ၢ်ကီၢ်ခိဉ်ဘိဉ်မူး,သုးခိဉ်ဒိဉ်ဖုထီခိဉ်, သုးခိဉ်ဒိဉ်ကစၢၢ်ဒိဉ်, သုးခိဉ်ဒိဉ်ရှ့ဉ်ဆၢ, ပဒိဉ်သဉ်ပွံး, ဒီးခိဉ်နၢ်အဂၤတဖဉ်တအိဉ်ဃိ ဒိဝဲဒဉ်နီတဂၤဘဉ်. မ့မ့ၢ်ဂ့ာ်ကျဲးစၢး လဲၤအိဉ်သကိး (P) ခိဉ်နၢ်တဖဉ်ဒ်အမ့ၢ် သရဉ်မါဘးစဉ်,သုးခိဉ်ဒိဉ်ကီၢ်ထူ, သုးခိဉ်ဒိဉ်မူးမိဉ်, ပဒိဉ်စကီၤလၢၢ်တီ သ့ဉ်တဖဉ်ဒ်သိး အကထုးဖှိဉ်ဝံာ်ဖှိဉ်လိာ်ကွၤအသး တပူၤဃီလၢကျဲတဘိဃီအပူၤလၢ တၢ်ပၢၢ်ဆၢအဂီၢ်နဲ့ဉ်လီၤ. မ်ဒ်နဲ့ဉ်သတးဒီး ဖဲ (၁၉၆၉–၇၀)နံဉ် အပူၤနဲ့ဉ် ခီကရဲးတၢ်အိဉ်ဖှိဉ် အိဉ်ထီဉ်လၢ ကီၢ်သူလ့ၤမုၢ်ထီဉ်အဆၢကတိဉ်နဲ့ဉ် သရဉ်မါဘးစဉ်, သုးခိဉ်ဒိဉ်မိဉ်မိဉ်,သုး ခိဉ်ဘးသ့ဉ်ဒီး ခိဉ်နဉ်အဂၤတနီၤ မ့ၢ်လၢအထံဉ်ဝဲလၢ (K.N.U.)အကျဲအံၤ မ့ၢ်ကျဲလၢအဂ့ၤကတၢၢ် အဘဉ်ကတၢၢ် လၢကညီကလုာ်အဂီၢ်အဃိ အဝဲသ့ဉ်ဟဲကွၤနှာ်လီၤဒီး မၤသကိးကွၤ တၢ်အိဉ်ဒီးအကျိၤအကွာ် လၢအကမၤနၢၤကွၤ ဒ့ဉ်ဒါလၢအဆိအချ့အဂီၢ်နဲ့ဉ်လီၤ. ဒ်သရဉ်မါဘးစဉ် မ့ၢ်ပှၤလၢအသ့ဒီးနၢ်ပၢၢ် ထံရှူၢ်ကီၢ်သဲး (နိုင်ငံရေး) တဂၤအသိး, ကီၢ်ခိဉ်ဘိဉ်မူးထံဉ်ဝဲလၢ သရဉ်အံၤမ့ၢ်ပှၤလၢ အကြၢးအဘဉ်ကတၢၢ်လၢအကကဲခိဉ်ကဲနၢ်ဒီး ဆှၢတၢ်ပၢၢ်ဆၢအံၤတဂၤအဃိ အဝဲဃုကညးအီၤလၢအကတူၢ်လိာ် ကီၢ်ခိဉ်အတၢ်မၤမူဒါလၢ (K.N.U.) အကျဲပူၤ. မ့မ့ၢ်အဝဲတခီမှာ်သးဘဉ်ဒဉ်အီၤလၢ အကမၤကွၤတၢ်လၢ သရဉ်မါဘးစဉ် အဖီလာ်ဒ်ကီၢ်သူလ့ၤသုးခိဉ်ကျၢၢ်(ဗိုလ်ချုပ်) တဂၤအသိးအဃိ ခဲအံၤသရဉ်မါဘးစဉ်ဘဉ်တၢ်ဃုထၢ ထိဉ်ကွၤအီၤလၢ (K.N.U.)ကျဲ ကီၢ်သူလ့ၤအ ကီၢ်ခိဉ်အလီၢ်နဲ့ဉ်လီၤ.

ပှၤဂ့ၤပှၤဂၤလၢ အမၤသကိးတၢ်ဒီးခိဉ်နၢ်ဖးဒိဉ်ခံဂၤအံၤ တဖဉ်မ့ၢ်ပှၤလၢအသ့အဘဉ်ဒ်အတၢ်မၤပတိၢ်, အကျိၤအကွာ်အိဉ်ဝဲရှာ်ရှာ်အသိးနဲ့ဉ်လီၤ. မ်လၢတၢ်နဲ့ဉ်အဃိ တကြၢးလၢပသးဒ့ဒီလၢပှၤတဖဉ်အံၤ အဖီခိဉ်လၢ်လၢ်နဲ့ဉ်ဘဉ်. လၢအနံ့ဉ်အမဲာ်ညါ ပကြၢး လဲၤထီဉ်သကိး ဆူညါဒ်တဘျီ ပ(K.N.U.)ကရၢမိၢ်ပှၢ် လီၤမၢ်သဒဉ် ပှၤဖဲ (K.N.U.P.) ဒိဉ်စိဒိဉ်ကမီၤ အခါဘဉ်ဆဉ် ခဲအံၤပ (K.N.U.) ကရၢမိၢ်ပှၢ်ဟဲမူထိဉ်ကဒါကွၤလံ လၢပကီၢ်ခိဉ် လီၢ်လံၤဘိဉ်မူးဒီး အတံၤသကိးလၢ အသးလီကွၤတၢ်ဃုတၢ်ဖိး တၢ်မုာ်တၢ်ခုဉ်တဖဉ်အတၢ်ဂ့ာ်ကျဲးစၢးထုးဖှိဉ်လိာ် ကွၤအသးအဃိနဲ့ဉ်လီၤ.

ဒ်သိးပဂံၢ်ပဘါကဒိဉ်ထီဉ်အါထီဉ်ဆူညါကွဲ့ၢ်ကွဲ့ၢ်ဒီး နဲ့ၢ်ဘဉ်ကွၤတၢ်သဘျ့ကသ့အဂီၢ်နဲ့ဉ် မ်ပကထုးဖှိဉ်ပာ်ဖှိဉ်သကိးကွၤကညီဖိ ဖဲအကအိဉ်ဝဲတပူၤလၢ်လၢ်ဒီး ဒုးလဲၤသကိး ကွၤအီၤလၢ (K.N.U.)အကျဲပူၤနဲ့ဉ်တက့ၢ်.

## အခိဉ်(၂၁) ထါ–ကလုာ်ဖိဒီးသိဉ်မုံၤဂ့ၢ်ဝီ, အခီပညီ.

လၢပတၢ်ဒုးတၢ်ယၤ အကတိၢ်အံၤ အိဉ်ဟ်ဃုာ်စ့ၢ်ကီးဒီး ပှၤကလုာ်ဂၤလၢပထံလီၢ်ကီၢ်ပူၤအံၤနဲ့ဉ်လီၤ. ပှၤတဖဉ်အံၤတနီၤနီၤနဲ့ဉ် ဒ်သိးကညီဖိကနဲ့ၢ် ဘဉ်ကွၤအထံအကီၢ်ဒီး အဝဲသ့ဉ်ကအိဉ်ဘဉ်စ့ၢ်ကီး မှာ်မှာ်ခုဉ်ခုဉ်လၢကညီဖိအသိးနဲ့ဉ် နှာ်လီၤမၤစၢၤ တၢ်ပၢၢ်ဆၢလၢတၢ်ဒုးတၢ်ယၤအပူၤ စ့ၢ်ကီးနဲ့ဉ်လီၤ. လၢတၢ်နဲ့ဉ်အဃိ အဝဲသ့ဉ်ကနၢ်ဘဉ် စ့ၢ်ကီးတၢ်အခွဲးအယာ် ဒ်အ

ကြ႑ား ဝဲဘၣ်ဝဲ ဒ်အလီၢ်အလၤ အပှၤက လုာ်အပတီၢ် အိၣ်ဝဲအသိးန့ၣ်လီၤ. နှ့ၢ်ဘၣ်ဝဲ တၢ်သိးလိာ်သးဒီး'ပှၤကညီ' ဖိတဂၤန့ၣ် တသ့တဝၢ်ဘၣ်. မ့ၢ်အဲၣ် ဒီးဝဲလၢ အကနဲ့ၢ်ဘၣ်အခွဲးအယာ် တၢ်သိးဒီး ကညီဖိ တဂၤန့ၣ် သၢပျၢၤ အဝဲကဘၣ်ဒီး ကီးလီၤသးလၢ 'ကညီဖိ' ဒ်ပစံး တၢ်အသိးအဝဲကဘၣ်ကဲထီၣ် "ကညီဒီကလုာ် စၢဖိၣ်ကရၢဖိ" တ ဂၤန့ၣ်လီၤ. လၢပတၢ် ဟးထီၣ်ဟး လီၤဖံးတၢ်မၤတၢ်အပူၤန့ၣ် ဒ်သိး တၢ်နီးတၢ်ဘျး တၢ်ဘၣ်ဂံာ်ဂူာ်လၢ ကလုာ်ဂၤဒီး ပဝဲဒၣ်အဘၢၣ်စၢၤ သုတအိၣ်ထီၣ်တဂ့ၤန့ၣ် ပကဘၣ်သ့မၤ တံၤမၤသကိး, ရ့လိာ်သးဒီးအဝဲသ့ၣ် နှ့ၣ်လီၤ. ပကဘၣ်ဂုာ်ကျဲးစၢး ကယဲၢ်မ့ၢ် တၢ်ထိဒုၣ်ထီဒါ လၢအကဒုးကဲထီၣ် တၢ် အ့ၣ်လိာ်ဆီးက့လိာ် တသ့ဖဲအသးန့ၣ် လီၤ. အဂ့ၢ်ဒ်အံၤပမ့ၢ်တသ့အဲၣ် တသ့ရ လိာ်သးဒီး ကလုာ်ဂၤလၢအအိၣ်လၢ ပထံလီၢ်ကီၢ်ပူၤဘၣ်န့ၣ် ပဒုၣ်ပဒါက ဃုထီၣ်အကျဲခီဖျိကလုာ်ဂၤလၢ အတ ဘၣ်လိာ်သးဒီးပှၤဘၣ်ဒ်သိး ကမၤဟး ဂီၤပှၤလၢ ကျဲအဘိဘိန့ၣ် သ့ဝဲညီကဒၣ် နှ့ၣ်လီၤ. မ့ၢ်လၢပထံ လီၢ်ကီၢ်ပူၤအံၤ ဒ် ကလုာ်ဂၤအိၣ်ဒီး အတၢ်ပၢၢ်ဆၢ ဒၣ်ဝဲစ့ၢ်ကီးအသိးပအိၣ်စ့ၢ်ကီးဒီး ပသိၣ်ပမုံၤ (လၢအပၢၢ်ဆၢတၢ်လၢအ ပှၤကလုာ်အဂီၢ်, ဒ်သိးဒီးပဝဲအံၤ) လၢ အဘူးဒီး လၢအယံၤတနီၤ နှ့ၣ်လီၤ. အဝဲ သ့ၣ်မ့တမ့ၢ် ပပှၤကလုာ်သနာ်က့ တ ကြ႑ားလၢ ပထိဒုၣ်ထီဒါ လိာ်ပသးနှ့ၢ် ဘၣ်.ကြ႑ားလၢ ပဃုသကိးဒါခီ တၢ်ဃူ တၢ်ဖိးဒီး ဃုအါထီၣ်ပတံၤပသကိးဒ် သိးပမၤနၢၤ ပဒုၣ်ပဒါ ကသ့အဂီၢ်ဒီး အ ဝဲသ့ၣ်ကဲဂံၢ်ကဲဘါ သ့ဝဲလၢပဂီၢ် လၢပ တဃုထိဒါ အဝဲသ့ၣ်ဘၣ်အ ဃိန့ၣ်လီၤ. မ့ၢ်လၢဒုၣ်ဒါအံၤ ဆီၣ်တံၢ်မၤနၢၤ အိၣ် ဃိၣ်ပှၤ တမ့ၢ်ထဲတဖု တကလုာ်ဖိၤ ဘၣ်အဃိ ကလုာ်ဂၤလၢအမ့ၢ် ပသိၣ် မုံၤတဖၣ်ဒီး ပဝဲအံၤ ပကဘၣ်အိၣ် ဖှိၣ်ရိဖှိၣ်ဒီးဒုးကဲ ထီၣ်သိၣ်မုံၤ အသး မ့ၢ်ဖးဒိၣ် (မဟာမိတ်တပ်ပေါင်းစု) တ

ဖှိၣ်ဒုးဖှိၣ်သကိး ဒုၣ်ဒါ ဃူဃူ ဖိးဖိးန့ၣ် လီၤ. မ့မ့ၢ် သနာ်က့ ဒ်န့ၢ်န့ၣ် လၢတၢ် ဒီသိၣ်ဒီမုံၤအပူၤန့ၣ် အလီၢ်အိၣ်ဝဲလၢ နကဘၣ် အိၣ်ဒီး တၢ်ပလီၢ်ပဒီတဘိ ယှာ်ဃီဒီး, ဒီး တိၢ်ကွၢ်သိၣ် မုံၤတဖၣ် အတၢ်ဟ်သူၣ်ဟ်သး ဒီးအတၢ် ဃ့ၢ်ထီၣ် ဟးလီၤ ထိဘိန့ၣ်လီၤ.မ့တမ့ၢ်ဒ်န့ၣ် ဘၣ်ဒီး တၢ်ဘၣ်ယိာ်အိၣ်ဝဲလၢ အက ဃၣ်ဘၣ်ကီာ် အခီၣ်ဆူလီၢ်ခံဒီး ဘျၢၣ် က့ၤပှၤနှာ်ကယိာ် ဘၣ်ဖုးဒ် ပနၢ်ဘွါ ဘျၢၣ်တၢ်နှာ်ယိာ် အသိး ဘၣ်ကိၣ်န့ၣ် လီၤ.လၢတၢ်နှ့ၢ်အဃိ လၢတၢ်ဒီသိၣ် ဒီမုံၤ ဒီးကလုာ်ဂၤအပူၤန့ၣ် နကဘၣ် ကွၢ်မၤကွၢ်မၤ ကွၢ်လီၤဒိၣ်.ကညီဖိသ့ၣ် ဓၢ မ့တမ့ၢ်ဘၣ်ဒီး နကဘၣ်တၢ်လီနှ့ၢ် ကဒီးနၤ တဘျီကဒီးန့ၣ်လီၤ.

## အခီၣ်(၂၂)ထါ– တၢ်နးတၢ်ဖှိၣ် ဘၣ်ပှၤကမျၢၢ်– အခီပညီ.

လၢကညီဖိ အတၢ်ပၢၢ်ဆၢဒီး ဂ့ၢ်က့ၤအကီၢ်သဘျ့အဆၢကတီၢ်န့ၣ် ပှၤကီးဂၤဒဲးလၢအအိၣ်လၢ တၢ်ပၢၢ်ဆၢ အဟိၣ်ကဝီၤပူၤတဖၣ် ဘၣ်ကီဘၣ်ခဲဒီး ဘၣ်တၢ်မၤအၢမၤနးအီၤ အါမံၤအါက လုာ်လၢပဃိၤကလုာ်သနူဖိ အသးန့ၣ် လီၤ. ပမ့ၢ်ကွၢ်ကဒါက့ၤန့ၣ် ပကထံၣ် ဘၣ်လၢ ပှၤပဃိၤ ကလုာ်ဒိၣ်သနူဖိအ သုးတဖၣ် အတၢ်မၤအၢမၤနးအကျါ တနီၤန့ၣ်မ့ၢ်လၢ ပဘၣ်လုၢ်အိၣ်လုၢ်အိ လၢထီး, လၢဆီ, ဒီးအါဒၣ်တၢ်တက့ၢ်န့ၣ် ပတနှ့ၢ်ဘၣ်က့ၤ အပှ့ၤကလံၤ နီတဘ့ၣ် ဘ့ၣ်ဘၣ်. တဘျီဘျီန့ၣ် ပဒိးန့ၣ်ဘၣ်က့ၤ အပှ့ၤကလံၤ တစဲးတမုံးလၢ အတလီၤ တဲ ဘၣ်ဒၣ်လဲၣ်န့ၣ်လီၤ. တၢ်ဘၣ်ဟ့ၣ် အီၤအဝဲသ့ၣ်ကလီကလီန့ၣ်မ့ၢ်လၢအ အါတခီန့ၣ်လီၤ. ဖဲအဝဲသ့ၣ် ဟဲထီၣ်လူၤ ပသုးဖိအခါ ဆဲၣ်ဒူအသး ခးအိၣ်, ဖိၣ်အိၣ် ပတၢ်ဖိတၢ်လံၤဒီး ပဘၣ်ပျံၤ ဘၣ်ဖုး ဘၣ်အဝဲသ့ၣ်အဃိ ပဃုအပှ့ၤ တဘူၣ်ဘၣ်န့ၣ်လီၤ. အဝဲသ့ၣ်မ့ၢ်ဟဲ ထိၣ်ကီးဘျီဒဲးန့ၣ် ပဘၣ်လဲၤနှ့ၢ် အပိၣ် တၣ်( ပှၤဝံတၢ်ဖိ) ဘၣ်ယိးနှ့ၢ် ပှန့ၢ်အ

ဝဲသ့ၣ်အတၢ်ဝံတၢ်ယိး ခဲလၢာ်လၢ အဃၢဝဲ ခံပၢပၢ, သၢပၢပၢ ဒီးလၢအ ဖိခိၣ်ဒၣ်လဲၣ် အတၢ်ဝံတၢ်ယိး အါလၢ် ကဲာ်ဆီးတၢ်အယိးက့ၤဝဲတန့ၣ် တ ကဲလၢၤဘၣ်အဃိ မ့ၢ်မးအဒုးယိး သံကွဲာ် ပပှၤကလုာ် ခွါသ့ၣ်တဖၣ်န့ၣ်လီၤ.

လဲၤတၢ်တခီ တသိတဝံၤ ဒီလါ ဟဲက့ၤတတ့ၤဟံၣ်ဘၣ် ဘၣ်လဲၤလၢ မ့ၢ်နၤ လၢမ့ၢ်ဆါ,စ့ခိၣ်ဘၣ်ဒိဘၣ်ထံး ဖိၢ် မ့ၢ်ဖိၢ်ဖး အသွံၣ်လီၤ. ယွၤတ့ၤဒၣ်လဲၣ် လၢအဖံဘၣ်ခိၣ်တခီ အသွံၣ်လီၤတ့ၤလၢ အသးနါပှၢ် ထံၣ်လီၤက့ၤ ပှဲၤမဲာ်ပှဲၤနါ အမဲာ်ညါ တနီၤနီၤ အတၢ်ဝံတၢ်ယိးဃၢ ဒ်အံၤအဃိ တူၢ်ဘၣ်က့ၤဒၣ် (ဒါဏ်) ဘၣ် ဆီးက့မံနီၤ သံက့ၤလၢခံဒီး တနီၤဖံး အိၣ်မၤအိၣ် က့ၤတၢ်တကဲလၢၤဘၣ် ဒီ နံၣ်ညါန့ၣ်လီၤ. လဲၤတၢ်အခါ တၢ်ဘုံးသး ခီၣ်မ့ၢ်တပျာ် လီၤဃံၤဘၣ်အသး တခီ အဝဲ သ့ၣ် (ပဃိၤသုး) ထူတၢ် ယိၢ်တံၢ် ဝဲဒီးအခိၣ်ဖံး သုးဖးဒိၣ်နှ့ၢ်ဒီး မ့ၢ် လီၤဘုံးလီၤတီၤတ့ၤအဟး တကဲ လၢၤ ဘၣ်န့ၣ် ခးသံကွဲာ်ဝဲ တဘျီဃီ ဖဲကျဲဆၢၣ် ပူၤတီၤန့ၣ်လီၤ.

တိၢ်နီၣ်/–(၃၀၃)မ့ၢ်ကျိရဲးဖၢၣ် ချံလီၤ. အိဖိလံၤဃပှၤကလုာ် ကညီဖိ သ့ၣ်ဓၢ ပဃိၤကလုာ်ဒိၣ်သနူဖိသ့ၣ်တ ဖၣ် မၤနးမၤဖိၣ်ပှၤအံၤ မ့ၢ်အအၢရုးမး နှ့ၣ်လဲၣ်. မ်လၢတၢ်အံၤအဃိ ဒ်သိးပပှၤ ကလုာ် ကပူၤကဖျဲးဒီး တၢ်နးတၢ်ဖိၣ်အံၤ ကသ့အဂီၢ်န့ၣ် နကဘၣ်သ့ၣ်ညါလၢ နကဘၣ်အိၣ်ဒီးနထံနကီၢ် နပဒိၣ်ပပှၢ် နသးမ့ၢ်သံၣ်ဘိမး နပူၤကသ့န့ၣ်လီၤ.မ့ တမ့ၢ်ဘၣ် ဒ်န့ၣ်ဘၣ်ဒီး နကပူၤဖျဲးဒီး ပဃိၤအတၢ်မၤအၢမၤနးနၤန့ၣ် တသ့ နီတဘျီလၢၤဘၣ်န့ၣ်လီၤ.လၢတၢ်န့ၣ်အဃိ ဖဲဒၣ်နမၤသ့အပတီၢ် လၢနလီၢ်ဒၣ်နဲ ဒ်နတၢ်သ့တၢ်ဘၣ် တၢ်ဂံၢ်တၢ်ဘါ, တၢ် ထူးတၢ်တီၤအိၣ်ဒီးနၤအသိး လၢတၢ် ဃုတၢ်ဖိး အပူၤန့ၣ် နမ့ၢ်မၤသကိးတၢ် လၢကညီအတၢ်ပၢၢ်ဆၢ အပူၤအံၤန့ၣ်ဒီး နကနှ့ၢ်ဘၣ်က့ၤ နကီၢ်သဘျ့သပှၢ်တၢၢ် နှ့ၣ်လီၤ.

## အခိၣ်(၂၃) ထါ–ကမျၢၢ်အမူအဒါ (တၢဝန်) အခီပညီ.

ဒ်ပဒိၣ်လၢ တၢ်ပၢတၢ်ပြးတခီဒီးသ့ လၢတၢ်ဒုးတၢ်ယၤတခီ အိၣ်ဒီးအမူအဒါဒၣ်ဝဲ စ့ၥ်စ့ၥ်အသိးလၢ ကမျၢၢ်တခီစ့ၢ်ကီး အိၣ်ဒီးအမူအဒါ စ့ၥ်စ့ၥ်စ့ၢ်ကီးန့ၣ်လီၤ. လၢတၢ်ဆၢကတီၢ်လၢအကဟဲဆူညါအဂီၢ်န့ၣ် ပှၤကမျၢၢ်တဖၣ်ကဘၣ်ဂုၥ်ကျဲးစၢး တသ့ဖဲအသ့ ဒ်သိးပဒိၣ်ဒီးသ့ အတၢ်ဖံးတၢ်မၤကအိၣ်ဂၢ်ဆိးကျၢၤဝဲအဂီၢ်န့ၣ်လီၤ. ဒ်သိးပကန့ၢ်ဘၣ်က့ၤ ပထံပကီၢ်န့ၣ် ကမျၢၢ်ကဘၣ်ဟ့ၣ်လီၤ အဂံၢ်အဘါအတၢ်ထူးတၢ်တီၤဒီး အတၢ်သ့တၢ်ဘၣ်တ့ၤလၢ အလီၢ်မ့ၢ်အိၣ် အသးသမူဒၣ်လဲၣ်န့ၣ်လီၤ.တၢ်မၤစၢၤအကျဲတခီအိၣ်ဝဲကျဲအါဘိအကျါ တဘိန့ၣ် မ့ၢ်နကဘၣ်ဆှၢ နဖိဆူကို ဒ်သိးကသ့ထိၣ်ဘၣ်ထိၣ်ဒီး မၤက့ၤတၢ်မၤလၢ အပှၤကလုာ်အဂီၢ်န့ၣ်လီၤ. ဒ်သးပှၢ်လၢပျၢၤအတၢ်စံး ဟ်တ့ၢ်အိၣ်ဝဲအသိး "မိၢ်ဝဲအံၤမ့ၢ်အမဲာ်ခံး,လီၤက့ၤဖိကပီၤမိၢ်စံး မိၢ်တဲဟ့ၣ်သုတၢ်တထံၣ် လူၤလၢၤတဂ့ၤ မိၢ်ပၢ်စံး" ဒီး "အခါဘၣ် ကညီထီမိ, ပိညါန့ၣ် ဂုၥ်မၤန့ၢ်အီၤ သ့ပိညါ တဘၣ်ကိၢ်ဂီၤ ကအိၣ်ဘၣ်အိဘၣ်ဘိၣ်ညီ" န့ၣ်လီၤ. အဃိ နကဘၣ်ဒုးမၤလိသ့ထိၣ် နဖိမုၣ် ဖိခွါတဖၣ် လၢကိုလကိၣ် ဒီးဟ့ၣ်လီၤက့ၤအီၤလၢ အပှၤကလုာ်ဒၣ်ဝဲ အတၢ်ဖံးတၢ် မၤအဂီၢ်ဒီး ကီၢ်သူလ့ၤလၢအမ့ၢ် ကီၢ်သဘျ့န့ၣ်ကန့ၢ်ဘၣ် က့ၤဝဲဒ် "တၢ်န့ၢ်သါ" လၢအဂီၢ်အသိးန့ၣ်လီၤ. လၢန့ၣ်အမဲာ်ညါ ဒ်သိးတၢ်ပၢတၢ်ပြး တဖုဂ့ၤ တဖုဂ့ၤ အိၣ်ဂၢ်ဆိးကျၢၤကသ့အဂီၢ်န့ၣ် သ့းမ့ၢ် ပဒိၣ်ဒီး ကမျၢၢ်သ့ၣ်တဖၣ် ကဘၣ်မ့ၢ် ပှၤလၢအဃူလိာ်ဖိးလိာ် အိၣ်စဲဘူးလိာ် အသးဒ် ပျံၤဃှဃှာ်အသး သၢပလူးအသိး ဒီးဒုးသကိးတၢ်လၢ ကီၢ်သဘျ့အဂီၢ်န့ၣ်လီၤ. သ့းမ့ၢ်တခီဘၣ်လဲၤလၢညါဒီး တြီဆၢထိဒါကွံာ် ကယဲၢ်တၢ်အၢတၢ်သီ လၢအကဟဲဘၣ် အပှၤကလုာ်ခဲလၢာ်ဒီး ပဒိၣ်တခီကဘၣ်အိၣ်ပၢဆှၢရဲၣ်ကျဲၤ က့ၤအထံအကီၢ်ဒီး အပှၤကမျၢၢ်လၢ တၢ်လီၢ်ခံတခီဒီး မ့မ့ၢ်ကမျၢၢ်တခီ ကဘၣ်ဟ့ၣ်လီၤအဂံၢ်အဘါ တ့ၤအလၢာ်န့ၣ်လီၤ. ဒ်သးပှၢ်အတၢ်တဲစိၤတဲဒိ မၤလိာ်ပိာ်ထွဲဝဲအဖိအလံၤတဖၣ် ဒ်သိး မၤနၢၤတၢ်ကသ့အဂီၢ် မၢအအိၣ်ဃူအိၣ်ဖိး မ့ၢ်လၢတၢ်လၢပသးလီတဖၣ်န့ၣ်ပဒိးန့ၢ်ဘၣ်အီၤကီကီခဲခဲ ပမၤထဲတဂၤဇိၤန့ၣ် ပမၤအီၤတကဲထိၣ်ကဲထီ ဘၣ်အဃိ ဒ်သိးပကပူၤဖျဲးဒီး တၢ် ဖိၣ်တၢ်နး ကသ့ဝဲအဂီၢ်န့ၣ် ပကဘၣ် တိၢ်န့ၣ်မၤပိာ်ထွဲ သးပှၢ်အတၢ်မၤလိာ် ပကဘၣ်ဃူဘၣ်ဖိးမး ပကပိုၤဒီး မၤနၢၤတၢ်ကသ့ သပှၢ်ကတၢၢ်န့ၣ်လီၤ.

## အခိၣ်(၂၄)ထါ– ပဘၣ်ဟံးဃာ် တၢ်ဃူတၢ်ဖိးဒီး တၢ်တီတၢ်လိၤ အခီ ပညီ.

မ်ဒ်န့ၣ်ဒီး ဒ်ပအိၣ်လံဒီး ပကီၢ်ခိၣ်ဒၣ်ပဝဲအသိး ပကြၢးမၤတၢ်သပှၢ်ပှၢ် တ့ၤလီၤတံၤလီၤကိးဂၤဒဲးဒီး သုတဆၢၣ်သၢထဲ "ကီၢ်ခိၣ်တဂၤဇိၤ န့ၣ်ဝံၤလီၤ" န့ၣ်တဂ့ၤ. ပှၤသးပှၢ်တဲဝဲ "သ့ၣ်တ ဘိတတဲာ်ထံ, ဝၣ်တဘိတဲာ်ထံ, ပှၤကညီတဂၤတဝံၤတၢ်မၤဘၣ်" "ပဃူမး ပပိုၤလီၤ. ပဖုၣ်ထီ,ပလီၤလိာ်လီၤ" အဃိမ်ပသုတစူၢ်ကီၢ်ဂၤ, လီၤဆီဒ်တၢ်ပယီၤကလုာ်ဒိၣ်သနူဖိ အကီၢ်ခိၣ်အကလုၢ်န့ၢ်တဂ့ၤ. မ့မ့ၢ်ပကီၢ်ခိၣ်ဒၣ်ပဝဲ အကလုၢ်န့ၣ် ပကဘၣ်စူၢ်ဒီး မၤသကိးတၢ်ဒီးအီၤ ကိးဂၤဒဲးန့ၣ်တက့ၢ်. ထဲန့ၣ်မးကဖျါလၢ ပဃူပဖိးန့ၣ်လီၤ. ပဝဲဒၣ်ကိးဂၤဒဲးစးထိၣ်လၢ အဆံးပၢၢ်လၢအဒိၣ်န့ၣ် မ်ပကမၤ သကိးတၢ်ဖံးတၢ်မၤလၢ ပလီၢ်ဒၣ်ပဝဲစ့ၥ်စ့ၥ် တ့ၤလီၤတံၤလီၤတက့ၢ်. အါဒၣ်အန့ၢ် မ်ပပှၤမၤသကိး တၢ်ဖိအိၣ်ဝဲဒီး အဒိၣ်အဆံး အဘိၣ်, အပှၢ်အသိး တဂၤဒီးတဂၤ ပကြၢးသ့ယူးယီၣ်ဟ်ကဲလိာ်ပသး ဒ်အလီၢ်အလၤ အိၣ်ဝဲအသိးဒီးဟ်သးဒ် "ဝဲၢ်မုၣ်, ယီၤမိၢ်, ဝဲၢ်ခွါ, ယီၤပၢ်" အသိး;န့ၣ်တက့ၢ်.လၢပတၢ်ဖံးတၢ်မၤတၢ်ပိၢ်တၢ်တဲအပူၤ ပကဘၣ်ဟံးဂၢၢ်ဃာ် ပတၢ် တီတၢ်လိၤဒီး တဘၣ်မ့ၢ်ထဲတၢ်အိၣ်ဖျါဇိၤန့ၣ်ဘၣ်. မ့မ့ၢ်တခီကဘၣ်မ့ၢ်တၢ်လၢ ပကံာ်ပူၤလဲပူၤ, တၢ်အနီၢ်အသံး, အကံၣ်အလဲ န့ၣ်လီၤ.လၢန့ၣ်အမဲာ်ညါ လၢပတၢ်ဖံးသကိးမၤသကိးတၢ်အပူၤ ပမ့ၢ်ထံၣ်န့ၣ်ပှၤဂၤ အတၢ်ကမၣ်တၢ်လီၤတူာ်လီၤကာ် တမံၤမံၤဒီး ကြၢးလၢ ပကတိၤန့ၢ်ပၢၢ်လိာ်ပသးကစုဒု ကပုာ်လုာ် တဂၤဒီးတဂၤန့ၣ်လီၤ. ထဲန့ၣ်မး ကကဲဘျုးကဲဖှိၣ်လၢ ပှၤမၤကမၣ်တၢ်တဂၤအဂီၢ် လၢအကဘိုက့ၤအသးဒီးမၤက့ၤတၢ်မၤဆူညါ အိၣ်ပှဲၤဒီး တၢ်မဲာ်နံၤမဲာ်အ့ တၢ်သူၣ်ဖှံသးညီ သူၣ်မုာ်သးမုာ် အပူၤကကဲဝဲကိးဂၤဒဲးန့ၣ်လီၤ.လၢခံကတၢၢ်န့ၣ် ယကမၤလိာ်ပိာ်ထွဲက့ၤယဲဒ်အံၤလီၤ. သူၣ်ပ့ၤနိၣ်သးပ့ၤနိၣ်ကွံာ်လၢ်ပှၤသူၣ်က့သးပှၢ် ခိၣ်ဝါ, ပိျ်တကူး တဖၣ်နီတဂၤတဂ့ၤ. စံးလၢ "အသးပှၢ်လံ တဂိာ်တသိၣ်လၢၤဘၣ်. တချူးထိၣ် တၢ်ဆၢကတီၢ်လၢၤဘၣ်" န့ၣ်တဂ့ၤ. သ့ၣ်နိၣ်ထိၣ်က့ၤ တၢ်တဲဖိတယ့ၢ်လၢအစံးဝဲ "သူၣ်စၢ်သး ဘိၣ် အဂၤသၢဆံ, လၢအပူၤဖျဲးထိၣ်ကွံာ်လၢ လပိဝိၢ်ဝံးအပူၤ လၢသးပှၢ်ပိျ်တကူး ခိၣ်ဝါမဲပိာ် လၢအဖိဟ်ခူသူၣ်အီၤလၢ ကဘိခံဒးတဂၤ အတၢ်ဟ့ၣ်ကူၣ်အဃိ ပူၤဖျဲးထိၣ်ဝဲလၢတၢ်သံအပူၤ" န့ၣ်တက့ၢ်. သးပှၢ်လၢပျၢၤတဖၣ်မ့ၢ်ဂ့ၤ, လၢပှၤခရံာ်ဖိအလံာ်စီဆှံမ့ၢ်က့ၤ တဲဝဲလၢ "တၢ်တီတၢ်လိၤန့ၣ် ကပာ်ထီၣ်ထီပကလုာ်လီၤ." မ်ပကဖိၣ်တ့ၢ်ဃာ် တၢ်တီတၢ်လိၤကိးဂၤဒဲးလၢ်တက့ၢ်. ပတၢ်တီတၢ်လိၤ မ့ၢ်အိၣ်နီၢ်နီၢ် လၢပပူၤကိးဂၤဒဲးန့ၣ် ပကညီကလုာ်အံၤ ကထိၣ်ကထီဒီး ကဒိၣ်စိဒိၣ်ကမီၤဝဲန့ၣ်လီၤ.

ဖုစကီၤလ့
(ဒူပျာ်ယာ်)

## ထားလတ်ကနံ့ဝါတ် [၁၇]
## K.P.L.A နှင့် P. အချင်းချင်း ကွဲခြင်း

၁။နေထိုင်ရင်းနဲ့ နှစ်ကြာလာ၊
ကွဲပြခြင်းဟာ မဆုံးသေးပါ။
တထောင့်ကိုးရာခြောက်ခြောက်ထဲ၊
နောက်ထပ်တခါ ပြန်ပြီးကွဲ။

၂။ *K.P.L.A. - P.* အသင်းတွေ၊
သူတို့ချင်းချင်း မတည့်ပေ။
ဗိုလ်မြခေါင်းဆောင် ပြန်၍တက်၊
*P* လမ်းစဉ်က သူခွဲထွက်။

၃။ P အဖွဲ့ရဲ့ ဦးစီးတွေ၊
သူ့မြေထဲမှာ ပေးမနေ။
ပဲခူးရိုးမ ပြန်ပြောင်းရ၊
ဟိုမှာဦးစီး ခေါင်းဆောင်ကြ။

၄။ တထောင့်ကိုးရာ ခြောက်ရှစ်မှာ၊
P အဖွဲ့ထဲ လှုပ်ရှားလာ။
ခေါင်းဆောင်ချင်းမှု မညီကြ၊
P. အဖွဲ့ဟာ ထပ်ကွဲရ။

၅ ။ P. ဦးစီး ကော်ထူး– ဘဇန်၊
အတွေးမြင်ချင်း မတူပြန်။
ကော်ထူးလုပ်မှာ အတန်းစားရေး၊
မန်းဘဇန်က အမျိုးသားရေး။

၆။ ပါတီထဲက ဘဇန်ထွက်၊
ဗိုလ်မှူးမောင်မောင် လိုက်လို့ထွက်။
ဗိုလ်ဘသင်လည်း လိုက်ပါသွား၊
ဘိတ်ထားဝယ် ဥက္ကဋ္ဌသူဖြစ်သွား။

မှတ်ချက်။ ။ **K.P.L.A. = (*Karen People Liberation Army*)**ကရင်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်။
**P = K.N.U.P.** ကို အတိုကောက်ခေါ်ခြင်းဖြစ်သည်။***Karen National United Party.*** ကရင်အမျိုးသား ညီညွတ် ရေးပါတီ။

## ထားလတ်ကနံ့ဝါတ် [၁၈]
## K.N.U. လမ်းစဉ် ပြန်လည် ဖော်ထုတ်ခြင်း။

၁။ အရှေ့တိုင်းမှူးတွေ မကြာခင်၊
တွေ့ဆုံစည်းဝေးကာ တိုင်ပင်။
"လမ်းစဉ်" ပြန်လည်ဆွေးနွေးလို့၊
ထိုက်သင့် လမ်းစဉ်ချမှတ်ဘို့။

၂။ ဟိုတချိန်က မူအရှိ၊
ကရင်တွေနဲ့ ကိုက်ညီ၏။
ဒါဟာကေအဲန်ယူ လမ်းစဉ်၊
ကရင့်ဆန္ဒ အံကိုက်ပင်။

၃။ ဘယ်ဘက်ညာဘက် မတိမ်းယိမ်း၊
"မီဒီယမ်" မူနဲ့ ထိန်းသိမ်း။
ကေအဲန်ယူ အဖွဲ့စည်းကြီး၊
အဲ့ဒီမူကို သူဦးစီး။

၄။ ကေအဲန်ယူရဲ့ လမ်းစဉ်သည်၊
ကရင့် ဒီမိုကရေစီ။
ကရင်မျိုးတွက် တော်လှန်လို့၊
ဒို့ကရင်ဒို့ အုပ်ချုပ်ဘို့။

၅။ ဒို့ကရင်ရဲ့ တပ်မတော်၊
ကရင်တွေဘဲဦးစီးမနော်။
ဒို့လူထုတွေအေးချမ်းဘို့၊
ကျောက်တောင်အလား ကာကွယ်စို့။

၆။ အမျိုးသားတို့ သိစေချင်၊
ကေအဲန်ယူ မင်းတို့လမ်းစဉ်။
တခြားလမ်းစဉ် မင်းတို့မကိုက်၊
ကွဲထွက်လိမ့်မယ် လမ်းလွဲအလိုက်။

၇။ ရန်သူအခု လမ်းရှာနေ၊
ဒို့တွေကွဲအောင် လုပ်ဘို့ပေ။
ဒို့ကို ခွဲထုတ်မရဘို့၊
ဒို့ညီညွတ်စွာ ပြန်နေစို့။

၈။ ကရင်တွေဟာ ကွဲပြားစွာ၊
မြို့မှာ တောမှာ ပါတီမှာ။
အားလုံးပြန်လည် စုစည်းကာ၊
ကရင်ပြန်ကြီး စိုးဘို့ပ။

(မှတ်ချက်။ ။ မီဒီယမ်(မူ) **Medium** အစွန်းနှစ်ဘက် မရောက် သော အလယ် အလတ်လမ်းစဉ်)

## ထားလတ်ကနံ့ဝါတ် [၁၉]
## K.N.U ဦးစီးခေါင်းဆောင်သစ် K.N.L.C နှင့် K.N.LA. ပေါ်ပေါက်လာခြင်း။

၁။ ခု၊ ဒီမှာ အစီစဉ်ရှိ၊
ချိန်ခါအလျောက် ဖြစ်လာ၏။
လမ်းစဉ်မှန် ကရင်ယူဆ၊
*K.N.U.* လမ်းစဉ်သာပ။

၂။ *K.N.U.* လမ်းစဉ် ချသောအခါ၊
ခေါင်းဆောင်တွေပြန်ရွေးကောက်တာ။
ဦးစီး ဖြစ်ထိုက်သူများအား၊
အစည်းဝေးမှ ရွေးကောက်သွား။

၃။ အုပ်ချုပ်ရေးဘက်ကျတော့လည်း၊
နေရာပြန်ချပေးရမြဲ။
ခေါင်းဆောင်တွေ အများအပြား၊
ရွေးချယ်တင်မြှောက် ခန့်အပ်ထား။

၄။ လုပ်ငန်းတာဝန် ဆင့်တန်းမှာ၊
သက်ကြီးသက်ငယ် အစုံပါ။
ဦးစီးအဖြစ် တာဝန်ထမ်း၊
(၄)နှစ်တကြိမ် သူ့သက်တမ်း။

၅။ *K.N.U* ရဲ့ လမ်းစဉ်ဟာ၊
အုပ်ချုပ်ရေးမှာ ထူးခြားတာ။
*K.N.L.C.* အဖွဲ့လည်းရှိ၊
*N.U.* လမ်းစဉ် ကိုင်ထား၏။

၆။ *K.N.L.C.* ဆိုတာမှာ၊
ခရိုင် ကိုယ်စားလှယ်တွေပါ။

တစ်ခရိုင်ကို သုံးယောက်ပို့၊
ဗဟိုမှာ ထိုင်စည်းဝေးလို့။

၇။ လုပ်ငန်းပြေပြစ်ချောမောရန်၊
ဒီအဖွဲ့ရဲ့ အကြံဉာဏ်၊
နိုင်ငံ့ဥပဒေ စည်းကမ်းများ၊
သူတို့စီစဉ် ချမှတ်ထား။

၈။ *K.N.U.* ရဲ့လမ်းစဉ်အရ၊
ခရိုင်အခေါ်တွေ ပြောင်းလိုက်ကြ။
ယခင်တုံးက "နံပါတ်" ခေါ်၊
အခုကျ "အမည်" ပြန်ခေါ်။

၉။ တပ်မတော်တွေကို လည်းဘဲ၊
ခေါ်ဝေါ်မှုတွေ မတူကွဲ။
ဟိုစဉ်က ***K.P.L.A.***၊
ခုကျတော့ ***K.N.L.A***။

၁၀။ ***K.N.L.A.*** တပ်မတော်မှာ၊
ကြည်း၊ ရေ၊ လေ တို့ပါဝင်တာ။
***K.N.L.*** ကို "အနက်" ပေး၊
ကရင့်အမျိုးသားလွတ်မြောက်ရေး။

မှတ်ချက်။ ။**K.N.L.C.= (*Karen National Liberation Council*)** ကရင်အမျိုးသား လွတ်မြောက်ရေး ကောင်စီ။ **K.N.L.A. ( *Karen National Liberation Army*)** ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်။

## ထားထကျ်နံ့ပါတ်(၂၀)
## မန်းဘဇန် K.N.U. ထဲသို့ ပြန်ဝင်လာခြင်း။

၁။ ***K.N.U*** ခေါင်းဆောင်တွေဟာ၊
ငြိမ်ငြိမ် မနေကြရပါ။
***P***ကိုပြန်လည်သိမ်းသွင်းလို့
ပွဲကြီးပွဲကောင်း တိုက်ခိုက်ဘို့။

၂။ ထောင့်ကိုးရာ ခုနှစ်ဆယ့်နှစ်၊
မန်းဘဇန် ***P***ကိုစွန့်ပစ်။
အဖော်တချို့နဲ့ တူတကွ၊
***K.N.U***ထဲ ပြန်လာကြ။

၃။ မန်းဘဇန်က ဥက္ကဋ္ဌ၊
ဒ ခေါင်းဆောင်က ဗိုလ်ချုပ်မြ။
တတ်သိကျွမ်းကျင် ပုဂ္ဂိုလ်များ၊
**N.U**လမ်းစဉ် ဦးစီးသွား။

၄။ သံသယစိတ် မရှိကြနဲ့၊
အတူတကွ ရှေ့ဆက်ကွဲ့။
တချိန်လမ်းစဉ် ပျောက်သွားလည်း၊
ခု၊ ပြန် ရှင်သန် လာပြီဘဲ။

၅။ အားလုံးသွားကြ၊ အားလုံးတက်၊
အားလုံးလုပ်ကြ၊ အားလုံးတွက်။
ထိထိရောက်ရောက် လုပ်ကြရင်၊
ကြီးကျယ်အောင်ပွဲ ရမှာပင်။

၆။ ဒါကြောင့်မို့လေ ကရင်တွေ၊
ဘယ်ရောက်ရောက် ပြန်စုစည်းလေ။
လွတ်လပ်တိုင်းပြည် ရရှိရေး၊
လမ်းစဉ်အတိုင်း ဆောင်ရွက်ပေး။

## ထားထကျ်နံ့ပါတ်(၂၁)
## အခြားလူမျိုးများနှင့်မဟာမိတ်

၁။ ပြည်သူပြည်သား များထဲမှာ၊
တခြားလူမျိုး တွေလည်းပါ။
တော်လှန်ရေးထဲ စွန့်ဆင်းရဲ၊
အခွင့်ရေးများ ရဘို့ဘဲ။

၂။ ခွင့်ရေး ထူးထွေမဟုတ်ပါ၊
ထိုက်တန်သလို ရ–ရမှာ။
ပြည့်စုံခွင့်ရေး လိုချင်ရင်၊
ကရင့်အမည် ခံစေချင်။

၃။ ဒီပြည်ထဲမှာ အတူနေ၊
ဝင်ထွက်သွားလာ ရှိကြစေ။
ကူးသန်းမှု မထစ်ငေါ့ဘို့၊
ဆက်ဆံရေးမှာ ပြေပြစ်စို့။

၄။ ခိုက်ရန်ဖြစ်ပွားမှု ရှောင်ကြဉ်၊
တို့အားလုံးရဲ့ တာဝန်ပင်။
လူမျိုးကွဲမို့ မရင်းနှီးရင်၊
ရန်သူလမ်းရှာ လာမည်ပင်။

၅။ မဟာမိတ်တွေ ဒို့မှာရှိ။
ရပ်နီးရပ်ဝေး စုံပါဘိ။
မဟာမိတ်ဖြစ်တဲ့ ဒို့တတွေ၊
ခိုက်ရန်ဆန့်ကျင် မသင့်ပေ။

၆။ ညီညွတ်မှုကို ရှာယူကြ၊
မိတ်ဆွေတိုးပွား လာအောင်ပ။
မဟာမိတ်ကို မဆန့်ကျင်ရင်၊
ဒို့တွက်အင်အား ဖြစ်မည်ပင်။

၇။ မဟာမိတ်ပေါ် သဘောထား၊
မဟာမိတ်တပ် စုစည်းသွား။
ဒို့မဟာမိတ် တပ်တွေဟာ၊
ရန်သူကို ဝိုင်းတိုက်ရမှာ။

၈။ ဤကဲ့သို့ပင် ဖြစ်သော်ငြား၊
ကရင်တို့ရေ သတိထား။
မဟာမိတ်လည်း မယုံဘို့၊
နောက်ပြန်လှန်မှာ စိုးရိမ်လို့။

၉။ ကျွဲယဉ်ခတ်တာ ပိုနက်တယ်၊
မျက်စေ့အမြဲ ဖွင့်ထားကွယ်။
ထပ်လိမ်မခံ ရအောင်လို့
ကြည့်လုပ်ကြပါ ကရင်တို့။

## ထားထကျ်နံ့ဝါတ်(၂၂)
## လူထုဆင်းရဲ ဒုက္ခရောက်ရခြင်း။

၁။ တိုက်ပွဲဒီရေ မြင့်ချိန်မှာ၊
ဒို့အားလုံး ခံစားရတာ။
ဆင်းရဲဒုက္ခ အားလုံးပ၊
မွမ်းကျပ်လှစွာ ခံခဲ့ရ။

၂။ မင်းရဲ့ဒုက္ခ ပြန်ကြည့်စမ်း
ဗမာတပ်က လာညှဉ်းဖမ်း။
ကြက် ဝက် ဘဲ တွေ ပေးကျွေးရ၊
ဘာတန်ဘိုးမျှ မရကြ။

၃။ ချွေးတပ်အလုပ် ကြည့်ပြန်က၊
– မသွားဘဲလည်း နေမရ။

မသွားချင်လည်း ဖွတ်ဖမ်းခေါ်၊
သေအောင်ထမ်းပိုး ခိုင်းဘို့နော်။

၄။ ချေးတပ်သွား တရက်မလောက်၊
တလနဲ့တောင် ပြန်မရောက်။
ခြေလက်ကွဲအက် သွေးယိုထွက်၊
ပုခုံးသွေးလည်း ရင်ဘတ်ထက်။

၅။ ချေးတပ်ဆွဲရက် ပြည့်သောခါ၊
လူချိန်းပေးမှာ မျှော်လင့်ကာ၊
သူ့မိဘတွေ တောင်းလာက၊
ထောင်ချိပေးမှ ပြန်လွှတ်ကြ။

၆။ ထမ်းပိုးနေခိုက် လဲကျရင်၊
စစ်ဖိနပ်နဲ့ ကန်မြဲပင်။
မောလို့ထမ်းပိုး မနိုင်က၊
ဒီ့အတွက်ဆေးဟာ (၃၀၃)ပ။

၇။ အို.. ငါတို့ အမျိုးသားများ၊
မဟာ ဗမာက ဖိနှိပ်ထား။
မိန်းမများကို မတရား ...
ယောကျ်ားတွေဆို ပေါ်တာသွား။

၈။ ဒီဆင်းရဲကို မင်းပြန်ကြည့်၊
လွတ်မြောက်လမ်းစ ရှာပါဘိ။
တိုင်းပြည်၊ တပ်နဲ့ အုပ်ချုပ်ရေး၊
မင်းဆီရှိရင် လွတ်လပ်ကြေး။

၉။ ဒါကြောင့် တိုင်းပြည်ရအောင်လို့၊
မင်းလည်းပါဝင်ပြီး တိုက်ဘို့။
စိတ်၊အင်အားနဲ့ စီးပွားပေး၊
တိုင်းပြည် တကယ်ရမယ်လေး။

မှတ်ချက်။ ။ ဤလင်္ကာများမှာ ၁၉၇၆ ခုနှစ်က ရေးသားပြီးစီးခဲ့သော လင်္ကာများ ဖြစ်၍ ယခုနဝတစစ်တပ်၏ ပေါ်တာဖမ်းမှု နှိပ်စက် ညှဉ်းပမ်းမှုများမှာ အဆန်းမဟုတ်၊ မဆလ ခေတ်ကတည်း ကပင် လုပ်ဆောင်လာခဲ့ခြင်း ဖြစ်သည်ဟူသော သမိုင်းကြောင်းကို တွေ့ရှိရသည်။ မဆလ မှာ နဝတ နှင့် နှိုင်းစာပါက အတော်ကလေး သက် သာသေးသည်ဟု ဆိုရမည်ဖြစ်သည်။ နဝတတပ်၏ ပေါ်တာ ဖမ်းခြင်း ခံရသူ၌ ထွက်ပြေးခြင်းမှလွဲ၍ ပြန်လမ်း မရှိချေ။
(၃၀၃) = ရိုင်ဖယ် ကျည်ဆံတောင့်၏ နံပါတ်ဖြစ်သည်။

## ထားလင်္ကာနံပါတ် [၂၃]
## လူထုတာဝန်

၁။ ဒါကြောင့်မို့သာ တချိန်ခါ၊
လူထုတာဝန် ကျရောက်မှာ။
အုပ်ချုပ်ရေးမှာ မြဲခိုင်ဘို့၊
လူထုကြီး ဝိုင်းကူကြစို့။

၂။ မင်းရဲ့ အင်အားသာမက၊
ဥစ္စာခနေ ပေးကမ်းမှ။
ကရင်ပြည်ကို ရှုရေး၊
မင်းစိတ်နှလုံး အားလုံးပေး။

၃။ ကူညီဘို့ရာ လမ်းများစွာ၊
ကလေးတွေကို ကျောင်းပို့ပါ။
နှစ်ကြာလာရင် တတ်လိမ့်မယ်၊
ကောင်းကျိုးသယ်ပိုး နိုင်လိမ့်မယ်။

၄။ သားသမီးတို့ တတ်မြောက်မှု၊
အမျိုးသား အကျိုးရှေ့ရှု။
လွတ်လပ်ပြည့်ဝ ကော်သူးလေ၊
သူတို့မွေခံ ရမှာပေ။

၅။ "လူထု" ၊ "အုပ်ချုပ်" ၊ "တပ်" တွေကို၊
ကြိုးသုံးလွန်းတင် ကျစ်သလို။
ညီညီညွတ်ညွတ် လုပ်ကိုင်ကြ၊
လွတ်လပ်ပြည်တွက် ဝိုင်းဝန်းမှ။

၆။ တပ်မတော်ဟာ ရှေ့တန်းက၊
နောက်ကထိန်းမှာ အစိုးရ၊
လူထုအားပေး ကူညီကြ၊
ဒီလိုမှသာ အောင်မည်ပ။

၇။ ရှေးလူကြီးတွေ အဆိုရှိ၊
သားသမီးများ ညီကြဘိ၊
ခက်ခဲရာ စားမြိန်စာရှိ၊
တယောက်ကောင်းနဲ့ မရဘိ။

၈။ ဒို့ခေတ်ခက်ခဲ ကျော်ဘို့ရာ၊
ညီညွတ်မှသာ အောင်မြင်မှာ။
သက်ကြီးတွေစကား သတိရ၊
အားလုံးနားထောင်
လိုက်လျှောက်ကြ။

## ထားလင်္ကာနံပါတ် [၂၄]
## ညီညွတ်ခြင်းနှင့်ဖြောင့်မတ်ခြင်းတို့
## ဖွံ့ဖြိုးစွာအောင်ထားကြ။

၁။ တကယ်လုပ်ကြပါ ကရင်တို့၊
"ကော်ခိုိ" ကိုချည်း အားမကိုးဘို့။
ကော်ခိုိ့ အမိန့် နာခံပါ၊
ခံယူချက်မှာ ညီညွတ်စွာ။

၂။ အငယ်မှစ အကြီးထိ၊
တာဝန်ကျရာ တယောက်စီ၏
ကိုယ်စီတာဝန် သိကြပါ၊
တဦးကိုတဦး လေးစားပါ။

၃။ ဖြောင့်မတ်ခြင်းကို လက်ကိုင်စွဲ၊
ဟန်ပြသက်သက် မဖြစ်ဘို့ဘဲ။
လုပ်ကိုင် ပြောဆိုကြရာမှာ၊
ဖြောင့်မတ်စွာ ပြုကျင့်ကြပါ။

၄။ တဦးအပြစ် တဦးတွေ့ရင်၊
ငြင်သာဆွေးနွေး ကြစေချင်။
အားလုံးပျော်ပျော် လုပ်မယ်လေ၊
မျက်နှာမှာလည်း ပြုံးပန်းဝေ။

၅။ နောက်ဆုံးတခု ငါပြောချင်၊
သက်ကြားအိုကို သတိရအစဉ်။
ဖြောင့်မတ်ဘို့ရာ ကြိုးစားကြ၊
ဒါမှ ဒို့မျိုးမြင့်မယ်ပ။

မှတ်ချက်။ ။ ကရင်ဘာသာဖြင့် "ကော်ခိုိ" ဆိုသည်မှာ တိုင်းပြည်၏ ဦးစီး သမ္မတ (ဥက္ကဋ္ဌ)ကိုဆိုလိုခြင်း ဖြစ်သည်။

**လေ့လာသူတဦး**

# THE ANCIENT KARENS



Karens are recognized as a race having the following characteristics:
(1) specific history;
(2) specific language;
(3) specific culture and religious faith;
(4) specific inhabited areas; and
(5) specific economic system.

Historians have many different views regarding the origin of the Karen people. Viz:
(a) some say the Karen are a lost tribe of Israelites;
(b) some say they migrated from Babylon;
(c) some say, they were aborigines of Burma; and
(d) some said, they were descendents of the Mongoloids.

Although different views may exist, the world has only 3 main tribes of people from which we can easily trace the origin of the Karen people.

The three main types of humans are:
(a) Caucasiod or white race people;
(b) Mongoloid or yellow race people;
(c) Negroid or black race people.

**(a) The Caucasoid or white race people have:**
(1) an oval shape face with slightly pointed chin;
(2) a long protruding nose;
(3) thin and wavy hair;
(4) blue eyes; and
(5) most they have white skin. Some like the Dravidian, Tamil and Telegin living in northern India have lead colored skin.

**(b) The Mongoloid or yellow race people have:**
(1) a round face;
(2) high cheek bones;
(3) black eyes;
(4) a broad and spongy nose;
(5) black straight hair;
(6) muscline calves; and
(7) yellow skin

The Red Indians from the American continent, the Magyars from Hungary, and the Lapps from Lavia are Mongoloid.

**(c) Negroid or black race people have:**

(1) a flat nose;
(2) elongated, high cheeked bones;
(3) thick lips;
(4) thick and black curly hair; and
(5) polished black skin.

From these three main types of human beings, the Karens are Mongoloid or yellow race people. The Israelites and Babylonians (Arabs) are known to be white race Caucasoid.

According to anthropologists, the mongoloid people, who migrated into Burma, could be divided in three main tribes:

(1) Tibeto-Burman.;
(2) Thai-Chinese; and
(3) Mon-Khmer.

These three main tribes are quite different in culture, religiou and physical features:

(1) the Tibeto-Burman tribes include Burmese, Arakanese, Chin, Naga and Kachin;
(2) the Chinese-Thai tribes include Chinese, Shan, Karen, Pa-o, and Li-shaw; and
(3) the Mon-Khmer tribes include Mon, Palaung, Wa, La-hu, and Al Kah(E-kaw);

## THE ORIGINS OF THE ANCIENT KARENS AND THEIR MIGRATIONS

From their ancestors, the Karens understand that they orginated in the land of flowing sand, known as "Htee Hset Mei Ywa". It was believed that this "Htee Hset Mei Ywa" was located at the top of the "Yang tse Kiang" river, a place within the "Gobi" desert inside Mongolia.

According to research by Thra Lun Shwe, the Chinese word "Yang" means "Karen". In Siamese history, it was written that the Karen people had migrated into Northern Siam before the 6th century A.D., after passing through the region between the Salween and Mekong rivers, and established the "Kiang Empire". To Dr. Mason, a researcher, the place of flowing sands, where the Karen people used to stay, was a mystery. A Buddhist pilgrim, "Fartian", wrote about his pilgrimage in the century A.D. In his book, he mentioned that he had seen "Htee Hset Mei Ywa" (the land of flowing sands) on his way to India, while passing through "Gobi" desert. The migration of the Karens and Thais at "Labon" and "Chiang Mai" in Thailand was about the same time. According to the Karen ancestors, the Karen first chose to settle around Chiang Mai, but when they arrived saw that Thai people had already settled.

In Dr. Dodd's the book, "The Thai Race", he emphasised that the Karen empire was supposed to have existed since 543 A.D. According to Bishop Ussher, it was a coincidence that this had happened just after the Jews were liberated from Babylon.

After the Karen country was ruined, the Karens were scattered all around South East Asia, called "Indo-China". Some of them migrated into Burma.

According to Sgaw Karen ancestors, the families of "Pu Taw Mei Pah" and "Pu Ta Keh" finally crossed the river and settled at the other bank. This river it was supposed to be "Salween". This time was not yet the Iron Age. Karen poems about "Pu Taw Meh Pah" say the weapons he used to conquer wild pigs were not made of iron. The weapons he used were of bronze. So, the time Pu Taw Mei Pah settled in Burma was the Bronze Age.

Some historians said that the first people to migrate into Burma were "Pyu", "Kanyan" and 'Thet". These people possessed high culture and systematically established towns and villages, The "Pyu" stone inscriptions, which had been dug out, revealed these facts. Historians cannot exactly say to which race this "Phu" people belonged. According to Karen ancestors, the Karen people had once settled around Prome. From this, we could probably say that the "Pyu" state that existed could possibly be Karen country. The "Pyu" could be the "Pwo" Karen and the "Kanyan" could be "Sgaw" Karen.

Saw Aung Hla, a Karen historian, says the migration of the Karen people from place to place was as follows:

(1) In B.C. 2017, the Karens were living in Mongolia. They were nomadic tribes, Due to oppression by other peoples, their settlement was unstable;
(2) In B.C. 2013, they migrated into Turkistan. They settled there for about a hundred years;
(3) In B.C. 1864, they left Turkistan and migrated into Tibet. They settled there for 476 years;
(4) In B.C. 1385, they migrated into Yunnan (China) and settled there for 275 years;
(5) In B.C. 1125, they left Yunnan and headed towards the Indo-China peninsula; and
(6) In B.C. 739, they entered and settled in the now so called Burma. Historical evidence showed that the Karens arrived into Burma, 222 years earlier than the Burmese.

After entering Burma, some Karens moved along the Irrawaddy River. Some went along the Salween River and some along the Mekong River into Indo-China. They were scattered in Southern Burma from the Irrawaddy delta to the Tanessarim division and settled there.

### Karen tribes

Oppression by other nationalities scattered the Karen people. Due to the lapse of time and different geographical conditions, they were later divided into small tribes.

(a) In the 6th of May 1936 edition of Burma's government gazette, it was announced that the Karen people consisted of 11 tribes. They are (1) Sgaw, (2) Pwo; (3) Taung Thu; (4) Paku; (5) Maw Nay Bwah; (6) Bwe; (7) White Karen, (8) Padaung, (9) East Bwe; (10) Geh Kho; and (11) Geh Bah.

In 1964, on the 17th anniversary of the Union Day's message, the Ne Win military government stated that there were 12 tribes of Karens. They were: (1) Geh Kho, (2) Geh Bah, (3) White Karen, (4) Sgaw, (5) Pwo, (6) Bre, (7) Paku, (8) P'lichee, (9) Yin

Saw; (10) Yin Net; (11) Karenni; and (12) Yin tale.

In 1965, on the 18th anniversary of Union Day, the Karen state leaders announced that there were 11 tribes of Karens. They were: (1) Sgaw; (2) Pwo; (3) Paku; (4) Bwe; (5) Maw Nay Bwah; (6) Bre; (7) Geh Kho; (8) Geh Bah; (9) P'li chee; (10) Moe Bwah; and (11) White Karen.

In Saw Aung Hla's history book, a legend was written about the family of Karens. It stated that the Karens were descendents of a family whose father's name was Saw Sgaw and mother's name was Naw Pa-o. The family had four sons and three daughters.

Unfortunately, this family was broken and the four sons followed their father. The three daughters followed their mother. The descendents from the four sons were later called "Pah Hti" (Father's side) and the descendents from the three daughters were later called "Moe Hti" (Mother's side). There were four tribes and three on the "Moe Hti" side.

The four tribes of "Pah Hti" Karens were: (1) Saw Paku, (2) Saw Maw Nay Bwah, (3) Saw Way Waw and (4) Saw Cheh. The three tribes of "Moe Hti" Karens were: (1) Naw Baw K'law, (2) Naw P'det and, (3) Naw Pa-ah respectively.

The Black and 'Zebra' Karens had been living in the North-Eastern Shan state for so long that many of them had belong to the Shans. Some still think of themselves as Karens. They called themselves "Yang" which mean "Karen", but their language and their traditions are vastly different from Karens now. Anthropologists unanimously agree that they were the descendents of Karens.

**THE SHIFTING PATHS**

While shifting from place to place, The Karen people migrate south along the three big rivers.

**(1) The Path along the Mekong river.**

The Mekong river has its source in Yunnan Province, China, flowing south through Laos, Thailand, Cambodia and Vietnam. The Karen people who travelled this path migrated into Laos, Thailand, Cambodia and Vietnam.

**(2) The Salween river Path.**

The Karen people who came along the Salween were the Black and Zebra Karens and the Pa-o. Some settled in Shan state while the rest continued their southward journey and were settled in Kayah state, the Toungoo, Shwegyin, Kyaukkyi, Papun and Tanessarim Divisions. The latter consisted of Moulmein, Tavoy and Mergui.

**(3) Irrawaddy river path.**

Some Karen people moved south along the Shweli river, a tributary of the Irrawaddy, finally setting at Prome, where they established villages and towns. From Prome, they travelled on southwards down to Irrawaddy delta and settled down at places called Henzada, Ma-U-Bin, Bassein, Myaung Mya, Pya Pon and Rangoon.

Historians say that the Karens came south in two groups. The first migration began in 1125 B.C. and the second in 739 B.C. The first group known to have settled down in Northern Burma. The second group came further south and settled in lower Burma.

The Karens who settled in the Northern Shan state lived there peacefully for only two hundred years. In 500 BC, the Mons came in and a racial conflict broke. The Burmese came in BC 300, The conquering the Karens and the Mons. Due to these racial conflicts, the Karens left their settlement moving

(၅) တောင်ယာ ခုတ်ခြင်း နှဲ-
ကောက် ရိတ်ရာတွင် တက်ကြွပျော်ရွှင်

Karens had once settled became the country presently called Burma.

**The inhabited areas of the Karen People**

**(1) Delta Karens:**

1. Bassein
   Pwo and Sgaw
   Pwo majority
2. Myaung Mya
   Pwo and Sgaw
   Pwo majority
3. Ma-U-Bin
   Pwo and Sgaw
   Pwo majority
4. Hanthawaddy
   Pwo and Sgaw
   Pwo majority
5. Henzada
   Pwo and Sgaw
   Sgaw majority
6. Pegu Division
   Pwo and Sgaw
   Sgaw majority
7. Pya Pon
   Pwo and Sgaw
   Sgaw majority
8. Tharawaddy, Pegu and Nyaung Lebin
   Pwo and Sgaw
   Sgaw majority
9. Toungoo
   Paku, Bwe, Geh ko
   Geh Bah, Maw Nay Bwah
   and Sgaw.

**(2) Estern Region Karens in Eastern region.**

1. Thaton
   Sgaw, Pwo
   Equal in number
2. Moulmein
   Sgaw, Pwo
   Pwo majority
3. Pa-an
   Sgaw, Pwo, Pa-O
   Pwo majority
4. Kawkeriek
   Sgaw, Pwo, Pa-O
   Pwo majority
5. Pa Pun
   Sgaw, Pwo, Pa-O
   Sgaw majority
6. Toungoo
   Thandaung
   Shwe Gyin
   Kyauk Kyi
   Bawgali, Laiktho
   Maw Chi
   Paku, Bwe,
   Geh Ko, Geh Bah
   Maw Nay Bwah
   Pa-O Sgaw
7. Tavoy
   Pwo, Sgaw

Sgaw majority

8. Mergui
   Pwo, Sgaw
   Sgaw majority

**(3) Nouth Eastern Karen .**

1. Pyinmana
   White Karens
2. Northern Shan State
   Black Karens, Zebra Karens, Pa-O
3. Karenni
   Padaung (Kayan),
   Bwe Mu Htaw,
   Paku, Manu, Ma Naw
4. Siam
   Pwo, Sgaw, Bwe
   (Sgaw majority)

**The Karen Population**

According to the 1911 census the was one million. The 1931 census the Karen population showed that the Karen population had increased to 1,367,673.

The 1947-45 population census taken during Japanese occupation of Burma, showed that the Karen population was more than four million, but some Buddhist Karens and some sect Karens in the hilly border areas were not included. It is now estimated that the Karen population could not be less than seven million. Among the nationalities living in Burma, Karen is the second largest race.

The BSPP military regime of Burma from 1962-88 announced that the population of Karens in the so called "Karen State" was merely 527,986. Among these, 344,278 were Karens. The rest were Mons, Burmese, Pa-O and Shans.

During the Second World War, the number of Karens living in Thailand was estimated by some historians sand to be Christan missionies more than 50, 000. Thai Karens are now living in the Chiang Mai district and western border area of Thailand, along the Salween and Moie Rivers, down to Tavoy and Mergui. The majority of Karens living in Thailand are Sgaw. Pows are the majority in the Mergui and Tavoy areas.

The population census' taken by the consecutive governments of Burma did not produce correct population figures for the Karen people, because:

(1) the census' were not based on hereditary descendantcy, only on the language spoken;
(2) many of the Karen Buddhists were included in the Burmese figures (70 percent of the Karens are Buddhists):
(3) the staff compiling the census were mostly Burmese;
(4) many Karens living in hilly regions could not understand the importance of the census and avoided seeing the compiling staff; and
(5) many headmen of villages did not take the census seriously and many population lists were lost.

The Karens are slowly diminishing because:

(1) they have suffered frequent attacks and annihilation;
(2) they have suffered racial and linguistic oppression; and
(3) they have suffered ethnic cleansing through systematic blood mixing.

Karens have an inferiority complex because:

(1) they suffered frequent attacks and looting;
(2) of chauvinistic oppression through language and literature.
(3) their dwellings were scattered; and
(4) they had a high impression of the Burmese and felt inferior by being Karen.

**Karen Nature**

Karens are:
(1) peace loving;
(2) sincere;
(3) shy and timid; and
(4) have no pride. They like to stay in an environment free from conflict and contradiction or feeling awkward. They like to stay in isolation, hate obsequiesiness and reticence.

**Karen Conduct**

Karen have the following good points:

(1) they love righteousness;
(2) they like cleanliness;
(3) they like a team spirit, mutually helping each other and no sexism or social discrimination; and
(4) they are frank, direct, faithful to their spouse, family, friends and religion and loyal to leaders.

(to be continued )

**I.K.H.R.A.**

**WE INVITE CRITICISM AND DISCUSSION CONCERNING THE HISTORY OF THE KARENS.**

exactly say to which race this
" people belonged. According
Karen ancestors, the Karen
Sgaw
Paku
(7) V

We invite all enthusiasts from all strata's of people to contribute any article or any other documentary writing concerning the episodes happening during the long years of national liberation struggle, including valuable documents and photos, especially about the "struggle for peace" and the "Civil War." Your contribution will be very much appreciable.

**I.K.H.R.A.**

# "ကွယ်" နှင့် ကရင်

ဒ မောမော

ကရင့်ရိုးရာအမွေ အနှစ်များထဲ တွင် "ကွယ်" သည်လည်း တခုအပါအဝင် ဖြစ်သည်။ "ကွယ်" ဟူသည်မှာ ကရင် ဘာသာဖြစ်ပြီး မြန်မာဘာသာဖြင့် တံပိုးဟု ခေါ်နိုင်သည်။ ကျနော်တို့ အနေဖြင့် ကရင် လူမျိုးများသည် မည်သည့် အချိန်က စတင်၍ ကွယ်ကို တီထွင် အသုံးပြုခဲ့ ကြောင်း တိကျရေရာသော သမိုင်း အထောက်ထားများ ရရှိရန် လေ့လာ ကြရဦးမည်ဖြစ်ပါသည်။ လူ သု တေသီများရာတွင် ကွယ် အား အသုံးပြုခဲ့ ခြင်းကို ထောက်ရှု၍ ယခုလက်ရှိ ကရင် သက္ကရာဇ်မှာ (၂၇၃၅)ဖြစ်ရာ လွန်ခဲ့ သော နှစ်ပေါင်း (၃၀၀၀)နီးပါး ထီး ဆယ် ခဲ့ယွာ ဒက္ကာရီ သမိုင်းကြောင်း ကျိုင်မီကပင် ပေါ်ထွန်းခဲ့ပြီး ဖြစ်သည် ဟု၍ အကြမ်းဖျင်းသဘောမျှသာ ယူဆ နိုင်ပေသည်။ လေ့လာသူများ အနေဖြင့် အပြင်းသွားနိုင်ဘွယ် အချက်ဖြစ်၍ ခိုင် လုံတိကျသည့် သက်သေ သာဓကများ ဖြင့် တင်ပြဘို့ရန် ကရင်ယဉ်ကျေးမှုကို စောင့်ရှောက် ထိန်းသိမ်း နေသူများ၌ အထူးပင် တာဝန်ရှိသည်။ ယခုလော လောဆယ်၌ "ကွယ်" အား ကရင် လူ မျိုးတို့ အသုံးပြုပုံကိုသာ အလေးထား ၍ တင်ပြသွားမည်ဖြစ်ပါသည်။

ကွယ် မှုတ်သံမှာ သာယာ နာ ပျော်ဘွယ်ဖြစ်သည်။ အသံတိမ်ခြင်း၊ ကျယ်လောင်စူးရှခြင်း၊ အသံကြမ်းတမ်း ခြင်းများ မရှိသည့် အသံဝါဝါ၊ အသံချို အေးကလေးဖြစ်သည်။ ရံဖန်ရံခါ ကွယ် ကို ကျယ်ကျယ်လောင်လောင်ဖြစ်အောင် မှုတ်သည့်အခါမှာပင် စူးရှကြမ်းတမ်း လွန်းခြင်း မရှိတတ်ချေ။ ကွယ်သည် ကရင့်ရိုးရာ တူရိယာသက်သက် မ ဟုတ်။ ကွယ်ကို ကရင်လူမျိုးတို့သည် အောက် ပါအချိန်အခါ များတွင်လည်း အသုံးပြု လေ့ရှိကြသည်။

(၁) ဘုရားရှိခိုး၊ ပူဇော် ပသသည့် အခါ စုစည်းခြင်း။

(၂) လူထုကို စုစည်းခြင်း။

(၃) စစ်ချီတော့မည့် အခါတွင် အားမာန်တက်ကြွစေခြင်း။

(၄) လက်ထပ်မင်္ဂလာဆောင်သည့်



အခါဝမ်းမြောက် ပျော်ရွှင်စေခြင်း။

(၅) တောင်ယာ ခုတ်ခြင်း နှင့် ကောက် ရိတ်ရာတွင် တက်ကြွပျော်ရွှင် စေခြင်း။

(၆) ဒုက္ခဆင်းရဲ ရောက်သောအခါ အကူအညီ တောင်းခံသည့် အနေဖြင့် အချက်ပေးခြင်း။

(၇) တဦးနှင့်တဦး စကားပြောဆို ဆက်သွယ်သောအခါ၌ အထောက်အကူ ဖြစ်စေခြင်း။

(၈) နေ့ကြီးရက်မြတ် အခါများတွင် အေးချမ်းနှစ်သိမ့်စေခြင်း စသည်ဖြင့် အမျိုးမျိုး အထွေထွေ အသုံးပြုလေ့ ရှိ ကြောင်း တွေ့ရှိရလေသည်။

## (၁) ဘုရားရှိခိုး၊ ပူဇော်ပသသည့် အခါ စုစည်းခြင်း ။

ရှေးအထက်ကျော်ကာရီက က ရင့် ဘိုးဘွားများမှာ မောင်း၊ ခေါင်း လောင်း စသည်တို့ကို အသုံးပြုလေ့မရှိ ကြသေးချေ။ ဘုရားရှိခိုး ပူဇော်ပသ ရန်နှင့် ဘုန်းကြီးများ ပင့်ဆောင်ရာ တွင် "ကွယ်" ကိုအသုံးပြုသည်။ အချင်း ချင်း နားလည်ထားကြသည့် သင်္ကေတ ဖြင့် ကွယ်ကိုမှုတ်လိုက်သည်နှင့် တပြိုင် နက် ဘာသာတရားအပေါ် ယုံကြည်၊ ကြည်ညိုမှု ရှိသည့်အတိုင်း ရွာသူ ရွာသားများ ရောက်ရှိ စုစည်းလာပြီး အားလုံး ညီညာစွာဖြင့် ဝတ်ပြု ပူဇော် ရန် သွားကြပါသည်။ ယခုခေတ်တွင် လည်း ထိုသို့သော အလေ့အထမျိုးမှာ အချို့ဒေသ များ၌ ရှိနေပေသေးသည်။ ဗုဒ္ဓဘာသာ များသာမက အချို့သော ခရစ်ယာန်ဘာ သာဝင် ကရင်လူမျိုး များ၏ ဝတ်ပြုစည်း ဝေးပွဲများတွင် လည်း "ကွယ်"ကို အသုံး ပြုနေကြပါ သည်။ တခါက ဘုရားကျောင်း တ ကျောင်း ရေစက်ချပွဲ အခမ်းအနား တခု တွင် အသင်းလူကြီး (၁၀)ဦးက ခေါင်း လောင်းကို တဦး (၂) ချက်စီဖြင့် စတင် တီးခတ်လိုက်ရာ ဧည့်ပရိသတ်များ တဖွဲ့ ပြီးတဖွဲ့ ဘုရားကျောင်းရှေ့မှာ လာ ရောက် စုဝေးကြသည်။ သတ်မှတ်ထား သည့် အချိန်စေ့၍ အသင်းလူကြီး တဦးက ကွယ် မှုတ်လိုက်သည်နှင့် လူထု ပရိသတ် ကြီးမှာ ဘုရားကျောင်း ထဲသို့ ဝင်ရောက်

နေရာယူကြသည်ကို ကြုံတွေ့ ခဲ့ရဘူးပါသည်။

## (၂) လူထုကိုစုစည်းခြင်း။

ကျေးရွာထဲ၌ အကြောင်းကိစ္စ တခုခုဖြစ်ပေါ်လာသည့်အခါ ကျေးရွာလူကြီးက ကွယ် ကိုမှုတ်ပြီး ကျေးရွာလူထုကို စုစည်းခေါ်ယူပါသည်။ ရွာသူ ရွာသားများရောက်ရှိလာသည့်အခါတွင် အစည်းအဝေး ပြုလုပ်လျက် ပေါ်ပေါက်လာသည့် အဆိုး၊ အကောင်း ပြဿနာကိစ္စရပ်များအပေါ်၊ တ ယောက်နှင့် တယောက် အကြံပေးခြင်း ဝေဖန်ပြောဆိုခြင်း၊ ညှိနှိုင်း တိုင်ပင်ခြင်းတို့ကို ပြုကြပါသည်။

## (၃) စစ်တိုက်သည့်အခါ။

ကရင်များသည် ရှေးယခင်က စ၍ ယခုချိန်ထိတိုင် စစ်ချီ၊စစ်တက် အချိန်များ၌ ကွယ်ကို မှုတ်ကာ တယောက်နှင့်တယောက်၊ တဖွဲ့နှင့်တဖွဲ့၊ တရွာနှင့်တရွာ၊ ဆက်သွယ်သတင်းပေး သတင်းယူလေ့ရှိကြောင်း တွေ့ရပါသည်။ စစ်ကြောင်းသွားလာရာတွင်လည်း ရွာအဝင်မှာ တကြိမ်နှင့် ရွာအထွက်မှာတကြိမ် အထွက် အဝင် အချက်ပေးမှုတ်ပြီး စစ်ကြောင်းသွားလာနေရင်းနှင့် နားမည်ဆိုပါကလည်း အချက်ပေး မှုတ်လေ့ရှိသည်။ ရဲဘော်တဦးနှင့် ကျနော် တွေ့ဆုံခဲ့ဘူးသည်။ ထိုရဲဘော်မှာ ကွယ် မှုတ်သံ ကြားလျှင် ကြက်သီးထပြီး ကြောက်တတ်သည်ဟု ဆိုသည်။ "ဘာကြောင့် ကြောက်သလဲ" ဟု မေးသောအခါ သူက "ဒီခြေထောက် ပြတ်သွားရတာဟာ ဒီကွယ်သံကြောင့်ဘဲ" ဟုဆိုသည်။ "ဒီကွယ်သံက ခင်ဗျားခြေထောက်နဲ့ ဘာဆိုင်လို့လဲ" ဟု သူ့ကိုပြောတော့၊ ရန်သူ(မဆလ) တပ်တက်လာသည့် အခါတွင် သူတို့ကလည်း ရန်သူကို ခုခံရန် အတွက်စောင့်နေခဲ့ကြသည်။ ခဏအကြာတွင် ဟိုတောင်ကလည်း ကွယ် သံကြားရ၊ ဒီတောင်ကလည်း ကွယ် သံကြားရဖြစ်ပြီး ကွယ်သံများ ရောထွေးနေစဉ်မှာပင် ရန်သူ နှင့်တိုက်ပွဲဖြစ်တော့၏။ တိုက်ပွဲဖြစ်၍ ခဏအကြာတွင်အခြားနေရာတခုသို့ ပြောင်းရန်အတွက် သူ့နေရာမှ ရွှေ့လိုက်သည်နှင့် သတိမေ့ သွားခဲ့လေသည်။ သတိရသည့် အချိန်တွင်မှ သူ့ခြေထောက် မှာပြတ်သွားခဲ့ပြီး ဖြစ်သည်။ ကွယ်သံများအကြား ခြေထောက်ပြတ်သွားခဲ့ရခြင်း ဖြစ်၍ ကွယ်သံကို ကြားတိုင်း သူကြက်သီးထတတ်သည်ဟု ဆိုသည်။

**"တလိုပါ" ဆိုသည်မှာ**

## (၄) လက်ထပ်မင်္ဂလာ ဆောင်သည့် အခါ အသုံးပြုခြင်း။

ကျနော် တောင်ပေါ်ဒေသ ကျေးရွာ တရွာသို့ ရောက်ခဲ့စဉ်က မင်္ဂလာဆောင်ပွဲတခုနှင့် ကြုံခဲ့ရပါသည်။ ကျနော်ရောက်ခဲ့သည့် ကျေးရွာမှာ မင်္ဂလာဆောင်မည့် သတို့သား၏ရွာပင်ဖြစ်သည်။ သတို့သား၏ရွာနှင့် သတို့သမီး၏ရွာမှာ ခန့်မှန်းခြေအားဖြင့် (၃)မိုင်လောက်ဝေးပါသည်။ မင်္ဂလာဆောင်မည့် ရက်မတိုင်ခင် ညနေအချိန်တွင် သတို့သားနှင့် သတို့သမီးရှင်များက အပေါင်းအသင်းဆွေမျိုးများကို (ကျနော်တို့အခေါ်အရ "ညပွဲ" ဖြင့်) ဧည့်ခံပါသည်။ ရပ်ဝေးရပ်နီး မိတ်ဆွေများနှင့် ရွာသူရွာသားများမှာ တညလုံးလိုလို ချက်ပြုတ်ကျွေးသူက ကျွေး၊ အရက် သောက်လိုက် ထားလင်္ကာ ရွတ်ဆိုလိုက်လုပ်သူက လုပ်၊ ထားလင်္ကာ မရွတ်ဆိုတတ်သည့် ကျနော့်လိုလူတွေကတော့ အရက်ကို ခွက်လေးတခုနှင့် တယောက်တလှည့်စီ ခွက်လှည့်သောက်ကာ ရင်းနှီးစွာ စကားစမြည်ပြောဆိုကြရင်းဖြင့် ထိုညအဖို့တော့ နိဗ္ဗာန်ဘုံလေး တခုသဖွယ် ကျနော့်ပတ်ဝန်းကျင်တခုလုံးပင် ပျော်တပြုံးပြုံး ရှိနေပါသည်။

နံနက် (၃)နာရီခန့်တွင် "တလိုပါ" ဆိုသည့်လူ ကြီးက ကွယ်ကိုစတင် မှုတ်လိုက်ပါ သည်။ ("တလိုပါ"ဆိုသည်မှာ ကရင် အောင်သွယ်တော်ကို ခေါ်ခြင်းဖြစ်သည်။ မင်္ဂလာပွဲကို ဦးစီးဦးဆောင်ပြုပေးသည့် အောင်သွယ်တော်ပင် ဖြစ်လေသည်။) ကွယ်သံကို ကြားသည်နှင့် တပြိုင်နက် ထား လင်္ကာ ရွတ်ဆိုသံများ၊ ဝိုင်းဖွဲ့စကားပြောဆိုသံများ ရပ်သွားကြပါသည်။ ကျနော်တို့ဝိုင်းလည်း ရပ်လိုက်ရပါသည်။

"ဘာဖြစ်လို့ မှုတ်တာလဲ" ဟု ကျနော်မေးကြည့်သည်။ "သတို့သမီးရွာကို သွားရမဲ့ ခရီးကနည်းနည်းဝေးတော့ လူစုဖို့ အချက်ပေးတာပါ" ဟု တဦးက ပြောပြသည်။ ခဏအကြာတွင် မင်္ဂလာဆောင်ပွဲသို့ သွားကြမည့်သူများ သတို့သားအိမ်သို့ စုရုံးရောက်ရှိလာကြသည်။ လူတွေ စုံလောက်ပြီဟု ယူဆရသည့် အခါတွင် "ကွယ်"ကို ဒုတိယအကြိမ် ထပ်မှုတ်လိုက်ပြန်သည်။ ဒုတိယ "ကွယ်" သံကို ကြားလိုက်သည်နှင့် တပြိုင်နက် စုရုံးရောက်ရှိ လာသည့် လူအုပ်ကြီးမှာ မင်္ဂလာဆောင်နှင့် ပတ်သက်သည့် "ထားလင်္ကာ" များကို ပြိုင်တူရွတ်ဆိုကာ ခရီးစတင်ထွက်ခွာ ကြသည်။ ထားလင်္ကာရွတ်လျက် လမ်း လျှောက်ကြ ရင်းဖြင့် တောင်ထိပ်တခုသို့အရောက်တွင် "ကွယ်"ကို တတိယ အကြိမ်ထပ်မှုတ်ပြန်သည်။ ထို့နောက်တွင် စုရုံးချီတက် လာကြသည့် လူကြီး၊ လူငယ်၊ ကလေးအားလုံးမှာ သစ်ကိုင်းခြောက်၊ ဝါးကိုင်းခြောက်များကို ကောက်ပြီး ဝိုင်းဖွဲ့စုပုံထားလိုက်ကာ၊ သစ်သပ်သပ် ဝါးသပ်သပ် ခွဲခြားထားသော ထိုအပုံများမှ သစ်ကိုင်းဝါးကိုင်းများများကို ကောက်ယူပြီး ချိုးလျက်၊ တဖန် ပြန်ထည့်ထားကြသည်။ (နှစ်ကြိမ်ချိုးကြသည်ဟု ထင်ပါသည်။ ထိုအချိန်တွင် ကျနော်လည်း ခွက်လှည့်သောက်သည့်အရှိန်ကြောင့် ကောင်းမွန်စွာ သတိမထားမိသဖြင့် မည်ကဲ့သို့ ဆက်လုပ်ခဲ့ကြကြောင်း တိကျစွာ ပြန်မပြောနိုင်ပါ။ လေ့လာမေးမြန်းကြည့်ရာတွင်လည်း ထိုအလေ့အထကို မည်သည့်

အတွက် လုပ်ကြောင်း မည်ကဲ့သို့ လုပ်ကြောင်း ပြောဆို ရှင်းလင်းနိုင်သူမတွေ့ရသေးပါ။ ကျေးလက်မှ ကရင့် လူမှုဘဝ အလေ့အထများကို ဆက်လက် လေ့လာရဦးမည်ဖြစ်ပါသည်။) သစ်ကိုင်းဝါးကိုင်းများ စုပုံ ချိုးကြသည့် အချိန်က အပေါ်ယံသဘောမျှသာ ကျနော်မေးကြည့်ခဲ့ပါသည်။ ကျနော် မေးကြည့်သောအခါ၊ သစ်ကိုင်းချိုးသည့် အဓိပ္ပါယ်မှာ လာသည့် လူတွေထဲ၌ လူကြီး၊ လူငယ်၊ ခလေး၊ ကျား / မ စသည်ဖြင့် ဘယ်နှစ်ယောက်စီရှိသလဲ ဆိုတာကို လူဦးရေမှတ်ခြင်း ဖြစ်သည်ဟု ဆိုသည်။(လူဦးရေမှတ်ခြင်းမှာ ကလေးသပ်သပ်၊ လူငယ်သပ်သပ်၊ လူကြီးသပ်သပ်စုရပ်ကြလျက်၊ နံပါတ်စဉ် အောက်က ရေတွက်လျှင် ပြီးနိုင်သည့် ကိစ္စ ဖြစ်ပါသည်။)

ခရီးတဝက်ကျော်ခဲ့ပြီး သတို့သမီး၏ ရွာနှင့်နီးလာသည့် အချိန်တွင် လူတွေအားလုံး ရပ်လိုက်ကြကာ ကွယ်ကို တခါမှုတ်ပြန်သည်။ ထို့နောက် အခြေအနေကို စောင့်ကြည့် အကဲခတ် လိုက်ပြီး ဘာသံမှ မကြားရသည့် အခါတွင် ခရီးဆက်ကြပြန်သည်။ သတို့သမီး၏ ရွာကို လှမ်းမြင်ရသည့်အခါ၌ အားလုံးရပ် လိုက်ကြပြီး ကွယ်ကို ထပ်မှုတ်ကြပြန်သည်။ ဤအကြိမ်တွင်တော့ သတို့သမီး၏ရွာမှ ကွယ်သံကိုကြားရတော့သည်။ သတို့သမီးရွာဘက်မှ ကွယ် အမှုတ် ရပ်လိုက်သည်နှင့် ကျနော်တို့ဘက်မှ တလိုပါ (အောင်သွယ်တော်)က မှုတ်လိုက်ပြန်သည်။ သည်ကမှုတ်လိုက် ဟိုဘက်က မှုတ်လိုက်နှင့် ဖြစ်လာသည်။ သတို့သား ဘက်မှ တလိုပါနှင့်တကွ ကွယ် ပါလာသောသူတွေ အားလုံးပင် ၎င်းတို့ ပါလာသော ကွယ် ကို ထုတ်ပြီး မှုတ်ကြ၊ ကွယ် မပါသည့် လူများကလည်း ထားလက်ံကို မှုတ်ဆိုကြ ဖြစ်လာသည်။ ဤတွင် ဟိုအဖွဲ့က မှုတ်လိုက် ဒီအဖွဲ့က မှုတ်လိုက်၊ မှုတ်သူကမှုတ်၊ ဆိုသူကဆိုဖြင့် သောသော ညံညံ အသံများ ထွက်ပေါ်လာပြီး ရှုပ်ကုန် ပါတော့ သည်။ ရှုပ်ပင်ရှုပ်သော်ငြားလည်း အတော် ပျော်ရွှင်စရာကောင်းပြီး နားဝင်ချိုလှပါသည်။

ထိုအဖြစ်ကို ကျနော် မေး ကြည့်သောအခါ ကွယ်မှုတ်သည့် အဓိပ္ပါယ်ကို သူတို့ ပြောပြကြသည်။ သူတို့က "သတို့သား လာပြီ၊ နင်တို့ကြား ရင်ပြန်ထူးပါ"။ သတို့သမီးတို့ ဘက်မှလည်း "သတို့သား လာတာ ကြားရလို့ အရမ်းဝမ်းသာ မိပါတယ်"ဟုပြန်ထူးသည်။ တဖန် သတို့သမီး ဘက်ကလည်း "ဘယ်နှစ်ယောက်လာကြသလဲဆိုတာကြိုတင် ပြန်ပြောပြပါ၊လာကြိုမယ်" ဟု ပြန်မှုတ်သည်။ ထိုအခါတွင် တလိုပါက လူကြီးဘယ်နှစ်ယောက်၊ လူငယ် ဘယ်နှစ်ယောက်၊ ခလေး ဘယ်နှစ်ယောက်စသဖြင့် အတိအကျ ပြန်လည် ဖြေကြားသည့် သဘောအချက်ပေးမှုတ်လိုက်ကြခြင်း ဖြစ်သည်။ သတို့သမီး၏ ရွာသို့ ကျနော်တို့ ဝင်ရောက်သည်နှင့် တပြိုင်နက် ကွယ်ဖြင့် ကြိုတင်မှုတ်ပြောထားကြသည့် အတိုင်းပင် သူတို့လာ၍ကြိုနေကြပြီး သတို့သမီးအိမ်တွင် လူကြီး၊ လူငယ်၊ ခလေး စသဖြင့် သူ့နေရာနှင့်သူ နေရာ အသီးသီး ချထား ပေးပါတော့သည်။

## (၄) တောင်ယာခုတ်ခြင်းနှင့် စပါးစိုက် သိမ်းခြင်း၌ အသုံးပြုခြင်း။

တောင်ပေါ်ဒေသ၌ နေထိုင်သော ကရင်လူမျိုးများတွင် အချို့မှာ လယ်လုပ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပြီး၊ အချို့ကမူ တောင်ယာခုတ်ကာ စိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုကြသည်ကို တွေ့ရသည်။ တောင်ယာခုတ်ခြင်းမှာ မလုပ်ဘူးမကိုင်ဘူးသူ တယောက်အဖို့ အလွန်ခက်ခဲပင်ပန်းပါသည်။ တောင်ယာခုတ်ရာတွင် သစ်ပင်ကြီးများ ခုတ်လှဲခြင်း၊ ဝါးရုံများ ခုတ်လှဲခြင်းတို့ကို ဆောင်ရွက်ပြီးနောက် နေခြောက်ခံပြီး သောအခါ မီးရှို့။ ထို့နောက်တွင် အကုန်အစင် မီးမလောင်ဘဲ ကျန်ရှိနေသည့် သစ်ကိုင်းများ၊ ဝါးရုံငုတ်များ၊ ချုံပင်များကို လိုက်လံ စုပုံပြီးနောက် တခါထပ်၍ မီးရှို့ရပြန်ပါသည်။ ခုတ်လှဲထားသော သစ်ပင်ကြီးများကိုလည်း သယ်ယူရသည်။

ထို့ကြောင့်တဦးတည်း လုပ်ကိုင်မည့်အစား၊ ရွာအလိုက်သော်၎င်း၊ တရွာနှင့်တရွာပေါင်း၍သော်၎င်း၊ တဖွဲ့နှင့် တဖွဲ့ပေါင်း၍သော်၎င်း လုပ်ကိုင်သည်ကို တွေ့ရပါသည်။ တောင်ယာခုတ်ချိန် ရောက်သည့် အခါတွင် တောင်ယာခုတ်မည့် အခင်းရှင်က ကွယ် ကိုမှုတ်လိုက်ပြီး၊ ဝိုင်းဝန်းလုပ်ကိုင်မည့်သူများအား သူ့အိမ်ကို စုဝေး ရောက်ရှိစေပါသည်။ လူစုံပြီ ဆိုသည်နှင့် လူအားလုံး ဘယ်နှစ်ယောက် လာကြသည်ကို ကြည့်ရှု စစ်ဆေးကာ ဒီမနက် တောင်ယာခုတ်မည်။ ဘယ်နေရာက ဘယ်နေရာအထိ၊ ဘယ်တောင်မှာ စသဖြင့် နေရာချိန်း ဆိုလိုက်ပြီးသည်နှင့် ရောက်လာကြသူများမှာ ကိုယ့်ထမင်းထုပ်နှင့်ကိုယ်၊ ကိုယ့်ဓားနှင့်ကိုယ်၊ နှစ်ဘက်လွယ်ရှိသည့်သူကလည်း သူ့လွယ်သူယူကာ စုစည်းညီ ညွတ်စွာဖြင့် အလုပ်စခန်းသို့ ထွက်ခွာကြ ပါတော့သည်။ တောင်ယာသခင်ကမူ ဝိုင်းဝန်း လုပ်ကိုင်လာသည့် သူတွေ အတွက် ဟင်းလျာ၊ အရက်၊ ညားသွတ် (သို့) ဆေးသေး စသည့် လိုအပ်သော အဓွေအဓွေ ကိစ္စများကို စီစဉ်ပေးပါသည်။ ကောက်ရိတ်ချိန်တွင်လည်း ထိုနည်း အတိုင်းပင် လုပ်ကြပါသည်။ တအိမ်တက် တအိမ်ဆင်း လိုက်ပြော၊ လိုက်ခေါ်စရာ မလိုတော့ဘဲ ကွယ် ကိုမှုတ်၍ အချက်ပေး လိုက်သည်နှင့် အားလုံး အဆင်ပြေသွားလေသည်။

❖ ❖ ❖

အူထီၣ်နကွဲၤချၢၣ်ဆံၣ်ဒ့
နီၢ်ဟဲဘိၣ်မ့ၤလၢအဆ့

❖ ❖ ❖

ထိုထား၏ အဓိပ္ပါယ်မှာ ညောင်ချဉ် ပင်၏ အကိုင်းနှင့် ပြုလုပ်သည့် ကွယ်ကို မှုတ်လိုက်လျှင် တောင်ယာခုတ်လိုသည်ဖြစ်စေ၊ ကောက်ရိတ်လိုသည်ဖြစ်စေ ကွယ်မှုတ်သံကို ကြားရသော မိန်းမပျို



များမှာ၊ ထမင်းကိုဖက်ရွက် တခုခုဖြင့် ထုပ်လို့ပင်မခင်တော့ဘဲ အင်္ကျီ သင်တိုင်း ရှည်နဲ့သာထုပ်ပြီး အပြေးကလေး လာကြသည်ဟူ ၍ ဖြစ်လေသည်။

## (၄) ဆင်းရဲ ဒုက္ခရောက်သည့် အခါ အကူအညီတောင်းခြင်း။

တောင်ပေါ်ဒေသ ကရင်များသည်၊ ခရီးသွားလာသည့်အခါတွင် ဓားနှင့် ကွယ် ကိုအမြဲ ဆောင်သွားတတ်ကြသည်။

❖ ❖ ❖ ❖ ❖

ကွဲၤမ့ၢ်သိဉ်သမ့ၢ်နၢ်ဟူ
ဘၣ်မ့ၢ်ထူဉ်လူၤမ့ၢ်နၤလူၤ

❖ ❖ ❖ ❖ ❖

"ကွယ်"မှုတ်သံကိုကြားကြရင်
မွန်းတည့်ကြားက မွန်းတည့်လိုက်
ညဘက်ကြားက၊ ညဘက်လိုက်။

ဟူသော ထားလင်္ကာအတိုင်း၊ တစုံတဦးသည် ခရီးသွားလာရင်းသော်၎င်း၊ တောလည်နေရင်းသော်၎င်း၊ အခက်အခဲ အမျိုး မျိုးနှင့် ကြုံရသည့်အခါ (ဥပမာ – သားရဲ တိရစ္ဆာန်များနှင့် ရင်ဆိုင်ရင်း အခက်အခဲ ကြုံတွေ့နေရသော အခါတွင်) အကူအညီ တောင်းသည့်အနေဖြင့် ကွယ်ကိုမှုတ် တတ်ကြသည်။ ကျနော် ဒုက္ခရောက်နေပြီ၊ ဘယ်နေရာမှာ၊ဘယ် ချောက်မှာ၊ ဘယ် တောင်မှာ စသဖြင့် ကွယ်ဖြင့် အချက်ပေးပြီး အကူအညီ တောင်းခံ တတ်ကြပါသည်။ ရွာအနီးအနား၌ ရှိနေသော လူကြီး၊ လူငယ်၊ ခလေး၊ အမျိုးသမီး မည်သူမဆို တဦးဦး တယောက်ယောက်က ထိုကွယ်သံကို ကြားရသည့်အခါတွင် တယောက်မှ တယောက်သို့ ဆက်လက် ပြောပြ ကြပြီး၊ ကွယ် ရှိသောသူများက မိမိတို့ သိရှိကြောင်း အချက်ပေးသည့် သဘောဖြင့် ပြန်မှုတ်ကြသည်။ အချက်ပေးသံ၏ အဓိပ္ပါယ်မှာ "ခင်ဗျား အကူအညီ တောင်းတာကို ကြားရပြီ၊ ခင်ဗျားအကူ အညီလိုပြီဆိုတာ သိရပြီ၊ ဘာမှမပူနဲ့ ကျနော်တို့ ခင်ဗျားကိုကူညီဘို့ လူစု လူဝေးနဲ့ လာခဲ့ပြီ။ လောလောဆယ်တော့ တွန်းလှန် တိုက်ခိုက်ထားပါ အခြေအနေကို ထိန်းထား တောင့်ထားပါ" ဟူ၍ ဖြစ်လေသည်။ မကြာခင်မှာပင်သူတို့ရောက်သွားကြပြီး၊ အကူအညီလိုနေသူ၏ အခက်အခဲကို ဝိုင်းဝန်း ကူညီပေးကြသည်။ ဥပမာ – ကြုံတွေ့ရသည့် သားရဲ တိရစ္ဆာန်သည် ဝက်ဝံဖြစ်ပါက ထိုဝက်ဝံအား ၎င်းတို့ရရှိလာသည့်အခါ အကူအညီတောင်းသူနှင့်အတူ ရွာထဲမှာရှိသည့် လူအားလုံးမျှဝေ စားကြသည်။

တဦးတည်း တောလိုက်တတ်သည့် လူကလည်း ပစ်ခတ်ရရှိလာသည့် တောကောင်သည် သူတဦးတည်းဖြင့် မနိုင်ပါက ကွယ် ကို မှုတ်ကာ ရွာသူရွာသားများကို ခေါ်ယူတတ်သည်။ ထိုအခါတွင် ရွာသူရွာသားများ ရောက်လာကာ ဝိုင်းကူ ထမ်းပိုးကြပြီး ဝေမျှစားကြသည်။

## (၅) တိုးနှင့်တိုး စကားပြောဆို ဆက်သွယ်သည့်အခါ အသုံးပြုခြင်း။

တောင်ပေါ်ဒေသသို့ ရောက်ရှိ ခဲ့ရာတွင် ကရင်လူကြီးများနှင့် စကားစမြည် ပြောဆိုမိသည့်အခါ၊ ကွယ် နှင့်ပတ်သက်၍ သူတို့ပြောပြချက်များမှာ အခါကျနော့်အတွက် အလွန်ပင် ထူးဆန်းအံ့သြဘွယ် ဖြစ်ခဲ့ရပါသည်။ တညနေတွင် ကျေးရွာလူကြီး၏သားက ကျနော့်အား "ဒီည တောင်ယာသွားစောင့်မယ် လိုက်မလား" ဟုပြောပါသည်။ ကျနော်လည်း ၎င်းတို့၏ တောင်ယာကို တခါမျှမရောက်ဘူးသော ကြောင့်တကြောင်း တောင်ယာ စောင့်သည့်အလုပ်ကို တကြိမ်တလေမှပင် အတွေ့အကြုံ မရှိခဲ့သောကြောင့်တကြောင်း၊ လိုက်ချင်ကြောင်း ပြောရာ၊ သူက ဒါဆို သွားကြရအောင်ဟု ဆိုပါသည်။ ကျနော်က ကျောပိုးအိတ်နှင့် **M -16** တလက် လွယ်ကာ သူကတော့ ကာဘိုင်ကို လွယ်လျက် ထွက်ခဲ့ကြပါသည်။ တောင်ယာထဲ ရောက်တော့ စကားတိုးတိုး ပြောကြပြီး၊ ဆေးသေး (ညားသွတ်)ကို ဖက်ရွက် (မော်ကဝီးလာ)နှင့်လိပ်ကာ အတွေး ကိုယ်စီဖြင့် ဆေးလိပ်ဖွာနေကြပါသည်။ သိပ်မကြာ လိုက်ဟု ကျနော်ထင်ပါသည်။ ကျနော် အိပ်ပျော်သွားပါသည်။ သူတော့ အိပ်ပျော် လိမ့်မည်ဟု ကျနော်မထင်ပါ။ ထိုည အိပ်ပျော်နေစဉ်မှာပင် ကျနော့်ဘေးမှ အသံ တခု ကြားလိုက်ရ ပါသည်။ မျက်စိဖွင့် ကြည့်လိုက်သောအခါ ကျေးရွာလူကြီး၏ သားမှာ ကွယ် မှုတ်နေသည်ကို တွေ့ရပါသည်။ ကွယ် သံဆုံးသည်နှင့် တောကြက် တွန်သံကြားရပါသည်။ ကျနော်သူ့ကို မေးကြည့်သည့်အခါ "ဟေ့ ဘဲနက် ဘယ်နှစ် နာရီ ထိုးပြီလဲ" ကျေးရွာလူကြီးသား၏ အမည်မှာ ဘဲနက်ဖြစ်သည်။ "(၄)နာရီ လောက်ရှိပြီထင်တယ်။" "မင်း ဘာတွေ လျှောက် မှုတ်တာလဲကွ၊ နားလည်းငြီး၊ အိပ်ရေးလည်းပျက်၊ ဇိမ်လည်းပျက်တယ် ကွာ၊ မင်းလုပ်တာနဲ့" ဟု ကျနော်ပြော လိုက်ပြီး "ဘာကောင်မှ မလာဘူးလားကွ" "ဘာကောင်မှမလာဘူး" ဟု သူဖြေသည်။ ထို့နောက် တဲပေါ်မှနေ၍ မြေကြီးပေါ်ဆင်း လိုက်ပြီး ကွယ်ကို တခါထပ်မှုတ် ပြန် သည်။ ထိုသို့မှုတ်ပြီးနောက် အတော်လှမ်း လှမ်း ဘေးဘီ ဝဲ ယာသို့ ဟိုကြည့်လိုက်၊ ဒီကြည့်လိုက် လုပ်သည်။ ကျနော်လည်း

ချကြည့်သည့်အတိုင်း လိုက်ကြည့်ပါသည်။ ဘာမျှမတွေ့ရပါ။ ခဏ အကြာ၌ တောင်တလုံးပေါ်မှ မီးလင်းလာပြီး ကွယ် မှုတ်သံကို ကြားရပါတော့သည်။ ထိုကွယ် သံပျောက် သွားသည်နှင့် သူက ကျနော့်ကို "ကဲ ကျောရေ သွားကြရို့"။ ("ကျော" ဆိုသည်မှာ တောင်ပေါ် ကရင်ဘာသာဖြစ်ပြီး "အကို" ဟု အဓိပ္ပါယ် ရသည်။) "အဲဒီကိုလား ဘာလုပ်ဘို့ သွားမှာလဲ။" သူက "ဝါး ကြောလေ ဝါးကြော" "ခင်ဗျားဘယ်လို လုပ်သိလဲ၊" "သိတာပေါ့" "ခင်ဗျားမလိမ်နဲ့နော်"၊ "ဘာလို့လိမ်ရမှာလဲ" "ဒါဆို သွားကြရအောင်" ဟု ကျနော် ပြောလိုက်ပြီး သေနတ်ကိုယ်စီလွယ်ကာ ထွက်ခဲ့ကြ သည်။

ထိုတောင်ကို ကြည့်ရသည်မှာ အိပ်မဝေး လှဟု ထင်ရ သော်လည်း တကယ်တမ်း သွားကြည့်သော အခါ (၂) နာရီလောက် သွားရသည်။ သူကတော့ ခပ်အေးအေးပင်၊ ကျနော့်မှာမူ အမော နည်းနည်း ဆို့လာပါသည်။

စောစောက "ကွယ်" မှုတ်လိုက်သည့် တဲရှေ့သို့ ရောက်သောအခါတွင် တဲထဲမှ မီးပုံကြီးကို လှမ်းမြင်ရသည်။ တဲပေါ်သို့ တက်လိုက်သည့်အခါ မီးပုံဘေး ပတ်ပတ်လည်၌ လူလေး ငါး ခြောက် ယောက် ယောက် ဝိုင်းနေသည်ကိုတွေ့ရပြီး၊ အငွေ့ တထောင်းထောင်း ထနေသော ကောက်ညှင်းပေါင်းနှင့် ဝါးဖြင့်ညှပ်ထားသည့် ဂျီသားကင်များကိုလည်း မီးပုံဘေးနားမှာ တွေ့လိုက်သည့်အတွက် ကျနော် အတော်ပင် ပျော်မြူး ပီတိ ဖြစ်သွားပါသည်။ ဘဲနက်က ကျနော့်အား ...

"ဘယ်လိုလဲ ကျော၊ ကျနော် ပြောတာကို မယုံဘူးလား"

ကျနော်ဘာမှ မပြောနိုင်တော့ပါ။ လာရသည့်လမ်းက တောတောင် ဆူးခြုံတွေထဲမှဖြစ်ပြီး မောကလည်း မော၊ ချမ်းကလည်း ချမ်းတဲ့ အတွက် သူ့ကို ကျနော် ပြုံးပြရုံမျှသာ တတ်နိုင်သည်။ ထို့နောက်တွင်တော့ လွယ်ထားသည့် သေနတ် ကိုပင် မချအားတော့ဘဲ ဝါးဘူးထဲမှ အရည်ကို ဝါးခွက်ထဲ လောင်းထည့်ကာ တကျိုက်မော့လျက် ဝါးခြမ်းထဲ ညှပ်ထားသော ဂျီသားကင် တမြှောင်းကို ဆွဲထုတ်ပြီး ဝါးလိုက်ပါ တော့သည်။

✡ ✡ ✡ ✡

ရွာနှင့်ခပ်ဝေးဝေးတွင် တောင်ယာ လုပ်ကိုင်သော မိသားစုများထဲမှ ယောကျ်ားပျိုများသည် စပါးစိုက်ပျိုး ပြီးသည်နှင့် တောင်ယာခင်းကို သွားစောင့်ကြရပြီး၊ စပါးရိတ်သိမ်းပြီးမှပင် ရွာထဲ၌ ပြန်နေတတ်ကြသည်။ ထို့ကြောင့် တောင်ယာ စောင့်ချိန်၌ အချို့ယောကျ်ားပျိုများ၏ ချစ်သူရည်းစားများမှာ ရွာထဲ၌ ကျန်နေခဲ့လေသည်။ သို့ဖြစ်၍ ချစ်သူရှိသော ယောကျ်ားပျိုသည် ညအိပ်ရာဝင်ခါနီးတွင် သူ့ "ကွယ်" ကလေးကို မှုတ်လျက် ချစ်သူ ရည်းစားထံ အလွမ်းသယ်ပြတတ်သည်။ သူမှုတ်လိုက်သော ကွယ်သံ၏ အဓိပ္ပါယ်မှာ "အချစ်ရယ်၊ ညီမရယ်၊ အကို တောင်ယာ စောင့်နေရလို့ မပြန်နိုင်ဘူး၊ နင့်ရဲ့ချစ်စရာ မျက်နှာလေးကို မြင်ချင်တယ်၊ နင် ဝလာသလား၊ ပိန်သွားသလား မသိရပါ။ နင်ပျော်ရွှင်ရဲ့လား၊ ကျန်းမာရဲ့လား။ နင်နဲ့ကြာကြာခွဲနေလေ ပိုသတိရလေဘဲ။ ကောက်ရိတ်ချိန်တန်ရင် နင်လာဝိုင်းကူ ရိတ်ရမယ်နော်။ နင်အမြဲတမ်း ပျော်ရွှင်စေဘို့နဲ့ ဘေးရန်အပေါင်းက ကင်းဝေးပါစေလို့ ငါဆုတောင်း မေတ္တာပို့ပါတယ်" ဟူသတတ်။

ရွာထဲ၌ရှိသော မိန်းမပျို များမှာ ထို 'ကွယ်' များဘယ် ဘက်က မှုတ်သလဲ၊ ဘယ်တောင်ကလဲ၊ ဘယ်တောင်ယာက လဲဆိုသည်ကို သက်ဆိုင်သူများပီပီ သိထားကြပြီး ဖြစ်လေသည်။ ထိုနည်းတူစွာပင် သဘောပေါက် နားလည်ကြပြီးဖြစ်သည့် ၎င်းတို့ မိဘ ဆွေမျိုးများကလည်း "ဒါ နင့်သမီး အတွက်လား၊ ငါ့ သမီး အတွက်လား" ဟု၎င်း၊ ညီ အကို မောင်နှမများက "နင့်အမကိုလား၊ ငါ့ညီမကိုလား" ဟူ၍၎င်း ဝေခွဲမရ ပြောဆိုမေးမြန်းမှုများကိုလည်း မည်သည့် နေရာတွင်မျှ မတွေ့မြင် မကြားသိခဲ့ရပါ။

## (ခ) နေ့ကြီး ရက်မြတ်များတွင် အသုံးပြုခြင်း။

ကျနော် စစ်ကြောင်းလိုက်ခဲ့စဉ်က နှစ်သစ်ကူးပွဲတော် ကျင်းပသော ရွာတရွာသို့ ရောက်ရှိခဲ့ပါသည်။ ကရင် နှစ်သစ်ကူးနေ့ ကျင်းပသော နံနက်ခင်းက ကရင့်အလံကို လွှင့်ထူသော အခမ်းအနားသို့ ကျနော်တို့ ကော်သူးလေရဲဘော်များ သွားရောက် တန်းစီပြီး ဂုဏ်ပြုခဲ့ပါသည်။ အခမ်းအနား ၌ ကရင့်အလံတော်ကို တိုင်ထိပ်သို့ ဆွဲတင် သောအချိန်တွင် "ကွယ်" မှုတ်၍ လေးမြတ်စွာ ဂုဏ်ပြု ဆွဲတင်သည်ကို တွေ့ရှိခဲ့ရပါသည်။ နောက်နှစ်များတွင် ထိုရွာမှ လူများနှင့် ကျနော် ဆုံမိသဖြင့် စကားစမြည်ပြောကြရင်း၊ အလံတော်တင်သည့် အစီအစဉ်၌ ကွယ် မှုတ်သေးသလားဟု မေးမြန်းကြည့်သောအခါ သူတို့က "နဝတ ပိတ်လိုက်ပါပြီ" ဟု ပြန်ဖြေကြသည်။ "ဘာဖြစ်လို့ ပိတ်တာလဲ"၊ နဝတက ကွယ်ဆိုသည်မှာ သောင်းကျန်းသူများ အသုံးပြုသည့် ပစ္စည်းဘဲဟုဆိုကာ ပိတ်ပင်လိုက်ကြောင်း သူတို့ ပြန်ပြောပြ လေသည်။ ရှေးယခင် ကရင်ဘိုးဘွား များ၏ ယဉ်ကျေးမှု အမွေအနှစ်ဖြစ်သော "ကွယ်" မှာ မဆလ၊ နဝတ တို့ ခေတ်သို့ ရောက်ခါမှ ပိတ်ပင်ခြင်း ခံခဲ့ရပေသည်။ ကရင်အမျိုးသားများ၏ နှစ်သစ်ကူး ပွဲတော်နှင့် အရိုးကောက်ပွဲ၊ ချည်ဖြူဖွဲ့ မင်္ဂလာပွဲ အစရှိသည့်ရိုးရာ ပွဲလမ်းများ၌ သော်၎င်း၊ တခါတရံတွင် ကေအဲန်ယူ၏ နေ့ကြီးရက်ကြီးများဖြစ်သော တော်လှန်ရေးနေ့၊ အမျိုးသားနေ့ စသည့် အခမ်းအနားများကို ခမ်းနားကြီးကျယ်စွာ ကျင်းပ

မိန်းမပျို များမှာ ထို "ကွယ်" များဘယ် ဘက်က မှုတ်သလဲ၊ ဘယ်တောင်ကလဲ၊ ဘယ် တောင်ယာကလဲ ဆိုသည်ကို သက်ဆိုင်သူ များပီပီ သိထားကြပြီး ... ... ...

သောအခါ၌ သော်၎င်း၊ အမျိုးသားယဉ်ကျေးမှု အကဖြစ်သော ဒုံးအကကို ထည့်သွင်း ကပြလေ့ရှိသည်။ စင်မြင့်ပေါ်၌ ဒုံးများစမကမီ ကွယ်မှုတ်သည်ကို တွေ့ရပါသည်။ ကရင်အမျိုးသားများ၏ ဓလေ့အတိုင်း ပြင်ပလောကတွင် ကွယ်ကို မှုတ်ပြီး လူသူစုရုံး ခေါ်ယူလိုက်သကဲ့သို့ ဒုံးအဖြစ် သရုပ်ဖော် ကပြရာတွင်လည်း ကွယ်ကို မှုတ်ပြီး လူသူစုရုံးခြင်းကို ထည့်သွင်းလိုက်ခြင်း ဖြစ်သည်။ ထို့အပြင် ဒုံးသည် ကရင့်ယဉ်ကျေးမှု အက ဖြစ်ပြီး ကွယ် သည်လည်း ကရင့်ရိုးရာယဉ်ကျေးမှု အမွေအဖြစ် အလေးထားသည့် ပစ္စည်းတခု ဖြစ်သည့်အတွက် ကွယ်ကို မှုတ်ပြီးမှ ဒုံးထွက်ကခြင်းဟု လေ့လာသိရှိခဲ့ရသည်။

✡ ✡ ✡

ယခုခေတ်တွင် "ကွယ်"ကို မတွေ့၊ မမြင်ဘူးကြသည့် ကရင်လူမျိုး အတော်များများ ရှိနေသည်။ ထို့အတူပင် ကွယ်ကို တွေ့ဘူး မြင်ဘူး ကြသော်လည်း ကွယ် မမှုတ်တတ်၊ ထားလက်ာ မဆိုတတ်ကြသည့် သူတွေများစွာ ရှိပါသည်။ ဤကဲ့သို့သော သူများထဲတွင် ကျနော်သည်လည်း တယောက်အပါအဝင် ဖြစ်ပါသည်။ ကျနော်တို့ကြောင့် ကရင်ဘိုးဘွားများ၏ ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်သင့်ပါ။ ယဉ်ကျေးမှု အမွေအနှစ် များကို အကောင်အထည်ဖော်ထုတ် ထိန်းသိမ်းရမည်မှာ ကျနော်တို့အားလုံး၏ တာဝန်ပင်ဖြစ်ပါသည်။

ရှေးကရင် ဘိုးဘွားများ၏ "ကွယ်" များတွင် ရွှေကွယ်၊ ငွေကွယ်၊ ကြေးကွယ်၊ ဆင်စွယ်ကွယ်၊ ကျွဲဖြူချိုကွယ်၊ ကျွဲမဲချိုကွယ်၊ ဆတ်ချိုကွယ်၊ သစ်ကွယ်၊ ဝါးကွယ်၊ အောက်ချင်းနှုတ်သီး ကွယ်စသည်ဖြင့်၊ ရှိခဲ့ကြောင်း မှတ်သားခဲ့ရ ပါသည်။ ယခုခေတ် တွင် ရွှေ၊ ငွေ၊ ကြေး၊ ဆင်စွယ်၊ အောက်ချင်းနှုတ်သီး တို့ဖြင့် လုပ်နိုင်သူ များကို မတွေ့ရတော့ပါ။ ချို၊ သစ်သား၊ဝါးများနှင့် ပြုလုပ်တတ်သည့် သူတွေတော့ တောင်ပေါ်ဒေသတွင် အတော်များများ ရှိနေသေးကြောင်း သိရှိရသည်။ ရှေးလူကြီးများ၏ အဆိုအရ ဖျားနာပြီးသေသည့် တောတိရစ္ဆာန်များ၏ ချို၊ နှုတ်သီးတို့ဖြင့် ကွယ်ပြုလုပ်ကာ မှုတ်မည်ဆိုလျှင် ထိုမှုတ်သံကို တိရစ္ဆာန်များ ကြားပါက၊ တကယ်ပင် ဖျားနာပြီး သေဆုံးတတ် ကြသည်ဟု အယူရှိကြောင်း သိရသည်။ ထို့ကြောင့် ကွယ် အသုံးပြုသည့် သူများအား မေး ကြည့်သော အခါ ကျွဲချိုဖြစ်စေ၊ အောက်ချင်း'ငှက်' နှုတ်သီးဖြစ်စေ၊ လူကသတ်၍သော်၎င်း၊ ရတ်တရက် ထိခိုက် ဒဏ်ရာဖြစ်၍ သော်၎င်း၊ တိရစ္ဆာန်အချင်းချင်း၏ ပယောဂကြောင့် သော်၎င်း၊ လတ်လတ် ဆတ်ဆတ် သေသော တိရစ္ဆာန်တို့ထံမှသာ ဖြတ်ယူ အသုံးပြုလေ့ရှိသည်ဟု ဆိုကြပါသည်။

ကွယ်ကိုကျွဲချိုဖြင့် ပြုလုပ်ပုံအား အောက်ပါအတိုင်း တွေ့ရှိရမည် ဖြစ်သည်။ ကျွဲချို၏ အဖျားပိုင်းမှာ ပိတ်နေသည့် အတွက် အဖျားပိုင်းကို ဖြတ်ရသည်။ အဖျားပိုင်းကို ဖြတ်သည့် အခါတွင် အဖျားပိုင်းနှင့် အဖျားပိုင်းအခေါင်းပေါက် ရှိနေသည့် နေရာကို ၁လက်မှ ၁လက်ခွဲထိ ထားရှိရမည် ဖြစ်သည်။ ထို့နောက် ဖြတ်ထားသည့် နေရာမှနေ၍ အဖျားပိုင်း အခေါင်းပေါက်အထိ ချွန်ထက်သော ခားမြှောင်ဦးဖြင့် ၎င်း၊ ဆောက်ပမာ သံချောင်းချွန်ဖြင့်၎င်း ဖောက်ပေးရ သည်။ အပေါက်ဖောက်ပြီးသည်နှင့် (နဂိုမူလကျွဲချို၏ အရင်းပိုင်းမှာ ကြည့်မလှသည့် အတွက် မိမိစိတ်ကြိုက် ခန့်မှန်းပြီး ကြည့်၍ကောင်းသည့်နေရာမှ) အရင်းပိုင်းကို ဖြတ်လိုက်ရပါမည်။ ချို၏ အထူအပါးနှင့် အဖုအထစ်များ ပြေပြစ် ညီညာအောင် ခားဦးချွန် ထက်ထက်နှင့် ပြန်ညှိရမည် ဖြစ်သည်။ ထိုသို့ ညှိလိုက်သည့်အခါတွင် ချိုမှာ လှပြီး ကြည့်ကောင်းလာမည်။ ပြီးနောက် ကြိုးတချောင်းဖြင့် ဖြစ်စေ၊ နှီးတပြားဖြင့်ဖြစ်စေ ချို၏အရင်းမှ နေ၍ အဖျားအထိတိုင်းပြီး၊ ကြိုး (သို့) နှီးကို သုံးပိုင်းဖြစ်အောင် ခေါက်လိုက်ရသည်။ ထိုသုံးပိုင်းထဲမှ တပိုင်းဖြင့် ချို၏ အဖျားမှ နေ၍ စတိုင်းကာ ကြိုး (သို့)နှီး ဆုံးသော နေရာမှာ တချက်မှတ်ရသည်။ ၎င်း နေရာမှနေ ၍ ရှေ့သို့ (၁)လက်မ ဆက် တိုင်းကာ တခါထပ်မှတ်ရပြန်သည်။ ထို့နောက် ပထမ မှတ်ထားသည့်နေရာနှင့် ရှေ့ (၁) လက်မ ဆက်တိုင်းပြီး သတ်မှတ်ထားသည့် နေရာနှစ်ခုကို ချို၏ ထုအထူရှိသည့် အတိုင်း ကန့်လန့်ဖြတ် သုံးပုံ တစ်ပုံလောက်စီ ဖြတ်လိုက်ရသည်။ ပြီးလျှင် ဖြတ်ထားသော နေရာနှစ်ခု အကြား၌ ချို၏ အလျားလိုက်အတိုင်း အပေါက်ဖောက်ပါသည်။ အပေါက်ဖောက်သည့်အခါ ကွယ်၏လျှာ သံပြားကပ်ရန်အတွက် နေရာအထစ်လေး လုပ်ထားရသည်။

ကွယ် ကိုယ်ထည်ပိုင်းပြီးသွားလျှင်ကွယ်၏လျှာတစ်ခုသာပြုလုပ်ရန်ကျန်တော့သည်။ကွယ်၏လျှာကို ရွှေ၊ ငွေဖြင့်ပြုလုပ်ရာတွင် မလွယ်ကူချေ။ လွယ်ကူသော ကြေးဝါပြား(သို့) သွပ်ပြား ပါးပါး ကလေးများနှင့်၊ နို့ဆီဗူးခွံတို့ဖြင့် ပြုလုပ် နိုင်သည်။ အကယ်၍ ကြေးဝါပြားဖြင့် ပြုလုပ်မည်ဆိုလျှင် ထိုကြေးဝါ၏ အထူ အပါးသည် နို့ဆီဗူးခွံ၏ အထူအပါးနှင့် တူညီရပေမည်။ကွယ်၏လျှာကိုကြေးဝါဖြင့် ပြုလုပ်နိုင်မည်ဆိုပါက ပို၍ကောင်း မည်ဖြစ်သည်။ ကြေးဝါမှာသံကဲ့သို့ သံချေး မတက်ချေ။ နို့ဆီဗူးခွံနှင့် ပြုလုပ်ပါက ကြာကြာ အသုံးမပြုနိုင်ဘဲ သံချေးတက်ပြီး အသံပျက် သွားတတ်သောကြောင့် ဖြစ် သည်။

ကွယ်၏ လျှာကိုပြုလုပ်ရာတွင် ကြေးဝါနှင့် သွပ်ပြားကိုသော်၎င်း၊ နို့ဆီဗူးခွံအပြားကိုသော်၎င်း၊ ကျွဲချို၌ ထွင်းဖောက်ထားသည့် အရာအတိုင်း တိုင်းလိုက်ပြီး၊ ၎င်းနို့ဆီဗူးခွံ (သို့) ကြေးဝါပြားကိုလျှာကပ်မည့် အထစ်ရာလေးပေါ်သို့ ထပ်၍အုပ်လိုက်ရပါမည်။ ပထမဦးစွာ ကြေးဝါပြား(သို့)နို့ဆီဗူးခွံကို ဒါးဦးလေးဖြင့်ဖြစ်စေ၊ သွပ်ညှပ်ကပ် ကြေးဖြင့်ဖြစ်စေ ဖြတ်လိုက်ပြီး ထိပ်တုံး နေသော ကြက်လျှာပုံသဏ္ဌာန် လျှာခင်ကလေး ဖြစ်အောင် ဖောက်ရပါမည်။ ထိုလျှာလေးကို အရင်းမှ အဖျားအထိ ဒါးကလေးဖြင့် ပါးအောင်ခြစ်ရပြီး၊ ကွယ်ပေါ်ရှိ တိုင်းထား

သည့် နေရာတွင် ကပ်ရသည်။ ပွဲ့လျက် (ဓါ) ပျားဖယောင်းနှင့် ငှင်းလျှာ၏ ပတ်လည်တွင် အုံပေးထားရသည်။ ထို့နောက် စုတ်ကြည့်၊ မှုတ်ကြည့်ခြင်းအားဖြင့် စမ်းသပ်ကြည့်ရသည်။ စုတ်ကြည့် ရာတွင်ငှင်း၊ မှုတ်ကြည့်ရာတွင်ငှင်း မကောင်းပါက ပြန်ခွာပြီး ပါးအောင်ခြစ်ပေးရမည်ဖြစ်သည်။ လျှာခင်မာနေလျှင်ငှင်း ပျော့လွန်းလျှင်ငှင်း အသံမထွက်ပါ။ လျှာခင်ကိုဟာ၍ လေပေါက်ထားရှိရာတွင်လည်း ကျယ်လွန်းခြင်း ကျဉ်းလွန်း ခြင်း မဖြစ်စေရပါ။ ကြက်လျှာသဏ္ဍာန် လျှာခင် အငယ်ပိုင်းကို ကွယ်၏ကိုယ်ထည် အပေါက်ကျယ်ပိုင်းဖြစ်သော အရင်းဘက်တွင် ထားရှိရမည်။ ကွယ် လုပ်ပုံကို ကြည့်ရသည်မှာ ရိုးစင်းလွယ်ကူလှ သော်လည်း၊ လက်တွေ့လုပ်ကိုင်ကြည့်သောအခါတွင်မူ စိတ်ရှည်ရန်နှင့်၊ ဆုံးဖြတ်ချက် ခိုင်မာဘို့ရန် လိုအပ်ကြောင်းကို တွေ့သိရမည်ဖြစ်သည်။

ကွယ်သည် ကျနော်တို့ ကရင်အမျိုးသား၏ ဘိုး ဘေး ဘီ ဘင် အစဉ်အဆက် အသုံးပြုခဲ့သော ရိုးရာယဉ်ကျေးမှုအမွေအနှစ် အစစ်အမှန်တခုပင် ဖြစ်ပါသည်။ ကရင်အမျိုးသားများသည် ကိုယ့်ကိုယ်ကို (ပွာကညော) ဟု ခေါ်ကြသည်။ ရှေးဘိုးဘွားများ တီထွင်လုပ်ကိုင်ခဲ့သည့် ကွယ်ကို ပွာကညောတို့၏ ရိုးရာ အမွေအနှစ်တခုအဖြစ် မပပျောက် မတိမ်ကောသွားစေရေး ထိန်းသိမ်းရမည့် ကိစ္စသည်ငှင်း၊ ခေတ်နှင့် လိုက်လျောညီစွာ တိုးတက်အောင် မြှင့်တင်ပေးရမည့် ကိစ္စသည်ငှင်း ကျနော်တို့ (ပွာကညော) ကရင်တမျိုးသားလုံး၏ တာဝန်ပင်ဖြစ် ကြောင်းကို တင်ပြလိုက်ရပါသည်။

S' [illegible]

(ဝန်ခံချက်။ ။ ၁၉၄၄ ခုနှစ် အောက်တို ဘာလထုတ် "ပဟံဉ်ပဃိမဲးကစံ" ပါ "ထံကၢၢ်ခိဉ် (ဝ့ၢ်သီကဝီၤ)" ၏ "ကွဲၤဒီးကညီ" ဆောင်းပါးမှ အချက်အလက်အချို့ကို မှီငြမ်း ရေးသားပါသည်။)

# ဖိတ်ခေါ်အပ်ပါသည်။

သမိုင်းလေ့လာရေး "နိုင်ငံသစ်" သုတေသန စာစောင်အား ပုံမှန် ထုတ်ဝေနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင်၊ ကရင်အမျိုးသားများ အပါအဝင် လူထု လူတန်းစားအလွှာအသီးသီးရှိ ပုဂ္ဂိုလ်များထံမှ စာပေမှတ်တမ်းများအားဖြင့်သော်ငှင်း ဂိုင်းဝန်းကူညီလာမှုကို လိုအပ်လျက် ရှိပါသည်။

ကရင့်ရိုးရာ ယဉ်ကျေးမှု ထုံးတန်းစဉ်လာများနှင့် ပတ်သက်သည့် ဆောင်းပါးများ၊ ဓါတ်ပုံမှတ်တမ်းများ ကရင့်သမိုင်းဆိုင်ရာ အချက်အလက်များမှာမူ အမြဲတမ်းပင် လိုအပ်နေမည် ဖြစ်ပါသည်။

အထူးသဖြင့် ၁၉၉၆ ခုနှစ် နိုင်ငံသစ် စာစောင်၏ လုပ်ငန်းပေါ်လစီ ချမှတ်ထားချက်အရ "ပြည်တွင်းစစ်"နှင့် "ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းလှုပ်ရှားမှု" သမိုင်းမှတ်တမ်း ဆောင်းပါးများကို အဓိကထား၍ ဖော်ပြမည်ဖြစ်ရာ၊ ထိုအကြောင်းအရာများနှင့် ပတ်သက်သည့် ကိုယ်တွေ့ဖြစ်ရပ်များ၊ စုဆောင်းထားသည့် ရှားပါး ဓါတ်ပုံများ လက်ကမ်းကြော်ငြာများ စသည်ဖြင့် စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခြင်း မပြုရသေးသော အချက်အလက် အထောက်အထားများ၊ ပြည်ပတွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲကာလ မိမိတို့၏ နေ့စဉ်မှတ်တမ်းမှ ကောက်နုတ်ချက်များ၊ ပြည်တွင်းစစ် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် အတွေ့အကြုံ သဘောထား အမြင်များကို မည်သည့်အမျိုးသားပုဂ္ဂိုလ်ကြီးငယ်များထံမှ မဆိုထိုကား လှိုက်လှဲစွာ ကြိုဆိုနေလျက် ရှိပါသည်။

ထိုအကြောင်းအရာများနှင့် ပတ်သက်၍ ကိုယ်တွေ့ကြုံတွေ့ခဲ့ခြင်း (သို့မဟုတ်) လေ့လာ စုဆောင်း မှတ်တမ်းပြု သိမ်းဆည်းထားခြင်း ရှိသူ ပုဂ္ဂိုလ် ကြီးငယ်များ အနေဖြင့် မိမိတို့ ပြောကြား တင်ပြလိုမှုများကို သိုသိပ်မထားဘဲ၊ ကရင်တမျိုးသားလုံးသာမက အခြားအမျိုးသားများပါ လေ့လာခံစား သိရှိနိုင်ရေးအတွက် ကရင့်သမိုင်း သုတေသနဌာနသို့ ပေးပို့အကြောင်းကြား ဆက်သွယ်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနအသင်း။
**Independent Karen Historical Research Association.**
**P.O Box 888.**
**Sangkhla Buri 71240**
**Kanchana Buri Province.**
**Thailand.**




# အာဇာနည် မန်းဘခိုင်

## နှင့်

# ကရင်အမျိုးသားသမိုင်း၏ အလှည့်အပြောင်းကာလတော့

**စ ' စောမနီး**

# အာဇာနည် "မန်းဘခိုင်" နှင့် ကရင့်သမိုင်း၏ အလှည့်အပြောင်းတခု။

**စ' စောမန်း**

ကျနော်သည် မန်းဘခိုင်၏ အတ္ထုပ္ပတ္တိနှင့် ပတ်သက်၍ မြန်မာ့ စွယ်စုံကျမ်း အတွဲ "၈" စာမျက်နှာ ၂၅၃မှ မှတ်တမ်းဖော်ပြချက်များကို ဖတ်ရှုကြည့်ခဲ့ရာ ဖြည့်စွက်ရေးသားလိုသော ဆန္ဒ ပြင်းပြမိပါသည်။ ရေးသားလိုသော အကြောင်းမှာ အခြေခံအားဖြင့် အချက်နှစ်ချက် ရှိပါသည်။ ပထမအချက်မှာ မန်းဘခိုင်၏ ဆွေမျိုးများအတွင်း ကျနော်နှင့် ဆက်စပ်နေသော အခြေအနေများကို ဖြည့်စွက် ရေးသားခြင်းအားဖြင့် ပိုမိုပြည့်စုံလိမ့်မည်ဟု ယူဆမိခြင်းနှင့် ဒုတိယ အချက်မှာ မန်းဘခိုင်နှင့် ပတ်သက်၍ သမိုင်းရေးရာ ရှုဒေါင့်မှ လေ့လာချက် တရပ်ကို စာဖတ်သူများအား တင်ပြလိုသောကြောင့် ဖြစ်ပါသည်။

ကျနော်သည် မန်းဘခိုင်၏ ဆွေမျိုးဝင်တဦး ဖြစ်သည်။ မန်းဘခိုင်၏ အစ်ကိုအကြီးဆုံး ဖြစ်သူ "မန်းအောင်ခင်" မှာ ကျနော့် အဖိုးဖြစ်၏။ ကရင်အမျိုးသား အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ အတ္ထုပ္ပတ္တိကို မှတ်တမ်းပြုသူများက ဖော်ပြခဲ့ကြသော တိုက်သူကြီး "ဦးပေကုန်း" "အောင်ခင်နှင့် ညီများ ကုမ္ပဏီ" ဆိုသည့်ကုမ္ပဏီကို ထူထောင်သူ 'မန်းအောင်ခင်' မန်းဘခိုင်၏ နိုင်ငံရေး အခြေပြုရာ "ယုန်သလင်း" ကျေးရွာနှင့် မန်းဘခိုင် ပညာရှာမှီးခဲ့သော 'အေဘီအမ်ကျောင်း' ဆိုကျောင်းတည်ရာ 'ဟသ်ာတမြို့' စသည်တို့မှာ ကျနော့်ဘဝ တသက်တာနှင့် လုံးဝ ဆက်စပ်နေပါသည်။

သို့သော် ကျနော့်အနေဖြင့် ကျနော်၏ အဖိုးဖြစ်သော မန်းအောင်ခင်ကိုလည်း အဘေးတော်စပ်သော မန်းပေကုန်းကိုလည်း တွေ့မြင်ခဲ့ဘူးခြင်း မရှိပါ။ ကျနော် မမွေးမီ အချိန်ကပင် သူတို့ နှစ်ဦးစလုံး ကွယ်လွန် သွားခဲ့ပြီ ဖြစ်သည်။ အာဇာနည် မန်းဘခိုင်အား ကျနော်မြင်တွေ့ခဲ့ဘူးခြင်း ရှိ မရှိ ဆိုသည်ကိုပင် ကျနော်ကိုယ်တိုင် ဝေဝေ ဝါးဝါး ဖြစ်နေပါသည်။ ကျနော့် မိခင် ပြောပြချက်အရ ကျနော် (၃)နှစ်သား



အရွယ် သာသာက၊ မိခင်နှင့်အတူ ယုန်သလင်းကျေးရွာသို့ အလည်အပတ် သွားရင်း မန်းဘခိုင်နှင့် တွေ့ဆုံခဲ့ကြောင်းကို သိရသည်။ ထိုကာလမှာ ဂျပန်စစ်ရှုံးပြီး အင်္ဂလိပ်တို့ ဒုတိယ အကြိမ် ပြန်လည် ဝင်ရောက်လာစ ကာလဖြစ်သည်။ မန်းဘခိုင်၏ မိသားစုနှင့် ဆွေမျိုးများသည်၊ ယုန်သလင်း ကျေးရွာတွင် နေကိုင်သော်လည်း မန်းဘခိုင်မှာ မြန်မာ့ နိုင်ငံ ရေးတွင် ပါဝင်လှုပ်ရှားလျက် အမြဲလိုလိုပင်အတည်တကျ မရှိ လှည့်လည်သွားလာနေခဲ့သည်။ ဂျပန်ခေတ် အတွင်းသာ ယုန်သလင်းကျေးရွာတွင် အခြေပြုခဲ့ပြီး ဂျပန်စစ်ရှုံးပြီးကာလ၊ ကြုံကြိုက်သောကြောင့် ကျနော့်မိခင်နှင့် ဆုံတွေ့ခဲ့ရခြင်း ဖြစ်လေသည်။

ကျနော့် မိခင်သည် ယုန်သလင်းကျေးရွာ၌ မွေးဖွား ကြီးပြင်းခဲ့သည်။ သို့သော် ကျနော့်ဘခင်နှင့် အိမ်ထောင်ကျပြီးနောက်၌ ဘခင်၏ ဇာတိ ရပ်ရွာဖြစ် သော ကနွား မဲဇလီကျေးရွာသို့ ပြောင်းရွှေ့ နေထိုင်ခဲ့သည်။ ကနွား မဲဇလီ ကျေးရွာ ဆိုသည်မှာ ပုသိမ်ခရိုင် ကျုံပျော်မြို့နယ်ရှိ ပိုးကရင် ကျေးရွာကလေး တရွာ ဖြစ် သည်။ ယုန်သလင်းရွာနှင့်ဆိုလျှင် ကားလမ်း အတိုင်းသွားပါက မိုင် (၂၀)မျှ ကွာဝေးပါသည်။ ၁၉၃၅ ခုနှစ် အမေအသက် (၂၀) တွင် အိမ်ထောင်ကျပြီး ကျနော့် အမကြီးကို ၁၉၃၆ခုနှစ်တွင်၎င်း၊ ကျနော်၏ အကိုကြီးကို ၁၉၃၉ ခုနှစ်တွင်၎င်း၊ ကျနော့်ကို ၁၉၄၂ခုနှစ် ဂျပန်ခေတ်တွင် ၎င်း မွေးဖွားခဲ့သည်။ အမေသည် အိမ်ထောင်ရက်သားကျပြီး ယုန်သလင်းရွာမှ ထွက်ခွာလာခဲ့ရာ (၁၀)နှစ်လောက်ကြာမှ ယုန်သလင်းသို့ ပထမဆုံးအကြိမ် အဖြစ် အလည်အပတ် ပြန်လည်ရောက်ရှိခဲ့သည်။ ထိုအလည် အပတ်ခရီးတွင် ကျနော့်အား ခေါ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ကျနော့် အနေဖြင့် ဘိုးဘေးများ အခြေပြုနေထိုင်ရာ ယုန်သလင်းရွာသို့ ပထမဦးဆုံး ရောက်ခြင်းဟုသာ ပြောရပါမည်။ ပီပီပြင်ပြင်တော့ မမှတ် မိခဲ့ပါ။

* * *

မန်းဘခိုင်ကို (၁၂၆၅)ခု၊ တန်ဆောင်မုန်း လဆန်း (၇)ရက်။ ၁၉၀၃ ခုနှစ်တွင် ဟင်္သာတခရိုင်၊ ယုန်သလင်းကျေးရွာတွင် ဖွားမြင်ခဲ့သည်။ မန်းပေကုန်း၏ ပဉ္စမမြောက် သားဖြစ်သည်။ မန်းပေကုန်းတွင် သား သမီး (၈) ဦးရှိပါသည်။ အစဉ်လိုက်အားဖြင့် မန်းအောင်ခင်၊ မန်းသာစိန်၊ မန်းရာသင်၊ မန်းထွန်းလွင်၊ မန်းဘခိုင်၊ မန်းဘဆိုင်၊ မန်းအောင်တင်၊ နန်းအေးကြည်တို့ဖြစ်ပါသည်။ မန်းပေကုန်းတွင် အိမ်

ထောင် (၃)ဆက်ရှိသည်ဟု သိခဲ့ရသည်။ သူ၏ တတိယ အိမ်ထောင်ဆက်တွင် သားသမီး ထွန်းကားခဲ့ခြင်းမရှိပါ။ မန်းပေကုန်း၏ ပထမ အိမ်ထောင်ဆက်တွင် မန်းအောင်ခင်၊ မန်းသာစိန်၊ မန်းရာသင်၊ မန်းထွန်းလွင်တို့ဖြစ်ပြီး ဒုတိယ အိမ်ထောင်ဆက်တွင် မန်းဘခိုင်၊ မန်းဘဆိုင်၊ မန်းအောင်တင်၊ နန်းအေးကြည်တို့ဖြစ်သည်။ မန်းဘခိုင် အတ္ထုပ္ပတ္တိနှင့် ပတ်သက်၍ ရေးသားချက်များတွင် အဘ မန်းပေကုန်း၊ အမိဒေါ်ပုဟု ဖော်ပြ ထားရာ "ဒေါ်ပု" သည် မန်းပေကုန်း၏ ဒုတိယ အိမ်ထောင်ဆက် ဖြစ်သည်ဟု သိရပါသည်။

မန်းဘခိုင် သည် ငယ်စဉ်က ဟင်္သာတမြို့ အေဘီအမ် ကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ၁၉၂၀ ခုနှစ်တွင် (၇) တန်းစာမေးပွဲ အောင်မြင်ခဲ့သည်။ အေဘီအမ် ကျောင်းဆိုသည်မှာ မြန်မာနှစ်ခြင်း ခရစ်ယာန် သာသနာပြုကျောင်း ဖြစ်သည်။ ခရစ်ယာန် သာသနာပြု ကျောင်းတွင် စာသင်ခဲ့သောကြောင့်၊ နောက်ပိုင်းတွင် ခရစ်ယာန် ဘာသာသို့ ကူးပြောင်းခဲ့သည်။

ဘခင် မန်းပေကုန်းသည် ဗုဒ္ဓဘာသာဝင်တဦး ဖြစ်သည်။ ယုန်သလင်းကျေးရွာကို စတင် ထူထောင်ခဲ့သူလည်း ဖြစ်သည်။ ( ယုန်သလင်းကျေးရွာ တရွာလုံးမှာ ဗုဒ္ဓ ဘာသာဝင် ပိုးကရင်များသာ ဖြစ်လေသည်။)

မန်းပေကုန်းသည် ယုန်သလင်းကျေးရွာကို ထူထောင်ခဲ့သည်ဟုသာ ဆိုသော်လည်း ယုန်သလင်းကျေးရွာကို မည်သည့်ခုနှစ်က မန်းပေကုန်း စတင်ထူထောင် ခဲ့သည်ဆိုခြင်းကိုမူ ကျနော်တို့ မြေးမြစ် များ အနေဖြင့် အတိအကျ မသိပါ။ သာသနာ မှတ်တမ်းတခု၌ ၁၈၅၄ ခုနှစ် အောက်တိုဘာလတွင် အင်္ဂလိပ်လူမျိုး လက်တင်ဆရာ သောမတ်စ်သည် ထားဝယ်မှတဆင့် ဟင်္သာတသို့ ရောက်လာ ခဲ့သည်။ နောက်(၅)နှစ်အကြာ ၁၈၅၉ ခုနှစ်တွင် ဟင်္သာတ အနောက်ဖက် ဒေသကျေးရွာများသို့ သွားရောက်ကာ တရားဒေသနာ လှည့်လည်ဟောပြောအပြီး လေးမျက်နှာကျေးရွာသို့ ရောက်လာရာ ထိုရွာမှ ကရင်လူမျိုး (၁၅)ဦးကို နှစ်ခြင်းမင်္ဂလာ ပေးခဲ့သည်ဟု ဖော်ပြထားသည်။ လေးမျက်နှာ ကျေးရွာဆိုသည်မှာ ဟင်္သာတမှ ကားလမ်းအတိုင်းလာလျှင် ယုန်သလင်းကျေးရွာကို ဖြတ်ကျော်ပြီးမှ အိုင်သပြု၊ လေးမျက်နှာ စသည်ဖြင့် အစဉ်လိုက် ရောက်ရှိမည်ဖြစ်သည်။ ထိုကာလ၌ ယုန်သလင်း ကျေးရွာကို တည်ထောင်ခဲ့ခြင်းရှိမည်မဟုတ်သေးပါ။ ယုန်သလင်းရွာကို တည်ထောင်ခဲ့သူ မန်းပေကုန်းမှာလည်း မမွေးဖွားသေး (သို့) မွေးဖွားခဲ့ပြီး ကလေးဘဝသာ ရှိမည်ဖြစ်ပါသည်။ မန်းပေကုန်း အိမ်ထောင်ကျပြီး သားအကြီးဆုံး မန်းအောင်ခင်ကို မွေးဖွားသော ကာလသည်၊ အင်္ဂလိပ် မြန်မာ တတိယ စစ်ပွဲအပြီး ကာလတွင် ဖြစ်သည်။ ထိုကာလသည်၊ သူ့ကျွန်မခံသော ဗြိတိသျှ ဆန့်ကျင်ရေး လှုပ်ရှားမှု ကာလဖြစ်သည်။ ထိုလှုပ်ရှားမှုကာလတွင် မန်းပေကုန်းသည် ဆွေမျိုး သားချင်းများအား စုစည်းပြီး ယုန်သလင်းကျေးရွာကို စတင်ထူထောင်ခဲ့သည်ဟု ယူဆရ ပါသည်။

မန်းပေကုန်းသည် ဗုဒ္ဓဘာသာကို အခိုင်အမာ ယုံကြည်သူ ဖြစ်သော်လည်း မန်းဘခိုင်အပါအဝင် သား သမီးများကို သာသနာပြု ကျောင်းသို့ ပို့ဆောင်ခဲ့ခြင်းမှာ ထူးခြားချက်တခု ဖြစ်သည်။ အမှန်စင်စစ် မန်းပေကုန်းသည် သား သမီးများအား ခရစ်ယာန်ဘာသာဝင် ဖြစ်စေလိုသောဆန္ဒကြောင့်မဟုတ်ပါ။ မန်းပေကုန်းအနေဖြင့် သူ့သားသမီးများအား ဗြိတိသျှအုပ်ချုပ်ရေး ကာလ မြန်မာပြည်၏ အရေးကိစ္စတွင် လူတလုံးသူတလုံး ပါဝင်ဆောင်ရွက်ပတ် သက်စေလိုသော ဆန္ဒအရင်းခံသာရှိမည်ဖြစ်ပါသည်။ သူကိုယ်တိုင်လည်း ဗြိတိသျှခေတ် ကျေးရွာအုပ်ချုပ်ရေး တိုက်သူကြီး အဆင့်ဖြင့် ထမ်းဆောင်နေခဲ့သူ ဖြစ် သည်။ ထိုခေတ်ထိုကာလ အမှုထမ်း အရာထမ်းများ၏အခွင့်အာဏာမှာ အမှန်ပင် အထင်ကြီးစရာ ကောင်းနေပေသည်။ ထို့ကြောင့်ပင် နောက်ပိုင်း၌ ဘာသာရေးကိစ္စဖြင့် သားသမီးများနှင့် ကြီးမားသော ပဋိပက္ခရှိလာမည်ကို မန်းပေကုန်း တွက်ချက်မိပုံ မပေါ်ခဲ့ခြင်း ဖြစ်လေသည်။

နွေကျောင်းပိတ်သော နေ့တနေ့တွင် ဟင်္သာတမြို့၌ကျောင်းတက်နေသော သားများပြန်လာရာ ဘခင် မန်းပေကုန်းနှင့် ဘာသာရေး ကွဲပြားမှု ပြဿနာ အကြီးအကျယ် တက်တော့သည်။ မန်းပေကုန်းသည် မိမိ၏သားများ ခရစ်ယာန်ဘာသာသို့ ကူးပြောင်း သွားခဲ့သည်ကို သိရှိရန်မှာ ခဲယဉ်း သည့် ကိစ္စမဟုတ်ပေ။ တရွာလုံး ဗုဒ္ဓဘာ-သာများဖြစ်၍ မိရိုးဖလာ သာသနာရေးကိစ္စများကို ထမ်းဆောင်ရန် ပြောင်ပြောင်တင်းတင်းပျက်ကွက်ကြသော သားများနှင့် မန်းပေကုန်း ထိပ်တိုက် တိုးတော့သည်။ မန်းပေကုန်းသည် ဒေါသကြီးသူဖြစ်ရာ လက်စွဲတော်ကိုးလုံးကျည် နှစ်လုံးပြူးသေနတ်ကို ဆွဲကာသူ့ သားများအား သတ်မည့်တကဲကဲ မာန်မဲ ကြိမ်းမောင်းလေသည်။သားများဘက်ကလည်း မန်းဘခိုင်က ဦးဆောင်ကာ၊ ညီ အကိုများ တန်းစီရပ်ပြီး ရင်ကော့ပေးလျက် သတ်ချင်သတ်၊ ခရစ်ယာန်ဘာသာကို မစွန့်လွှတ်နိုင်ဟု အတိအလင်း ဆန့်ကျင်ခဲ့ကြသည်။ နောက်ဆုံး၌ မန်းပေကုန်း လက်လျှော့ အရှုံးပေးခဲ့ရလေသည်။ မန်းဘခိုင်နှင့် ညီအကိုများသည် ယုံကြည်ချက် တခုအတွက် အသက်ပေး စွန့်လွှတ်ရဲသော သတ္တိရှိကြကြောင်းနှင့် ကျောင်းသားအရွယ် ငယ်စဉ် ဘဝကပင် သန္နေတည်ခဲ့သည်ဟု ပြောစမှတ် ပြုခဲ့ကြရသည်။ ဤကိစ္စရပ်မှာ ယုန်သလင်းကျေးရွာတွင် ခရစ်ယာန်သာသနာ ပေါ်ပေါက်လာ ရန်အတွက် အစအဦးဆုံးသော အပြောင်းအလဲ တရပ်ဖြစ်ပြီး၊ နောင်နှစ်ပေါင်း အတော်ကြာသည့်အခါတွင် ယုန်သလင်းကျေးရွာ၌ ခရစ်ယာန်အသင်းတော်တခုကို တည်ထောင် ခဲ့ပေသည်။ ယနေ့ထက်တိုင် ထိုအသင်းတော်သည် ဟင်္သာတ – ဓနုဖြူ ပိုး ကရင် နှစ်ခြင်းအသင်းစုတွင် ပါဝင်လျက် ရှိနေသည်။

မန်းဘခိုင်သည် (၇)တန်း အောင်

ပြီးနောက် ကျောင်းမှထွက်ပြီး ဝါသနာအလျောက် ဘားမား ရိုင်ဖယ်တပ်သို့ ဝင်ရောက် အမှုထမ်းဆောင်သည်။ ထိုစဉ်က သူ့အသက်မှာ (၁၈)နှစ် သာသာလောက်သာရှိမည်ဖြစ်သည်။ ဆက်လက်၍ ပညာသင်ကြားသင့်သောအရွယ်ဟု ဆိုရပေမည်။ သို့သော်လည်း ထိုခေတ်က ဟင်္သာတမြို့တွင် အထက်တန်းကျောင်းများ ပေါ်ပေါက် သေးပုံ မရပေ။ ဟင်္သာ တမြို့တွင် အထက်တန်းကျောင်း စတင် ဖွင့်လှစ်နိုင်ခဲ့သည်မှာ ၁၉၂၇ ခုနှစ်ကျမှ ဖြစ်သည်ဟု သာသနာသမိုင်း တွင် ဖော်ပြထားသည်။ သို့သော် ဟင်္သာတမြို့ ဒေသပတ်ဝန်းကျင်၌ ခေတ်ပညာကျောင်းများကို စတင်ဖွင့်လှစ်ခဲ့ သည်မှာ ၁၈၅၄ ခုနှစ် ကထဲကဖြစ်ပြီး သာသနာပြု ဆရာများ ဟင်္သာတသို့ ရောက်လာခဲ့ပြီး မရွေး မနှောင်းမှာပင် ဖြစ်သည်။ ၁၈၆၁ ခုနှစ်တွင် ခရစ်ယာန် သာသနာဝင် အသင်းတော် (၄၅)ဖွဲ့ရှိလာခဲ့ရာ အသင်းတည်ရှိရာ ကျေးရွာအများစုမှာ စာသင်ကျောင်း များကို စတင် ဖွင့်လှစ်ခဲ့ကြလေသည်။ ဟင်္သာတမြို့တွင်းကျောင်းကို ဆရာသောမတ်စ်တို့ ဇနီးမောင်နှံကိုယ်တိုင် ဦးစီး ဖွင့်လှစ်ခဲ့ပြီး သာသနာပြုရန် ရည်ရွယ်ချက်ရှိထားသူများကိုသာ လက်ခံခဲ့ သည်။ ၁၈၇၃ ခုနှစ်မှ စတင်၍ အင်္ဂလိပ်စာကို သင်ကြားခဲ့သည်။ မည်သို့ပင် ဖြစ်စေ ခေတ်ပညာကို မည်သူမဆို လွတ်လပ်စွာ သင်ယူနိုင်သော အချိန်အခါမှာ နှစ်အတန်ကြာမှပင် ပေါ်ပေါက်ခဲ့ပေသည်။ မန်းဘခိုင်၏ စာသင်သားဘဝတွင် ခေတ်ပညာရပ်များကို မည်သည့် ဘာသာဝင်မဆို လွတ်လပ်စွာ လေ့လာသင်ကြားနိုင်သောကာလ ဖြစ်လေသည်။ သို့သော် သူကိုယ်တိုင် ဘာသာရေး ကိုးကွယ်မှု၊ ယုံကြည်မှု အပြောင်းအလဲဖြစ်ခဲ့ရပြီး နောင်တွင် သူ့ဆွေမျိုးစု အတွင်းသို့တိုင်အောင် ဘာသာရေး အပြောင်းအလဲကြီး ဖြစ်ခဲ့ရလေသည်။

မန်းဘခိုင်သည် အလယ်တန်း အောင်သည့်အခါ၌ ကျောင်းမှထွက်ခဲ့ပြီးနောက် ဘားမားရိုင်ဖယ်တပ်တွင် အမှုထမ်းခဲ့သည်။ သို့သော် မကြာပါချေ။ ဆွေမျိုးများက ဝိုင်းဝန်းကန့်ကွက်သဖြင့် တပ်မှထွက်ခဲ့ရလေသည်။ ထို့နောက်အေစကော့ကုမ္ပဏီတွင် စာရေးကြီးအဖြစ် ဝင်ရောက်အမှုထမ်း ပြန်သည်။ ၁၉၂၆ ခုနှစ်တွင် သူ့လက်အောက်မှ ကရင်အမျိုးသား စာရေးတဦး၏ကိစ္စဖြင့် မန်နေဂျာနှင့် သဘောချင်း မတိုက်ဆိုင်သောကြောင့် အလုပ်မှထွက်ပြီး ယုန်သလင်းကျေးရွာသို့ ပြန်ခဲ့လေသည်။ ထိုရွာ၌ပင် အကိုအကြီးဆုံး "မန်းအောင်ခင်" ဦးစီးထူထောင်သော "အောင်ခင်နှင့် ညီများကုမ္ပဏီ"တွင် ပါဝင်လုပ်ကိုင်ခဲ့သည်။

ဤနေရာတွင် အလျဉ်းသင့်၍ မန်းဘခိုင်၏အကို မန်းအောင်ခင်နှင့် ပတ်သက်ပြီး အနည်းငယ် ဖော်ပြလိုပါသည်။ မန်းပေကုန်း ကွယ်လွန်ပြီးနောက် အကိုကြီး အဘအရာဆိုသကဲ့သို့ မန်းအောင်ခင်သည် လူလားမြောက်ပြီဖြစ်သော ညီများအပေါ်တွင် ဘခင်သဖွယ် ဦးဆောင် လမ်းညွှန်မှု ပေးရန်အတွက်သာမက စည်းစည်းလုံးလုံးဖြင့် ဥမကွဲ သိုက်မပျက်စေဘို့ရန်လည်း တာဝန်ရှိလာပေသည်။ ကျနော်အဘိုး မန်းအောင်ခင်သည်လည်းသူ့ ဘခင်မန်းပေကုန်းကဲ့သို့ပင် အိမ်ထောင်ဆက် (၃)ဆက်ရှိပါသည်။ ပထမ အိမ်ထောင်တွင် သား သမီး (၂)ဦး ထွန်းကားပြီး၊ ဒုတိယ အိမ် ထောင်တွင် သမီး (၁)ဦး၊ တတိယ အိမ်ထောင်တွင် သား သမီး (၃)ဦး ထွန်းကား ပါသည်။ အစဉ်လိုက်ပြောရလျှင် ...

(၁) မန်းထွန်းရွှေ၊ (၂) မသန်း၊
(၃) နန့်အသန်း၊ (၄) မန်းထွန်းဖေ၊
(၅) နန့်သန်းသန်း၊ (၆) နန့်ခစ်ထေဟူ၍

စုစုပေါင်း (၆)ယောက် ဖြစ်ပါသည်။ သမီး (၄)ဦးအနက် (၃)ဦး၏ အမည်များမှာ လုံးဝ ဆင်တူသယောင်ပင် ဖြစ်နေပါသည်။ ကျနော်၏ မိခင်မှာ ပထမ အိမ်ထောင်မှ ဖြစ်သည်။ အဘိုးသည် အိမ် ထောင်ဆက် (၃)ဆက်မှ သားသမီးများကို အမည်ပေးရာတွင် သားယောကျ်ားများကို "ထွန်း" သမီးများကို "သန်း" ဟူသော အမည်များကို အထူးတလည် ရွေးချယ်ခဲ့သည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် အဘိုးသည် သား သမီးများအပေါ် ထွန်း ထွန်း ပေါက်ပေါက်နှင့် ကြီးပွားစေလိုသူ တဦးဖြစ်ကြောင်းမှာထင်ရှားနေပါသည်။ ဦးဆောင်ဖွင့်လှစ် ခဲ့သော "အောင်ခင် နှင့် ညီများကုမ္ပဏီ"သည် စီးပွားရေးကို အခြေခံကာ တိုးတက်မှုကြီးပွားလိုမှု မျှော်မှန်းချက်တရပ် ဖြစ်ပါသည်။ သို့သော်တဦးကောင်း တယောက်ကောင်းထက် ဆွေမျိုးစုများကို ထွန်းထွန်း ပေါက် ပေါက် ဖြစ်စေလိုသော ဆန္ဒလည်း ပူးတွဲ ပါဝင်နေပေသည်။

ကျနော်၏မိခင်သည် သူ၏ဖခင် မန်းအောင်ခင်နှင့် ပတ်သက်၍ ကျနော့်အား မကြာခဏပြောပြရာတွင် အဘိုး ဦးဆောင်ခဲ့သော အောင်ခင်နှင့်ညီများ ကုမ္ပဏီကို ထူထောင်စဉ်က အမေ့ အသက်မှာ (၁၀)နှစ်ကျော်ရှိနေပြီဖြစ်သည်။ ၁၉၂၆ မုနှစ် ပင်ဖြစ်ပါသည်။ ထိုအချိန်က အဘိုးသည် ဒုတိယအိမ်ထောင်နှင့် ဖြစ်၍ အမေသည် အဖွားလေး "နန့်အေးကြည်" နှင့် အတူ နေထိုင်ပြီး ကျောင်းဖွင့်ရက်များတွင် ဟင်္သာတမြို့ "ဖက်(စ်)ကရင်"ကျောင်းတွင် ကျောင်းအိပ် ကျောင်းစား တက်ရောက်ပါသည်။ အဘိုး မန်းအောင်ခင် အဆိုပါ ကုမ္ပဏီကို စတင်ထူ ထောင်သော အချိန်က မန်းဘခိုင်၊ မန်းဘဆိုင် ညီ အကိုများမှာ ရန်ကုန်တွင် စာရေး စာချီဘဝဖြင့် အမှုထမ်း နေကြပါသည်။ မန်းအောင်ခင်သည် ညီငယ်များကို ပြန် ခေါ်ပြီး ထိုကုမ္ပဏီတွင် အမှုထမ်းစေခဲ့သည်ဟု ဆိုသည်။ အေစကော့ ကုမ္ပဏီနှင့် အဆင်မပြေဖြစ်နေသော မန်းဘခိုင်သာမက၊ မည်သို့မျှ ပြဿနာမရှိသော မန်းဘဆိုင်ပါ ၎င်း၏အလုပ်ကို စွန့်လွှတ်ပြီး အဘိုးမန်းအောင်ခင်နှင့် လာရောက်လက်တွဲခဲ့သည်။ အဘိုးနှင့် ညီအကိုများသည် စုပေါင်း ဦးဆောင်မှုဖြင့် ထို ကုမ္ပဏီ ကို စတင်ဖွင့်လှစ်ခဲ့ရာ မိမိတို့အကျိုးအမြတ်တခုတည်းအတွက် မဟုတ်ဘဲ ထိုဒေသတွင်းရှိ ကျေးရွာများ သက်သာချောင်ချိ ရေးအတွက်ပါ အလေးထား စီစဉ်ဆောင်ရွက်ကြသဖြင့်၊ မိမိတို့ကျေးရွာသားများသာမက အနီးအနား ကျေးရွာ

များကပင် ဝမ်းမြောက်ကျေနပ် ကျေးဇူးတင်ခဲ့ကြသည်ဟု ဆိုသည်။ ဤအချက်မှာ နောင်တွင် မန်းဘခိုင် နိုင်ငံရေးလောကသို့ ရောက်ရှိပြီး အောက်လွှတ်တော် အမတ်အဖြစ် ဝင်ရောက်အရွေးခံရာ၌ အနိုင်ရခဲ့သော အကြောင်းရင်းများတွင် တချက်အပါအဝင် ဖြစ်ပေသည်။

မန်းဘခိုင်၌ အိမ်ထောင် (၂) ဆက် ရှိသည်။ ပထမအိမ်ထောင် ဒေါ်အေးလုံနှင့် သား သမီး (၈)ဦး ထွန်းကားပြီး၊ ဒုတိယ အိမ်ထောင် ဒေါ်ခင်နီနှင့် သား သမီး (၂)ဦး ထွန်းကားသည်။ ဒုတိယ အိမ်ထောင်မှာ ၁၉၃၈ ခုနှစ်တွင် လက်ထပ်ခဲ့သည်။ သမီးအကြီးဆုံး နန့်ခင်ရီမှာ ယခု အသက်ထင်ရှားရှိဆဲဖြစ်ပြီး အသက် (၇၂) နှစ်ရွယ် ရှိနေပြီဖြစ်သည်။ မန်းဘခိုင်သည် အသက် (၂၀) ပတ်ဝန်းကျင်၌ လက်ထပ်ခဲ့သည်ဟု ခန့်မှန်းရသည်။ အောင်ခင်နှင့် ဘရားသားကုမ္ပဏီတွင် အမှုထမ်းပြီးနောက် အကိုအကြီးဆုံး မန်းအောင်ခင်နှင့် ယုန်သလင်း တွင်နေထိုင်သော ကာလက ဖြစ်ပေမည်။ ပထမအိမ်ထောင် "ဒေါ်အေးလုံ" နှင့် သား သမီး (၈)ဦးမှာ အစဉ်လိုက်အားဖြင့် ... (၁) နန့်ခင်ရီ၊ (၂) နန့်ခင်စီ (ကွယ်လွန်)၊ (၃) မန်းချစ်ခင် (ကွယ်လွန်)၊ (၄) မန်းချစ်တင် (ကွယ်လွန်)၊ (၅) မန်းချစ်ရင် (ကွယ်လွန်)၊ (၆) မန်းချစ်ရှင် (ကွယ်လွန်)၊ (၇) မန်းချစ်ငွေးခိုင်၊ (၈) နန့်ခင်ငွေးရီဖြစ်သည်။ ဒုတိယ အိမ်ထောင်နှင့် သား သမီး (၂) ဦး မှာ (၁) ဒေါ် မြင့်မြင့်ခိုင်၊ (၂) ဦးအောင်ခိုင် တို့ဖြစ်သည်။

မြန်မာ့ စွယ်စုံကျမ်း အတွဲ(၈) စာမျက်နှာ(၂၅၃)၊ မန်းဘခိုင် အတ္ထုပ္ပတ္တိတွင်၊ ဒုတိယ ဇနီး သည်၏အမည်ကိုသာ ဖော်ပြ မှတ်တမ်းတင် ထားပါသည်။ ဤကိစ္စမှာ နိုင်ငံတော်အစိုးရ၏ ချို့ယွင်းချက်တခုဟု ကျနော်ယူဆပါသည်။ "မန်းဘခိုင်" ကွယ်လွန်ပြီးနောက် ကျန်ရစ်သော မိသားစုများအတွက် ထောက်ပံ့ငွေများကို စီစဉ်ရာတွင် အဖွား ဒေါ်အေးလုံနှင့် မိသားစု (၈)ဦးမှာ အစတွင် အကျုံးမဝင်ဘဲ ရှိနေခဲ့သည်။ သို့သော် "မန်းဘဆိုင်" နှင့် ကျန်ဆွေမျိုးများ၏ ကြိုးပမ်းမှုကြောင့် ထောက်ပံ့ငွေကို အညီအမျှ လက်ခံရရှိခဲ့လေသည်။ ပထမ အိမ်ထောင်နှင့် သားသမီး (၈)ဦး အနက် အကြီးဆုံးနှင့် အငယ်ဆုံး (၂)ဦးသာ အသက်ရှင်ဆဲရှိပါသည်။ ဒုတိယ အိမ်ထောင်မှ သား သမီးများမှာ အရာထမ်း အမှုထမ်းများ ဖြစ်ကြလေသည်။

မန်းဘခိုင်သည် ၎င်းနှင့်လုပ်ဖော်ကိုင်ဖက် ကရင်အမျိုးသား နိုင်ငံရေးသမားများနှင့် နှိုင်းယှဉ်လျှင် ခေတ်ပညာအားဖြင့် အနိမ့်ဆုံးဟုပင် ဆိုရပေမည်။ ၎င်း၏လုပ်ဖော် ကိုင်ဖက်များဖြစ်သော စောဘဦးကြီး၊ စောဖေသာ၊ စောဆစ်ဒနီလူနီ၊ စောမြသိန်း၊ စောဖိုးချစ် စသည်တို့သည် ခေတ်ပညာအားဖြင့် ဘွဲ့ထူး အသီးသီး ရရှိထားသူများဖြစ်သည်။ သို့သော် ၎င်းတို့သည် မန်းဘခိုင်အား ကရင် အမျိုးသား နိုင်ငံရေး သမားတဦးအဖြစ်၊ ခေါင်းဆောင်တဦးအဖြစ် ယုံကြည်အားထားကြသော အချက်မှာ သူသည်ပြဿနာ အရပ်ရပ်ကို နားလည်သိကျွမ်းခြင်းနှင့် တည်တည်ငြိမ်ငြိမ်ရှိခြင်း၊ တိကျပြတ်သားခြင်းများကြောင့် ဖြစ်သည်။ သူသည် ပင်ကိုယ်အားဖြင့် ယုံကြည်ချက်ခိုင်မာပြီး အမျိုးထိလျှင် မခံတတ်သူ ဖြစ်သည်၊ သို့သော် ထိုအချက်များသည် နိုင်ငံရေးသမား တဦးအတွက် ပြည့်စုံလုံလောက်သော အရည်အချင်းများ မဟုတ်သေးပါ။ လူထုပြဿနာကို နားလည်ခြင်း၊ လူထုအကျိုးကို ရှေ့ရှုတတ်ခြင်း စသည့် အချက်များသည်လည်း နိုင်ငံရေးသမား၏ အရည်အချင်းတွင် အကျုံးဝင်လျက်ရှိပေသည်။ ယုန်သလင်းတွင် ရှိစဉ်က မိမိတို့ ၏ လုပ်ငန်းနှင့် လူထု၏ အကျိုး စီးပွါးကို ဆက်စပ် နားလည် ဆောင်ရွက်ခဲ့သော အတွေ့အကြုံသည်လည်း အဓိက ကျလှပါသည်။ ဤအတွေ့အကြုံကို မန်းဘခိုင်သည် အကိုအကြီးဆုံး မန်းအောင် ခင်နှင့် ပြန်လည်ပူးပေါင်းဆောင်ရွက်သည့် ကာလ ၁၉၂၇ ခုနှစ်မှစ၍ ဗြိတိသျှ ပါလီမန် အမတ်အဖြစ် ဝင်ရောက် အရွေးခံသော ၁၉၃၆ ခုနှစ်အထိ၊ ကျေးရွာလုပ်ငန်းများနှင့် အမျိုးသား လုပ်ငန်းများကို တတပ်တအား ပါဝင်လုပ်ဆောင်နေစဉ်တွင် ရရှိခဲ့ခြင်းဖြစ်သည်။ မန်းဘခိုင်သည် အေစကော့ စာရေးဘဝမှ အောင်ခင်နှင့်ညီများ ကုမ္ပဏီတွင် ဝင်ရောက် ဆောင်ရွက်ရင်း စီးပွားရေး အတွေ့အကြုံသာမက၊ စည်းရုံးရေး အတွေ့အကြုံပါရရှိကာ လူထု ခေါင်းဆောင် တယောက်အဖြစ် အများက ယုံ ကြည်လာသည်အထိ ဦးဆောင်ဦးရွက်ပြု နိုင်ခဲ့သည်ဟုပင်ဆိုရမည် ဖြစ်ပေသည်။

မန်းပေကုန်း ကွယ်လွန်သောအခါ ကျေးရွာကိစ္စများကို အစဉ်အလာအားဖြင့် "မန်းအောင်ခင်" က ဆက်လက်တာဝန်ယူရမည်ဖြစ်သည်။ သို့သော် အဘိုးသည် တိုက်သူကြီးအဖြစ် အဘေး၏အရိုက်အရာ ဆက်ခံခဲ့ကြောင်းကိုမူ ကျနော့မိခင်ထံမှ စကားစပ်၍တခါမျှပင် ပြောပြ ကြားသိခဲ့ဘူးခြင်း မရှိပါ။ သို့သော် ၁၉၂၆ မှစ၍ အောင်ခင်နှင့် ညီများ ကုမ္ပဏီကို အဘိုး ဦးဆောင်သော ကာလတွင် အဘိုး၏ညီ "မန်းရာသင်" က ယုန်သလင်းကျေးရွာကို ဆက်လက် အုပ်ချုပ်ကြောင်းကိုတော့ သိရလေသည်။ မန်းအောင်ခင်နှင့် ဆွေမျိုး စုများ၏ ထူးခြားချက်တခုမှာ ၎င်းတို့ ညီ အကိုများ အဆင့်ဆင့် စီမံကွပ်ကဲမှုအောက်တွင် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ အထက်မှစီမံသည့်အတိုင်း ပြန်လည်ဆန့်ကျင်ပြောဆိုခြင်း မရှိဘဲ စည်းကမ်းနှင့်အမိန့်ကို တသွေမတိမ်း လိုက်နာတတ်သော အစဉ်အလာပင်ဖြစ်လေသည်။ ထိုအချက်မှာ မန်းဘခိုင် အဘို့ နိုင်ငံ ရေး သမားတယောက်အဖြစ်၊ နိုင်ငံ့တာဝန် ထမ်းဆောင်ရာတွင် အထက်အောက် ဆက်ဆံရေး ကိစ္စများကို ပြေပြစ်စေခဲ့သည့် အတွေ့အကြုံ အလေ့အကျင့် တခုပင် ဖြစ်သည်။

မန်းဘခိုင်တို့လက်ထက် ယုန်သလင်းကျေးရွာသည် လူမျိုးပေါင်းစုံ နေထိုင်သော ကျေးရွာတရွာဖြစ်လာသည်။ လူမျိုးရေးခွဲခြားမှုမရှိ။ လူမျိုးတိုင်း တတန်း တစားတည်းသော ဆက်ဆံရေးနှင့်၊ စည်းစည်း လုံးလုံးရှိကြသဖြင့် ကရင်၊ ဗမာ၊

ကုလား၊ အားလုံးချစ်ကြည်ရင်းနှီးမှု ရှိသော ကျေးရွာတရွာဟု ဆိုရမည်ဖြစ်သည်။ ၁၉၄၉ ခုနှစ် ကရင်အမျိုးသား လက်နက်ကိုင် တော်လှန်ရေး စတင်ဖြစ်ပေါ်ခဲ့သော "ကရင် – ဗမာ ပဋိပက္ခ"တွင် ယုန်သလင်း ကျေးရွာသည် ကရင်၊ ဗမာ အချင်းချင်း တဦးအပေါ် တဦးအငြိုးအငြင် မပျက်ဘဲ၊ ထိတ်လန့်စရာ အခြေအနေများနှင့် ကင်းဝေးခဲ့လေသည်။ သို့ဖြစ်ရသည်မှာ မန်းဘခိုင်တို့ဆွေမျိုးစုများ အုတ်မြစ်ချခဲ့သော လူ မျိုးချင်း စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်း ကူညီမှု၊ ပူးပေါင်းဆောင်ရွက်မှု စိတ်ဓါတ်များကြောင့်ဟုသာ ဆိုရမည် ဖြစ်လေသည်။

မန်းဘခိုင်သည် အကိုအကြီးဆုံး မန်းအောင်ခင်ဦးစီးသော အောင်ခင်နှင့် ညီများကုမ္ပဏီ၌ပါဝင်လုပ်ကိုင် စဉ်ကာလတွင်ပင် ကျေးရွာဝန်းကျင်ရှိ ကရင်ခလေးသူငယ်များ ကရင်ဘာသာကိုသင်ကြားနိုင်ရန် ကျောင်းတကျောင်းဖွင့်လှစ်ပြီး ကိုယ်ဖိရင်ဖိ စီမံ အုပ်ချုပ်ခဲ့သည်။ ကုမ္ပဏီ၏ အရောင်း အဝယ် ကိစ္စ နှင့်သော်၎င်း၊ ကျောင်းကိစ္စနှင့် သော်၎င်း၊ ရန်ကုန်သို့မကြာခဏ ရောက်ရှိခဲ့လေသည်။ဤသို့ သွားရင်းလာရင်းဖြင့် ကရင်ခေါင်းဆောင်များဖြစ်သော ဆစ်ဒနီ လူနီ၊ မန်းရွှေဘ စသူတို့နှင့် သိကျွမ်းပြီး ရံဖန် ရံခါ တွေ့ဆုံဆွေးနွေးမိခဲ့ရာမှ နိုင်ငံရေး ဖက်သို့ ဝင်ရောက်လှုပ်ရှားရန် လမ်းစပေါ်ပေါက်ခဲ့လေသည်။ စောဆစ်ဒနီလူနီ နှင့် မန်းရွှေဘတို့သည် ၁၈၈၁ ခုနှစ်က ဖွဲ့စည်းခဲ့သော "***Karen National Association***"ခေါ် ဒေါကလူအဖွဲ့မှ အဖွဲ့ဝင်များ ဖြစ်ကြလေသည်။ မြန်မာပြည်ကို အိန္ဒိယမှ ခွဲထွက်ပြီး နောက်၊သီးခြားဖြစ်လာသော မြန်မာပြည်ဆိုင်ရာ (၉၁)ဌာန အုပ်ချုပ်ရေး အတွက် တိုင်ပင်ဆွေးနွေးရန် ဘိလပ်မှ ဖိတ်ကြားရာတွင်၊ အတွေ့အကြုံရှိသော ဆစ်ဒနီ လူနီမှာ ကရင်အမျိုးသားအဖွဲ့ ခေါင်းဆောင်အဖြစ်၎င်း၊ မန်းရွှေဘ (သရာ ရွှေဘ)က အဖွဲ့ဝင်အဖြစ်၎င်း၊ ဒေါကလူအဖွဲ့၏ တာဝန်ပေးခြင်းခံခဲ့ရလေသည်။ (၉၁) ဌာန အုပ်ချုပ်ရေးသည်၊ ၁၉၃၅ ခုနှစ်၌ တရားဝင် ဖြစ်လာသည်။ ယင်းအုပ် ချုပ်ရေးတွင် အမတ် (၁၃၂)ယောက် သတ်မှတ်ထားရာ

(၁) လူမျိုးမရွေးအမတ် (၉၁) ယောက်၊
(၂) ကရင်သီးသန့်အမတ် (၁၂)ယောက်၊
(၃) အိန္ဒိယသားအမတ် (၈)ယောက်၊
(၄) အင်္ဂလိပ်အမတ် (၃)ယောက်၊
(၅) အင်္ဂလိပ်ကပြား (၂)ယောက်၊
(၆) ကုန်သည်ကြီးအသင်း (၁၀)ယောက်၊
(၇) ရန်ကုန်တက္ကသိုလ် (၁)ယောက်၊
(၈) အိန္ဒိယအလုပ်သမား (၂)ယောက်၊
(၉) မြန်မာအလုပ်သမား (၂)ယောက်၊

တို့ဖြစ်လေသည်။ (၉၁)ဌာန အုပ်ချုပ်ရေးအတွက် ဥပဒေပြုအမတ် ရွေးပွဲကို– ၁၉၃၆ ခုနှစ် နိုင်ဝင်ဘာလတွင် ကျင်းပလေသည်။ ထိုရွေးကောက်ပွဲ၌ မန်းဘခိုင်သည် "မအူပင် မြောက်ပိုင်း" အောက်လွှတ်တော် အမတ်အဖြစ် ဝင်ရောက် အရွေးခံ ရာတွင် ရှုံးနိမ့်ခဲ့သည်။

၁၉၃၇ခုနှစ်၊ ဥပဒေပြုလွှတ်တော် အမတ်ရွေးကောက်ပွဲတွင် ပုသိမ်မြောက်ပိုင်း အမတ်တနေရာအတွက် ကြားဖြတ် ရွေးကောက်ပွဲ ကျင်းပပြန်ရာ မန်းဘခိုင် အရွေး ခံခဲ့ ရလေသည်။

(၉၁) ဌာန အုပ်ချုပ်ရေး ကာလတွင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်(၂)ရပ်ထားရှိသည်။ အထက်လွှတ်တော် (ဆီးနိတ်)တွင် အမတ် (၃၆) နေရာရှိသည်။ (၁၈)ဦးကို ဘုရင်ခံက တိုက်ရိုက်ခန့်အပ်၍ ကျန်(၁၈)ဦးကို မဲဆန္ဒဖြင့် ရွေးချယ်သည်။ အထက်လွှတ်တော်(၃၆) နေရာတွင် ကရင်ကအမတ်နေရာ (၃) နေရာ ရရှိသည်။

အထက်လွှတ်တော် အမတ်များမှာ ...
(၁) ဆရာဦးစံဘော်၊
(၂) ဒေါက်တာ စံစီဖိုး၊
(၃) ဆရာမန်းရွှေဘ တို့ဖြစ်ပြီး၊
အောက်လွှတ်တော် အမတ်များမှာ ...
(၁)စောဖေသော၊ (၂)မန်းကံအေး၊
(၃) ဦးဖိုးမျှင်၊ (၄) စောဆစ်ဒနီလူနီ၊
(၅) မန်းထွန်းခင်၊ (၆) မန်းဘခိုင်၊
(၇) မန်း ရွှေညွန့်၊ (၈) စောမြသိန်း၊
(၉) ဦးလှဖေ၊ (၁၀) စောဖိုးချစ်၊
(၁၁) စောသာဒွေး၊
(၁၂) စောဂျွန်ဆင်ဒီဖိုးမင်းတို့ ဖြစ်ကြလေသည်။

မန်းဘခိုင်သည်–၁၉၃၇/၃၈ ခုနှစ် အတွင်း ကရင်အမျိုးသား၏ "နှစ်သစ်ကူး" နေ့ရက်သတ်မှတ်ရေးအတွက် လုပ်ဖော်ကိုင်ဖက်များနှင့်အတူ အင်တိုက် အားတိုက် ပါဝင်တိုက်ပွဲဝင် တောင်းဆိုခဲ့လေသည်။ ၁၉၄၁ခုနှစ်သို့ ရောက်သောအခါတွင် မန်းဘခိုင်သည် တရားရေးဌာန ဝန်ကြီး စောဖေသော၏ အတွင်းဝန်ကလေး အဖြစ် ခန့်ထားခြင်းခံရသည်။ စောဖေသောသည် မန်းဘခိုင်ထက် တနှစ်ခန့်ကြီးပြီး ရန်ကုန်တက္ကသိုလ်တွင် ဘီအေဘွဲ့ကို ရယူပြီး ဥပဒေပညာကို ဘိလပ်တွင် သွားရောက်ဆည်းပူးကာ ဝတ်လုံဘွဲ့ ရရှိခဲ့သူဖြစ်လေသည်။ ၁၉၃၇ခုနှစ် ရွေးကောက်ပွဲ၌ အောက်လွှတ်တော်အမတ် (၁၂)ဦးတွင် မြောင်းမြကရင်မဲဆန္ဒနယ်မှနေ၍ အမတ်ဖြစ်လာခဲ့သည်။ ၁၉၃၇ခုနှစ် ဒေါက်တာဘမော် လက်ထက်တွင် သစ်တောဝန်ကြီးဖြစ်လေသည်။ သို့သော် ဒေါက်တာဘမော် အစိုးရပြုတ်ကျပြီး ဦးပုအစိုးရ တက်လာသည့်အခါ ဌာနလက်မဲ့ဝန်ကြီး ဖြစ်သွားသည်။ ထို့နောက် ဦးပုပြုတ်ကျပြီး ဦးစော၏ အစိုးရအဖွဲ့တက်လာရာ စောဖေသောမှာ တရားရေးရာ ဝန်ကြီးဖြစ် လာပြန်လေသည်။ နန်းရင်းဝန်ဦးစော အစိုးရလက်ထက်တွင် စောဖေသော၏ အတွင်းဝန်မှာ မန်းဘခိုင်ဖြစ်လေသည်။

သို့သော် မန်းဘခိုင်သည် ဝန်ထမ်းလောကတွင် ပျော်ပိုက်မှု မရှိချေ။ ကရင် အမျိုးသားများ လူနေမှု အဆင့် အတန်း မြင့်မားရေးနှင့် စား ဝတ် နေ ရေး သက်သာ ချောင်ချိစေမှုကို တဘက် တလမ်းမှ အထောက်အကူပြုရန်အတွက် ပုဇွန်တောင်တံတားအနီးတွင် ငှက်ပျောပွဲရုံ တည်ထောင်ခဲ့သည်။ ဟင်္သာတ၊ ယုန်သလင်း၊ ခမောက်စု၊ အိုင်သပြု၊ လေးမျက်နှာ၊ ဇလွန်၊ ကျုံပျော်မြို့နယ် တခွင်၌ ဥယျာဉ်ခြံမြေ လုပ်ကိုင်စားသောက် ကြ

သည့် သူတို့မှာ အများစု ဖြစ်သည်။ အထူးသဖြင့် ငှက်ပျောစိုက်ပျိုး၍ အသက်မွေးဝမ်းကျောင်း ပြုကြသည်။ ဒါးကချောင်းမှနေ၍ ထိုဒေသရှိ ငှက်ပျောများကို ကျုံပျော်အထိ သမ္ဗာန်၊ ဘောက်တူများဖြင့် သယ်ဆောင်ပြီး ရန်ကုန်သို့နေ့စဉ်ပို့ဆောင်လေသည်။ ထိုဒေသ၏ ငှက်ပျောအထွက်နှုန်းမှာ မြင့်မား သော်လည်း ဈေးကွက်နှင့် ဈေးနှုန်းများ တိကျမှန်ကန်ရေးအတွက် သူကိုယ်တိုင် ဦးစီးပြီး ငှက်ပျောပွဲရုံတရုံကို ပုဇွန်တောင် တံတားအနီး၌ တည်ထောင်လေသည်။ (၁၉၆၇ ခုနှစ်အတွင်းက တစ်ရက်လျှင် အဖီးရေ (၃)သိန်းအထိ ထွက်သည်ဟု သိရသည်)။ ငှက်ပျောပွဲရုံ အခြေတကျဖြစ်လာသောအခါ ထိုပွဲရုံကို မိသားစုထံအပ်ပြီး အမျိုးသားနိုင်ငံရေး၌သာ ခြေစုံပစ် ဝင်ရောက် ဆောင်ရွက် လေတော့သည်။

သို့သော် မကြာမီမှာပင် ဒုတိယ ကမ္ဘာစစ်မီးသည် မြန်မာပြည်သို့ ကူးစက်လာခဲ့ရာ မြန်မာပြည်အုပ်ချုပ်ရေး အဖွဲ့သည်လည်း ကစင့်ကလျားဖြင့် အိန္ဒိယသို့ ပြေးရလေသည်။ သူ၏ ငှက်ပျောပွဲရုံမှာလည်း ဂျပန်များဝင်လာသောအခါတွင် ဗုံးကျ၍ ပျက်ဆီးသွားခဲ့သည်။ မန်းဘခိုင်မှာ ဇာတိရွာဖြစ်သော ယုန်သလင်းရွာတွင် ပြန်လည်နေထိုင်ခဲ့လေသည်။ ဂျပန်ခေတ်ကာလ ဂျပန်တပ်အချို့မှ မြို့ရွာလူထုအပေါ် မိုက်မိုက် ရိုင်းရိုင်း ပြုမူကြသည်ကို တဆွေလုံး တမျိုးလုံး မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ပြီး မခံမရပ်နိုင်ဖြစ်နေစဉ် ညီဖြစ်သူ မန်းဘဆိုင်အား ထွက်ပြေးလာသော ဗြိတိသျှ တပ်သား တဦးကိုစွနှင့် ပတ်သက်၍ ကင်ပေတိုင်များ က ရိုက်နှက်ပြီး ဟင်္သာတသို့ ခေါ်ဆောင် သွားလေသည်။ မန်းဘခိုင်သည် ဟင်္သာသို့ ချက်ချင်း လိုက်ပြီး ဟင်္သာတတွင်ရှိသော ခေါင်းဆောင်များ၏ အကူအညီဖြင့် ညီဖြစ်သူ လွတ်မြောက်ရေးကို ဆောင် ရွက်ခဲ့သည်။

၁၉၄၅ခုနှစ်၊ ဂျပန်တော်လှန်ရေး စတင်သောအခါတွင် မန်းဘခိုင်နှင့် သူ၏ ညီမန်းဘဆိုင်တို့သည် ယုန်သလင်း ကျေးရွာကို၊ ဖက်ဆစ်တော်လှန်ရေး ဌာနချုပ်အဖြစ် တည်ဆောက်ကြသည်။ ဖက်ဆစ်တော်လှန်ရေး အပြီး၌ မန်းဘခိုင်သည် ယခင်ကထက် ပိုမိုထင်ရှားသော ခေါင်းဆောင် တဦး ဖြစ်လာလေသည်။ ဖဆပလ ပြန်လည် ဖွဲ့စည်းရေး၊ ကရင်၊ ဗမာ စည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားပေါင်းစုံ သွေးစည်းညီညွတ်ရေး၊ လွတ်လပ်ရေးရယူရေးလုပ်ငန်းများတွင် တတပ်တအား ပါဝင်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် အားထားရသော ခေါင်းဆောင်တဦး ဖြစ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ မန်း ဘခိုင်၏ ကူညီဆောင်ရွက်မှု မှတ်တမ်း ပြုချက်တခုကို တွေ့ခဲ့ရသည်။

၁၉၄၅ခု၊ ဇလွန်မြို့နယ် ဒေါင့်ကြီး ကျေးရွာတွင် ဟင်္သာတ ရာဇဝတ်ဝန် ဖေဖီးယားက ၎င်းတို့တားမြစ်ထားသော ကိစ္စများကို ဖွင့်ချ ဟောပြောသောကြောင့် သခင်အောင်ဆန်းအား ပုဒ်မ–၁၂၄/က (အစိုးရ အကြည်ညို ပျက်စေမှု) ဖြင့် ဖမ်းဝရမ်း ထုတ်ခဲ့သည်။ ဖမ်းဆီးရန်အတွက်လည်း ဆုငွေ ( ၅ /–)ကျပ် ထုတ်လိုက်သည်။ သခင်အောင်ဆန်းသည် အဖမ်းမခံရရေးအတွက် ပုလိပ်များကို ရှောင်ပြီး ယုန်သလင်းကျေးရွာသို့ တိတ်တဆိတ် ရောက်လာခဲ့ရာ မန်းဘခိုင်က ဝှက်ထားပေးခဲ့သည်ဟု မှတ်တမ်းအချို့တွင် ဖော်ပြထားပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကို အရေးပိုင် ကတော်ကိုယ်တိုင် လျှို့ဝှက်ပို့ဆောင်သည်ဟုလည်း အချို့ကပြောကြသည်။ နောက်ဆုံး ဗိုလ်ချုပ် အောင်ဆန်းသည် ငှက်ပျောလှေဖြင့် ရန်ကုန်သို့ ပြန်ရောက်ခဲ့သည်။

ဒုတိယ ကမ္ဘာစစ်ဖြစ်ပြီး နောက်ပိုင်း၊ မန်းဘခိုင်၏ နိုင်ငံရေး လှုပ်ရှားမှု အရှိန်အဟုန်မှာ ပိုမိုမြင့်မားလာသည်။ ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလတွင် ... ***K.C.A.B. (Karen Central Advisory Board)*** ကို ***K.C.O. (Karen Central Organization)*** သို့ပြောင်းလဲ ဖွဲ့စည်းသော အခါ အဖွဲ့ဝင်တဦးအဖြစ် ပါဝင်ခဲ့သည်။ ***K.C.O.*** ဖွဲ့စည်းပြီး မကြာမီ (အောက်တိုဘာလ အတွင်း)မှာပင် ဂျပန်ခေတ်၊ ဂျပန်ဆန့်ကျင်ရေးတွင် ပါဝင်သော ကရင်လူငယ် စစ်ဗိုလ်များအား ကရင်လူငယ် အသင်းကို တည် ထောင်ခွင့်ပြုရန် ***K.C.O.*** အမှုဆောင် လူကြီးများထံတွင် စောထွန်းစိန်က ဦးဆောင် တင်ပြလာသည်။ ထိုတင်ပြချက်ကို ထိုခေတ်ကကရင် ခေါင်းဆောင်များဖြစ်သော ဗိုလ်မှူးစောကြာဒိုး၊ စောစံဖိုးသင်၊ စောစိန်တင်၊ စောဘဦးကြီး၊ စောဘဲရီဘခိုင်၊ ဒေါက်တာဂျေလတ် တို့ကအား ပေးထောက်ခံလေသည်။ ***K.C.O.*** ခေါင်းဆောင်များက ကရင် အသင်းတခု ထပ်မံပေါ်ပေါက်ပြီး အချင်းချင်းသွေးကွဲမည်ကို စိုးရိမ်မိသော်လည်း စောထွန်းစိန်က ***K.C.O.*** လုပ်ငန်းကို ဝိုင်းရံ ဘို့အတွက် ရည်ရွယ်ကြောင်း ရှင်းလင်းပြသဖြင့်– ***K.Y.O. (Karen Youth Oragnization)*** ကိုဖွဲ့စည်းပေးခဲ့လေသည်။ ***K.Y.O.*** ဥက္ကဋ္ဌမှာ စောထွန်းစိန်ဖြစ်ပြီး အမှုဆောင်များ အဖြစ် မန်းဝင်းမောင်၊ စောကျော်စိန်၊ စောမြင့်သိန်း၊ စောအော်လီဗာ တို့ပါဝင်သည်။ မကြာမီပင် စောထွန်းစိန် မှာ စစ်တပ်ထဲသို့ ပြန်လည်ဝင်ရောက်လာသဖြင့် ကရင် လူငယ် အစည်းအရုံး ဥက္ကဋ္ဌ တာဝန်ကိုယူရန် ကိစ္စပေါ်ပေါက်လာလေ သည်။ ပထမတွင် စောဘဦးကြီး ***(BAR-AT-lAW)*** အား လူငယ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူရန် အဆိုပြုကြရာ၊ စောဘဦးကြီးက လက်မခံသောကြောင့် ဆရာသာထို အား အဆို ပြုပြန်သည်။

ဆရာသာထိုမှလည်း ငြင်းပယ်ပြန်သဖြင့် နောက်ဆုံးမန်းဘခိုင်အား ဝိုင်းဝန်းတောင်းပန်သောကြောင့်၊ ကရင်လူငယ် အစည်းအရုံး ဥက္ကဋ္ဌရာထူးကို မန်းဘခိုင် လက်ခံလိုက်လေသည်။

ထို့ကြောင့် မန်းဘခိုင် ***K.C.O*** အမှုဆောင်လုပ်ပြီး ***K.Y.O.*** ဥက္ကဋ္ဌဖြစ်သည့် နိုဝင်ဘာလ (၆)ရက် နေ့တွင် ***K.C.O*** ခေါင်းဆောင်များဖြစ်သော စောသာဒင်၊ မန်းဘခင်၊ စောဘဦးကြီး၊ ဆရာသာထို၊ မန်းဘခိုင်တို့သည်၊ ကရင် အမျိုးသားအတွက် ဝါဒတရပ်ကို ဗမာ့ခေတ် သတင်းစာတွင်ထုတ်ပြန်ခဲ့သည်။ ထိုဝါဒမှာ ...

(၁) ကရင် အမျိုးသားတို့သည် ၎င်းတို့၏ ဘာသာစကားနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကိုယ်ပိုင်အုပ် ချုပ်ရေးကို အလိုရှိသည်။ ကရင်အမျိုး သားတို့၏ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ရန် လိုအပ်ကြောင်း၊ နိုင်ငံအကျိုးကို ကိုယ်စီကိုယ်ငှ သည်ပိုးနိုင်သော ပြည်နယ်များ ပါဝင်သည့် ပြည်ထောင်စုကို တည်ဆောက်ရန်ဟူသော သဘောထားဖြစ်လေသည်။

မန်းဘခိုင်သည် နိုင်ငံရေးဘဝ တာဝန်များ ထမ်းဆောင်ရာတွင် ပြဿနာ အရပ်ရပ်ကို တည်တည်ငြိမ်ငြိမ် ဆောင်ရွက်တတ်သူ ဖြစ်သဖြင့် လူကြီး လူငယ်များ၏ စိတ်ကျေနပ်မှုကို ရရှိခဲ့သည်။ ***K.Y.O.*** ၏ ဒုတိယမြောက် ဥက္ကဋ္ဌ အဖြစ် ခံယူခဲ့ပြီး နောက် ၁၉၄၅ခုနှစ်၊ ဒီဇင်ဘာလ (၁၄)ရက်နေ့တွင် ***K.Y.O.*** ကို ပြန်လည် ဖွဲ့စည်းခဲ့ရာ အမှုဆောင်များမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

(၁) မန်းဘခိုင် ဥက္ကဋ္ဌ၊
(၂) မန်းဝင်းမောင် ဒု-ဥက္ကဋ္ဌ၊
(၃) စောကျော်စိန် အထွေထွေအတွင်းရေးမှူး၊
(၄) စောမြင့်သိန်း တွဲဘက်အထွေထွေအတွင်းရေးမှူး၊
(၅) စောစိန်တင် အဖွဲ့ဝင်၊
(၆) စောထွန်းစိန်ပြားကြီး အဖွဲ့ဝင်၊
(၇) နော်မာစီကြီး (ငွေထိမ်း)

စသည်တို့ ဖြစ်သည်။

အင်္ဂလိပ်များ မြန်မာပြည်အတွင်းသို့ ဒုတိယအကြိမ် ပြန်လည်ဝင်ရောက်လာသော ၁၉၄၅ ခုနှစ်မှာ မြန်မာပြည်နိုင်ငံရေးသည်လည်း တမျိုးတဖုံ ပြောင်းလဲလာပေသည်။ မြန်မာခေါင်းဆောင်များက ဦးဆောင်ပြီး လွတ်လပ်ရေးအတွက် လှုပ်ရှားမှုနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုတက်တက်ကြွကြွ ဦးဆောင်သကဲ့သို့ ကရင်အမျိုးသား ခေါင်းဆောင်များကလည်း ကရင်ပြည် နယ်ထူထောင်ရေး လုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လာကြသော ကာလဖြစ်လေသည်။

၁၉၄၅ ခုနှစ်၊ မေလ (၁)ရက် နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလ အစည်းအဝေးတရပ် ကျင်းပရာ မြန်မာပြည်သည် ဖက်ဆစ်ဂျပန်ကို ဆုံးခန်းတိုင် တိုက်ခဲ့ပြီးဖြစ်၍ "တဟီရန်" ကြေငြာ ချက်နှင့် လျော်ညီစွာ ကမ္ဘာ့ဒီမိုကရေစီ မိသားစုအတွင်း ထိုက်ထိုက်တန်တန်ပါဝင်နိုင်ဘို့ရန် သက်သေပြခဲ့ပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိကံကြမ္မာကို မိမိဖန်တည်းခွင့်ရှိရေးကို တောင်းဆိုကြောင်း ဖော်ပြထားလေသည်။ ဇွန်လ (၄)ရက်နေ့ မြန်မာပြည် ခေါင်းဆောင်များ အစည်းအဝေးကို ရန်ကုန်မြို့ ချာချီလမ်း၊အမှတ်(၈) ဖဆပလ အဖွဲ့ချုပ်တွင် ကျင်းပရာ ကရင်အမျိုးသား ခေါင်းဆောင်များထဲမှ စောဘဦးကြီး၊ စောဘမောင်တို့တက်ရောက်သည်။ ထိုအစည်းအဝေးတွင် နိုင်ငံရေး၊ ဗမာ့တပ်မတော်အရေး၊ အမျိုးသားညီညွတ်ရေး စသောကိစ္စများကို ဆွေးနွေးဆုံးဖြတ်ချက် ချမှတ်ကြသည်။ စစ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော နိုင်ငံကို၊ နိုင်ငံသားအားလုံး သွေးစည်း ညီညွတ်စွာဖြင့် ပြန်လည်တည်ဆောက်ရန် ထိုအစည်းအဝေးက တိုက်တွန်း နှိုးဆော်ခဲ့သည်။ ဇွန်လ (၂၀)ရက်နေ့တွင် "မောင့်ဘက်တန်" ၏ စီစဉ်ပေးချက်အရ မြန်မာပြည် စစ်ပြေးဘုရင်ခံ ဒေါ်မန်စမစ်သည် ရန်ကုန်မြစ်အတွင်း ရောက်ရှိနေသော ကင်ဘဲလီ စစ်သင်္ဘော ပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ ဦးဘဖေ၊ ဦးရာဇတ်၊ ဆာမောင်ကြီး၊ ဦးဘဦး၊ ဦးပု၊ ဆစ်ဒနီလူနီ၊ ဦးဘသန်း၊ ဦးဖိုးပျော့၊ ဦးဘကလေး စသော ခေါင်းဆောင်များနှင့်တကွတွေ့ဆုံ၍ မြန်မာပြည် အနာဂါတ် အုပ်ချုပ်ရေးနှင့် မြန်မာနိုင်ငံသား အားလုံးအတွက် လုံးဝကိုယ်ပိုင် အုပ်ချုပ်ခွင့် ရရှိရေးကို ဆွေးနွေးခဲ့လေသည်။ မြန်မာပြည်သည် ကိုယ်ပိုင်အုပ်ချုပ်ရေး လုံးဝ လွတ်လပ်ရေးသို့ ဦးတည်နေပေပြီ။

ကရင် အမျိုးသားများကလည်း ၁၉၄၅ ခုနှစ်၊ ဇွန်လ(၃၀) ရက်နေ့မှ ဇူလိုင် (၁)ရက်နေ့ အထိ၊ ရန်ကုန်မြို့ အောက်ကြည့်မြင်တိုင် အမှတ် (၅၂၈)တွင် အစည်းအဝေးတရပ်ကို ကျင်းပပြီး သင့်တင့်သော နယ်မြေ အတိုင်းအတာသတ်မှတ်ကာ၊ ကရင်ပြည်နယ်ထူထောင်ခွင့်ပြုရေး၊ ဗြိတိသျှ အစိုးရထံသို့ တင်သွင်း တောင်းဆိုရန် ဆုံးဖြတ်ခဲ့ကြလေသည်။ မန်းဘခိုင်သည် ထိုအမျိုးသားရေးလှုပ်ရှားမှုနှင့် မြန်မာပြည် တပြည်လုံးလှုပ်ရှားမှု နှစ်ရပ်လုံးတွင် တတပ်တအား ပါဝင်ခဲ့သည်။ ၁၉၄၅ ခုနှစ် ဩဂုတ်လ (၁၉)ရက်၊ နေသူရိန် အစည်းအဝေးတွင် ပြန်လည်ဖွဲ့စည်းထားသော ဖဆပလ ဗဟိုဦးစီးအဖွဲ့တွင် ခေါင်းဆောင်ကြီး စောဘဦးကြီး နှင့်အတူ မန်းဘခိုင်နှင့် ဆရာသာထိုတို့ (၂)ဦးလည်း ပါဝင်ခဲ့လေသည်။ ထိုနေသူရိန် အစည်းအဝေးမှ ...
(၁)ဗမာ့ တပ်မတော်သစ်ဖွဲ့စည်းရေး၊
(၂) ပြည်သူ လူထု ကိုယ်စားလှယ်များ ပါဝင်သော အမျိုးသား ယာယီ အစိုးရဖွဲ့စည်းရေး၊
(၃) တိုင်းရင်းသားသူတရပ်လုံးနှင့် နိုင်ငံတော် ခေါင်းဆောင်များသည် ဖဆပလ အဖွဲ့ချုပ်နှင့် ပူးပေါင်း၍ လွတ်လပ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စည်းလုံးညီညွတ်စွာ ဆောင်ရွက်ရေးဟူ၍ ဆုံးဖြတ်ခဲ့ကြသည်။

မန်းဘခိုင် ***K.Y.O.*** ဥက္ကဋ္ဌ ဖြစ်လာပြီးနောက်တွင် သီးခြား ကရင်ပြည် ထူထောင်ရေး လှုပ်ရှားမှုများမှာ အရှိန်အဟုန် မြင့်မားလာသည်။ သူ့အနေဖြင့် အမျိုးသားရေးက တဖက်၊ တတိုင်းပြည်လုံး၏ အရေးက တဖက်၊ ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်နေရသော ကာလဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်ပြီး ပြန်လည်ဖွဲ့စည်းလိုက်သော ဖဆပလ အဖွဲ့၏ အဓိကမျှော်မှန်း ချက်မှာ တပြည်လုံး အတိုင်း အတာဖြင့် လုံးဝ အချုပ်အခြာ အာဏာပိုင်သော လွတ်လပ်ရေး ရရှိရန်သာ ဖြစ် သည်။ ထိုမျှော်မှန်းချက် အတွက် တိုင်းရင်းသားအားလုံး အချင်းချင်း သွေးစည်းညီညွတ်မှုရှိရန် လိုအပ်သည်ဟု ဗိုလ်ချုပ်အောင်ဆန်းက ခံယူထားသည်။အထူးသဖြင့် ကရင် – ဗမာ ချစ်ကြည်ရေးသည်

အလွန် အဓိကကျသည်။ ကရင် –ဗမာ ချစ်ကြည်ရေးအတွက် ကြိုးပမ်းရာတွင်လည်း စောဘဦးကြီး၊ မန်းဘခိုင်၊ ဆရာသာထိုတို့ကို ဗိုလ်ချုပ်အောင်ဆန်းက အားထားသည်။ အထူးသဖြင့် မန်းဘခိုင်အပေါ် ပိုမိုအားထားပုံရသည်။ ဖဆပလ ၏ ဦးစီးအဖွဲ့ဝင် တဦးအနေနှင့် ၁၉၄၆ ခုနှစ်တွင် မြစ်ဝကျွန်းပေါ်တိုင်း ဖဆပလ ဖွဲ့စည်းရေးတာဝန်ခံအဖြစ် နယ်လှည့် ဖွဲ့စည်းရန် တာဝန်ကို ပေးခဲ့သည်။ ထို့နောက်၊ ဘုရင်ခံ၏ အမှုဆောင်ဝန်ကြီးအဖွဲ့အဖြစ် ဖဆပလ က ဆောင်ရွက်ရာတွင် မန်းဘခိုင်သည် စက်မှုလက်မှုနှင့် အလုပ် သမားတာဝန်ခံအဖြစ် ခန့်အပ်ခြင်း ခံရလေသည်။ စောဘဦးကြီးမှာ ပြန်ကြားရေး ဝန်ကြီးအဖြစ် ခန့်အပ်ခြင်း ခံရသည်။

တပြည်လုံး အတိုင်း အတာ ဆောင်သော နိုင်ငံရေးလှုပ်ရှားမှုကို ဖဆပလ အဖွဲ့ချုပ်က ဦးဆောင်သကဲ့သို့ ကရင်တမျိုးသားလုံး၏ အရေးကို ***K.C.O.*** က ဦးဆောင်ခဲ့လေသည်။ ဖဆပလ ၏ သေနင်္ဂဗျူဟာ နှင့် ***K.C.O.*** ၏ အမျိုးသားရေး ဝါဒများမှာ ကွာဟမှုများရှိနေပြန်သည်။ အထူးသဖြင့် သီးခြားပြည်နယ် ထူထောင်ရေးအမြင်တွင် ဗိုလ်ချုပ်အောင်ဆန်း အနေဖြင့် လက်ခံကြောင်း သဘောထား ချမှတ် နိုင်ခြင်းမရှိခဲ့ပေ။ ထိုကိစ္စကို ညီလာခံ၌သာ ဆုံးဖြတ်ရမည်ဟု ယူဆသည်။ သီးခြား ပြည်နယ်ကိစ္စအား ညီလာခံမှ ပါယ်ချမည်ကို လည်း ဗိုလ်ချုပ်အောင်ဆန်းက စိုးရိမ်နေသည်။ ကရင်ပြည်နယ် ရယူ ရေး ကိစ္စမှာလည်း ကရင်အမျိုးသားများ အတွင်း ရှုပ်ထွေးနေပေသည်။ အထူးသဖြင့် ***K.C.O.*** နှင့် ***K.Y.O.*** အတွင်း သဘောထား ကွဲပြားလျက်ရှိသည်။ ကရင်ပြည်နယ် ထူထောင်ရေးတွင် နှစ်ဖွဲ့စလုံး ထပ်တူဖြစ်သော်လည်း၊ ပြည်မနှင့်မတွဲဘဲ သီးခြား တည်ထောင်လိုသော သဘောထားနှင့် ပြည်မ နှင့် ပူးတွဲပြီး ပြည် ထောင်စုအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရသော ပြည်နယ် အဖြစ် တည်ထောင်လိုသော သဘောထား နှစ်ရပ် ပေါ်ထွက်လာခဲ့သည်။ ***K.C.O.*** ကဲ့သို့ပင် သီးခြားပြည်နယ် ထူထောင်လိုသော သဘောထားရှိသူများမှာ အများဆုံး ဖြစ်နေသည်။ ***K.Y.O.***ကမူ ပြည်မနှင့် ပူးပေါင်းပြီး ပြည်ထောင်စုအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အမျိုးသား ပြည်နယ် တခုအဖြစ် တည်ရှိစေလိုသည်။ ပြည်နယ်သတ်မှတ်ရေးအတွက် ဒေသရွေး ချယ်ရာတွင်လည်း လိုလားချက်များမှာလည်း အကွဲကွဲအပြားပြား ဖြစ်နေပြန်သည်။ ကရင်ပြည်နယ်အရေးကို ဗြိတိသျှကိုယ် စားလှယ်များကလည်း ယေဘုယျအားဖြင့် လက်ခံခဲ့သည်။

သို့သော် ပြည်နယ် သတ်မှတ်ရေးတွင်ကရင်အမျိုးသား ခေါင်းဆောင်များအတွင်း ရှုပ်ထွေးပြီး တိတိကျကျသတ်မှတ်ရန် အခက်အခဲများ စွာ ရှိနေသည်။ ၎င်းအပြင်လွတ်လပ်ရေးအတွက် လှုပ်ရှားမှု အရှိန်အဟုန်မြင့်ဆဲကာလ ***K.C.O.*** ၏ အမျိုးသားရေး ဆိုင်ရာ အခွင့်အရေး တောင်းဆိုချက်များကို ဗိုလ်ချုပ် အောင်ဆန်းနှင့် ဖဆပလအဖွဲ့က လျစ်လျူရှုထားသည်ဟု ကရင်အမျိုးသား ခေါင်းဆောင်များက မြင်ကြသည်။ လွတ်လပ်ရေး ပြင်ဆင်မှုတွင်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေပြု လွှတ်တော် ရွေးကောက်ပွဲမှာ မလွဲမသွေကျင်းပရမည်ဖြစ်ပြီး ကရင်ကိုယ်စားလှယ်အမတ်နေရာများ နည်းပါး မှုကြောင့် မည်သည့်အာမခံချက်မှ မရှိသောအဖြစ်ကို ***K.C.O.***ခေါင်းဆောင်များက အထူးနစ်နာဆုံးရှုံး မှုကြီးတရပ် အဖြစ်ခံယူထားသည်။

၁၉၄၇ ခု၊ ဖေဖော်ဝါရီ လတွင် ရန်ကုန်မြို့ ဗဟိုတန်အထိမ်းအမှတ် ခမ်းမ၌ ***K.C.O.***မှ ဦးဆောင်ပြီး၊ ညီလာခံ တရပ် ကျင်းပရာ မြန်မာပြည် အရပ်ရပ်မှ ကိုယ်စားလှယ် (၇၀၀) ကျော် တက်ရောက်ခဲ့သည်။ ***K.C.O.*** နှင့် ***K.Y.O.*** တို့သည်၊ ပြန်လည်ပူးပေါင်းမိပြီး ***(K.N.U.)***ကို ထူထောင်ခဲ့လေသည်။ ဥက္ကဋ္ဌကြီး စောစံဖိုးသင် ဖြစ်သည်။ ထိုညီလာခံက အောင်ဆန်း အက်တလီ စာချုပ်ကို ကန့်ကွက်ခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဖေဖေါ်ဝါရီလ (၂၂)ရက်နေ့တွင် ***(K.N.U, K.Y.O, B.K.N.A.)*** သုံးပွင့်ဆိုင် စည်းဝေးပြီး လုပ်ငန်းစီစစ်ရေး အဖွဲ့ကို ဖွဲ့ စည်းပြန်သည်။ ဥက္ကဋ္ဌမှာ စောစံဖိုးသင်ဖြစ်ပြီး အတွင်းရေးမှူးမှာ စောစိုးကေ (စောစံကေ) ဖြစ်သည်။ လုပ်ငန်း စီစစ်ရေးအဖွဲ့က ဘုရင်ခံ၏အမှုဆောင်ဝန်ကြီးနှင့် တွေ့ဆုံပြီး ကရင်အမျိုးသားများ၏ လိုလားချက်များကို တောင်းဆိုရန် သဘောတူညီကြသည်။

ထိုတောင်းဆိုချက်များမှာ...

၁။ အင်းစိန်၊ ပဲခူး၊ ဟံသာဝတီ၊ ဖျာပုံ၊ ထားဝယ်နှင့် မြိတ်ခရိုင် မဲဆန္ဒနယ်များမှ တိုင်းပြုပြည်ပြု လွှတ်တော်အတွက် ကရင်အမတ် (၁၇)ဦး ရွေးချယ်ပေးရန်နှင့် ဘုရင်ခံ၏အမှုဆောင်(ဝန်ကြီး)အဖွဲ့တွင် ဝန်ကြီးနေရာ(၂၅%)ကို ကရင့်ကိုယ်စားလှယ်များအားပေးရန်။

၂။ ဘုရင်ခံကြားဖြတ် ဥပဒေပြု လွှတ်တော်တွင် အမတ်နေရာ(၂၅%)ကို ကရင် ကိုယ်စားလှယ်များအား ပေးရန်။

၃။ သီးသန့် ကရင်စစ်တပ်များ ဆက်လက်ထားခွင့် ပြုရန်။

၄။ စည်းလုံးသော မြန်မာနိုင်ငံတော်ကြီးအတွင်းတွင် ပင်လယ်ဆိပ်ကမ်းမြို့ ရှိသော ကရင်ပြည်ထူထောင်ရေး ကိုမူအားဖြင့် လက်ခံရန်။

၅။ အုပ်ချုပ်ရေး ဌာနများတွင် ကရင်အမျိုးသားများအား လူဦးရေ အချိုးအစား အလိုက်ခန့်ထားရန်။

၆။ တိုင်းပြုပြည်ပြုလွှတ်တော် ဖွဲ့စည်းပြီးလျှင်ပြီးခြင်း တိကျမှန်ကန်သော သန်းခေါင်စာရင်း ပြန်လည်ကောက်ယူရန် စသည်တို့ ဖြစ်သည်။

၁၉၄၇ ခုဖေဖော်ဝါရီလ (၁)ရက်နေ့ တွင် ***KNU*** ခေါင်းဆောင်များဖြစ်သော စောသာဒင်၊ စောစံဖိုးသင်၊ မန်းကျိန်း(စ်) ထွန်းအောင်၊ ဦးလှဖေ၊ ဆရာ သာထိုတို့ ပါဝင်သောအဖွဲ့သည် ဘုရင်ခံ ဆာဟူးဘတ်ရန့်(စ်)နှင့်တွေ့ပြီး ကရင်အမျိုးသားများ၏ သဘောထားကို ပြောကြားခဲ့သည်။ အဖွဲ့ခေါင်းဆောင် စောသာဒင်က ကရင်အမျိုးသားညီလာခံမှ တောင်းဆိုထားသော အချက်များကို လိုက်လျောမှ

သော ကရင်တို့အတွက် လုံခြုံမှုရှိနိုင်သည်ဟု ထင်မြင်ကြောင်း၊ တောင်းဆိုချက်များကို လိုက်လျောလျှင် ရွေးကောက်ပွဲဝင်မည် မဟုတ်ကြောင်း ပြောကြားခဲ့လေသည်။

ထို့နောက် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် ကရင်အမျိုးသားကိုယ်စားလှယ်အဖွဲ့သည်၊ ဘုရင်ခံ၏ အမှုဆောင်အဖွဲ့နှင့် တွေ့ဆုံ ဆွေးနွေးကြပြန်သည်။ ထိုဆွေးနွေးပွဲတွင် ဘုရင်ခံ၏ အမှုဆောင်အဖွဲ့ဝင်များ ဖြစ်သော၊ ဗိုလ်ချုပ်အောင်ဆန်း၊ စောဘဦးကြီး၊ မန်းဘခိုင်တို့လည်း ပါဝင်လေသည်။ ကရင် အမျိုးသားများတောင်းဆိုသော အချက် (၆)ချက်အနက် သီးသန့်စစ်တပ်ထားရှိရေးနှင့် သန်းခေါင်စာရင်း ပြန်လည် ကောက်ယူရေးဟူသော အရေးမပါသည့် အချက်(၂)ချက်ကိုသာ ရရှိခဲ့သည်။

***KNU*** မှတောင်းဆိုသော အချက်များနှင့်ပတ်သက်၍ ဘုရင်ခံ၏အမှုဆောင်အဖွဲ့ဝင်များ ဖြစ်ကြသော စောဘဦးကြီးသည်၎င်း၊ မန်းဘခိုင်သည်၎င်း၊ မည်သို့မျှ ဆောင်နိုင်ခြင်း မရှိပေ။ နောက်ဆုံး ရွေးကောက်ပွဲ နီးလာပြီဖြစ်၍ ***K.N.U*** အနေနှင့် ကြီးမားသော ဆုံး ဖြတ်ချက်တရပ်ကို ချမှတ်ရတော့မည် ဖြစ်သည်။ တောင်းဆိုချက်များ မရပါက ရွေးကောက်ပွဲကို သပိတ်မှောက်မည်ဟု ဆုံးဖြတ်ချက် ချခဲ့ပြီဖြစ်သည်။ ***K.N.U.*** ၏ ဆုံးဖြတ်ချက်အရ စောဘဦးကြီးသည် ရွေးကောက်ပွဲကို သပိတ်မှောက်သောအနေဖြင့် ဘုရင်ခံအမှုဆောင်အဖွဲ့မှ နှုတ်ထွက် စာတင်ခဲ့သည်။ ***KNU*** အဖွဲ့ဝင်များဖြစ်သော စောစံဖိုးသင်၊ စောကျော်စိန် တို့က ရွေး ကောက်ပွဲကို သပိတ်မှောက်လျှင် ကရင် ဗမာ ဆက်ဆံရေးပျက်ပြားပြီး ကရင်တို့သာ နစ်နာမည်ကို စိုးရိမ်သည်။

***KNU*** နှင့် ***KYO*** တို့၏ ရပ်တည်ချက်မှာ သိသိသာသာ ကွဲပြားလာသည်။ မန်းဘခိုင်ဦးဆောင်သော ***KYO*** ကား ရွေးကောက်ပွဲဝင်ရေးကို အတိအကျဆုံး ဖြတ်ပြီးဖြစ်သည်။ ဘုရင်ခံ ဆာဟူးဘတ်ရန့်(စ်)သည် ၁၉၄၇ ခုနှစ်၊ မေလ (၄)ရက် စောဘဦးကြီး နှုတ်ထွက်စာတင်ပြီး၊ နောက်တနေ့၌ စောဘဦးကြီးအားတွေ့ဆုံပြောကြားခဲ့ရာတွင်၊ ယခုအချိန်သည် ကရင် အမျိုးသားများအတွက် အရေးကြီးသော အချိန်ဖြစ်ကြောင်း၊ အကျိုးမရှိသည့် အမှုမျိုးကို မဆောင်ရွက်သင့်ကြောင်း၊ ကရင် တို့၏ အနာဂတ်ရေးကို တိုင်းပြုပြည်ပြု လွှတ်တော်တွင် ဥပဒေကြောင်းအရသာတောင်းဆိုသင့်ကြောင်းနှင့် စောဘဦးကြီး၏ နှုတ်ထွက်စာကို လက်မခံလိုကြောင်း တွေ့ဆုံပြော ကြားခဲ့သေးသည်။

မည်သို့ပင်ဖြစ်စေကာမူ နောက်ဆုံး၌ စောဘဦးကြီးနှင့် ***KNU.*** ကိုယ်စားလှယ်များ မပါဝင်သော ရွေးကောက်ပွဲကြီးမှာ ကျင်းပပြီးစီးသွားခဲ့လေသည်။ ၁၉၄၇ ခု၊ မေလ(၂၃)ရက်နေ့တွင် ဖဆပလမှ ပဏာမပြင်ဆင်မှု ညီလာခံကြီးကို စတင်ကျင်းပကြသည်။ ကရင်ကိုယ်စားလှယ်များ တင်ပြသော ပြည်နယ်သတ်မှတ်ရေးကိစ္စတွင် သံလွင်ခရိုင်ကို မြန်မာပြည်မတွင် မပါဝင်သော နယ်တနယ်အဖြစ် သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံအတွင်းနေထိုင်ကြသော ကရင်အမျိုးသားတို့၏ အရေးကိစ္စဟူသမျှကို ကူညီဆောင်ရွက် ပေးရန် အတွက်မှု၊ ကရင်အမျိုးသားတို့နှင့် သက်ဆိုင်သောကိစ္စများတွင် ပြည်ထောင်စုအစိုးရအားကူညီရန် ကရင်ရေးရာအဖွဲ့တခုကို ဖွဲ့စည်းရမည်ဟု ဖော်ပြထားသည်။ ညီလာခံသို့ တက်ရောက်သော ကရင် တိုင်းပြုပြည်ပြုလွှတ်တော် ကိုယ်စားလှယ်အများစုကမူ ဤသတ်မှတ်ဖော်ပြချက်ကို ရောင့်ရဲခြင်း မရှိခဲ့ပေ။ ထိုညီလာခံတွင် တင်သွင်းသော ဖွဲ့စည်းအုပ်ချုပ်ပုံမူကြမ်းတွင် ကရင်အမျိုး သားတို့အတွက် လိုက်လျောချက်အနည်းငယ်သာ ပါဝင်သည်ဟု ယူဆခဲ့ကြလေ သည်။

ဖဆပလ၏ ကရင်အမျိုးသားရေး ပေါ်လစီအပေါ်မနှစ်မြို့ခဲ့သော လွှတ်တော်အမတ်များအတွင်းတွင်လည်း ပြည်နယ်ဖွဲ့စည်းထူထောင်ရေး အမြင်များ အကွဲကွဲ အပြားပြား ဖြစ်နေပြန်သည်။ တိုင်းပြု ပြည်ပြု လွှတ်တော် အမတ်တဦးဖြစ်သော စောဂျွန်ဆင် ဒီးဖိုးမင်းက သံလွင်ခရိုင်၊ တောင်ငူနှင့် ပျဉ်းမနား တောင်တန်းဒေသများပါဝင်သော၊ ကရင် ဝိသေသနယ်ထူထောင်ပေးရန် ဗိုလ်ချုပ် အောင်ဆန်းထံတင်ပြသည်။ သံလွင်ခရိုင်မှ အရွေးခံရသော တိုင်းပြုပြည်ပြုလွှတ်တော် ကိုယ်စားလှယ် စောဝီရီကျော် ကလည်း၊ ကရင်ပြည်နယ်၊ ကရင်ဒေသ ထူထောင် ပေးရေးနှင့်ပက်သက်၍ (၁) ဧယားဝင်နယ် အပိုင်း (၁)၊ အပိုင်း(၂) အတွင်းရှိ ကရင်အမျိုးသားတို့ နေထိုင်သော ဒေသကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော ကရင် ပြည်နယ် အဖြစ် ထူထောင်ပေးရန်။ (၂) တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်ခွဲ၊ သထုံတောင်တန်းဒေသများနှင့် ကျိုက္ကမီ အရှေ့ဖက် တောင်တန်းဒေသများနှင့် ကျကမီ အရှေ့ဖက် တောင်တန်းဒေသများကို ကရင်ဒေသအဖြစ် သတ်မှတ်ပေးရန်။ (၃) တန်းဒေသများကို ကရင်ဒေသအဖြစ် သတ်မှတ်ပေးရန်။(၄) သံလွင်မြစ်နှင့် မော်လမြိုင်ကို နယ်အများနှင့်ဆိုင်သော မြစ်နှင့် ဆိပ်ကမ်းမြို့အဖြစ် သတ်မှတ်ပေးရန်။ (၅) ကျိုက္ကမီခရိုင်နှင့် မြိတ်ခရိုင်အတွင်း မွန်နှင့် ကရင်များ နေထိုင်သော နယ်များကိုပေါင်း၍၊ မွန် – ကရင် နယ် ထူထောင်ပေးရန်စသည်တို့ကို အကြံပြုတင်ပြသည်။ ထိုဘင်ပြချက်များမှာ ဘုရင်ခံမှ တဆင့် လန်ဒန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဝန်ကြီး ထံသို့ရောက် ခဲ့သည်။ ၎င်းက စော ဝီရီကျော်၏ အကြံပေးချက်မှာ ရှင်းလင်း ပြတ်သားမှုမရှိ၊ အချင်းချင်း ပဋိပက္ခ ဖြစ်စရာ ရှိသည်ဟု မှတ်ချက်ချခဲ့သည်။ ကရင် ပြည်နယ်သတ်မှတ်ရေးကိစ္စနှင့် ပတ်သက်၍ တိုင်းပြုပြည်ပြု လွှတ်တော်မှ အရွေးခံရသော ကရင်အမျိုးသား အမတ် များအတွင်း၌ ဖြစ်ပေါ်နေသော သဘော ထားတရပ်မှာ ကရင်နီပြည်နယ်ကိုချန်လှပ်၍ စစ်တောင်းမြစ် အရှေ့ဖက်ရှိ ပျဉ်းမနားတောင် တန်းမှ အတ္တရံမြစ် အရှေ့ဖက်ကမ်း ဒေသထိ ဖြစ်သော နယ်ပယ်ကို ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရသော သီးခြားကရင် ပြည်နယ် အဖြစ် အသိအမှတ် ပြုစေလိုခြင်းပင် ဖြစ်သည်။

– စောကျော်စိန်က ကိုယ်ကြမ္မာကိုယ်ဖန်တည်းပိုင်ခွင့်ရှိသော သီးခြားပြည်နယ်ကို ထူထောင်လိုသည်။

– ရွှေကျင် ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ စောမာရှယ်ရွှင်က သံလွင်ခရိုင် မြောက်ပိုင်းမှ ကရင်များမှာ မြန်မာပြည်မနှင့် ပူးပေါင်းနေထိုင်ခြင်း မရှိသည့်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော ပြည်ထောင်စုဝင် ပြည်နယ် အဖြစ်သာ နေလိုသည်။

– စောဘဦးကြီး၊ ဆရာ သာထို၊ စောစံဖေ၊ စောဝီရီကျော်တို့က သီးခြား ကရင်ပြည်နယ်ကို တောင်းဆိုသည်။

❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖

ဤသို့သော အမြင်ကွာခြားချက်များဖြင့် **K.N.U** နှင့် **K.Y.O.**တို့ လမ်းခွဲခဲ့ကြခြင်းလည်း ဖြစ်ပေမည်။ **K.N.U** နှင့် **K.Y.O.** တို့ လမ်းခွဲစဉ်က **K.N.U** ဥက္ကဋ္ဌမှာ စောဘဦးကြီး ဖြစ်ပြီး **K.Y.O.** ဥက္ကဋ္ဌမှာ မန်းဘခိုင် ဖြစ်ပါသည်။ အမျိုးသား ခေါင်းဆောင်များဖြစ်သော မန်းဘခိုင်နှင့် စောဘဦးကြီးတို့ နှစ်ဦး၏ ကွာခြားချက်ကို ကျနော်စစ်ကြောမိပါသည်။ ခေါင်းဆောင်နှစ်ဦးစလုံးမှာ လေးနက်တည်ကြည်မှုနှင့် ပင်ကိုယ် အလေ့အထများ၌ တူညီမှုရှိကြသည်ဟု ကျနော် ယုံကြည်ပါသည်။ နှစ်ဦးစလုံးပင် ဆွေးနွေးပွဲများ၌ စကားများများ ပြောလေ့မရှိ။ တည်တည် ကြည်ကြည် နေတတ်သည်။ ပြဿနာ တရပ်အပေါ် သူတို့ဆွေးနွေးတင်ပြလျှင်လည်း အချက်အလက်ပိုင်ပိုင်ဖြင့် တဘက်သား လက်ခံ လာအောင် ပြောဆိုတတ်သည်။ မှျမှျတတ စဉ်းစားဆောင်ရွက်တတ်သည်။ ဤအချက်ကြောင့်လည်း ဗိုလ်ချုပ်အောင်ဆန်းသည် စောဘဦးကြီး၊ မန်းဘခိုင်တို့ကို အနာဂါတ် မြန်မာပြည်အတွက် ကရင်အမျိုးသား ခေါင်းဆောင်များအဖြစ် ပူးတွဲလုပ်ဆောင်ရန် အလေးထား ရွေးချယ်ပုံရလေသည်။ ခေါင်းဆောင်ကြီးနှစ်ဦး၏ အဓိကကွာခြားချက်ကြီးမှာ စောဘဦးကြီးသည် အများစု၏ ဆုံးဖြတ်ချက်ကို မိမိသဘောထားနှင့် ခြားနားစေကာမူ ဒီမိုကရေစီသဘောအရ လိုက်နာ ဖြည့်ဆွမ်းမည်ဖြစ်ပြီး၊ မန်းဘခိုင်မှာမူ အများစု ဆုံးဖြတ်ချက်ပင် ဖြစ်သော်လည်း မိမိထင်မြင်ချက်နှင့် မကိုက်ညီလျှင် လိုက်လျောတတ်သော သဘောမရှိပေ။ ကရင်ပြည်သတ်မှတ်ရေးနှင့်ပတ်သက်၍ တမျိုးသားလုံး နိုင်ငံတကာ လှုပ်ရှားမှုအရှိန် အမြင့်မားဆုံး ကာလအတွင်း ခေါင်းဆောင်ကြီးနှစ်ဦး၏ ဆုံးဖြတ်ချက်များသည်လည်း အဓိက ကျပါသည်။ သို့သော် အကွဲကွဲ အပြားပြား ဖြစ်နေသော အမြင်များအပေါ် ခေါင်းဆောင်ကြီး နှစ်ဦးတို့မှာ မတတ်သာ၍ လမ်းခွဲခဲ့ကြရလေသည်။ မည်သို့ပင်ဖြစ်စေ နှစ်ဦးစလုံး၏ ကံကြမ္မာသည်လည်း တူညီကြပါသည်။

မန်းဘခိုင်သည် စောဘဦးကြီးထက် (၂)နှစ်ခန့်ကြီးပါသည်။ စောဘဦးကြီးမှာ မိဘများ ချမ်းသာကြွယ်ဝသဖြင့် အင်္ဂလန် နိုင်ငံသို့သွားရောက် ပညာသင်ကြားခွင့်ရပြီး ဥပဒေဘွဲ့ကို ဆွတ်ခူးခဲ့သည်။ မန်းဘခိုင်မှာ (၇) တန်းသာအောင်သော သာမာန် ခေါင်းဆောင်တဦး ဖြစ်ပါသည်။

ကရင်အမျိုးသားခေါင်းဆောင်များတွင် အခြေခံအားဖြင့် (၃)မျိုး (၃)စား ရှိပါသည်။ ဘာသာရေး၊ လူမှုရေး လှုပ်ရှားမှုများမှပါဝင်သော ခေါင်းဆောင်ပိုင်း၊ ခေတ်ပညာတတ် အသိုင်းအဝိုင်းမှ ပါဝင်လာသော ခေါင်းဆောင်ပိုင်း၊ ဗမာ့ လွတ်လပ်ရေးတိုက်ပွဲတွင် ပါဝင်ပြီး တပ်မတော်မှ လာသော ခေါင်းဆောင်ပိုင်းဟူ၍ (၃) မျိုးရှိပါသည်။ မန်းဘခိုင်မှာ ဂျပန်ခေတ် ဖက်ဆစ် ဆန့်ကျင်ရေး လှုပ်ရှားမှုတွင် ပါဝင်သော်လည်း တပ်မတော်မှ ပါဝင်ခဲ့သော ခေါင်းဆောင်တဦး မဟုတ်ပါ။ ပညာတတ်လည်း မဟုတ်ပါ။ ဘာသာရေး လူမှုရေး ခေါင်းဆောင်လည်း မဟုတ်ရပါ။ သာမာန် အခြေအနေတခုမှ ခေါင်းဆောင်တဦးဟုပင် သတ်မှတ်ရမည် ဖြစ်ပါသည်။

ကရင်ပြည်နယ် ထူထောင်ရေး လှုပ်ရှားမှုတွင် **K.N.U** မှ တင်ပြထားသော သီးခြားပြည်နယ် ထူထောင်ရေး သဘောထားကိုင်း၊ **K.Y.O.** တို့ ခွဲထွက်ပြီး ရွေးကောက်ပွဲဖြင့် ရွေးကောက်ခံရသော တိုင်းပြု ပြည်ပြု လွှတ်တော် အမတ် အချို့၏ ကရင်ပြည် သဘောထားကိုင်း မန်းဘခိုင်အနေနှင့် တစုံတရာ ထောက်ခံခဲ့သော သဘောတရားကို မတွေ့ရပေ။

ဆရာကြီး စကောလယ်တော၏ ကရင်အမျိုးသား တော်လှန်ရေး သမိုင်းတွင် **K.Y.O.** တို့သည် ဖဆပလ၏ သူလျှိုများဖြစ်သည်ဟု ဖော်ပြထားပါသည်။ ထိုစဉ်က **K.Y.O.** ဥက္ကဋ္ဌမှာ မန်းဘခိုင် ဖြစ်၍ **K.Y.O.**ခွဲထွက်ရေးတွင် တာဝန်အရှိဆုံး ခေါင်းဆောင်သာ ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အနီးစပ်ဆုံးဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း အားထားရသူလည်း ဖြစ်သည်။ ( ဗိုလ်ချုပ် အောင်ဆန်းထက် အသက်အားဖြင့်ကြီးပြီးတည်ကြည်မှုကြောင့် လေးစားခံရသည်။)

သူ၏ ထူးခြားသော အမျိုးသားရေး သဘောထားကို အခြေခံပြီး သူ့အပေါ် လေ့လာဆန်းစစ်မှု တခု လုပ်ရန် အထူးအရေးကြီးပါသည်။

၁၉၄၇ ခုနှစ် ဇွန်လ(၃၀)ရက်နေ့ လုပ်ကြံ မခံရခင် (၁၉)ရက် အလိုတွင် ကရင် လူငယ် အစည်းအရုံး ***KYO,*** ၏ အရေးပေါ်ညီလာခံတွင် သူပြောသွားသော မိန့်ခွန်းတခုကိုသာ ပီပီပြင်ပြင် စီစစ်ရတော့မည် ဖြစ်ပါသည်။ သူ၏မိန့်ခွန်းတွင် သီးခြား ကရင်ပြည်နယ်သည် ဘုရင်ခံ၏ လက်အောက်တွင်မထားဘဲ၊ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် ပူးပေါင်း သင့်ကြောင်း၊ ကရင် လူငယ် အစည်းအရုံးသည် ဖဆပလ အဖွဲ့နှင့် တန်းတူရည်တူ အဆင့်ဖြင့် လက်တွဲလုပ်ဆောင်နေကြောင်း၊ မြန်မာ့ လွတ်လပ်ရေးကို အဟန့်အတား ဖြစ်စေမည့် လူမျိုးရေး အဓိကရုန်း မပေါ်စေရန် မှန်ကန်သော ဦးဆောင်မှုကိုသာ ခံယူသင့်ကြောင်း၊ တိုင်းရင်းသား အချင်းချင်း ညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်စေလိုကြောင်း ထည့်သွင်းဖော်ပြသွားရာ ထိုအချက်များမှာ သူ၏သဘောထား အစစ်မှန်

ဖြစ်မည်ဟု ကျနော် ခန့်မှန်းနိုင်ခဲ့ပါသည်။ ထို ***KYO.*** ညီလာခံမှ ...

(၁) ပျဉ်းမနား၊ တောင်ငူ၊ သထုံ တောင်တန်းဒေသများနှင့် သံလွင်ခရိုင်ပါဝင်ရေး ကရင်ပြည်ကို ထူထောင်ရန်။

(၂) အခြားဒေသများတွင် နေထိုင်သော ကရင်များအတွက် လူနည်းစု အခွင့်အရေးများပေးရန်။

(၃) ကရင်ပြည်နယ်နှင့် ကရင်အမျိုးသားတို့၏ အကျိုးကိုဆောင်ရွက်နိုင်သော အခွင့်အာဏာအပြည့်အဝ ရှိသည့် ကရင်ရေးရာအဖွဲ့ကို ဖွဲ့စည်းရန်။

(၄) သထုံခရိုင်တွင် အငတ်ဘေး ကြုံနေရသော ပြည်သူလူထုအတွက် အစိုးရက အမြန်ဆုံး အရေးယူ ဆောင်ရွက်ပေးရန် ဟူသော အချက်များကိုချမှတ်ခဲ့လေသည်။

သီးခြားကရင်ပြည် ထူထောင်ရေးတွင် မန်းဘခိုင်နှင့် အခြားသောကရင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များမှာ တသဘောတည်း ထပ်တူညီလေသည်။ သို့သော်ထိုကာလ၌ ဖဆပလအဖွဲ့ချုပ်တွင် သီးခြား ကရင်ပြည်ထူထောင်ရေး မူဝါဒ မရှိခဲ့သေးပေ။ ပင်လုံညီလာခံတွင်လည်း ထိုကဲ့သို့သော သဘောထားများ ချမှတ်ခဲ့ခြင်း မရှိခဲ့ပေ။ သို့သော်သီးခြား ပြည်နယ်ကို ပြည်မနှင့် ခွဲခြားအုပ်ချုပ်ခြင်း ကိုသော်၎င်း၊ ဘုရင်ခံ၏ လက်အောက်တွင် ထိန်းသိမ်းမှု ခံယူသောပြည်တခု အဖြစ်သော်၎င်း မန်းဘခိုင်အနေဖြင့် လက်ခံနိုင်ခြင်း မရှိပေ။ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် ပူးပေါင်းခြင်းမှုကိုသာ သူလက်ခံပေသည်။ အမျိုးသားရေးတောင်းဆိုမှုနှင့် မြန်မာတပြည်လုံး လွတ်လပ်ရေး လှုပ်ရှားမှုတွင် သူသည် မြန်မာပြည် လွတ်လပ်ရေး အတွက် အဓိကထားသည့်ဘက်က ပါဝင်ခဲ့သည်။ လွတ်လပ်ရေးကြိုးပမ်းမှုကို မထိခိုက်စေရန် တိုင်းရင်းသားများ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ရန်နှင့် လူမျိုးရေး အဓိကရုဏ်းများ မဖြစ်စေဘို့ရန် တိုက်တွန်းနိုးဆော်မှုကို သူပြုခဲ့သည်။ နောက်ပိုင်းတွင် မြစ်ဝကျွန်းပေါ်၌ ကရင်ဗမာ ချစ်ကြည်ရေးလှုပ်ရှားမှု စည်းရုံးဟော ပြောခြင်းများကို ဖဆပလနှင့် ***KYO*** တို့ ပူးပေါင်းပြီးနေရာအနှံ့ ဆောင်ရွက်ခဲ့သည်။ ထိုသို့ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေရင်းမှာပင် ၁၉၄၇ခုနှစ် ဇူလိုင်လ (၁၉)ရက်နေ့၌ ဗိုလ်ချုပ် အောင်ဆန်းနှင့်အတူ လုပ်ကြံခံခဲ့ရလေသည်။

*   *   *   *   *

၁၉၄၈ခုနှစ်၊ ဇူလိုင်လ (၁၉)ရက်နေ့မတိုင်မီ တရက်အလိုတွင် မန်းဘခိုင်၏ ကျေးရွာ ယုန်သလင်းသို့ ကျနော် ဒုတိယအကြိမ် ပြန်ရောက်ခဲ့ပါသည်။ ကျနော်(၆) နှစ်သား အရွယ်ဖြစ်ပါသည်။ အဖိုးလေးဖြစ်သူ မန်းဘခိုင်အတွက် တစ်နှစ်မြောက် အောက်မေ့ဖွယ် ဝတ်ပြုစုတောင်းပွဲ အခမ်းအနားသို့ တက်ရောက်ရန် သွားခဲ့ခြင်းဖြစ်ပါသည်။ ကျနော့်ဖခင်မှ လွဲ၍ မိသားစု အားလုံး သွားခဲ့ကြသည်။ ဇူလိုင်လ (၁၉) ရက်နေ့မနက်တွင် မန်းဘခိုင်၏ ဂူဗိမ္ဗာန်သို့ ဆွေမျိုးများနှင့်တကွ ရွာသူရွာသားအားလုံး စုဝေးပြီး ဆုတောင်း စည်းဝေးပွဲ အခမ်းအနားပြုလုပ်ပါသည်။ ကိုအခမ်းအနားကို အဘိုး'မန်းထွန်းလွင်'က ဦးဆောင်ပါသည်။"မန်းထွန်းလွင်"သည် နောင်တွင် ဖွဲ့စည်းမည့် ကရင်ရေးရာ ဌာနတွင် ဟသ်ာတခရိုင်ဒေသတာဝန်ခံဖြစ်ပြီး အသက်ကြီး၍ ပင်စင် ယူသည့်အထိ အမှုထမ်း ခဲ့လေသည်။ မန်းဘခိုင် ကွယ်လွန်ချိန်တွင် "မန်းထွန်းလွင်" သည် ဖခင်၏ လူမှုရေးအရိုက်အရာကို ဆက်ခံနေပြီ ဖြစ်သည်။ ကျနော် လူပျိုပေါက် ဘဝထိ အနီးကပ်ဆုံး နှင့် အရင်းနှီးဆုံး ဆက်ဆံခဲ့သည်မှာ အဘိုး "မန်းထွန်းလွင်" သာဖြစ်ပါသည်။ ၁၉၄၉ ခုနှစ်တွင် ပြည်တွင်းစစ်ကြီး တောက်လောင်ခဲ့ရာတွင် ကျ နော်၏ ဘခင်ဘက်မှ ဆွေမျိုးတစ်စုသည် ဇာတိ ကျေးရွာဖြစ်သော ကန္နားမဲဇလီကျေးရွာမှ ဟသ်ာတသို့ ပြောင်းရွှေ့ခဲ့ကြသည်။ ကျနော့်အမေသည် ဟသ်ာတမြို့တွင် သူမ၏ဦးလေး 'မန်းထွန်းလွင်'နှင့် ပြန်လည်ဆုံဆည်းပြီး နှစ်အတော်ကြာ ရင်းနှီးစွာ နေထိုင်ခဲ့ကြသည်။ အဘိုး"မန်းထွန်းလွင်" ပင်စင်ယူပြီး ယုန်သလင်းရွာသို့ ပြန်လည် နေထိုင်သောအခါ ကျနော့်မိခင်သည် ဟသ်ာတမြို့တွင် ဆက်လက်နေထိုင် ခဲ့လေသည်။

ယခုချိန်တွင် "မန်းပေကုန်း"၏ သား သမီးအားလုံးတို့ သေဆုံးကုန်ကြပြီး ဖြစ်သည်။ "မန်းအခိုင်"၏ အောက်မေ့ဖွယ် အခမ်းအနားပြုလုပ်ရာ သင်္ချိုင်းသည်လည်း ဆွေမျိုးစုသင်္ချိုင်းတခုအဖြစ် တည်ရှိနေပါသည်။ မည်သည့်ဒေသတွင်မဆို ကွယ်လွန်ခဲ့သော သားချင်း ညီအကိုများအား ထိုသင်္ချိုင်းသို့ ပြန်လည်ယူဆောင်ကြသည်သာ ဖြစ်သည်။ ဦးပေကုန်း၏သား 'မေဂျာအောင်တင်'သည် မြစ်ကြီးနားတနေရာတွင် ကချင်အမျိုးသား လက်နက်ကိုင်များ ချုံခို တိုက်ခံရပြီး သေဆုံးခဲ့ရာ သူ၏ အရိုးကို တနည်းနည်းနှင့် ယူဆောင်ပြီး ဆွေမျိုး သင်္ချိုင်းတွင် မြှုပ်နှံခဲ့ကြသည်။

ယုန်သလင်းကျေးရွာ မန်းပေကုန်း၏ ဆွေမျိုးစုနှင့် ထိုဓလေ့သည် ထိုဒေသတွင်း စည်းစည်းလုံးလုံး၊ ပူးပေါင်းဆောင်ရွက်ခြင်းအစဉ်အလာကို 'စံ' အဖြစ်တည်ရှိနေစေမည်မှာ မလွဲမသွေပင် ဖြစ်ပါသည်။

❖   ❖   ❖

**ကိုးကားချက်များ - - -**

(၁) ဘုံဘဝမှာဖြင့် –သိန်းဖေမြင့်၊
(၂) တိုင်းရင်းသားလူမျိုးများနှင့် အခြေခံဥပဒေ၊
(၃) အောင်သန်း၏ အောင်ဆန်း၊
(၄) စွယ်စုံကျမ်း အတွဲ "၈" (စာမျက်နှာ ၂၃၅)
(၅) ကရင်သမိုင်းသုတေသန၏ မှတ်တမ်းများမှ။
(၆) ဆရာခူးလတ်၏ စကောကရင်သာသနာပြုသမိုင်း။
(၇) မောင်စင်ကြယ်၏ မြန်မာပြည်ကို ချစ်သော ခေါင်းဆောင်များ၊ (ပုံမနှိပ်ရသေး)

# သမိုင်းတရားခံ

ထက်ဇော်

(ဤကဏ္ဍတွင် ပြည်သူစာဆို ပါဝင်ဆွေးနွေးနိုင်ပါသည်။)

(၁)

နိုင်ငံသစ် စာစောင်၏ ဆွေးနွေး ခန်း ကဏ္ဍတွင် "သမိုင်း သက်သေ"ဟူ သော ဆောင်းပါးတပုဒ် ကျနော် ရေးခဲ့ သည်။ ကရင့်သမိုင်း သုတေသနအသင်း၌ ပါဝင် လက်တွဲ လုပ်ဆောင်ခဲ့ခြင်း အ ကြောင်းကို အရိပ်အမြွက်မျှ ဖော်ပြခဲ့ပြီး၊ သမိုင်းကြောင်းကို အထောက်အကူ ပြုစေ မည့် အတ္ထုပ္ပတ္တိစာပေများနှင့် ပတ်သက်၍ ကျနော့် သဘောထား အမြင်အနည်းငယ် ကို ဆွေးနွေး တင်ပြခဲ့ခြင်း ဖြစ်သည်။

ထိုဆောင်းပါး၌ ရိုးစင်း ရှင်းလင်း စွာ ရေးသားထားသော်လည်း အချို့သော ပုဂ္ဂိုလ်များအတွင်း သို့လော ဝိုးတဝါး မကွဲ ပြားကာ ဒွိဟ သံသယဖြင့် လှုပ်လှုပ် ရှား ရှား ဂယက် ရိုက်သွားစေခဲ့သည့် စာပိုဒ် အချို့ ပါရှိသည်။

"သမိုင်းဖြစ်စဉ်များကို လေ့လာ လျက်၊ ဆောင်ရန် ရှောင်ရန် ကိစ္စရပ်များ ကို ဝေဘန် ချင့်ချိန် နိုင်သည်။ သမိုင်းတွင် ရစ်ခဲ့သည့် မှားယွင်းသော လုပ်ရပ်များကို သခ်ိန်းစာ ယူနိုင်သည်။ ဖြောင့်မှန်သော လုပ်ရပ်များကို အတုယူနိုင်သည်။ သမိုင်း ကိုလိမ်၍မရချေ။ မှားယွင်းစွာ ဆောင်ရွက် ခဲ့ချက်များကိုလည်း ဖုံးပိတ်၍ မရနိုင်။ အမှားကိုသိ၍ အမှန်ပြန်ပြင်သည့်တိုင်၊ ထို အမှန်ကိုသာ တင်ပြခြင်း ခံရမည်မဟုတ်။ ပြန်လည် ပြင်ဆင်လိုက်သော အမှန်နှင့် အတူ တချိန်က မှားယွင်းခဲ့သည့် အမှား များကိုပါ ဖော်ပြခြင်း ခံရမည်သာ ဖြစ် သည်။"

"... ... ... အမှားနည်းနိုင်သမျှ နည်းအောင် စောင့်ထိန်းသူကို လူကောင်း ဟု ခေါ်သည်။ သူတော်စင်ဆိုသည်မှာ အမှားအနည်းဆုံးလူကို ခေါ်ခြင်းပင် ဖြစ် သည်။ လုံးဝ အပြစ်ကင်းစင်သူဟူ၍ မရှိ။ မိမိ၏သမိုင်းကြောင်းအတွင်း အပြစ် အနာ အဆာ နည်းနိုင်သမျှ နည်းစေရန်အတွက်၊ မိမိထက် ပိုမိုရင့်ကျက်သော ပုဂ္ဂိုလ်များ၏ အတွေ့အကြုံများမှ သခ်ိန်းစာ ယူကြရမည် ဖြစ်သည်။ မိမိ၏ လုပ်ဆောင်ချက်တိုင်း သည် မည်သည့်အခါမျိုးတွင်မျှ ပျောက် ကွယ်သွားလိမ့်မည် မဟုတ်။ ကောင်း သည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ သမိုင်း ကြောင်းအတွက် သက်သေခံအဖြစ် ထင် ကျန် ရစ်မည်သာ ဖြစ်လေသည်။

[နိုင်ငံသစ် သုတေသန စာစောင် (၄)၊ စာ–၂၅နှင့် ၂၉။]

ထိုစာပိုဒ်များမှာ သမိုင်းကြောင်း နှင့် ပတ်သက်သော ပုဂ္ဂိုလ် ရေးရာ အတ္ထုပ္ပတ္တိ များကို ရေးသားမည့် ကျနော့် သဘောထား အမြင်များဖြစ်သည်။ ထူးထူး ခြားခြားမဟုတ်။ ယခင်ကတည်းက ရှိခဲ့ပြီး ဖြစ်သည့် ရိုးစင်းလှသော အမြင်များပင် ဖြစ်သော်လည်း၊ ထိုတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝေဘန် ဆွေးနွေးလာမှုများ အတန် အသင့် ရှိခဲ့သည်။ သဘောပေါက် နားလည်စွာ လက်ခံအားပေးကြသူများ ရှိသကဲ့သို့ အမြင်မရှင်းနိုင်ကြသူ အချို့ လည်း ပါရှိသည်။ ထိုပုဂ္ဂိုလ်များအနက် ကေအဲန်ယူ – ဘိတ်ထားဝယ် ခရိုင်မှ ပဒို တဦး၏ ဝေဘန် ဆွေးနွေးလာမှုများအား ပြန်လည် တင်ပြ ဆွေးနွေးခြင်း မပြုမီ ကျနော့်သဘောထား အမြင်အချို့ကို အခိုင် အမာ ထပ်မံပြောကြားလိုပါသည်။

(က)

'လူ'ကို လူ ဟုသာ ကျနော် မြင် သည်။ လူတိုင်း လူတိုင်းသည် ကလေး ကြိုက် ပုံပြင်များနှင့် အပေါစား ရုပ်ရှင်များ အတွင်းမှ ဇာတ်ကောင်များ မဟုတ်ကြ။ မြင့်မြတ်သော ပုဂ္ဂိုလ်များသည် လူတ ယောက် တတ်နိုင်သလောက် အတိုင်း အ တာအထိသာ မြင့်မြတ်နိုင်ကြမည် ဖြစ်ပြီး ယုတ်မာနိမ့်ကျသော ပုဂ္ဂိုလ်များ သည် လည်း လူတယောက်အနေဖြင့် အယုတ်မာ နိုင်ဆုံး အတိုင်းအတာ အထိလောက်သာ ယုတ် နိမ့်နိုင်ကြမည် ဖြစ်သည်။ လူ၏ ပြုမူ ကျင့်ကြံမှု အလေ့အထများပေါ်တွင် မူ တည်လျက် လူဆိုး လူကောင်း ဟူသော ခေါ်ဝေါ် ပညတ်မှုများမှာ ယေဘုယျ သ ဘောမျှသာ ဖြစ်လေသည်။

လောကတွင် လူဆိုးသက်သက်၊ လူကောင်းသက်သက် ဟူ၍ မရှိ။ အိမ်ဖော် မကလေးများကို တိတ်တိတ်ပုန်းခြေတော် တင်နေသော ဉပါသကာ ဂေါပက လူကြီး များ ရှိသကဲ့သို့၊ စားရမဲ့ သောက်ရမဲ့ ဖြစ် နေသော မိသားစု၏ ဝမ်းရေး၊ သားကို ကျောင်းထားနိုင်ရေး၊ ရှင်ပြုနိုင်ရေး စသည် တို့အတွက် အသက်စွန့် ဆောင်ရွက်ခဲ့ကြ သော မုဒိန်း တန္တကများလည်း ရှိသည်။ အကောင်းထဲတွင် အဆိုးရှိသကဲ့သို့ အဆိုး ထဲ၌ အကောင်း ရှိနေသည်။ လူ တဦးစီ ၌ ကောင်းသော အမူအကျင့်ကော မကောင်းသော အမူအကျင့်ပါ ရှိနေကြ ခြင်းမှာ လူပီသခြင်းပင် ဖြစ်သည်။ လူပီသ သည်ဟု ဆိုရာ၌ အပေါစား ဝတ္ထု၊ ရုပ်ရှင် သို့မဟုတ် ဒဏ္ဍာရီပုံပြင်များထဲမှ ဇာတ် ကောင်များ မဟုတ်ဘဲ၊ လူ့အကျင့်ကို ကျင့် ကြံသော သက်ရှိလူစစ်စစ်များ ဖြစ်ခြင်းကို ဆိုလိုသည်။ စင်းလုံးချော ကောင်းမွန်သူ များ ကမ်းကုန်အောင် ဆိုးယုတ်သူများမှာ စိတ်ကူးယဉ် ပညာပေးပုံပြင် ဝတ္ထု ဇာတ် လမ်းများထဲ၌သာ ရှိနေပေသည်။

လူဖြစ်လာလျှင် လူပီသကြမည် ပင် ဖြစ်သည်။ လူ့အသိုင်းအဝိုင်းမှနေ၍ "လူ"ဟု သတ်မှတ်ခြင်းခံရဘို့ရန် အတွက် မူ လူတိုင်းလိုက်မလုပ်နိုင်သည့်တိုင်၊ လူ တိုင်းလူတိုင်းက'ကောင်းသည်'ဟူ၍ လက် ခံထားကြသော အမူအကျင့်များကို ပြုကျင့် ထိန်းသိမ်းရမည် ဖြစ်သည်။ သာမန်မျှ လိုက်လျောညီထွေ ပြုကျင့်လျှင် 'လူဆန် သည်'ဟူ၍ လူ့အသိုင်းအဝိုင်းက သတ်မှတ်

လက်ခံကြသည်။ သာမန်မျှပင် မပြုကျင့် မစောင့်ထိန်းနိုင်သောသူ၊ လူ့စည်းကမ်း လူ့ကျင့်ဝတ်ကိုမလေးမစား ကျူးလွန်သော သူအား 'လူမဆန်'ဟု သမုတ်သည်။ ထို့ထက်ပို၍ ဆန့်ကျင် ဖောက်ဖျက်မှုများ ပြုသူကို 'လူယုတ်မာ'ဟူသည့် ဘွဲ့ ချီးမြှင့်သည်။

လူကောင်းဆိုသည်မှာ လူတိုင်း လက်ခံနိုင်ကြသော အမူအကျင့်များအား သာမန်အဆင့်ထက်အနည်းငယ်ပို၍ စောင့်ထိန်းလုပ်ဆောင်သူ (အများနည်းနိုင်သမျှ နည်းအောင် စောင့်ထိန်းသူ) ကို ခေါ်ခြင်းဖြစ်ပြီး၊ ထို့ထက်တိုး၍ လုပ်ဆောင်နိုင်သူကို သူတော်ကောင်း၊ ထိုအဆင့်ထက် ပိုမိုထိန်းသိမ်း ပြုကျင့်နိုင်သူကို သူတော်စင်ဟု ခေါ်ကြသည်။ မည်သို့ပင် ဖြစ်စေကာမူ လူသည် လူပင်ဖြစ်သောကြောင့် လူတယောက်အနေဖြင့် အစွမ်းဆောင်နိုင်ဆုံး အပြုကျင့်နိုင်ဆုံး အတိုင်းအတာအထိသာ ထိန်းသိမ်းဆောင်ရွက်နိုင် လိမ့်မည် ဖြစ်သည်။ လူအဖြစ် ရပ်တည်နေသော (သက်မဲ့ မဟုတ်သည့်) လူပီသသောလူ မည်သူ၌မဆို ထောက်ပြစရာ အားနည်း ချို့တဲ့မှုများ ချွတ်ယွင်းချက် အပြစ်အနာအဆာများမှာ အနည်းနှင့်အများပင် ရှိနေပေသည်။ ထိုအချက်ကို နားလည် စာနာစိတ်ဖြင့် မြင်အောင် ကြည့်တတ်ဘို့ရန်နှင့် စိတ်စေတနာကောင်း ထားရှိလျက် အမြင်ရှင်းဘို့ရန် လိုအပ်သည်။

(ခ)

မြန်မာတနိုင်ငံလုံးမှ တိုင်းရင်းသား ပြည်သူလူထု အများ အပြားက လေးစား ချစ်ကြည်ကြသော ဗိုလ်ချုပ် အောင်ဆန်းနှင့် ပတ်သက်၍ အနည်းငယ်မျှ ဥပမာ ပေး တင်ပြပါမည်။

ဗိုလ်အောင်ဆန်း သီချင်း ထဲမှ "ရာဇဝင် အတ္ထုပ္ပတ္တိလည်း ရှိရမယ်။ မော်ကွန်းလည်း ထိုးလောက်တယ်၊ မြင့်မြတ်တဲ့ ဗိုလ်အောင်ဆန်းရယ် ..." အစရှိသော သံပြိုင်အပိုဒ်ကို မြန်မာပြည်သားတိုင်းလိုလိုပင် ကြားဘူးကြမည် ဖြစ်သည်။

လူပုဂ္ဂိုလ် အမည်တပ်လျက် 'မြင့်မြတ်သည်'ဟူ၍ ဂုဏ်ပြု သီကျူးကြခြင်းမှာ မြန်မာပြည်တွင် ထိုသီချင်း တပုဒ်သာလျှင် ရှိလေသည်။ အဘယ့်ကြောင့် မြင့်မြတ်သည်ဟု ဆိုကြပါသနည်း။ တိုင်းပြည် လွတ်လပ်ရေးအတွက် ကိုယ်ကျိုးမငဲ့ဘဲ ကြိုးပမ်း လုပ်ဆောင်ခဲ့သောကြောင့် ဖြစ်၏။ တိုင်းပြည်တပြည်လုံး ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက်၎င်း၏ အသက်ခန္ဓာကို အပ်နှင်းပြီး ဆင်းရဲ ပင်ပန်းခံကာ ဖွဲ့နဲဘဲကြီးစွာ ဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်အား မြင့်မြတ်သည်ဟု ဆိုကြခြင်းမှာ အလွန်ပင် လျော်ကန် သင့်မြတ်လှပေသည်။

တိုင်းပြည် လွတ်လပ်ရေး အတွက် အာရုံစိုက်၍ လုပ်ကိုင်ခဲ့ရာတွင် ကိုယ်ရေး ကိုယ်တာ အများ အပြားကို ဗိုလ်ချုပ် လျစ်လျူရှုခဲ့သည်။ ဖြစ်သလိုဝတ်၊ ဖြစ်သလိုစား၊ ဖြစ်သလို အိပ်ခဲ့သည်။ အတ္ထုပ္ပတ္တိ စာအုပ်တအုပ်ဖြစ်သော အောင်သန်း၏ အောင်ဆန်း စာမျက်နှာ ၃၂ မှ ၃၈၊ ၅၈မှ ၆၀ တို့တွင် ဗိုလ်ချုပ်၏ ဂွတီးဂွကျ နိုင်လှသော ဖြစ်သလို နေထိုင် ပြုမှုဆက်ဆံပုံများကို တွေ့ကြရမည် ဖြစ်သည်။ တက္ကသိုလ် ကျောင်းသား ဘဝ အခြားကျောင်းသူ ကျောင်းသားများ ရှိုးကျသပ်ယပ်စွာ ဝတ်စား ဆင်ယင်နေချိန်၌ ၎င်းက ခေါင်းစုတ်ဖွားဖြင့် နေသည်။ တပတ်နွမ်း အဝတ်ကို ကြုံသလို ဖြစ်သလို ဝတ် သည်။ လောကဝတ် နှုတ်ဆက်စကားများကိုလည်း အရေးထားလေ့မရှိ။ သွားရင်းလာရင်း တွေ့ဆုံ ကြုံကြိုက်၍ သူ့ကို ခေါ်ပြောနှုတ်ဆက်လျှင် ပြန်ပြောချင်မှ ပြောသည်။ မည်သူကမျှ နှုတ်မဆက်သည့်တိုင် သူ့ကိစ္စရှိပါက လိုရင်းတိုရှင်း လာပြောချင် ပြောတတ်သည်။ သူ့အခန်းမှာ ကြိုးတန်းပေါ်တင်ထားသော အဝတ်အစား အနွမ်းများနှင့် စာအုပ်များ ဖရိုဖရဲ ရှုပ်ပွနေသည်။ အိပ်ရာကို မည်သည့်အခါမျှ မသိမ်း။ ခြင်ထောင်ကို အမြဲတမ်းထောင်ထားသည်။ စောင်ကိုလည်း ခြုံပြီးသည့်အတိုင်းပင် လုံးထွေး ပစ်ထားတတ်သည်။

ဒို့ဗမာအစည်းအရုံး၏ အထွေထွေ အတွင်းရေးမှူးအဖြစ် တာဝန် ယူလာရသော အခါတွင်လည်း ထိုအတိုင်းပင် နေထိုင်လျက်၊ စောင်နှင့်အိပ်ရာများ ညစ်ထေး ဖုံပေခြင်း၊ ကြမ်းပိုးကိုက်၊ ခြင်ကိုက်ခြင်းများကို အမှုမထားဘဲ အိပ်တတ်ကြောင်းများ ဖတ်ရှုရမည် ဖြစ်သည်။

ထိုစာအုပ်တွင်ပင် ဒဂုန် တာရာ၏ 'အောင်ဆန်း သို့မဟုတ် အရိုင်း' ကို ကောက်နုတ်ဖော်ပြထားသည်။ "သူသည် ရိုင်း၏။ ကြမ်း၏။ ကြောင်၏။ ကိစ္စမရှိ။ သူသည် ဒေ့ခ်နီးဆောင်မှ ဂုဏ်သရေရှိ လူကြီးလူကောင်းမဟုတ်။ တခုတည်းသော ယုံကြည်ချက်နှင့် တခုတည်းကိုသာ လုပ်သော နိုင်ငံရေး သတ္တဝါ ဖြစ်သည်။ ထို့ကြောင့် ကိစ္စမရှိ။"ဟု ဒဂုန်တာရာက နားလည်စွာ ရေးခဲ့သည်။

ရိုင်းသော၊ ကြမ်းသော၊ ကြောင်သော၊ စိတ်တိုတတ်သော၊ လောကွတ်မလုပ် တတ်သော၊ မိမိပြောလို လုပ်လိုရာကို စွတ်ရွတ် ပြောဆိုလုပ်ကိုင်တတ်ပြီး အားနာမှု မရှိတတ်သော၊ ဖရိုဖရဲ ညစ်ပတ်ရှုပ်ပွစွာ နေထိုင်တတ်သော ဗိုလ်ချုပ်၏ အကြောင်းအချို့ကို ထိုစာအုပ်တွင် တွေ့ရပေသည်။ တဘက်တွင် ဖော်ပြပေးသော အခါ အခြားတဘက်၌ လစ်ဟာမှုများ ဖြစ်ရမည်မှာ ဓမ္မတာပင် ဖြစ်သည်။ အခြားသူ တဦးသာ ဤကဲ့သို့ ပြုမူနေထိုင်မည် ဆိုလျှင် ထိုသူကို လူမှုရေးရာ နားမလည်သူ၊ စည်းကမ်းစံနစ် ကျနမှု မရှိသူ၊ ရိုင်းစိုင်းရူးကြောင်သူဟူ၍ ဆိုကြမည်ဖြစ်သည်။ ထိုအမူအကျင့်များမှာ လူတိုင်းလိုလိုပင် လက်မခံနိုင်ကြသည့် အမူအကျင့်များ ဖြစ်သည်။ တိုင်းပြည်ကို ခေါင်းဆောင်မည့်သူ တဦးအနေဖြင့် အပြောအဆို အနေအထိုင်များတွင် စံပြ ပြုမူသင့်သည်။ မိမိကိုယ်တိုင်ပင် စည်းကမ်းတကျ သပ်ယပ်စွာ နေထိုင်မှု၊ ချောင်စွာ ပြောဆိုဆက်ဆံမှုများ မပြုလုပ်နိုင်လျှင် တိုင်းပြည်ကြီး တပြည်လုံးကို မည်သို့ ခေါင်းဆောင်မည်နည်း စသည်ဖြင့် ထောက်ပြ ပြောဆိုလိုသူများလည်း ရှိကြမည်မှာ အမှန်ပင် ဖြစ်လေသည်။

ငယ်စဉ်က - ကြုံကြုံ ဖန်ဖန် ကြောက်တတ်ခြင်းနှင့် စူးစမ်းလေ့လာတတ် ခြင်း၊ သည်းခံတတ်ခြင်းနှင့် မဟုတ်မှန်သည့်ကိစ္စကို လက်ခံမှု မရှိခြင်း၊ မိမိကိုယ်တိုင်ကိုသာမက သူတပါးကိုပါယုံကြည်မှုရှိခြင်းစသည့် အခြေခံအားဖြင့် ကွဲလွဲသော စရိုက်သဘာဝများ ရှိခဲ့သူ ဗိုလ်ချုပ် အောင်ဆန်းအဖို့ ကျောင်းသား ခေါင်းဆောင်တဦးဘဝတွင် စည်းကမ်းမဲ့ခြင်း၊ လူမှုရေးရာ နားမလည် ဂရုမမူခြင်း စသည့် ခေါင်းဆောင်တဦးနှင့် မည်သို့မျှ မသက်ဆိုင်သော ပြုမူချက်များမှာ အမှန်တကယ်ပင် အားနည်း ချို့တဲ့မှုများ ဖြစ်နေလေသည်။ သို့ရာတွင် တဘက်၌ အာရုံစူးစိုက်လွန်း၊ အလုပ်များလွန်းသောအခါ အခြားတဘက်၌ လစ်ဟာမှုများ ဖြစ်ရသည်ဟူ၍၎င်း၊ အရေးကြီးသော လုပ်ငန်းဆောင်တာများကြောင့် သာမန်ကိစ္စများကို ဝတ်ကျေတန်းကျေပင် မပြောဆိုနိုင်ဘဲ ဖြစ်ရသည်ဟူ၍၎င်း၊ မျှော်မှန်းချက် ကြီးမားပြီး အချိန်ကိုတန်ဘိုးထားသူ ဖြစ်သောကြောင့် လုပ်ကိုင် ဆောင်ရွက်မှု များနှင့် ပတ်သက်၍ အထစ်အငေါ့ရှိလျှင် စိတ်တိုတတ်သည်ဟူ၍၎င်း၊ နားလည် ယူ၍ ရသည်။ ထို့ပြင်ဗိုလ်ချုပ် ဤသို့လစ် ဟာမှုများ ဖြစ်ရသည်မှာ တိုင်းပြည် လွတ်လပ်ရေးဟူသည့် တခုတည်းသောဦးတည်ချက်ဖြင့်၊ စေတနာကြီးမားစွာ ကိုယ်ရော စိတ်ပါပုံ၍ လုပ်ဆောင်ခဲ့သောကြောင့်ဟုလည်း နားလည်နိုင်လေသည်။ ထို့ကြောင့်လည်း ဗိုလ်ချုပ်နှင့် ခေတ်ပြိုင် အတိုက်အခံများ၊ လုပ်ဖော်ကိုင်ဖက် နိုင်ငံရေး၊ စစ်ရေး ခေါင်းဆောင်များအနက် မည်သူ တဦးတယောက်ကိုမျှ ဂုဏ်ပြုပြော ဆိုခြင်း မရှိခဲ့သော "မြင့်မြတ်သူ" ဟူသည့် အမွှမ်းတင်မှုကို လူထုတရပ်လုံးက လက်ခံ ခဲ့ကြခြင်း ဖြစ်သည်။ ဗိုလ်ချုပ်၏ စေတနာ သဘောထားနှင့် ကြိုးပမ်းမှု လုပ်ရည် ကိုင်ရည်တို့မှာ အဓိကဖြစ်ပြီး လူမှု ဆက်ဆံရေး ဝွတီးဝွကျ နိုင်မှု၊ အခြေအနေအရ စည်းကမ်းပျက်ရမှု စသည့် ချွတ်ယွင်း အားနည်း ချက်များမှာ သာမညသာ ဖြစ်သည်။

ပုဂ္ဂိုလ်တဦးတယောက်ကို ရှုမြင်ရာ၌ အဆိုးကော အကောင်းပါ တွေ့မြင်နိုင်မည် ဖြစ်သော်လည်း အဓိကနှင့် သာမည ကို ခွဲခြား ရှုမြင်ရမည် ဖြစ်လေသည်။

(ဂ)

လူတဦးတည်း၌ ကောင်းသော စိတ်ထားကော၊ မကောင်းသော စိတ်ထားပါ ဒွန်တွဲလျက် ရှိသည်။ ထိုစိတ်ထား နှစ်ရပ်မှာ မြုပ်ချီ ပေါ်ချီ ဖြစ်နေပြီး၊ တခုနှင့်တခု လွန်ဆွဲ၍လည်း နေသည်။ အာ၊ အယ်(လ်) စတီဗင်ဆန် **(Robert Louis Stevenson)** ၏ မူရင်း ဝတ္ထုကိုသော်၎င်း၊ ဘာသာပြန် စာအုပ်ကိုသော်၎င်း၊ မဖတ်ခဲ့ရဘူးသော်လည်း၊ ကာလကြာမြင့်စွာကတည်းကပင် ကျနော်ကြားခဲ့ဘူးသည့် ဝေါဟာရတခု ရှိသည်။ ဂျက်ကဲ (လ်)နှင့် ဟိုက် (ဒ်) **(Jekyll and Hyde)**။ ဂျက်ကဲ (လ်)နှင့် ဟိုက်(ဒ်)မှာ ၁၉ ရာစု နှောင်းပိုင်း စာရေးဆရာ စတီဗင်ဆန်၏ **The Strange Case of Dr. Jekyll and Mr. Hyde** ဝတ္ထုအတွင်းမှ အဓိကဇာတ်ကောင်တဦး၏ အမည်ဖြစ်သည်။ ဂျက်ကဲ (လ်) အဖြစ် မွန်ရည်သော သဘောထားနှင့် အမူအကျင့်ကောင်းရှိသူဖြစ်ပြီး၊ ဟိုက် (ဒ်) အဖြစ် အကျည်းတန်သော အသွင်အပြင်နှင့် စိတ်ယုတ်မာများ ရှိနေသူ ဖြစ်သည်။ သဘာဝ ယုတ္တိရှိသောကြောင့် ထိုဇာတ်ကောင်၏ အမည်များကို လူတဦး တည်းတွင်ဖြစ်ပေါ်တတ်သည့် ကောင်းသောစိတ်ထားနှင့် အပြုအမူ၊ မကောင်းသော စိတ်ထားနှင့် အပြုအမူများအား ကိုယ်စားပြုခိုင်းနှိုင်း ပြောဆိုခြင်း၌ တွင်ကျယ်စွာ သုံးစွဲလျက်ရှိသည်။ ခေတ်ပေါ် အင်္ဂလိပ် အဘိဓါန်အများအပြား၌ ဂျက်ကဲ (လ်) နှင့်ဟိုက် (ဒ်) ဟူသော ဝေါဟာရကို ရှာဖွေ တွေ့ရှိနိုင်မည် ဖြစ်လေ သည်။

(ဃ)

အတ္ထုပ္ပတ္တိဟူသည်မှာ သက်မဲ့ ပစ္စည်းတစုံတရာ၊ (သို့မဟုတ်) သက်ရှိ သတ္တဝါ တကောင်တမြီး၊ (သို့မဟုတ်) လူပုဂ္ဂိုလ် တဦးတယောက်၏ "ဖြစ်စဉ်" ပင် ဖြစ်သည်။

ကျနော်ရေးသားမည့် အတ္ထုပ္ပတ္တိများမှာ လူပုဂ္ဂိုလ်၏ အတ္ထုပ္ပတ္တိများ ဖြစ်သည်။ လူပုဂ္ဂိုလ်၏ ဘဝ ဖြစ်စဉ် အကြောင်းအရာများကို ဖော်ပြရာ၌ ပုံပြင် ဒဏ္ဍာရီထဲမှ ဇာတ်ကောင်လို ဖော်ပြ၍ မရ။ လူသားပီသအောင် ဖော်ပြရမည် ဖြစ်သည်။ ပုဂ္ဂိုလ်ရေး အတ္ထုပ္ပတ္တိသည် သမိုင်းနှင့်လည်း ပတ်သက်သည်။ သမိုင်း ခေတ်ကာလ တခုအတွင်း (သို့မဟုတ်) သမိုင်းခေတ် တခေတ်နှင့် တခေတ် အပြောင်းအလဲ ကြားကာလအတွင်း ထိုပုဂ္ဂိုလ်ဖြတ်သန်း ကျော်လွှားလာရပုံကို ရေးသားခြင်း၌ ထိုပုဂ္ဂိုလ်၏ ရုပ်လုံးကို ပို၍ ကြွစေမည့် ပုဂ္ဂလဝန်းကျင် ခေတ်ကာလ အခြေအနေ သမိုင်းကြောင်း **( Historical Atmosphere )** သည်လည်း မလွဲမသွေ ပါရှိလာရမည်သာ ဖြစ်လေ သည်။

သမိုင်း၏ အဓိပ္ပါယ် အရင်း အမြစ်ကို နိုင်ငံသစ် စာစောင် (၅)၌ ကျနော် ဖွင့်ဆိုတင်ပြခဲ့ပြီး ဖြစ်သည်။

"ကာလ အပိုင်းအခြားအလိုက်၊ သက်ရှိတို့၏ ပြုပြင်လှုပ်ရှား ပြောင်းလဲမှု ဖြစ်စဉ်နှင့် သဘာဝ တရား၏ ပယောဂကြောင့် သက်မဲ့တို့၏ ရွေ့ရှားပြောင်းလဲမှု ဖြစ်စဉ်များကို သမိုင်းဟု ခေါ်သည်။"
(နိုင်ငံသစ် သုတေသန စာစောင် (၅)၊ စာ-၃၀)

သမိုင်းသည် အမှန်တကယ် ဖြစ်ပျက်ခဲ့မှုကို မှတ်တမ်းတင်ခြင်း ဖြစ်သည်။ စိတ်ကူးယဉ် မဟုတ်။ သမိုင်းကြောင်း အမှန်ကို ဖျောက်ဖျက်၍ မရ။ လိမ်ညာလှည့်ဖြား၍ မရ။ မည်မျှပင် ဖျောက်ဖျက် လိမ်ညာ လှည့်ဖြားစေကာမူ ခေတ်ပြိုင် ပတ်ဝန်းကျင် အခြေအနေများနှင့် ချိန်ထိုးနှိုင်းယှဉ်လိုက်ပါက ပြန်လည် ပေါ်ပေါက်လာရမည်သာ ဖြစ်သည်။

သမိုင်းကြောင်းနှင့် ပတ်သက်သည့် ပုဂ္ဂိုလ်ရေး အတ္ထုပ္ပတ္တိများကို ရေးရာတွင် ထိုအချက်ကို ကျနော် အထူး တလည် သတိပြုခဲ့သည်။

(၂)

ကေအဲန်ယူ ဘိတ်ထားဝယ် ခရိုင်မှ ပဒိုတဦး၏စာမှာ နိုင်ငံသစ် စာစောင် (၅)ကို ထုတ်ဝေနိုင်ဘို့ရန် လုံးပမ်းနေစဉ်တွင် ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။ ဆရာမန်းအောင်ဌေးအမည်ဖြင့် လိပ်မူတပ်ထားသည်။ မန်းအောင်ဌေးနှင့် ရင်းနှီးကျွမ်းဝင်သူ ထိုပဒိုမှာ ဘွဲ့ရ ပညာတတ် တဦးပင်ဖြစ်လေသည်။ စာတွင် ပဋိသန္ဓာရ နှုတ်ခွန်းဆက်စကား အနည်းငယ်ဖြင့် အစချီထားပြီး၊ နိုင်ငံသစ် စာစောင် (၄)တွင် ဖော်ပြခဲ့သော သမိုင်းသက်သေ ဆောင်းပါးပါ အချက်အလက်များနှင့် ပတ်သက်၍ ဝေဘန် ဆွေးနွေးလာသည်။

ဆရာမန်းအောင်ဌေးကို ခေါင်းတပ်၍ ရေးထားသော်လည်း ထိုဝေဘန်ဆွေးနွေးချက်များမှာ ကျနော်နှင့် တိုက်ရိုက် သက်ဆိုင်နေသောကြောင့်၊ ပြန်လည် ရှင်းလင်း ဆွေးနွေးရန်အတွက် ကျနော့်၌ တာဝန် ရှိလာသည်။ စာထဲတွင် ကျနော့် အမည်ကို သုံးလေးကြိမ်မျှ ထည့်သွင်း သုံးနှုန်းထားသော်လည်း ကျနော့်အား ပုဂ္ဂိုလ် ရေးအရ ရေးသောစာမဟုတ်ဘဲ၊ သမိုင်းကြောင်း အတ္ထုပ္ပတ္တိ စာပေနှင့် ပတ်သက်၍ ဝေဘန်ဆွေးနွေးသော စာဖြစ်သည့်အတွက် သမိုင်းလေ့လာရေး စာစောင်တွင်းမှပင် ပြန်လည် ရှင်းလင်း တင်ပြရမည် ဖြစ်လေသည်။ ကရင့်သမိုင်း သုတေသန ဌာနသည် စာဖတ်သူများထံမှ ဝေဘန် ဆွေးနွေးလာမှုများကို အစဉ်အမြဲပင် လက်ကမ်း ကြိုဆိုလျက် ရှိနေသည်။ ဘွဲ့ရ ပညာတတ်ပင်ဖြစ်စေ၊ ပါမောက္ခကြီးပင်ဖြစ်စေ၊ သာမန်အလုပ်သမား တဦးပင်ဖြစ်စေ၊ စစ်မှုထမ်းတဦးပင်ဖြစ်စေ မည်သည့်ပုဂ္ဂိုလ်ထံမှ မည်သည့်ဝေဘန်ဆွေးနွေးလာမှုမျိုးကိုမဆို လေးစားစွာ ပြန်လည် ဆွေးနွေး တင်ပြသွားမည် ဖြစ်သည်။

နိုင်ငံသစ်စာစောင်သည် အပြီးသတ်ဖြည့်စွက်ပြီး ပြင်ဆင်စရာမလိုသော သမိုင်း စာအုပ် မဟုတ်ပါ။ တိကျ ပြည့်စုံသော လူမျိုးစုသမိုင်း၊ (အထူးသဖြင့် ကရင့် သမိုင်း) စာစောင်ကို ပြုစုရန် ကြိုးပမ်းရာ၌ အထောက်အကူ ဖြစ်စေရေးအတွက် ရည်ရွယ်ထုတ်ဝေသည့် သမိုင်းလေ့လာရေး စာစောင်သာဖြစ်သည်။ မိမိတို့ လေ့လာထားသမျှ အချက်အလက်များနှင့် မိမိတို့အယူအဆများကို တင်ပြ ဆွေးနွေးမည်ဖြစ်ပြီး၊ ထိုတင်ပြချက်များနှင့် ပတ်သက်၍ ဝေဘန်ဆွေးနွေးမှုများကိုလည်း လိုလိုလားလား လက်ခံ၍ သဘောပေါက်အောင် ပြန်လည် ရှင်းလင်းဆွေးနွေးခြင်း၊ မိမိတို့မှားယွင်းပါက ပြင်ဆင်ခြင်း စသည်တို့ကို ပြုမည် ဖြစ်ပါသည်။ သို့မှသာ ခိုင်မာ တိကျသော သမိုင်းမှန်ကိုင်း၊ ပြတ်သားသော အယူအဆကိုင်း ရရှိနိုင်မည် ဖြစ်သည်။

ထို့ကြောင့် ထိုပဒို ရေးခဲ့သော မူရင်းစာပိုဒ်များကို မျဉ်းသား ဖော်ပြလျက်၊ ကျနော့် ရှင်းလင်း ဆွေးနွေးချက်များနှင့်အတူ နိုင်ငံသစ် စာစောင် (၅)၌ ထည့်သွင်းရန် စိတ်ကူးခဲ့သည်။ သို့ရာတွင် နိုင်ငံသစ် စာစောင် (၅)အတွက် ကျနော် ရေးထားခဲ့သော "သမိုင်းပေး တာဝန်" စာစီပြီး ဖြစ်လျက် စာမျက်နှာများပင် အကြမ်းဖျင်းရာထားပြီး ဖြစ်နေသည်။ စာစောင်တခုလုံးမှာလည်း ပြီးစီးလုနီးပါး အခြေအနေ ရှိသောကြောင့် "သမိုင်းပေး တာဝန်"ကို ဘေးထုတ်ကာ စာမျက်နှာ အရေအတွက် မကန့်သတ်နိုင်သေးသော ထိုဆွေးနွေးချက်ကို အစားထိုး ထည့်သွင်းဘို့ရန် မဖြစ်နိုင်တော့ချေ။ ဝေဘန် ဆွေးနွေး မေးမြန်းလာမှုအပေါ် အကျိုးသင့် အကြောင်းသင့် ပြန်လည် ရှင်းလင်း တင်ပြရမည် ဖြစ်သောကြောင့် "သမိုင်းပေး တာဝန်" ထက် စာမျက်နှာ ပိုများနိုင်ပြီး၊ အချိန်အနည်းငယ်ယူ၍ ပြင်ဆင်ရမည့်အတွက် လည်း ဖြစ်လေသည်။

စာစောင် (၅)ကို ပုံနှိပ် ထုတ်ဝေရန် အပ်နှံပြီးသည့်နောက်တွင် ကျနော်တို့ရုံး အပြောင်းအရွှေ့ လုပ်သည်။ မတည်ငြိမ်သော အခြေအနေများကြောင့် ရုံးမှာ မကြာခဏ အပြောင်းအရွှေ့လုပ်ရသည်။ စာစောင် (၃)နှင့် (၄)ကို ထုတ်ဝေရာတွင်ပင် သုံးနေရာမျှ ပြောင်းရွှေ့ခဲ့ရသည်။ စာစောင် (၅) အပြီးတွင်မူ ရုံးကို မဲဆောက်မှ နေ၍ ဆန်ခလ ဘူရီသို့ ပြောင်းရွှေ့ခဲ့သည်။ လုပ်ဖော်ကိုင်ဖက် အချို့နှင့်အတူ ဒူးပလာယာခရိုင်မှတဆင့် ကျနော်သွားရသည်။ တွေ့ဆုံ မေးမြန်းရမည့် အလုပ်ကိစ္စ အနည်းငယ်ရှိသောကြောင့် ကျနော် တဦးတည်း ဒူးပလာယာ၌ တလနီးပါးမျှ နေခဲ့ရသည်။

ဆရာ မန်းအောင်ဌေး သည် ကျနော့်ထက်ပို၍ အလုပ်များသူ ဖြစ်ပြီး၊ ကျနော့်ထက်ပို၍လည်းဗရုတ်သုတ်ခနိုင်သူ ဖြစ်သည်။ စာပေလေ့လာမှုနှင့် ပေါင်းသင်းဆက်ဆံမှုတွင် ကျနော်မယှဉ်သာအောင် အားကောင်းသူ ဖြစ်သည့်အပြင် ပစ်စလက်ခတ် ဖရိုဖရဲ စည်းပျက်ကမ်းပျက်ထားသို နေထိုင်ရာတွင်ပါ ကျနော် လိုက်မမှီနိုင်သူ ဖြစ်သည်။ မဲဆောက်၌ ရှိစဉ်ကမည်သူမျှ ရှင်းလင်းပေးခြင်း မပြုသေးသော ဆရာမန်းအောင်ဌေး၏ ရုံးခန်း (အလုပ်ခန်း၊ အိပ်ခန်း၊ ဧည့်ခန်း၊ တခါတရံ အဆာပြေ မုံ့ပဲသွားရည်စာ စားသောက်သည့် အခန်းလည်း ဖြစ်သော ဆယ့်နှစ်ပေ ပတ်လည် အခန်း) သို့ ကျနော် မကြာခဏ ရောက်ဘူးသည်။ ကျနော့်ဆရာ၏ ကြွက်သိုက်မှာ ကျနော့်ကြွက်သိုက်ထက် ပို၍ ရှုပ်ပွလေသည်။ ထို့ကြောင့်ပင် သမိုင်းအချက်အလက်များနှင့် ပတ်သက်သည့် အချို့သော မှီးငြမ်း ကိုးကားစရာ စာအုပ်စာတမ်း အထောက်အထားများ၊ လေ့လာမေးမြန်းထားသော မှတ်စုများ၊ ရှားပါးဓါတ်ပုံများမှာ ဟိုလူယူ သည်လူဆွဲဖြင့် လက်သည်မပေါ်ဘဲ ပျောက်ဆုံးခဲ့ရခြင်း ဖြစ်သည်။ ယခုလည်း ဘိတ်ထားဝယ် ခရိုင်မှပဒို၏ ဆွေးနွေးဝေဘန်ချက် မူရင်းစာကို ဖော်ပြရန်အတွက် ပြန်လည် ရှာဖွေရာတွင် မတွေ့ရှိရတော့ချေ။ ပစ္စည်းအချို့နည်းတူ ဒေသကာလ ရွေ့လျောမှု၌ မျောပါသွားခဲ့ပြီ ဖြစ်လေသည်။

ထို့ကြောင့် ဘိတ်ထားဝယ် ခရိုင်မှ ပဒို ဆွေးနွေး ဝေဘန်ခဲ့သော အဓိက အချက်အလက်များကို စကားလုံး အတိ

အကျ မဟုတ်သည့်တိုင် ၎င်း၏ဆိုလိုရင်း အတိုင်း ကျနော် မှတ်မိသမျှ ပြန်လည်ဖော်ပြ ဆွေးနွေးရတော့မည် ဖြစ်ပါသည်။ ရှေးဦးစွာ ထိုပဒို၏ ဝေဘန် ဆွေးနွေးချက်များကို အမှတ်စဉ်ထိုး၍ ဖော်ပြပါမည်။

(၁) အတ္ထုပ္ပတ္တိ ဆိုသည်မှာ ကွယ်လွန်ပြီးဖြစ်သော ပုဂ္ဂိုလ်များကိုသာ ရေးလေ့ ရှိပါသည်။ သို့မှသာလည်း ပိုမို ပြည့်စုံနိုင်မည် ဖြစ်ပါသည်။

(၂) ခေါင်းဆောင်များ၏ အတ္ထုပ္ပတ္တိကိုရေးရာတွင် ၎င်းတို့၏ ကောင်းကွက်ရော၊ မကောင်းကွက်များပါဖော်ပြမည် ဆိုခြင်းမှာ ဖြစ်နိုင်ပါမည်လော။ ဆရာထက်ခေါင်အနေဖြင့်ရေးရော ရေးရဲပါမည်လော။

(၃) ပုဂ္ဂိုလ်တဦးအကြောင်းကို၊ ၎င်းသြဇာရှိနေချိန်၌ ရေးသား တင်ပြသည့် စာသည် တကယ်တမ်းတွင် လွတ်လပ်စွာရေးသားသည့် စာကော ဖြစ်နိုင်ပါမည်လော။ ဘက်မလိုက်ဘဲ အမှန်အတိုင်းကော ရေးရဲပါမည်လော။ ရေးသားသူအတွက် အန္တရာယ်ရှိလာနိုင်ပါသည်။ "... ... ..." (ထိုနေရာ၌ တရုတ် ခေါင်းဆောင်တဦး၏ အမည်ကို ဖော်ပြထားသည်။ မော်စီတုန်း မဟုတ်သော ထိုအမည်ကို ကျနော်မေ့နေသောကြောင့် မထည့်ဖြစ်ပါ။) ကိုပင် သူသေပြီး နောက်မှသာ အမှန်အတိုင်း ရေးရဲကြသည် မဟုတ်ပါလော။

(၄) အတ္ထုပ္ပတ္တိ ရေးရာတွင် ရေးသား ခံ ပုဂ္ဂိုလ် သြဇာ အာဏာကျဆင်းချိန် (သို့မဟုတ်) အာဏာ လုံးဝ မရှိတော့သည့်အချိန် (သို့မဟုတ်) သေဆုံးချိန်ကြမှသာ သက်ဆိုင်ရာ ကာယကံရှင်များနှင့် ကျန်ရစ်သူများ၏ ခွင့်ပြုချက်ကို ယူပြီး ရေးသင့်ပါသည်။

ကျနော် မှတ်မိသမျှ အဓိက အချက်အလက်များ ဖြစ်သည်။ အရေးမပါလှသော အချက် အချို့လည်း ရှိပါလိမ့်ဦးမည်။ သို့ရာတွင် အထက်၌ ဖော်ပြထားသော အချက် (၄)ခု၏ ဘောင်ထဲတွင်သာ အကျုံးဝင်သည်ဟုယူဆပါသည်။ အကယ်၍ မူရင်းစာကိုပြန်လည်တွေ့ရှိပြီး၊ အထက်ဖော်ပြပါ အချက်များ၌ မပါဝင်သော သီးခြား အချက်အလက်များ ရှိပါက၊ ဆက်လက် ထွက်ရှိမည့် စာစောင်များမှ ဆွေးနွေးခန်းတွင် (အကြောင်းတိုက်ဆိုင်လျှင်) ထည့်သွင်း ဆွေးနွေးမည် ဖြစ်ပါသည်။ (အခြားပုဂ္ဂိုလ်များလည်း ဤဆွေးနွေးခန်း ကဏ္ဍ၌ ဝင်ရောက် ရေးသား ဆွေးနွေးကြစေလိုပါသည်။)

ကျနော့်အား "သမိုင်း တရားခံ" ဟူသော ဤဆောင်းပါးကို ရေးသားဖြစ်စေရန်အတွက် တွန်းအားပေးလိုက်သလိုဖြစ်နေသော၊ ဘိတ်ထားဝယ်ခရိုင်မှ ပဒို၏ ဝေဘန် ဆွေးနွေးလာမှုများအပေါ် အထူးတလည် ကျေးဇူးတင်ရှိပါသည်။ ဤဆောင်းပါးသည် ပဒိုကိုသာမက၊ ပဒိုကဲ့သို့ သဘောထားရှိသော ပုဂ္ဂိုလ်ကြီးငယ်များကိုပါ အမြင်ရှင်းစေရန် ဦးတည် ရည်ရွယ်ပါသည်။

(၃)

သမိုင်းတရားခံဟူသော ဝေါဟာရနှင့် ပတ်သက်၍ လေ့လာထားသမျှ အနည်းငယ် တင်ပြပါမည်။

နိုင်ငံတနိုင်ငံ၊(သို့မဟုတ်) လူ့အဖွဲ့အစည်းတခု၊ (သို့မဟုတ်) ခေတ်စံနစ်တခု၊ (သို့မဟုတ်) ခေတ်ပြိုင်ပတ်ဝန်းကျင် အနေအထားတခု၏ လှုပ်ရှားလည်ပတ်နေမှု ဖြစ်စဉ်တွင်၊ ထိုဖြစ်စဉ်အား တိုးတက်ပြောင်းလဲမှုသို့ ဦးတည်ခြင်း မရှိဘဲ၊ ဆုတ်ယုတ် ပျက်ပြားစေမည့် အခြေအနေသို့ တွန်းပို့သော လုပ်ရပ်များကို၊ ကိုယ်တိုင်လက်ရောက်ဖြစ်စေ၊ အကြံပေးတိုက်တွန်းနှိုးဆော်၍ ဖြစ်စေ၊ တဦးချင်းသော်၎င်း၊ အစုအဖွဲ့ဖြင့်ပူးပေါင်း၍သော်၎င်း တမင်ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်သူများသည် ထိုနိုင်ငံ ထိုလူ့အဖွဲ့အစည်း၊ ထိုခေတ် စံနစ်၊ ထိုခေတ်ပြိုင်ပတ်ဝန်းကျင် အနေအထား၏ သမိုင်းတရားခံများအဖြစ် သညာပြုခြင်း ခံရမည် ဖြစ်သည်။

ယေဘုယျအားဖြင့် သမိုင်းတရားခံ အမျိုးအစား (၁၃)မျိုး သတ်မှတ်နိုင်သည်။

(၁) မိမိ အုပ်ချုပ်မှုအောက်မှ ပြည်သူများကို နိုင့်ထက်စီးနင်း၊ နှိပ်စက် ညှဉ်းပမ်းခဲ့သော မင်းဆိုးမင်းညစ်များ၊ စစ်အာဏာရှင်များ။

(၂) ပြည်သူ့အရေးကို လျစ်လျူရှုလျက် ကိုယ်ကျိုးအတွက်သာ လုံးပမ်းခဲ့သော နိုင်ငံခေါင်းဆောင်များ။

(၃) ကျဉ်းမြောင်းသော အမျိုးသားရေးစိတ်ဓါတ် (သို့မဟုတ်) လူမျိုးရေး မုန်းတီးနာကျည်းမှုဖြင့် မိမိ၏ အတ္တမာနအားပိုမို ကြီးထွားစေလျက်၊ အခြားလူမျိုး တမျိုးမျိုး (သို့မဟုတ်) အများကို ကျူးကျော်ဖိနှိပ်၊ သတ်ဖြတ်၊ နိုင်ထက်ကလူ ပြုမူတတ်သော မဟာလူမျိုးကြီးဝါဒီ နိုင်ငံ့ ခေါင်းဆောင်များနှင့် ၎င်းတို့၏ နောက်လိုက်များ။

(၄) အခြားတပါးသော အမျိုးသားတို့ အပေါ်တွင်သာမက၊ ကိုယ်ရေးကြုံလာပါက မိမိအမျိုးသားများအပေါ်တွင် ငဲ့ကွက်ညှာတာမှု မရှိဘဲ မိမိတန်ခိုး အာဏာ တည်မြဲရေးနှင့် မိမိ၏ အကျိုးစီးပွားအတွက်၊ ရမ္မက် လောဘတို့ဖြင့် အရှက်မဲ့စွာ လုပ်ရဲသူများ။

(၅) လူမျိုးတမျိုး၊ နိုင်ငံတနိုင်ငံ၏ အမြင်တွင် ရဲရင့် မြင့်မြတ်သော လူစွမ်းကောင်း (များ) ပမာ အမွှမ်းတင်နိုင်၊ ယူဆနိုင်ကြသော်လည်း၊ ထိုလူမျိုး ထိုနိုင်ငံ၊ ထိုခေါင်းဆောင် (များ) ၏ ကျူးကျော်မှုကို ခံရသော တပါးနိုင်ငံနှင့် တပါး အမျိုးသားတို့၏ သမိုင်းမှတ်တမ်းတွင်မူ၊ ၎င်းတို့အား ဖျက်ဆီး စော်ကားခဲ့သူများအဖြစ် ကဗ္ဗည်းထိုးခြင်း ခံရသူများ။

(၆) နိုင်ငံတနိုင်ငံ၏ နိုင်ငံသား ဖြစ်ပါလျက်၊ ထိုနိုင်ငံအား ပျက်စီး ဆုံးပါးစေရန် လုပ်ဆောင်မှု (သို့မဟုတ်) ရန်သူ့လက်သို့ ကျရောက်စေရန် တွန်းပို့မှု၊ (သို့မဟုတ်) မိမိကိုယ်ကျိုးအတွက် မိမိအမျိုးသားနှင့် မိမိနိုင်ငံအပေါ် သစ္စာဖောက်မှုကို ကျူးလွန်သူများ။

(၇) ဆေးဖက်ဝင် အကျိုးရှိစေသောကြောင့် မဟုတ်ဘဲ၊ စည်းစိမ်ခံမှု

သက်သက်ဖြင့် ကမ္ဘာ့လူထု တစိတ်တပိုင်းအား အကျိုးယုတ် ပျက်စီး နစ်မွန်းစေသည့် မူးယစ် ဆေးဝါးများကို မိမိတို့ ကိုယ်ကျိုးစီးပွားအတွက် ဖန်တီး ထုတ်လုပ်ခဲ့ကြသူများ။

(၈) ဘာသာ သာသနာအပေါ် စော်ကား ပြုမူ ပြောဆိုမှုကို၊ ရည်ရွယ်ချက်ဖြင့် တမင် ပြုလုပ်ခြင်း၊ (သို့မဟုတ်) ဘာသာရေး အယူဝါဒလွဲမှားစေရန်အတွက်၎င်း၊ ဂိုဏ်းခွဲစေရန်၎င်း၊ ဘာသာရေး ပဋိပက္ခ ဖြစ်စေရန်အတွက်၎င်း၊ မိမိအကျိုး စီးပွားအတွက် ဘာသာရေးကို ခုတုံးလုပ်၍ စည်းရုံး ဟောပြော သိမ်းသွင်းသူများ၊ ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခများ ပေါ်ပေါက်စေရန် အဓိက လှုံ့ဆော်ခဲ့သူများ။

(၉) အမျိုးသားထု (သို့မဟုတ်) ပြည်သူ လူထု တရပ်လုံးက လိုလား နှစ်သက်သည့်၊ အမျိုးသား ခေါင်းဆောင်၊ လူထု ခေါင်းဆောင်၊ နိုင်ငံ့ခေါင်းဆောင် စသည့် ပုဂ္ဂိုလ် (များ) အား လုပ်ကြံသူများ။

လုပ်ကြံရန် (သို့မဟုတ်) အကျိုးပျက်စီးစေရန် ကြိုးပမ်းမှုများတွင် ကိုယ်ထိလက်ရောက်ဖြစ်စေ၊ တိုက်တွန်း နှိုးဆော်၍ဖြစ်စေ၊ ကူညီပံ့ပိုး၍ ဖြစ်စေ၊ တနည်းနည်းဖြင့် ပါဝင်ဆောင်ရွက်ခဲ့သူများ။

(၁၀) နည်းအမျိုးမျိုးဖြင့် တရားဝင် ရရှိခဲ့သော အခွင့်အာဏာပင် ဖြစ်စေ၊ တရားမဝင် ရယူထားသော အာဏာပင် ဖြစ်စေ၊ မိမိ၌ ရှိနေသော အခွင့်အာဏာကို သုံးလျက် ပြည်သူလူထု တရပ်လုံး အကျိုးပျက်စီးစေမည့် ကိစ္စကို ဖွတ်အတင်း ဖန်တီးလုပ်ဆောင်မှုများနှင့် ထိုသို့လုပ်ဆောင်ရာတွင် အားပေး ကူညီသူများ။

(၁၁) မိမိတို့ အကျိုးစီးပွားနှင့် မိမိတို့၏ ဩဇာအာဏာစက် ကျယ်ပြန့်ရေးအတွက် ကမ္ဘာ့လူထုတရပ်ရပ်ကို သေကြေ ပျက်စီးဆုံးပါးစေမည့် ပိုးမွှား၊ ဓာတု၊ အနုမြူဗုံး စသည့် လူသတ် လက်နက် အမျိုးမျိုးကို အတတ် ပညာရှင်များအား ချုပ်ကိုင် ဖန်တီး ထုတ်လုပ်စေခဲ့ သူများ။ ခြိမ်းခြောက် အကျပ်ကိုင်ခြင်း ခံရ၍သော်၎င်း၊ လာဘ်လာဘ မျှော်ကိုး၍သော်၎င်း၊ မည်သည့် အကြောင်းကြောင့်ပင် ဖြစ်စေ၊ လူအမြောက်အများ သေစေရန် ရည်ရွယ်သည့် စွမ်းအားကြီး လက်နက် အမျိုးမျိုးကို ဖန်တီး ထုတ်လုပ်ခဲ့သူ အတတ်ပညာရှင်များ။

(၁၂) မိမိနှင့် မိမိအသိုင်း အဝိုင်း၏ သမိုင်းအတွက် သမိုင်းဆရာတဦးဦး (သို့မဟုတ်) တစုတဖွဲ့အား ခါးပိုက်ဆောင် လုပ်၍သော်၎င်း၊ အခွင့်အာဏာ သုံး၍သော် ၎င်း၊ ခြိမ်းခြောက် အကျပ်ကိုင်မှုများ ပြုလုပ်၍သော်၎င်း၊ အဖြစ်မှန်နှင့် ကင်းကွာသော သမိုင်းကြောင်းကို လီဆယ် လှည့်ဖြားရေးသားခိုင်းမှု၊ သမိုင်းကြောင်း ဖြစ်ရပ်မှန် အချို့အား ဖျောက်ဖျက်စေမှု၊ ယခင် ပုဂ္ဂိုလ်များ ရေးသားခဲ့သည့် အချို့သော ဖြစ်ရပ်မှန်များကို ပြန်လည် ပြင်ဆင် ရေးသားခိုင်း မှုများအား ကျူးလွန်သူ အာဏာရှိ ပုဂ္ဂိုလ်များ။

(၁၃) အဂတိတရား (၄)ပါး လိုက်စားလျက် သမိုင်းကြောင်း ဖြစ်ရပ်မှန်များကို ဆန့်ကျင် ဖျောက်ဖျက်၊ ဖြည့်စွက်၊ ဖုံးကွယ်၊ လီစယ်လှည့်ဖြားကာ၊ လိုသူကို တမျိုး၊ မလိုသူကို တမျိုး ရေးသားကြသည့် ပုဂ္ဂိုလ်များ။ ဟူ၍ ဖြစ်သည်။

အထက်ပါ စာရင်းများ၌ မည်သူ မည်ဝါများ ပါဝင်သည် ဆိုခြင်းကိုမူ၊ အမျိုးအစားတခုစီအလိုက် ပုဂ္ဂလ ဥပမာ ဥပမေယျများဖြင့် ကျနော်ဖော်ပြရန် လိုမည် မထင်ပါ။ ကမ္ဘာ့သမိုင်းတွင်၎င်း၊ မြန်မာ့သမိုင်းတွင်၎င်း၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးများမှာ ခေတ်အဆက်ဆက် အတော်ပင် များပြားစွာ ရှိခဲ့ကြောင်း၊ ရှိနေဆဲ ဖြစ်ကြောင်း လေ့လာ သိရှိနိုင်ကြမည် ဖြစ်သည်။

ယခု အဓိက ဆွေးနွေးမည့် အကြောင်းအရာမှာ သမိုင်းပြုစု ရေးသားခြင်းနှင့် စပ်ဆိုင်သော အမှတ်စဉ် (၁၂) နှင့် (၁၃)တို့မှ သမိုင်းတရားခံများနှင့် ပတ်သက်၍ ဖြစ်သည်။

နောင်လာနောက်သားများအတွက် အမှတ်အသား မှားစေခြင်း၊ ထို့ထက်တဆင့် တက်၍ ဒွိဟဝိဝါဒ ဖြစ်စေခြင်း၊ လမ်းလွဲလိုက်စေခြင်း။ လူမျိုးရေး၊ ဘာသာရေး နိုင်ငံရေးအရ ပြဿနာ ပဋိပက္ခ ဖြစ်စေခြင်းငှာ မရှိကိုအရှိ၊ အရှိကို မရှိ၊ အမှန်ကို အမှား၊ အမှားကို အမှန် ပြုပြင် ဖန်တီး ရေးသားစေခဲ့သူများနှင့် ရေးသားခဲ့သူများ။

ဆွေးနွေး အငြင်းပွားဘွယ် ပြဿနာရပ် အချို့မှာ သမိုင်းစာအုပ်တိုင်း လိုလို၌ ရှိနေမည်ဖြစ်သည်။ "ပုဂံရာဇဝင် တုတ်ထမ်းပြီး ပြောရမည်" ဟူသော စကားမှာ ထိုအချက်ကို ထင်ရှားစေသည်။ အဘယ်ကြောင့် ဤကဲ့သို့ ဖြစ်ရပါသနည်း။ အမှတ်စဉ် (၁၂)နှင့် (၁၃)တွင် အကျုံးဝင်သော "လူ"များကြောင့် ဖြစ်သည်။

ရာဇဝင် သမိုင်း သဘောမျိုးဖြင့် ကိုယ်ရည်သွေး ဘုန်းတော်ဘွဲ့များနှင့် ကြီးကျယ် ခမ်းနားမှုများကို အမွှမ်းတင် ရေးသားစေခြင်း၊ ရေးသားခြင်းမှာ မည်သို့မျှ မထောင်းတာလှသော်လည်း လူအများစုနှင့် ပတ်သက်သည့် အရေးကြီးသော အကြောင်းချင်းရာများကို ဖုံးကွယ် ဖျောက်ဖျက်လိမ်လည်လှည့်ဖြား ရေးသားစေခြင်း၊ ရေးသားခြင်းမှာမူ၊ နောင်လာနောက်သားတို့၏ သမိုင်းကြောင်းကိုပါ ကမောက်ကမ ဖြစ်စေနိုင်သည့် လုပ်ရပ် ဖြစ်သောကြောင့် သမိုင်းတရားခံများ စာရင်းတွင် ပါဝင်နေရခြင်း ဖြစ်သည်။

အမှတ်စဉ် (၁၃)တွင် ပါရှိနိုင်သည့် သမိုင်းတရားခံများမှာ နယ်နယ်ရရ ပုဂ္ဂိုလ်များ မဟုတ်ကြ။ အများတကာ၏ လေးစားမှုကို ခံယူ ရရှိထားသည့် ပညာရှင်များ ဖြစ်လေသည်။ ဤဆောင်းပါးပါ သမိုင်း တရားခံများ စာရင်းတွင် နောက်ဆုံးမှ ဖော်ပြထားသော်လည်း အဓိက အကျဆုံး နေရာမှ ပါဝင်သည်။ သမိုင်းကြောင်းအား အဆိုအကောင်း အမှား အမှန်၊ ဖြည့်စွက်ဖျောက်ဖျက်မှု မှန်သမျှမှာ ၎င်းတို့လက်ထဲတွင် ရှိသည်။ အဂတိတရားများမှ ကင်းလွတ်စွာဖြင့် ရိုးသားဖြောင့်မတ်စွာ စေတနာ မှန်ကန်စွာ၊ သတ္တိရှိစွာ တင်ပြရဲခြင်း ရှိမရှိပေါ်တွင် မူတည်

လျက် သမိုင်းကြောင်းကိုပုံဏ္ဍာန်အမျိုးမျိုး ဖြစ်ပေါ်စေနိုင်သည့် သူများဖြစ်လေသည်။

(၄)

အခန်းကဏ္ဍာ တခုအဖြစ် ဖော်ပြရန် လိုအပ်သောကြောင့် 'လူ'အကြောင်းကို အနည်းငယ် ပြန်ကောက်ပါမည်။

လူသည် အခြားသော သက်ရှိသတ္တဝါများစွာကဲ့သို့ပင် ပတ်ဝန်းကျင်အသိုင်းအဝန်းဖြင့် ရပ်တည် ရှင်သန်ရသူဖြစ်သည်။ လူနှင့် လူချင်း တန်ဘိုးထား၍ ပေါင်းသင်းဆက်ဆံရသည်။ ဤတွင် "လူ့တန်ဘိုး" ဟူသော စကားရပ်နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြစရာ၊ အနည်းငယ်ရှိလာသည်။ ကျနော် ဆွေးနွေးလိုသည့် လူ့တန်ဘိုးသည် လူ့အခွင့်အရေးနှင့် မပတ်သက်။လူတယောက်အနေဖြင့် ရရှိသင့် ရရှိထိုက်သော (မွေးရာပါ) အခွင့်အရေးများအား လူလူချင်း အသိအမှတ်ပြုလေးစား လိုက်နာခြင်းနှင့် သော်၎င်း၊ လူတဦး၏ စွမ်းဆောင်နိုင်မှု အတိမ်အနက်ကိုနားလည် ယုံကြည်ခြင်းနှင့် သော်၎င်းမသက်ဆိုင်ချေ။ 'တန်ဘိုး'နှင့်သာ တိုက်ရိုက် သက်ဆိုင်သည်။

တန်ဘိုးဆိုသည်မှာ အများစုက လက်ခံ သတ်မှတ်သည့် စံနှုန်းဖြစ်သည်။ မိမိထုတ်လုပ်သည့် ပစ္စည်းတစုံတရာကို တန်ဘိုးဘယ်၍ ဘယ်မျှရှိသည်ဟု မိမိစိတ်တိုင်းကျ သတ်မှတ်ချင်တိုင်း သတ်မှတ်၍မရ။ ကုန်ကြမ်းတန်ဘိုး ဝန်ဆောင်ခ နှင့် သယ်ယူပို့ဆောင်ရေး စရိတ်၊ ထုတ်လုပ်မှု တန်ဘိုး၊ ပေးဆောင် ရမည့် အမြတ်ခွန်နှင့် မိမိအတွက် ကျန်ရှိနိုင်မည့် အကျိုးအမြတ်တို့ကို စံနစ်တကျ တွက်ချက်ပြီးမှသာ၊ အများလက်ခံနိုင်မည့် သင့်တင့်သော တန်ဘိုးကို သတ်မှတ်ရသည်။ အနုပညာပစ္စည်းပင် ဖြစ်စေကာမူ မိမိ၏ အတ္တစွဲဖြင့် သတ်မှတ်ချင်တိုင်း သတ်မှတ်၍မရ။ မိမိက သတ်မှတ်သည့်တိုင် အများစုက လက်မခံလျှင် အချည်းနှီးသာ ဖြစ်လေသည်။ မိမိ၏ 'လူ့တန်ဘိုး' ဆိုသည်မှာလည်း မိမိမှလွဲ၍ ပတ်ဝန်းကျင် လူအများစုက ဆုံးဖြတ် သတ်မှတ်ထားသည့်အတိုင်း အတာ တရပ်သာ ဖြစ်လေ သည်။

သို့ဖြစ်လျှင် "လူ့တန်ဘိုး" ဆိုသည်မှာ အဘယ်နည်း။ (သို့မဟုတ်) လူ့တန်ဘိုးကို မည်သည့် ပြုမူ လုပ်ဆောင်ချက်များပေါ် မူတည်၍ ဆုံးဖြတ် တိုင်းတာနိုင်မည်နည်း။

"စည်းကမ်းသည် လူ၏ တန်ဘိုးဖြစ်သည်။" ဟူသော ဆောင်ပုဒ်တခု မြန်မာ နိုင်ငံတွင် ရှိသည်။ အိမ်စည်းကမ်း၊ ကျောင်းစည်းကမ်း ရုံးစည်းကမ်း၊ တပ်စည်းကမ်း၊ လမ်းစည်းကမ်း စသည်တို့ကို လိုက်နာခြင်း၊ သူတပါး၏ စည်းကမ်းကို လေးစားခြင်း၊ သန့်ရှင်းသပ်ယပ် စံနစ်ကျစွာဖြင့် နေထိုင်ပြုမူ လုပ်ကိုင်တတ်ခြင်းတို့ကို လူ့တန်ဘိုးဟု ခေါ်ဆိုနိုင်ပါမည်လား။ မိမိပိုင် ပစ္စည်းများကို စံနစ်တကျထားသို စီစဉ်တတ်ပြီး၊ အိုး၊ အိမ်၊ တိုက်၊ ကား၊ ခြံမြေ၊ လယ်ယာ၊ ရတနာ အစရှိသော ထိုပစ္စည်းများအတွက် ပစ္စည်းဂုဏ်မောက်ကာ ဆင်းရဲ ချမ်းသာ ခွဲခြား ဆက်ဆံတတ်သူ၊ ကိုယ့်ပစ္စည်းကို မက်မောတွယ်တာပြီး ထိုပစ္စည်းများ ပျောက်ဆုံးပျက်စီးမည့် အရေး တွေးပူကာ၊ ၎င်းနှင့် ဆက်ဆံသော အခြားသူများအပေါ် မယုံသင်္ကာ ဖြစ်နေတတ်သူ၊ သန့်ရှင်းသပ်ယပ် ခေါက်ရိုးမကျ ကြော့မော့စွာ ဝတ်စားဆင်ယင်တတ်ပြီး၊ လူအများကြား သွားလာ လုပ်ကိုင်ရသည့်အခါ ... (ဥပမာ။ ။ အများသုံး ကား၊ ရထား၊ သင်္ဘော စသည်တို့ဖြင့် သွားလာရသည့် အခါ) မိမိအဝတ်အစားကို အခြားသူများ ၏ ချွေးများ၊ ချေးညှော်များ ထိမိမှာ စိုးရွံ့ခြင်း၊ မတော်မဆ ထိခိုက်မိပါက မလိုလားသော အမူအယာ မချေင်သော အပြောအဆိုများ ရှိတတ်ခြင်း စသည့်အမူအကျင့်ရှိ သူတို့အား၊ အများက မည်သို့ သတ်မှတ်ပါမည်နည်း။ အမှန်စင်စစ် မိမိစည်းကမ်းနှင့် မိမိနေခြင်း၊ အခြားသူများ၏ စည်းကမ်းကို လိုက်နာခြင်း စသည်တို့မှာ လူတယောက် ဟူ၍ သတ်မှတ်ခြင်း ခံရဘို့ရန်အတွက် အပေါ်ယံကြော လုပ်ဆောင်မှုများသာ ဖြစ်လေသည်။ ထို့ကြောင့် စည်းကမ်းသည် လူ၏ အဆောင်အယောင်သာ ဖြစ်သည်။

"ပညာ။" လူ့တန်ဘိုးကို "ပညာ" အနည်းအများဖြင့် တိုင်းတာ သတ်မှတ်နိုင် ပါမည်လား။ ပညာရှိခြင်း မရှိခြင်းအပေါ်တွင် မူတည်လျက် လူတဦးအား တန်ဘိုးရှိသူ၊ မရှိသူဟူ၍ ဆုံးဖြတ်နိုင်ပါမည်လား။ စဉ်းစားဆင်ခြင်ကြည့်ပါက ပညာဟူသည်မှာ လူ၏လက်နက် တန်ဆာပလာ (သို့မဟုတ်) ဥစ္စာသာ ဖြစ်လေသည်။ မိမိ ကျွမ်းကျင်တတ်မြောက်သော ပညာတရပ်ရပ်ဖြင့် ဥစ္စာပစ္စည်းကို ရှာဖွေရရှိနိုင်သည်။ ထိုရပ်ဒြပ် အကောင်အထည်ရှိသော ဥစ္စာပစ္စည်းများ၊ အကြောင်းကြောင်းကြောင့် ပျက်စီးဆုံးပါးသွားစေကာမူ မိမိကိုယ်တိုင် ပျက်စီး ဆုံးပါးခြင်းမရှိပါက၊ မိမိတတ်မြောက်သော ပညာဖြင့် တန်ဘိုးရှိသော ဥစ္စာပစ္စည်းတို့ကို ပြန်လည်ရှာဖွေ လုပ်ကိုင်နိုင်သည်။ ကျိုးကြောင်း ဆင်ခြင်တတ်သော အသိပညာဟူသည်မှာလည်း အခက်အခဲ အကျပ်အတည်း အကြောင်းကြီးငယ် ကိစ္စရပ်များနှင့် ကြုံရပါက လက်နက် ပစ္စည်း သဖွယ် လိုအပ်သလို ထုတ်နုတ် အသုံးချနိုင်သည့် အရာသာ ဖြစ်သည်။ တန်ဘိုးရှိသော ဥစ္စာပစ္စည်းများစွာကို ရှာဖွေနိုင်ခြင်းနှင့်၊ အထွေထွေ အရေးကိစ္စ ပြဿနာရပ်များကို စံနမူနာယူဘွယ် ဆုံး ဖြတ်ဖြေရှင်း လုပ်ကိုင်နိုင်ခြင်းတို့ကြောင့် ပညာရှိသောသူကို တန်ဘိုးရှိသူဟူ၍ ယူဆကောင်း ယူဆနိုင်ကြမည် ဖြစ်သည်။ သို့ရာတွင် စိတ်ကောင်း စေတနာကောင်း မရှိသော ပုဂ္ဂိုလ်၊ ကောက်ကျစ် လှည့်ဖြား တတ်သော ပုဂ္ဂိုလ်များမှာမူ ပညာတတ်လေလေ ကြောက်ရွံ့ရှာဘွယ် ကောင်း လေလေပင် ဖြစ်သည်။ လောဘ၊ ဒေါသ၊ မောဟ၊ အဝိဇ္ဇာတရားများ ဖုံးလွှမ်းကာ အတ္တကြီးမားစွာဖြင့် လူအများ ဒုက္ခ ရောက်စေနိုင်မည့် လက်နက်ကြီးငယ် အမျိုးမျိုး၊ သို့မဟုတ် နည်းပညာများကို တီထွင်သူ ပညာရှင်ကြီးများ၊ လူထုအရေး ကိစ္စကို မျက်

ကွယ်ပြုကာ အာဏာရှင် တို့၏ လက်ကိုင်ဒုတ်များအဖြစ် ၎င်းတို့ စိတ်ကြိုက်ဖြစ်စေမည့် ဥပဒေ ပုဒ်မများကို အကြောင်းပြချက် အမျိုးမျိုးဖြင့် ဖန်တီး ချမှတ် (စေ) တတ်သူ ပညာရှိ သုခမိန်ကြီး များအား လူ့တန်ဘိုး ရှိသူများဟူ၍ အများစုက လက်ခံ သတ်မှတ် နိုင်ကြလိမ့်မည် မဟုတ်ချေ။

"ယဉ်ကျေးမှု။" မာနထောင်လွှားမှု မရှိ၊ မိမိကိုယ်ကို နှိမ့်ချတတ်ခြင်း၊ လူတိုင်းကို ပြေပြစ်ချောင်စွာ ပြောဆိုတတ်ခြင်း၊ ရဟန်း သံဃာများ၊ သက်ကြီး ဝါကြီးများ တန်းတူ ရည်တူများ၊ ကိုယ့်အောက်နိမ့်သူများအားလုံးကို ၎င်းတို့နှင့် လိုက်လျောညီထွေဖြစ်သော ပြုမှု ဆက်ဆံမှုများဖြင့် နှစ်လိုဘွယ်ဆက်ဆံတတ်ခြင်း၊ အိမ့်ရှင်အဖြစ် ပျူငှာခြင်း၊ ဧည့်သည်အဖြစ် အလိုက်သိခြင်း၊ ဘာသာသာသနာနှင့် မိရိုးဖလာ ကိစ္စရပ်များကို လေးစား လိုက်နာ ထိန်းသိမ်း တတ်ခြင်း အစရှိသည့် လူတိုင်း လက်ခံနိုင်ဘွယ် အမူအကျင့်ကို ပြုကျင့်သောသူအား လူ့တန်ဘိုးရှိသူအဖြစ် သတ်မှတ်နိုင်ပါမည်လား။ အမှန်စင်စစ် ယဉ်ကျေးမှုသည် 'လူ့မိတ်ဆွေ'သာ ဖြစ်လေသည်။ ထိုကဲ့သို့သော အမူအကျင့်မျိုး ရှိသော သူအား လူတိုင်းက နှစ်သက် လိုလားကြသည်။ သို့ရာတွင် စိတ်ထဲ ဝမ်းထဲက မပါဘဲ ထိုအမူအကျင့်မျိုးကို ပိရိ သပ်ယပ်စွာ အပေါ်ယံကြော ပြောဆို ပြုမူနေကြသူများမှာ ဒုနဲ့ဒေးပင် ဖြစ်လေသည်။

"အလုပ်" ကိုကော လူ့တန်ဘိုးဟု ဆိုနိုင်ပါမည်လား။ အလုပ်မလုပ်သောသူထက် အလုပ်လုပ်သော သူက ပို၍ တန်ဘိုးရှိသည်ဟု ယူဆကြသည်။ လုပ်အားတန်ဘိုး ချစ်မြတ်နိုးဟူသော ဆောင်ပုဒ်တခုမှာ မဆလ ခေတ်တွင် ပေါ်ပေါက်ခဲ့သည်။ လုပ်အား၌ပင် တန်ဘိုးရှိလျှင် လုပ်အားရှင်ဖြစ်သော လူကိုလည်း တန်ဘိုးရှိသောလူဟု ဆိုနိုင်မည် ဖြစ်သည်။ အလုပ်ဆိုသည်မှာ မြတ်နိုး လေးစားဘွယ်ကောင်းသော်လည်း အလုပ်တိုင်းကိုတော့ မဟုတ်။ တကယ်တမ်းအားဖြင့်မူ အလုပ်သည် 'လူ၏ ဂုဏ်'သာ ဖြစ်လေသည်။ အလုပ်မလုပ်သောသူ၌ မည်သည့် ဂုဏ်မျှ မရှိ။ လူပျင်း၊ ဆန်ကုန်မြေလေး စသည့် ကဲ့ရဲ့ သင်္ဂြိုဟ်ပြု ခံရမှုများသာ ရှိသည်။ အလုပ်လုပ်ခြင်း၌ပင် လုပ်ကိုင်ကြသော ကာယ ဉာဏ အမျိုးအစားအလိုက် ဂုဏ်အဆင့် အတန်းကို သတ်မှတ်မှု ရှိသည်။ သမတ၊ စစ်သား၊ တရားသူကြီး၊ မန်နေဂျာ၊ ကျောင်းဆရာ၊ လက်သမား၊ လယ်သမား၊ ဒရိုင်ဘာ၊ ပိုင်းလော့၊ ဆလင်၊ ကုန်သည်၊ ဈေးသည်၊ ဆရာဝန်၊ နွားဝေ့သင်းသည့် ဆရာ၊ ခါးပိုက်နှိုက်၊ ပြည့်တန်ဆာ စသည် ဖြင့် အားလုံးပင် သူ့ဂုဏ်နှင့်သူ ဖြစ်သည်။ ဂုဏ်အဆင့်အတန်း၊ အနိမ့်အမြင့် အကောင်းအဆိုး ရှိသည်။ အလုပ်လုပ်သော လူတိုင်းကို လူ့တန်ဘိုးရှိသူဟု သတ်မှတ်၍မရ။

သို့ဖြစ်ပါက "လူ့တန်ဘိုး"အစစ်အမှန်မှာ မည်သည့်အရာ ဖြစ်ပါသနည်း။

"ရိုးသားမှု" ပင် ဖြစ်လေသည်။ မည်မျှပင် စည်းကမ်းကောင်းသူ၊ ပညာတတ်သူ၊ ယဉ်ကျေးသူ၊ အလုပ်လုပ်သူ ဖြစ်စေကာမူ ရိုးသားမှု မရှိသောသူအား လူ့တန်ဘိုး ရှိသည်ဟု ဆိုနိုင်မည် မဟုတ်ချေ။

စည်းကမ်းကောင်းသူသည် ရိုးသားမှု မရှိပါက ကိုယ့်ဘို့သာ ကိုယ်သိသော လူ့ကတ်စေး၊ လူ့ကတ်သတ်၊ လူပေါ်ကြော့သာ ဖြစ်နိုင်မည်။ ရိုးသားမှုမရှိသော ပညာရှင်များသည်လည်း ၎င်းပညာ တတ်သလောက် ကောက်ကျစ်ယုတ်မာတတ်သူသာ ဖြစ်နိုင်သည်။ မရိုးသားသော သူ၏ ယဉ်ကျေးမှုသည်လည်း အပေါ်ယံ သကာလောင်းမှုသာ ဖြစ်ပြီး၊ ပါးနပ် ရှုပ်ပွေသော လူလိမ်လူညစ်သာ ဖြစ်နိုင်ပေမည်။ အလုပ်မှာမူ အထူးပြောစရာပင် မလိုချေ။ မည်သည့်အလုပ်ပင် ဖြစ်စေကာမူ မရိုးသားသူ၏ အလုပ်ဟူသမျှမှာ အချောင်ရလိုမှု၊ ကိုယ်ကျိုးရှာမှု၊ ချစားမှု၊ လှည့်ဖြားမှု စသည်တို့ဖြင့် ပြည့်နှက်နေမည်သာ ဖြစ်လေသည်။

ရိုးသားခြင်း ဆိုသည်မှာ ရိုးအခြင်း မဟုတ်။ ရိုးအသူတိုင်းလည်း ရိုးသားလိမ့်မည် မဟုတ်ချေ။ "မလည်ရှုပ်" ဟူသော ဝေါဟာရမှာ ထိုသူများကြောင့် ပေါ်ပေါက်လာရခြင်း ဖြစ်လေသည်။ အကယ်စင်စစ် ရိုးသားမှု ဟူသည်မှာ မဟုတ်မမှန်သော လုပ်ရပ်ကို ရှောင်ရှားပြီး အမှန်တရားအတိုင်း လုပ်ကိုင် ကျင့်ကြံပြုမူမှုပင် ဖြစ်သည်။ အမှန်တရားဟု ဆိုရာ၌ အထူးသဖြင့် မိမိတို့ လူမျိုးဘာသာ ယဉ်ကျေးမှုများအလိုက် ရှုဒေါင့် အသီးသီးမှ နေ၍ ပေတံစံနှုန်း အမျိုးမျိုးဖြင့် တိုင်းတာ သတ်မှတ်နေကြသည့် ပညတ် အမှန် တရားမျိုး မဟုတ်ဘဲ လူတိုင်း လိုက်မလုပ်နိုင်သည့်တိုင် လူတိုင်း လူတိုင်းကပင် နားလည် လက်ခံထားကြသော ခြွင်းချက်မရှိ မှန်ကန်သည့် အမှန်တရားများကို ဆိုလိုသည်။

ခြွင်းချက်မရှိ မှန်ကန်သော အမှန်တရား ( ***Universal truth.*** ) နှင့် ပတ်သက်၍ သိနားလည်သော ပုဂ္ဂိုလ်ကြီးငယ် များစွာ ရှိကြသော်လည်း၊ သဘောမပေါက်သော (သို့မဟုတ်) အကြောင်း တစုံတရာကြောင့် နားမလည်ချင်ယောင်ဆောင်နေသော အချို့ပုဂ္ဂိုလ်များအတွက် အနည်းငယ်မျှ ဥပမာပေး ရှင်းပြပါမည်။ စစ်သည် မကောင်းကျိုးကို ဖြစ်စေသည်။ ဖိနှိပ် အနိုင်ကျင့်မှုသည် စက်ဆုပ်ဘွယ်ကောင်း၏။ ဆင်းရဲ ကျပ်တည်းခြင်းကို မည်သူမျှ မလိုလား။ ငြိမ်းချမ်းသာယာခြင်းမှာ နှစ်လိုဘွယ်ရာဖြစ်သည်။ အသားဖြူသော သူသည်၎င်း၊ အသားမဲသော သူသည်၎င်း၊ ယောက်ျားသည်၎င်း၊ မိန်းမသည်၎င်း အားလုံးပင်လူသားများ ဖြစ်ကြလေသည်။

...စသည်ဖြင့်။ ဤအချက်များမှာ လောကဓါတ် တခွင်လုံးနှင့် သက်ဆိုင်သည့် မည်သို့မျှ ငြင်းချက် မထုတ်နိုင်သော ခြွင်းချက်မရှိ အမှန်တရားများပင် ဖြစ်သည်။ ကိုယ်ချင်းစာနာစိတ်ဖြင့်သော်၎င်း၊

ဓမ္မဓိဋ္ဌာန် ကျကျ ဆင်ခြင်အသိဖြင့်သော်၎င်း လူတိုင်းက လက်ခံသတ်မှတ်ထားကြသည့် အမှန်များသည်လည်း ထိုစာရင်းတွင် ဝင်နိုင်သည်။ ထိုအမှန်တို့ကို

ဘာသာတရားများ၌ပင် အခြေခံ ပညတ်ချက်များအဖြစ် ခံယူထားကြသည်။ သို့ရာတွင် ထိုအမှန် များထဲမှ အချို့မှာ ကာလ ဒေသ ပယောဂ အခြေအနေ အကြောင်းကြောင်းပေါ်တွင် မူတည်လျက် ဆင်ခြေ အမျိုးမျိုးဖြင့် ပြောင်းလဲမှု ဖြစ်တတ်သည်။ ဥပမာအားဖြင့် သူ့အသက်ကို မသတ်ကောင်းဟူသည့် အမှန်တရား။ ကိုယ့်အသက် အသတ်ခံရ မည်ကို မည်သူမျှ မလိုလား။ ထို့ကြောင့် သူ့အသက်ကိုလည်း မသတ်နှင့်။ ကိုယ်ချင်း စာနာစိတ် အရင်းခံလျက် သတ်မှတ်ထားသည့် အမှန်ပင် ဖြစ်သည်။ သို့ရာတွင် မိမိအသက်အား အန္တရာယ်ပြုလာပါက ကာကွယ်သည့် အနေဖြင့် (တချက်ကောင်း အသေ)ပြန်လုပ်ခြင်းကို ဥပဒေက ခွင့်လွှတ်သည်။ ကျူးကျော်လာသူအား ချေမှုန်းခြင်း၊ ဖိနှိပ်မှုအား တွန်းလှန်ဖြိုဖျက်ခြင်း၊ အများအကျိုးယုတ်စေသူအား သုတ်သင်ရှင်းလင်းခြင်း စသည်တို့ကို လူ့ယဉ် ကျေးမှု တခုအဖြစ် လက်ခံကျင့်သုံးကြသည်။ လိမ် ညာ မပြောကောင်း။ သို့ရာ တွင် 'မုသားမပါ လင်္ကာမချော'ဟူသော ဟူသော စကားတခွန်း မြန်မာပြည်၌ အထင်အရှားရှိနေသည်။ ခြွင်းချက်မရှိ အမှန်များ မဟုတ်တော့ဘဲ၊ အခြေအနေ အကြောင်းကြောင်းပေါ်တွင် မူတည်လျက် ခြွင်းချက်ဖြင့် သတ်မှတ်ထားသော အမှန် များ ဖြစ်နေသည်။

ရိုးသားမှုကို အလေးထား ပြုကျင့်သောသူသည် ခြွင်းချက်မရှိ အမှန်များကို ခိုင်မာစွာဆုပ်ကိုင်လျက်၊ လူသားတဦးပီပီ မိမိရပ်တည်နေသော ပတ်ဝန်းကျင် လူ့အဖွဲ့အစည်း၏ ကောင်းကျိုးဖြစ်စေမည့် ကိစ္စအတွက်သော်၎င်း၊ ဆိုးကျိုးဖြစ်စေမှုမှ ရှောင်ရှားရန် အတွက်သော်၎င်း၊ ခြွင်းချက်ဖြင့် သတ်မှတ်ထားသော အမှန်အချို့ကိုပါ စိတ် စေတနာကောင်း ထားရှိ ကိုင်စွဲမည်သာ ဖြစ်လေသည်။

အဓိကနှင့်သာမညကို
ခွဲခြားရှုမြင်ရမည်။ ။

(၅)

နှုတ်တရား စာတလုံးဟူ၍ အဆိုရှိသည်။ စကားများစွာ ပြောဆိုခြင်းထက် စာအနည်းငယ်မျှ ရေးလိုက်ခြင်းက ပို၍ လေးနက် ထိရောက်မှု ရှိကြောင်းနှင့် စာပေ၏ သြဇာ ရှိန်ဝါ ကြီးမားမှုကို ဖော်ညွှန်းသည့် အဆိုပင် ဖြစ်သည်။ ပေထက် အက္ခရာတင်သည်၊ ကမ္ပည်း ထိုးသည် ဟူသော လုပ်ဆောင်ချက် အသုံး အနှုန်း များမှာ ပုဂ္ဂိုလ်(သို့မဟုတ်) အကြောင်း တစုံတခုကို နောင် အရှည်သဖြင့် သိမှတ်စိမ့်သောငှာ အလေးအနက် ထားရှိကြောင်းနှင့်၊ စာပေ၏ တန်ဘိုးကို ပိုမိုထင်ရှားစေသည့် ဝေါဟာရများ ဖြစ်လေသည်။ ထိုအကြောင်းများနှင့် ပတ်သက်၍ "လုပ်တို့ သင့်ပြီ ထင်သည်။" ဟူသော ဆောင်းပါးတွင် အတော်အသင့် ဖော်ပြခဲ့ပြီးဖြစ်သည်။

စာတလုံးကို အရမ်းမဲ့ ရေး၍မရ။ စဉ်းဝေးဆွေးနွေး ရာတွင်ပင်၊ မှတ်တမ်းတင် အတည်ပြုမှု မလုပ်စေလို (သေး)သော စကားလုံးကို "အလွတ်သဘော ပြောဆိုခြင်း ဖြစ်ပါသည်" ဟူ၍ ထည့်သွင်း သုံးနှုန်းရသည်။ စာတလုံးသည် ၎င်းအား ရေးသားလိုက်သူ ပုဂ္ဂိုလ်၏ ဂုဏ်သိက္ခာကို ကြီးမြင့်စေ၊ ယုတ်နိမ့်စေ နိုင်လေသည်။ စာပေသည် လူမျိုး၏ အသက်ဖြစ်သည်။ စာပေပျောက်လျှင် လူမျိုးပါ ပျောက်သည်ဟူသော အဆိုများရှိသည်။ လူမျိုးတမျိုး၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှု ဓလေ့ထုံးစံ၊ ယေဘုယျ စရိုက်သဘာဝ၊ ကိုးကွယ် ယုံကြည်မှုနှင့် အတွေးအခေါ်၊ လူမှုရေး နီတိ အစရှိသည့် လက္ခဏာရပ်များအားလုံးကို ထိုလူမျိုး၏ စာပေ၌ တွေ့ရှိနိုင်သည်။ လူမျိုးတမျိုး၏ ဖြစ်တည်မှုနှင့် အထွေထွေ ယဉ်ကျေးမှု စံနှုန်းများကို လေ့လာရာ၌ ထိုလူမျိုး၏ စာပေ မှတ်တမ်းများကိုသာ အဓိကထား၍ တိုင်းတာ သုံးသပ် နိုင်ကြမည် ဖြစ်သည်။ လူမျိုး ဟူသမျှသည် မိမိတို့ စာပေအပေါ် မိမိတို့ တန်ဘိုးအထားဆုံး ဖြစ်သည်။ ထို့ကြောင့် မိမိတို့ စာပေဖြင့် ရေးသော အပျင်းပြေ အပျော်ဖတ် ဖေတော့ မောင်တော့ စာပေများ၏အရှိန်အဝါသည်ပင် အတော်ကလေး ကြီးမားကျယ်ပြန့် နေရခြင်း ဖြစ်လေသည်။ ဘာသာရေး (သို့မဟုတ်) အတွေးအခေါ် (သို့မဟုတ်) သမိုင်းကြောင်း စသည်တို့နှင့် ပတ်သက်သော စာပေများမှာမူ အထူးဆိုဘွယ် မရှိချေ။

ယနေ့ကမ္ဘာသည် လွန်ခဲ့သော နှစ်တရာကျော်က ကမ္ဘာထက် လူမှု ဆက်သွယ်ရေး နယ်ပယ်တွင် များစွာ တိုးတက်ပြောင်းလဲခဲ့ပြီ ဖြစ်သည်။ ဘာသာခြား တခုဖြင့် ရေးလိုက်သော စာကိုသာမက ပြောဆိုသော စကားကိုပါ မိမိတို့ သက်ဆိုင်ရာ ဘာသာဖြင့် ဖတ်ရှု နားထောင်နိုင်ကြပြီဖြစ်သည်။ ဘာသာစကား ကွာခြားမှု တံတိုင်းကြီးကို ချိုးဖောက်လိုက်သော ယနေ့ကမ္ဘာ၌ ဘာသာပြန်စာပေများမှာ ယခင်ထက် ပေါများ စုံလင်လျက်ရှိနေပြီ ဖြစ်သည်။အခြားလူမျိုးတမျိုး၏ စာပေကို မိမိတို့ ဘာသာစာပေဖြင့် ဖတ်နိုင် သကဲ့သို့ မိမိတို့၏ စာပေသည်လည်း အခြားသော လူမျိုးများထံသို့ ယခင်ကထက် ကျယ်ပြန့်စွာ ရောက်ရှိနိုင်ပြီ ဖြစ်လေသည်။ အမြင်ကျဉ်းမြောင်းစွာဖြင့် ဝါးလုံးခေါင်းထဲ လသာနေလို၍ မရတော့ချေ။

မည်သည့်စာပေ အမျိုးအစားကိုပင် ဖြစ်စေ၊ အထူးအလေးဂရုပြု၍ ရေးသား တင်ပြ ကြရသည်။ အရမ်းကာရော တင်ပြ၍ မရ။ စာဖတ်သူများထဲတွင် မိမိတို့ထက် အတွေ့အကြုံ၊ ပညာ၊ ဗဟုသုတ ရင့်ကျက် မြင့်မားသော ပုဂ္ဂိုလ်များ၊ ကုဋေကုဋာချီ၍ ရှိနေမည် ဖြစ်သည်။ မိမိ၏ အမြင်ကို တင်ပြရာ၌လည်း ဘူးလုံး နားမထွင်းလုပ်၍မရ။ ရိုးစင်း ပွင့်လင်းစွာ တင်ပြရမည် ဖြစ်သည်။ မိမိ၏ တင်ပြချက်နှင့် ပတ်သက်၍ ပုစ္ဆာ ပြဿနာ တစုံတရာ ရှိလာပါကလည်း ဝေ့လည် ကြောင်ပတ် လုပ်၍ မရ။ မိမိ၏ ယုံကြည် ယူဆချက်ကို သက်သေ သာဓကများဖြင့် တဆစ်ချင်း၊ တပိုင်းချင်း ရဲရဲဝံ့ဝံ့ ပြန်လည် ရှင်းလင်းနိုင်ရမည် ဖြစ်သည်။

အထူးသဖြင့် သမိုင်းပြုစုသူ၊ (သို့

မဟုတ်) သမိုင်းကြောင်းနှင့် ပတ်သက်သော အတ္ထုပ္ပတ္တိကို ရေးသားသူ ပုဂ္ဂိုလ်သည်"လူ့တန်ဘိုး" ကို နားလည် ကျင့်ကြံသော ပုဂ္ဂိုလ်ဖြစ်ရမည်။ စိတ်ကောင်း စေတနာကောင်း ထားရှိလျက် ရိုးသား ဖြောင့်မတ်စွာ ရေးသားရမည်။ လိုတမျိုး မလိုတမျိုး ရေးသားခြင်း အပါအဝင် အဂတိတရားများ လိုက်စားလျက် ရေးသားခြင်းမျိုးကို ရှောင်ရှားပြီး အဖြစ်မှန်အတိုင်း ရေးသားတင်ပြ ရဲရမည် ဖြစ်သည်။

သမိုင်း (သို့မဟုတ်) ပုဂ္ဂိုလ်ရေး အတ္ထုပ္ပတ္တိ ကို ရေးသားခြင်းမှာ စိတ်ကူးယဉ် ပုံပြင် ဝတ္ထုကို ရေးသားခြင်း မဟုတ်။ လူ့အဖြစ်အပျက်များကို ရေးသားခြင်း ဖြစ်သည်။ လူပီသအောင် ဖော်ပြရသည်။ ခြောက်ပစ်ကင်း သဲလဲစင် မရှိနိုင်သော လူ၏ အကြောင်းကို ဤဆောင်းပါးအစပိုင်း၌ ကျနော် အနည်းငယ်မျှ ဖော်ပြခဲ့ပြီးဖြစ်သည်။ ဤအကြောင်းနှင့် ပတ်သက်၍ မိတ်ဆွေတဦးထံတွင် တွေ့ရှိခဲ့ရသော "လူကို လေ့လာသည့် သမိုင်းသမား" စာတိုပေစ ကလေးတခုကို ကောက်နုတ်တင်ပြပါမည်။

***We students of history always learn that human being is very complicated and that they are not good or bad but are good and bad and the good comes out of bad and the bad out of good.***

"ကျနော်တို့ သမိုင်းသမားတွေဟာ လူသားတွေရဲ့ သိမ်မွေ့ နက်နဲမှုကို အမြဲ လေ့လာကြရတယ်။ လူသားတွေဟာ ကောင်းလည်း မကောင်းဘူး။ ဆိုးလည်း မဆိုးဘူး။ ဒါပေမဲ့ လူသားတွေဟာဘဲ ကောင်းလည်းကောင်း ဆိုးလည်း ဆိုးတယ်။ ပြီးတော့ ဆိုးတာတွေထဲက ကောင်း တာတွေ ထွက်လာတတ်သလို ကောင်းတာတွေထဲက ဆိုးတာတွေ ထွက်လာတတ်ပြန်တယ်။"

ပုဂ္ဂိုလ်ရေး အတ္ထုပ္ပတ္တိ တွင် အကောင်းရော အဆိုးပါ ဖော်ပြရမည် ဆိုသောကြောင့် အမြင်မရှင်းကြသော ပုဂ္ဂိုလ်အချို့ လူကို လူပီသအောင် လေ့လာ တင်ပြရသည့် အလုပ်အား အတော်အသင့် သဘောပေါက်ကြ လိမ့်မည်ဟု ယူဆပါသည်။ အတ္ထုပ္ပတ္တိ ဆိုသည်မှာ ငယ်ကျိုးငယ်နာ ဖော်၍ အတင်းနိမ့်ချ ရေးသားသည့် စာပေမျိုးမဟုတ်။ မိုးမွှန်အောင် ချီးကျူးမြှောက်ပင့်သည့် အံ့ဘနန်း ဘုန်းတော်ဘွဲ့ စာပေမျိုးလည်း မဟုတ်။ ပုဂ္ဂိုလ်ရေး ရုပ်လုံးကို ပို၍ ကြွစေမည့် ပင်ကိုယ်စရိုက် သဘာဝ၊ စိတ်နေစိတ်ထားများနှင့် လေ့လာ မှတ်သားဘွယ် အပြုအမူအဖြစ်အပျက်အချို့ကို အကောင်းရော အဆိုးပါ ကောက်နုတ်တင်ပြခြင်းသာလျှင် ဖြစ်သည်။

ကျနော်တို့ သမိုင်းသမားတွေဟာ
လူသားတွေရဲ့ သိမ်မွေ့နက်နဲမှုကို
အမြဲလေ့လာ ကြရမယ်။

သို့ရာတွင်ပုဂ္ဂိုလ်ရေး အတ္ထုပ္ပတ္တိကို ရေးသားရာ၌ ပိုမိုပီပြင်မှု ရှိစေရန်ဟု ဆိုလျက် (လူ့အဖွဲ့အစည်းက လက်မခံနိုင်ဘွယ်ဖြစ်သော) ထိုပုဂ္ဂိုလ်၏ တဘက်စောင်းနင်း အယူအဆများကို အရင်းအတိုင်း တဆင့်ခံ ပြန်လည် ဖောက်သည်ချခြင်းမျိုးမှု မဖြစ်စေသင့်။ ဘာသာရေးအရ ပဋိပက္ခဖြစ်စေနိုင်သည့် သဘောထားများ၊ ကိုယ့်အမျိုးသား အချင်းချင်းသော်၎င်း၊ မိတ်ဆွေ နိုင်ငံများနှင့်သော်၎င်း၊ စည်းလုံးညီညွတ်မှု ပြိုကွဲစေနိုင်သည့် သဘောထားများကိုလည်း ရှောင်ရှားရမည် ဖြစ်သည်။ ထိုကဲ့သို့သော သဘောထား အချက် အလက်များကို ထည့်သွင်းမည် ဆိုပါက စိတ်စေတနာကောင်း ထားရှိလျက်၊ စာရေးသူ၏ အမြင်ဖြင့်သာ ဆုံးဖြတ် တင်ပြရမည်ဖြစ်သည်။ ထိုအချက်များမှ လွှဲ၍ သမိုင်းကြောင်းနှင့် ပတ်သက်သော ပုဂ္ဂိုလ်ရေး အတ္ထုပ္ပတ္တိတွင် ထိုပုဂ္ဂိုလ်၏ အဆိုး အကောင်း အကျိုးအကြောင်း ဟူသမျှကို ဒေါင့်စေ့အောင် မှန်မှန်ကန်ကန် တင်ပြနိုင်ရမည် ဖြစ်သည်။

သက်ရှိထင်ရှား ပုဂ္ဂိုလ်များ၏ သမိုင်းကြောင်း အတ္ထုပ္ပတ္တိကို ရေးသားရခြင်းမှာ များစွာ မလွယ်ကူသော ကိစ္စဖြစ်သည်။ မကွယ်လွန်သေးသော ပုဂ္ဂိုလ်တဦး၌ ၎င်း၏ ပတ်ဝန်းကျင်မှ လုပ်ဖော်ကိုင်ဖက်၊ ရဲဘော်၊ ရဲဘက်၊ မိတ်ဆွေ ကြီးငယ် အချို့နှင့် ၎င်းတို့၏ ဆွေစဉ်မျိုးဆက်များသည်လည်း အသက်ထင်ရှား ရှိနေကြမည်ပင် ဖြစ်သည်။ ထိုသို့ ရှိနေခြင်းမှာ အချို့သော ကိစ္စရပ်များအတွက် အထောက်အကူ ရသော်လည်း အချို့ကိစ္စရပ်များတွင်မူ ပြဿနာ ပေါ်နိုင်သည်။ ကာယကံရှင် ပုဂ္ဂိုလ်၏ သဘောထား အမြင်တခုတည်းကို တင်ပြ၍ မရ။ ၎င်းနှင့် လက်တွဲလုပ်ဆောင်ခဲ့သော ပတ်ဝန်းကျင်ကိုပါ စူးစမ်း မေးမြန်းလျက် ဘက်စုံ ဒေါင့်စုံမှနေ၍ ရိုးစင်း ရှင်းလင်းစွာ လေ့လာ တင်ပြ ကြရသည်။ အဘယ့်ကြောင့် ဟူမူ စာပေ၏ အရှိန်သြဇာမှာ ကြီးမား ကျယ်ပြန့် လွန်းသဖြင့် နောင်လာ နောက်သားများအတွက် သမိုင်းကြောင်း အဖြစ်အပျက် အမှတ် အသား မှားယွင်းမှုများသာမက၊ ယခုလက်ရှိ အခြေအနေ၌ပင် အုတ်အော် သောင်းတင်း အဖြစ်များ ပေါ်ပေါက် လာနိုင်သောကြောင့် ဖြစ်သည်။

မိမိ မသိမှီလိုက်သော ကွယ်လွန်သူ ပုဂ္ဂိုလ် (ထင်ရှားသော အားကစားသမား၊ အနုပညာရှင်၊ နိုင်ငံရေး၊ စစ်ရေး၊ ဘာသာရေး ခေါင်းဆောင်၊) များ၏ အတ္ထုပ္ပတ္တိကို လေ့လာ ရေးသား ရခြင်းမှာမူ အလွန်အမင်း မခက်ခဲလှပေ။ မိမိ ရေးသား တင်ပြမည့် အကြောင်းအရာနှင့် ပတ်သက်၍ စူးစမ်းမေးမြန်းရမည် ဖြစ်သော ပုဂ္ဂိုလ်များရှိရာ၊ သို့မဟုတ် အထောက် အထားရရှိနိုင်မည့် နေရာများသို့ ခရီးအမျိုးမျိုး ထွက်ရခြင်း၊ သက်ဆိုင်ရာ စာအုပ် စာတမ်းများကို ဂရုတစိုက် ဖတ်ရှုလေ့လာခြင်းများသာ ရှိသည်။ မလွယ်ကူသော်လည်း အလွန် အမင်း ခက်ခဲမှုမရှိသည့် အလုပ်သာ ဖြစ်သည်။ ပြဿနာလည်း အထူး အထွေ ပေါ်ပေါက်စရာ~~လူ~~ မရှိ။ ကျန်ရစ်သူ ဆွေမျိုးသားချင်းများနှင့် လုပ်ဖော်ကိုင်ဖက်များ၏

ရှုဒေါင့် အသီးသီးမှ ပြောကြားချက်များကို၊ မိမိတင်ပြလိုသည့် နည်းစံနစ်ဖြင့် စီကာစဉ်ကာကောက်ချက်ဆွဲ တင်ပြလိုက်ရုံသာ ဖြစ်သည်။ စာမူကြမ်းဘ၀တွင် သက္ကရာဇ် အမှတ်အသား ကွဲပြားမှုများနှင့် ပတ်သက်၍လည်း မှိုင်မြမ်းကိုးကား ကိုက်ညှိစရာ စာအုပ် စာတမ်းများ ရှိနေမည် ဖြစ်သောကြောင့် ပူစရာ မရှိချေ။ ကာယကံရှင်၏ ဓါတ်ပုံ မှတ်တမ်းများနှင့်အတူ ဒိုင်ယာယီ (သို့မဟုတ်) စာရွက်စာတမ်း မှတ်စု အတိုအထွာများ ရရှိပါက ပိုမို အဆင်ပြေနိုင်မည် ဖြစ်သည်။ သို့ရာတွင် ထိုကဲ့သို့သော အတ္ထုပ္ပတ္တိမျိုးမှာ ကာယကံရှင်၏သဘောထားအမြင်နှင့် စရိုက်သဘာ၀ကို ယေဘုယျ သဘောမျှသာ ဖော်ပြနိုင်မည် ဖြစ်လေသည်။ ကွယ်လွန်သူ အကြောင်းကို အကောင်းချည်း ပြောတတ်ပြီး၊ မကောင်းပြောလေ့ မရှိသော ဓလေ့ထုံးစံ တခုသည်လည်း ထိုအတ္ထုပ္ပတ္တိကို ရုပ်လုံး ကြွစေ နိုင်လိမ့်မည်မဟုတ်ချေ။

ဩဇာ အာဏာရှင် ပုဂ္ဂိုလ်တဦးကို သက်ရှိထင်ရှားရှိနေစဉ် ရေးသားသည့် အတ္ထုပ္ပတ္တိများနှင့် ပတ်သက်၍ ပုဂ္ဂိုလ်အချို့အနေဖြင့် သံသယ ၀င်မည် ဆိုပါက ၀င်နိုင်လောက်ပေသည်။ ရေးသားသူအားမိမိ၏ အမိန့်ဩဇာ ဂုဏ်ရှိန်များကို သုံးလျက် အဓမ္မ ဆွဲဆောင်၊ ခြိမ်းခြောက်၊ အကျပ်ကိုင် ခိုင်းစေသည့် ပုဂ္ဂိုလ်များနှင့် လာဘ်သပ်ပကာ မျှော်ကိုးကာ အဂတိ တရားများ လိုက်စား ရေးသားကြသည့် သမိုင်း တရားခံ အမှတ်စဉ် (၁၂) နှင့် (၁၃) စာရင်း၀င် ပုဂ္ဂိုလ်များကြောင့်၊ ထိုကဲ့သို့ သံသယ ၀င်ဘွယ်ရာ ဘုန်းတော်ဘွဲ့ ဖော်လံဖား စာပေမျိုးများမှာ လက်ညှိုးထိုး၍ မလွဲနိုင်လောက်အောင် ပေါ်ပေါက် နေခဲ့သောကြောင့် ဖြစ်သည်။ ဆက်လက်၍လည်း ပေါ်ပေါက်နေဦးမည်သာဖြစ်သည်။ သို့ရာတွင် ထိုစာပေမျိုးများမှာ အရှည်မတည်တံ့နိုင်ချေ။ သမိုင်းကြောင်း ဖြစ်ရပ်မှန်ကို တာရှည် လှည့်ဖြား၍ မရဟူသော ဥပဒေသအတိုင်း မကြာမတင်ပင် လျစ်လျူရှု ပစ်ပယ်မှုကို ခံရမည်သာ ဖြစ်သည်။ မိမိအကြောင်းကို မိမိ ရေးစေကာမူ မိမိအပြစ်ကို ဖုံးကွယ်မှု၊ ကျိုးကြောင်း ဆီလျော်စွာ တင်ပြမှုမရှိဘဲ အတင်းပြောသလိုရေးသားမှုတို့သည်လည်း လျစ်လျူရှု ပစ်ပယ်ခံရမည့် စာရင်းတွင် ပါ၀င်လေသည်။

အာဏာရှိ ပုဂ္ဂိုလ် တဦးအား အသက်ထင်ရှား ရှိနေစဉ်တွင် ရေးခွင့်ကြုံပါလျက်၊ ၎င်းအာဏာ ကျဆင်းချိန် (သို့မဟုတ်) ကွယ်လွန်ပြီးချိန် ကျမှပင် ရေးသားမည် ဆိုခြင်းမှာလည်း မရိုးသားသော စိတ်ဓါတ်နှင့် သူရဲဘော ကြောင်သော သူတို့၏ အလုပ်သာ ဖြစ်လေသည်။ ထိုအတ္ထုပ္ပတ္တိမျိုးများမှာ ယခင်က မရေးရဲသည့် ကိစ္စများကို နေသေးသပ ခြုံထဲက ဟူသောစိတ်ထားဖြင့် တေးမှတ် မြှုသိပ်ခဲ့ပြီး၊ လုပ်ပိုင်ခွင့်ရှိလာသည့် အချိန်အခါကျမှ ဖိထောင်းသည့် တဖက်စောင်းနင်း အရေးအသားများ ပြည့်နှက်နေမည်သာ ဖြစ်လေသည်။ ထိုကဲ့သို့သော စာပေ မျိုးကိုလည်း အတ္ထုပ္ပတ္တိ ဘောင်၀င်သည့် စာပေမျိုးဟု ပညာရှင် များက သတ်မှတ်ကြလိမ့်မည် မဟုတ်ချေ။

ဤဆောင်းပါးကို အဆုံးမသတ်မီ၊ အတ္ထုပ္ပတ္တိ ရေးသားခြင်းနှင့် ပတ်သက်၍ မြန်မာ့ စွယ်စုံကျမ်းမှ အဆိုအချို့ကို ကောက်နှုတ် ဖော်ပြပါမည်။

'အတ္ထုပ္ပတ္တိသည် ရာဇ၀င်သမိုင်းကို အကူအညီဖြစ်စေသော စာပေတမျိုးဖြစ်သည်။ လူတဦးတယောက်၏ အတ္ထုပ္ပတ္တိကို ဖတ်ရှုခြင်း အားဖြင့် ထိုသူနေထိုင်ခဲ့သည့် တိုင်းပြည်နှင့် ထိုခေတ်အခါက ထုံးစံ အဖြစ်အပျက်များကို သိရှိနိုင်လေသည်။'

(မြန်မာ့ စွယ်စုံကျမ်း၊ အတွဲ ၁၅။ စာ–၃၅၃။ ကော်လံ ၂၊ အပိုဒ် ၂။)

"အမှန် စင်စစ် လူတဦး တယောက် ၏ ဘ၀သည် လေ့လာသုံးသပ်၍ ကုန်နိုင်သည်ဟူ၍ မရှိ။ လူတဦး၏ အတ္ထုပ္ပတ္တိကို ကွယ်လွန်မှ ရေးရမည်ဟု လူတို့က ထင်ကြ၏။ အနောက်နိုင်ငံများတွင် အသက်ထင်ရှား ရှိနေသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုပင် ဖတ်နေကြရသည်။"

(၎င်း။ စာမျက်နှာ ၃၅၄၊ ကော်လံ ၂၊ စာပိုဒ် ၂။)

"အတ္ထုပ္ပတ္တိဟူသည်မှာ သက္ကရာဇ် စာရင်းသဖွယ်ကား ဖြစ်မနေသင့်ချေ။ ပုံစံမှာ ၁၉၀၀ ပြည့်နှစ် ဖွား၍ ၁၉၀၇ ခုနှစ်တွင် ကျောင်းစနေပြီးလျှင် ၁၉၁၇ ခုနှစ်တွင် တက္ကသိုလ်ရောက်ကာ၊ ၁၉၂၁ ခုနှစ်၌ ဘွဲ့ရ၏။ စသဖြင့် ရေးသားထားခြင်းမှာ စင်စစ် အတ္ထုပ္ပတ္တိ အစစ်မဟုတ်။ အတ္ထုပ္ပတ္တိ၏ အကြမ်းဖျင်းမျှသာ ဖြစ်လေသည်။ အထူးသဖြင့် သူ့တသက်တာတွင် သူ၏ ဆောင်ရွက်လုပ်ကိုင်ချက်များကို အဓိကထား၍ ရေးသားသင့်၏။ သို့မှသာလျှင် ထိုသူ၏ စိတ်နေ သဘောထားကို စာဖတ်သူတို့ အကဲခတ် နိုင်ပေမည်။"

"အတ္ထုပ္ပတ္တိ ဟူသည် လူတယောက်၏ ဘ၀ကို လေ့လာခြင်းဖြစ်၍ အကောင်းအဆိုးကို မြင်သရွေ့ အမှန် အတိုင်းဖော်ပြရသည်။ သို့သော် စာရေးသူ၏ စိတ်တွင် အတ္ထုပ္ပတ္တိ အရေးခံ ပုဂ္ဂိုလ်သည် ကောင်းသည်ဟူ၍လည်း မိုးထိအောင် အထင်ကြီးခြင်း မဖြစ်၊ ဆိုးသည် ဟူ၍လည်း နှိမ့်ချကဲ့ရဲ့လိုစိတ်မရှိပဲ ထိုသူ၏ သဘာ၀ ဖြစ်ပျက်သမျှကို အမှန်အတိုင်း ရေးခြင်းသာလျှင် အတ္ထုပ္ပတ္တိ အစစ်ဖြစ်သည်။"

(၎င်း။ စာ ၃၅၄။ ကော်လံ ၂။ စာပိုဒ် ၄ နှင့် ၅။)

ဘိတ်ထားဝယ်ခရိုင်မှ ပဒို၏ ဆွေးနွေး မေးမြန်းမှုများကို အထူးတလည် ထပ်မံ ဖြေကြားစရာ မရှိတော့ဟု ကျနော်ယူဆပါသည်။ ဆရာထက်ခေါင် အနေဖြင့် ရေးကော ရေးရဲပါမည်လား ဟူသည့် မေးခွန်းကလေး တခုကိုသာ အရင်းခံ စိတ်စေတနာဖြင့် အေးဆေးစွာ ကျနော်ဖြေပါမည်။ ရဲသည်။

ထက်ခေါင်။


မှန်ကန်မြတ်တရားသောအကျင့်ကိုကျင့်လျက်
ကောင်းကျော်

# မှန်ကန်ပြတ်သားသော အကျင့်ကိုကျင့်လျက်

**ဟောင်းဟောင်း**

(၁)

၄၆နှစ်ကျော်ကြာမြင့်ခဲ့ပြီ ဖြစ်သော ကရင့်တော်လှန်ရေးကြီး မစမီကပင် ကရင့်အမျိုးသားရေးအတွက် အားသွန်ကြိုးပမ်း ဆောင်ရွက်ခဲ့ပြီး၊ တော်လှန်ရေး၏အဦးအစ၌ တာဝန်ကျရာ အခန်းကဏ္ဍမှ နေ၍ တတပ်တအား ပါဝင်ထမ်း ဆောင် ခဲ့သော ကရင် အမျိုးသား ခေါင်းဆောင်ကြီး တဦး ဖြစ်သူ စောသာဒင် (ဖူးသာဒင်) သည် ထိုင်း–မြန်မာ နယ်စပ် ကျေးရွာ တရွာရှိ သမီးဖြစ်သူ၏ အိမ်တွင် လွန်ခဲ့ သော သြဂုတ်လ (၅)ရက်နေ့က ခရစ်တော်ထံပါး ငြိမ်းချမ်းစွာ အနားယူ အိပ်စက်သွားခဲ့ပြီ ဖြစ်လေသည်။

ကရင့်သမိုင်း သုတေသနဌာန၌၊ ပန်းချီတာဝန်ခံဖြစ်သူ မန်းကျော်ဆန်း ရေးဆွဲထားသော စောသာဒင်၏ ပုံတူပန်းချီကားကို ၁၉၉၄ခုနှစ်ကပင် ကျနော် မြင်ခဲ့ဘူးသည်။ ဆရာသာထို ရေးသည့် "လွတ်လပ်ရေး လမ်းစဉ်" ဆိုသော စာအုပ်တွင်း၌ အမျိုးသားခေါင်းဆောင် စောဘဦးကြီး၏ "ခိုင်မြဲ တည်တံ့သော အစိုးရ" ဆောင်းပါးနှင့်အတူ၊ "လုံခြုံရေးနှင့်လွတ်လပ်ရေး" ဟူသည့် ခေါင်းစဉ်ဖြင့် ရေးသားထားသော စောသာဒင်၏ ဆောင်းပါးတပုဒ်ကို ကျနော် ဖတ်ခဲ့ရဘူးသည်။ "မန်းဘဇန်နှင့်ကရင့်တော်လှန်ရေး" စာအုပ်တွင်လည်း စောသာဒင်၏ အမည်ကို နှစ်နေရာ သုံးနေရာမျှ တွေ့ခဲ့သည်။ ကရင်ဘာသာဖြင့် ရေးသား ထားသော ဒူးပလာယာ ဖူးစကောလေး၏ ထားလက်ာ လက်ရေးမူများ ထဲတွင်လည်း မန်းရွှေထွန်းကြာ၊ ဆစ်ဒနီလူနီ စသော အမျိုးသား ခေါင်းဆောင်များ၏ အမည်နှင့်အတူ စောသာဒင်၏ အမည်ကို တွေ့သိခဲ့ရဘူးလေသည်။ ကရင်အမျိုး သားရေး အတွက် ဆောင်ရွက်ခဲ့သည့် ခေါင်းဆောင်များထဲတွင် အပါအဝင်ဖြစ်သော ပုဂ္ဂိုလ်ကြီးတဦးဟူ၍ ယေဘုယျ သဘောမျှသာ ကျနော်သိရှိမှတ်သားခဲ့သည်။




ငြိမ်းချမ်းစွာ အနားယူ အိပ်စက်သွားခဲ့ပြီဖြစ်သော ......

စောသာဒင်နှင့် ခေတ်ပြိုင် လုပ်ဖော် ကိုင်ဘက် အမျိုးသား ခေါင်းဆောင်ကြီးများ ဖြစ်သော စောဘဦးကြီး၊ ဆရာသာထို၊ မန်းဘဇန်၊ မန်းဘခင်၊ စောဘမောင်၊ ဆစ်ဒနီလူနီ၊ စောအောင်ညွန့် အစရှိသည့် ပုဂ္ဂိုလ်တို့မှာ ကျဆုံး ကွယ်လွန်ကုန်ကြပြီဖြစ်ရာ၊ စောသာဒင် ကိုလည်း ကွယ်လွန်ခဲ့ပြီး ဖြစ်သည်ဟုပင် ကျနော် ထင်မှတ် ခဲ့သည်။ စောသာဒင်၏ အကြောင်းကို အပေါ်ယံကြော တွေ့သိ ထားသမျှ ထက်ပို၍ကျနော် မစူးစမ်း မိခဲ့ချေ။

ပြီးခဲ့သောသြဂုတ်လက ဒူးပလာယာခရိုင်၊ခရိုင်အခြေခံဒေသ၊ မယ်သရောထကျေးရွာသို့ ကျနော်ရောက်သွားခဲ့သည်။ ခရိုင်အခြေခံဒေသ ဥက္ကဋ္ဌ ဖူးဖိုးသာထူး၏ အိမ်အတွင်း နံရံ၌ မြေဖြူဖြင့်ရေးထား သော **R. I. P. *(Rest In Peace)*** ဟူသည့်ခေါင်းစဉ် အောက်မှ အမည်များ တွင် ဖူးသာဒင်ဟူသော အမည်ကို ကျနော် တွေ့ရ သည်။ ခရိုင် အခြေခံဒေသ ဥက္ကဋ္ဌမှာ ၎င်းမှတ်သား လိုသည့် အကြောင်း အချက် အတို အထွာ များကို အိမ်နံရံ၌ ရေးမှတ် တတ်သည့် အလေ့အကျင့်ရှိသူ ဖြစ်သည်။) ဖူးသာဒင် ဟူသော အမည်ဘေးတွင် မွေးဘွားသည့်နေ့နှင့် ကွယ်လွန်သည့် နေ့ရက်အတိ အကျကို ရေးမှတ်ထား သည်။ ***B - (1896. Feb. 14), D - (1995. Aug. 5)*** ဟူ၏။

မွေးဘွားသည့် ခုနှစ်ကိုကြည့်ခြင်း အားဖြင့် ဖူးသာဒင်ဟူသော ပုဂ္ဂိုလ်မှာ ကရင့်တော်လှန်ရေး၏ အဦးအစ၌ အမျိုးသားရေးအတွက် ကြိုးပမ်း ဆောင်ရွက်ခဲ့သော စောသာဒင်ပင် ဖြစ်နိုင်ကြောင်း ကျနော်တွက်ဆမိသည်။ သို့သော် ကွယ်လွန်သည့် ခုနှစ်ကို သေချာစွာကြည့်မိသည့်အခါ၌မူ ကျနော် ဝေခွဲမရ ဖြစ်ရ

သည်။ ကွယ်လွန်သည့် ခုနှစ်မှာ ၁၉၉၅ ခုနှစ် မဖြစ်နိုင်။ ဖြစ်ချင်းဖြစ်လျှင် ၁၉၅၉ ခုနှစ်သာ ဖြစ်ရမည်ဟု ကျနော်ထင်သည်။ ၁၉၅၉ ခုနှစ်ဆိုလျှင် ဖူးသာဒင်မှာ အသက် (၆၃)နှစ် ရှိပြီဖြစ်၍ ကျနော်မြင်ခဲ့ဘူးသော စောသာဒင် ပုံတူပန်းချီကား၊ ဆရာသာထို၏ စာအုပ်ထဲတွင် ပါဝင်သည့် ဘဏ္ဍာရေးတာဝန်ခံ စောသာဒင် ဓါတ်ပုံ တို့နှင့် ကိုက်ညီ ပါက အရွယ်များစွာ မကွာ။ ကျနော်တွေ့ခဲ့ဘူးသမျှ စောသာဒင်၏ ပုံများမှာ အသက် (၆၃)နှစ်ထက် ငယ်သော အရွယ်များသာဖြစ်သည်။ စောသာဒင်၏ ပုံကိုဆရာစံဘော်တို့၏ ပုံကဲ့သို့ အသက်အရွယ် ကြီးရင့်သော အဖိုးကြီး ပုံစံမျိုး ကျနော် မမြင်ခဲ့ဘူးချေ။ ထို့ကြောင့် ဖူးသာဒင် ကွယ်လွန်သည့် ခုနှစ်မှာ ၁၉၅၉ ခုနှစ်သာ ဖြစ်ရမည်ဟု ကျနော်တွက်မိခြင်း ဖြစ်သည်။

သင်္ကြာဂျဖ် အမှတ်အသား မှားနေပြီဟု ထင်ကြောင်း အနီးရှိ 'ပဒို'တဦးအား ကျနော် ပြောသည်။ ဖူးဖိုးသာထူး၏ အိမ်တွင် တည်းခိုနေသော ထိုပဒိုက သင်္ကြာဂျဖ် အမှတ်မမှားရကြောင်း၊ ဖူးသာဒင်မှာ လွန်ခဲ့သော အပတ်ကပင် ကွယ်လွန်သွားခဲ့ခြင်းဖြစ်ကြောင်း၊ ကွယ်လွန်ချိန်၌ အသက် (၁၀၀) တင်းတင်းပြည့်ရန် (၆) လသာ လိုတော့ကြောင်း၊ ဖူးသာဒင်၏ သားဖြစ်သူ ကေအဲန်အယ်(လ်)အေ တပ်မဟာ(၄)မှ တပ်မဟာမှူးဗိုလ်မှူးချုပ် အော်လီဗာမှာ ဤအိမ်တွင်ပင် တည်းခိုလျက် ရှိကြောင်း ပြန်လည်ရှင်းပြသည်။ ဖူးသာဒင်မှာ ကရင့်အမျိုးသား ခေါင်းဆောင်များထဲ၌ တဦးအပါအဝင်ဖြစ်၍ ကရင့် အမျိုးသား လှုပ်ရှားမှုသမိုင်းအတွက် အထောက်အကူ ဖြစ်စေသော ၎င်း၏ အ ကြောင်းကို တိတိပပသိလိုပါက ဗိုလ်မှူးချုပ် အော်လီဗာထံ၌ မေးမြန်းနိုင်ကြောင်းလည်း ပြောလေသည်။

(၁၁)ကြိမ်မြောက် ကေအဲန်ယူ ညီလာခံကျင်းပမည်ဖြစ်သည့် မယ်သရောထ ကျေးရွာသို့ ဇူလိုင်လ အတွင်းကပင် ရောက်ရှိနေခဲ့သောကြောင့် မွေးသဖခင်၏ နောက်ဆုံးခရီးအား လိုက်ပါ ပို့ဆောင်မှု မပြုနိုင်ခဲ့သည့် ဗိုလ်မှူးချုပ် အော်လီဗာ ကို ကျနော်တွေ့ဆုံ နှုတ်ဆက် ဂါရဝပြုခဲ့သည်။ (ထိုအချိန် နှင့် တချိန်တည်းမှာပင် ကရင့်သမိုင်း သုတေသန ဌာန၏ဦးစီးဖြစ်သော ဆရာ မန်းအောင်ဌွေး သည်လည်း၊ ထိုင်းမြန်မာနယ်စပ်တနေရာရှိ ဆရာမ အော်လီဗီယာထံတွင် ဖူးသာဒင်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိနှင့် သမိုင်းဝင်မှတ်တမ်း ဓါတ်ပုံအချို့ကို မေးမြန်း စုဆောင်း စူးစမ်း လေ့လာနေခဲ့ လေသည်။)

(၂)

စောသာဒင်ကို ၁၈၉၆ခုနှစ် ဖေဖော်ဝါရီလ (၁၄)ရက်၊ သောကြာနေ့တွင် သာယာဝတီမြို့ ဇာတိဖြစ်သော နယ်စီးတောအုပ် ဦးမြနွယ်နှင့် ကျုံဒိုး မြို့နယ် ဇာတိဖြစ်သော နော်သူးခိုတို့မှ သားဦး အဖြစ် ကြာအင်းမြို့၌ မွေးဖွားခဲ့သည်။

ဖေဖော်ဝါရီလ (၁၄)ရက်မှာ အနောက်တိုင်းဓလေ့ထုံးစံအရ 'ချစ်သူများနေ့' ဟု ခေါ်ဝေါ်သော စိန့်ဗာလင်တိုင်း အထိမ်းအမှတ်နေ့ ***( St - Valentine's day )*** ဖြစ်သည်။ ထိုနေ့၌ လူပျို အပျိုများနှင့် လွတ်လပ်သူများမှာ မိမိတို့ နှစ်သက်သူထံ မိမိအမည်ကို မဖော်ဘဲ၊ ချစ်သဝဏ်လွှာ၊ ပို့စကတ်၊ လက်ဆောင်ပစ္စည်း စသည်တို့ကို အသီးသီး အဿက ပေးပို့တတ်ကြသည့် အလေ့အထ ရှိလေသည်။ ဗာလင်တိုင်းနေ့ ပေးပို့သော စာများ လက်ဆောင်များမှ အစပြု၍ ရင်းနှီးချစ်ခင် လက်တွဲသွားခဲ့သော စုံတွဲများမှာလည်း တပုံတပင် ရှိသောကြောင့်ထိုနေ့မှာ အနောက်တိုင်းသားများအပါအဝင် သက်ဆိုင်သူတို့ အတွက် မမေ့နိုင်စရာ နေ့ပင်ဖြစ်သည်။ ခရစ်ယာန် ဘာသာဝင် ပုဂ္ဂိုလ်မြတ် တဦး၏ အထိမ်းအမှတ် နေ့တွင် မွေးဘွားသော စောသာဒင်၏ မိသားစု အသိုက် အဝန်း သည်လည်း ခရစ်ယာန်ဘာသာကို သက်ဝင် ယုံကြည်သူများပင် ဖြစ်ကြပေသည်။

ဦးမြနွယ်နှင့် နော်သူးခိုတို့၏ သားသမီး (၃)ဦးဖြစ်သော စောသာဒင်၊ နော်မေရီနှင့် စောစိန်ဘတို့တွင် စောသာဒင်မှာ သားကြီးဖြစ်သောကြောင့် ကျောင်းပညာ သင်ကြားခွင့်၌ ဦးစားပေးခြင်း ခံခဲ့ရသည်။ စောသာဒင်သည် ကာလကတ္တား တက္ကသိုလ်တွင် အိုင်အေ ( ၁၂ – တန်း) အထိ ပညာသင်ကြားခဲ့ဘူးလေသည်။

ကာကတ္တားမှ ပြန်ရောက်သော အခါတွင် ရန်ကုန်၊ အလုံရှိ ကူရှင်ကျောင်း (ခေါ်) ***U.C.H.S. ( United Christian High School )*** [ယခု အထက (၄)အလုံ]၌



***Photo Donated by family.*** ဖူးသာဒင်နှင့် ဖီးဖောဆဲ




၁၉၄၆ခုနှစ် အင်္ဂလန်ခရီး စောဖိုးချစ်၊ စောဘဦးကြီး၊ (အမည်မသိ)၊ စောသာဒင်၊ ဆစ်ဒနီလူနီ။

ကျောင်းဆရာအဖြစ် ဝင်ရောက် ဆောင်ရွက်ခဲ့သည်။ ထိုကျောင်း၌ နှစ်အနည်းငယ်မျှသာ လုပ်ကိုင်ခဲ့ပြီး၊ ၁၉၃၀ ခုနှစ်တွင် ကြာအင်းဆိပ်ကြီးရှိ ***Anglo Vernacular*** ကျောင်းသို့ ကျောင်းအုပ်အဖြစ် ပြောင်းရွှေ့ အမှုထမ်းသည်။ ထိုကျောင်းမှာ အင်္ဂလိပ် မြန်မာ နှစ်ဘာသာသင် ကျောင်းဖြစ်ပြီး၊ ထိုစဉ်က (၇)တန်းအထိ သင်ကြားပေးခဲ့သော ကျောင်းဖြစ်သည်။

ကရင်အမျိုးသားများထဲတွင် ပညာတတ်အလွှာမှာ အတော်ပင် နည်းပါးပြီး၊ အများစုမှာ အခိုင်းခံ၊ အနှိမ်ခံ များအဖြစ် အောက်ကျ နောက်ကျရှိနေရသည်ကို စောသာဒင်၏ စိတ်တွင်း၌ မချမ်းမြေ့နိုင်ချေ။

ကရင်အမျိုးသားရေး စိတ်ဓါတ်ရှိသူပီပီ၊ ကျောင်းဆရာ လုပ်နေရင်းမှာပင် ကရင့်အမျိုးသားများ တန်းတူညီမျှ အခွင့်အရေး ရရှိရေးနှင့် လူမှုဘဝ တိုးတက်ရေးအတွက် ကြိုးပမ်း တောင်းဆိုသော နိုင်ငံရေး လှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်။

***Anglo Vernacular*** ၌ (၂) နှစ်ကျော် မျှ လုပ်ကိုင်ခဲ့ပြီးနောက်၊ ၁၉၃၃ ခုနှစ်မတ်လ (၃)ရက်နေ့တွင် နော်ဖောဆနှင့် လက်ထပ်ကာ သာယာချမ်းမြေ့သော အိမ်ထောင်ကို ထူထောင်သည်။ အိမ်ထောင်ကျပြီး နောက်တွင် ***{K.N.A.}*** ***(Karen National Association)*** ခေါ် 'ဒေါကလူ' အဖွဲ့၏ နိုင်ငံရေး လှုပ်ရှားမှုများအတွင်း၌ ပါဝင် ဆောင်ရွက် ခဲ့သည်။ 'ဒေါကလူ' အဖွဲ့သည် ကရင် အမျိုးသားများ သွေးစည်း ညီညွတ်စွာ အတူတကွ ပူးပေါင်းလုပ်ဆောင်ရေးအတွက် အလေးထား ဆောင်ရွက်ခဲ့သည့် အစည်းအရုံး ဖြစ်သည်။ ကရင်အမျိုးသားများမှာ အခါအားလျော်စွာ ကျင်းပလေ့ရှိသည့် ရိုးရာပွဲလမ်း အခမ်းအနားများမှ လွဲလျှင် သာမန်အချိန်များ၌ ကိုယ့်အစုနှင့်ကိုယ် သီးခြားစီနေထိုင်တတ်သော အလေ့အထ ရှိလေသည်။ ခရစ်ယာန် ဘာသာဝင်များမှာလည်း ဘာသာရေး ဝတ်ပြု စည်းဝေးမှုများမှတပါး အခြားသော လူမှုရေး အသင်းအဖွဲ့များ၌ ပါဝင်ဆောင်ရွက်လေ့မရှိ။ ထို့ကြောင့် ကရင် အများစုမှာ ပေါင်းသင်းဆက်ဆံရေး၌ အားနည်းပြီး အချင်းချင်း စည်းလုံးညီညွတ်မှုလည်းမရှိဘဲဖြစ်နေသည်။ ဒေါကလူ အသင်းအဖွဲ့သည် ဤအားနည်းချက်ကို ပြုပြင် ဖြည့်ဆည်းရန်အတွက် ပထမဦးဆုံး ဖွဲ့စည်းလိုက်သော ကရင့်အဖွဲ့အစည်း ဖြစ်လေသည်။ ဒေါကလူကို ၁၈၈၁ခုနှစ်တွင် ဒေါက်တာတီးသံပြာ ***(M.A.D.D)*** က စတင်ထူထောင်ခဲ့သည်။

ဒေါက်တာဆာစံစီဖိုး***(Kt, C.B.E. M.D.)***၊အထက်လွှတ်တော် အမတ်ဟောင်း ဆရာ စံဘော်***(O.B.E, K.I.H.)***နှင့် ဝတ်လုံတော်ရစောဘမောင်***(Bar-at-Law)*** စသူတို့က အသင်းဥက္ကဋ္ဌအဖြစ် အစဉ် အဆက် တာဝန်ယူခဲ့ကြသည်။

ဂျပန်ခေတ် (၁၉၄၃)တွင် ဒေါကလူ အသင်းကြီးအစား ထိုအသင်း၌ ပါဝင်ခဲ့သော ခေါင်းဆောင် အချို့ကို မဏ္ဍိုင် ပြု၍ ***{K.C.A.B.} (Karen Central Advisory Board.)*** ကရင်ဗဟို အကြံပေး အဖွဲ့ကို ဖွဲ့စည်းသည်။ ထိုအဖွဲ့တွင် ဒေါကလူ ဥက္ကဋ္ဌဟောင်း ဒေါက်တာ ဆာစံစီဖိုးနှင့် ဒေါကလူ၏ နောက်ဆုံး ဥက္ကဋ္ဌ စောဘမောင်၊ စောသာဒင်တို့ ပါဝင်ခဲ့သည်။ထိုအဖွဲ့ကို၁၉၄၅ခုနှစ်တွင် ***{K.C.O.} (Karen Central Organization.)*** ကရင်ဗဟို အစည်းအရုံးဟု အမည်ပြောင်းလဲဖွဲ့စည်းခဲ့ရာ စောသာဒင်မှာ ***K.C.O.*** ၏ ဥက္ကဋ္ဌ ရာထူးအပြင်၊ ငွေထိန်းအဖြစ်ပါ ပူးတွဲ တာဝန်ယူရလေသည်။ မန်းဘဇန်နှင့် ကရင့်တော်လှန်ရေးစာအုပ်တွင် ***K.C.O.*** အဖွဲ့၏ ဗဟိုအလုပ်အမှုဆောင်များကို အောက်ပါအတိုင်း ဖော်ပြထားသည်။

၁။ စောသာဒင် (ဥက္ကဋ္ဌ၊ ငွေထိန်း)၊
၂။ မန်းဘခင် (အတွင်းရေးမှူး)၊
၃။ ဆရာသာထို (တွဲဘက်၊ အတွင်းရေးမှူး)၊
၄။ စောဘဦးကြီး (အမှုဆောင်)၊
၅။ စောစံဖိုးသင် (အမှုဆောင်)၊
၆။ စောမြသိန်း (အမှုဆောင်)၊
၇။ မန်းဂျိမ်း(စ်)ထွန်းအောင် (အမှုဆောင်)၊
၈။ မန်းရွှေထွန်းကြာ (အမှုဆောင်)၊
၉။ စောဘမောင် (အမှုဆောင်)၊
၁၀။ ဂျိမ်း(စ်)တာပ (အမှုဆောင်)၊
၁၁။ ဆစ်ဒနီလူနီ (အမှုဆောင်)၊

စသည့်ပုဂ္ဂိုလ်များ ပါဝင်သော အဖွဲ့။ (မန်းဘဇန်နှင့် ကရင့် တော်လှန်ရေး။ စာ–၁၂၅ – ၁၂၆)။

(၃)

စစ်ပြီးခေတ် အမျိုးသားရေး လှုပ်ရှားမှုများ အရှိန် အဟုန် ကြီးမားလာချိန် (၁၉၄၆)တွင် စောသာဒင်သည်၊ စောဘဦးကြီး၊ ဆစ်ဒနီလူနီ၊ စောဖိုးချစ် တို့နှင့် အတူ အင်္ဂလန် နိုင်ငံသို့ ***(K.C.O.)***၏ ကိုယ်စားလှယ် အဖြစ် ***(Good will Mission)*** ခရီးသွားရောက်ကာ၊ ကရင့် အမျိုးသားရေးနှင့် သီးခြား ကရင်ပြည်နယ် ရရှိရေးအတွက် ဆွေးနွေးခဲ့သည်။ အင်္ဂလန်မှ ပြန်လည် ရောက်ရှိသောအခါ မိမိ၏ နိုင်ငံရေး ဆောင်ရွက်မှု လုပ်ငန်း ကိစ္စများကြောင့် လှော်ကားတွင် နေထိုင် နေကြရသော မိသားစုကို ခေါ်ယူကာ ကြာအင်းဆိပ်ကြီးသို့ ပြန်လည်ပြောင်းရွှေ့ခဲ့သည်။ မိသားစုကိုကြာအင်းဆိပ်ကြီး ၌ နေရာချထားပြီးနောက်၊ များမကြာမီမှာပင် ရန်ကုန်သို့ ထပ်မံသွားရောက်ကာ အခြားသော ကရင်အမျိုးသား ခေါင်းဆောင်များနှင့်အတူ အမျိုးသားရေး လှုပ်ရှားမှုတွင် ပါဝင် ဆောင်ရွက် ခဲ့သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် ***K.N.U. (Karen National Union.)*** ကရင်အမျိုးသား အစည်းအရုံးကို စတင်ဖွဲ့စည်းသည်။ ***K.N.U.*** ကို ကရင်အမျိုးသား အဖွဲ့အစည်း (၄)ဖွဲ့ဖြင့် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ (၁) ***K.N.A.*** ဒေါကလူ ကရင်အမျိုးသား အစည်း အရုံးဟောင်းမှ ခေါင်းဆောင်အချို့ နှင့်အဖွဲ့ဝင်များ။ (၂) ***B.K.N.A. (Buddhist Karen National Association)*** ဗုဒ္ဓဘာသာ ကရင်အမျိုးသား အဖွဲ့ချုပ်၊ (၃) ***K.C.O.*** ကရင်ဗဟိုအဖွဲ့နှင့် (၄) ***K.Y.O. (Karen Youth Organization)*** ကရင်လူငယ် အဖွဲ့တို့ဖြစ်သည်။

ထိုအဖွဲ့ (၄)ဖွဲ့ဖြင့် စတင်ဖွဲ့စည်းလိုက်သည့် ပထမဦးဆုံးသော ကေအဲန်ယူ အစည်း အရုံးကြီးတွင် စောသာဒင်သည် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ထိုစဉ်က စောဘဦးကြီး၊ မန်းဘခိုင်၊ မန်းဝင်းမောင်၊ မန်းဘဇန်၊ စောဟန်တာသာမွေး၊ စောစိုင်းကေ၊ စောအောင်ဝင်းစသော ပုဂ္ဂိုလ်များ သည်လည်း စောသာဒင်နည်းတူ ဗဟိုအလုပ် အမှုဆောင် အဖွဲ့ဝင်များ ဖြစ်ကြလေသည်။ အဖွဲ့၏ ဥက္ကဋ္ဌမှာ စောစံဖိုးသင် ဖြစ်သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၅) ရက်နေ့မှ (၇)ရက်နေ့အထိ ပဲခူး ကရင်ကျောင်းဝင်းတွင်း၌ ကျင်းပသော ကရင်အမျိုးသား ညီလာခံမှ ဆုံးဖြတ်ချက်များအရ အောင်ဆန်း အက်တလီ စာချုပ်ကို ကန့်ကွက်လိုက်ပြီး၊ ကရင့် လူဦးရေ အချိုးအစား နှင့် ကိုက်ညီသော ကရင်အမတ်ဦးရေကို တိုင်းပြုပြည်ပြု လွှတ်တော်တွင် နေရာပေးနိုင်ရေး၊ ကရင်အများစု နေထိုင်သော ဒေသများတွင် ကရင့်အတွက် သီးသန့်မဲဆန္ဒနယ်များ သတ်မှတ်ပေးစေရေး၊ သီးသန့် ကရင် စစ်တပ်ကို ဆက်



***Photo Donated by family.***

ရပ်နေသူများ (ဝဲမှယာ) နိုင်ရွှေကျောင်း၊ စောဖိုးခေါ်၊ မန်းဂျိမ်း(စ်)ထွန်းအောင်၊
ထိုင်နေသူများ (ဝဲမှယာ) နော်တင်ဘွား၊ စောဘဦးကြီး၊ နိုင်လှမောင်၊ ဗျန်ဆယ်ဒီဖိုးမင်း၊ စောသာဒင်။

လက် ထားရှိစေရေး၊ သီးခြား ကရင်ပြည်နယ် ထူထောင်ခွင့် ပြုစေရေးတို့အတွက် တောင်းဆိုသော ကြေးနန်းစာကို ဗြိတိသျှဝန်ကြီးချုပ်ထံ ဖေဖော်ဝါရီလ (၁၇)ရက်တွင် ပေးပို့ခဲ့ပြီး၊ အကယ်၍ ထို တောင်းဆိုချက်များကို ၁၉၄၇ခုနှစ်၊ မတ်လ(၃၁)ရက်နေ့နောက်ဆုံးထားပြီး မလိုက်လျောပါက ကရင်များကရွေးကောက်ပွဲအား သပိတ်မှောက်မည် ဖြစ်ကြောင်းလည်း စာထဲ၌ ဖော်ပြ ခဲ့သည်။

ဘုရင်ခံ၏ အလုပ် အမှုဆောင် ဝန်ကြီး အဖွဲ့ တွင် ကရင်ကိုယ်စားလှယ် (၂)ဦးဖြစ်သော မန်းဘခိုင် (အလုပ်သမားနှင့် စက်မှုလက်မှုဝန်ကြီး) နှင့် စောဘဦးကြီး (ပြန်ကြားရေး ဝန်ကြီး) တို့ ရှိနေပါလျက် လန်ဒန် ဆွေး နွေးပွဲ ပြုလုပ်ရာ၌ ကရင်တို့၏ဆန္ဒကို ထုတ်ဖော်ပြောကြားနိုင်သည့် ကိုယ်စားလှယ် တဦးတယောက်မျှ မပါဝင်ခဲ့ခြင်း အပြင်၊ ကာလကြာမြင့်စွာ ကတည်းကပင် ရှိနှင့်ပြီးဖြစ်သော သီးသန့်ကရင်ပြည်နယ် ထူထောင်ရေး ကိစ္စကို အောင်ဆန်း အက်တလီ စာချုပ်ထဲ၌ ထည့်သွင်း ဖော်ပြထားမှု မရှိခြင်းတို့မှာ ကရင် အမျိုးသားအစည်း အရုံးကြီးနှင့် ကရင်လူထုအတွက် စိတ်ထိ ခိုက်ဘွယ် ဖြစ်ခဲ့ရသည်။ သတ်မှတ်ထားသည့် မတ်လ (၃၁) ရက်နေ့ ရောက်သည့် တိုင် ပြန်ကြားချက် မရသောကြောင့်၊ ညီလာခံ၏ဆုံးဖြတ်ချက်အတိုင်းပင် စောဘဦးကြီးကပြန်ကြားရေးဝန်ကြီး ရာထူးမှ နှုတ်ထွက်လိုက်သည်။အစိုးရ၏ဝန်ကြီးရာထူးမှ စောဘဦးကြီးနှုတ်ထွက်သည်နှင့် ကေအဲန်ယူ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေ သော စောစံဖိုးသင်နှင့် ***(K.Y.O.)*** ကရင် လူငယ်များဖြစ် သော မန်းဝင်းမောင်၊ မန်းဘခိုင်၊ မန်းကျော်စိန်၊ စောစိန်တင်တို့လည်း ကေအဲန်ယူမှ နှုတ်ထွက်သွားခဲ့ကြသည်။ သို့သော် ဧပြီလ ၁၀ ရက်နေ့တွင် ကေအဲန်ယူ အရေးပေါ်ညီလာခံတရပ်ကို မော်လမြိုင်မြို့၌ ခေါ်ယူကျင်းပပြီး၊ ထို ညီလာခံမှ ကေအဲန်ယူ အမှုဆောင် ကော်မီတီကို ရွေးကောက်တင်မြှောက်လိုက်သည်။ ဗဟိုအလုပ်အမှုဆောင် ကော်မီတီများထဲတွင် စောဘဦးကြီးမှာ ဥက္ကဋ္ဌ ဖြစ်ပြီး မန်းဘောဘက ဒုတိယ ဥက္ကဋ္ဌ ဖြစ်သည်။ အတွင်းရေးမှူးအဖြစ် ဆရာသာထိုကဆောင်ရွက်၍ စောသာဒင်မှာ ဘဏ္ဍာရေး တာဝန်ခံအဖြစ် ပါဝင်အမှုဆောင်ခဲ့လေ သည်။

(၄)

စောသာဒင်သည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဥပဒေဘောင်တွင်းမှ အေးချမ်းစွာ တောင်းဆိုဖြေရှင်းလိုသူသာ ဖြစ်သည်။ စောသာဒင်၏ ပင်ကိုယ်စိတ်ရင်းမှာ တရားမျှတမှုကို လိုလားပြီး ဖိနှိပ် အနိုင်ကျင့် အကြမ်းဖက်မှုများကို မနှစ်သက်တတ်ချေ။ လူလူချင်း တန်းတူ ညီမျှဆက်ဆံလျက်၊ တဦးနှင့်တဦး လေးစား ချစ်ကြည်မှု၊ ကူညီ ယိုင်းပင်းမှု၊ ဘဝ အခြေအနေ နိမ့်ပါးသူ များကို စာနာထောက်ထားမှု တို့ဖြင့်သာ ရှင်သန်ရပ်တည်လိုသူ ဖြစ်လေသည်။

ကိုယ့်ကြမ္မာကိုယ် ဖန်တီးမည်ဖြစ်သော သီးသန့်ကရင်ပြည်နယ်ကို ထူထောင်လိုသည့် ဆန္ဒမှာ မှန်ကန်မြတ်တရားသော ဆန္ဒဖြစ်သည်ဟု စောသာဒင်က ခံယူသည်။ ကိုယ်ပိုင်ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် သမိုင်း ကြောင်းတို့ သီးခြားတည်ရှိ နေသော လူမျိုးတမျိုးအဖြစ်သာမက၊ ဈေးကွက် နှင့် ကုန်ထုတ်လုပ်လိုမှုတို့အတွက် မတူညီ သော အမြင်များ၊ သမိုင်းအရ မတူညီသော အနေ အထားနှင့် ကင်းကွာခဲ့မှုများ၊ လူမှုရေး၊ နိုင်ငံရေးအရ ကွဲပြားသည့် အနေအထား များ၊ ပထဝီအနေအထားအရ ကွာခြားမှုများ ရှိနေသည့်အပြင်၊ လူမျိုးတမျိုးအဖြစ် ရပ်တည် နိုင်ရန်အတွက် (အမှန်တကယ် တွင်) ဥပဒေကြောင်းအရ သတ်မှတ်ထားသော လူဦးရေ အချိုးအစားထက်ပင် ပိုလျှံနေမှု၊ နေထိုင်ရာနယ်မြေဒေသ အများစု တဆက်တစပ်တည်း ရှိနေမှုနှင့်၊ မိမိတို့ကိုယ်တိုင် ရပ်



***Photo Donated by family.***

**(ဝဲမှယာ)စောသာဒင်၊ ဗိုလ်ရန်နိုင်၊ ဘန်းနေထူး၊ စောကြာဗိုး၊ဗိုလ်ချုပ်မြ၊ ဓာသီမော်၊(အမည်မသိ)**

တည်နိုင်မည့် အခြေ အနေ အရပ်ရပ်ဖြင့် လည်း လုံလောက် ပြည့်စုံ နေသည့် လူမျိုး တမျိုးအနေဖြင့် လူလူချင်း လေးစား ထောက်ထားမှု မရှိ သော လူမျိုးတမျိုး၏ လက်ဝေခံ၊ အဖိ နှိပ်ခံ၊ လျစ်လျူရှု အပစ်ပယ်ခံ အဖြစ် နေထိုင်နေစရာ အကြောင်း မရှိ။ မိမိ၏ အမျိုးသားများ တိုးတက်ရေး အတွက် လွတ်လပ်စွာဖြင့် ကိုယ့်ဒူး ကိုယ်ချွန် ကြိုးပမ်းနိုင်ရန် အလို့ငှာ သီးခြား ပြည်နယ် ထူထောင်ရေး ကိစ္စကို အနုနည်းဖြင့် ငြိမ်းချမ်းစွာ ဆန္ဒပြ တောင်းဆို ကြိုးပမ်း ခြင်းမှာ မြင့်မြတ်သော လုပ်ရပ်သာဖြစ်သည်ဟု စောသာဒင်က အကြွင်းမဲ့ ယုံကြည် လေသည်။

လုပ်ဘော် ကိုင်ဘက်များ ဖြစ်သည့် ဆရာသာထို နှင့် စောဘဦးကြီး အစရှိသော ပုဂ္ဂိုလ်တို့သည်လည်း အမျိုးသား လွတ်မြောက်ရေးကို ငြိမ်းချမ်းစွာ တောင်းဆိုတိုက်ပွဲဝင်လိုသော စောသာဒင်နှင့် တသဘောတည်းပင် ဖြစ်လေသည်။ ကရင် လူထုကြီးကိုလည်း ထိုသဘော အတိုင်းပင် ခံယူ လုပ်ဆောင်ကြစေရန် ဦးဆောင်မှုပေးခဲ့သည်။

"လက်ရှိ အခြေအနေအရ ကရင် လူထုကြီးသည် ကရင်ပြည်ကို မရမချင်း ကျေနပ်မှု မရနိုင်ဟု ကြွေးကြော်လျက် ရှိကြပြီ။ ထို့မှတပါး မိမိတို့လိုလားသော ကရင်ပြည် ရရှိရေးအတွက် မရမချင်း နှလုံးရည်ဖြင့် တိုက်မည်ဟု အတိအလင်း ကြေငြာခဲ့ကြပြီ။" (ဆရာသာထို၊ "လွတ်လပ်ရေး လမ်းစဉ်။" စာ-၃၈ -၃၉)

စောဘဦးကြီး သည်လည်း ဥပဒေရေးရာနှင့် နိုင်ငံရေးကို ကျွမ်းကျင်သော ဝတ်လုံတော်ရ တဦးပီပီ မိမိတို့ ကရင်အမျိုးသားများအတွက် တရားမျှတစွာ ရပိုင်ခွင့် အရေးကိစ္စများကို ငြိမ်းချမ်းသော နည်းဖြင့် တောင်းဆိုခဲ့သူ ဖြစ်သည်။ သို့သော် မည်ကဲ့သို့မျှ ပြောဆို လုပ်ဆောင်၍ မဖြစ်ဘဲ "ကရင်ပြည် လိုချင်ရင် တိုက်ယူ" ဟူသော ဦးနု၏ ဆင်ခြင်မှု ကင်းမဲ့သည့် သမိုင်းဝင် စကား အမှားတခုကြောင့် လက်နက်ကိုင် တော်လှန်ရေးကို စတင် လုပ်ဆောင်ခဲ့ခြင်း ဖြစ်လေသည်။ (ဦးနု၊ ဦးကျော်ငြိမ်း၊ ဗိုလ်လက်ျာ၊ ဗိုလ်ဖိုးကွန်း စသည့် ဖ၊ ဆ၊ ပ၊ လ ခေါင်းဆောင်များနှင့် တွေ့ဆုံ ဆွေးနွေးသည့် အချိန်က၊ ကေအဲန်ယူ ကိုယ်စားလှယ်များအဖြစ် စောဘဦးကြီး၊ ဆရာသာထို၊ စောဘဲလေ၊ မန်းကျိမ်းစ် ထွန်းအောင် တို့နှင့်အတူ စောသာဒင်လည်း ပါဝင် ဆွေးနွေး ခဲ့သည်။) လက်နက်ကိုင် တော်လှန်ရေးကို လုပ်ဆောင် ခဲ့ရသည့် တိုင်အင်းစိန်တိုက်ပွဲ ဖြစ်နေစဉ် အတွင်း ဦးနုနှင့် ခေတ္တစပ် ဆွေး နွေးပြီး ငြိမ်းချမ်း စွာ ဖြေရှင်းရန်၊ စောဘဦးကြီး ကြိုးစားခဲ့ပေ သေးသည်။

ကရင့်တော်လှန်ရေးကြီး မစမီ ၁၉၄၈ ခုနှစ် အတွင်းက သထုံနှင့် မော်လမြိုင်မြို့ (၂)မြို့ကို ကရင် ***U. M. P. (Union Military Police)*** ပြည်ထောင်စု စစ်ရဲတပ်များက သိမ်းပိုက်လိုက်သည်တွင် အကြမ်းဖက်မှုကို မလိုလားဘဲ၊ အေးချမ်းသော နည်းဖြင့်သာပြဿနာကို ဖြေရှင်းလိုသော ဥက္ကဋ္ဌစောဘဦးကြီးသည် စောသာဒင်အား တာဝန်ပေး စေလွှတ်လျက်၊ ထိုမြို့ (၂)မြို့ကို ဖ၊ ဆ၊ ပ၊ လ အစိုးရ လက်တွင်းသို့ ပြန်လည်အပ်နှံရန် စီစဉ်စေခဲ့သည်။

ကေအဲန်ယူ အစည်းအရုံးဝင် အချို့သော ကရင် အမျိုးသားများသည် ကရင်ပြည် အရေးအတွက် စိတ်ရှည် သည်းခံမှု မရှိနိုင်တော့ဘဲ လက်နက်ဆွဲကိုင် တိုက်ခိုက်လိုသည့် ဆန္ဒများ ပြင်းပြနေခဲ့သည်။ ခေါင်းဆောင်ကြီးများ၏ ချုပ်ထိန်းမှုကြောင့်သာ ငြိမ်နေခဲ့ရခြင်း ဖြစ်သည်။ မော်လမြိုင်ကို သိမ်းပိုက်သူမှာ ပုလိပ် အင်စပက်တော် ဖူးဆောဒီ ဖြစ်ပြီး၊ ***U.M.P.*** ပုလိပ်အချို့နှင့် မြို့ခံ ကျောင်းသားများအား ဦးဆောင်လျက် သိမ်းယူခဲ့ခြင်း ဖြစ်သည်။

ထိုသို့ သိမ်းယူ လိုက်သည့် အကြမ်းဖက်အပြုအမူကိုရှက်ဘွယ်ရာ လုပ်ရပ်ဟု ကေအဲန်ယူ ခေါင်းဆောင်များက ခံယူကြသည်။ အေးချမ်းစွာ၊ သိက္ခာရှိစွာဖြင့် တရားဥပဒေနှင့်အညီ မိမိတို့ပိုင် ပြည်နယ် ရရှိရေးအတွက် ကြိုးပမ်း နေချိန်တွင် ထိုကဲ့သို့ ဖြစ်ရခြင်းကို ကေအဲန်ယူ ခေါင်းဆောင်ကြီးများက မလိုလားချေ။




(ဝဲမှယာ) စောကြာဖိုး၊ (အမည်မသိ)၊ ခိုင်မှူး ဒေါ်လီမာ၊ စောဒေါ်နေ၊ နိုင်ဘံခံ၊ ဗိုလ်ရန်နိုင်၊ စောသာဒင်၊

ကရင်အမျိုးသား တပ်မှူးကြီးများ ပင်ဖြစ်သော ဗိုလ်ချုပ်ကြီး စမစ်ဒွန်းနှင့် ဗိုလ်မှူးကြီး စောကြာဒိုး တို့ကလည်း ကရင်တွေ စည်းကမ်းမရှိကြဘူးဟု ကရုဏာ ဒေါသောဖြင့် ပြောခဲ့ကြသည်။

စောသာဒင်သည် ဖ၊ဆ၊ပ၊လ အစိုးရ၏ တပ်မှ ကချင် ဗိုလ်မှူးကြီး 'နော်လာ' နှင့် ဆွေးနွေး ညှိနှိုင်းစီစဉ်ကာ၊ မော်လမြိုင်မြို့တွင်ပင်၊ မော်လမြိုင်နှင့် သထုံ မြို့(၂)မြို့ကို ပြန်လည် အပ်နှံခဲ့သည်။ မကြာမီပင် ဗိုလ်မှူးကြီး နော်လာမှာ မော်လမြိုင်မှနေ၍ ရွှေ့ပြောင်းခံလိုက်ရပြီး၊ ၎င်း၏ နေရာတွင် ဖ၊ဆ၊ပ၊လ အစိုးရက ဗိုလ်မှူး ထိန်နားကို အစားထိုး ခန့်အပ်ခဲ့သည်။

ဗိုလ်မှူးထိန်နားသည် မော်လမြိုင်သို့ ရောက်လာသည်နှင့် မကြာမတင်

ပင်၊ မော်လမြိုင်ရှိ ကရင်ခေါင်းဆောင်များကို ဖမ်းဆီးသည်။ ကေအဲန်ယူ ခေါင်းဆောင်များဖြစ်သော စောဘိုးချစ်၊ စောသာဒင်၊ စောယုံလှ၊ စော သာဆေးတို့ အဖမ်းအဆီး ခံကြရသည်။ ထိုစဉ်က မော်လမြိုင် ထောင်ထဲတွင် မွန် အမျိုးသား ခေါင်းဆောင်ကြီး နိုင်ဘလွင် (နိုင်ရွှေကျင်) လည်း ထိန်နား၏ ဖမ်းဆီး ခြင်းကို ခံရပြီး ရောက်ရှိနေသည်။

စောသာဒင်တို့အား ဖမ်းဆီးသည့်အချိန်မှာ ၁၉၄၈ခုနှစ် ဆောင်းဦး မပေါက်မီ အောက်တိုဘာ၊ နိုဝင်ဘာလများတွင် ဖြစ်သည်။ ထို့နောက်တွင် ထောင် (၂)လုံး၊ (၃)လုံးမျှ ပြောင်းရွှေ့ခံရပြီး မန္တလေးထောင်အထိ ရောက်ရှိခဲ့သည်။ ထောင်ထဲ တွင် (၃)နှစ်ကျော်မျှ နေခဲ့ရပြီး ၁၉၅၂ ခုနှစ်တွင်မှ ထောင်က လွတ်လာခဲ့သည်။

ထောင်က လွတ်လွတ်ချင်းမှာပင် စောဘိုးချစ်နှင့်အတူ အရှေ့ကော်သူးလေသို့ ကူးလာ ခဲ့သည်။ စောဘိုးချစ်မှာ ကဒိုင်ဒီတွင် ချန်နေရစ်ခဲ့ပြီး စောသာဒင်ကမူ မြဝတီသို့ ရောက်လာခဲ့သည်။

၁၉၅၃ ခုနှစ်တွင် ကျင်းပသော ကေအဲန်ယူ ကရင်အမျိုးသား အစည်းအရုံး၏ ဖာပွန် ကွန်ကရက်၌ စောသာဒင် သဘာပတိ အဖြစ် တာဝန်ယူခဲ့သည်။ ထိုစဉ်က ကေအဲန်ယူ၏ ဥက္ကဋ္ဌအဖြစ် မည်သူမျှ တာဝန် မယူချင် ကြပေ။ ကေအဲန်ယူဥက္ကဋ္ဌ စောဘဦးကြီးမှာ ၁၉၅၀ ခုနှစ်ကပင် ဂုဏ်ပြောင်စွာ ကျဆုံးသွားခဲ့ပြီ ဖြစ်သည်။ ပအိုဝ်း ဦးလှဖေက ဒု ဥက္ကဋ္ဌ အဖြစ် တာဝန်ယူထားသည်။ ပအိုဝ်း ဦးလှဖေအား ဥက္ကဋ္ဌ အဖြစ် တာဝန်ပေးသော်လည်း ၎င်းက လက်မခံခဲ့ချေ။ ဂျေဖူးညိုကလည်း လက်မခံ။ ထို့ကြောင့် ညီလာခံသဘာပတိအဖြစ် ဆောင်ရွက်နေသော စောသာဒင်အား ဥက္ကဋ္ဌအဖြစ် အဆိုတင်သွင်းကြပြန်ရာ စောသာဒင်ကလည်း လက်မခံခဲ့ချေ။ စောသာဒင်၌ စောဘဦးကြီး ရှိစဉ်က တိုင်ပင် စီစဉ်ထားခဲ့သော နိုင်ငံခြားနှင့် ဆက်သွယ်ရမည့် ကိစ္စကို ပြန်ကိုင်ရန် တာဝန်တရပ် ရှိနေသည်။ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါက ထိုကိစ္စကို ကောင်းစွာ လုပ်ကိုင်နိုင်ခြင်း မရှိမှာ စိုးသောကြောင့် ဖြစ်သည်။

နိုင်ငံခြားနှင့် ဆက်သွယ်ရမည့် ကိစ္စမှာ အခြားမဟုတ်။ လက်နက်ကိုင် တော်လှန်ရေး အတွက် နိုင်ငံခြား အကူအညီဖြင့် လက်နက်များ ဝယ်ယူ ရရှိရေး ကိစ္စပင်ဖြစ်လေသည်။ စောသာဒင်သည် လွတ်လပ်သော ကရင်ပြည် ရရှိရေး အတွက် အေးချမ်းစွာဖြင့် နည်းလမ်းတကျ ဆွေးနွေးညှိနှိုင်း တောင်းဆိုလိုသူသာ ဖြစ်သည်။ လက်နက်ကိုင် အကြမ်းဘက်သည့်လုပ်ရပ်များကို လိုလားသူ မဟုတ်ချေ။ သို့ရာတွင် သူကဲ့သို့ပင် ငြိမ်းချမ်းစွာ ဖြေရှင်းလိုသည့် နှလုံးရည်သမား တဦး ဖြစ်သော ကေအဲန်ယူဥက္ကဋ္ဌ စောဘဦးကြီး ကိုယ်တိုင်၊ မည်သို့မျှကြိုးပမ်းလုပ်ဆောင်၍ မရဘဲ၊ ပြက်ရယ်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လှည့်ဖြားခြင်းများကိုသာကြုံရပြီး အကြမ်းဘက်လမ်းစဉ်သို့ ဦးတည်ပေးခြင်း ခံရသောအခါ (ထိုအချိန်က ထောင်တွင်း၌ ရောက်နေသည့်) ရဲဘော်ရဲဘက်တဦး ဖြစ်သူ စောသာဒင်သည်လည်း မိမိ၏ အမျိုးသားများအတွက် လက်နက်ကိုင် လမ်းစဉ်ဖြင့်သာ ဆောင်ရွက် ရတော့မည်ဖြစ်ကြောင်း ကောင်းစွာသဘောပေါက် ခံယူခဲ့လေသည်။

လက်နက်ဆိုသည်မှာ မည်သည့်သတ္တဝါကိုမဆို သေစေတတ်ကြောင်း၊ လူတိုင်းပင် သိရှိနားလည်ကြသည်။ မိမိက သတ်ရမည့်အလုပ်၊ မိမိဘက်မှ သေကြေကြရမည့် အလုပ်ကို လူလူချင်း စာနာထောက်ထားတတ်သော စောသာဒင် အနေဖြင့် မလုပ်ကိုင်လိုချေ။ ကေအဲန်ယူ ခေါင်းဆောင် အများအပြားသည်လည်း ထိုကဲ့သို့သော သဘောထားမျိုးသာ ရှိလေသည်။ ဖ၊ဆ၊ပ၊လ အဖွဲ့တွင်းမှ မဟာလူမျိုးကြီးဝါဒီ ခေါင်းဆောင် တစု၏ အဆင်ခြင်ကင်းမဲ့မှု၊ လူမျိုးတမျိုးအနေဖြင့် ရသင့် ရထိုက်သော အခွင့်အရေးများကို လျစ်လျူရှုခံရမှု၊ တန်းတူညီမျှ သဘောမထားဘဲ အနှိမ်ခံရမှုတို့ကြောင့် အခြားရွေးစရာလမ်း မရှိတော့သည့် အဆုံးတွင် လက်နက်ကိုင် လမ်းစဉ်အား ကိုင်စွဲခဲ့ရခြင်း ဖြစ်လေသည်။

သို့ဖြစ်၍ ဖိနှိပ်သူ၏ လက်အောက်မှ မိမိတို့ အမျိုးသားများ လွတ်မြောက်ရေးအတွက် ကြိုးပမ်း တိုက်ပွဲဝင်ရန် လက်နက်ကိုင် ရခြင်းသည်လည်း မှန်ကန်မြတ်တရားသော လုပ်ရပ်ပင် ဖြစ်သည်ဟု စောသာဒင် ယုံကြည်တတ်လာသည်။ လက်နက်ကိုင် တော်လှန်ရေး အတွက် တာဝန်ကျရာ အခဏ်းကဏ္ဍမှ ဆောင်ရွက်ရင်း၊ ရန်သူ့ လုပ်ကြံမှုဖြင့် မိမိကျဆုံး သွားခဲ့လျှင်လည်း ထိုသို့ ကျဆုံးခြင်းသည် မိမိ၏ အမျိုးသားများအတွက် မြင့်မြတ်လှစွာ ကျဆုံးရခြင်းဖြစ်သည်ဟု စောသာဒင် ခံယူတတ် လာသည်။ ထို့ကြောင့် ကရင့်တော်လှန်ရေးတွင် နိုင်ရာတာဝန်ကိုထမ်းကာ တတပ်တအား ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၅၀ ခုနှစ်က စောဘဦးကြီးသည်တောင်ငူတွင် ***K.G.B. (Kawthoolei Governing Body )*** အစည်းအဝေးကို ခေါ်ယူခဲ့ပြီး ဖာပွန်ကွန်ကရက်သို့ ဆင်းလာခဲ့သည်။ ထိုစဉ်က အက်တလီ၏ အဖွဲ့မှာ အစိုးရ ပြန်ဖြစ်နေပြီး၊ ကွန်ဆာဗေးတစ် တပ်မှူးများမှာလည်း စောဘဦးကြီးနှင့် အဆက်အသွယ် ရှိနေသူများ ဖြစ်သည်။ ဘန်ကောက်တွင်လည်း ဆီးတိုး ***SEATO (South East Asia Treaty Organization) (Head Quarters.)*** ရှိနေသည်။ ထို့ကြောင့် နိုင်ငံခြားနှင့် အချိတ်အဆက်လုပ်ရေးမှာ များစွာ မခက်ခဲခဲ့ချေ။ ဖာပွန်ကွန်ကရက်တွင် စောဘဦးကြီးက ထိုကိစ္စနှင့် ပတ်သက်၍ လျှို့ဝှက်စွာ ဆွေးနွေးခဲ့သည်။ ထိုအချိန်ကစောသာဒင်မှာ ထောင်ထဲတွင်ပင် ရှိနေသေးသည်။ထောင်မှလွတ်လာ ပြီးနောက် ၁၉၅၃ ခုနှစ်တွင်ပင် နိုင်ငံခြား နှင့် ဆက်သွယ်ရေးကိစ္စကို စောသာဒင် ပြန်ကိုင်သည်။ ကေအဲန်ယူမှ ဗိုလ်ရောလေနှင့် မဟာမိတ် မွန်ပြည်သူ့တပ်ဦးမှ ခေါင်းဆောင်များဖြစ်သော

နိုင်ငွေသိန်း၊ နိုင်ထွန်းသိန်း၊ နိုင်ပန်းသာ တို့လည်း ပါဝင်ဆောင်ရွက်ကြသည်။

၁၉၅၃ခုနှစ် မကုန်မီက နိုင်စုချစ်ကို ထိုင်းနိုင်ငံနှင့် ဆက်သွယ်ရန် ကိုယ်စားလှယ်အဖြစ် စေလွှတ်ခဲ့သည်။ နိုင်စုချစ်မှာ ထိုကိစ္စကို ကောင်းစွာ မဆောင်ရွက်နိုင်ဘဲ ထိုင်းနိုင်ငံတွင်ပင် သာသနာ့ ဘောင်တွင်းသို့ ဝင်သွားခဲ့လေသည်။ သို့ဖြစ်၍ စောသာဒင်ကိုယ်တိုင် ဆက်သွယ် ဆောင်ရွက်ရသည်။

၁၉၅၄ ခုနှစ်၊ နှစ်ဦးပိုင်းတွင်၊ ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းက အသုံးပြုခဲ့သော လေယာဉ်ပျံနှစ်စီးကို ထိုင်းကလာပို့ခဲ့သည်။ (ဖိဖိုးစုန် ကရန်မှာ ထိုစဉ်က ထိုင်းဝန်ကြီးချုပ် လည်းဖြစ်၍ စစ်သေနာပတိချုပ် ***(Field Marshal. )***လည်း ဖြစ်သည်။ နောက်ပိုင်းတွင် ပြဿနာ တရပ်ကြောင့် ရာထူးမှ ပြုတ်သွားပြီး ထွက်ပြေးခဲ့ရသည်။) ၁၉၅၄ ခုနှစ်တွင်း၌ပင် ထိုင်းက လက်နက် အကူအညီများ ပေးလာခဲ့သည်။ စောသာဒင်တို့သည် ဖာပွန်မှ မြဝတီသို့ ဆင်းလာခဲ့ပြီး အကူအညီများကို ယူခဲ့သည်။ ထိုင်းက မဲဆောက်မှတဆင့် လေယာဉ်ဖြင့် ပို့ပေးခဲ့သည်။ ရိုင်ဖယ်ကျည်များ၊ စတင်းကျည်များ၊ တူးအိတ်မော်တာများနှင့် လက်ပစ်ဗုံးများ ရရှိခဲ့လေသည်။

၁၉၅၄ ခု နောက်ပိုင်းနှစ်များတွင်မှ ကေအဲန်ယူ အဖွဲ့အစည်းတွင်း ဝဲယာ ရိုက်ခတ်မှုများ ရှိလာခဲ့သည်။ နိုင်ငံခြား အကူအညီယူမည့် အဖွဲ့နှင့် တရုပ်ပြည်သွားမည့် အဖွဲ့များ ကွဲသွားကြသည်။ 'ဝိတ်ထောင်' ကွန်ဖရင့်မှ အဆိုပြုတင်သွင်းခဲ့သော ဒုတိယ လမ်းစဉ်မှာ ဆိုရှယ်လစ် လမ်းစဉ် ဘက်သို့ လုံးဝနီးပါး နွယ်နေသည်ဟု စောသာဒင်က ယူဆလေသည်။ဆိုရှယ်လစ်လမ်းစဉ်ကို စောသာဒင် လက်မခံနိုင်ချေ။ ထို့အပြင် စောသာဒင်သည် ကရင်အမျိုးသားလွတ်မြောက်ရေး အတွက် ဆောင်ရွက် ရာတွင် အနုနည်းဖြင့် ငြိမ်းချမ်းစွာ ဆွေးနွေး ဆောင်ရွက်သည် ဖြစ်စေ၊ လက်နက် ကိုင်လမ်းစဉ်ကို ကျင့်သုံး ဆောင်ရွက်သည်ပင်ဖြစ်စေ ကရင်တမျိုးသားလုံး စုစည်း ညီညွတ်စွာဖြင့် ဆောင်ရွက်လိုသူသာ ဖြစ်လေသည်။ ကိုယ့်အချင်းချင်း အတွင်း ဂိုဏ်းဂဏ ကွဲပြားမှုများကိုလည်း မလိုလားချေ။ ဒုတိယ လမ်းစဉ်ကို လက်ခံကြသူ များပြားသည့် အတွက် လက်ယာ သမားများဖြစ်သော ဖူးဆောဒီ၊ ဦးဘိုးဟန် နှင့် စောသာဒင် တို့မှာ အေးဆေးစွာပင် ဘေးထွက် ထိုင်နေခဲ့ကြတော့သည်။

(၅)

၁၉၅၄ ခုနှစ်နောက်ပိုင်း အကွဲအပြဲမှ စ၍ နိုင်ငံရေး လောကမှ အနားယူသွားခဲ့သည့် ဖူးသာဒင်သည်၊ ကျန်ရှိသော အသက်တာ အတွက် ဘာသာရေးထဲသို့ ဖောက်ချ ဝင်ရောက်ခဲ့လေသည်။

၁၉၆၁ခုနှစ်တွင် ဖူးသာဒင်တို့ မိသားစု ဆန်ခလ ဘူရီသို့ ရောက်လာခဲ့သည်။ ***(Kwai Christian Mission)*** ကွိုင်းခရစ်ယာန် အသင်းမှာ ထိုင်းနိုင်ငံ ဆန်ခလဘူရီတွင် ပထမ ဦးဆုံး စတင်တည်ထောင်သော ခရစ်ယာန် အသင်းအဖွဲ့ ဖြစ်သည်။ ထိုအသင်းကို ဦးစီး တည်ထောင်ခဲ့သည့် နာယကများထဲတွင် ဖူးသာဒင်ပါဝင်သည်။ ***(River Kwai Mission )*** ကွိုင်းမြစ် မစ်ရှင်မှ ဒေါက်တာပေါ(လ်)၊ မစ္စအဲမလီပဲလှ၊ မစ္စတာဒေးဗစ် စသူတို့နှင့် အတူ ပူးပေါင်း လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

နိုင်ငံရေးလုပ်ရာမှ ဘာသာရေး၊ သာသနာရေးထဲသို့ ဖောက်ချ ဝင်ရောက်ခဲ့သော်လည်း ဖူးသာဒင်သည် ကရင်အမျိုးသား လွတ်မြောက်ရေး အတွက် ကြိုးပမ်း ဆောင်ရွက်နေသော ကရင့်တော်လှန်ရေးကိုမူ စိတ်မကုန်နိုင်ချေ။ မိမိတို့ အမျိုးသားများ၏ အရေးကိစ္စကို ဆောင်ရွက်ရန်အတွက် မိမိတွင်လည်း တာဝန်ရှိသည်ဟု ဖူးသာဒင်က ခံယူသည်။ ကေအဲန်ယူ၏ ဒုတိယလမ်းစဉ်ကို မနှစ်သက်သည်မှာ မိမိ၏ သဘောထား သာဖြစ်သည်။ လမ်းစဉ် လက်ဝဲ၊ လက်ယာ ကွဲသည့်ကိစ္စသည် ကြီးကျယ်သော ပြဿနာရပ်မဟုတ်။ အဓိက အရေးကြီးသည်မှာ အမျိုးသား လွတ် မြောက်ရေးအတွက် ပူးပေါင်း ဆောင်ရွက် ဘို့ပင်ဖြစ်သည်။ အမျိုးသား လွတ်မြောက် ရေးအတွက် စည်းရုံး တိုက်ပွဲဝင်ရာတွင်၊ ကရင်လူထုအများစုက လက်ခံထားသူများနှင့် အတူ ရဲဘော် ရဲဘက်စိတ်ဓါတ် ပြည့်ဝစွာဖြင့် ပူးပေါင်း ဆောင်ရွက်ဘို့လိုသည်။ အမျိုးသား လွတ်မြောက်ရေးကြိုးပမ်းမှု အောင်မြင်သည့် အခါတွင်မှ လမ်းစဉ်ပြဿနာ ပြေလည်ရေးအတွက် တဖြေးဖြေးချင်း ဆွေးနွေးညှိနှိုင်းပြုပြင်ကာ နှစ်ဦးနှစ်ဘက် ကျေနပ်မည့်အဖြေကို ရှာနိုင်မည်ဟု စောသာဒင်က ယုံကြည်လေသည်။ သို့ရာတွင် သူကိုယ်တိုင်မှာမူ အသက်အရွယ် ထောက်လာပြီ ဖြစ်သည့်အပြင်၊ ဘာသာ သာသနာ ရေးကိစ္စများကိုလည်း ဆောင်ရွက် နေရသည်ဖြစ်၍ ကရင့်အမျိုးသားလွတ်မြောက်ရေးကြိုး ပမ်းမှုတွင် အချိန်ပြည့် တာဝန်ထမ်းဆောင်နိုင်မည် မဟုတ်သဖြင့် သူ၏ ကိုယ်စား၊ သားကြီးဖြစ်သူ စောအော်လီဗာကို ကေအဲန်ယူ အစည်း အရုံး၏ ***K.N.L.A. (Karen National Liberation Army.)*** ကရင့်အမျိုးသား လွတ်မြောက်ရေး တပ်မတော်သို့ ဖူးသာဒင် ပို့ဆောင်ပေးခဲ့လေ သည်။

ဖူးသာဒင်နှင့် ဖီးဖောဆတို့၌ သားသမီး (၇)ဦး ထွန်းကားခဲ့သည်။ သားသမီးတို့၏ အမည်များမှာ အနည်းငယ် ထူးခြားသည်။ ကျား/ မ ခွဲခြား ခေါ်ဝေါ်သည့် 'စော'၊ 'နော်' ဟူသော သမ္မုတိ သညာများမှလွဲလျှင် အမည်ရှေ့မှ ပထမ ဦးဆုံးစသည့် အက္ခရာများမှာ အင်္ဂလိပ် အက္ခရာ ***"O"*** (အို)တွေချည်း ဖြစ်သည်။ ***"O"*** ညီကိုမောင်နှမများဟု မိတ်ဆွေများက ခေါ်ကြသည်။ ထိုအမည်များမှာ အင်္ဂလိပ်လို မှည့်ခေါ်ထားသော အမည်ရင်းများဖြစ်ပြီး ကရင် အမည်များလည်း ကိုယ်စီ ကိုယ်ငှ ရှိကြသည်။




ထီးသာဒင်မိသားစု။ နောက်တန်းရပ်နေသူများ (ဝဲမှယာ) စောအော်လန်ဒို၊ စောအော်လီဗာ (ဆရာမတည်း)၊ နော်အောလစ်၊ နော်အိုဖီးလီးယား၊ နော်အော်လီးဗီးယား၊ ရှေ့တန်း – စောသာဒင်၊ စောအော့စဝေါ်၊ ဂိုဗာဆ၊ စောအော်စကာ။




သသကြီး၏ အသားစိုးပြ...

(၁) နော်အောလစ်(ဗ်) *Olive* (နော်လွဲထူး)၊
(၂) စောအော်လီဗာ *Oliver* (စောဖလယ်ခို)၊
(၃) နော်အော်လီးဗီးယား *Olivier* (နော်စေးဖော)၊
(၄) နော်အိုဖီးလီးယား *Ophilia* (နော်ထူးဖော)၊
(၅) စောအော်လန်ဒို *Orlando* ( )၊
(၆) စောအော်စကာ *Oscar* ( )၊
(၇) စောအော့ဇဝေါ် *Oswald* ( )ဟူ၍ ဖြစ်လေသည်။

သားသမီးများထဲတွင် ဒုတိယ မြောက်ဖြစ်ပြီး၊ သားများထဲတွင်အကြီးဆုံး ဖြစ်သော စောအော်လီဗာ တဦးတည်းကို သာ ကရင့်အမျိုးသား လွတ်မြောက်ရေး ကြိုးပမ်းမှုအမွေဆက်ခံ ဆောင်ရွက် စေခဲ့ သည်။ ကျန်သားသမီးများမှာမူ ဖူးသာဒင် ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေးလုပ်ငန်းများကိုအေး ချမ်းစွာ လုပ်ကိုင်ခဲ့ကြသည်။

ဖူးသာဒင်၏ သမီးကြီးဖြစ်သူ နော်အော်လစ်(ဗ်)မှာ ငယ်စဉ်က အင်းစိန် နှင့် ကော့ကရိတ် ကျောင်းများတွင် ပညာ သင်ကြားခဲ့သူဖြစ်သည်။ ***Pratical Nurse Aid, River Kwai Hospital*** ကွိုင်းမြစ် ဆေးရုံ သူနာပြုသင်တန်းတွင် (၆)နှစ် အမှုထမ်းခဲ့ပြီး ၁၉၇၉ ခုနှစ်တွင် သတ္တု တွင်း လုပ်ငန်းကို ဦးဆောင် လုပ်ခဲ့သည်။ သမီးလတ်ဖြစ်သော နော်အော်လီးဗီးယား သည်လည်း အင်းစိန်၊ ကြာအင်း၊ကော့က ရိတ်နှင့် ရန်ကုန် ဘရေတန် ***(Brayton)*** တို့တွင် ပညာသင်ကြားခဲ့ဘူးသူ ဖြစ်သည်။ သားဖွားသင်တန်း၊ အမျိုးသမီး ကျန်းမာ ရေး သင်တန်းများကို တက်ရောက်အောင် မြင်ခဲ့ပြီး စစ်ကိုင်း ဆားတောင် ကျန်းမာ ရေး ဌာန၊ ပြည်ဆေးရုံ၊ နောင်လုံ၊ ဘားအံ ***(M.C.H.)*** နှင့် လှိုင်သာယာ ကုန်းတို့တွင် ၁၉၇၁ ခုနှစ်အထိ လုပ်ကိုင်ခဲ့ ဘူးသည်။ ၁၉၇၂ ခုနှစ်မှစ၍ ***Kwai Hospital*** ခရစ် ယာန်သာသနာပြု ဆေးရုံတွင် အမှုထမ်း ဆောင်ခဲ့သည်။ ဆရာမကြီး နော်အော်လီး ဗီးယားသည် ၁၉၈၁ ခုနှစ်တွင် အင်္ဂလန်၌ ***Liverpool School of Tropical Medicine*** အပိုင်းစုံ ဆေးပညာရပ် များကိုလည်း တက်ရောက် သင်ကြားခဲ့သူ ဖြစ်သည်။ ဖခင်ကဲ့သို့ပင် ဘာသာတရား ကို ကိုင်းရှိုင်း ကြည်ညိုသူဖြစ်၍ သာသနာ ရေးလုပ်ငန်း များလည်း ဆောင်ရွက်သည်။ ဆန်ခလ ဘူရိ ခရစ်ယာန်ဘုရားကျောင်း အသင်း ထောက်၊ ထိုင်းနိုင်ငံ ခရစ်ယာန် ဘုရား ကျောင်း (အမှတ်–၁၆ နယ်မြေ) ဘဏ္ဍာ ထိန်းနှင့် ခရစ်ယာန် အမျိုးသမီး အသင်း၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက် ရှိသည်။

အမျိုးသားလွတ်မြောက်ရေး အတွက် တော်လှန်ရေးတာဝန်ကို ထမ်းဆောင်နေသော စောအော်လီဗာ အိမ်ထောင်ကျသည့် အခါတွင်လည်း သူ၏ ဇနီးနှင့် သားသမီးများကို ဖခင် ဖူးသာဒင် နှင့် ညီ ညီမများကပင် (၁၉၅၇ ခုနှစ်မှ ၁၉၈၃ခုအထိ) မိသားစု တာဝန်များကို ပြန်လှည့် ကြည့်စရာမလိုအောင် ကြည့်ရှု စောင့်ရှောက်ပေးခဲ့ကြသည်။ တော်လှန် ရေးတာဝန်များကို ဦးလည်မသုန် ဇောက် ချ ထမ်းဆောင် လာခဲ့သော ဗိုလ်မှူးချုပ် အော်လီဗာမှာ ***K.N.L.A.*** တပ်မဟာ (၄)၏ တပ်မဟာမှူးအဖြစ် လက်ရှိ ဆောင်ရွက် နေဆဲ ဖြစ်ပြီး၊ ဗိုလ်မှူးချုပ် အော်လီဗာ၏

သားများဖြစ်သော စောလေးထောနှင့် စောမူး[illegible]ယ်တို့နှစ်ဦးမှာ ဖူးသာဒင်၏ မျိုးဆက်သစ်များအဖြစ် တော်လှန်ရေး အမွေကို ဆက်လက် ခံယူလျက် ရှိသည်။

(၆)

၁၉၅၄ ခုနောက်ပိုင်း၊ တော်လှန်ရေးထဲမှ ထွက်သည်နှင့် ဘာသာရေးကို ဇောက်ချလုပ်ကိုင်ခဲ့သည့်အတွက် ဖူးသာဒင်ကို အံ့သြစရာ မရှိချေ။ ဖူးသာဒင်မှာ ခရစ်ယာန် ဘာသာတရားကို ကြည်ညိုကိုင်းရှိုင်းသူ တဦးဖြစ်သည်။ နိုင်ငံရေးလောကသို့မဝင်မီက ကျောင်းဆရာ အဖြစ် လုပ်ကိုင်ခဲ့သော ကျောင်းများကို ကြည့်လျှင် ခရစ်ယာန် သာသနာပြု ကျောင်းများသာ ဖြစ်ကြောင်း တွေ့ရှိရပေမည်။ ဗုဒ္ဓဘာသာ ပင်ဖြစ်စေ၊ ခရစ်ယာန် ပင်ဖြစ်စေ၊ မိမိတို့ ယုံကြည်ရာ ဘာသာတရား၌ လေးနက်စွာ ကြည်ညို ကိုင်းရှိုင်းတတ်ခြင်းသည် အသိဉာဏ်ရှိသော သူတိုင်း၏ မြင့်မြတ်သော အကျင့်ပင် ဖြစ်လေသည်။ ***Kwai Christian Association.*** ကို တည်ထောင်ခဲ့သော ဖူးသာဒင်သည်၊ ***Thailand Baptist Missionary Fellowship.*** (ထိုင်းနိုင်ငံ နှစ်ချင်းသာသနာပြု မိတ်သဟာယ အသင်း) တွင် ကရင်စာဘာသာပြန် အဖြစ်လည်း ဆောင်ရွက်ပေးခဲ့သည်။ ကလေးများအတွက် စာသင်ကျောင်း တဆောင်ကို ထူထောင်ပေးခဲ့ပြီး၊ ***Compassion Co-operation*** သဒ္ဒါကြေး အဖွဲ့ဖြင့်၊ ကလေးများအား နိုင်ငံတကာမှ ကူညီ ထောက်ပံ့မှု ရအောင်ဆက်သွယ် ဆောင်ရွက်ပေးခဲ့သည်။ ထိုကျောင်းမှာ တစထက်တစ တိုးတက်လာခဲ့သည်။ ကိုရီးယားတွင် စစ်တိုက်ရင်း တလာခုန်းများ၏ အကြောင်းကို ဘတ်ရ၍ သာသနာပြုရန် လာသော (***Hilen Enbrid***)နှင့်အတူတလာကူများထံသို့ ခရီးလှည့်ခဲ့ သေးသည်။ ဖူးသာဒင်၏ ဆောင်ရွက်မှုကြောင့် တလာကူများ အတွင်း ခရစ်ယာန် ဘာသာဝင် ဖြစ်လာသူ အနည်းအကျဉ်း ရှိခဲ့သည်။

ကျောင်းဆရာ၊ နိုင်ငံရေးသမား၊ တော်လှန်ရေးသမား၊ ဘာသာ သာသနာပြု ပုဂ္ဂိုလ် စသည်ဖြင့် ဖူးသာဒင်၏ ဘဝတသက်တာ၌ ဆောင်ရွက်ခဲ့သမျှ လုပ်ငန်းအားလုံးမှာ ကိုယ်ကျိုး စီးပွား အတွက် မဟုတ်ဘဲ အမျိုးသားထုနှင့် အများစု၏ အကျိုးအတွက် မွန်မြတ်သော စေတနာဖြင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများသာ ဖြစ်ကြောင်း တွေ့ရှိရသည်။ မိမိနှင့် နီးစပ်ပတ်သက်သော ဆွေမျိုး သားချင်းများကိုပင် မချစ်ခင် မတွယ်တာတတ်သော သူသည်၊ တိုင်းပြည်နှင့် လူမျိုးကိုလည်း သံယောဇဉ် ရှိလိမ့်မည် မဟုတ်ချေ။ မိမိ၏ လူမျိုးကို ချစ်ခင်ပြီး လူလူချင်းကိုလည်း လေးစားမှုရှိသည့် ဖူးသာဒင်သည် မိခင်၊ ဘခင်၊ ညီနှင့် ညီမ၊ ဇနီး ဖြစ်သူတို့၏ မွေးနေ့သက္ကရာဇ်များ၊ သား သမီးတဦးချင်းစီနှင့် မြေးမြစ်များ၏ မွေးသက္ကရာဇ်များကို ခုနှစ်၊ လ၊ ရက် သာမက၊ နံနက်၊ ညနာရီပိုင်းအထိပင် ဂရုတစိုက် မှတ်တမ်းပြုထားတတ်သူ ဖြစ်သည်။ တရားမျှတမှုကို လိုလားပြီး ဖြူစင်သော စိတ်စေတနာဖြင့် အမျိုးသားထု၏ အကျိုး၊ မိမိနှင့် ပတ်သက်သည့် ပတ်ဝန်းကျင်၏ အကျိုးကို အမြဲတစေရှေ့ရှုခဲ့သော ဖူးသာဒင်၏ကြည်လင်သော စိတ်ဓါတ်သည် သူ၏ အသက်ကိုလည်း ရှည်စေ ခဲ့လေသည်။ ဖူးသာဒင်သည် နိုင်ငံတကာမှ ကူညီထောက်ပံ့ကြေးနှင့် ထူထောင်သော ကလေးစာသင်ကျောင်း အား ကြီးကြပ် အုပ်ချုပ်ရသည့် တာဝန်ကို အသက်(၈၅)နှစ် အရွယ်အထိ လုပ်ကိုင်ခဲ့သည်။ (၉၃)နှစ် အရွယ်အထိ တွဲကူစရာ လူမလိုဘဲ ကျန်းမာ သန်စွမ်းစွာ လမ်းလျှောက်နိုင်ခဲ့သူ ဖြစ်သည်။

(၉၉)နှစ်ပြည့် မွေးနေ့ပွဲ လုပ်ပြီးသည့် နောက်တွင်မူ ဖူးသာဒင်သည် သူ့အသက်အရွယ်ကိုသူ သတိရလာဟန်တူသည်။ သူ့အသက်အရွယ်နှင့် ဆိုလျှင် နှစ်ကာလကြာရှည်စွာ ဆက်လက် နေထိုင်နိုင်တော့မည် မဟုတ်ကြောင်း တွက်ဆမိသွားဟန် ရှိလေသည်။ ထိုကဲ့သို့ သတိရလာခြင်းသည်လည်း မာနယ်ပလော စခန်းကြီးအား လက်လွှတ်လိုက်ရခြင်းနှင့် ဆက်စပ် ပတ်သက်ဖွယ် ရှိလေသည်။

အမျိုးသား လွတ်မြောက်ရေးနှင့် ဒီမိုကရေစီရေးအတွက် ဆောင်ရွက်နေသော တော်လှန်ရေးသမား အချင်းချင်းထဲတွင် ဘာသာရေးအရ ရန်သူ၏သွေးခွဲသပ်လျှိုမှုများ ခံကြရပြီး အကွဲကွဲ အပြားပြားဖြစ်သွားကြကြောင်းကိုလည်း မာနယ်ပလော မကျဆုံးမီကပင် စိတ်ထိခိုက်စွာ ကြားသိခဲ့ရ လေသည်။

ဒီမိုကရေစီရေး အင်အားစုများ ရောက်ရှိလာစဉ်က အမျိုးသား လွတ်မြောက်ရေး နီးကပ်လာပြီဟုသော မျှော်လင့်ချက်ဖြင့်၊ ဘိတ်ထားဝယ်ခရိုင် အနှစ်(၄၀)မြောက် ကရင့် တော်လှန်ရေးနေ့တွင် တက်ကြွစွာ မိန့်ခွန်းပြောဆိုနိုင်ခဲ့သော ဖူးသာဒင်မှာ သူ့အသက် (၉၉)နှစ် အရွယ် ရောက်လာခါမှပင် အကွဲကွဲ အပြားပြားဖြစ်သွားရပြန်သော ကရင့် တော်လှန်ရေးကြောင့်၊ သူ့အသက်တာ တလျှောက်လုံး




တလာခုန်း ကျေးရွာလူထု နှင့်အတူ



လမ်းပြင်တံတားဆောက် လုပ်မှုရေး လုပ်ငန်းများနဲ့

*Photo Donated by family.*



ဖူးသာဒင်နှင့် တွေ့ဆုံစကားပြောနေကြသော
ပဒိုဘောယူဇောနှင့် ဗိုလ်မှူးကြီး ထူးထူးလေးတို့အား ၁၉၉၀ခုနှစ်က အမှတ်တရ...

တောင့်တ မျှော်လင့်ခဲ့သော လွတ်လပ် အေးချမ်းသည့် သီးသန့် ကရင်ပြည်နယ်ကို သူမသေမီ မြင်တွေ့သွားနိုင်ဘို့ရာ မလွယ်ကူတော့ကြောင်း တွေးဆမိပုံလည်း ရပေသည်။ မွေးနေ့ပွဲ လုပ်ပြီးသည့် နောက်ပိုင်းမှ စ၍ အကူအတွဲ မပါဘဲ မထနိုင်တော့ချေ။ လအတော်ကြာမျှ ကုလားထိုင်နှင့် အိပ်ရာထဲတွင်သာ လှဲနေခဲ့ရပြီးနောက်၊ အသက်(၁၀၀) မပြည့် တပြည့် မှာပင် ထာဝရ အိပ်စက် အနားယူသွားခဲ့ခြင်း ဖြစ်လေသည်။

ဤဆောင်းပါးကို အဆုံး မသတ်မီတွင် မှန်ကန်မြတ်တရားသော စေတနာဖြင့် သီးသန့် ကရင်ပြည် ရရှိရေးအတွက် ကြိုးပမ်း ဆောင်ရွက်ခဲ့သော ကရင် အမျိုးသား ခေါင်းဆောင်ကြီး တဦးဖြစ်သူ ဖူးသာဒင်အား ဂုဏ်ပြုသည့် အနေဖြင့် ၁၉၄၈ ခုနှစ်၌ ထုတ်ဝေခဲ့သော ဆရာသာထို၏ "လွတ်လပ်ရေး လမ်းစဉ်" စာအုပ်ပါ "လုံခြုံရေးနှင့် လွတ်လပ်ရေး" ဟူသည့် ၎င်း၏ဆောင်းပါးကို မူရင်းအတိုင်း ကူးယူ ဖော်ပြအပ်ပါသည်။

စောသာဒင်ရေး

**လုံခြုံရေးနှင့် လွတ်လပ်ရေး ဆောင်းပါး။**

လောက၌ ရှိရှိသမျှသော လူမျိုးတိုင်းတို့သည် သာယာ ချမ်းစွာ နေထိုင်၊ သွားလာ၊ လုပ်ကိုင် စားသောက်လိုကြ၏။ ဧဆေးစွာ နေထိုင်နိုင်ရန်အတွက်လည်း နည်းလမ်းအမျိုးမျိုးတို့ကို ရှာဖွေလျက် ရှိ၏။ နည်းလမ်းရှာဖွေကြသည့် အခါ၌လည်း လိုက်နာဆောင်ရွက်ရန် ဝတ္တရားအမျိုးမျိုးတို့ကို တွေ့ရှိကြရ လေသည်။ မည်သို့ပင်ဖြစ်စေ၊ ဧဆေးစွာ နေထိုင်လိုသောလူမျိုးတိုင်းသည် လုံခြုံရေး ***(Security)*** နှင့် လွတ်လပ်ရေး ***(Liberty)*** ကို ဦးစွာ ရရှိထားရမည်ဟု ဝန်ခံကြရပေလိမ့်မည်။ အကြောင်းမူကား။

[၁] (က) အသက်၏ လုံခြုံရေး။

လူတို့သည် အသက် လုံခြုံမှုရကြမှသာလျှင် အသက်ရှင်လျက် လောကစည်းစိမ်ကို ခံစားစံစားနိုင်ကြမည် ဖြစ်၏။ အသက်အတွက် လုံခြုံမှု မရှိပါက လောကတွင် မက်မောစရာ စိုးစဉ်းမျှ ရှိနိုင်ဘွယ်ရာ အကြောင်း မရှိ တော့ချေ။

(ခ) ပစ္စည်း၏ လုံခြုံရေး။

လူတို့သည် အသက်ရှင်လျက် လောက၏ စည်းစိမ်ကို ခံယူစေနိုင်ရန်

စားရေး၊ သောက်ရေးနှင့် ပတ်သက်၍ ဝေယျာဝစ္စ အမြောက်အများရှိ၏။ အဆိုပါ စားမှု၊ သောက်မှု အတွက် ပစ္စည်း ဥစ္စာများ လုံခြုံရေး မရှိပါက၊ အဘယ်မှာ အသက်ရှင် ကျိုးနပ်ပါအံ့နည်း။

(ဂ) ဂုဏ်သိက္ခာ လုံခြုံရေး။

မိမိတို့၏ မျိုးရိုး ဂုဏ်သိက္ခာကို စောင့်ထိန်းရန်အတွက် လုံခြုံမှုကို မရပါကလည်း၊ လူမျိုးပါ အစတုံး သွားမည် ဖြစ်သဖြင့် ဂုဏ်သိက္ခာ လုံခြုံရေးသည်လည်း ဧချမ်းချမ်း ပျော်မွေ့စွာ နေထိုင်နိုင်ရေးအတွက် အဓိက လိုရင်း အချက်တခု ဖြစ်လေသည်။

[၂] (က) ပညာ၏ လွတ်လပ်ရေး။

လူဟူ၍ ဖြစ်လာကြပြီး၊ လူမျိုးတမျိုးအနေနှင့် မားမားမတ်မတ် နေလိုလျှင် ပညာ၏ လွတ်လပ်ရေး ရှိရပေမည်။ လူမျိုး တမျိုးအနေနှင့် မိမိတို့၏ အမျိုးသား စာပေ စသည်တို့ကို တိုးတက် ဖွံ့ဖြိုးရန်အတွက် မိမိတို့၏ စာပေကို လွတ်လပ်စွာသင်ကြားခွင့် မရလျှင် လွတ်လပ်ရေးသည် ဘာမျှ အဓိပ္ပါယ်မရှိချေ။

(ခ) ကိုးကွယ်သည့် ဘာသာ လွတ်လပ်ရေး။

နှုတ်အားဖြင့် လွတ်လပ်ရေး ရပြီဟု ရံခါ ရံခါ ကြားကြရသလောက်၊ လက်တွေ့အားဖြင့် လွတ်လပ်ရေးရသော တိုင်းပြည်နှင့် လူမျိုးတို့သည်ကား ရှာမှ ရှားတော့၏။ လွတ်လပ်သော တိုင်းပြည်နှင့် လူမျိုးများအတွက်မူကား ပညာရေး လွတ်လပ်သလောက်၊ ဘာသာရေး၌ လွတ်လပ်မှု ရှိရမည်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ဘာသာရေးသည် လူမျိုးတိုင်းကို ကောင်းရာဘက်သို့ အစဉ်ဆွဲဆောင်လျက်ရှိသည့်အတိုင်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ရကြသော သူတိုင်းသည် မိမိ၏ဘာသာကို ကိုင်းရှိုင်းမှုကြောင့် သူတော်ကောင်းများသာ ဖြစ်လာကြတော့မည် ဖြစ်သဖြင့်၊ သူတော်ကောင်း ပေါများသော တိုင်းပြည်သည် 'အလွတ်လပ်ဆုံး' သော တိုင်းပြည်အဖြစ်၌ တည်မြဲနိုင်မည် ဖြစ်သော ကြောင့် တည်း။

(ဂ) ယဉ်ကျေးမှု လွတ်လပ်ရေး။

ဗမာ စကားပုံ တခုအရ ကရင်ရိုင်း၊ ချင်းရိုင်းဟု ယခုတိုင် ပြောလေ့ပြောထရှိကြသေး၏။ သို့ရာတွင် ဤကဲ့သို့ ရုတ်တရက် သုံးနှုန်းကြခြင်းသည် ကရင်၏ ယဉ်ကျေးမှုကို မသိသောကြောင့်ပင် ဖြစ်တန်ရာ၏။ စင်စစ်မှာ ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းသည် မိမိတို့၏ သဘာဝ အလျောက် ယဉ်ကျေးမှု အသီးသီးနှင့် ရှိခဲ့ကြ၏။ အဆိုပါ ယဉ်ကျေးမှုများကို လွတ်လပ်စွာ ပြုကျင့်ခွင့် ရမှသာလျှင် လူဖြစ်ကျိုး နပ်ကြမည် ဖြစ်လျှက်၊ အကောင်းဆုံး အယဉ်ကျေးဆုံး လူမျိုး တမျိုးအဖြစ်သို့ တိုးတက်နိုင်ရန် အကြောင်းရှိလေသည်။ ယဉ်ကျေးမှု အတွက် လွတ်လပ်ခွင့် မရသော တိုင်းပြည်ကို လွတ်လပ်သည့် တိုင်းပြည်ဟု အလျင်းမခေါ်နိုင်ချေ။

(ဃ) စီးပွားရေး၌ လွတ်လပ်ခြင်း။

စီးပွားရေးနှင့်ပတ်သက်၍၊ လွတ်လပ်သော တိုင်းပြည်တွင်းရှိ လူမျိုးတိုင်းသည် စီးပွားရေး၌လည်း လွတ်လပ်ခွင့် ရှိသင့်ပေသည်။ စီးပွားရေးသည် လူမျိုးနှင့် တိုင်းပြည်၏ တက်လမ်းကို အများဆုံး အားပေးနိုင်သည့် အားလျော်စွာ လူတဦး တယောက်၏ စီးပွားရေး လုပ်ငန်းတခုသည်၊ အခြားသူ တဦးအား ထိပါးခြင်း မရှိက ၎င်း၏လုပ်ငန်းကို ပိတ်ပင် တားမြစ် ချုပ်ချယ်ခြင်း မပြုသင့်ကြချေ။

သို့ဖြစ်၍ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း လုံခြုံရေးနှင့် လွတ်လပ်ရေးတို့ကို ရရှိကြမှသာလျှင် လူတဦးနှင့် တဦးသော်၎င်း၊ လူမျိုး တမျိုးနှင့် တမျိုးသော်၎င်း၊ နားလည်မှု ကျေနပ်မှုတို့ကို ရရှိကြမည် ဖြစ်သဖြင့် ညီညွတ်စွာ ပူးပေါင်းဆောင်ရွက် နိုင်ကြမည် ဖြစ်သတည်း။

လုံခြုံမှုနှင့် လွတ်လပ်မှုအားဖြင့် မြန်မာပြည်၏ လွတ်လပ်ရေး တည်မြဲပါစေ။

ကောင်းကျော်။

❖ ❖ ❖

**ကောက်နုတ်ကိုးကား။**

၁။ ဖူးကီးဒို၊
မန်းဘဇန်နှင့်ကရင့်တော်လှန်ရေး။(၁၉၉၃)
၂။ ဆရာသာထို၊
"လွတ်လပ်ရေး လမ်းစဉ်"။ (၁၉၄၈)
၃။ ***Gen- Smith Dun .***
***The Four Foot- Colonel.***
၄။ ဗိုလ်မှူးချုပ်အော်လီဗာ၏
ပြောကြားချက်များ။
၅။ ဆရာမန်းအောင်ဌေး၏ မှတ်စုများ။

❖ ❖ ❖




ဧရာဝတီ ငိုနေပြီ
ဖူးကီးဒို
သမိုင်းကြောင်းဝတ္ထု

# ရှေ့ဝယ်ပိုင်နေပြီ

**ဖူးကီးဒို**

(၁)

ဒူးပလာယာခရိုင် ကော့ကရိတ် မြို့နယ် (မောခီး) ရွာ၏ အရှေ့ဘက်သို့ မိနစ်(၂၀)ခန့် လျှောက်လျှင် (ဘဦးကြီး) စခန်း-လူမှု စည်းရုံးရေး တက္ကသိုလ်ကို တွေ့ရမည်ဖြစ်သည်။နယ်မြေတခွင်လုံးမှာ ချေမ်းသာယာလျက်။ သစ်ပင်ကြီးများ ကျောက်လုံးကြီးများ အကြား ဗိုလ်ချုပ်စိုင်းကေ စာကြည့်တိုက်၊ မန်းဘဇန် (သင်တန်း)ခန်းမ၊ စခန်းရုံး၊ ရိက္ခာရုံး၊ စားဖိုရုံ၊ ရဲဘော် သင်တန်းသားများ ဂေဟာ၊ မိသားစု အိမ်ထောင်စုလိုင်း တို့ဖြင့် စည်ကားနေသည်။

ဂုဏ်ယူဘွယ်ကောင်းသည့် လုပ်ရပ်ဖြစ်သော (ပြည်သူ့အကျိုးပြုကြ) (*SERVE THE PEOPLE*) ဟု ရေးထား သည့် ဆိုင်းဘုတ်ကြီးမှာ ကျက်သရေ ရှိလှပေသည်။ ကရင်အမျိုးသား အလံတော် သည်တိုင်ထိပ်တွင် ငွါးငွါးစွင့်စွင့်လွင့်လျှက်ရှိသည်။ ဗိုလ်ချုပ်စိုင်းကေ စာကြည့်တိုက် အ နောက်ဘက် နှင့် အူဂူးဖိုး ချောင်းကြား ရှိ မြေကွက်လပ်တွင် ရဲဘော်များ နံနက်အလုပ်ခွင် ဝင်နေကြသည်။

လူထုအပေါ် ဝန်ထုတ် ဝန်ပိုး ပေါ့စေဘို့၊ ကိုယ်ထူကိုယ်ထ ပြုနိုင်ဘို့ ***(Self Reliance)*** စီမံချက်အရ " စား တတ် တဲ့ အရာ အကုန်စိုက်၊ စားတတ်တဲ့ အရာ အကုန်မွေး" ဟူသည့် မူကို အခြေခံကာ ငါးကန် တူးနေကြသည်။

"တရုတ်တို့၊ ကိုးရီးယားတို့မှာ၊ ဂျပန်နယ်ချဲ့ဆန့်ကျင်ရေးစစ်ပွဲ ဆင်နွှဲတုံးက အမှီအခို ကင်းရေး၊ ကိုယ်ထူ ကိုယ်ထစနစ် ***(Self Relince)*** လမ်းစဉ် ချမှတ်ကျင့်သုံး ခဲ့တယ်။ ပြည်သူ လူထု အပေါ် တော်လှန်ရေးတာဝန် ပိနေတာကို ပေါ့ပါးစေတဲ့လမ်းစဉ်ဖြစ်တယ်။ မော်စီတုံးတို့၊ ကင်(မ်)အေ(လ်)ဆွန်းတို့ ကျင့်သုံးခဲ့တဲ့ပေါ်လစီဖြစ်တယ်။" ဟု ရဲဘော် တင်စိုးမှ ပေါက်တူးပေါက်ရင်း ပြောလိုက်ရာ ...

"ဒီကောင်ကြီးကျယ်လိုက်တာကွာ၊ တရုတ်တို့ ကိုးရီးယားတို့ လျှောက်ပြောနေတယ်၊ မင်း ရောက်ဘူးလို့လား" ဟု ရဲဘော်ဘခက်က ထောက်လိုက်သည်။

"ရောက်တော့ ဘယ်ရောက်ဘူး မလဲကွ၊ ဗိုလ်ချုပ်စိုင်းကေ စာကြည့်တိုက်ထဲမှာ တော်လှန်ရေး စာအုပ်တွေ အပြည့်ဘဲ။ ငါဖတ်ရသလောက် ပြောတာပါ။" ဟု ရဲဘော်တင်စိုးက ပြန်ဖြေသည်။

"ဟုတ်တယ်။ စာကြည့်တိုက်ထဲမှာ နိုင်ငံတကာ တော်လှန်ရေး စာပေတွေ၊ တို့တိုင်းပြည်က တော်လှန်ရေးနဲ့ လူထု အကျိုးပြု စာပေတွေ၊ ကရင့် တော်လှန်ရေးဆိုင်ရာ စစ်ရေး၊ နိုင်ငံရေး၊ စည်းရုံးရေး စာပေတွေ၊ စိုက်ပျိုး မွေးမြူရေး စာပေတွေ အပြည့်ဘဲ၊" ဟု ရဲဘော် အုန်းမောင်က ထောက်ခံလိုက်ပြီး ...

"တို့တပ်မတော် စစ်ရေးလမ်းစဉ် စာအုပ်ထဲမှာ တပ်မတော် ကုန်ထုတ်လုပ်ရေး တာဝန်(၃)ရပ်နဲ့ တပ်မတော် ထောက်ပံ့ရေးတာဝန်(၃)ရပ်ရှိတယ်လို့ ဖော်ပြထားတယ်။

❑ တပ်မတော် ကုန်ထုတ် လုပ်ရေး တာ ဝန် (၃)ရပ်ကတော့ ...

၁. မိမိတပ်ကိုယ်တိုင်ထုတ်လုပ်ခြင်း၊
၂. လူထုကုန်ထုတ်လုပ်ရေးမှာ ကူညီခြင်း၊
၃. လူထုကုန်ထုတ်လုပ်နိုင်ရေးအတွက် ပညာပေးခြင်း တို့ဖြစ်တယ်။

❑ တပ်မတော် ထောက်ပံ့ရေး တာဝန် (၃) ရပ်ကတော့...

၁. မိမိဘာသာ ကုန်ထုတ်လုပ်ခြင်းဖြင့် ထောက်ပံ့ခြင်း၊
၂. ရန်သူ့ထံမှ တိုက်ခိုက်သိမ်းပိုက်ခြင်းဖြင့် ထောက်ပံ့ခြင်း၊
၃. လူထုထံမှစေတနာအရ ကူညီမှုကို ခံယူခြင်းဖြင့် ထောက်ပံ့ခြင်း၊ ...

... ... စတဲ့ အချက်တွေ ရှိတာကို ငါဖတ်မိတယ်၊ မနေ့က ပြည်သူ့အကျိုးပြု လုပ်ငန်း ဘာသာရပ်မှာ တပ်မတော် ထောက်ပံ့ရေး တာဝန်တွေကို ဖူးကီးဒို ဆွေးနွေးသွားတာ မင်းမေ့သွားပြီလား၊" ဟုရဲဘော်အုန်းမောင်က မေးလိုက်ရာ၊

"ကြားတော့ကြားတယ်၊ ငါမှတ်စာ မတတ်တာ၊ နားထောင် သက်သက်ဆိုတော့ အိပ်ငိုက် သက်သက်ဘဲကွာ။ ဟိုဘက် နားကဝင် ဒီဘက်နားက ထွက်သွားတာပေါ့" ဟု ရဲဘော်ဘခက်က သူ့လက်ညှိုး နှင့် သူ့နားနှစ်ဘက်ကို ထိုးပြရင်း ညှိုးငယ်စွာပြောလာသည်။

"ဒါကြောင့်မင်းကို ငါပြောတာပေါ့။ တနေ့တနာရီ စာသင်ပါ ဆိုတော့ မင်းက ပျင်းတယ်လေး ဘာလေးနဲ့ အားအားရှိရင် နှပ်နေတာဘဲ။ ဒါကြောင့် မင်းအခုထိ ဘာတခုမှ မတတ်တာ။ ကောင်မလေးတွေရှေ့ ရောက်ရင် စာတတ် ပုဂ္ဂိုလ်ကြီးလို ဟိုလှန်ဒီလှန်၊ ဟို ကြည့်ဒီကြည့်နဲ့။ ဟိုက အဟုတ်မှတ်ပြီး အကြောင်းအရာ တခုခု မင်းကိုမေးလာရင် မင်းတော့ ဒုက္ခလှလှကြီး ရောက်ပြီမှတ်၊" ဟု ရဲဘော် အယိုင့်က ကရုဏာဒေါသနှင့် ပြောလိုက်ရာ ရဲဘော်ဘခက် ခေါင်းပုသွားပြီး ဘာမှ ဆက်မပြောနိုင် တော့ပေ။

"ဟေ့ကောင်တွေ ! လေလဲကန် အလုပ်လဲလုပ်ကြနော်၊ တို့စီမံချက်က သင်တန်းအပတ်စဉ် တခုမှာ ကန် တကန် တူးမယ်။ အလုပ်ချိန်က နံနက်နဲ့ညနေ တနာရီ စီရမယ်၊ သုံးလအတွင်း (ရေကန်ထဲ ရေရောက် -ငါးရောက်) ဘဲ၊" ဟု ရိက္ခာတာဝန်ခံ ရဲဘော်မြင့်လှိုင်မှ ချွေးတလုံးလုံးနှင့် ရှင်းလင်း သတိပေး လိုက်သည်။

"ဒီမှာဟေ့ ! ရေနွေးကြမ်းနဲ့ ထန်းလျှက် ရပြီ၊ အမောပြေလေး စားကြသောက်ကြအုံး" ဟု ဆေးတာဝန်ခံရဲဘော် မျိုးဝင်းက လာချပေးသည်။

"ဒီကောင်းမှုကုသိုလ်ကံကြောင့် တို့ဆေးမှူးကြီး သူ့ရှိတ်နေတဲ့ ဆရာမလေးနဲ့ စွံပါစေဗျာ။" ဟု ရဲဘော် ပြုံးကျယ်က ထန်းလျက်ကို ပါးစပ်ထဲ ထည့်၍ ပြောလိုက်ရာ အလုပ်ခွင် တခွင်လုံး သာယာသွားတော့သည်။ စားသောက် နေစဉ်မှာပင် အလုပ်ချိန် စေ့သွားသဖြင့် နားလိုက်ကြသည်။

❖ ❖ ❖ ❖ ❖

မန်းဘဇန်သင်တန်းခန်းမတွင် သင်တန်းသား ရဲဘော်များ အသီးသီး ရောက်ရှိနေကြပါပြီ။ သင်တန်းတာဝန်ခံ မိမိ (ရဲဘော်ဖိုးကီးဒို) မှ ...

"ရဲဘော်တို့--ဒီနေ့ ရဲဘော်တို့နဲ့ လူ့အခွင့်အရေး ***(Human Rights)*** ဘာသာရပ်ကို ဆွေးနွေးမယ်။ တို့ရဲဘော်တွေ လူ့အခွင့်အရေး ဆိုတာကို ဘာကြောင့် သိထား တတ်ထားသင့်သလဲဆိုတော့–

○ လူ့အခွင့်အရေးကို နားလည်ရင် သိထားရင်၊

○ လူမျိုးတမျိုးနဲ့ တမျိုးကြား၊ အမျိုးသားရေးဆိုင်ရာ အခွင့်အရေးနဲ့ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာတွေကို အပြန်အလှန် လေးစားမှု ရှိလာမယ်။ အမျိုးသား စာပေသင်ကြားခွင့်၊ အမျိုးသား စာသင်ကျောင်းတွေ ထူထောင်ခွင့် ပေးမယ် အမျိုးသားရေးကို လေးစားမယ်ဆိုရင် တို့ပြည်ထောင်စု အတွင်းမှာ လူမျိုးတမျိုးနဲ့ တမျိုးအကြား စစ်ဖြစ်စရာ အကြောင်း မရှိဘူး။

○ ဘာသာတိုင်း တန်းတူမယ်၊ လွတ်လပ်မယ်... ဥပမာ– နိုင်ငံတော်ငွေနဲ့ မိမိ ကိုးကွယ်တဲ့ ဘာသာ တခုထဲကိုဘဲ အလုပ်အကျွေး မပြုမိဘို့၊ အကယ်၍ နိုင်ငံတော်ငွေနဲ့သာဆိုရင် တခြား ဘာသာ တွေအတွက် တန်းတူအကျိုးခံစားခွင့် ပေးဘို့၊ ဒီလို တန်းတူအခွင့်အရေးတွေ အပြည့်အဝ ပေးခဲ့ရင် ဘာသာရေး ပြဿနာဆိုတာ ဖြစ်လာစရာ အကြောင်း မရှိဘူး။

ဒီမိုကရေစီ အခွင့်အရေး၊ လူ့အလွှာ အသီးသီးရဲ့ အခွင့်အရေး၊ ကလေးသူငယ်တွေ အမျိုးသမီးတွေရဲ့ အခွင့်အရေး၊ အကျဉ်းသားတွေ စစ်သုံ့ပန်း တွေရဲ့ အခွင့်အရေး ... စတဲ့ 'လူ့' အခွင့်အရေးတွေကို လိုက်နာလုပ်ဆောင်မယ် လေးစားမယ်ဆိုရင် သူ့လူတန်းစား၊ သူ့လူ့အလွှာ၊ သူ့လူ့အဖွဲ့အစည်းတွေကို၊ ကိုယ်စားပြုကာကွယ်တိုက်ပွဲဝင်မဲ့ နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေ မှိုလိုပေါက်လာဘို့အကြောင်း မရှိနိုင်ဘူး။ ရှင်းရှင်းဆွေးနွေးရရင် လူကို လူလိုသိရင် ဘာပြဿနာ တခုမှ ပေါ်လာစရာ အကြောင်းမရှိဘူး။

၁၉၄၈ ခုနှစ် ဒီဇင်ဘာလ (၁၀) ရက်နေ့၊ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ ကြေငြာစာတမ်းကို တို့တိုင်းပြည်က ပါဝင်လက်မှတ်ထိုးထားတယ်။ ဒီ ကြေငြာစာတမ်းမှာပါတဲ့အတိုင်း လိုက်နာလုပ်ဆောင်မယ်လို့ ဂုဏ်သရေ ရှိရှိ ပါဝင်လက်မှတ်ထိုးတာဖြစ်တယ်။ ဒီ ***(Universal Declaration of Human Rights.)*** ကြေငြာ စာတမ်းများ အတိုင်း လူ့အခွင့်အရေးကို တိကျစွာ လိုက်နာလုပ် ဆောင်ခဲ့ရင်၊ ဒီစာတမ်းပါအတိုင်း တင်းပြည့် ကျပ်ပြည့် အခွင့်အရေးတွေ ရရှိခဲ့ရင်၊ ကရင်တော် လှန်ရေးဟာ ပေါ်ပေါက်လာနိုင်စရာ အကြောင်းမရှိဘူး။ တို့ကရင် လူ့ဖြစ်စဉ်သမိုင်းကို ပြန်ပြောင်း လေ့လာကြည့်ရင် ခုလို တမျိုးသားလုံး အတိုင်းအတာဆောင်တဲ့ အမျိုးသားစစ်ပွဲမျိုး တိုက်ခဲ့တာ မရှိခဲ့ဘူးလို့ ထင်တယ်။ အင်္ဂလိပ် ကျွန်သဘောက် ဘဝ၊ နှစ်ပေါင်းရာနဲ့ ချီခဲ့တဲ့ ကာလအတွင်း ဘာကြောင့် "ကရင်ပြည်" စကားမပြောခဲ့တာလဲ?။

လက်နက်ကိုင်တိုက်ပွဲတွေ မပေါ်ခဲ့တာလဲ?။

စစ်ပွဲတခု ဖြစ်လာဘို့ ဆိုတာ လွယ်လွယ်နဲ့လုပ်လို့ရတဲ့အရာမဟုတ်ဘူး။ လူမဆန်အောင် နှိပ်စက် ခံရလွန်းလို့၊ "သေလည်းမထူးပါဘူးကွာ" ဆိုပြီး တခြားရွေးစရာလမ်း မရှိတော့လို့သာ၊ သေနတ်ကိုင်တဲ့ လမ်းကို ရွေးကြရတာဘဲ။ ရဲဘော်တို့ (၈၈) အရေးအခင်းကို ကြည့်ပါလား။ တစတစ လူ့အခွင့်အရေးတွေ ဆုံးရှုံးလာလိုက်တာ တို့တတွေ စတိုက်လို့ (၃၉) နှစ်အကြာမှာမှ လူထုကြီးဟာ လူ့အခွင့်အရေးတွေ လုံးဝ ဆုံးရှုံးကုန်မှန်း သိတဲ့နောက် ကဲမထူးတော့ဘူးဆိုပြီး သေနတ်ကိုင်ဘို့ ဆုံးဖြတ်လိုက်ကြတာဘဲ။

(လူမျိုးစုလူ့အဖွဲ့အစည်း အတွင်းမှာ စစ်ပွဲတွေ ဖြစ်ပေါ်လာရတဲ့ အရင်းခံပြဿနာဟာ၊ လူ့အဖွဲ့အစည်း ဆိုင်ရာ လူမှုအခွင့်အရေးတွေ အကြီးအကျယ် ချိုးဖောက် ခံရတာကို ဖြေရှင်းဘို့ရာ၊ အခြားရွေးချယ်စရာလမ်း မရှိတော့ လို့ဘဲ ဖြစ်တယ်။

✡ လူ့အခွင့်အရေးဖောက်ဖျက်မှုရဲ့ ဖွားဘက်တော်ဟာ (စစ်) ဖြစ်ပြီး ...

✡ လူ့အခွင့်အရေး ကာကွယ်ထိန်းသိမ်းမှုရဲ့ညီနောင်ဟာ(ငြိမ်းချမ်းရေး) ဖြစ်တယ်။ ဒီတော့ တို့လူ့အဖွဲ့အစည်း ငြိမ်းချမ်းသာယာ ချင်ရင်၊ လူ့အခွင့်အရေး တွေကို လေးစားတိကျစွာ လိုက်နာလုပ်ဆောင်ကြရမယ်။ ဒါကြောင့် တို့တပ်မတော် အနေနဲ့ လူ့အခွင့်အရေးကို လေးစား လိုက်နာလုပ်ဆောင် တတ်ဘို့ ဒီဘာသာ ရပ်ကို ထည့်သင်တာဖြစ်တယ်။

လူ့အခွင့်အရေးကို လေးစားလိုက်နာ လုပ်ဆောင်ရင် --

☆ လူကိုလူလိုသိမယ်၊ လူလိုမြင်မယ်၊ လူလိုကျင့်ကြံပြုမူမယ်။

☆ လူမျိုးအချင်းချင်း ကိုယ်ချင်းစာ တရားထားရှိမယ်၊ အပြန်အလှန် လေးစားမယ်။

☆ ဘာသာတိုင်းတန်းတူမှုနဲ့ အပြန်အလှန်လေးစားမှုရှိမယ်။

☆ စစ်သားတွေဟာ စစ်မြေပြင်မှာ ပြိုင်ဘက်စစ်တပ်အပေါ် နေလို လလို ကျင့်မယ်။

☆ စစ်နဲ့မပတ်သက်တဲ့ မိုးခိုသူတွေကို ရှေ့နဲ့မြဲ လိုကျင့်မယ်။

☆ စစ် သုံ့ပန်းတွေကို ကိုယ့် တပြည်ထောင်ဘွား တိုင်းရင်းသားလို သဘောထားမယ်" စသဖြင့် ပို့ချဆွေးနွေး နေစဉ် မွန်းတည့် (၁၂) နာရီ ထိုးသွားသည့်အတွက် သင်တန်းကို ရပ်နားလိုက်သည်။

တည်နိုင်မည့် အခြေ အနေ အရပ်ရပ်ဖြင့်လည်း လုံလောက် ပြည့်စုံ နေသည့် လူမျိုးတမျိုးအနေဖြင့် လူလူချင်း လေးစားထောက်ထားမှု မရှိ သော လူမျိုးတမျိုး၏လက်ဝေခံ၊ အဖိ နှိပ်ခံ၊ လျစ်လျူရှု အပစ်ပယ်ခံ အဖြစ် နေထိုင်နေစရာ အကြောင်းမရှိ။ မိမိ၏ အမျိုးသားများ တိုးတက်ရေးအတွက် လွတ်လပ်စွာဖြင့် ကိုယ့်ဒူး ကိုယ်ချွန် ကြိုးပမ်းနိုင်ရန် အလို့ငှာ သီးခြား ပြည်နယ် ထူထောင်ရေး ကိစ္စကို အနုနည်းဖြင့်ငြိမ်းချမ်းစွာ ဆန္ဒပြ တောင်းဆို ကြိုးပမ်းခြင်းမှာ မြင့်မြတ်သော လုပ်ရပ်သာဖြစ်သည်ဟု စောသာဒင်က အကြွင်းမဲ့ ယုံကြည် လေသည်။

လုပ်ဘော် ကိုင်ဘက်များ ဖြစ်သည့် ဆရာသာထိုနှင့် စောဘဦးကြီး အစရှိသော ပုဂ္ဂိုလ်တို့သည်လည်း အမျိုးသား လွတ်မြောက်ရေးကို ငြိမ်းချမ်းစွာ တောင်းဆိုတိုက်ပွဲဝင်လိုသော စောသာဒင်နှင့် တသဘောတည်းပင် ဖြစ်လေသည်။ ကရင် လူထုကြီးကိုလည်း ထိုသဘောအတိုင်းပင် ခံယူ လုပ်ဆောင်ကြစေရန် ဦးဆောင်မှုပေးခဲ့သည်။

"လက်ရှိ အခြေအနေအရ ကရင်လူထုကြီးသည် ကရင်ပြည်ကို မရမချင်းကျေနပ်မှု မရနိုင်ဟု ကြွေးကြော်လျက် ရှိကြပြီ။ ထိုမှတပါး မိမိတို့လိုလားသော ကရင်ပြည် ရရှိရေးအတွက် မရမချင်း နှလုံးရည်ဖြင့် တိုက်မည်ဟု အတိအလင်း ကြေငြာခဲ့ကြပြီ။" (ဆရာသာထို၊ "လွတ်လပ်ရေး လမ်းစဉ်။" စာ–၃၈ –၃၉)

စောဘဦးကြီး သည်လည်း ဥပဒေရေးရာနှင့် နိုင်ငံရေးကို ကျွမ်းကျင်သော ဝတ်လုံတော်ရ တဦးပီပီ မိမိတို့ကရင်အမျိုးသားများအတွက် တရားမျှတစွာ ရပိုင်ခွင့် အရေးကိစ္စများကို ငြိမ်းချမ်းသော နည်းဖြင့် တောင်းဆိုခဲ့သူဖြစ်သည်။ သို့သော် မည်ကဲ့သို့မျှ ပြောဆိုလုပ်ဆောင်၍ မဖြစ်ဘဲ "ကရင်ပြည်လိုချင်ရင် တိုက်ယူ" ဟူသော ဦးနု၏ဆင်ခြင်မှု ကင်းမဲ့သည့် သမိုင်းဝင် စကားအမှားတခုကြောင့် လက်နက်ကိုင် တော်လှန်ရေးကို စတင်လုပ်ဆောင်ခဲ့ခြင်း ဖြစ်လေသည်။ (ဦးနု၊ ဦးကျော်ငြိမ်း၊ ဗိုလ်လကျ်ာ၊ ဗိုလ်ဖိုးကွန်း စသည့် ဖ၊ ဆ၊ ပ၊ လ ခေါင်းဆောင်များနှင့် တွေ့ဆုံ ဆွေးနွေးသည့် အချိန်က၊ ကေအဲန်ယူ ကိုယ်စားလှယ်များအဖြစ် စောဘဦးကြီး၊ ဆရာသာထို၊ စောဘဲလေ၊ မန်းဂျိမ်းစ် ထွန်းအောင် တို့နှင့်အတူ စောသာဒင်လည်း ပါဝင် ဆွေးနွေး ခဲ့သည်။) လက်နက်ကိုင် တော်လှန်ရေးကို လုပ်ဆောင် ခဲ့ရသည့် တိုင်အင်းစိန်တိုက်ပွဲ ဖြစ်နေစဉ် အတွင်း ဦးနုနှင့် စေ့စပ် ဆွေး နွေးပြီး ငြိမ်းချမ်း စွာ ဖြေရှင်းရန်၊ စောဘဦးကြီး ကြိုးစားခဲ့ပေ သေးသည်။

ကရင့်တော်လှန်ရေးကြီး မစမီ ၁၉၄၈ ခုနှစ် အတွင်းက သထုံနှင့် မော်လမြိုင်မြို့ (၂)မြို့ကို ကရင် ***U. M. P. (Union Military Police)*** ပြည်ထောင်စု စစ်ရဲတပ်များက သိမ်းပိုက်လိုက်သည်တွင် အကြမ်းဖက်မှုကို မလိုလားဘဲ၊ အေးချမ်းသော နည်းဖြင့်သာပြဿနာကို ဖြေရှင်းလိုသော ဥက္ကဋ္ဌစောဘဦးကြီးသည် စောသာဒင်အား တာဝန်ပေး စေလွှတ်လျက်၊ ထိုမြို့ (၂)မြို့ကို ဖ၊ ဆ၊ ပ၊ လ အစိုးရ လက်တွင်းသို့ ပြန်လည်အပ်နှံရန် စီစဉ်စေခဲ့သည်။

ကေအဲန်ယူ အစည်းအရုံးဝင် အချို့သော ကရင် အမျိုးသားများသည် ကရင်ပြည် အရေးအတွက် စိတ်ရှည်သည်းခံမှု မရှိနိုင်တော့ဘဲ လက်နက်ဆွဲကိုင် တိုက်ခိုက်လိုသည့် ဆန္ဒများ ပြင်းပြနေခဲ့ သည်။ ခေါင်းဆောင်ကြီးများ၏ ချုပ်ထိန်းမှုကြောင့်သာ ငြိမ်နေခဲ့ရခြင်း ဖြစ်သည်။ မော်လမြိုင်ကို သိမ်းပိုက်သူမှာ ပုလိပ် အင်စပက်တော် ဖူးဆောဒီ ဖြစ်ပြီး၊ ***U.M.P.*** ပုလိပ်အချို့နှင့် မြို့ခံ ကျောင်းသားများအား ဦးဆောင်လျက် သိမ်းယူခဲ့ခြင်း ဖြစ်သည်။

ထိုသို့ သိမ်းယူ လိုက်သည့် အကြမ်းဖက်အပြုအမူကိုရှုက်ဘွယ်ရာ လုပ်ရပ်ဟု ကေအဲန်ယူ ခေါင်းဆောင်များက ခံယူကြသည်။ အေးချမ်းစွာ၊ သိက္ခာရှိစွာဖြင့် တရားဥပဒေနှင့်အညီ မိမိတို့ပိုင်ပြည်နယ် ရရှိရေးအတွက် ကြိုးပမ်း နေချိန်တွင် ထိုကဲ့သို့ ဖြစ်ရခြင်းကို ကေအဲန်ယူ ခေါင်းဆောင်ကြီးများက မလိုလားချေ။




(ဝဲမှယာ) စောကြာဒိုး၊ (အမည်မသိ)၊ ဗိုလ်မှူး အော်လီဗား၊
စောဒေါ်နေ၊ နိုင်ဘံခံ၊ ဗိုလ်ရန်နိုင်၊ စောသာဒင်၊

ကရင်အမျိုးသား တပ်မှူးကြီးများ ပင်ဖြစ်သော ဗိုလ်ချုပ်ကြီး စမစ်ဒွန်းနှင့် ဗိုလ်မှူးကြီး စောကြာဒိုး တို့ကလည်း ကရင်တွေ စည်းကမ်းမရှိကြဘူးဟု ကရုဏာ ဒေါသောဖြင့် ပြောခဲ့ကြသည်။

စောသာဒင်သည် ဖ၊ဆ၊ပ၊လ အစိုးရ၏ တပ်မှ ကချင် ဗိုလ်မှူးကြီး 'နော်လာ'နှင့် ဆွေးနွေး ညှိနှိုင်းစီစဉ်ကာ၊ မော်လမြိုင်မြို့တွင်ပင်၊ မော်လမြိုင်နှင့် သထုံ မြို့(၂)မြို့ကို ပြန်လည် အပ်နှံခဲ့သည်။ မကြာမီပင် ဗိုလ်မှူးကြီး နော်လာမှာ မော်လမြိုင်မှနေ၍ ရွှေ့ပြောင်းခံလိုက်ရပြီး၊ ၎င်း၏ နေရာတွင် ဖ၊ဆ၊ပ၊လ အစိုးရက ဗိုလ်မှူး ထိန်နားကို အစားထိုး ခန့်အပ်ခဲ့သည်။

ဗိုလ်မှူးထိန်နားသည် မော်လမြိုင်သို့ ရောက်လာသည်နှင့် မကြာမတင်

အောက်တိုဘာ(၁၁)ရက် မွန်းလွဲ (၄)နာရီ (၁၆)မိနစ်၊ ပုဂံပုံ–ဖုံးဂနိ ပီ/၄၅၉ ၀၇၅ တွင် တပ်မ (၁၁)မှူး ဦးဝင်းမြင့်က တိုက်ပွဲကို အနီးကပ်ကွပ်ကဲ မှုပေးနေသော ရှေ့တန်း ခြေမြန်တပ်ရင်း (၂၁၄) တပ်ရင်းမှူးအား –

"ကုလားနဲ့ကရင် အရှင်မတွေ့ချင်ဘူး။ထုံးစံအတိုင်းလုပ်ပစ်" ဟူသော ညွှန်ကြားမှုနှင့် လုပ်ဆောင်ချက် များမှာ * ဆရာတော်စောသောလယ်(၄၂)နှစ် (သိပ္ပံကုန်းကြီး ခရစ်ယာန် သာသနာပြု ဆရာတော်ကြီး စောထွန်းစိန်၏ စတုတ္ထသား) အား ဆရာတော်ကြီး မျက်မှောက်၌ပင် အသက်ထွက်သည့်တိုင် ညှဉ်းပမ်းနှိပ်စက် သတ်ဖြတ်လိုက်ခြင်း။ * ဆရာတော်ကြီး စောထွန်းစိန်၏ ဒုတိယသား စောဖိုးတေး (၅၅) နှစ်ကိုပါ သတ်ပစ်လိုက်ခြင်း။ * ဆရာတော်ကြီး စောထွန်းစိန်၏ သားထွေး စောထီးသော (၃၇)နှစ်နှင့်မိသားစု အားလုံး သတ်ပစ်လိုက်ခြင်း။ * ဖောဘောလူ မူလတန်းကျောင်းဆရာမ နော်ပါးရာ (၄၂) နှစ်အား မတရားပြုကျင့် သတ်ပစ်လိုက်ခြင်း။...စသည်တို့ဖြင့် ဆရာတော်ကြီး စောထွန်းစိန်မိသားစု တစုလုံးမှာ ကျူပင်ခုတ် ကျူငုတ်ပင် မကျန်တော့ပေ။ ဧရာဝတီမှ ကရင်အမျိုးသားများ စုဝေးနေထိုင်ကြသည့် မြို့နယ်များ ဖြစ်ကြသော ဘိုကလေး၊ ကျိုက် လတ်၊ ကျိုက်ပိ၊ ဒေးဒရဲ၊ လပွတ္တာ၊ ဝါးခယ်မ၊ မော်လမြိုင်ကျွန်း၊ မြောင်းမြ၊ အိမ်မဲ၊ ကျောင်းကုန်း၊ ပန်းတနော်၊ တွံတေး၊ ဖျာပုံ၊ မအူပင် ... စသည့် မြို့များ၌ ဧရာဝတီ၏ မြန်မာ့ သွေးချင်းများ ဖြစ် သော(ကရင်အမျိုးသားများ) မည်မျှ အသတ်ခံ (ကျူပင်ခုတ်ကျူငုတ်အဖြစ်ခံ) လိုက်ရကြသည်ကို မြတ်ဗုဒ္ဓ၊ သခင် ခရစ်တော်နှင့် အလာဟ်အရှင် မြတ်တို့မှ တပါး အခြား သိနိုင်မည်မဟုတ်ပေ။

ဧရာဝတီသွေး မဟာသမုဒ္ဒရာ၌ ကူးခတ်နေကြရရှာသော သွေးချင်းကရင်များ၏ လူ့အခွင့်အရေး တောင်းဆိုမှု ငိုကြွေးသံကို ကျူပင်ခုတ်ကျူငုတ် မကျန်ရေး "ဖြတ်လေးဖြတ်ဗျူဟာ" အရှင်သခင်များ ဖြစ်သည့် ဧရာဝတီတိုင်း အရေးအခင်းမှ – နတာခတိုင်းမှူး၊ တမခ (၁၁) မှူး၊ နဗဟ(၁၁၃) မှူး ... စသည့် ပုဂ္ဂိုလ်ကြီးများကြားမှ ကြားမိပါလေစ။

ဧရာဝတီ သွေးမဟာ သမုဒ္ဒရာအား သွေးချင်းကရင်တို့၏ မနုဿ နှလုံးသွေးတို့ဖြင့် ချင်းချင်းနီစေခဲ့သော ...

* ခပရ – (၂၁၁) (၂၁၃) (၂၁၄) တပ်ရင်းမှူးများ၊

* ခလရ–(၆၃) (၇၀) (၉၂) (၉၃) တပ်ရင်းမှူးများ၊

* အမှတ် (၂၆) စစ်ရေယဉ်စုမှူး ဒု –ဗိုလ်မှူးကြီးအဆင့်ရှိ ဦးအောင်ကြိုင်၊

* ဧရာဝတီ ပြည်သူ့ရဲတပ်ဖွဲ့ တို့သည် ဤလူသတ်ပွဲကြီး အတွင်း ကျူးလွန်ခဲ့သော ရာဇဝတ်မှုကြီးအားလုံး အတွက် လုံးဝတာဝန်ရှိပေသည်။

ဧရာဝတီလူသတ်မှုကြီး၌ စစ်နှင့်မပတ်သက်သော သာသနာပြု ဆရာတော်များ၊ အမျိုးသမီး၊ ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ ခေါင်းဖြူစွယ်ကျိုး၊ ကျောင်းသူကျောင်းသား၊ ကရင်များကို (ကျူပင်ခုတ် ကျူငုတ်မကျန် စီမံချက်ဖြင့် လူစိတ်ကင်းမဲ့စွာ သတ်ဖြတ်ခဲ့မှုအပေါ် ဗမာ့တပ်မတော်တွင်းရှိ ကောင်းမြတ်သော စစ်သည်တော်များ၊ လူမျိုးစုံ သွေးစည်း ချစ်ကြည်ရေး မြတ်နိုးသူများ၊ လူ့အခွင့်အရေး လေးစားသည့် စစ်သည် တော်များအနေဖြင့် မည်သို့ခံစားကြ မည်နည်း။ မြန်မာပြည်ရှိ လူမျိုးစုံ ပြည်သူတရပ်လုံး အနေဖြင့်လည်း မည်ကဲ့သို့ ခံစားကြရမည်နည်း။ နိုင်ငံတကာ ပြည်သူများကကော မည်သို့ ခံစားကြချေ မည်နည်း။

အင်အားကြီးသူမှ အင်အား ငယ်သူအား ကျူပင်ခုတ် ကျူငုတ်မကျန် ရေးဖြတ်လေးဖြတ်ဗျူဟာဖြင့် အနိုင်ကျင့်၍ ရစတမ်းဆိုပါမူ–ဒုတိယကမ္ဘာစစ်အပြီးတွင် အစ္စရေးလ်နိုင်ငံတော်ဟူ၍ သန့်စင်စွာ ဖွားမြင် ပေါ်ထွက်လာ နိုင်မည်ပင် မဟုတ်ပေ။ လူ့အခွင့်အရေးချိုးဖေါက်သူများ၏ အနိုင်ကျင့်မှုအပေါ် မြန်မာ့စစ်ပါရဂူ ဗိုလ်ချုပ်ကြီး လက်ဝဲသုန္ဒရ (အမတ်ကြီး) က (နန္ဒီသေနပျို့) ဖြင့် အောက်ပါအတိုင်း ဆုံးမထားသည်။

☆ စစ်နည်းဗျူဟာ၊ ဘယ်လိုသာလည်း၊ စွဲကိုင်လက်နက် ဘယ်လိုထက်လည်း၊ ပြည်သူ့နှလုံး၊ မသိမ်းကြုံးလျှင်၊ ပြည်သူ့စွမ်းအား၊ မကိုးစားလျှင်၊ ဒါးသွားလည်းကြွေ၊ လုံလည်းခွေအံ့။–ဟု။

☆ ဧရာဝတီကား ကရင်တို့၏ သွေးမဟာ သမုဒ္ဒရာဖြင့် ဖုံးလွှမ်းခဲ့လေပြီ။ ကရင့် မျက်ရည်တို့သည်၊ ဧရာဝတီအတွင်း သိပ်သည်းစွာ ပျော်ဝင်စီးဆင်းလျက် ရှိနေသည်။ သွေးကြွေးကို သွေးသစ္စာဖြင့် ဆပ်ကြပါရန် ဗိုလ်ချုပ်ကြီး လက်ဝဲသုန္ဒရက (နန္ဒီသေနပျို့)၌ပင် ဤသို့ ထပ်မံ ဆုံးမပြန်၏။

❖မြိုင်ဝေတောကြီး၊ ဤခရီးဝယ်၊ ချည်းနှီးသက်သက်၊ သေသော့်ထက်ကား၊ ဆက်လက်တသီ၊ တစီတလျှဉ်၊ သားစဉ်မြေးဆက်၊ ပြောထုံးဖြစ်အောင်၊ တစစ်တမက်၊ ကိုယ်နှင့်ဆက်၍၊ ဦးလည်မသုန်၊ ထမ်းပါကုန်လော့။

❖သူ့တပ်ကိုယ့်တပ်၊ စစ်မြေရပ်ဝယ်၊ ကြပ်ကြပ်တည်းတည်း၊ စည်းစည်းလုံးလုံး၊ နှလုံးမတွန့်၊ စိတ်လိုလွန့်လျက်၊ သက်စွန့်များသူ၊ နိုင်မြဲယူလော့။

❖လူလူချင်းကို၊ ဘယ်မင်းဘက်ပြိုင်၊ ဘယ်တပ်ဆိုင်အံ့၊ သူ့နိုင်ငံသား၊သံမှုန့်စားမှ၊ တို့ခါးတုံးမည်၊ မှတ်တော် တည်လော့၊ ...ဟု ဆုံးမသြဝါဒ ပေးခဲ့ပါသည်။ မိမိတို့သည် မြန်မာ့စစ်ပါရဂူကြီး၏ သြဝါဒကိုဆုပ်ကိုင်လျက်၊ ဂျပန်ဗိုလ်ချုပ်ကြီး မူတာဂူချီ၏ (ဘူရှီဒို)စိတ်ဓါတ် ဖြစ်သော "သေနတ်မရှိရင်လက်နဲ့တိုက်၊ လက်ပြတ်ရင်ခြေနဲ့ကန်၊ ခြေပြတ်က သွားနဲ့ကိုက်၊ သေသွားပါကသူရဲအဖြစ် နဲ့ဆက်တိုက်။" ... ဟူသောမိန့်ကြားချက်ကို ကိုင်စွဲပြီး၊ မိမိတို့ ကရင်အမျိုးသား ခေါင်းဆောင်ကြီး စောဘဦးကြီး၏ "လူ့ဘဝမှာ ကျွန်ဖြစ်ပြီး အသက်ရှင် နေရတာထက် တိုက်ပွဲဝင်ရင်း သေရတာက မြတ်၏"...ဟူသော ဆုံးမပြောကြားချက် ကိုခံယူကာ ဧရာဝတီ၏ သွေးကြွေးကို၊ မိမိတို့သွေး၊ နောင်မျိုး

ဆက်သစ်များ၏ သွေးသစ္စာဖြင့် စစ်ရေး တံခွန်ကို လွှင့်ထူ၊လူ့အခွင့်အရေး လက်နက်ကို အသုံးချ၍၊ နိုင်ငံတကာ လူ့အခွင့်အရေး တပ်မတော် ကြီးနှင့် ခိုင်မာစွာ လက်တွဲ၊ တပ်ပေါင်း စုဖွဲ့လျက် ဆက်လက် တိုက်ပွဲဝင်ကြမည် ဖြစ်သည်။

"ဧရာဝတီငိုနေပြီ" တေးသီချင်းသည် တစတစ ဝေး ... ဝေး ... သွားပြီး၊ မိမိအတွေး၌ သင်တန်းသားများကို ပြန်မြင်လာကာ၊ ဆက်လက်ဆွေးနွေးရမည့် လူ့အခွင့်အရေးဘာသာရပ်ကို လေ့လာလိုက်သည်။

(လူ့အခွင့်အရေး ကြေညာစာတမ်း) အပိုဒ်(၅)၌–

မည်သူကိုမျှ ညှင်းဆဲနှိပ်စက်ခြင်း မပြုရ၊ (သို့မဟုတ်) ရက်စက် ကြမ်းကြုတ် အသနားကင်းမဲ့ ယုတ်မာစွာ မပြုရ၊ (သို့မဟုတ်) ပြစ်ဒဏ်မပေးရ။ အပိုဒ်(၄)၌ ... မည်သူမျှ ဥပဒေအရ မဟုတ်သော ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း၊ ပြည်နှင်ခြင်းကို မခံစေရ။

ဧရာဝတီ၌ ကျူးလွန်ခဲ့သော (နဝတ)တို့၏ လူသတ်ပွဲကြီးသည် လူ့အခွင့် အရေးကို ဖောက်ဖျက်ကျူးလွန်ခြင်းသာ ဖြစ်သည်။ လူ့အခွင့်အရေးကို (နဝတ)တို့ လေးစားလိုက်နာလာမည့် နေ့ရက်ကို မျှော်တွေးနေစဉ်မှာပင် သင်တန်းတက် ခရာရှည်သံကြားသဖြင့် မွန်းလွဲပိုင်း သင်တန်း ပြန်စရန်အတွက် အနားယူရာမှ ထွက်ခဲ့တော့သည်။

(၃)

မွန်းလွဲပိုင်းသင်တန်းပြန်စသည်၊ ရဲဘော်ဖူးကီးဒိုမှ (လူ့အခွင့်အရေး ) ဘာသာရပ်ဆက်၍ ဆွေးနွေးသည်။

"ရဲဘော်တို့ကို ဒီကနေ့ လူ့အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်းရဲ့ အပိုဒ် (၂)ကို ဆွေးနွေးမယ်။ ဒီအပိုဒ်(၂)မှာ ဘယ်လိုဖွင့်ဆိုထားသလဲဆိုတော့ ...

လူတိုင်းသည် အဓိဋ္ဌာန်ပြုစာတမ်းတွင် ဖော်ပြထားသည့် အခွင့်အရေး အားလုံး၊ လွတ်လပ်မှု အားလုံးတို့ကို ပိုင်ဆိုင်ခံစားခွင့်ရှိသည်။လူမျိုးအားဖြင့်ဖြစ်စေ၊ အသားအရောင်အားဖြင့်ဖြစ်စေ၊ ကျား–မ ဘဝအားဖြင့်ဖြစ်စေ၊ ဘာသာစကားနှင့် ကိုးကွယ်သည့်ဘာသာ အားဖြင့်ဖြစ်စေ၊ နိုင်ငံနှင့်ဆိုင်သော (သို့မဟုတ်)လူတန်းစား ဇစ်မြစ်အားဖြင့်ဖြစ်စေ၊ ပစ္စည်းဥစ္စာအားဖြင့်ဖြစ်စေ၊ မျိုးရိုးဇာတိအားဖြင့် ဖြစ်စေ၊ အခြားအဆင့်အတန်းအားဖြင့် ဖြစ်စေ၊ လုံးဝ ခွဲခြားခြင်းမရှိစေရ၊" လို့ ဖော်ပြထားတယ်။

"ဒီအပိုဒ်ကို အကျယ် တဝင့် ဆွေးနွေးကြရအောင်။ တို့လူသားတွေ နေထိုင်တဲ့ဒီကမ္ဘာကြီးမှာ ...

–လူမျိုးတွေအမျိုးမျိုး ကွဲပြားနေတယ်။

– နိုင်ငံများအဖြစ် အမျိုးမျိုးဖြစ်ပေါ်နေတယ်။

–ဘာသာစကား အမျိုးမျိုး ပြောဆိုကြတယ်။

–ကိုးကွယ်တဲ့ဘာသာ အမျိုး မျိုးရှိတယ်။

–မျိုးရိုး၊ ဇာတိ၊ ဆင်းရဲချမ်းသာ၊ ယုံကြည်ချက်...စသဖြင့် အမျိုးမျိုးကွဲပြားနေတယ်။ ဒီလိုကွဲပြားနေလင့်ကစား၊ လုံးဝခွဲခြားခြင်း မရှိစေရဘူးလို့ ဖော်ပြ ထားတာဖြစ်တယ်။ တိုတိုနဲ့လိုရင်းကို ကောက်ချက်ချရရင် ...

–လူလူချင်း သွေးစုတ်မှု၊

–လူမျိုးချင်းကျွန်ပြုမှု၊ လုံးဝ မလုပ်ဘို့ ဖွင့်ဆို တားမြစ်ထားတာ ဖြစ်တယ်။ တို့တိုင်းပြည်ရဲ့ မျက်မှောက်ပကတိ အခြေအနေကို လေ့လာ ရအောင်။ ကဲ – ရဲဘော် ကျော်မိုးနိုင်၊ တို့တိုင်းပြည်ဟာ ဘယ်လို တိုင်းပြည်လဲ"

ရဲဘော်ကျော်မိုးနိုင်က–

"ကျနော်တို့ တိုင်းပြည်ဟာ– လူတန်းစားအားဖြင့် အလုပ်သမား၊ လယ်သမား၊ ပညာတတ်ခနရှင်ပေါက်စနဲ့ အမျိုးသားခနရှင်၊ အမျိုးသားမြေရှင်ရယ်လို့ လူတန်းစား အမျိုးမျိုး ကွဲပြား ဖြစ်ပေါ်နေတဲ့ တိုင်းပြည် ဖြစ်တယ်။ ကိုးကွယ်တဲ့ ဘာသာအားဖြင့် အမျိုးမျိုး ကွဲပြားခြားနားကြတယ်။ လူမျိုးစုံ နေထိုင် တဲ့တိုင်းပြည် ဖြစ်တယ်။ နိုင်ငံရေးယုံကြည်ချက် မှာလည်း အမျိုးမျိုးကွဲပြားနေတယ်။ စီးပွားဒရေးအရ တိုး တက်မှုနဲ့ ဆုတ်ယုတ် ဆင်းရဲမှုရယ်လို့ ကွဲပြားနေကြတယ်။ တောင်တန်းသားနဲ့ မြေပြန့်သားရယ်လို့ ကွဲပြားနေတယ်။" ... ဟု ဖြေသည်။

"မှန်တယ်။ ချုပ်ပြောရရင်

– အမျိုးသားရေးနဲ့ အတန်းအစားရေးအရ ကွဲပြားနေကြတယ်။

ဒီလိုကွဲပြားနေမှုအပေါ် ပြဿနာတခုချင်းအသေးစိတ်၊ သေသေချာချာ ခွဲခြားစိတ်ဖြာ၊ လေ့လာသုံးသပ်၊ ဖြေရှင်းနိုင်မှ လူမျိုးစုံနေထိုင်တဲ့ ဒီလိုတိုင်းပြည်



*Photo by Burma Issues.*



မျိုးဟာ ငြိမ်းချမ်း သာယာဝပြောမှာ ဖြစ်တယ်။ ဒီတော့ – လူမျိုးတွေကလည်းများ၊ လူတန်းစားဖြစ်ပေါ် ကွဲပြားမှုကလည်း စုံဆိုတော့ မင်းဘယ်လိုဖြေရှင်းမလဲ"– ဟု ရဲဘော်ဝေထူးအားမေးရာ –

"လူမျိုးရေးပြဿနာနဲ့ ပါတ်သက်လို့ တခုတည်းသော ဖြေရှင်းနည်းကတော့ လူမျိုးချင်းအပြန်အလှန် လေးစား၊ လူမျိုးရေးဆိုင်ရာ တန်းတူရေးနဲ့ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ပေးမှုကို ကျင့်သုံး၊ နိုင်ငံတကာက သဘောတူဆုံးဖြတ်ထားတဲ့ လူမျိုးစုဆိုင်ရာအခွင့်အရေး ***(Indigenous Rights)*** တွေ၊ ငါ့လူမျိုးကမင်း မျိုး၊ နေမျိုး။ တခြားလူမျိုးက ကျေးကျွန် တွေ၊ အရိုင်းအစိုင်းတွေ။ တပြည်လုံးကို ငါတို့ကသာ အုပ်စိုးရမယ်။ ကျန်တဲ့လူမျိုးတွေက တိုင်းပြည်နဲ့ တန်တာမဟုတ်ဘူး။ မအုပ်ချုပ်တတ်ဘူး။ စတဲ့(မဟာလူမျိုးကြီးဝါဒ) အတွေးအခေါ် လုပ်ဟန်တွေကို တိုက်ချွတ်ဆေးကြောနိုင်မှ တိုင်းပြည်ငြိမ်းချမ်း သာယာဝပြောမယ်။ အတန်းအစားရေးနဲ့ ပတ်သက်လို့တခုတည်းသော ဖြေရှင်းနည်းကတော့ လူ့အခွင့်အရေးကိုလေးစား၊ လူ့အခွင့်အရေးတွေ အပြည့်အဝပေး၊ ဒီမိုကရေစီကျင့်စဉ်ကိုကိုင်စွဲ၊ တပါတီ အာဏာရှင် စနစ်ကို တိုက်ဖျက်၊ ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲ ကျင်းပ၊ ပြည်သူလူထုကို နိုင်ငံတော်အာဏာအပ်နှင်း။" ...ဟု ဖြေသည်။

"မှန်တယ်။ လူမျိုးရေး ပြဿနာကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ ကိုင်တွယ်ဖြေရှင်း။ အတန်းအစား ပြဿနာကို ဒီမိုကရေစီ လူ့အခွင့်အရေး ကျင့်စဉ်နဲ့ ဖြေရှင်း။ ဒါတွေဟာ ဖြေရှင်းနည်းတွေဘဲ။ နောက်တခု၊ တို့တတွေဟာ စစ်သားတွေဆိုတော့ စစ်တိုက်နေကြ တယ်။ စစ်တိုက်နေကြတဲ့ ဘက်နှစ်ဘက်ဟာ အနိုင်ရှိသလို အရှုံးလည်း ရှိနိုင်တယ်။ တဘက် စစ်သည်ကို ဖမ်းမိတာလည်း ရှိနိုင်သလို မိမိဘက်က အဖမ်းအ ဆီးခံရတာလည်း ရှိမယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ရဲဘော်တို့ သိထားသင့်တဲ့ ၁၉၄၉ ခုနှစ် ဩဂုတ်လ(၁၂) (ဂျီနီဗာ) သဘောတူညီချက်တခုမှာ ဘယ်လို ဖော်ပြထားသလဲဆိုတော့ ...

စစ်မက်ဖြစ်ပွါးမှုတွင် ပါဝင်သောပုဂ္ဂိုလ်တယောက်သည်၊ အဖမ်းအဆီး ခံရလျှင် သူ့အဆင့်နေရာနှင့် ပတ်သက်၍ ယုံမှားသံသယဖြစ်ဘွယ်ရာ ရှိနေသော အနေအထားမျိုး၌ပင်၊ သူ့အား စစ်သုံ့ပန်း အဖြစ်ယူဆရမည်ဖြစ်ပြီး၊ စစ်သုံ့ပန်းအဖြစ် ပြုမူဆက်ဆံရမည်။

စစ်သုံ့ပန်းများသည်၊ မည်သည့်အခြေအနေတွင်မဆို လူလူချင်း စာနာသည့်ဆက်ဆံမှု၊ ပုဂ္ဂိုလ်ရေး သိက္ခာနှင့် ဂုဏ်သိက္ခာတို့ကို လေးစားသော ဆက်ဆံမှုကို ရယူခံစားနိုင်ခွင့် ရှိသည်။ ... လို့ ဖော်ပြထားတယ်။

တို့တပ်မတော်ကလည်း သုံ့ပန်းပေါ်လစီချမှတ် ထားတယ်။ တို့ သုံ့ပန်းပေါ်လစီကတော့ ... ဖမ်းမိ ရန်သူကိုမနှိပ်စက်ရ။ ပြည်ထောင်စု ဖွားညီနောင်သားချင်းလို ဆက်ဆံရမယ်။ ဒဏ်ရာရရှိနေလျှင် ဆေးကုပေးရမယ်။ မိမိတပ်မတော်ထဲဝင်လာအောင် စည်းရုံး။ နေရပ်ပြန်လိုက လမ်းစရိတ် ပေးပြီးပြန်ခွင့်ပြု။ ... လို့ ဖော်ပြထားတယ်။ ဒီလူ့အခွင့်အရေး ဆိုင်ရာ သုံ့ပန်းပေါ်လစီနဲ့ ပတ်သက်လို့ ရဲဘော်တို့ ဘာဆွေးနွေးချင်ကြသလဲ။" ... ဟု မေးရာ ရဲဘော်ဘခက်က ...

"ရန်သူဘဲဗျ။ အမေ့လင်ကြီးမှမဟုတ်တာ၊ ဒီလောက်သတ်တာတောင် တခါမှ မကုန်ဘူး။ တိုက်ပွဲဖြစ်ပြီဆိုရင် "နွား" လို့အော်ပြီး တက်လာလိုက်တာ၊ ကျနော်တို့ကို တောထုတ်တယ် မှတ်နေရတယ်။ ကျနော့် အဓကေ စက်လတ်ကလည်း ကောင်းသလားမပြောနဲ့၊ ရှေ့မှာ အတုံးအရုံးဘဲ" ... ဟု သူရဲကောင်း ပုံသဏ္ဌာန် ဖြင့် ပြောနေစဉ် ...

"ဟေ့ကောင်– စက်လတ်နဲ့ ပစ်လို့ ကောင်းတာ မကောင်းတာကို ပြောနေတာမဟုတ်ဘူး။ ဖမ်းမိတဲ့ရန်သူ့ သုံ့ပန်းနဲ့ ပတ်သက်လို့ ခံယူရမဲ့ သဘောထားကို ဆွေးနွေးနေတာ။ နောက်ပြီး၊ တိုက်ပွဲဖြစ်တဲ့အခါ ရင်ဘောင်တန်း တက်လာပြီး စစ်မာန်သွင်းတာ "ကျား" လို့ အော်လာတာကွ၊ "နွား" လို့ အော်တာမဟုတ်ဘူး။" ဟုရဲဘော် ဇော်ပြုံးမှ ဝင်ထောက်လိုက်သောကြောင့် အားလုံးပွဲကျသွားကြသည်။

" ဒီကောင်တွေ သောက်ကျင့်မကောင်းဘူးဗျ။ နှိပ်စက် စစ်ဆေးမေးမြန်း၊ သိချင်တာတွေ ကုန်ပြီဆိုရင် "ထွက်ပြေးလို့" ဆိုပြီး သတ်ပစ်တယ်။" ဟု ရဲဘော်သူရိန်မှ ဝင်ဆွေးနွေးသည်။

"သူတို့လုပ်သလိုသာ တို့တတွေ လျှောက်လုပ်ကြစတမ်းဆိုရင် ဒီအမုန်းသံသရာကြီး ဘယ်တော့ ဆုံးတော့မလဲကွာ။ နောက်ပြီးတပ်နှစ်ခုရဲ့ နိုင်ငံရေးခံယူချက် ချင်းက တူတာမှမဟုတ်တာ။ တို့တတွေကတော့ တို့သဘောထားခံယူ ချက်အတိုင်းလုပ်ရမှာပေါ့။ မင်းတို့ပြန်ကြည့်ရင် ထွီဖါးဝီးကျိုး စစ်ပွဲတုံးက ဒီကောင်တွေ ဘယ်လောက်ယုတ်မာ သလဲဆိုတာ သိမှာဘဲ။ သထုံကစထွက်လာကတည်းက တလမ်းလုံးတွေ့သမျှလူ ယောကျ်ား မိန်းမ အကုန် ပေါ်တာဆွဲ၊ မိန်းကလေး ခပ်ချောချော ကျတော့ စစ်ဗိုလ်အနားမှာခေါ်ထား၊ ရွက်ကြမ်း ရေကျိုလေးတွေကျတော့ စစ်သည်တွေ ကြားထဲ ထည့်ထားတယ်။

နေ့ဘက်မှာ စစ်ဗိုလ်အနားနေတဲ့

ခလေးမက စစ်ဗိုလ်အိတ်ကိုထမ်း၊ စစ်သည်တွေကြားကအမျိုးသမီးတွေကတော့ စစ်ပစ္စည်းတွေ ထမ်းပေါ့။ ညရောက်တယ်ဆိုရင်ဘဲ စစ်ဗိုလ်နားက ခလေးမက စစ်ဗိုလ်ကိုထမ်း၊ စစ်သည်တွေနားက အမျိုးသမီးတွေကလည်း စစ်သည်တွေ ကိုထမ်းပေါ့။ စစ်သည်တွေကအတော် များတော့ ခလေးမတွေအဘို့ အပေါ့ သွားဘို့တောင် အချိန်မရှိဘူးတဲ့။ ထွက်ပြေး လွတ်မြောက်လာကြတဲ့ ခလေးမတွေ ပြောပြလို့ သိရတာ။ တော်တော်ရင်နာ စရာကောင်းတယ်။”

“တော်တော်ယုတ်မာတဲ့ ကောင်တွေ။ နမချင်းမစာနာကြဘူး။ ဒီကောင်တွေကိုမိရင် အကုန် သတ်ပစ်ဘို့ကောင်းတယ်။”ဟု ရဲဘော်ဘခက်က နာကျည်းစွာ ဝင်ပြောသည်။

“ဒီကောင်က တွေ့ရင် အကုန်သတ်မဲ့ကောင်၊ သူ့တမျိုးလုံး အသတ်ခံထားရတာ” ဟု ရဲဘော် အုန်းမောင်က ဆိုသည်။

“တော်လှန်ရေးထဲရောက်လာကြတဲ့ ရဲဘော်တိုင်း ခံစားချက်ကိုယ်စီ ပါလာကြတာပါဘဲ။ တို့အဖိုးဆိုရင် အသက် (၈၀) နီးပါးကျခါမှ၊ ကျူပင်ခုတ် ကျူငုတ်မကျန် ဖြတ်လေးဖြတ် စီမံချက်နဲ့ အင်းစိန်ထောင်ထဲထည့်၊ လုံးဝအမှု မစစ် ဆေးဘဲ နှိပ်စက်တဲ့ဒဏ်နဲ့ဘဲ ထောင်ထဲမှာ ကွယ်လွန်သွားခဲ့ရတယ်။ ဒီလိုလူမဆန်တဲ့ သတ်နည်း တွေနဲ့ သတ်လို့သေ သွားရတဲ့လူတွေ ဘယ်လောက်တောင်များပြီလဲဆိုတာ ဘုရားမှတပါး ဘယ်သူမှ သိမှာ မဟုတ်ပါဘူး” ဟု မိမိမှ ဖြည့်စွက် ဆွေးနွေးလိုက်သည်။ ဆက် လက်၍–

“တို့တော်လှန်တဲ့ စစ်သည်တော်တွေဟာ သာမန်စစ်သည်တော်တွေ မဟုတ်ဘူး။ လူမှုအဆောက်အအုံ ဟောင်းကြီးကိုဖြိုချပြီး လူမှုအဆောက် အအုံသစ်နဲ့ အစားထိုးမှာဖြစ်တယ်။ လူလူချင်း သွေးစုတ်တဲ့၊ လူမျိုးချင်း ကျွန်ပြုတဲ့ လူမှု စနစ်ဆိုးကြီးကို ဖြိုချပြီး၊ ဒီမိုကရေစီ လူမှုအခွင့်အရေးတွေနဲ့ အစားထိုးမှာ ဖြစ်တယ်။ ခံယူချက်၊ လုပ်ဆောင်မှု တွေက အစ ရန်သူနဲ့ လုံးဝမတူဘူး။ သူတို့တွေးသလို မတွေးဘူး။ သူတို့ လုပ်သလို မလုပ်ဘူး။ သူတို့က စစ်အာဏာရှင်စနစ် ဖိမ္မာန်ကြီး ခိုင်မြဲဘို့ဆိုရင် တပြည်လုံးက လူ့အရိုးတွေနဲ့တိုင်ထူ၊ လူ့သွေးတွေနဲ့ ဆေးချယ်မှာဖြစ်တယ်။ ဧရာဝတီ အရေးအခင်း၊ ရှစ်လေးလုံး အရေးအခင်းတွေက သက်သေပြခဲ့ပြီဘဲ မဟုတ်လား။ ရန်သူ့လက်နဲ့ ပါးစပ်တွေမှာ တို့ပြည်သူ့သွေးတွေနဲ့ ရဲရဲနီနေတယ်။ သူတို့ဝတ်ထားတဲ့ အဝတ်မှာ ပြည်သူ့ မျက်ရည်တွေနဲ့ စိုရွဲလို့။ ပြည်သူတွေရဲ့အရိုးတောင်ပေါ်သူတို့ဖြတ်လျှောက်နေကြတယ်။ ဒီအလုပ်ဟာ သူတို့အလုပ်။ ဒို့လုပ်ရမှာက “လူ့အခွင့်အရေး၊ လူသားဝါဒ” ဖြစ်တယ်။ တို့ရဲ့စစ်သုံ့ပန်း ပေါ်လစီကိုတိကျမှန်ကန်စွာ ကျင့်သုံးဘို့ဘဲ ဖြစ်တယ်။” ဟုဆွေးနွေးလိုက်သည်။

“ဒီလူ့အခွင့်အရေးဆိုင်ရာ သုံ့ပန်းပေါ်လစီ နဲ့ပတ်သက်လို့ ၁၉၈၂ခုနှစ် ဒီဇင်ဘာလ ဖါးကပ် တိုက်ပွဲမှာ အဖူးကျင့်သုံးခဲ့ ဘူးတယ်လို့ ကြားဘူးတယ်။ အဲဒါကို ဘယ်လိုခံယူချက်နဲ့ ကျင့်သုံးနိုင်တာလဲဆိုတာ ကျနော်တို့ သိနိုင်ဘို့ ပြောပြပါ” ဟု ရဲဘော်မျိုးဝင်းမှ အဆိုပြုလာသည်။ သင်တန်းသား ရဲဘော်အားလုံး၏ မျက်နှာများမှာ စိတ်ဝင်စားစွာ နားထောင်လိုကြောင်း ပေါ်လွင်လျက်ရှိနေကြသည်။

(၄)

ဖါးကပ်တိုက်ပွဲကို မတင်ပြမီ မိမိ၏ စစ်ရေးခံယူချက်ကို အနည်းငယ် တင်ပြလိုပါသည်။ ***(The purpose of our revolutionary war is peace.)*** မိမိတို့ တော်လှန်စစ် ၏ ရည်ရွယ်ချက်သည် ငြိမ်းချမ်းရေးဖြစ်သည်။ စစ်တိုက်နေခြင်း၏ ရည်ရွယ်ချက် မှာ ...

–အမျိုးသားလွတ်မြောက်ရေး၊

–ဒီမိုကရေစီ လူ့အခွင့်အရေး အပြည့်အဝရရှိရေး၊

–ထာဝရငြိမ်းချမ်းရေး၊–တို့ ဖြစ်သည်။

ထိုရည်ရွယ်ချက်များကို အကောင်အထည်ဖေါ်ရာ၌ မိမိတို့နှင့် ထိတွေ့မှု ဖြစ်ပွားနေသော တဖက်မှစစ်သည်များကို စစ်မြေပြင်၌ သတ်နေရသည်။ မိမိတို့နှင့် ထိုစစ်သည်များသည် ... ခိုက်ရန် ဖြစ်ပွားခဲ့ခြင်း မရှိ။ မိသားစုချင်း ရန်ငြိုးမရှိခဲ့။ တဦးနှင့်တဦး တွေ့ပင်မ တွေ့ဘူးခဲ့။သို့သော် ... ...

မိမိတို့လူ့အခွင့်အရေး၏ တစိတ်တဒေသဖြစ်သည့် “ကရင်ပြည်”တည်းဟူသော နိုင်ငံရေးပြဿနာကြောင့် စစ်တိုက်နေကြရသည်။ (စစ်သည် နိုင်ငံရေး၏ အဆက်ဖြစ်သည်။) ဟူသော စစ်ရေးဒဿနအခြေခံအပေါ် “ကရင်ပြည်” ပြဿနာ ပြေလည်သွားပြီး၊ ကရင်အမျိုးသားများနှင့် လူမျိုးစုံပြည်သူလူထု တရပ်လုံး၏ ဒီမိုကရေစီ လူမှုအခွင့်အရေးအာမခံချက်များ ရယူပိုင်ဆိုင်လာမည့်အချိန်၌ မိမိတို့ ကိုင်ဆောင်ထားသော သေနတ်ပြောင်းဝမှ အသံထွက်လာတော့မည် မဟုတ် ပါ။ မိမိတို့သေနတ်များသည် ...

– လွတ်လပ်မှုထိန်းသိမ်းကာကွယ်ရေး၊

– အချုပ်အခြာ အာဏာပိုင်ဆိုင်မှု အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေး၊

– ပြည်ထောင်စု တည်တံ့ခိုင်မြဲ ရေးတို့အတွက် ညီနောင် တပ်မတော်များ နဲ့အတူ နိုင်ငံတော် ကာကွယ်ရေး တာဝန်ကို ပူးပေါင်းထမ်းဆောင်သွားကြမည် ဖြစ်ပေသည်။

## ဖါးကပ်တိုက်ပွဲ

တပ်မဟာ(ရ) တပ်ရင်း (၁၉) စစ်ကြောင်း(၁) တာဝန်ကျရာ စစ်ဒေသဖြစ်သော (ပိုင်ကျုံ) မြို့နယ်တခွင်လုံးမှာ ဟေမာန်ဆောင်းလရာသီ၌ အေးချမ်းသာယာနေလင့်ကစား၊ နိုင်ငံရေး၊ စစ်ရေး မတည်ငြိမ်မှုများကြောင့် တင်းပြည့် ကျပ်ပြည့် မအေးချမ်း နိုင်ဘဲ ရှိနေသည်။ တပ်မ (၄၄) ကွပ်ကဲမှုအောက်မှ တပ်ရင်းများ ကရင်ပြည်နယ်အတွင်း ကျူပင်ခုတ် ကျူငုတ်မကျန်၊ ဖြတ်လေးဖြတ် ဗျူဟာခင်းကျင်းလျှက်ရှိသည်။

မှတ်ချက်။ ။ဖြတ်လေးဖြတ်ဗျူဟာ= လူထုနှင့်အဆက်ဖြတ်၊ သတင်းဖြတ်၊ ရိက္ခာဖြတ်၊ သတ်ဖြတ်၊ဟူ၍ ဖြစ်သည်။

ဒုတိယကမ္ဘာစစ်အတွင်း တရုတ်ပြည်သိမ်းပိုက်ရေး စစ်ပွဲကာလ ဂျပန်ဖက်ဆစ်များ ကျင့်သုံးခဲ့သည့် ***(Three All)*** ပေါ်လစီအတိုင်းဖြစ်သည်။ ***(Kill All)*** အားလုံးသတ်။ ***(Burn All)*** အားလုံးမီးရှို့။ ***(Destroy All)*** အားလုံး ဖျက်ဆီး။

စစ်ကြောင်း (၁)သည် စစ်ကြောင်းမှူး ဗိုလ်မှူး ဂျော်နီ၏ အနီးကပ်ကွပ်ကဲမှုဖြင့် ပိုင်ကျုံမြို့နယ်တွင် လှုပ်ရှားလျှက်၊ (နောတဲခီး – နိုလောဘလယ်) ရွာများ၌ တပ်ချအခြေပြု ထားသည်။ တပ်ခွဲ(၂)မှူး ဗိုလ်ကြီး လူးဝီ၊ တပ်ခွဲ(၃)မှူး ဗိုလ်ကြီး အောင်လင်း၊(မယ်ပရ)၊ တပ်ခွဲ(၄)မှူး မိမိ၊ တပ်ခွဲ (၅)မှူး ဗိုလ်ကြီး ဂျော်ဖြူ၊ ဌာနချုပ်တပ်ခွဲမှူး ဗိုလ်ကြီး ဒေးဝါး၊ (ထိုစဉ်က တပ်ခွဲ (၁)မှူး ဗိုလ်ကြီး ဖါးခလိုနှင့် ၎င်း၏တပ်ခွဲတခွဲလုံးမှာ ဘိတ် ထားဝယ်ခရိုင်၌ တာဝန်ထမ်းဆောင်နေသည်။) တို့သည် (၁၉၈၂)ခုနှစ် ဒီဇင်ဘာလ တတိယ ပတ်တွင် ခမရ(၃) (၅)တို့၏ လှုပ်ရှားမှုကို အကဲခတ်နေကြသည်။ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်၏၊ ပြောက်ကျား စစ်ပါရဂူတဦး ဖြစ်လာနိုင်သော ဗိုလ်မှူး ဂျော်နီက ...

"ကျနော်တို့ ဒီလိုစစ်ကြောင်းကြီးနဲ့ လှုပ်ရှားနေရင် ဒီကောင်တွေဝင်တိုးမှာ မဟုတ်ဘူး။ တပ်အနဲစုလောက်ဘဲ ဖော်ပြပြီး ကျန်တဲ့တပ်တွေ ဖျောက်ထားမယ်။ ကျနော်နဲ့တပ်စိတ်တစိတ် ပိုင်ကျုံစခန်း နားကဖြတ်ပြီး (ကစို)မှာ သွားအယောင်ပြမယ်။ နှစ်ရက်လောက် အချိန်ယူမယ်။ ဒီနှစ်ရက်အတွင်း စစ်ကြောင်းဒီမှာဘဲဝပ်နေ။ (၃)ရက်မြောက်(ညာမရော)က ဖါးကပ်ကို ညဘက်ဝင်ကပ်။ ဖါးကပ်ရောက် ရင်ပတ်လည် ကတုတ်ကျင်းတူး၊ ခံစစ်စီမံ၊ ကျနော်ရန်သူကို ဒီဘက်ဆွဲလာမယ်။ လုပ်ရိုးလုပ်စဉ်အတိုင်းဘဲ ပစ်ခတ်မှု ဖြစ်လို့ သေနတ်မရရင် (မော်ထူး) ရမယ်။" ဟု ညွှန်ကြားထားသည်။

မှတ်ချက်။ ။ မော်ထူး ဆိုသည်မှာ စကောကရင်ဘာသာစကားဖြင့် ဆေးပေါ့လိပ်ဖြစ်သည်။ ကြိမ်ဒါဏ်(၂၅) ချက်ကို ဆိုလိုသည်။

ကျည်ရောက် လူရောက်စီမံချက်ဖြစ်သည်။ စစ်ကြောင်းမှူး ဗိုလ်မှူးဂျော်နီသည်၊ တရုတ် စစ်ပါရဂူ (ဖုံသက်ဝိုင်)၊ ချေဂွေဗါးရား၊ မော်စီတုံး၊ငုယင်ဇပ်၊ ဂျော့ဂရီးဗက်စ်***(George Grivas)*** ဆွန်ဇူး၊ ကလော့စ်ဝစ်၊ လစ်ဒယ်ဟတ်၊ လက်ဝဲသန္တရစသည့် ... စစ်သည်တော် ကြီးများ၏ သင်ကြားမှုများကို ဖတ်ခဲ့ဖူး ကြားခဲ့ဖူးခြင်း ရှိမရှိကို မူမသိ။ သို့သော်(စစ်မြေပြင်ထက် ကောင်းသော စစ်တက္ကသိုလ် မရှိ) ဆိုသည့် စစ်ဒဿနကိုမူ ကောင်းစွာနားလည် သဘောပေါက်ခဲ့သူဟု ထင်ပါသည်။ သူ့ကိုယ်တွေ့တိုက်ပွဲ ပေါင်းများစွာမှ သင်ယူရရှိခဲ့ပြီဖြစ်လေသည်။

"ရန်သူကို အမျိုးမျိုး လှည့်စားပြီးတိုက်"

"တိုက်ပွဲတိုင်း လှည့်စား၊ အလျင်အမြန်တိုက်"

"ရန်သူကို မြူဆွယ်လှည့်စား၊ ကျုံးသွင်းပြီး တိုက်"

***(All warfare is base on deception)*** (စစ်ပွဲတိုင်းလှည့်စားမှုကို အခြေခံသည်။) ဟူသော မူကို ဗိုလ်မှူးဂျော်နီ တတ်ကျွမ်းနားလည်ထားခဲ့ပြီးဖြစ်သည်။ စီမံချက်အတိုင်းပင် ဗိုလ်မှူးဂျော်နီ စတင်လှုပ်ရှားပါတော့သည်။ သူနှင့် တပ်စိတ် တစ်စိတ်။ ဤတွင်ထောက်လှမ်းရေးကိစ္စကို ကွန်ယက်လိုဖြန့်ကျက်ထားသော ရန်သူက ၎င်း၏ တပ်များထံ ကြေးနန်းစက်ဖြင့် အဆင့်ဆင့် သတင်းပို့လိုက် တော့သည်။

"ငပွေး ဂယောင် နီလာ အငယ်တခုနဲ့ (ကစို) ဘက်ထွက်သွား" ဟူ၏။

မှတ်ချက်။ ။ ငပွေး=ကရင်အမျိုးသားများအား နှိမ့်ချ ခေါ်သော ဝေါဟာရ။

ဂယောင်=ဂငယ်=ဂျော် (စက်စကားပြောလျှို့ဝှက်သင်္ကေတ)

နီလာ=နငယ်= နီ။

အငယ်တခု= တပ်စိပ်တစ်စိပ်။

ဗိုလ်မှူးဂျော်နီ ကစိုသို့ရောက်သွားပြီး အငြိမ့်ငုပ်သည်။ ထိုအငြိမ့်အဖွဲ့ကို ဖါးကပ်သို့ ခေါ်ခဲ့ပါပြီ။ ရန်သူအား ဖါးကပ်သို့ မြူဆွယ်ကျုံးသွင်း ခေါ်ငင်ခဲ့ခြင်းပင်ဖြစ်သည်။ မိမိတို့စစ်ကြောင်းသည် စီမံချက်အတိုင်း ညာမရော မှတဆင့် ဖါးကပ်သို့၊ ည(၉)နာရီတွင် ရောက်ရှိသွားသည်။ မိမိတို့တပ်ခွဲနေရာယူခြင်း၊ ကတုတ်ကျင်းတူးခြင်း၊ သတ်ကွင်းသတ်မှတ်ခြင်း၊ ပစ်ပိုင်နယ် သတ်မှတ်ခြင်းများ ပြုလုပ်ပြီး "တဝက်ကင်းချ၊ တဝက်ပွဲကြည့်" ရန် ညွှန်ကြားလိုက်သည်။

ဖါးကပ်ရွာ၌ ဆိုင်းသံ ဗုံသံက တညံညံ၊ ရယ်သံကတဝေါဝေါ၊ မင်းသမီးသီချင်းသံက တလွင်လွင်၊ ကြည်လင် အေးချမ်းတဲ့ အခါသမယ ဖြစ်နေတော့သည်။

၁၉၈၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၉) ရက်၊ နံနက်(၉)နာရီ။

"ဒက်ဒက်ဒက်ဒက်၊ အုံး–၊ ဒိုင်း၊ ဂျိန်း၊ ဂွမ်း–-" ဟူသောအသံများ စစ်၏အနိဋ္ဌာရုံများဖြင့် ဖါးကပ်ရွာ တခုလုံးမှာ အရုပ်ဆိုးသွားတော့သည်။ မိမိတပ်ခွဲ တပ်စု(၁)၊ တပ်စိပ်(၁)မှ တပ်ကြပ် မူးမူး(ကော့နား) ၏ အမ်ဂျီ– ၄၂ စက်လက်စတင်လှုပ်ရှားလိုက်သည်နှင့် ရင်ဘောင်တန်းချီတက်လာသော ရန်သူ(၈)ယောက် အရုပ်ကြိုးပြတ်သလို လဲကျကုန်တော့သည်။ အနည်းငယ် ငြီးငြူရုံမှအပ အားလုံးအသက်ထွက်ကုန်ကြပြီ ဖြစ်သည်။

ကျည်ရောက် လူရောက် စီမံချက် ဖြစ်သဖြင့် သေနတ်ပေါက်သည်နှင့်လက်နက်ရလိုက်ပါပြီ။ တပ်စု(၁)နှင့် (၂)တို့မှ ဝါရင့်စစ်သည်တော်များက တက်ကောက်လိုက်ကြပြီးဖြစ်သည်။ (၉)မမဘရောင်နီပစ္စတို(၂) လက်၊ ကာဘိုင်(၁)လက်၊ ဂျီ(၂)၊ ဂျီ(၃)–(၅) လက်၊ တိုက်ပွဲကာလ (၁၅)မိနစ်။

"လောကွားမှ တာဖ – အသံကောင်းလား" စစ်ကြောင်းမှူးမှ မိမိအား

မေးသည်။

"တာဖမှ လောကွား အသံ (၅)" မိမိဖြေသည်။

"အခြေအနေသတင်းပို့"

"လက်နက်(၈) လက်ဘဲရသေး၊ ရန်သူ့ညည်းသံကြားရ"

"အကောင်းဆုံးဆက်လုပ်" ဟု ညွှန်ကြားသည်။

ရန်သူသည် မိမိတို့နှင့် ထိတွေ့မှု ဖြစ်ပွားရာသို့ ခမရ (၃) နှင့် (ဖွေးထောရူ) မှ ပိတ်ဆို့မှုယူထားသော ခမရ (၅) တို့က ၈၁–မမ၊ (၃)လက်မစိန်ပြောင်း၊ ၇၅–မမ နောက်ပွင့်ရိုင်ဖယ်၊ ၆၀–မမ စိန်ပြောင်းတို့ ဖြင့် အပြင်းအထန် ပစ်ခတ်လျှက်ရှိသဖြင့် မိမိတို့ဝန်းကျင်တခုလုံးမှာ မဲမှောင်နေ တော့သည်။

မိမိတို့ ခွဲရုံးမှ ရဲဘော်များဖြစ်သော တပ်ကြပ်ပုချို (*Rocky*)၊ ရဲဘော်အောင်ပ၊ ရဲဘော်အယ်မွီး၊ ရဲဘော် ဂျော်နက်(ခင်မောင်ဦး)တို့အား "လက်နက်ကြီးပစ်ခတ်မှု များနေတယ်၊ ကိုယ့်ကတုတ် ကျင်းထဲမှာပဲနေပြီး ရန်သူကို သေသေချာချာကြည့်၊ ရဲရဲကြည့် တွေ့မှပစ်၊ ထိ‌ေအောင်ပစ်။" ဟုညွှန်ကြားထားသည်။

"လောကွားမှတာဖ။ ရန်သူ့လက်နက်ကြီးပစ်ခတ်မှုသတင်းပို့" ဟု စစ်ကြောင်းမှူးမှ ညွှန်ကြားသည်။ ရန်သူသည် မိမိတို့စကားပြောစက်များကို ကြားဖြတ်နားထောင်နေကြောင်း သိရှိထားပြီး ဖြစ်သည်။

ရန်သူကိုလှည့်စားရန် လိုလာပြီဖြစ်သည်။ ရန်သူ့ပစ်ခတ်မှု မိမိတို့အပေါ်သို့ တိုက်ရိုက် ကျနေသဖြင့် မိမိ ခွဲမှစစ်သည်တဦး၊ ခွဲ(၅) မှစစ်သည်တဦး၊ အသီးသီးဒါဏ်ရာရရှိထားသည်။

"တာဖမှလောကွား။" အလွန်အေး ဆေးသော တည်ငြိမ်သော လေသံဖြင့် ... "ဒီကောင်တွေ ဘယ်နိုင်ငံမှာ သင်တန်းသွား တက်ခဲ့တယ် မသိဘူး၊ တော်တော်ညံ့တဲ့အကောင်တွေ၊ ဒီပုံစံ အတိုင်းသာ ပစ်နေကြရင် (ဗမာပြည်) ပေါင်နှံပြီး ကျည်ကုန်သွားတာတောင် တယောက်မှ ထိမှာမဟုတ်ဘူး" ဟု ပြန်ပြောလိုက်သည်။

"ဒါဖြင့် ဘယ်လောက်ကွာလဲ" မိမိရန်သူကိုလှည့်စားထားမှန်းစစ်ကြောင်းမှူးသိသည်။

"ကိုက်(၅၀၀)လောက်ကွာတယ်" ရန်သူသည် ကိုက်(၅၀၀) လောက်ကွာ ကြောင်း သိလိုက်ရသဖြင့် ၎င်းတို့၏ လက်နက်ကြီးများသို့ပို့ယမ်း ထပ်တိုးခြင်း၊ ***(Elevation)*** အမြင့်ဒီဂရီ ချိန်တွယ်ခြင်း တို့ဖြင့် ခေတ္တမျှ အလုပ်ရှုပ်သွားပြီး၊ မကြာ မီမှာပင် လက်နက်ကြီးမျိုးစုံ အတွဲလိုက် ပစ်ခတ်လေ တော့သည်။(၃စက္ကန့်တလုံးနှုန်း)။အုန်း၊ ဂျိန်း၊ ဒုန်း၊ ဂွမ်း၊ ယမ်းငွေ့များ မီးခိုးများ မိမိတို့အနောက်ဖက် ကိုက် (၅၀၀)၌ ဆူညံသံများ ဖုံးလွှမ်းသွားတော့သည်။

"လောကွားမှ တာဖ– အခြေအနေဘယ်လိုလဲ"

"တာဖမှ လောကွား" (အခြေအနေများ အလွန်ရှုပ်ထွေး ယောက်ယက်ခပ်နေသည့် ပုံသဏ္ဍာန်ဖြင့်) "အခြေအနေမကောင်းဘူး၊ ထိပ်တည့်တည့်ဘဲ၊ မလွယ်ဘူး" ဟူ၏။

ရန်သူမှလည်း "ဒီနေရာကို မှတ်ပုံတင်ထား၊ အတွဲလိုက်ပစ်" ဟု ညွှန်ကြားနေသည်။

(မိမိနှင့် ဗိုလ်မှူးဂျော်နီတို့က ဤဖြစ်စဉ်ကြည့်ပြီး ပြုံးနေကြသည်ကို ရန်သူ့ ဗျူဟာမှူးသာ မြင်ခဲ့ပါမူ)။

ရန်သူ့လက်နက်ကြီးအန္တရာယ်ကင်းဝေးသွားသည်နှင့် ဒဏ်ရာဖြင့် ညည်းညူနေသော ရန်သူအား သိမ်းသွင်း ခေါ်ယူရန် ရန်သူနှင့်အနီးဆုံး ကိုက်(၁၀) သို့မိမိတို့ တိုးကပ်သွားသည်။

"ဟေ့ရဲဘော်တို့ဆီလာခဲ့ မင်းကို ဘာမှမလုပ်ဘူး"

"ကျနော်လာလို့မရဘူး၊ ခြေထောက်မှာဒဏ်ရာရထားတယ်။"

"ဒါဆိုမင်းသေနတ် ရှေ့ချထား"

"ကျနော့်သေနတ်အဖော်တွေ ယူပြေးသွားပြီ"

စစ်မြေပြင်၌ ခုလိုအပြန်အလှန် စကားပြောလာသဖြင့် ဒဏ်ရာရ ရန်သူအား မိမိတို့ သိမ်းသွင်း ခေါ်ယူနိုင်မည်ဟု သိလိုက်ပါပြီ။

"ဒါဖြင့် တွားတက်ခဲ့" စစ်မြေပြင်တခုလုံး တိတ်ဆိတ်နေသည်။ ရှေ့ပြေးအဖွဲ့ ချေမှုန်းခံလိုက်ရကြောင်း ၎င်းတို့ ဗျူဟာမှူး သိနေသည်။ တခုခုဆောင်ရွက်လာမည် ဖြစ်သည်။ ကျဆုံးသော ရန်သူ အလောင်းများ ပြန်ကောက်ကြမည် လား? တခုခုတော့ စီစဉ်နေမည် ဖြစ်သည်။ ရန်သူပြင်ဆင်နေချိန် မိမိတို့၏ အခွင့်ကောင်း ကိုရယူရန် ဒဏ်ရာရ ရန်သူအား အရခေါ်ယူလိုက်ခြင်းဖြစ်သည်။ တွားတက်ခဲ့ ရန်မိမိ ညွှန်ကြားချက်ကို ရန်သူနာခံလို့ထင်သည်။ မိမိရှေ့မှ ရန်သူ့ လှုပ်ရှားသံဖြစ်သည့် မြေကြီးနှင့်ကိုယ်ခန္ဓာပွတ်တိုက်သံ၊ သစ်ရွက်ခြောက်မြည်သံများ တစထက်တစနီးလာပါပြီ။ ရန်သူ လှည့် စားနေတာလား။ အနားရောက်မှ တော့ ဖြုတ်လေမလား။ သတိရှိရှိဖြင့် မိမိ၏ (*.30*) ကာဘိုင် သေနတ်အား ရန်သူရှိရာသို့ ချိန်ရွယ်ထားလိုက်ပါသည်။

"သြ...ဒဏ်ရာ အတော်ကြီးကြီး ခြေထောက်မှာ ရထားတာပါလား။ ဒရွတ်တိုက်ဆွဲလို့"

ဒဏ်ရာရ ရန်သူအား သွားတွဲရန် မိမိညွှန်ကြားလိုက်သဖြင့် ရဲဘော်နှစ်ဦးက သွားရောက် တွဲ ခေါ်လာသည်။

"ဒီဒဏ်ရာနဲ့ လူကိုရွာထဲ ခေါ်သွား၊ ဆရာသာလေးဒေး (ဆေးမှူးတပ်စိပ်မှူး) ကျနော်နဲ့လိုက်ခဲ့၊ ဆေးပစ္စည်းအစုံယူခဲ့" ဟုညွှန်ကြားကာ မိမိပါရွာထဲလိုက်သွားပါတော့သည်။ ဒဏ်ရာရ ရန်သူသည် သွေးထွက် များလို့ထင်သည်။ မျက်နှာ၌ ဖြူဖတ်ဖြူရော် ဖြစ်နေသည်။ ကျည်ကွယ်သဖွယ်ဖြစ်နေသည့်ထင်းပုံများ အစီအရီ စီထားသော အိမ်အောက် အရောက်"ဒီအိမ်အောက်မှာထား" ဟု ညွှန်ကြားလိုက်သည်။

ဆရာသာလေးဒေးသည် လူသားဝါဒ ခံယူမှုအတိုင်း ရန်သူမိတ်ဆွေ မခွဲခြားဘဲ ဒဏ်ရာရ ရန်သူအား လူ

တယောက်အဖြစ် သာမြင်သည်။ မိမိတို့တပ်မတော်၏ စစ်သုံ့ပန်းပေါ်လစီကို သိရှိထားပြီးလည်းဖြစ်သည်။ ဆေးမှူးတို့ခံယူရမည့် ဝတ္တရားကျင့်စဉ်အတိုင်း လူနာကို ပြုစုကုသသည်။

ဒဏ်ရာရှိသွေးများကို သန့်ရှင်းရေးလုပ်ခြင်း၊ သွေးတိတ်အောင် ဆေးထိုးခြင်း၊ ပတ်တီးစည်းခြင်း... စသည့်လုပ်ငန်းများကို နာရီဝက်ခန့်ပြုလုပ်ပြီး နဖူးမှချွေးများသုတ်လိုက်ကာ၊ မိမိအားခေါင်းငြိတ်ပြသည်။ ဒဏ်ရာရလူနာအတွက် စိုးရိမ်ဘွယ်မရှိတော့ ဟူသည့် အထိမ်းအမှတ်ဖြစ်သည်။မိမိစိတ်အေးသွားသည်၊ စစ်မြေပြင်၌ လူသားတယောက် ၏ အသက်ကို ကယ်တင်လိုက်ခဲ့ပေပြီ။ ထိုအချိန်က မိမိအသွင်သဏ္ဍာန်သည်–အမေရိကန်ဗိုလ်ချုပ် ဝက်စမိုးလင်း ပုံစံ၊ ယူနီဖေါင်းအစိမ်း၊ တောင်တက် စစ်ဖိနပ်၊ စစ်သံခမောက်၊ ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေးတို့ဖြင့် ပြည့်လျှက်ရှိနေရာ၊ တောပုန်းကြီး စံဖဲ အသွင်များ ဆောင်နေရော့သလား၊ (သို့မဟုတ်)ကြောက်စရာ သတ္တဝါ တကောင်အသွင် ဆောင်နေရော့ သလားမသိ၊ ရန်သူက ညှိုးငယ်စွာဖြင့် ...

"အဘ––၊ အဘ ကျနော့်ကို သတ်မလား"

မိမိ သိလိုက်ပါပြီ။ ဒဏ်ရာရ ရန်သူသည် ၎င်းတက်ခဲ့ရသော စစ်သင်တန်း၌ ...

"ကရင်ငပွေးတွေဟာ သိပ်ရက်စက်တယ်။ စစ်မြေပြင်မှာ ဖမ်းမိရင် မင်းတို့ရဲ့ လည်ပင်းသွေးကြောကို ဝါးကြောနဲ့ ဖြတ်မယ်၊ အရှင် လတ်လတ် ဝါးရင်းတုတ်နဲ့ ရိုက်သတ်မယ်၊ လက်နက်ချသွားရင် လက်နက်ယူပြီး လူကိုသတ်ပစ်တယ်၊ အရှင်လတ်လတ် ဗိုက်ခွဲဆားနယ်မယ်။ ခြေလက်တွေ ဝက်တုတ်တုတ်ပြီး ထုတ်မှာဆွဲထားမယ်၊" စသဖြင့် လုပ်ဇာတ်သဘောတရားများ ပေးခြင်းကိုခံခဲ့ရပေလိမ့်မည်။

ခုတော့ တိုက်ပွဲတွင် ဒဏ်ရာနှင့် ဖမ်းဆီးခံရပြီး၊ လူသားပီသစွာ ဆေးကုသပြုစုပေးခြင်းခံနေရသည်ကို ကိုယ်တွေ့သိမြင်လာရသဖြင့် ထိုရဲဘော်ခမြာ အိပ်မက်မှ လန့်နိုးလာသည့်အလား သူကြား သိခဲ့ရသည်များမှာ ဟုတ်မှဟုတ်ပါလေစဟူသော အတွေးဖြင့် ယောင်ယမ်း မေးမြန်းလိုက်ခြင်း ဖြစ်ပေမည်။

"မင်းကိုသတ်မယ်ဆိုရင် ဒီအထိခေါ်ခဲ့ပါ့မလားကွာ။ ဆေးကော ကုပေးနေဦး မလား။"

ဒဏ်ရာရ ရန်သူမှာ အတော်ပင် အံ့သြနေပေလိမ့်မည်။ မိမိလည်းမိမိကိုယ်မိမိ ပြန်လည် အံ့သြနေမိသည်။ "ငါ့ရှေ့က လူဟာ ပြည်သူလူထုမဟုတ်ဘူး။ အခုကလေးတင် ဒို့နဲ့ပစ်ခတ် တိုက် ခိုက်ခဲ့ကြတဲ့ ရန်သူ၊ ဒီရန်သူတွေဟာ ဒို့တမျိုးသားလုံးကို နှစ်ထောင်နဲ့ချီပြီး ကျွန်ဇာတ်သွင်းခဲ့ကြတယ်။ မျိုးဖြုတ် သုတ်သင်ရေး စစ်ပွဲကြီးတွေနဲ့ ဒို့ကိုမျိုးဖြုတ်နေတယ်။ ဒို့ကရင်တွေရဲ့ ပစ္စည်း ဥစ္စာတွေ လုယက်ခံကြရတယ်။ ဒို့ရွာတွေ ပြောင်းရွှေ့ခံကြရတယ်။ ရွာလုံးကျွတ်မီးရှို့တာတွေ ခံကြရတယ်။ ဒို့ခရစ်ယာန် သာသနာပြု ဆရာတော်တွေ အသတ် ခံခဲ့ကြရတယ်။ ဒို့တမျိုးသားလုံးဟာ လူစိတ်ကင်းမဲ့တဲ့ သတ်ဖြတ် နှိပ်စက်ညှင်းပမ်းမှုတွေကို ခံခဲ့ကြရတယ်။ စစ်မြေပြင်မှာ ဒို့ကိုအရှင်မိရင် ခုလိုထားမှာ မဟုတ်ဘူး။ မသေရုံတမည်ထား၊ စစ်ဆေးမေးမြန်းပြီး၊ ထုံးစံအတိုင်းသတ်ပစ်မှာ" ဟု မိမိအတွေးနယ်ပယ်၌ တိုက်ပွဲကြီး ဖြစ်ပွားနေသည်။ ထိုစဉ်၌––

– မိမိယုံကြည် ကိုးကွယ်သော သခင် ခရစ်တော်မှ "လူ့အသက်ကို မသတ်နဲ့ သင့်ရန်သူကိုချစ်ပါ"

–မြတ်ဗုဒ္ဓမှ "ပါဏာတိပါတာ ဝေရာမဏီ" (သူတပါးအသက်ကို သတ်ခြင်း အမှုမှ ရှောင်ကြဉ်ခြင်း )

–မိမိတို့တပ်မတော်၏ သုံ့ပန်းပေါ်လစီ (ဖမ်းမိရန်သူကို မသတ်ရ)၊

–၁၉၄၉ခုနှစ်၊ ဩဂုတ်လ (၁၂) ရက်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ အဖွဲ့၏ ဂျီနီဗာ သဘောတူညီချက် သုံ့ပန်း အခွင့်အရေး သုံ့ပန်းပေါ် လစီစသည့် ... စောင့်ထိန်းရမည့် စည်းကမ်းများ၊ လူ့ကျင့်ဝတ်များသည်၊ မိမိ၏ အတွေး၌ အားကောင်းစွာဖြင့် အစီအရီပေါ်လာပြီး၊ ရန်သူ့အပေါ်မုန်းတီးမှုများကို ရစ်ပတ် တုတ်နှောင်ထား လိုက်သဖြင့်–

"မင်းကိုသတ်လို့ကော တို့လိုချင်တဲ့ ကရင်ပြည်ရမှာလား"

ဒဏ်ရာရ ရန်သူ့ ပုံသဏ္ဍာန်မှာ ကြောက်စိတ် ဝင်နေဆဲ ဖြစ်သည်၊ ရန်သူ စိတ်တည်ငြိမ်စေရန်အတွက် " ဆေးလိပ်သောက်တတ်သလား"ဟု မေးရာ၊ ခေါင်းငြိမ့်ပြသဖြင့်၊ ဆရာ သာလေးဒေးက ညပွဲဈေးမှ ဝယ်ထားသော စီးကရက်ကို ထုတ်ပေးသည်။ သူ တဖွာနှစ်ဖွာ ဖွာလိုက်ပြီး...

"အဘ၊ အဘ– ကျနော်ရေသောက်ချင်တယ်" ဟု ဆိုသည်။

ဒဏ်ရာမှာ သွေးထွက်လွန် သဖြင့် အာခြောက်ကာ၊ ရေငတ် နေပေလိမ့်မည်။ ဒဏ်ရာရ စစ်သည်များကို ရေတိုက်လေ့မရှိ။ အုန်းရည်ကိုသာ တိုက်လေ့ရှိသည်။ ရွာတွင်း၌ အုန်းစိမ်းများ ရှိသည်။ သို့သော်တိုက်ပွဲဖြစ်သောကြောင့် ရွာသားများထွက်ပြေးကုန်ကြသည့်အတွက် တက်ခူးရန် လူမရှိ။ အုန်းစိမ်း မတိုက်နိုင်၊ ထို့ကြောင့် ဆရာ သာလေးဒေးက သူ့အား အာခြောက်ပြေ၊ ရေငတ်ပြေစေရန်၊ ဝါဂွမ်း၌ရေစိမ်ပေးပြီး တဖြည်းဖြည်း စုတ်ယူစေသည်။

ဒဏ်ရာရရန်သူမှာ စိတ်တည်ငြိမ်မှုရရှိလာပြီ ဖြစ်သည်ကို မိမိသိလိုက်သဖြင့် –

"နံမယ် ဘယ်လိုခေါ်လဲ"

"ကြည်အေး"

"ကိုယ်ပိုင်အမှတ်"

"၅၆၅၅၆၄"

"အဆင့်"

"တပ်သား"

"တပ်ဖွဲ့"

"ခမရ–၃"

"မင်းတို့ ***(Point)*** ရွှေ့ပြေးအဖွဲ့ကို ဘယ်ဗိုလ် ဦးစီးသလဲ"

"ဗိုလ်မြင့်အောင်၊ ဒု–ဗိုလ်မြင့်ဝင်းကြူ"

[မှတ်ချက်၊ ဖါးကပ်တိုက်ပွဲ ဖြစ်သည့် ၁၉၈၂ ခုနှစ်မှ ယခု–၁၉၉၅ခုနှစ်အထိ (၁၃) နှစ်ကြာမှ ဤဝတ္ထုဆောင်းပါးကို ပြန်လည် ရေးသားခြင်းဖြစ်သဖြင့် (ကြားကာလများအတွင်း သန္တူးထူးနှင့် မီးတုတ်ဂျာနယ် များသို့ မိမိရေးသားပေးပို့ခဲ့သော စာမူများကိုလည်း ပြန်ရှာမတွေ့တော့သည့်အတွက်) အချို့အချက်အလက် များ၌ အနည်းငယ်ကွာ ခြားမှုများရှိခဲ့ပါမူ စာရေးသူ၏ အားနည်းချက်ကို နားလည်ခွင့်လွှတ်ကြပါရန်။ ကျဆုံးဗိုလ်မြင့်အောင်၏ *(BC)* နံပါတ်၊ တပ်ခွဲအမှတ်များကို မမှတ်မိတော့သော်လည်း ၎င်းထံမှသိမ်းဆည်း ရရှိလိုက်သော ပစ္စတို (ဗမာ့တပ်မတော်မှထုတ်ပေးလိုက်သော ဘရောင်နီပစ္စတို) နံပါတ်မှာ ***(T - 4774)*** (တီ – ၄၇၇၄) ဖြစ်ပါကြောင်း။]

"မင်းတို့တပ်ရင်းဘယ်မှာလဲ"

"ညာမရောမှာ"

မေးမြန်းခြင်း ခေတ္တရပ်ပြီး–

"တာဖမှလောက္ကား– ခွေး တွေ ညာမရောမှာ အပြည့် နေရာယူထား" ဟု သတင်းပို့လိုက်ရာ မကြာမီပင် တပ်ခွဲ (၅) မှ (၈၁) မမ စိန်ပြောင်း အလုပ်လုပ်လေသည်။ ဗိုလ်ကြီး ဂျော်ဖြူသည် (၈၁) မမစိန်ပြောင်းဖြင့် ညာမရော သို့ရှေ့၊ နောက်၊ တောင်၊ မြောက်၊ ဖော့ဂိုက်ပစ်ခတ်ရာ ရန်သူများမှာ အလူး အလိမ့်ခံနေ ရတော့သည်။

မိမိတို့၏ စစ်ကြောင်းမှူးက "လောက္ကားမှတာဖ၊ လှိုင်းဘွဲ့က ခလရ (၂၈) တအုပ် ကစို ရောက်နေ၊ ဒါကြောင့် ခွဲ (၃) ဗိုလ်ကူသေးတပ်စုမှ စတင်ထွက်ခွာ၊ အစီအစဉ်အတိုင်း ဆက်လုပ်" ဟု ညွှန်ကြား လာသည်။

ရန်သူ့ မ –၃ သည် မိမိတို့နှင့် ထိတွေ့မှု ဖြစ်ပြီး တောင်ဘက်၌ နေရာယူထားသည်။ မ –၅ သည်အရှေ့ ဘက် ဖွေးထောရှမှ ပိတ်ဆို့ထားသည်။ လ –၂၆ သည် အနောက်ဘက် (ကစို) မှ လာရောက် ပိတ်ဆို့ထားပြန်သည်။ ထို့ကြောင့် မြောက်ဘက် (ဖါးအီး) မှ ထွက်မည့် လမ်းတလမ်းသာရှိသည်။

–တိုက်ပွဲဖြစ်ချိန်– စုစုပေါင်း (၂) နာရီ

–မိမိထိခိုက်မှု– ခွဲ–၄ (၁)၊ ခွဲ–၅ (၁)၊

–ရန်သူ့ထံမှ သိမ်းပိုက်ရရှိ– လက်နက် (၈) လက်၊

–မိမိလက်နက် ဆုံးရှုံးမှု–မရှိ၊

–လက်ရ ဖမ်းမိရန်သူအား ဆေးကုသမှုပြုခဲ့၊

– မိမိကျည်မျိုးစုံ သုံးစာရင်း (ထောင်) ဂဏန်းမျှသာ။

မိမိတို့ စစ်ကြောင်းသည် အစီအစဉ်အတိုင်းပင် ဒဏ်ရာရ မိမိရဲဘော်တို့အား ထမ်းပိုးလျက် ဖါးကပ် မှ ဖါးအီး သို့ အောင်မြင်စွာဆုတ်ခွာခဲ့ပြီ ဖြစ်လေသည်။

ရဲဘော်ကြည်အေး ခမြာမှာတော့ (ဖါးကပ်) ရွာမှ အိမ်တအိမ် အောက်တွင် ၎င်းကို လာရောက် ခေါ်ယူမည့် မ –၃ မှ ရဲဘော်များကို မျှော်လင့်နေမည်ဖြစ်သည်။ ရဲဘော်ကြည်အေး ၎င်းတို့၏ စစ်ခုံရုံးသို့ မရောက်ရှိရေးအတွက် ကာကွယ်မှု ပြုပေးရန်လည်း လိုအပ်မည် ဖြစ်သည်။ ထို့ကြောင့် ...

"တပ်ရင်းမှူး– ခင်ဗျား ရဲဘော်ကို (စစ်မြေပြင်မှာ) အရှင်ဖမ်းမိ။ ကျနော်တို့ တတ်နိုင်သလောက် ဆေး ကုသမှု ပေးခဲ့။ အသက်အန္တရာယ် စိုးရိမ်စရာ မရှိတော့။ ကျနော်တို့ဘာကြောင့် စစ်တိုက်နေသလဲဆိုတာ နားလည်ပါဗျာ" ဟူ၍ ရေးသားခဲ့သည်။

အကယ်၍ မ –၃ မှ ရဲဘော်ကြည်အေးတယောက် ယခုအချိန်အထိ အသက်ရှင်နေဦးမည် ဆိုလျှင် လူမျိုးစုံသွေးစည်း ချစ်ကြည်ရေး အတွက်၎င်း၊ လူလူချင်းသွေးစုတ်မှုနှင့် လူမျိုးချင်း ကျွန်ပြုမှုတိုက်ပွဲ၌၎င်း၊ ထာဝရ ငြိမ်းချမ်းရေး အတွက်၎င်း၊ ပါဝင်တိုက်ပွဲ ဝင်နိုင်ပါစေ ဟူ၍ မိမိဆန္ဒပြုမိ သည်။

"ဖါးကပ် တိုက်ပွဲ ဖြစ်စဉ် ကတော့ ဒါပါဘဲ။ ဒီတိုက်ပွဲနဲ့ ပတ်သက်လို့ ရဲဘော်တို့အပြန်အလှန် ဆွေးနွေး သုံးသပ်ကြစေချင်တယ်။ အပိုင်း (၃)ပိုင်းခွဲ ဆွေးနွေးပါ။ နည်းဗျူဟာပိုင်း။ လူ့အခွင့် အရေးဆိုင်ရာသုံ့ပန်းပေါ်လစီ။ ခံယူရမည့်လူ့သားဝါဒ ဆိုတဲ့အပိုင်း (၃) ပိုင်းဖြစ်တယ်။"

"ကျနော် နံပါတ် (၁)နည်းဗျူဟာ ပိုင်းကို ဆွေးနွေးမယ်" ဟု ရဲဘော်ကျော်မိုးနိုင်မှ စတင် ဆွေးနွေး သည်။

"ကျနော်တို့ဘက်က ကျင့်သုံးလိုက်တဲ့ ပြောက်ကျားစစ်ရေး နည်းဗျူဟာ နဲ့ ပါတ်သက်လို့ ပြောက်ကျား တိုက်နည်းဗျူဟာ (၁၀) ချက် "စံ" နဲ့ တိုင်းတာကြည့်မယ်။ ဒီ စံ (၁၀) ချက်က တော့–

(၁) အရှုံးထွက်မဲ့ တိုက်ပွဲမတိုက်နဲ့။

(၂) ရန်သူကိုသာလွန်တဲ့ အင်အားနဲ့တိုက်။

(၃) မိမိအတွင်းစည်းရှိ ရန်သူကို အရင်တိုက်။

(၄) ရန်သူရဲ့အားနည်းတဲ့အပိုင်းကို အရင်တိုက်။

(၅) တိုက်ပွဲတိုင်း အလစ်အငိုက် ရအောင်ယူ။

(၆) တိုက်ပွဲတိုင်း လျှို့ဝှက် မှုရှိပါ။

(၇) အမျိုးမျိုး လှည့်စားပြီး၊ အလျင် အမြန် တိုက်။

(၈) ထောက်လှမ်းမှုအမြဲပြု။

(၉) ကြိုတင်ပြင်ဆင်မှု မရှိဘဲ မတိုက်နဲ့။

(၁၀) မနိုင်ပုံပေါ်ရင် အစီအစဉ်ရှိရှိ ချက်ချင်းဆုတ်။... ဆိုတာတွေ ဖြစ်တယ်။ ဖါးကပ်တိုက်ပွဲဟာ ဒီ စံ ဆယ်ချက် နဲ့ ပြည့်စုံတယ်လို့ ပြောလို့ရတယ်။ အချိန်တိုအတွင်း ထိခိုက်ဆုံးရှုံးမှုနည်းနည်း၊ ကျည်သုံးစာရင်း နည်းနည်း၊ လက်နက် (၈) လက်၊ ဒဏ်ရာရ ရန်သူကို ဆေးကုသမှုပြုနိုင်၊ စနစ်တကျ ရန်သူ ပိတ်ဝိုင်းမှုမခံရဘဲ ဆုတ်ခွာနိုင်။ ဒါကြောင့်(စစ်ရေး၊ နိုင်ငံရေး၊ စည်းရုံးရေး)အရ အမြတ်ထွက်တဲ့ တိုက်ပွဲ လို့ သုံးသပ် ဆွေးနွေးလိုတယ်။" ဟု ဆိုသည်။

"ကျနော်လူ့အခွင့်အရေး ဆိုင်ရာသုံ့ပန်းပေါ်လစီ ဆွေးနွေးမယ်" ဟု ရဲဘော် လွင်ဦးက ထပြောသည်။ သူ့မျက်စိကို အတတ်နိုင်ဆုံး မပြူးကျယ်အောင် ကြိုးစားထိန်းရင်းမှ "တော်တော်ကောင်းတဲ့ တိုက်နည်းဘဲ။ ဒီလူ့အခွင့်အရေးဆိုင်ရာ သုံ့ပန်းပေါ်လစီကို များများကျင့်သုံးနိုင်



***Phot by Burma Issrues***

တာနဲ့အမျှ ရန်သူ့တပ်မတော်ကြီး တခုလုံးကို ချေမှုန်းဘို့ မလိုဘဲ တိုက်စိတ် ခိုက်စိတ်တွေ ထုံထိုင်း သွားပြီး၊ သဘောထားတွေ ပြောင်းလာနိုင်မယ်။ လူမျိုးရေး မုန်းတီးမှုနဲ့ အမုန်းသံသရာကြီးလည်း ပျောက်ကွယ်သွားနိုင်မယ်။ တရုပ်စစ်ပါရဂူကြီး ဆွန်ဇူးက ပြောထားတယ်။ "စစ်ရေး ကျွမ်းကျင်မှု၏ အထွဋ်အထိပ်မှာ ရန်သူကို လက်နက်စွဲကိုင် တိုက်ခိုက်ရခြင်းမရှိဘဲ စစ်အောင်ခြင်း ဖြစ်၏"လို့ ပြောထားတယ်။ ***(The supreme act of war is to subdue the enemy without fighting.)***

"ဟော့ပြူးကျယ် ဆွန်ဇူးသေတာ နှစ်ပေါင်းထောင်ကျော်ခဲ့ပြီ။မင်းအသက်က အခုမှ (၂၀)ကျော်၊ မင်းဒီတရုပ်ကြီး စကားကို ဘယ်ဘဝတုန်းက ကြားဘူး တာလဲ" ဟု ရဲဘော်ဘခက်က ထောက်လိုက်ရာ သင်တန်းတခုလုံး ပွဲကျသွားသည်။

"ဟော့ဘခက်၊ ငါ့မျက်စိ ပြူးတာ လောက်ဘဲ ရှိပါတယ်ကွာ။ မကျယ်ပါဘူး။ မင်းက ဘာသဘောနဲ့ "ကျယ်" ပါထပ်ထည့်ရတာလဲကွ၊ အားလုံးကို မေးကြည့်ပါဦး"ဟု ရဲဘော်လွင်ဦး မဲဆွယ်လိုက်သည်။ သင်တန်းပိုပြီး ပွဲကျ သွားသည်။

"ကျနော် လူတိုင်းခံယူရမည့် "လူသားဝါဒ" အပိုင်းဆွေးနွေးမယ်" ဟု ရဲဘော်မျိုးဝင်းမှ တင်ပြလာသဖြင့် အားလုံး ငြိမ်နားထောင်နေသည်။

"လူကိုလူလိုမြင်ပြီး၊ လူလို နားလည်၊ လူလိုကျင့်ကြံရင် ကျနော်တို့ တိုင်းပြည်မပြောနဲ့ တကမ္ဘာလုံး စစ်ဖြစ်ဘို့ အကြောင်းမရှိဘူး။ လူ့အခွင့်အရေးဟာ ဘာလဲဆိုတာနားလည်မှ လူကိုလူလို မြင်တတ်ပြီး လူသားဝါဒကို ကျင့်သုံးနိုင်မယ်။ ဒါကြောင့် ကျနော်တို့အခြေခံလူ့အခွင့်အရေးတွေကို တခုမကျန်နားလည် သိရှိထားရမယ်။" ဟု ရဲဘော် မျိုးဝင်းက ပြောသည်။ ထိုအချိန်မှာပင် ညနေ (၃)နာရီ သင်တန်းချိန်စေ့သွားရာ သင်တန်းကို ရပ်နားလိုက်ရ လေသည်။

မိမိ စခန်းရုံးသို့ ပြန်လည်ရောက်ရှိ အနားယူနေစဉ် ရဲဘော်မျိုးဝင်းတို့ ဆေးပေးခန်းမှ၊ ကျောင်းသား တပ်မတော် စတီရီယို အဆိုတော် ရဲဘော်မွန်းအောင်၏ "သွေး မုန်တိုင်း" သီချင်းသံသည် အောင်မြင်စွာ ပေါ်ထွက်လာတော့သည်။

"❖လမ်းမထက်ကျတဲ့သွေးတွေ၊ ပျောက်ပျက်ကာသွားပြီ မထင်နဲ့ဟေ၊

❖ ချောင်းထဲမှ မြစ်သို့စီးဝင်၊ သွေးမြစ်တွေ ရဲရဲနီသတဲ့ဟေ။

❖ (မြစ်တွေထဲမှပင်လယ်ထိ၊သမုဒ္ဒရာတွေ ရဲရဲနီ။)၂

❖ နေပူရှိန်မှာ အခိုးတွေတွေပျံ့လို့၊

❖ သွေးမိုးတိမ်တွေဖွဲ့၊ ကောင်းကင် နီရဲ...

❖ သွေးမုန်တိုင်း တိုက်ခတ် ပြီလေ... ...။

❖ ဟေး... မုန်တိုင်းကိုဂုဏ်ပြုကြ၊

❖ ဟေး... မုန်တိုင်းမှာပျော်ပါးကြ၊

❖ ကမ္ဘာသစ်ကိုဖန်တီးကြ၊

❖ အင်အားတွေဖြည့်ဆည်းကြ...

မိမိရဲဘော်များ လိုက်ဆိုနေကြသည်။ ငှက်ဆိုးထိုးသံလို အာပြဲ ကြီး နှင့် ရဲဘော်ဘခက်လည်း လိုက်ဆိုနေသည်။

"လမ်းမထက် ကျတဲ့သွေးတွေ ပျောက်ပျက် ကာသွားပြီ မထင် နဲ့ဟေ"

မိမိလည်းတဦးတည်း ...

"ဧရာဝတီမှာ ကျတဲ့သွေးတွေ၊ ပျောက်ပျက်ကာသွားပြီ မထင်နဲ့လေ"

"ဧရာဝတီမှာ ခတဲ့အသက်တွေ၊ ဖျောက်ဖျက်လို့ ရမယ်မထင်နဲ့လေ" ဟု ခပ်ညည်းညည်းကလေး သီဆိုမိနေလေသည်။

ရန်ကုန် ရွှေပြည်သွေးမုန်တိုင်းကြောင့် ဒီမိုကရေစီ ရေးလှုပ်ရှားသူ လူထုများ သွေးပင်လယ် အောက်သို့ ရောက်ခဲ့ရလေပြီ။ဧရာဝတီ သွေးမုန်တိုင်းကြောင့်လည်း ကရင်အမျိုးသားများ သွေးပင်လယ်အောက် ရောက်ခဲ့ရလေပြီ။ ဧရာဝတီ ငို၏။

"တိတ်ပါတော့လေ မြစ်မင်းနဒီ ဧရာဝတီရယ်"

"စဲပါတော့လေ ရဲရဲနီစွေး သွေးမုန်တိုင်းရယ်"...ဟုသာ တမ်းတ မိပါတော့ သည်။

(ဧရာဝတီမြစ်တွင်း ကျဆင်း ခဲ့ရသော သွေး ပိုင်ရှင်များ၊ ရန်ကုန် ရွှေပြည် လမ်းမထက်၌ ကျခဲ့ရသော သွေးပိုင်ရှင်များ နတ်ပြည် သုဂတိဘုံသို့ လားကြပါစေ။)

*စာပေသစ္စာမှန်ခြင်း ...*

***ရဲဘော် (ရှုးကီးဒိုး)***

*၃၀/၄/၉၅*

* * * * * * * * * * * * * * * * *


ထက်ခေါင်
ဖိုးတာအယ်
ဒေါ်အောင်ဆန်းစုကြည်
အခန်းဆက်
အတ္ထုပ္ပတ္တိ
79 / ၇၉

# ဖူးတာအယ်

**ထက်ခေါင်**

## ဖူးတာအယ်၏ အတ္ထုပ္ပတ္တိနှင့် ပတ်သက်၍

"ဖူးတာအယ်၏ တော်လှန်ရေး ခရီးစဉ်"ဟူသော စာမူကြမ်းကို ယခုနှစ် မေလအတွင်းကပင် ပထမအဆင့် ရေးသားပြီးစီးခဲ့သည်။ စုစုပေါင်းအဆင့် (၆) ဆင့်ခွဲ၍ အထပ်ထပ်အခါခါ ရေးသားရန် လျာထားသတ်မှတ်ခဲ့ပြီး ယခုနှစ်မကုန်မီ အပြီးသတ် ပုံနှိပ်ထုတ်ဝေနိုင်ရေး ရည်ရွယ်ကြိုးပမ်းခဲ့သည်။ ပထမအဆင့် စာမူကြမ်းမှာ စာမျက်နှာ (၇၀၀)ကျော် ရှိသည်။ ပထမ အဆင့်ကို ရေးနေစဉ်အတွင်းမှာပင် မရှင်းလင်းသည့် အချက်များနှင့် ပိုမိုသိရှိလိုသော အကြောင်းအရာများကို ထပ်မံမေးမြန်းမှတ်သားရန်အတွက် ဒူးပလာယာခရိုင်သို့ လေးကြိမ်မျှ ကျနော် ရောက်ရှိခဲ့သည်။ဒူးပလာယာ ခရိုင်ဥက္ကဋ္ဌဖြစ်သူ ဖူးတာအယ်နှင့် တွေ့ဆုံခဲ့သော်လည်း ၎င်း၏ မအားလပ်သော လုပ်ငန်း တာဝန်များကြောင့် အချိန်အနည်းငယ်မျှသာ စကားပြောခွင့် ကြုံကြိုက်ခဲ့သည်။

အဆင့် (၆)ဆင့် ရေးသားရန် လျာထားသတ်မှတ်ခဲ့ရာတွင်

(၁) ပထမ အဆင့် စာမူကြမ်းအဖြစ် ကာယကံရှင်၏ ပြောကြားချက် တိတ်ခွေများနှင့် မှတ်စုများအား စကားပြေပြန်လည် ရေးသား ခြင်း။

(၂) ပထမအဆင့် စာမူကြမ်းမှ မပြည့်စုံမရှင်းလင်းသော အကြောင်းအချက်များကို ကာယကံရှင်အား ထပ်မံတွေ့ဆုံ မေးမြန်းခြင်း။၎င်း၏ လုပ်ဖော်ကိုင်ဖက် ပုဂ္ဂိုလ်အချို့နှင့် တွေ့ဆုံ ဆွေးနွေး မှတ်သားခြင်း၊ သမိုင်းကြောင်း အချက် အလက် အထောက်အထားများနှင့် ပတ်သက်၍ လက်လှမ်းမီသမျှ စာအုပ်စာတမ်းများ ရှာဖွေဖတ်ရှု ကိုက်ညှိခြင်း။

(၃) ပထမအဆင့် စာမူကြမ်းနှင့် ဒုတိယအဆင့် ထပ်မံစစ်ဆေး ကိုက်ညှိခဲ့သည့် အချက် အလက်များကို အစီအစဉ် တကျပေါင်းစုလျက် ဝါကျ ဖွဲ့စည်းမှုများကိုပါ ပြန်လည် စစ်ဆေးပြီး တတိယအဆင့် စာမူကြမ်းအဖြစ် ရေးသားခြင်း။

(၄) တတိယအဆင့် စာမူကြမ်းကို လက်နှိပ်စက်ရိုက်၊ မိတ္တူများပွားလျက် သက်ဆိုင်ရာ ပုဂ္ဂိုလ် ကြီးငယ် အချို့အား ကြိုတင် ပေးဝေဖတ်ရှုစေပြီး၊ ကာယကံရှင်နှင့် တကွ ထိုပုဂ္ဂိုလ်များကိုပါ ချိန်းဆို ဖိတ်ကြားကာ ကာယကံရှင်၏ အသံသွင်းထားသော ကက်ဆက်ခွေများ၊ မှိုင်ငြမ်းကိုးကားထားသော စာအုပ်စာတမ်းများနှင့်၊ တွေ့ဆုံ မေးမြန်းခဲ့သော ခေတ်ပြိုင် လုပ်ဖော်ကိုင်ဖက် ပုဂ္ဂိုလ်ကြီးငယ်တို့၏ ရှုဒေါင့်အသီးသီးမှ ပြောကြားချက် မှတ်စု မှတ်တမ်းများကို အထောက်အထား ပြုလျက် အတ္ထုပ္ပတ္တိ စာမူကြမ်းအား ဖတ်ကြားခြင်း။ သက်ဆိုင်ရာ ကာယကံရှင် ပုဂ္ဂိုလ်ကြီးငယ် တို့၏ ဖြည့်စွက်ပြောကြားမှု၊ ဖြုတ်နှုတ်စေမှု၊ မှားယွင်းသော (သို့မဟုတ်) မသေချာသော အကြောင်းအချက်များပါရှိပါက ဖြစ်ရပ်မှန် အကြောင်း အချက်သို့ ရောက်ရှိရေး၊ ဆွေးနွေးညှိနှိုင်းကြကာ ပြင်ဆင်စေမှု၊ အကြံပေးမှုများအား မှတ်တမ်းပြုစု ရယူခြင်း။

(၅) တတိယအဆင့် ရေးသားခဲ့သော စာမူကြမ်းနှင့် စတုတ္ထအဆင့် ဖြုတ်နှုတ် ပြင်ဆင်ဖြည့်စွက်မှု မှတ်တမ်းများကို ကိုက်ညှိပေါင်းစုလျက် ပဥ္စမအဆင့်အဖြစ် စာမူကိုယ်ထည်ပိုင်းကို အပြီးသတ် ရေးသားခြင်း။

(၆) စာမူအတွင်းပါရှိသော မှိုင်ငြမ်းကိုးကားချက်များနှင့် အငြင်းပွားနိုင်ဘွယ်ဖြစ်သော အချက်အလက်များ၊ အသုံးပြုထားသော ဘာသာစကားဆိုင်ရာ ဝေါဟာရများကို အောက်ခြေမှတ်စုများအဖြစ် ရှင်းလင်းဖော်ပြခြင်း။ မာတိကာ (သို့မဟုတ်) အက္ခရာစဉ်အညွှန်းများ (သို့မဟုတ်) မာတိကာကော အက္ခရာစဉ်အညွှန်းများပါ ပြုလုပ်ခြင်း။ လောလောဆယ် အခြေအနေနှင့် ပတ်သက်၍ နောက်ဆက်တွဲ အကြောင်းအချက်များ ထည့်သွင်းခြင်း။ ကောက်နှုတ်ကိုးကားသော စာအုပ်စာတမ်း စာရင်းများ တင်ပြခြင်း တို့ ပါရှိသည်။

ပြည်တွင်းပြည်ပ လူထု လူတန်းစား အလွှာအသီးသီးမှ ပုဂ္ဂိုလ်များအားကို့ ကရင့် တော်လှန်ရေး၏ သမိုင်းကြောင်းကို လေ့လာရာတွင် အုပ်တချုပ် သဲတပွင့်အဖြစ် အထောက်အကူ ပြုနိုင်စေရန်နှင့် နောင်လာ နောက်သားများ အနေဖြင့် မိမိတို့ အမျိုးသားခေါင်းဆောင်ကြီးများ၏ ဘဝ အတွေ့အကြုံများမှနေ၍ ဆင်ခြင်မှတ်သားဘွယ် အသိအမြင်တိုးပွားဘွယ် ဖြစ်စေမည့် စာအုပ်တအုပ်ကို ရေးသားရခြင်းမှာ များစွာမလွယ်ကူလှပေ။ (၄၇)နှစ်နီးပါး ကြာမြင့်ခဲ့ပြီဖြစ်သော ကရင့် တော်လှန်ရေးကြီး တရပ်လုံး၏ အတိုင်းအတာနှင့် သက်ဆိုင်သည့် သမိုင်းကြောင်း အတ္ထုပ္ပတ္တိ ဖြစ်သောကြောင့် အတော်ပင် ဂရုစိုက်ရသည်။

ကာယကံရှင် ပုဂ္ဂိုလ်၏ ပြောကြားချက်များကိုချည်း အားကိုး၍မရ။ ကရင့် တော်လှန်ရေးကြီးတလျှောက် ၎င်းနှင့်အတူ လက်တွဲ လုပ်ကိုင်ခဲ့ကြသည့် ခေတ်ပြိုင်ပုဂ္ဂိုလ် ကြီး ငယ်တို့၏ ရှုဒေါင့်အသီးသီးမှ ပြောကြားချက်များ ကိုလည်း အလေးထား စူးစမ်းမှုပြုရသည်။ မြန်မာ့နိုင်ငံရေး သမိုင်းကြောင်းအပါအဝင် ကရင့်တော်လှန်ရေးနှင့် ပတ်သက်သည့် စာအုပ်စာတမ်းများကိုလည်း လက်လှမ်းမီသမျှ ရှာဖွေ ဖတ်ရှု ကိုးကားကိုက်ညှိရသည်။

သမိုင်းကြောင်းနှင့် ပတ်သက်သော အတ္ထုပ္ပတ္တိကို ရေးရာတွင် သမိုင်းကြောင်းအရ ကွင်းဆက်ပြတ်မှုများနှင့် တခါတရံ အဖြစ်အပျက် အကြောင်းအရာ တခုတည်းအပေါ်တွင် (ပါဝင် ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်ချင်းအတူတူ) တဦးနှင့်

တဦး ကွဲပြား ခြားနားသည့် ပြောကြားချက် များကိုလည်း ကြုံတွေ့ရတတ်သည်။ အခြေခံ မူဝါဒသဘောထားများ၌ တထပ်တည်း ကျကောင်း ကျနိုင်ကြမည်ဖြစ်သော်လည်း ကိုယ်စီ ရပ်တည်နေကြသော အနေအထားများ အပေါ်တွင် မူတည်လျက် ပုဂ္ဂိုလ်တဦး၏ အမြင်နှင့် အခြားပုဂ္ဂိုလ်တဦး၏ အမြင်မှာ အခါခပ်သိမ်း တူညီနိုင်လိမ့်မည် မဟုတ်ပေ။

ကာယကံရှင် ပုဂ္ဂိုလ်၏ ပြောကြားချက်များမှာလည်း မည်သည့်အခါမျှ ပြီးပြည့်စုံသည် ဟူ၍မရှိ။ မေ့လျော့၍သော်၎င်း၊ အမှတ်အသား မှားယွင်း၍ သော်၎င်း အချို့သော အကြောင်းအရာများကို တမင်ပင် ခြွင်းချန် ထားလို၍သော်၎င်း၊ အကြောင်းအမျိုးမျိုးကြောင့် မပြည့်စုံဘဲဖြစ်နေတတ်သည်။ ထို့ကြောင့် ကာယကံရှင် ပုဂ္ဂိုလ်အား တကြိမ်နှစ်ကြိမ် တွေ့ဆုံမေးမြန်းရုံမျှဖြင့် မလုံလောက်။ ဆယ်ကြိမ်မက၊ အကြိမ်နှစ်ဆယ်မက၊ အဖန်ဖန်အခါခါ တွေ့ဆုံ မေးမြန်းမှု ပြုရမည် ဖြစ်သည်။

ဖူးတာအယ်၏ အတ္ထုပ္ပတ္တိကို ရေးသားရာတွင် အထက်က ဖော်ပြခဲ့သည့် အတိုင်း အဆင့်(၆)ဆင့် ပိုင်းခြား ရေးသားရန် လျာထား သတ်မှတ်ခဲ့သော်လည်း လက်တွေ့တွင်မူ ဖြစ်မလာနိုင်ခဲ့။ ကရင့်တော်လှန်ရေး၏ လုပ်ငန်းတာဝန်များဖြင့် ဖူးတာအယ်နှင့် အခြားပုဂ္ဂိုလ်ကြီးယ်များ မအားမလပ် ဖြစ်နေကြသလို ကျနော်သည်လည်း ကရင့်သမိုင်းသုတေသနဌာန၏ များမြောင်လှသော အလုပ်ကိစ္စများ အကြား၌ နစ်မြုပ်နေခဲ့သည်။ ယခုနှစ်မကုန်မီ အပြီးသတ် ထုတ်ဝေ နိုင်ရန်အတွက် ဖူးတာအယ်ထံ အချိန်ယူ၍ သွားရောက် တွေ့ဆုံခဲ့သော်လည်း ကရင့် တော်လှန်ရေး၏ အရေးကြီးသော အလှည့်အပြောင်း ကာလအတွင်း အခြားခေါင်းဆောင် ကြီးယ်များနည်းတူ အလုပ်များနေသည့် ဖူးတာအယ်မှာ ၎င်း၏ အတ္ထုပ္ပတ္တိ စာအုပ်ပါ “ကိစ္စ” များအား အချိန်ပေး ဆွေးနွေးခြင်း မပြုနိုင်ခဲ့ချေ။

ပထမ အဆင့် စာမူကြမ်းတွင် မရှင်းလင်းသည့် အချက်အလက်များနှင့် အငြင်းပွားဘွယ် ကိစ္စရပ်များ အတော်ကလေး ရှိနေသည်။ သက္ကရာဇ် အမှတ်အသား မှားယွင်းမှုများနှင့် ပုဂ္ဂိုလ် ကျေးရွာအချို့အား အမည်မေ့နေမှုများမှာ မပြော ပလောက်သည့် ကိစ္စကလေးများသာဖြစ်သည်။ ပြည်တွင်းပြည်ပ အနယ်နယ် အရပ်ရပ်မှ

ထုတ်ဝေခဲ့ပြီးဖြစ်သော မြန်မာ့ နိုင်ငံရေး သမိုင်းကြောင်းနှင့် ပတ်သက်သည့် စာအုပ်စာတမ်းများကို ကိုးကား ကိုက်ညှိခြင်း ဖြင့်၎င်း၊ အသက်ထင်ရှား ရှိနေဆဲ ဖြစ်သော ၎င်း၏လုပ်ဖော်ကိုင်ဖက် ပုဂ္ဂိုလ်အချို့အား စူးစမ်းမေးမြန်းခြင်းဖြင့်၎င်း အဆင်ပြေနိုင်သည့် ကိစ္စကလေးများ ဖြစ်သည်။ အချို့ကိစ္စရပ်များမှာမူ မည်သည့်စာအုပ်စာတမ်းကိုမျှ ကိုးကား ကိုက်ညှိ၍မရ။ သမိုင်းမတင်ဖြစ်ခဲ့သော အသေးစိတ်ကိစ္စရပ်များဖြစ်ပြီး ဤအတ္ထုပ္ပတ္တိ စာအုပ်တွင် ပထမဦးဆုံး ပါရှိမည့် အကြောင်း အချက်များ ဖြစ်သည်။ ထိုအကြောင်းအချက်များထဲတွင် ကာယကံရှင်၏ ပြောကြားချက်များ ကိုယ်၌က မရှင်းလင်းသည့်အတွက် အသံသွင်းထားသော ကက်ဆက်ခွေကို အထပ်ထပ် အခါခါ ပြန်၍ ဖွင့်သော်လည်း မသဲကွဲ မရေရာသော ကိစ္စရပ်များ၊ ကာယကံရှင် ပြောကြားခဲ့သော အကြောင်း အချက်များအပေါ် အခြားသော လုပ်ဖော်ကိုင်ဖက် ခေါင်းဆောင်အချို့ကို တွေ့ဆုံ မေးမြန်းကြည့်ရာတွင် ကာယကံရှင်၏ ပုဂ္ဂိုလ်ရေး အမြင်နှင့်ပတ်သက်၍ အငြင်းပွားစရာ သဘောထားကွဲလွဲစရာ ကိစ္စရပ်များ အတော်ကလေး ပါရှိနေသည်။ ထိုကိစ္စများမှာ ကာယကံရှင်အား ထပ်မံ မေးမြန်း ညှိနှိုင်းရမည့် ကိစ္စရပ်များဖြစ်သည်။

ပုဂ္ဂိုလ် တဦး၏ အတ္ထုပ္ပတ္တိ ကို ရေးရာတွင် ထိုပုဂ္ဂိုလ်သည် အဓိကဖြစ်ပြီး၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ ထိုပုဂ္ဂိုလ်၏ စရိုက်သဘာဝ၊ စေတနာ သဘောထားနှင့် ကြိုးပမ်းလုပ်ဆောင်မှုများကို ရုပ်လုံးပေါ်စေရန် အထောက်အကူပြုပေးခြင်း ဖြစ်သော်လည်း၊ အချို့သောကိစ္စရပ်များ၌ ပတ် ဝန်းကျင် အသိုင်းအဝိုင်း၏ သမိုင်းကြောင်းက ပုဂ္ဂိုလ်ရေးထက် ပိုမို အရေးကြီးသည်ကို အတ္ထုပ္ပတ္တိရေးဘူးသူတိုင်းပင် သိနားလည်ကြမည် ဖြစ်သည်။

သို့ရာတွင် ကာယကံရှင် ဖူးတာအယ်ရောကျနော်ကိုယ်တိုင်ပါ အထွေထွေ အကြောင်းကိစ္စများဖြင့် မအားမလပ် ဖြစ်ခဲ့သည့်အတွက် စာမူကြမ်း၏ ဒုတိယအဆင့်ကို ပီပြင်စွာ ဆောင်ရွက်မှု မပြုနိုင်ခဲ့ပေ။ သို့ဖြစ်၍ တတိယအဆင့်သို့ တက်လှမ်းရန် မလွယ်ကူ အကယ်၍ ဒုတိယ အဆင့်ကို ကျော်ပြီး တတိယအဆင့် စာမူကြမ်းကို ရေးသားနိုင်သည့်တိုင် စတုတ္ထအဆင့် ဖြစ်သော ကာယကံရှင်နှင့် ၎င်း၏ လုပ်ဖော်ကိုင်ဖက် ပုဂ္ဂိုလ်များအား ဖိတ်ကြားလျက် စာမူကြမ်းဖတ်မည့်အစီအစဉ်မှာ လုံးဝမဖြစ်နိုင်ပေ။ ကရင့် တော်လှန်ရေး၏ အရေးကြီးသော အလှည့်အပြောင်းကာလကို မျက်မှောက် ပြုနေရကာ သာမန် အချိန်ထက် ပိုမိုအလုပ်များနေကြသောကြောင့်၊ တော်လှန်ရေး၏ သမိုင်းကြောင်း တစိတ်တဒေသနှင့် စပ်ဆိုင်သည့် အတ္ထုပ္ပတ္တိ ဖြစ်စေကာမူ လောလောဆယ် အခြေအနေကို ဆေးချိတ်၍ အချိန်ပေး ညှိနှိုင်းဆွေးနွေးနိုင်ကြလိမ့်မည် မဟုတ်ချေ။

ထို့ကြောင့် ဖူးတာအယ်အား ဩဂုတ်လ အတွင်းက (နောက်ဆုံးအခေါက်) သွားရောက် တွေ့ဆုံခဲ့ရာတွင် ကေအဲန်ယူ အဖွဲ့ချုပ်ကြီး၏ (၁၁)ကြိမ်မြောက် ညီလာခံ၌ ဆွေးနွေး တင်ပြမည့် ကိစ္စများဖြင့် အလုပ်များနေသော ဖူးတာအယ်မှာ ၎င်း၏အတ္ထုပ္ပတ္တိ အချိန်မီ ထွက်ရှိနိုင်ရန်နှင့် သင့်တော်သလို ပြင်ဆင် ဖြုတ်နှုတ် ကိုးကား ဖြည့်စွက်မှုများပြုရန်အတွက်ကျနော့်အား လုံးဝ အပ်နှံခဲ့သည်။ ယခုနှစ်အတွင်း ထွက်ရှိဘို့ရန်မှ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်တော့သော်လည်း၊ လာမည့်နှစ်အတွင်း ထွက်ရှိနိုင်ရန်နှင့် စာအုပ်ပါ အကြောင်းအချက် များနှင့် ပတ်သက်၍ သင့်တော်သလိုဆောင်ရွက်ရန် ကျနော်တာဝန်ယူလိုက်သည်။




မူလ လျာထား သတ်မှတ်ခဲ့သည့် အဆင့်(၆)ဆင့်ဖြင့် ရေးရခြင်း၌ ကျနော့တွင် တာဝန် အနည်းငယ် ပေါ့မည်ဖြစ်သည်။ စတုတ္ထအဆင့်တွင် တတိယ စာမူကြမ်းနှင့်အတူ ဖူးတာအယ်၏ ပြောကြားချက်နှင့် ခေတ်ပြိုင် ပုဂ္ဂိုလ်များ၏ ပြောကြားချက် ကက်ဆက်ခွေ အထောက် အထားများအပြင် သမိုင်းကြောင်း အချက်အလက်များနှင့် ပတ်သက်၍ မှီငြမ်း ကိုးကားထားသော စာအုပ်စာတမ်းများပါ တင်ပြကာ သက်ဆိုင်ရာ ပုဂ္ဂိုလ် ကြီး ငယ်များ၏ ပြင်ဆင်ဖြည့်စွက် အကြံပေးမှုများကို မှတ်တမ်းပြုပြီး ပြန်လည် ရေးသားရမည် ဖြစ်သောကြောင့် ထိုအတ္ထုပ္ပတ္တိ၏ အဆိုးအကောင်းကိစ္စရပ်များမှာ ကျနော့် တာဝန်ချည်း မဟုတ်တော့ဘဲ သက်ဆိုင်ရာ ကာယကံရှင် ပုဂ္ဂိုလ်များ၏ တာဝန်ပါ ပါဝင်လိမ့်မည် ဖြစ်သည်။ (သို့ရာတွင် ဖြစ်ရပ်မှန်နှင့် ကင်းကွာသော အချက်အလက်များ၊ တဘက်စောင်းနင်း အမြင်များ၊ ပုဂ္ဂိုလ်ရေး ထိုးနှက်မှုများဟု ကျနော်ယူဆသည့် အကြောင်းအချက် တစုံတရာ ပါရှိလျှင်မူ ထိုမျှလောက်သော တာဝန်ကိုပင် ကျနော် ယူလိမ့်မည် မဟုတ်ချေ။ ပုဂ္ဂိုလ်ရေး အတ္ထုပ္ပတ္တိနှင့် ပတ်သက်၍ သာမန် ပါရိုး ပါစဉ် အကြောင်းအရာများမှ လွဲပြီး မှတ်တမ်း တင်သင့် တင်ထိုက်သည်ဟု ယူဆသော အကြောင်းအရာ များကိုသာ သမာ သမတ်အကျနိုင်ဆုံး ရပ်တည်ချက်ဖြင့် ကျနော်ရေးမည် ဖြစ်သည်။) ထိုစာအုပ် ထုတ်ဝေသည့်အခါ၌မူ စုဆောင်းပြုစု မှတ်တမ်းတင်သူဟူသော အဓိပ္ပါယ် သက်ရောက်သည့် စကားလုံး တစုံတရာကို ကျနော့် အမည်နှင့် တွဲလျက် ဖော်ပြပေးလိုက်ရုံသာ ဖြစ်သည်။ ပြင်ဆင် ဖြည့်စွက် အကြံပြုကြသော ပုဂ္ဂိုလ် ကြီး ငယ်များ၏ အမည်ကို စာအုပ်၏ ပထမစာမျက်နှာ၌ ထည့်သွင်း ဖော်ပြမည် ဖြစ်သည့် အတွက် ထိုစာအုပ်ကို ရေးသားရာ၌ ကျနော့် သဘောထားပါသည့်တိုင် စာအုပ်တွင်း ဖော်ပြလိုက်သည့် အကြောင်းအရာများနှင့် ပတ်သက်၍ ရင်ဆိုင် ဖြေရှင်းစရာ ကိစ္စရပ်များ ရှိပါက ကျနော့်တွင် တာဝန် အနည်းငယ် ပေါ့ပါးမည်ဖြစ်သည်။ စာအရေးအသား ရှင်းလင်းခြင်း၊ မရှင်းလင်းခြင်း၊ စီစဉ်တင်ပြမှု ညံ့ခြင်း၊ ကောင်းခြင်း အပေါ်တွင်သာ ကျနော့်အား ထောက်ပြ ဝေဘန်နိုင်ကြလိမ့်မည် ဖြစ်သည်။

ယခုမူ ဖူးတာအယ်က ၎င်း၏ အတ္ထုပ္ပတ္တိကို ယုံကြည်စိတ်ချစွာ အလုံးစုံပုံ၍ လွှဲအပ်လိုက်ခြင်းဖြစ်သောကြောင့် ဤအတ္ထုပ္ပတ္တိ စာအုပ်နှင့်ပတ်သက်၍ ပေါ်ပေါက်လာမည့် အကောင်းအဆိုး အကျိုးဆက် ဟူသမျှမှာ ကျနော့်တာဝန်သာ ဖြစ်လာပေသည်။ ကျနော့်အနေဖြင့် ယခုလို လုပ်ရမည့် အလုပ်မျိုးကို ပို၍ နှစ်ခြိုက်သည်။ မူလက လျာထားခဲ့သည့် ပုံစံ အတိုင်းသာ လုပ်ဖြစ်မည် ဆိုလျှင် "ဖူးတာအယ်၏ တော်လှန်ရေး ခရီးစဉ်" ဟူသော အမည်ကိုသာ ကျနော် အသုံးပြုမည် ဖြစ်သည်။ ထိုအမည်မှာ ကျနော်ပေးခဲ့သည့် အမည်ပင် ဖြစ်သည်။ လူ့ဘဝ၌ တွေ့ကြုံခံစားရသော ဒုက္ခ၊ သုက္ခ၊ လောကဓံ တရား ဟူသမျှမှာ ခရီးတခုကို ဖြတ်သန်းရသည့်နှယ် ဖြစ်သည်။ ပြေပြစ်ချောမွေ့သည့်အခါ ရှိမည်။ ကြမ်းတမ်း ခက်ထရော်သည့်အခါလည်းရှိမည်။ အမြဲတမ်း တောင်ကုန်းအတက်တွေချည်း ကြုံကြိုက်ရမည် မဟုတ်။ အမြဲတမ်းလည်း မတ်စောက်မနေ။ အမြဲတမ်းဆင်ခြေလျောချည်းလည်း မဖြစ်။ အမြဲတမ်း ညီညာ ပြေပြစ်သော လမ်း၌လည်း လျှောက်မနေ နိုင်ချေ။ အမျိုးမျိုး အဖုံဖုံ တွေ့ကြုံရမည် ဖြစ်သည်။ "ဘဝ ခရီး" ဟု ခိုင်းနှိုင်း တင်စားလေ့ ရှိကြသည်။ ယခု ဖူးတာအယ်၏ အတ္ထုပ္ပတ္တိမှာမူ ဖူးတာအယ်၏ ဘဝ ခရီးဟူ၍ တင်စားရုံ မည်ကာမတ္တ မဟုတ်။ ဖူးတာအယ်၏ဘဝမှာမတည်ငြိမ်နိုင်ခဲ့သော တော်လှန်ရေးသမားဘဝ ဖြစ်သည်။ သူ့ဘဝ တလျှောက် ခရီးကြမ်းများစွာကို ဖြတ်သန်းကျော်လွှားလာခဲ့ရသည်။ ငယ်စဉ်ကာလနှင့် ကရင့်တော်လှန်ရေး၏ အဦးအစ၌ မြစ်ဝကျွန်းပေါ်တိုင်းအတွင်း မြို့ရွာအနှံ့ ခရီးဆန့်၊ တိုက်ပွဲဝင်၊ စည်းရုံးလှုပ်ရှားခဲ့သည့် အတွေ့အကြုံများ၊ ထိုမှတဖန် ပဲခူးရိုးမတိုင်းသို့ ခရီးထွက်ရပြီး၊ ပဲခူးရိုးမတိုင်းအတွင်း လှည့်လည် နေထိုင် လှုပ်ရှားခဲ့မှုများ၊ ထို့နောက်အရှေ့ကော်သူးလေသို့ ရောက်ရှိကာ အရှေ့ကော်သူးလေမှတဖန် ပဲခူးရိုးမတိုင်း၊ ထိုမှတဖန် အရှေ့ကော်သူးလေသို့ ပြန်ရောက်ခဲ့ပြီး ခရိုင်နှင့် တပ်မဟာများအနှံ့ ခြေဆန့် လှုပ်ရှားခဲ့မှု ဖြစ်စဉ်များ စသည်ဖြင့်၊ သူ့ဘဝတလျှောက် သာမန် တော်လှန်ရေးသမား တဦးထက်ပို၍ တိုက်ပွဲဝင် ခရီးကြမ်းများ အကြိမ်ကြိမ် အလီလီ ထွက်နေခဲ့ရသော ဖူးတာအယ်၏ အဖြစ်ကို "ဖူးတာအယ်၏ တော်လှန်ရေး ခရီးစဉ်"ဟု ကျနော်အမည်တပ်ခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် ဤအတ္ထုပ္ပတ္တိပါ အကြောင်းအချက်များသည်၊ ဖူးတာအယ်ကိုယ်တိုင် ပြောကြားချက်များကို အခြေပြုထားခြင်း ဖြစ်ရာ ဖူးတာအယ်ရေးသော (သို့မဟုတ်) "ဖူးတာအယ် ပြောသော သူ၏တော်လှန်ရေး ခရီးစဉ်များ"(သို့မဟုတ်)ဖူးတာအယ် ရေးသားသည့် တော်လှန်ရေးတလျှောက် (သူ့) ဘဝ အတွေ့အကြုံများ" ဟူသည့် အဓိပ္ပါယ်မျိုးလည်း သက်ရောက်နိုင်သော ကြောင့် ဖြစ်လေသည်။

ယခုကဲ့သို့ အခြေအနေ အရပ်ရပ်ကြောင့် ဤအတ္ထုပ္ပတ္တိကို ကျနော်တာဝန် ယူလာရသော အခါတွင်မူ၊ အကြောင်းအမျိုးမျိုးကြောင့် မအားမလပ် ဖြစ်နေကြသည့် ဖူးတာအယ်နှင့် ကရင့် အမျိုးသားခေါင်းဆောင် ပုဂ္ဂိုလ် ကြီးငယ်များကို စာမူပါ အချို့သောအချက်အလက်များအတွက် တာဝန် မပိစေလိုတော့ပေ။ ကျနော်သည် ဖူးတာအယ်၏အနီးတွင် ငါးနှစ်ခြောက်နှစ်မျှ နေထိုင်လုပ်ကိုင်လာခဲ့သူ ဖြစ်သည်။ ဖူးတာအယ်၏ ပင်ကိုယ်စိတ်ရင်းနှင့် အမူ

အကျင့် အကောင်း အဆိုး ဟူသ၍ကို ကောင်းစွာ သိထားသည်။ ဒူးပလာယာ ခရိုင်ရှိ ဖူးတာအယ်၏ လုပ်ဖော် ကိုင်ဖက် ပုဂ္ဂိုလ်ကြီးငယ်များနှင့်လည်း ရင်းနှီး သိကျွမ်းသည်။ ကျနော် မသိမိလိုက်သော ဖူးတာအယ်၏ အကြောင်း အချို့ကို ထို ပုဂ္ဂိုလ်များထံမှ ကြားရသည်။ ဖူးတာအယ်၏ ကိုယ်တိုင်ပြောကြားသော သူ့ဘဝ ဇာတ်ကြောင်း **ကက်ဆက်ခွေ**(၃၉)ခွေလည်း ကျနော့်ထံ၌ ရှိနေသည်။ အချို့သော အကြောင်း အချက်အလက်များနှင့် ပတ်သက်၍ လက်လှမ်းမှီသမျှ ပုဂ္ဂိုလ်ကြီးငယ်များကိုလည်း မေးမြန်း မှတ်တမ်းပြုခဲ့ပြီး ဖြစ်သည်။ ကိုးကား ကိုက်ညှိစရာ အထောက်အထားများလည်း အတော်အသင့် ရှိနေသည်။ အရေအတွက် မနည်းလှသော ကျနော့်ဆရာများထဲတွင် တဦး အပါအဝင်ဖြစ်သည့် ဖူးတာအယ်၏ အကြောင်းကို ရိုးစင်း ရှင်းလင်းစွာ ကျနော် ရေးရတော့မည် ဖြစ်လေသည်။ သို့ရာတွင် ဖူးတာအယ်၏ တပည့်တဦးအနေဖြင့် ရေးမည် မဟုတ်ဘဲ၊ သာမန် စာရေးသူ တဦး အနေဖြင့် ဖူးတာအယ်အပေါ် မိမိလေ့လာ သိမြင်သမျှ အကြောင်းအရာ များကိုသာ ရေးမည် ဖြစ်သည်။ ဖူးတာအယ်၏ အတ္ထုပ္ပတ္တိကိုသာမက အခြားသော ပုဂ္ဂိုလ်ကြီးငယ်များ၏ အတ္ထုပ္ပတ္တိများကိုပါ ရေးသားရန်လည်း အစီအစဉ်ရှိနေသည်။ အတ္ထုပ္ပတ္တိတိုင်းအတွက် ကျနော်မူလ ရာထားသတ်မှတ်ခဲ့သလို အဆင့် (၆)ဆင့်ဖြင့် ရေးသားရန်မှာမူ မလွယ်ကူသော ကိစ္စပင် ဖြစ်သည်။ **လုပ်ဖော် ကိုင်ဖက်များ** အချင်းချင်း တယောက် တပေါက်ဖြင့် ဝိဝါဒ ကွဲပြားမှုများလည်း ပေါ်ပေါက် နိုင်ပြီး စာအုပ်ထွက်ရှိရေးအတွက် နှောင့်နှေးမှု ပိတ်ပင်မှုများပင် ဖြစ်ပေါ်လာနိုင်သည်။ ခိုင်မာ တိကျသော အတ္ထုပ္ပတ္တိ ကောင်းတအုပ် ဖြစ်နိုင်ရေးအတွက် ထိုကဲ့သို့ လျာထား သတ်မှတ်ခဲ့ရာတွင် ပေါ့စေလိုခါမှ ဆေး အတွက် လေးရမည့် အဖြစ်မှာ မလိုလားဘွယ်ရာပင် ဖြစ်လေသည်။ အတ္ထုပ္ပတ္တိဟူသည်မှာ တဦးတည်းတာဝန်ယူရေးလျှင်လည်း ပြီးမြောက်နိုင်သည့် အလုပ်တခုသာ ဖြစ်သည်။ ကိစ္စတရပ်ကို ရေးသင့်မရေးသင့် ဝေဘန် ပိုင်းခြားတတ်ရန် မှန်ကန်သော စေတနာ ထားရှိရန်နှင့် ခိုင်မာပြတ်သားသော ဆုံးဖြတ်ချက်ရှိဘို့ ရန်သာ လိုရင်းဖြစ်သည်။

ထို့ကြောင့် စာအုပ်အမည်အား "ဖူးတာအယ်၏ တော်လှန်ရေး ခရီးစဉ်" (သို့မဟုတ်) "ဖူးတာအယ်၏ ဖူးတာအယ်" ထက်ခေါင် စီစဉ်တင်ပြသည်၊ မှတ်တမ်းပြုစုသူ ထက်ခေါင် စသည်ဖြင့် မူလ လျာထားခဲ့သော အမည်မျိုးများ ပေး မနေတော့ဘဲ ဖူးတာအယ်၏ အကြောင်းရေးသားသည့် ဤစာအုပ်အား "ဖူးတာအယ်" ဟူသော အမည်ကိုသာ အသုံးပြုရန် ကျနော် ဆုံးဖြတ်ခဲ့သည်။

သုတေသန စာတမ်းပြုစုရာတွင် အမည်နာမ ဝေါဟာရများနှင့် မှီငြမ်း ကိုးကားချက်များ၊ ရည်ညွှန်းချက်များကို အောက်ခြေ မှတ်စုထည့်သည်။ ပြည်တွင်း ပြည်ပ မှီငြမ်းကိုးကားသော စာအုပ် စာတမ်း စာရင်းများကိုလည်း ညွှန်းသည်။ ဝတ္ထုများတွင်မူ အောက်ခြေ မှတ်စု မထည့်၊ ကိုးကား မှီငြမ်း ထားသည့် အကြောင်းအရာရှိလျှင် နောက်ဆုံးတွင်မှ ဖော်ပြတတ်သည်။ သုတေသနတွင် အက္ခရာစဉ်အညွှန်း ထည့်လေ့ရှိသည်။ ဝတ္ထုသွားတွင် မရှိ။ မာတိကာနှင့် နောက်ဆက်တွဲမှာ ဝတ္ထုသွားတွင်ကော သုတေသန စာတမ်းတွင်ပါ ပါဝင်သည်။ ဤစာအုပ်၌ ထိုအချက်များ အားလုံးကို ပေါင်းစုလျက် ရေးသည်။

စာရေးသူအဖြစ် ကျနော့် အမည်ကို မည်သည့် လုပ်ငန်းဆောင်ရွက်မှု ဂုဏ်ပုဒ်မျှမှ မတပ်ဘဲ ရှင်းရှင်းလင်းလင်း ဖော်ပြလိုက်ခြင်းမှာ ဤအတ္ထုပ္ပတ္တိ စာအုပ်ပါ အချက်အလက် အားလုံးအတွက် ကျနော့်၌ တာဝန်ရှိသည်ဟူသော သဘောပင်ဖြစ်လေသည်။

ထက်ခေါင်
၉၅၊ နိုဝင်ဘာ၊၁၈။

# အပိုင်း (၁)

၁၉၂၃-၁၉၄၇

## အခန်း(၁)

ဖက်ကြက်

သူ့အား ခတ္တိယရွာသစ်ပိုင်းရှိ အထက်တန်းကျောင်းသို့ ပို့ဆောင် အပ်နှံသည့် နေ့ကလေးမှာ မောင်တင်ဦးအတွက် အမှတ်တရရှိဘွယ် ဖြစ်သည်။ ထိုအချိန်က မောင်တင်ဦး၏ အသက်မှာ (၁၀)နှစ် ကျော် ခဲ့ပြီဖြစ်လေသည်။

လှေဦး၌ အုန်းပွဲ ငှက်ပျောပွဲကို တင်ထား၏။ ထိုအနီးတွင် မောင်တင်ဦး ထိုင်သည်။ ဘခင်ဖြစ်သူက လှေပဲ့ပိုင်းမှ နေ၍ လှော်သည်။ လှေပေါ်တွင် အဘွား ဒေါ်စိန်လှဲ့နှင့်အတူ အဒေါ် အပျိုကြီး၊ အပျိုကလေး (၄)ဦးစလုံး တပြုံတမကြီး လိုက်ပါလာ၏။ အဒေါ်တဦးက မောင်တင်ဦး နောက်မှနေ၍ တက်တချောင်းဖြင့် ပိုင်းကူ လှော်သည်။ အဒေါ်တဦး၏ လက်ထဲတွင် အထက်တန်း ကျောင်းအုပ်ဆရာကြီး ဖြစ်သော ဘုန်းတော်ကြီး ဦးနာဃအား ကပ်လှူရန်၊ ဝတ္ထုပစ္စည်းများ ထည့်ထားသည့် ခပ်ရှယ်ရှယ် လင်ပန်း တချပ်ပါလာသည်။ ဆွမ်းဟင်းသုံး လေးမျိုးထည့်ထားသော လေးဆင့်ချိုင့်၊ ငါးဆင့်ချိုင့်များကို ကျန် အဒေါ်နှစ်ဦးက ကိုင်လာကြသည်။ အဘွား ဒေါ်စိန်လှဲ့၏ ရင်ခွင်ထဲတွင်မူ မောင်တင်ဦးအတွက်လွယ်အိတ်၊ ကျောက်သင်ပုန်း၊ ကျောက်တံ၊ ပေတံ၊ ခဲတံ၊ ဗလာစာအုပ်၊ အဝတ်အစားသစ် နှစ်စုံ သုံးစုံ ခေါင်းအုံးငယ်တလုံးနှင့် စောင်ပါး တထည်



တို့ ပါရှိသော အထုပ်တထုပ်ကို၊ မွေ့ပိုက်ထားသည်။ မောင်တင်ဦးအားကျောင်းအိပ်ကျောင်းစား ပို့ရန်အတွက်၊ ထိုပစ္စည်းများကို ခတ္တိယမှ ဝယ်ယူလာခဲ့သည်မှာ၊ ရက်များစွာ မကြာသေးပေ။ အဘွား ဒေါ်စိန်လှဲသည် တဦးတည်းသော မြေးဖြစ်သူအား၊ ရက်ရှည်လများ ခွဲခွာရမည့် အရေးကြိုတင်တွေးတောကာ မြေးကို လွမ်းဆွေးနေပုံ၊ မြေးအတွက် စိုးရိမ်ပူပန်နေပုံ ရလေသည်။ ဘခင် ဦးဖိုးငြိမ်းမှာမူ နှစ်ကာလကြာမြင့်စွာကတည်းကပင် သားဖြစ်သူအား ကျောင်းသို့ ပို့ချင်နေခဲ့သော ဆန္ဒပြည့်ဝပြီ ဖြစ်သောကြောင့် ပီတိဖြာနေသည့် မျက်နှာဖြင့် မမောနိုင် မပန်းနိုင် လှော်ခတ်နေသည်။ မောင်တင်ဦးတို့ တလိုင်းချောင်းရွာနှင့် ခတ္တိယမှာ သုံးမိုင်ကျော် ကွာဝေးလေသည်။

တလိုင်းချောင်းသည် မောင်တင်ဦး၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်၏။ ခတ္တိယငှက်ပျောကျွန်းရှိ ကျေးရွာများ တွင် အုတ်ကျင်းရွာနှင့် တဆက်တည်းလို ဖြစ်နေသောကြောင့် အုတ်ကျင်း တလိုင်းချောင်း ဟု ခေါ်လေ့ ရှိကြသည်။ ခတ္တိယရွာကြီး၌ မြန်မာ အများစု နေထိုင်ပြီး ကရင်နှင့် တရုပ်လည်း အနည်းငယ်ရှိသည်။ ငှက်ပျောကျွန်းမှာ ဗုဒ္ဓဘာသာဝင် ကရင်အများစုနှင့် မြန်မာများ ရောနှောနေထိုင်ရာ အရပ်ဖြစ်သည်။ အုတ်ကျင်း တလိုင်းချောင်း ရွာများမှာမူ ကရင် ကျေးရွာသက်သက် ဖြစ်လေသည်။ သူ့ကို ကောဇာသက္ကရာဇ် ၁၂၈၅ ခုနှစ်၌ တလိုင်းချောင်း ကျေးရွာတွင် မွေးဖွားခဲ့ကြောင်း မောင်တင်ဦး သိမှတ်ထားသည်။ ဘခင် ဦးဖိုးငြိမ်းနှင့် မိခင် ဒေါ်ပန်းမြတို့မှာ မြန်မာကရင်ခေါ် မြစ်ဝကျွန်းပေါ် ဒေသ စကောကရင်များ ဖြစ်ကြသော်လည်း ကရင်စကား ပြောလေ့ ပြောထ မရှိလှသည့် မိသားစုများမှ ဆင်းသက်လာသူများပီပီ ၎င်းတို့၏ အမည်ကဲ့သို့ပင် သားဖြစ်သူကိုလည်း မြန်မာအမည်သာ မှည့်ခေါ်ခဲ့ကြသည်။

စကော ကရင်ပင်ဖြစ်စေ၊ ပိုး ကရင်ပင်ဖြစ်စေ၊ ကရင်အမျိုးသား၊ အမျိုးသမီး အတော်များများ၌ မြန်မာအမည်များမှည့်ခေါ်လေ့ ရှိကြခြင်းမှာ မဆန်းသော်လည်း၊ မောင်တင်ဦးတို့ မိသားစု၌ လုံးဝ မြန်မာအမည်များ ဖြစ်နေခြင်းမှာမူ အတန်ငယ် ထူးခြားပေသည်။ မြန်မာ အမည်များကို မှည့်ခေါ်ကြသူ ကရင်အများစုမှာ ၎င်းတို့၏ အမည်စာလုံးကိုမြင်ရုံ (သို့မဟုတ်) အမည်ခေါ်သံကို ကြားရုံဖြင့် ကရင်အမျိုးသား အမျိုးသမီးမှန်း သိသာစေသည့် အမှတ်လက္ခဏာ တရပ်အဖြစ် စောနော်၊ စ'၊ နန့်၊ တီး၊ မန်း၊ ဂျ၊ ဖူး၊ ဖီး စသောကျား / မ အသက်အရွယ် ခွဲခြား ခေါ်ဝေါ်မှုများကို အမည်ရင်း၏ ရှေ့၌ ထားတတ်ကြသည်။ ဦးဖိုးငြိမ်း၊ ဒေါ်ပန်းမြတို့ မိသားစုများ၌မူ ထိုကဲ့သို့မဟုတ်ဘဲ၊ မြန်မာအမည်များသက်သက် ဖြစ်နေကြခြင်းမှာ ကရင်ဖြစ်ပါလျက် ကရင်စကား ပြောလေ့မရှိသော မိသားစုများမှ ဆင်းသက်လာသူများ ဖြစ်ကြောင်း ထင်ရှားနေလေသည်။ မောင်တင်ဦး ကိုယ်တိုင်မှာလည်း ကရင်စကားကို၊ ဟုတ်တိပတ်တိ မပြောတတ်ခဲ့ချေ။ ဦးဖိုးငြိမ်းနှင့် ဒေါ်ပန်းမြတို့ မိသားစုများမှာ ကရင်စစ်စစ်များ ဖြစ်ကြပြီး၊ ဆွေစဉ်မျိုးဆက် ကရင်– ကရင်ချင်းသာ လက်တွဲ၍ အမျိုးဂုဏ် စောင့်ထိန်းခဲ့ကြသူများဖြစ်ကြောင်း သူ့ဆွေမျိုးများ၏ ပြောစကားကို တော့ မောင်တင်ဦး တစွန်းတစ ကြားဘူးထားခဲ့သည်။

မိခင် ဒေါ်ပန်းမြသည်၊ မောင်တင်ဦး သုံးလေးလ သားအရွယ်တွင်ပင် ဆုံးပါးသွားခဲ့ရာ မောင်တင်ဦးမှာ ဘွားအေနှင့် အဒေါ်များ၏ လက်ထဲတွင်သာ ကြီးပြင်းလာခဲ့ရသည်။ အဘွားဒေါ်စိန်လှဲတွင် မောင်တင်ဦး၏ မိခင်အပါအဝင် သမီး (၅) ယောက်နှင့် သားတယောက် မွေးဖွားခဲ့သည်။ သမီးဦး ဖြစ်သော ဒေါ်ပန်းမြ တယောက်သာ အိမ်ထောင်ကျခဲ့သေးခြင်း ဖြစ်ပြီး ကျန်သား သမီးများမှာ လူပျို၊ အပျိုများ ဖြစ်ကြသည်။ မောင်တင်ဦး၏ ဦးလေးမှာ ထိုအချိန်က ဆယ့်လေး ငါးနှစ်အရွယ် လူပျိုပေါက် ဖြစ်သည်။ ကျောင်းတက်နေတုံး ရှိသေးသည်။ တဦးတည်းသောသားဖြစ်သည့်အားလျော်စွာ အမေနှင့် အမများ၏ အလိုလိုက်ခြင်း ခံရသူ ဖြစ်သည်။ ကျောင်းအားရက်များတွင် လယ်ယာလုပ်ငန်းနှင့် ပတ်သက်၍ ဘာတခုမျှ ဝိုင်းဝန်း လုပ်ကိုင်ခြင်းမရှိဘဲ လည်ပတ်၍သာ နေတတ်သူဖြစ်သည်။ လယ်လုပ်ငန်းကို မောင်တင်ဦး၏ဘခင်ကသာ ဦးစီးလုပ်ကိုင်ရသည်။

ဦးဖိုးငြိမ်းမှာ အိမ်ထောင်ကျ ကတည်းက တအိုးတအိမ် မခွဲဘဲ ယောက္ခမအိမ်တွင်ပင် နေထိုင်လာခဲ့သူ ဖြစ်ရာ၊ ဇနီးသည် သေဆုံးပြီးသည့် နောက်တွင်လည်း သားတယောက် နှောင်ကြိုးဖြင့် ယောက္ခမအိမ်တွင်ပင် ဆက်လက်နေထိုင်ခဲ့သည်။ သို့ရာတွင် ဦးဖိုးငြိမ်းသည်၊ ယောက္ခမအိမ်၌ ရံဖန် ရံခါမျှသာ နေလေ့ရှိပြီး၊ လယ်ယာ လုပ်ငန်းခွင်နှင့် လယ်တဲကလေးတွင်သာ အနေများသည်။ အဘွား ဒေါ်စိန်လှဲ၏ လယ်မှာ ဧက (၃၀)ကျော်ခန့် ရှိ၍ တနှစ် လျှင် စပါး (၁၄၀၀)မှ (၂၀၀၀)အထိ ထွက်ရှိသည်။ ထွက်သမျှ စပါးများ အလေအလွင့် မရှိစေရေးအတွက် စာရင်းဇယားများနှင့် အတူဦးဖိုးငြိမ်း ဖိဖိစီးစီး လုပ်ကိုင်ရသည်။ အိမ်သို့ ရံဖန် ရံခါမျှသာ လာရောက် နေထိုင်တတ်သော ဦးဖိုးငြိမ်းသည် မိတဆိုးကလေး ဖြစ်ခဲ့ရရှာသော သားဖြစ်သူအပေါ် သနား ချစ်ခင်မှု ရှိသော်လည်း များစွာ မျက်နှာသာ ပေးတတ်သူ မဟုတ်ချေ။

ဘခင်က အလိုလိုက်မှု မရှိလှသည့်တိုင် ကွယ်လွန်သူ သမီးဦး၏ တဦးတည်းသော သားဖြစ်သူ မြေးဦးကလေး မောင်တင်ဦးကို ဘွားအေကြီး ဒေါ်စိန်လှဲက ဖူးဖူးမှုတ် အလိုလိုက်ခဲ့သည်။ အဒေါ် အပျိုကြီး အပျိုကလေးများကလည်း မိခင်မဲ့ခဲ့ရှာသော တူတော်မောင်အပေါ် အလွန်အမင်း အလိုလိုက် ချစ်ခင်ကြသည်။ ဘွားအေနှင့် အဒေါ်များက တရားလွန် အလိုလိုက်ခဲ့ကြသောကြောင့် မောင်တင်ဦးမှာ ၎င်းတို့အပေါ် ဆိုးချင်တိုင်းဆိုး၊ အနိုင်ကျင့်ချင်တိုင်း ကျင့်၊ ဗိုလ်ကျချင်တိုင်း ကျ၊

ထင်သလို မင်းမူနေခဲ့လေသည်။ အလို လိုက်ခံရလွန်းသော ကလေးငယ်တို့၏ ထုံးစံအတိုင်း မောင်တင်ဦးသည် မနက်မိုး လင်းသည်နှင့် ဒိုတတ်၊ အီတတ်၊ ဂျီကျ တတ်သည်။ မည်သည့်အရာကိုမျှ သူ့စိတ်နှင့် တွေ့သည်ဟူ၍ မရှိ။ အဘွားနှင့် အဒေါ်များက သူ့ဆိုးမျိုးကို သည်းညည်းခံ၍ ဂရုစိုက်လေလေ၊ ပို၍ ဆိုးလေလေ ဖြစ်သည်။ ဦးဖိုးငြိမ်းကမူ သားဖြစ်သူ၏ အမူအကျင့်ဆိုးကို မကြိုက်။ ဘခင်တဦး အနေဖြင့် တာဝန်ရှိသောကြောင့် မောင်တင်ဦးအား မျက်နှာတင်းတင်းဖြင့် မာန်မဲတတ်သည်။ သို့ရာတွင် ယောက္ခမနှင့် ခယ်မများက၊ ကာဆီး ကာဆီး လုပ်ခဲ့ကြသဖြင့် ဦးဖိုးငြိမ်း၏ ပဲ့ပြင်မှုမှာ အရာမထင် ခဲ့ပေ။

မောင်တင်ဦး (၆)နှစ်သားအရွယ်တွင် ဘခင်ဦးဖိုးငြိမ်း နောက်အိမ်ထောင်ပြုသည်။ အဘွား ဒေါ်စိန်လှဲ၏ သဘောတူခွင့်ပြုချက်ဖြင့်ပင် ဖြစ်လေသည်။ မိထွေး၏ အမည်မှာ မနုဟုခေါ်သည်။ မောင်တင်ဦး အပေါ် သားအရင်းလိုပင် ချစ်ခင်သူ ဖြစ်သည်။ တရွာတည်းတွင် အိမ်ခွဲနေမည် ဖြစ်သည့် ဘခင်အား အဘွားက နွား (၄) ကောင်နှင့် ဝမ်းစာစပါး (၂၀၀) ပေးလိုက်သည်။ တအိုးတအိမ် ထူထောင် လုပ်ကိုင်စားရန်အတွက် ငွေနှင့် လယ်မြေအချို့လည်း ခွဲပေးခဲ့သည်။ ဘခင်က မောင်တင်ဦးကို သူနှင့် အတူနေစေလိုသော်လည်း မောင်တင်ဦးက ဘခင်နှင့် သွားမနေဘဲ အဘွား အိမ်မှာပင် နေသည်။ ငယ်စဉ် ကတည်းက နေသားကျလာခဲ့ပြီး ဖြစ်သည့်အပြင် အဒေါ်များအပေါ် ငယ်နိုင် သဖွယ် ဗိုလ်ကျမြဲ ကျနေနိုင်သောကြောင့် ဖြစ်လေသည်။

ကျောင်းက ထွက်ပြီး သည့်နောက် လယ်ယာလုပ်ငန်းကိုလှည့်မကြည့်ဘဲ သူငယ်ချင်းများနှင့် လည်ပတ် အချိန်ဖြုန်းလျက်သာ နေလာခဲ့သော ဦးလေးဖြစ်သူမှာ ဘခင်ဦးဖိုးငြိမ်း တအိုးတအိမ်ခွဲ၍ နေသောကြောင့် လယ်အလုပ်ကို ဝင်ရောက် ဦးစီးရတော့သည်။ ဦးလေးမှာ ထိုအချိန်တွင် အသက်နှစ်ဆယ်ကျော်ခဲ့ပြီ ဖြစ်သည်။ သို့ရာတွင် ငယ်စဉ်ကတည်းက လယ်အလုပ်ကို သေချာကျနစွာ သင်ကြားလုပ်ကိုင်ခဲ့သူ မဟုတ်သောကြောင့် ထယ်ထိုးခြင်း၊ လယ်ထွန်ခြင်းကအစ အဖြစ်ရှိအောင် မလုပ်တတ်ပေ။ စာရင်းငှားများကိုသာ အားကိုး၍ လုပ်ကိုင်ရသည်။ များသောအားဖြင့်မူ ဦးလေးသည် လယ်ယာလုပ်ငန်းခွင်နှင့် ပတ်သက်သမျှ ကိစ္စအဝဝကို စာရင်းငှားများနှင့်သာ ပစ်ထားတတ်သူ ဖြစ်လေသည်။

ဦးဖိုးငြိမ်းက (၆)နှစ်သား အရွယ်ရှိနေပြီဖြစ်သော မောင်တင်ဦးအား ကျောင်းသို့ ပို့စေလိုသော်လည်း ဘွားအေကြီးက မပို့ခဲ့ချေ။ မိမိတို့ တအိမ်လုံးတွင် အငယ်ဆုံး၊ အချစ်ခံရဆုံး ဖြစ်နေကာ ဗိုလ်ကျ မင်းမူနေလေ့ရှိသော မောင်တင်ဦးကို မိမိတို့အနေဖြင့် သွေးသားရင်းခြာများ ဖြစ်၍ခွင့်လွှတ်နိုင်ကြသော်လည်း ကျောင်းသို့ပို့လျှင် သူငယ်ချင်း ကစားဖော်များနှင့် မတည့်ခြင်း၊ ဆရာ ဆရာမများနှင့် ပြဿနာဖြစ်ခြင်းတို့ ပေါ်ပေါက်နိုင်သောကြောင့် ဟူသော အကြောင်းပြချက်ဖြင့် မပို့ဘဲနေခဲ့ခြင်းဖြစ်သည်။

အဘွားစိတ်ပူရလောက်အောင်ပင် မောင်တင်ဦးကလည်း အတော်ဆိုးသည်။ အိမ်ရှိ အဒေါ်များနှင့် ဦးလေးတို့ကိုသာမက တရွာလုံးကိုပါ လှည့်၍ ဆိုးတတ်သည်။ ကစားဖော် ကစားဖက်ဖြစ်သော ကလေး သူငယ် အချင်းချင်းအပေါ် အနိုင်ကျင့်သည်။ ရန်ဖြစ်သည်။ ခတ္တိယ ငှက်ပျောကျွန်း ကမ်းနားပိုင်းရွာကလေး တရွာလုံးမှာ အမေအဖေဘက်မှ ဆွေမျိုးများက အများစု ဖြစ်နေပြီး၊ အဘွားနှင့် မကင်းရာမကင်းကြောင်း၊ ကျေးဇူးခံ ကျေးဇူးစား အိမ်ထောင်စုများလည်း ရှိသည်။ တလိုင်းချောင်း ရွာမှာလည်း အဘွား၏ အမျိုးတွေလိုချည်းဖြစ်၍ ဘွားအေကြီး၏ ဩဇာမကင်း။ စားစရာမရှိလည်း လာရောက်ချေးငှားယူကြ၊ တောင်းယူကြ၍ဖြစ်သည်။ မောင်တင်ဦးကို မည်သူကမျှ မဆိုကြ။ မရိုက်ကြ။ ဆွေမျိုးများကလည်း မောင်တင်ဦးကို အလိုလိုက်ခဲ့ကြသောကြောင့် မောင်တင်ဦးမှာ ဆိုးချင်တိုင်းဆိုးနိုင်ခွင့် ရရှိခဲ့သည်။ ကုန်းဘက် လှည်းလမ်းပိုင်းရှိ ဘခင်ဘက်မှ ဆွေမျိုးများထံသို့ပင် သွားရောက် ဆိုးသွမ်းတတ် သည်။ ဘခင်၏ ဆွေ မျိုးများကလည်း ငယ်စဉ်ကတည်းက မိတဆိုးလေး ဖြစ်ခဲ့ရရှာသော မောင်တင်ဦးအပေါ် စာနာထောက်ထားမှုဖြင့် သည်းခံခဲ့ ကြသည်။ အချို့က မောင်တင်ဦး၏ အနိုင်ကျင့် ဆိုးပေတတ်မှုကို မနှစ်သက်သည့်တိုင် ကလေးအရွယ်သာ ရှိနေသေးသော မောင်တင်ဦးအား၊ မာန်မဲ ကြိမ်းမောင်းခြင်း မပြုဘဲ၊ မတတ်သာ၍ သည်းခံရခြင်းမျိုးဖြင့် ဥပေက္ခာပြုနေတတ်ကြသည်။

မောင်တင်ဦး၏ အမူအကျင့်ကို ကောင်းစွာသိနေသော အဘွားဖြစ်သူမှာ သူ့အား ကျောင်းသို့ပို့ရန်အတွက် စိတ်မချနိုင်ခဲ့ပေ။ မိမိတို့ ကျေးဇူးနှင့် မကင်းသူများကသာ မောင်တင်ဦးကို ခွင့်လွှတ် သည်းခံနိုင်ကြမည် ဖြစ်သော်လည်း၊ မိမိတို့နှင့် လုံးဝ ပတ်သက်မှုမရှိသည့် တစိမ်းတရံများနှင့် စည်းကမ်းအတိုင်း ပြုမူ လုပ်ကိုင်တတ်သူများကမူ သည်းခံခွင့်လွှတ်ကြလိမ့်မည် မဟုတ်။ သူ့အနိုင်ကျင့်မှုကို ခံရသူများက သူ့အား ပြန်လည် ထိုးကြိတ်နိုင်သည်။ ဆရာ ဆရာမများကိုလည်း ကလန်ကဆန် လုပ်တတ်မည်ဖြစ်၍ ရိုက်နှက် ဆုံးမခြင်း ခံရနိုင်သည်။ မိမိ၏ မျက်ကွယ်တွင် ထိုကဲ့သို့ မောင်တင်ဦး ရိုက်နှက် ထိုးကြိတ်ခံရမည်ကို အဘွားမလိုလား။ ထို့ကြောင့် ကျောင်းနေသင့်သည့်အရွယ်ရောက်ပြီ ဖြစ်သော်လည်း ရှိသင့် ရှိထိုက်သော လူမှုရေးအသိအမြင်များ မရှိသေးသည့် မောင်တင်ဦးအား ကျောင်းမပို့ခဲ့ခြင်းဖြစ်သည်။ အဘွားနှင့် အဒေါ်များ၏ တရားလွန်အလိုလိုက်မှုကို အခွင့်ကောင်းယူတတ်ခဲ့သော မောင်တင်ဦးမှာ ၎င်းနှင့် ဆက်ဆံရသည့် ပတ်ဝန်းကျင်၏ သဘောထားကို အလေးဂရုပြုမှုမရှိဘဲ အရာရာ ကိုယ့်စိတ်ကြိုက်၊ ကိုယ့်ဘို့သာ ကိုယ်သိသော ကလေးငယ်တဦး ဖြစ်ခဲ့သည်။

ဘခင်က မောင်တင်ဦးအား

ကျောင်းပို့ပေးချင်သလိုပင် မောင်တင်ဦး ကလည်း ကျောင်းတက်ချင်သည်။ သူ့အား ကျောင်းအပ်ဘို့ရန် မကြာခဏပူဆာတတ်သည်။ အခြားကိစ္စများကို အလိုလိုက်သော်လည်း ထိုကိစ္စကိုမူ အဘွားက အလိုမလိုက်ခဲ့ပေ။ မိမိမျက်ကွယ်တွင် မောင်တင်ဦး နှိပ်စက်ခံရလိမ့်မည်ဟု လွဲမှားစွာ အစိုးရိမ်ကြီးနေသောကြောင့် ဖြစ်လေသည်။ ကျောင်းအပ်ဘို့ရန် မောင်တင်ဦး ပူဆာလာတိုင်း၊ နောက်လကျ အပ်တာပေါ့၊ ရှေ့နှစ်ကျ ထားတာပေါ့၊ နောက်နှစ် အပ်မယ် စသည်ဖြင့် လရွှေ့ နှစ်ရွှေ့ လုပ်လာခဲ့သည်။ အိမ်မှာ ဗိုလ်ကျချင်တိုင်း ကျနေရသောကြောင့်လည်း၊ ကျောင်းနေဘို့ ကိစ္စကို မောင်တင်ဦး သိပ်ပြီး မပူပန်ခဲ့ပေ။ ဦးလေးနှင့် အဒေါ်များကလည်း မောင်တင်ဦး စိတ်လိုလက်ရရှိသည့် အခါများတွင် စာသင်ကြားပေးတတ်ကြသည်။ သို့ရာတွင် ၎င်းတို့ကိုယ်တိုင်ပင် ပညာရေးကို အလေးအနက် ထားခဲ့သူများ မဟုတ်သောကြောင့် မောင်တင်ဦးအား အိမ်မှာပင် နေစေ၍ အလွတ်ပညာ သင်ကြားပေးဘို့ရန်မူ မဖြစ်နိုင်ခဲ့ချေ။ သို့ဖြင့် မောင်တင်ဦးမှာ ကျောင်းနေရဘို့အရေး အသက် (၁၀)နှစ်ကျော်ပြီး လူကောင်လည်း အတော်ကြီးလာခါမှပင် ဘခင်ဖြစ်သူနှင့် ဘုန်းတော်ကြီးတို့၏ အဖန်ဖန်အခါခါ ကြားဝင် တိုက်တွန်းမှုများကြောင့် ဘွားအေကြီးထံမှ သဘောတူ ခွင့်ပြုချက်ကို ရရှိခဲ့လေသည်။

ရွာတွင် ကျောင်းမရှိ။ ခတ္တိယ တွင်သာ ရှိသည်။ ခတ္တိယနှင့် ရွာသည် သုံးမိုင်ကျော်ဝေးသောကြောင့် မနက်သွား ညနေပြန် ကျောင်းတက်ရမည့် ကိစ္စမှာ များစွာ ကသီလင်တ နိုင်မည့်ကိစ္စ ဖြစ်သည်။ ထို့ကြောင့် မောင်တင်ဦးကို ခတ္တိယ တွင်ပင် ကျောင်းအိပ်ကျောင်းစား ထားရန် စီစဉ်ပြီး ဘွားအေကြီးနှင့် အဒေါ်များ အားလုံးက လိုက်ပို့ခဲ့ကြခြင်း ဖြစ်သည်။

### ခတ္တိယကျောင်းကြီးတိုက်။

ခတ္တိယမှာ ဧရာဝတီတိုင်း မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် ပါဝင်သော ကျေးရွာတရွာဖြစ်သည်။ သို့ရာတွင် ခတ္တိယသည် မအူပင်ခရိုင် ညောင်တုန်းမြို့နယ်၏ အဆုံး၊ အင်းစိန်ခရိုင် ထန်းတပင်မြို့နယ်၏အဆုံး၊ ဟံသာဝတီခရိုင် တွံတေးမြို့နယ်၏အဆုံး၊ ဒိစတြိတ်သုံးခု ဆုံရာတွင် တည်ရှိသောကြောင့် ထိုနယ်အတွင်း ကုန်သွယ် ကူးသန်း ရောင်းဝယ်သူများဖြင့် စည်ကားနေသော ရွာကြီးတရွာ ဖြစ်လေသည်။ ထိုအချိန်ကပင် အိမ်ခြေ (၃၀၀၀) ကျော်မျှရှိသည်။ ရွာလမ်းများမှာလည်း အလွန်ပင် ကောင်းမွန်သည်။ ချမ်းသာသူများ၏ အိမ်ကြီး ရခိုင်များလည်း ရှိသည်။ အထက်တန်းကျောင်း အပါအဝင် ကျောင်းသုံးကျောင်း ရှိသည်။

မောင်တင်ဦး သွားနေရမည့် ကျောင်းမှာ တွံတေးမြို့နယ်ဘက် အပိုင်းဖြစ်သော ခတ္တိယ ရွာသစ်ပိုင်းမှ အထက်တန်းကျောင်း ဖြစ်သည်။ ညောင်တုန်းမြို့နယ်ဘက် အပိုင်းဖြစ်သော ခတ္တိယ ဈေးတန်းပိုင်းတွင် အလယ်တန်းကျောင်းသာ ရှိသည်။ ထန်းတပင်မြို့နယ်ဘက် ကျွန်းဦးပိုင်းတွင်လည်း အလယ်တန်းကျောင်းသာရှိသည်။ ပညာသင်ကြားရာတွင် ကျောင်းမပြောင်းရွှေ့ရဘဲ တဆက်တစပ်တည်း သင်ကြားနိုင်ရေးအတွက် ခတ္တိယ ရွာသစ်ပိုင်းရှိ အထက်တန်းကျောင်းသို့ မောင်တင်ဦးကို ပို့ကြသည်။ ဦးလေးဖြစ်သူ နေခဲ့သော ကျောင်းပင်ဖြစ်သည်။

အထက်တန်းကျောင်းမှာ ဘုန်းတော်ကြီးကျောင်း၏ ပရဝုဏ်အတွင်း၌ ဖွင့်လှစ်ထားခြင်း ဖြစ်ပြီး ကျောင်းထိုင်ဘုန်းတော်ကြီး ဖြစ်သော ဆရာတော် ဦးနာဃ က ထိုကျောင်း၏ ကျောင်းအုပ်အဖြစ် တာဝန်ယူ ဆောင်ရွက်သည်။ ကျောင်း ဆရာ ဆရာမ (၁၀)ဦး (၁၂)ဦး ခန့်ရှိသည်။

**တချိန်တခါက လောကဓာတ်ကျောင်းများဟု အမည်တွင်ခဲ့သည့် အစိုးရ** အသိအမှတ်ပြု ကျောင်းများထဲမှ တကျောင်းဖြစ်သည်။ နောက်ပိုင်းတွင် အမျိုးသားကျောင်းဖြစ်လာသည်။ ဆရာတော် ဦးနာဃ၏ ဘုန်းတော်ကြီးကျောင်းသည် မောင်တင်ဦးတို့ မိဘ ဘိုးဘွား အစဉ် အဆက်ကပင် ကိုးကွယ်လာခဲ့သည့် ကျောင်းကြီးဖြစ်သည်။ ထိုကျောင်းကြီး၌ ကျောင်းအိပ် ကျောင်းစားအဖြစ် နေထိုင်ရင်း မောင်တင်ဦး အတန်းကျောင်းတက်ရမည် ဖြစ်သည်။ ကျောင်းကြီးမှာ ရဟန်း သံဃာ အတော်ပင်များသော ကျောင်းကြီး ဖြစ်သည်၊ **တနှစ်တနှစ်လျှင် အာဂန္တုအပါး** (၂၀) ကျော် (၃၀)မျှ ထိုကျောင်း၌ ဝါဆိုကြသည်။ မန္တလေး၊ ပခုက္ကူ၊ မြင်းခြံ စသည့် အညာဒေသမှ သံဃာတော် အချို့လည်း လာရောက် ဝါဆိုကြသည်။ ထို့ကြောင့် သံဃာတော်များ၏ ဝေယျာဝစ္စကိစ္စအဝဝကို ကူညီလုပ်ကိုင်ပေးမည့် ကျောင်းသားများအား အမြဲပင် လိုအပ်လျက်ရှိသည်။

ဘုန်းတော်ကြီးကျောင်းတွင် ကျောင်းအိပ်ကျောင်းစား အဖြစ် နေထိုင်ရင်း၊ အထက်တန်းကျောင်းတက်သော ရပ်ဝေး ကျောင်းသားများ ရှိသလို၊ ကျောင်းဘော်ဒါတွင် နေထိုင်သူများလည်း ရှိသည်။ ဘခင်နှင့် ဘွားအေတို့က မောင်တင်ဦးကို ကျောင်းဘော်ဒါတွင်ထားလိုကြသည်။ ဘုန်းတော်ကြီးကျောင်း၌ ရပ်ဝေး ကလေးများပိုမို နေထိုင်နိုင်ကြစေရန် အတွက် ဖြစ်သည်။ သို့ရာတွင် ဘော်ဒါ၌ ထားမည့် အစီအစဉ်ကို ဘုန်းတော်ကြီးက လက်မခံ။ ရင်းနှီးခဲ့ပြီးဖြစ်သော ဆရာဒကာများပီပီ မောင်တင်ဦးကို ၎င်း၏ ကျောင်းတွင် ကျောင်းအိပ် ကျောင်းစား အဖြစ်သာ ထားရှိစေလိုသည်။ သံဃာတော်များ၏ ဝေယျာဝစ္စအလုပ်များကို ကူညီဆောင်ရွက် ပေးစေလို၍လည်း ဖြစ်သည်။ သို့ဖြစ်၍ မောင်တင်ဦးမှာ ရပ်ဝေး ကျောင်းသားများနှင့်အတူ ဘုန်းတော်ကြီး ကျောင်းတွင် နေထိုင်ရင်း ကျောင်းတက်ရလေသည်။ ကျောင်းအိပ် ကျောင်းစား နေထိုင်သူများထဲတွင် ကရင်ကလေးများမှာ အများစု ဖြစ်သည်။

ဘုန်းတော်ကြီး ကျောင်းသည် အတော်ပင် ကြီးမားသော တိုက်ကျောင်း

ကြီး ဖြစ်သည်။ ခတ္တိယရွာတွင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း (၁၀)ကျောင်းခန့် ရှိပြီး၊ မောင်တင်ဦးနေထိုင်ရာ ဘုန်းတော်ကြီးကျောင်းကို ခတ္တိယ ကျောင်းကြီးတိုက် ဟုရင်း၊ ခတ္တိယ တိုက်ကျောင်းဟုရင်း ခေါ်ဆိုကြသည်။

အဘွားနှင့် အဒေါ်များ၏ အိမ်တွင် စားချင်သည့်အချိန်စား၊ အိပ်ချင်သည့်အချိန်အိပ်၊ သွားချင်သည့်နေရာသွားပြီး၊ အရာရာတွင်စိတ်ထင်သလို လုပ်ကာ ဗိုလ်ကျနေခဲ့သော မောင်တင်ဦးအဘို့ စည်းနှင့်ကမ်းနှင့် နေထိုင်ရသော ကျောင်းအိပ် ကျောင်းစားဘ၀အစ၌ အတော်ကလေး အဆင်မပြေ ဖြစ်ခဲ့ရသည်။ စားချိန်၊ အိပ်ချိန်၊ နိုးထရမည့်အချိန်၊ ကျောင်းတက်ရမည့် အချိန်၊ ကူညီလုပ်ကိုင်ရမည့် အချိန်စသည်တို့ကို သတ်မှတ်ထားမှုများ ရှိသည်။ အစစ အရာရာ စည်းနှင့် ကမ်းနှင့်ဖြစ်၍ စည်းကမ်းကို တသွေမတိမ်း လိုက်နာရသည်။ စည်းမဲ့ ကမ်းမဲ့ ပစ်စလက်ခတ်နေလာခဲ့သော မောင်တင်ဦးမှာ စည်းကမ်းတကျ နေထိုင်ရမည့် အခြေအနေသို့ ဖြုန်းစားကြီး ရောက်ရှိသွားရသဖြင့်၊ အတော်ပင် ကသိကအောက် ဖြစ်ရသည်။ သို့အတွက် ကျောင်း၏ စည်းကမ်းကို အခြားသူများ လိုက်နာနိုင်လျှင် မိမိလည်း အများနည်းတူ လိုက်နာနိုင်ရမည်ဟူသော စိတ်ဖြင့် မောင်တင်ဦး ကြိုးစားသည်။

ဘုန်းတော်ကြီး ဦးနာဃ ကလည်း မောင်တင်ဦးကို အတော်ပင် သွန်သင် ဆုံးမ သည်။ ဘုန်းတော်ကြီးသည် မောင်တင်ဦး၏ အခြေအနေကို သိသူ ဖြစ်သည်။ ခတ္တိယမှာ မြန်မာ ဗုဒ္ဓဘာသာများ လွှမ်းမိုးရာ ရွာကြီး ဖြစ်၍ ရွာသူ ရွာသားများမှာ ဘာသာ သာသနာတော်ကို အထူးပင် ကြည်ညို ကိုင်းရှိုင်း ကြသည်။ လပြည့်လကွယ် အဖိတ် ဥပုသ် နေ့များသာမက ကြားရက်များ၌ပင် အလှူရေစက် လက်နှင့်မကွာ ပြုလေ့ရှိကြသည်။ အထူးသဖြင့် လပြည့် လကွယ် အဖိတ် ဥပုသ်နေ့များတွင် ဘုန်းတော်ကြီးများကို အခြားသော ရွာနီးချုပ်စပ် နေရာများသို့ မကြွစေလိုကြ။ ခတ္တိယတွင်ပင် ၎င်းတို့ကိုယ်တိုင် အလှူအတန်း ပြုလိုကြသည်။ သို့ရာတွင် များသောအားဖြင့်မူ ကရင် ဘုန်းတော်ကြီးဖြစ်သော ဦးနာဃသည် ထိုနေ့များ၌ ခတ္တိယမှ အလှူဒါယကာ၊ ဒါယိကာမ များ၏ တောင်းလျှောက် ဖိတ်ကြားမှုကို မေတ္တာ ရပ်ခံ ငြင်းပယ်ကာ ကရင်အများစု နေထိုင်ရာ ကျေးရွာများသို့ ကြွရောက်ချီးမြှင့်တတ်သည်။ ဥပါသိကာဖြစ်သော မောင်တင်ဦး အဘွား၏ အိမ်သို့လည်း မကြာခဏ ကြွရောက်လေ့ ရှိသည်။ မောင်တင်ဦး၏ ဆိုးပေ အနိုင်ကျင့် ဗိုလ်ကျလိုမှုများကို တွေ့မြင် သိရှိထားပြီး မောင်တင်ဦးအား ပဲ့ပြင် ဆုံးမလိုသော ဆန္ဒဖြင့် "မင်း ငါ့ကျောင်းရောက်မှ သိမယ်" ဟု ကြိမ်း၀ါးထားခဲ့သော ပုဂ္ဂိုလ်ဖြစ်သည်။ "ဒကာမကြီး မြေးက အတော်ကြီးနေပြီ၊ ခုထိ ကျောင်းမထားသေးဘူးလား" ဟူ၍လည်း မောင်တင်ဦး၏ အဘွားကို မကြာခဏ သတိပေး ပြောကြားခဲ့သည်။ "ထားမှာပါ ဘုရား။ ထားပါ့မယ်ဘုရား" ဟု ဘွားအေကြီးက ပြန်လည် လျှောက်တင်ရင်းဖြင့် မောင်တင်ဦးမှာ အသက် (၁၀)နှစ် ကျော်ခါမှပင် ဆရာတော် ဦးနာဃ ၏ ကျောင်းသို့ ရောက်လာခဲ့ရခြင်း ဖြစ်သည်။

"ကဲ၊ မင်းတော့ ငါ့လက်ထဲ ရောက်လာပြီ။ မင်းအိမ်မှာလို တော့ ၀ရုန်းသုန်းကား လုပ်လို့မရဘူး။ အတွယ်ခံရမယ်။"

မောင်တင်ဦးကို ကျောင်းအိပ်ကျောင်းစား၊ ကျောင်းသား အဖြစ် လက်ခံလိုက်ပြီးနောက်၊ ဆရာတော်က ဘခင်၊ အဘွားနှင့် အဒေါ်များရှေ့တွင် မောင်တင်ဦးအား စတင်မိန့်ကြားလိုက်သည့် စကားဖြစ်သည်။ "မတော်တာရှိရင် ဆုံးမပါဘုရား" ဟု မောင်တင်ဦး၏ ဘခင်က ကျေကျေနပ်နပ်ကြီးပင် အပ်နှံခဲ့သည်။ မိမိတို့ မထိရက် မရိုက်ရက်ခဲ့သော မြေးကလေး၊ တူကလေး အတွယ်ခံရမည့် အရေးကို မလိုလား ကြသော်လည်း ကျောင်းအုပ်ဆရာကြီး ဖြစ်သည့်အပြင် အစဉ် အဆက် ကြည်ညို ကိုးကွယ်လာခဲ့သော ကျောင်းကြီးမှ ဆရာရင်း ဒကာရင်းများဖြစ်၍ အဘွားနှင့် အဒေါ်များမှာ ခပ်ပြုံးပြုံးဖြင့် ဆိတ်ဆိတ် နေခဲ့ကြရလေသည်။

ဘုန်းတော်ကြီး ဦးနာဃသည် မောင်တင်ဦးအပေါ် အတော်ကလေးပင် ချစ်ခင်သည်။ သို့ရာတွင် မောင်တင်ဦးကို စည်းနှင့် ကမ်းနှင့် နေထိုင် သွားလာ လုပ်ကိုင် ဆောင်ရွက်တတ်စေရန်အတွက် ဖိဖိစီးစီး ကြပ်ကြပ်မတ်မတ် ကိုင်တွယ်ခဲ့သည်။ စည်းနှင့် ကမ်းနှင့် နေရသောကြောင့် ပထမတွင် အတော် ကသိ ကအောက် ဖြစ်ခဲ့ရသော်လည်း နောက်ပိုင်းတွင် မောင်တင်ဦး နေသားတကျ ဖြစ်သွားခဲ့သည်။

# အခန်း (၂)

## [illegible] အရှိုက်

တကြိမ် တခါမျှ ကျောင်းမတက်ခဲ့ရဘူးသော ကျောင်းသားသစ်တို့၏ ထုံးစံအတိုင်းပင်၊ မောင်တင်ဦး သူငယ်တန်းမှ စ၍ နေခဲ့ရသည်။ ကြီးကောင် ကြီးမားဖြင့် သူငယ်တန်းသို့ ရောက်လာသော မောင်တင်ဦးအား မဆရာမ မတင်အိကလည်း ဂရုစိုက် သင်ကြားပေးခဲ့သည်။ အတန်းပိုင်ဆရာမ မတင်အိမှာ ခတ္တိယ ရွာသူပင် ဖြစ်ပြီး ကိုးတန်း စက္ကင်ဒရီ ဆရာမတဦး ဖြစ်သည်။ မူလတန်း အားလုံးကို မကိုင်ဘဲ သူငယ်တန်းကိုသာ သီးသန့် ကိုင်သူ ဖြစ်သည်။

ကျောင်းတွင် ကိုးတန်း စက္ကင်ဒရီ ဆရာ သုံးလေးဦး ရှိသည်။ ဆရာအုန်းမောင်၊ ဆရာ ထွန်းရွှေနှင့် ဆရာ ထွန်း



တောက် တို့မှာ ဆရာမ မတင်အိကဲ့သို့ ကိုးတန်း စက္ကင်ဒရီ များဖြစ်သည်။ ဆယ်တန်း ဟိုက်ဂရိတ်များမှာ ခတ္တိယ ဆရာအုန်းမောင်၊ ဆရာထွန်းအေး၊ ဆရာထွန်းဖေ၊ ဆရာ ဖေခိုင်၊ ဆရာမ မစိန်အိ စသည့် ဆရာ ဆရာမများဖြစ်သည်။ ဆရာ ဆရာမတို့၏ အမည်မှာ မတိမ်းမယိမ်း တွေချည်း ဖြစ်သောကြောင့် မှတ်ရ လွယ်သည်။ တနည်းအားဖြင့်ဆိုရလျှင် ခပ်ဆင်ဆင် အမည်တွေချည်းဖြစ်သောကြောင့် အရောရောအထွေးထွေး မသဲမကွဲ ဖြစ်စေသည်။ အမည်ရှေ့စာလုံးတွင် 'ထွန်း'ပါသော ဆရာတွေချည်း (၄)ယောက်ရှိသည်။ 'ဖေ'ပါသော ဆရာ (၂)ယောက်၊ 'အိ'ပါသော ဆရာမ (၂)ယောက်ရှိသည်။ ထို့အပြင် ဆရာအုန်းမောင်ဟူသော အမည်ဖြင့် ဆရာနှစ်ယောက် ရှိသည်။ မူလတန်းပြသည့်ဆရာအုန်းမောင်မှာ ဝါးခယ်မသားဖြစ်သည်။ ထို့ကြောင့် ဝါးခယ်မ အုန်းမောင်၊ ခတ္တိယအုန်းမောင် ဟူ၍ ခွဲခြားခေါ်ဝေါ်ကြသည်။ ခတ္တိယ အုန်းမောင်မှာ အထက်တန်းပြ ဆရာဖြစ်သည်။

ကျောင်းဆရာ ဆရာမ အားလုံးမှာ ဗမာများသာ ဖြစ်သည်။ ကျောင်းအုပ်ဖြစ်သော ဘုန်းတော်ကြီး ဦးနာဃမှလွဲ၍ ကရင် တဦးမျှမပါ။ ကျောင်းတွင် ကျောင်းသား ကျောင်းသူပေါင်း (၄၀၀)ကျော်၊ (၅၀၀)ခန့် ရှိသည်။ မူလတန်းနှင့် အလယ်တန်းတွင် မိန်းကလေးတွေ ပို၍များသည်။ ကရင် ကျောင်းသားမှာ ဆယ့်လေးငါး ဦးမျှသာ ရှိသည်။

အသက်ကြီးခါမှ ကျောင်းနေရသော်လည်း စာပေ သင်ကြားရသည်ကို မောင်တင်ဦး ဝါသနာပါသည်။ ပျော်ပိုက်သည်။ ကျောင်းသို့ မရောက်သေးမီ နှစ်များက အိမ်မှာနေရင်း ဦးလေးနှင့် အဒေါ်များ၏ ဝိုင်းဝန်း သင်ကြားပေးခဲ့သည့် အခံရှိထားသည့်အပြင် ဆရာမ မတင်အိကလည်း ဂရုတစိုက် သင်ပြပေးသည့်အတွက် ထိုနှစ် တနှစ်တည်းမှာပင် သူငယ်တန်းမှ ပထမတန်းသို့ တင်ပေးခြင်းခံရပြီး ပထမတန်းကိုပါ အောင်မြင်ခဲ့သည်။ လောကဓါတ် ကျောင်းများခေတ်ကမူ ကျောင်းအုပ်ဘုန်းကြီးကသော်၎င်း၊ ဆရာ ဆရာမ များကသော်၎င်း အတန်းတင်ပေးခြင်း၊ ချလိုက်ခြင်း မပြုနိုင်ကြချေ။ ပညာအုပ် တဦးဦးကလာရောက် စစ်ဆေး၍သာ အတန်းတင်ခြင်း အတန်းချခြင်းကို ပြုလုပ်နိုင်သည်။

နောက်တနှစ်တွင် ဒုတိယတန်းသို့ တက်ရသည်။ ဆရာထွန်းရွှေ၏ အတန်း။ ဆရာထွန်းရွှေမှာ စိတ်ရင်းစေတနာ ကောင်းသည်။မောင်တင်ဦးတို့ ကရင်ရွာများနှင့် ဆရာထွန်းရွှေတို့ ဗမာရွာ များမှာ နီးကပ်စွာ ရှိနေကြ၍ မောင်တင်ဦး၏ ဘွားအေဒေါ်စိန်လှဲ့ကို ဆရာထွန်းရွှေက ရင်းနှီးသိကျွမ်းထားပြီး ဖြစ်သည်။ မောင်တင်ဦး အပေါ်တွင်လည်း နားလည် ခွင့်လွှတ်မှုရှိပြီး အခြားသူများ နည်းတူ တနှစ်တတန်း အောင်မြင်နိုင်ရေးအတွက် ဖိဖိစီးစီး သင်ကြားပေးသည်။ ထို့နောက်တွင် (၃)တန်း နှင့် (၄)တန်းနှစ်များကို ဆရာထွန်းတောက်ထံတွင် သင်ယူခဲ့ရသည်။ (၄)တန်း၌ သင်ကြားနေစဉ်အတွင်း ရန်ကုန်တွင် ကျောင်းသားလှုပ်ရှားမှု ပြဿနာများ ပေါ်ပေါက်လာခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်၏ လက်အောက်မှ လွတ်မြောက်လိုသည့် အမျိုးသားရေး လှုံ့ဆော်မှု တရားများကို ကောလိပ်ကျောင်းသား များက ဦးစီး ဟောပြောသည်။ ကိုအောင်ကျော်၊ ကိုလှရွှေ၊ ကိုသိန်းအောင်၊ ကိုဗဟိန်း၊ ကိုဗဆွေ စသူတို့က ရန်ကုန်အပါအဝင် အနယ်နယ်အရပ်ရပ်သို့ ဆင်းကာ ကျောင်းသားများ သပိတ်မှောက်ရေး စည်းရုံး လှုံ့ဆော်ကြသည်။ နယ်ချဲ့ဆန့်ကျင်ရေး သပိတ်မှောက် တိုက်ပွဲများ ပေါ်ပေါက်လာမည့် လက္ခဏာများကို တွေ့မြင်နေရလေသည်။ အမျိုးသား ကျောင်းများ သပိတ်မှောက်ကြသည်။

ခတ္တိယမှာ ရန်ကုန်နှင့် နေ့ချင်းခရီးသွားလာနိုင်သော ရွာကြီးဖြစ်၍ ရန်ကုန်မှ လာသည့် သတင်းစာများ၊ ရန်ကုန်သို့ သွားလာနေသူများထံမှ သတင်းစကားများကို နေ့စဉ်နှင့် အမျှ ကြားသိနေရသည်။ မောင်တင်ဦးတို့ကျောင်းမှ ဆရာများဖြစ်သော ခတ္တိယ အုန်းမောင်၊ ဝါးခယ်မ အုန်းမောင်၊ ဆရာထွန်းတောက် စသူတို့မှာ ဒို့ဗမာ အစည်းအရုံးဝင် သခင် လူငယ်များဖြစ်၍ နိုင်ငံရေးအသိ နိုးကြား တက်ကြွကြသူများ ဖြစ်သည်။ မောင်တင်ဦးတို့ ကျောင်းသားများကိုလည်း အင်္ဂလိပ် နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓါတ်များ၊ ကိန်းအောင်းစေရန် မကြာခဏ ဟောပြော လှုံ့ဆော်မှုပြုခဲ့သူများ ဖြစ်သည်။ ထိုဟောပြော လှုံ့ဆော်မှုများသည် မောင်တင်ဦးအား နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေး အတွေးအခေါ်ကို ဖြစ်ပေါ်စေပြီး အင်္ဂလိပ် စာကိုပင် သင်ရမှာ ရှက်သည့် တဘက်စောင်းနင်း စိတ်ဓါတ်ကို ဖြစ်ပေါ်စေခဲ့သည်။

ကျောင်းမှာ စာကြည့်တိုက်ရှိသည်။ နဂါးနီ၊ အိုးဝေ စသည့် ဂျာနယ် မဂ္ဂဇင်းများအပြင် ဗမာ့ခေတ်၊ သူရိယ အစရှိသော သတင်းစာများကို နေ့စဉ်ယူသည်။ ကျောင်းစာကြည့်တိုက်သို့ အလယ်တန်းနှင့် အထက်တန်း ကျောင်းသားများသာမက သုံးလေးတန်းရှိသော မူလတန်းကျောင်း သားများထဲမှ စိတ်ပါဝင်စားသူ၊ စာပေ ဝါသနာပါသူများလည်း သွားရောက် ဖတ်ရှုနိုင်ကြသည်။ ထိုစဉ်က မြန်မာ့ အမျိုးသားရေး လှုပ်ရှားမှု၊ သပိတ်မှောက်မှု၊ ပြည်တွင်းရေး အခြေအနေများအပြင် အဘီးဆီးနီးယား (အီသီယိုး ပီးယား)နှင့် အီတလီတို့ စစ်ဖြစ်နေသည့် သတင်း များလည်း ပါရှိနေသည်။ စစ်ရေးနိုင်ငံရေး သတင်းများကို မောင်တင်ဦး အထူးပင် စိတ်ဝင်စားခဲ့လေသည်။

ဆရာထွန်းတောက်၏ ဟောပြော သင်ကြားပြသမှုများဖြင့် (၄)တန်းကို အခက်အခဲမရှိ အောင်မြင်လာပြီး နောက်တွင် ဆရာထွန်းအေးလက်သို့ မောင်တင်ဦးရောက်သည်။ ဆရာထွန်းအေးမှာ (၅)တန်း (၆)တန်းကို သင်ကြားသည့် ဆရာဖြစ်သည်။ မောင်တင်ဦး (၅)တန်းရောက်သည့်နှစ်တွင်ပင် ရန်ကုန်နှင့်အခြားမြို့နယ်များမှ ကျောင်းများ သပိတ်မှောက်ကြသည့်အတွက် ၎င်းတို့ကျောင်းများပါ သပိတ်မှောက်ကြရမည့် အခြေအနေမျိုး

ဖြစ်ပေါ်လာခဲ့သည်။

## သခင်မျိုးဟော့ - ဒို့ ဗမာ။

အချိန်မှာ ၁၉၃၈ ခုနှစ် ကုန်ခါနီး ဖြစ်သည်။ ရန်ကုန်ရှိ အတွင်းဝန်ရုံးကို၊ တက္ကသိုလ် သမဂ္ဂ ခေါင်းဆောင်များနှင့် ကိုအောင်ကျော်အပါအဝင် ကျောင်းပေါင်းစုံမှ ကျောင်းသူ ကျောင်းသား တသောင်းကျော် ဝိုင်းဝန်း ဆန္ဒပြခဲ့ကြသည်။ ရန်ကုန်နှင့် မကွေးတွင် ပုဒ်မ ၁၄၄ ထုတ်ပြန်ထားမှုကို ရုတ်သိမ်းရန်နှင့် ဖမ်းဆီးထားသော ကျောင်းသား ခေါင်းဆောင်များကို လွှတ်ပေးရန် အစိုးရထံ ဆန္ဒပြ တောင်းခံကြခြင်း ပင်ဖြစ်သည်။ ၁၃၀၀ပြည့် အရေးတော်ပုံကို ဖန်တီးရန်အတွက် ရေနံမြေ သပိတ်သမားများ တရားဟော လှုံ့ဆော်မှုဖြင့် တက္ကသိုလ် သမဂ္ဂ ဥက္ကဋ္ဌ ကိုဗဟိန်းနှင့် အတွင်းရေးမှူး ကိုဗဆွေတို့ကို အစိုးရက ဖမ်းဆီးထားခဲ့သည်။ ကိုအောင်ကျော် အပါအဝင် သမဂ္ဂ အမှုဆောင်အဖွဲ့က အစိုးရထံမှ ပြန်လည် တောင်းခံသည်။ မရသောအခါ ရန်ကုန်ရှိ ကျောင်းပေါင်းစုံမှ ကျောင်းသားများကို မြို့မ ကျောင်းဝင်းအတွင်း စုရုံးပြီး ပုဒ်မ (၁၄၄)ကို ကန့်ကွက်သောအားဖြင့် စီတန်းလမ်းလျှောက် ဆန္ဒပြ ကြွေးကြော်စေခဲ့သည်။ ထိုသို့ ကြွေးကြော်၍ မရသောအခါတွင်မှ နောက်တဆင့်တက်ကာ အစိုးရ အုပ်ချုပ်ရေး ယန္တယား၏ အချက်အခြာ ဖြစ်သော အတွင်းဝန်ရုံးကို အာဏာဖီဆန်သည့် အနေဖြင့် ဝိုင်း ခဲ့ကြခြင်းဖြစ်သည်။ အတွင်းဝန်ရုံး၏ အုပ်ချုပ်ရေး ယန္တယား ရပ်ဆိုင်းသွားပြီး ရုံးကို ပိတ်လိုက်ရသည်။ ရည်မှန်းချက် အောင်မြင်သွားသဖြင့် ကျောင်းသားများ လှည့်ပြန်စဉ်တွင် နယ်ချဲ့ လက်ပါးစေ ပုလိပ်များက နံပတ်တုတ်ဖြင့် အတင်း ဝင်ရောက်ရိုက်နှက်သောကြောင့် ကိုအောင်ကျော် အပါအဝင် ကျောင်းသား ကျောင်းသူ (၂၀၀)ကျော် ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာ ပြင်းထန်သော ကိုအောင်ကျော်မှာ ဆေးရုံ၌(၂)ရက်ကြာ ဝေဒနာခံရပြီး ကွယ်လွန်သွားသည်။ အမျိုးသားရေး အတွက် ကြိုးစားလုပ်ဆောင် ဆန္ဒပြ တိုက်ပွဲဝင်ရင်း နယ်ချဲ့လက်ပါးစေများ၏ လက်ချက်ဖြင့် ကျဆုံးသွားရသောကြောင့် ကျောင်းသား ကျောင်းသူများ မခံမရပ်နိုင်ဖြစ်ကြသည်။ အမျိုးသားရေး စိတ်ဓါတ် ပိုမို ပြင်းထန်လာကြသည်။ ရန်ကုန်နှင့် အခြားမြို့နယ်များရှိ ကျောင်းများတွင် သပိတ်မှောက် ဆန္ဒပြမှုများ ပြုလုပ်လာကြသည်။ ကိုအောင်ကျော်အား အမျိုးသားရေးအတွက် ကြိုးပမ်းလှုပ်ရှားသော ခေါင်းဆောင် အာဇာနည် တဦးအနေဖြင့် လူထုက အသိအမှတ်ပြုကြပြီး ဗိုလ်အောင်ကျော်ဟု ခေါ်ကြသည်။

ဗိုလ်အောင်ကျော် ကျဆုံးရာတွင် မောင်တင်ဦးတို့ ရွာသစ်ပိုင်း အထက်တန်းကျောင်းကလည်း သပိတ် မှောက်ခဲ့သည်။ ဈေးပိုင်းနှင့် ကျွန်းဦးပိုင်းမှ အလယ်တန်းကျောင်းများကမူ မမှောက်ခဲ့ကြချေ။ သို့ဖြစ်၍ မောင်တင်ဦးတို့ကျောင်းက သပိတ်မှောက် ကော်မတီကိုဖွဲ့ကာ၊ သပိတ်မမှောက်ဘဲနေသော ကျောင်းများအား သပိတ်တားရန် တာဝန်ယူရမည်ဟု အထက်က ညွှန်ကြားကြောင်း ထုတ်ပြန်ခဲ့သည်။

ထိုအချိန်တွင် မောင်တင်ဦးမှာ (၁၅)နှစ် (၁၆)နှစ် လူပျိုပေါက်အရွယ် ရောက်နေပြီ ဖြစ်သည်။ မိမိထက် ကျောင်းနေစောသော်လည်း အတန်းတင် စာမေးပွဲများတွင် မကြာခဏ ကျရှုံးသောကြောင့် မိမိနှင့် အသက်အရွယ် မတိမ်းမယိမ်း သူငယ်ချင်းများ၊ သက်တူ ရွယ်တူ သူငယ်ချင်း အတန်းဖော်များလည်း ရှိနေပြီဖြစ်သည်။ ဆရာတော် ဦးနာဃ၏ ကြပ်ကြပ်မတ်မတ် ဆုံးမသွန်သင်မှုများကြောင့် ငယ်စဉ်ကလို တဇွတ်ထိုး အနိုင်ကျင့် လုပ်ဆောင်တတ်မှုများ မရှိတော့သလောက် နည်းပါးသွားသဖြင့် ခင်မင် ရင်းနှီးသူတွေလည်း အတော်ပင် ရှိသည်။ ဆန္ဒပြရာတွင် မောင်တင်ဦးသည် အတန်းဖော် သူငယ်ချင်းများ၏ ရှေ့မှနေ၍ အလံကိုကိုင်ကာ ချီတက် ကြွေးကြော်ခဲ့သည်။

ရွာသစ် အထက်တန်းကျောင်းမှာ သုံးရောင်ချယ် ဒေါင်းအလံတွေ အတော်များသည်။ အတန်းတတန်းကို အလံတခု ကိုင်နိုင်ကြသည်။ သုံးရောင်ချယ် အလံများကို လွှင့်ထူလျက် ခတ္တိယ တခွင်လုံး နှံ့အောင် ချီတက် လှည့်လည် ကြွေးကြော်ခဲ့ကြသည်။ ခတ္တိယ ရွာသစ်ပိုင်းမှ အစပြု၍ ဈေးပိုင်း မာလာကုန်းပိုင်း၊ အုတ်ဖိုပိုင်း၊ ကျွန်းဦးပိုင်း၊ ဖို့တာပိုင်း၊ မြခင်းပိုင်း စသဖြင့် ခတ္တိယ ရွာကြီးအတွင်းရှိ အပိုင်းများအနှံ့ လှည့်လည်ခဲ့သည်။ ထိုစဉ်က ခတ္တိယမှာ ညောင်တုန်းမြို့ထက်ပင် ကြီးသည်ဟု မောင်တင်ဦးယူဆသည်။ ရွာခံ လူများထဲတွင်လည်း ပညာတတ် (၉)တန်း (၁၀)တန်းသမားတွေ အတော်ကလေး ရှိသည်။ ၎င်းတို့အထက်တန်းကျောင်းမှ လှည့်လည် ကြွေးကြော်ခဲ့သည့် သပိတ်မှောက် တိုက်ပွဲကို ရွာခံများက ကြည့်ရှု အားပေး ထောက်ခံခဲ့ကြသည်။

'ဘဦး၊ ဘမော်' ... 'အလိုမရှိ၊'

'နယ်ချဲ့လက်ပါးစေ' ... 'အလိုမရှိ၊'

'ဗိုလ်အောင်ကျော် သတ်တဲ့သူတွေကို' ... 'လက်စားချေမယ်၊'

'ကမ္ဘာကြေသော်လည်း'...'ဥဒါန်းမကြေ'

'သခင်မျိုးဟော့' ... 'ဒို့ဗမာ၊'

စသည်ဖြင့် ရှေ့မှ ဦးဆောင်တိုင်ပေးသူများ၏ အစီအစဉ်ဖြင့် ကြွေးကြော် အော်ဟစ်ခဲ့ရသည်။ မောင်တင်ဦးကလည်း အလံကို လွှင့်ထူလျှောက်ရင်း ရှေ့မှ တိုင်ပေးသည့် အတိုင်း လိုက်အော်ခဲ့သည်။ အတိုင် အဖောက် တခုစီတိုင်းကို (၂)ခါအော်ရသည်။



အတိုင်အဖောက်များအားလုံး စေ့သွားလျှင် အစကနေ ပြန်အော်ရသည်။ ထပ်ပြန်တလဲလဲ အော်ကာ ရွာကို လှည့်လည် နေရင်းမှ 'သခင်မျိုးဟေ့' ... 'ဒို့ဗမာ' ဟူသော အတိုင်အဖောက်ကို မောင်တင်ဦး ဘဝင်မကျ ဖြစ်လာသည်။ ရှေ့မှနေ၍ 'သခင်မျိုးဟေ့'ဟု တိုင်လိုက်လျှင် ထုံးစံအတိုင်းပင် 'ဒို့ဗမာ'ဟု လိုက်အော်ရသည်။ အစပိုင်းတုံးကတော့ မောင်တင်ဦး လိုက်အော်နေခဲ့သေးသည်။ ထို့နောက်တွင်မူ 'ဒို့ဗမာ' 'ဒို့ဗမာ' ဟု အော်နေရင်းမှ မောင်တင်ဦး ကပ်သီးကပ်သပ် စဉ်းစားမိလာသည်။

"သခင်မျိုးဟေ့ ဒို့ဗမာ ဆိုတာ၊ ဗမာတွေကတော့ အော်လို့ ကောင်းတာပေါ့။ သူတို့က ဗမာဘဲ။ ဒို့ဗမာ၊ ဒို့ဗမာနဲ့ ငါက လိုက်အော်နေရတာ၊ ငါ ဗမာမှ မဟုတ်ဘဲ။ ငါကရင်ဘဲဟာ။ နယ်ချဲ့တွေကို ဆန့်ကျင်တဲ့ ဗမာတွေဟာ သခင်မျိုး ဖြစ်လို့ရှိရင်၊ ငါတို့လည်း နယ်ချဲ့ကို ဆန့်ကျင်နေတာဘဲ။ ငါတို့ကော သခင်မျိုး မဟုတ်ဘူးလား။ ဗမာတွေချည်း သခင်မဟုတ်ဘူး။ ကရင်လည်း သခင်ဖြစ်တာဘဲ။" ဟု မောင်တင်ဦး တွေးသည်။ ထို့ကြောင့် ရှေ့မှနေ၍ "သခင်မျိုးဟေ့"ဟု တိုင်သံပေါ်ထွက်လာသည့်အခါတိုင်း၊ မောင်တင်ဦးက "ဒို့ကရင်"ဟု လိုက်အော်သည်။ ပထမတော့ အများအော်သံကြားထဲတွင် ရောထွေးနေသည့် အသံမို့ အခြားသူများက အမှတ်တမဲ့ ဖြစ်နေကြသော်လည်း၊ ထိုတိုင်သံ ပေါ်ထွက်လာသည့် အခါတိုင်း မောင်တင်ဦးအသံက ပိုပို ကျယ်လာသောကြောင့် နောက်ပိုင်း၌ သတိထားမိလာကြသည်။ ထိုအပိုဒ်ရောက်လျှင် မောင်တင်ဦးကလည်း အသံကို ပို၍ မြှင့်သည်။ ရှေ့မှ ချီတက်ကြွေးကြော်နေကြသော၊ ကျောင်းသားအချို့က လှည့်ကြည့်ကြသည်။ အချို့ ပြုံးကြသည်။ အချို့ မျက်စောင်းထိုးသည်။ လေးလေးနက်နက် ဆန္ဒပြ ကြွေးကြော်ရမည့်နေရာတွင် နောက်တီး နောက်တောက်လုပ်သည်ဟု ထင်မှတ်သွားကြပုံရသည်။ နောက်မှပါလာသည့်အတန်းဖော်သူငယ်ချင်းများထဲမှ အချို့ကမူ "ဒီကရင် ဘာတွေ လျှောက်အော်နေတာလဲ" "ခွေးကရင်"ဟု ရင်းရင်းနှီးနှီးပင် ဩဘာပေးခဲ့ကြသည်။

## ပင်ကိုယ်အရည်အသွေး။

သပိတ် မှောက်သည့် နေ့က အတွေ့ အကြုံများကို မည်သည့်အချိန်၌မဆို မောင်တင်ဦး ခရေစေ့တွင်းကျ ပြန်ပြောနိုင်သည်။ ရွာရိုးတလျှောက် လှည့်လည်ကြွေးကြော်ပြီးနောက် ကျောင်းသို့ ပြန်ခဲ့ကြပြီး ကိုင်ဆောင်လှည့်လည် ခဲ့ကြသော အလံများကို ကျောင်းအားကစားကွင်း အရှေ့တွင် စိုက်ထူကာ တရား ဟောပွဲ ပြုလုပ်ခဲ့ပုံ၊ တွံတေးမှ ကျောင်းအုပ်ဆရာကြီး ဦးသန်းစိန်၊ မိမိတို့ကျောင်းမှ ဝါးခယ်မ ဆရာအုန်းမောင်နှင့် ကျောင်းသား သပိတ် ကော်မတီ ဥက္ကဋ္ဌ မောင်တင်မြင့်၊ ဆယ်တန်းကျောင်းသူ မခင်စန်းတို့ တရားဟောပြောကြပုံ ဘုန်းတော်ကြီးအချို့လည်း လာရောက် ဟောပြောခဲ့ပုံ အဖြစ်အပျက် အားလုံးကို မောင်တင်ဦး အသေးစိတ် မှတ်မိနေသည်။

နိုင်ငံရေးနှင့် ပတ်သက်သည့် သတင်းများကို စိတ်ဝင်စားခြင်း၊ နိုင်ငံရေး လှုပ်ရှားမှုများတွင် တက်တက်ကြွကြွ ပါဝင်တတ်ခြင်း၊ ဆွေးနွေး ဟောပြောပွဲများကို ဂရုတစိုက် နားထောင်တတ်ခြင်း၊ ဟောပြောသူများနှင့် ၎င်းတို့ ဟောပြောသည့် အကြောင်းအရာများကို နှစ်ကာလကြာမြင့်စွာ မှတ်သားနိုင်ခြင်း၊ အခြားသူများအား ပြန်လည် ဆွေးနွေး ပြောကြားနိုင်ခြင်း စသည်တို့မှာ မောင်တင်ဦးအနေဖြင့် တမင်တကာ လေ့ကျင့် ယူခဲ့ရခြင်း မရှိသော မွေးရာပါ အရည်အချင်းများ ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ကလေးဘဝက မပီပြင်မထင်ရှားခဲ့သော ထိုအရည်အသွေးသည် အထက်တန်းကျောင်းမှ ဆရာများ၏ ကျေးဇူးဖြင့် ပေါ်လွင်တောက်ပ လာသည်။ အမျိုးသားရေး အသိစိတ်ဓါတ် ရင့်သန်စေရန် ဆရာများက ဦးဆောင် ပညာပေးမှုများအပေါ်တွင် မောင်တင်ဦး၏ စိတ်ပါ လက်ပါ ရှိမှု ပင်ကိုယ်ဓါတ်ခံကြောင့် နိုင်ငံရေး အသိအမြင်များ ပိုမို နိုးကြွလာခဲ့ခြင်းဖြစ်သည်။ ခတ္တိယသို့ သခင်ဗစိန်နှင့် သခင်နုတို့ လာခဲ့ကြသေးသည်။ သခင်ထွန်းရှိန် (သံမဏိထွန်းရှိန်)* ဆိုလျှင် မောင်တင်ဦးတို့ ကျောင်းသို့ နှစ်ခေါက်ရောက်ဘူးသည်။ ထိုသခင်များ မလာခင် ရွာမှ လူကြီးများအား ကြိုတင် အကြောင်းကြားထားသည်။ ထိုအခါတွင် မောင်တင်ဦးတို့ကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် အရပ်ထဲမှ ကာလသား ကာလသမီးများက အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်းများဖြင့် ကခုန် ဆီးကြိုဘို့ရန် ပြင်ဆင်ရသည်။ သခင်များလာသောအခါ ကျေးရွာ လူထုများနှင့် ကျောင်းသူ ကျောင်းသားများအားလုံး စစ်ကြောင်းများ ဖွဲ့လျက် ခတ္တိယ သင်္ဘောဆိပ်မှာ ဆင်းကြိုကြသည်။ ပန်းကုံးစွပ်ကြသည်။ ထို့နောက် တီးမှုတ် ကခုန်ကာ အထက်တန်းကျောင်း အားကစားကွင်းကြီးထဲတွင် ကြိုတင်ပြင်ဆင် ထားသော အခမ်းအနားရှိရာသို့ သခင်များကို ခေါ်သွားကြသည်။ ထိုနေရာ၌ သခင်များက မိန့်ခွန်းပြောကြသည်။ ထို့နောက်တွင် မောင်တင်ဦး ကျောင်းအိပ် ကျောင်းစား နေထိုင်သည့် တိုက်ကျောင်းကြီး၌ပင် သခင်တွေကို ကျွေးမွေး ဧည့်ခံသည်။ ကျောင်း၌ နားနေစဉ်တွင် ရွာထဲမှ လူကြီးများအပါအဝင် ဆရာအချို့နှင့် ကျောင်းသားအချို့က သခင်များနှင့် မေးမြန်း ဆွေးနွေးကြသည်။ တိုင်းရေး ပြည်ရေးကို စိတ်ဝင်စားသော မောင်တင်ဦးမှာ တိုင်းကျိုး ပြည်ကျိုး ဆောင်ရွက် နေသည့် သခင်များကို မည်သူ့၌ မည်သည့် အကျင့်စရိုက်များ ရှိမှန်း မသိရသေးမီပင် အကြွင်းမဲ့ကြည်ညို အားကျခဲ့လေသည်။

ကျောင်းတွင်း၌ ဆွေးနွေး ဟောပြောပွဲများ မကြာခဏ လုပ်သည့်အပြင်

---

သံမဏိ ထွန်းရွှေမှာ နောက်ပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်း တို့ရဲဘော်သုံးကျိပ်ထဲတွင် တဦးအပါအဝင် ဖြစ်ပြီး ဗိုလ်ရန်နိုင်ဟု အမည်ရခဲ့သူဖြစ်သည်။

အမျိုးသားရေး အသိစိတ် ဓါတ်နှင့် ပတ်သက်၍ငြင်း အမျိုးသား ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးနှင့် ပတ်သက်၍ငြင်း၊ စကားရည်လုပွဲများလည်း ရံဖန် ရံခါ ပြုလုပ်လေ့ရှိသည်။ ကျောင်းတွင် တပင်ရွှေထီး၊ ဘုရင့်နောင်၊ ဗန္ဓုလ၊ ကျန်စစ်သား၊ အနော်ရထာ စသည့် အသင်းများကို ဖွဲ့ထားသည်။ အားကစားအတွက်သာ မဟုတ် စကားရည်လုပွဲလုပ်သောအခါ တွင်လည်း ထိုအဖွဲ့များ ကိုပင် ကိုယ်စားပြု၍ ယှဉ်ပြိုင်စေသည်။

ထိုအချိန်က မောင်တင်ဦးမှာ ဆဋ္ဌမတန်းသို့ ရောက်ရှိနေပြီဖြစ်သည်။ ကျောင်းရှိအသင်းများကို ကိုယ်စားပြုကာ စကားရည်လုပွဲလုပ်ရန်အတွက် လူရွေးချယ်ရာတွင် တပင်ရွှေထီးအသင်းမှ မောင်တင်ဦးလည်း ပါဝင်ခဲ့သည်။ အမျိုးသား ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးနှင့် ပတ်သက်သည့် စကားရည်လုပွဲဖြစ်သည်။ အမျိုးသား ဝတ်စုံကို ဝတ်ဆင်ကြဘို့ အဆိုနှင့် ထိုအဆိုကို ပြန်လည် ချေပကာ ခေတ်မီမီ ဝတ်စားဆင်ယင်သင့်ကြောင်း အဆိုတင်မှုများဖြစ်သည်။ တဘက်နှင့် တဘက် အဆိုများကို အပြန်အလှန် ဆွေးနွေး ချေပရသည်။ နှစ်ဘက်စလုံးမှာ ချက်ပိုင်ပိုင် ပြောနိုင်စရာတွေ တပုံတပင်ရှိသည်။ ထောက်ပြစရာ အားနည်း ချို့ယွင်းမှုတွေ လည်းရှိသည်။ မောင်တင်ဦးက အဆိုဘက်မှ ပြောရမည် ဖြစ်သည်။ ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး ဟူသည့် ဦးတည်ချက်မှ လမ်းမလွဲအောင် ပြောဆိုနိုင်ဘို့ လိုသည်။ အပြောမတတ်ပါက အခြေဘက်မှ နိုင်သွားပြီး ပြိုင်ပွဲ၏ ရည်ရွယ်ချက်ပျောက်သွားနိုင်သည်။ ထို့ကြောင့် စကားရည်လုပွဲအတွက် ပြင်ဆင်သည့် အနေဖြင့် စာကြည့်တိုက်သို့သွားကာ ဟိုစာအုပ်လှန် ဒီစာအုပ်လှန် မှီငြမ်းကိုးကားခြင်း၊ မိမိထက် အတွေ့အကြုံ အသိဉာဏ် မြင့်မားသူများကို ချဉ်းကပ် မေးမြန်းခြင်းများ ပြုလုပ်ခဲ့ရသည်။ အညံ့မခံချင်သော စိတ်ဖြင့် သူများပြောသလို ကိုယ်လည်း ပြောနိုင်အောင် သူများဆင်သလို ကိုယ်လည်း ဆင်နိုင်အောင် ကြိုးစားလေ့လာခဲ့ရသည်။ (၈)တန်း၊ (၉)တန်း၊ (၁၀)တန်းစသော မိမိထက် အတန်း မြင့်သူများနှင့် တွဲဖက် ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် စာသင်ခန်း၏ ပြင်ပ ပတ်ဝန်းကျင် ဗဟုသုတ စာပေများ မပါဝင်ပါက အလုပ်ဖြစ်မည် မဟုတ်ချေ။

စကားရည်လုပွဲလုပ်သောအခါ မောင်တင်ဦးတို့ အဆိုဘက်က အနိုင်ရရှိသည်။ လူသူ ပရိသတ်ရှေ့တွင် ပထမ ဦးဆုံးအကြိမ်အဖြစ် ပွဲတိုး ဟောပြောခဲ့ခြင်းဖြစ်သော်လည်း မောင်တင်ဦးမှာ လေ့လာထားသော အကြောင်းအရာများကို ချက်ပိုင်ပိုင် ပြောဆို အသုံးချနိုင်သည့်အပြင် လက်ဟန် ခြေဟန် ကိုယ်ဟန်သာမက မျက်နှာ အမူအယာနှင့် သံနေသံထားများဖြင့်ပါ သရုပ်ပါပါ ပြောဆိုသွားသည့်အတွက် ဆရာများပင် အံ့သြခဲ့ရသည်။ လက်ပြတ်အင်္ကျီဝတ်ပြီး ချိုင်းပေါ်ပုံ၊ ဘရာစီယာဝတ်လျက် ရင်မို့မောက်နေပုံ၊ ခါးပေါ်ပုံတို့ကို ဟန်ပါပါ ပြောဆို သွားသောကြောင့် ကျောင်းသားများ၊ ဆရာ ဆရာမအချို့နှင့် ဧည့်သည် ကျေးရွာလူထု ပရိသတ်အချို့မှာ တဝါးဝါး တဟားဟားဖြင့် သဘောကျခဲ့ကြသည်။ စကားရည်လုပွဲပြီးသည့်နောက်တွင် ဆရာများက အထူးတလည် ဝေဖန်ချက် မပေးသော်လည်း ကျောင်းသူ အမျိုးသမီးထုမှာမူ မောင်တင်ဦးအား နည်းနည်းကလေးမျှ ကြည့်လို့မရတော့ချေ။

## မကျင်လွှမ်

မိန်းကလေးများနှင့် ပတ်သက်၍မူ မောင်တင်ဦး သိပ်ပြီး ဂရုမစိုက်ခဲ့။ သိပ်ပြီး ဂရုမစိုက်ခဲ့ဟုဆိုသော်လည်း လူပျိုပေါက် အရွယ်ဖြစ်သော မောင်တင်ဦးသည် ထုံးစံအတိုင်းပင် အပျိုပေါက်များ၊ အပျိုများနှင့် တွေ့ကြုံရသဖြင့် အနည်းငယ်တော့ ဂရုစိုက်ခဲ့ရသည်။ အဒေါ်အပျိုများ၏ လက်ထဲတွင် ကြီးလာရသူ ဖြစ်သောကြောင့် မိန်းကလေးများနှင့် ဆက်ဆံပြောဆိုရာတွင် မောင်တင်ဦး ရှိုးတိုး ရှန့်တန့် မရှိတတ်။ မိန်းကလေးများ၏ သဘောထားကိုလည်း နီးနီးစပ်စပ် အကဲခတ်နိုင်သည်။ သို့ရာတွင် မောင်တင်ဦး မရှုပ်ခဲ့ချေ။

ကျောင်းနေစဉ်ကာလ မောင်တင်ဦးနှင့် ရည်းစားဖြစ်ခဲ့သည့် မိန်းခလေးဟူ၍ ရင်းနှီးသော မိတ်ဆွေများက ယူဆခဲ့ကြသူမှာ တရုပ် ကပြားမကလေး မကျင်လွှမ် ဖြစ်သည်။ ဗမာ – တရုပ် ကပြား မလေးဖြစ်၍ သူ့မိဘ နှစ်ဦးစလုံး၏ အမျိုးသားရေး စိတ်ဓါတ်များ သူ့မှာ ရှိသည်။ မောင်တင်ဦးထက် (၂)နှစ်ခန့် ငယ်သည်။ မောင်တင်ဦး(၃)တန်းရောက်သောနှစ်တွင် သူနှင့် စတင်ဆုံစည်းခဲ့ခြင်း ဖြစ်သည်။

မိန်းကလေးများထဲတွင် အကြီးဆုံးဖြစ်သော မကျင်လွှမ်နှင့် ယောကျ်ားလေးများထဲတွင် လူကောင်အကြီးဆုံး ဖြစ်နေသော မောင်တင်ဦးတို့မှာ စာပြိုင်ဘက်များ ဖြစ်ခဲ့ကြသည်။ အတော်ကလေး အသက်ကြီးလာမှ ကျောင်းနေသော မောင်တင်ဦးအဘို့ အတန်းတိုင်းကို နှစ်ချင်းပေါက် အောင်မြင်နိုင်ရန်အတွက် အထူးတလည် ကြိုးစားခဲ့ရသည်။ အစမ်းစာမေးပွဲ များတွင် မောင်တင်ဦး ပထမ ရသည့်အခါ မကျင်လွှမ်က ဒုတိယ ရတတ်သည်။ တခါတရံ မကျင်လွှမ်က ပထမ ရတတ်သည်။ မောင်တင်ဦးက ဒုတိယ။ ထိုအခါမျိုးတွင် မကျင်လွှမ်က မောင်တင်ဦးကို မုန့်တွေ ဝယ်ကျွေးတတ်သည်။ သာမန် အချိန်များထက်ပို၍ ရင်းနှီးခင်မင်မှုတွေလည်း ပြတတ်သည်ဟု မောင်တင်ဦးယူဆသည်။ မောင်တင်ဦးကလည်း မကျင်လွှမ်အပေါ် ခင်မင်သည်။

အချို့ကတော့ မောင်တင်ဦးတို့ကို သမီးရည်းစား ဖြစ်နေကြပြီဟု ထင်ကြသည်။ ထိုခေတ်ကတောပိုင်းဒေသ သုံးလေးတန်း ကျောင်းသား အချို့မှာ အတော်ကလေး ကြီးနေကြပြီဖြစ်သည်။ မောင်တင်ဦးတယောက်တည်း ကျောင်းနေနောက်ကျခဲ့ခြင်းမဟုတ်။ အခြား ကျောင်းသူ ကျောင်းသားအချို့လည်း (၈)နှစ်၊ (၉)နှစ် အရွယ်ရောက်ကာမှ ကျောင်းစ နေခဲ့

ရသူ တွေရှိသည်။ အချို့ဆိုလျှင် အတန်းတတန်းကို (၂)နှစ် နေတတ်သည်။ ထို့ကြောင့်သုံးလေးတန်းဟုသာ ဆိုသော်လည်း ရည်းစားထားတတ်သည့် ၁၃–၄ နှစ် အရွယ်တွေ ဖြစ်နေကြသည်။ မိန်းကလေး ဆိုလျှင် ၁၁နှစ်၊ ၁၂နှစ်အရွယ် စိတ်ကစားတတ်၊ ရည်းစားထားတတ်ပြီ ဖြစ်သည်။ ထို့ကြောင့် မောင်တင်ဦးတို့ကိုလည်း သမီးရည်းစားတွေဟုထင်ကြခြင်း ဖြစ်သည်။

ကျောင်းနေစဉ် ရည်းစားထားခြင်းကို ဆရာ ဆရာမများက ကန့်ကွက်တားမြစ်ကြသော်လည်း ထားသည့် သူတွေက ကြံဖန်ပြီး ထားသည်။ စာပေး စာယူ လုပ်ခြင်းများ ချိန်းတွေ့ခြင်းများလည်း ရှိသည်။ မောင်တင်ဦးနှင့် မကျင်လွမ်တို့မှာမူ ထိုအခြေအနေမျိုး မဟုတ်ခဲ့။ သို့ရာတွင် အများတကာ ထင်မည်ဆိုလည်း ထင်စရာ ဖြစ်လောက်အောင်ပင် မကျင်လွမ်က မောင်တင်ဦးကို မုန့်ဝယ်ကျွေးရုံမျှမက အင်္ကျီ၊ လုံချည်၊ စသည့်ပစ္စည်းများကိုပါ ဝယ်ပေးခဲ့သည်။

ထိုပစ္စည်းများ ဝယ်ပေးခဲ့ခြင်းမှာ ကောင်မလေးက သူ့အား လာဘ်ထိုးခြင်းသာ ဖြစ်သည်ဟု နောက်ပိုင်းတွင် သူ့မိတ်ဆွေ အချို့အား မောင်တင်ဦးက ပြောပြသည်။

"ကျနော်ကသူပေးတာကို လက်ခံပြီး ဒုတိယ နေရာမှာဘဲ နေချင်စိတ်ပေါ်အောင် သူ့ကိုပထမ နေရာ အမြဲပေးနေရအောင် လာဘ်ထိုးခဲ့တာဘဲ။ ကျနော် ပထမ ရသွားရင် ဒီကောင်မ ကျနော့်မျက်နှာ လုံးဝ မကြည့်တော့ဘူး။ အဲဒီမှာ ကျနော်က ပြန်လိုက်ချော့ရတယ်။"

အမှန်စင်စစ် မောင်တင်ဦးသည် ဘုန်းတော်ကြီးကျောင်းတွင် နေရသော်လည်း ချို့တဲ့သူ မဟုတ်ချေ။ ငွေပေးရသော ကျောင်းဘော်ဒါတွင်ပင် နေလိုကနေနိုင်သူဖြစ်သည်။ တဦးတည်းသော မြေးအနေဖြင့် ဘွားအေကြီး၏ အလိုလိုက်ခြင်းကိုခံရသူ ဖြစ်သောကြောင့် ၎င်းအလိုရှိသမျှကို ဘွားအေထံ အချိန်မရွေး ပူဆာတောင်းခံနိုင်သည်။ ဘခင်လည်း ရှိနေသည်။ အိမ်ထောင်ကျသွားသော အဒေါ်အချို့လည်း ရှိနေသည်။ အဝတ်အစားနှင့် ကျောင်းသုံးပစ္စည်းများအတွက် ပူပန်စရာမရှိ။ ထိုသို့ ပူပန်စရာ မရှိသည့်ကြားထဲမှ မကျင်လွမ်ပေးသည့် ပစ္စည်းများအားအဘယ့်ကြောင့် လက်ခံခဲ့ပါသနည်း။ မကျင်လွမ် ပေးသည်ကိုလည်း သာမန်လက်ဆောင် ပေးခြင်းမျိုး မဟုတ်ဘဲ လာဘ် ထိုးသည်ဟုဆိုသည်။ လာဘ်ထိုးမှန်း သိလျက်ဖြင့် အဘယ့်ကြောင့် လက်ခံခဲ့ရပါသနည်း။

စာမေးပွဲတွင် အရည်အချင်းရှိသမျှ အစွမ်းကုန် ကြိုးစား၍ ဖြေဆိုရသည်။ ပထမ ရအောင် ဒီလောက်ဖြေလိုက်မယ်။ ဒုတိယ ဘဲရအောင် ဒီလောက်ဖြေလိုက်မယ်ဟု ကန့်သတ် ဖြေဆို၍ ရနိုင်သည့် ကိစ္စမျိုးမဟုတ်။ အမှတ် အတိအကျပေးသော သင်္ချာဘာသာတွင်သာ ရနိုင်မည် ဖြစ်သည်။ စာပေးပွဲဆိုသည်မှာ သင်္ချာဘာသာရပ်တခုတည်း မဟုတ်။ စာစစ်သူ၏ အမှတ်ပေးမှုကို အတိအကျ ကန့်သတ်တွက်ချက်၍မရ။ အတန်းအဆင့်များတွင် ပထမ၊ ဒုတိယ ချည်းသာမဟုတ်။ တတိယလည်း ရှိနေသည်။ ယှဉ်ပြိုင်ဖြေဆိုသူ၏ ကြိုးစားအားထုတ်မှုကို အတိအကျ မသိရဘဲနှင့် ကိုယ့်ဘက်က လျှော့ဖြေ၍မရ။ ကိုယ်က လျှော့ဖြေသည့်တိုင် တဘက်လူက ပထမ မရဘဲ တတိယနေရာ တဦးက ပထမ ရချင်ရသွားနိုင်သည်။ သို့တည်း မဟုတ် တဘက်လူ ပထမရသည့်တိုင် ကိုယ်က ဒုတိယ မရဘဲ တတိယ၊ စတုတ္ထ နေရာများသို့ ရောက်ချင် ရောက်သွားနိုင်သည်။ စာဖြေမှု အဆင့်အတန်းကို တရားသေတွက်ချက် ဖြေဆို၍ မရနိုင်ပေ။

မောင်တင်ဦး၏ စကားအတိုင်းသာဆိုပါက သူ ဒုတိယ ရခြင်းမှာ လျှော့ဖြေလိုက်၍သာ ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်ပုံရသည်။ ထိုစကားမှာ မိမိ၏ ချို့တဲ့မှုကို ဖုံးကွယ်သည့် စကားဖြစ်ရုံသာမက တဘက်လူ၏ ကြိုးစားမှုကိုပါ ပြက်ရယ်ပြုလိုက်သည့် စကားဖြစ်သည်။ အမှန်စင်စစ် မောင်တင်ဦးသည် မည်သည့်အခါကမျှ လျှော့ မဖြေခဲ့ချေ။ အမြဲတမ်း အနိုင်ယူလိုတတ်သော အကျင့်မှာ ကလေးဘဝ တည်းက အရိုးစွဲနေခဲ့ပြီ ဖြစ်လေသည်။ သူ ဒုတိယ ရသည်မှာ မကျင်လွမ်က သူ့ထက်ပို တော်သွားသောကြောင့်သာ ဖြစ်သည်။ မကျင်လွမ်၏ လက်ဆောင်ပစ္စည်းများကို ယူလိုက်သည့်နောက်ပိုင်းတွင်ပင် သူပထမ ရသည့် အခါများ ရှိနေခြင်းမှာ မောင်တင်ဦးမည်သည့်အခါကမျှ လျှော့ဖြေခဲ့ခြင်း မရှိကြောင်း ထင်ရှားလေသည်။

မကျင်လွမ်သည်လည်း မည်သည့်အခါကမျှ လာဘ်မထိုးခဲ့ချေ။ သူ မောင်တင်ဦးကို ရင်နှီးခင်မင်စွာ ဆက်ဆံခြင်းမှာ သူပထမ ရရှိသည့် အောင်မြင်မှုအထိမ်း အမှတ်အဖြစ် ဝယ်ကျွေးခြင်းသာ ဖြစ်ပေသည်။ စာတော်သော ကျောင်းသူသည်သူ့လို စာတော်သော ကျောင်းသားကို ပိုမိုအထင်ကြီးတတ်စမြဲ ခင်မင်တတ်စမြဲ ဖြစ်သည်။ မောင်တင်ဦးကို အင်္ကျီ လုံချည်များ ဝယ်ပေးသည်ဆိုခြင်းမှာလည်း သာမ န်ထက် ပိုမိုရင်းနှီးသည့် အနေဖြင့် လက်ဆောင်ဝယ်ပေးခဲ့ခြင်းသာ ဖြစ်လေသည်။ မောင်တင်ဦး လက်ခံခဲ့သည် ဆိုခြင်းမှာလည်း ထိုအချက်ကို သိ၍ လက်ခံခဲ့ခြင်း ဖြစ်သည်။ လက်ဆောင်များ အပေးအယူ လုပ်သည့်အချိန်တွင် သူတို့နှစ်ဦးမှာ (၅)တန်းသို့ ရောက်နေကြပြီဖြစ်သည်။ အပျိုပေါက် လူပျိုပေါက်များ ဖြစ်နေချိန်အထိ ရင်းနှီးစွာ နေခဲ့ကြသော သူတို့ကို သမီးရည်းစားဟု အများက မြင်ကြခြင်းမှာ မှားသည်ဟု မဆိုသာချေ။

မကျင်လွမ်နှင့် လမ်းခွဲခဲ့ရသည်မှာ (၆)တန်းနှစ် မကုန်မီတွင် ဖြစ်သည်။ မောင်တင်ဦး သံမဏိတပ်ဖွဲ့ထဲဝင်ကာ စစ်ပညာတွေပါ သင်နေပြီဆိုသောသတင်းကို ကြားရသဖြင့် ဘခင်ဦးဖိုးငြိမ်းက ကျောင်းသို့ လိုက်လာသည်။

## သံမဏိတပ်ဖွဲ့

သံမဏိတပ်ဖွဲ့မှာ (၅)တန်းနှစ်

သပိတ်ကာလအပြီး (၁၉၃၉)ခု နှစ်ဦးပိုင်းတွင် မောင်တင်ဦးတို့ ကျောင်းမှ ဖွဲ့စည်းခဲ့သော တပ်ဖွဲ့ဖြစ်သည်။ အချို့ကျောင်းများ၌လည်း သံမဏိ တပ်ဖွဲ့များ အသီးသီးဖွဲ့ကြကြောင်း သိရသည်။ သင်တန်းဆရာများကို ရန်ကုန်မှနေ၍ ပို့ပေးသည်။ ထို ၁၉၃၉–၄၀ စာသင်နှစ်တွင် မောင်တင်ဦး (၆)တန်းတက်ရသည်။ သံမဏိ တပ်ဖွဲ့ထဲသို့လည်း ဝင်ထားသည်။ မောင်တင်ဦးတို့ သံမဏိတပ်ဖွဲ့ဝင် ကျောင်းသားများမှာ နံနက်စောစော ကျောင်းမတက်မီတွင် စစ်ပညာများ သင်ယူကြရသည်။

သံမဏိ တပ်ဖွဲ့၏ ဝတ်စုံမှာ အစိမ်းပုပ်ရောင် ဖြစ်သည်။ သံမဏိတပ်ဖွဲ့ဖွဲ့ခြင်း၏ ရည်ရွယ်ချက်ကို ထိုအချိန်က အထူးလျှို့ဝှက်ထားကြသည်။ သင်တန်းဆရာများက တပ်ဖွဲ့ဝင် ကျောင်းသားများအား ပြောသင့်သလောက်သာ ပြောသည်။ တနေ့နေ့တွင် မိမိတို့သည် အင်္ဂလိပ်နှင့် တိုက်ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်ပညာများ သင်ကြားတတ်မြောက်ထားဘို့လိုကြောင်း ပြောခဲ့သည်။ စစ်ပညာသင်တန်းတွင် ကျန်းမာရေး လေ့ကျင့်မှုများကိုပါ ပူးတွဲ သင်ယူရသည်။ ခတ္တိယ အထက်တန်းကျောင်း၏ သံမဏိတပ်ဖွဲ့ကို တပ်ဖွဲ့ဝင်အင်အား တစ်ရာကျော်ဖြင့် စခဲ့သည်။ အကြောင်းကြောင်းကြောင့် တပ်ဖွဲ့သို့ မဝင်နိုင်သေးသည့် ကျောင်းသားများကလည်း အားပေး ထောက်ခံခဲ့သည်။

ဆန္ဒပြပွဲနှင့် ကျောင်းတွင်း စကားရည်လုပွဲများတွင် သာမက၊ သံမဏိတပ်ဖွဲ့တွင်ပါ ပါဝင်ပြီး စစ်ရေး၊ နိုင်ငံရေး၊ လုပ်ဆောင်ရန် ခြေလှမ်းပြင်လာသည့် မောင်တင်ဦး၏ သတင်းကို ကြားသောကြောင့် ဘခင်ဦးဖိုးငြိမ်း မကျေမနပ်ဖြင့် လိုက်လာခဲ့ခြင်း ဖြစ်သည်။ မောင်တင်ဦးအား ကျောင်းထုတ်ခါ အိမ်သို့ပြန်ခေါ်သွားတော့မည်ဖြစ်ကြောင်း ကျောင်းအုပ် ဆရာကြီးအား လျှောက်ကြားသည်။ စာမေးပွဲပင် ဖြေရခါနီးပြီ ဖြစ်၍ ဘုန်းတော်ကြီးက တားသည်။ ဆရာများကလည်း မောင်တင်ဦးမှာ ကျောင်းတွင် အားကိုးရသူ ဖြစ်ကြောင်း စာလည်းတော်ကြောင်း၊ ပညာကို ဆုံးခမ်းတိုင်အောင် ဆက်လက် သင်ယူစေချင်ကြောင်း ပြောကြသည်။ ဘခင်က ဘုန်းတော်ကြီးနှင့် ဆရာများအား ပြေပြေလည်လည် ဖြစ် အောင် လျှောက်ကြားတောင်းပန်ပြီး မောင်တင်ဦးကို ကျောင်းထုတ်သွားခဲ့သည်။ ထိုအချိန်မှာ အဘွားဆုံးသွားခဲ့ပြီ ဖြစ်သည်။ အဘွားသာ ရှိသေးလျှင် ဘခင်သည်၊ မောင်တင်ဦးအား သူ့သဘောနှင့်သူ လာရောက် ကျောင်းထုတ်နိုင်လိမ့်မည် မဟုတ်ချေ။

မောင်တင်ဦးမှာ စာဆက်သင်ချင်ပါလျက်နှင့် ကျောင်းထုတ် ခံရသောကြောင့်၎င်း၊ ဆန္ဒပြပွဲများ စကားရည်လုပွဲများနှင့် သံမဏိ တပ်ဖွဲ့တွင် ပါဝင်ဆောင်ရွက်မှု မပြုနိုင်တော့သောကြောင့်၎င်း၊ ခင်မင်သော သူငယ်ချင်းများနှင့် ခွဲခွာရမည့်အတွက်၎င်း စိတ်မချမ်းမမြေ့ ဖြစ်ခဲ့ရသည်။

မောင်တင်ဦးအတွက် ပိုမိုစိတ်ထိခိုက်စရာ အကြောင်းမှာ သူကျောင်းထွက်ပြီးသည့်နောက်၊ လများမကြာမီမှာပင် မကျင်လွမ် ကျောင်းထွက်သွားခဲ့သည် ဆိုသော သတင်းပင် ဖြစ်လေသည်။ မောင်တင်ဦးနှင့် ဘာဘာညာညာ ဖြစ်သည့် ကိစ္စများကြောင့် မကျင်လွမ်လည်း ကျောင်းထွက်သွားခဲ့ရခြင်း ဖြစ်ကြောင်း ပြောသံဆိုသံ အချို့ကို မောင်တင်ဦး ပြန်ကြားရသည်။ မကျင်လွမ်နှင့် မိမိ ဘာမှ မဖြစ်ခဲ့ကြောင်း မိမိတို့အချင်းချင်း တဦးနှင့် တဦးသန့်စင်စွာ ရင်းနှီး ချစ်ခင်ခဲ့ခြင်းသာ ဖြစ်ကြောင်းကို မောင်တင်ဦးသိနေလေသည်။

## အဘနှင့်သား

အဘွားဆုံးသွားခဲ့ပြီဖြစ်ပြီး အဒေါ်နှစ်ဦးလည်း အိမ်ထောင်ကျသွားခဲ့ပြီ ဖြစ်သည်။ တဦးက အိမ်ခွဲနေပြီး၊ တဦးက အဘွားအိမ်မှာပင် နေသည်။ နောက်ထပ် အဒေါ်တဦး အိမ်ထောင်ကျမည့် အလားအလာလည်းရှိနေသည်။ ထို့ကြောင့် မောင်တင်ဦး သူ့ဘခင်အိမ်မှာပင် လိုက်နေသည်။




သူ့အား ကျောင်းထုတ်ခဲ့သည့်ကိစ္စကြောင့် မောင်တင်ဦး သူ့ဘခင်အပေါ် မကျေမနပ်ဖြစ်နေသလို၊ ဘခင်ကလည်း သံမဏိတပ်ဖွဲ့ထဲ ဝင်သည့်ကိစ္စနှင့် ပတ်သက်၍ မောင်တင်ဦးအပေါ် မကျေမနပ် ဖြစ်နေသည်။ အိမ်သို့ ပြန်ရောက်ပြီးနောက် သုံးရက်လောက်ကြာသည့်အထိ သား အဘ နှစ်ယောက် စကား မပြောဖြစ်ကြ။ စားစရာရှိ စားသည်။ အိပ်စရာရှိ အိပ်သည်။ စကားပြောစရာရှိလျှင် မိထွေး ဒေါ်နုနှင့်သာ စကားပြောသည်။ ဒေါ်နုမှာ ဦးဖိုးငြိမ်းနှင့် ရသော သားသမီးငယ်များ ရှိနေပြီ ဖြစ်သော်လည်း မောင်တင်ဦးအပေါ် သားအရင်းလိုပင် ချစ်ခင်မပျက်ရှိသည်။ မောင်တင်ဦးကို ဘာမျှမခိုင်း။ အိမ်အလုပ်တွေကို သူတယောက်တည်း ကြိုးလုပ်သည်။ မောင်တင်ဦးသည် ဘခင်အပေါ် စိတ်ခုနေသော်လည်း အလုပ် မလုပ်တတ်သူတော့ မဟုတ်။ ဘုန်းတော်ကြီးကျောင်းတွင် နှစ်လ ကြာရှည်စွာ ပညာပေး ခံခဲ့ရပြီးဖြစ်၍ လုပ်စရာရှိသည့် အလုပ်များကို ဝိုင်းဝန်းလုပ်ကိုင်တတ်သည်။ သို့ရာတွင် အများနှင့် ဝိုင်းလုပ်သည့် အလေ့အကျင့် ရှိခဲ့သောကြောင့် တဦးတည်း အနေဖြင့် သိပ်ပြီး လက်ကြောတင်းအောင်တော့ မလုပ်တတ်။ ရေခပ် ထင်းခွဲ စသည့် အလုပ်များကို အနည်းငယ် ဝိုင်းကူ လုပ်ပေးသော်လည်း မိထွေးက မလုပ်စေလိုသဖြင့် မောင်တင်ဦး နားနေရသည်။

သုံးရက်လောက်ကြာမှ ဘခင်က စကားစပြောသည်၊

"ပါးရည်နပ်ရည် ရှိမလိုလိုနဲ့ အတော်အတဲ့ကောင်"

ထို့နောက် မောင်တင်ဦးကို စိုက်ကြည့်နေသည်။ ဘခင်၏ စကားကို မကျေ

နပ်သော်လည်း နောက်ထပ်ဘာစကား ဆက်ဦးမလဲဟု မောင်တင်ဦး စောင့်နေရသည်။ ဘခင်က တော်နှင့် စကားမဆက်။ မိမိအား အဘယ့်ကြောင့် "အတဲ့ကောင်" ဟု ပြောမှန်း မောင်တင်ဦးစဉ်းစား၍ မရ။ အဘွားအိမ်တွင် ကလေးဘဝ တလျောက်လုံး အနိုင်ကျင့် မင်းမူလာသော မောင်တင်ဦးမှာ ဘခင်အပေါ်တွင်မူ အနိုင်ကျင့်၍ မရခဲ့ချေ။ အားကိုးဘွယ်ရာ ဘွားအေကြီးလည်း မရှိတော့သောကြောင့် ငယ်ကြောက်ဖြစ်သော ဘခင်အား မှုန်တေတေ ဂျစ်ကန်ကန်ဖြင့် တချက်မျှ ပြန်လှန်၍ ကြည့်သည်။

"မင်းကိုမင်းတော့ ဟုတ်လှပြီ ပေါ့လေ။ ဗမာတွေ မြှောက်ပေးတိုင်း လိုက်လုပ်နေတာ။" ဘခင်ဦးဖိုးငြိမ်းမှာ ဗမာ အမည်ခံထားပြီး ဗမာစကား ပြောနေသော်လည်း ဗမာ များအပေါ်တွင် မကြည်လင်သော အမြင်ရှိသူ ဖြစ်သည်။ ကရင် ဗမာ ဟူသော လူမျိုးရေး ခွဲခြားရှုမြင်တတ်သည့် သဘောထားကို ကရင်များက စခဲ့သလား။ ဗမာများကပင် စခဲ့သလား ဆိုသည်မှာ ကြက်ဥနှင့် ကြက်မ ဘယ်ကစမှန်း ဝေခွဲမရသလိုပင် ဖြစ်သည်။ လူမျိုးရေး ခွဲခြား ရှုမြင်လျက် ကိုယ့်အစုနှင့်ကိုယ် သီးခြားကင်းလွတ်စွာ နေထိုင်တတ်သည့် အလေ့အထကြောင့် ကျူးကျော် ဖိနှိပ်မှုများကို ခံခဲ့ရသလား။ ကျူးကျော် ဖိနှိပ်မှုများကြောင့် လူမျိုးရေး ခွဲခြား ရှုမြင်တတ်သည့် သဘောထားများ ပေါ်လာခဲ့ရခြင်းလား ဆိုသည်မှာ စဉ်းစားဘွယ်ရာပင် ဖြစ်သည်။ သမိုင်းကြောင်းကို သင်ပုန်းချေကာ ပေါင်းစည်း ညီညွတ်စွာ နေထိုင်ရမည့် ခေတ်သို့ ရောက်ခဲ့သော်လည်း ဦးဖိုးငြိမ်း၌ တဘက်စောင်းနင်းနိုင်သော အမျိုးသားရေး စိတ်ဓါတ်များ ရှိနေခြင်းမှာ ၎င်းတို့မိဘ ဘိုးဘွား ဆွေစဉ် မျိုးဆက် ကြုံတွေ့ဆက်ဆံခဲ့ရသည့် ဗမာအချို့၏ သဘောထားနှင့် လုပ်ရပ်များအပေါ် ရောင်ပြန်ဟပ်ခြင်းသာ ဖြစ်နိုင်ဘွယ်ရှိပေသည်။ မည်သို့ပင် ဖြစ်စေကာမူ ဘခင်ဦးဖိုးငြိမ်း၏ သဘောထားမှာ သားဖြစ်သူ မောင်တင်ဦး ကိုပါ အတိုင်းအတာတခုအထိ ပြဲဇာသက်ရောက်နိုင်ခဲ့လေသည်။ ထို့ကြောင့်လည်း ဆန္ဒပြပွဲတွင် ငါဗမာ မှ မဟုတ်ဘဲဟူသော အတွေးဖြင့် "သခင်မျိုးဟေ့ ဒို့ကရင်"ဟု အော်ခဲ့ခြင်း ဖြစ်သည်။ သံမဏိ တပ်ဖွဲ့ထဲ ဝင်သည့် ကိစ္စနှင့်ပတ်သက်၍ ဦးဖိုးငြိမ်းက ဗမာများကြောင့်ဟု ပြစ်တင် ပြောကြားလာသည့်အခါတွင်မူ မောင်တင်ဦး မခံနိုင်တော့ချေ။

"သံမဏိ တပ်ဖွဲ့ထဲ ဝင်တာဟာ တနေ့ကျ အင်္ဂလိပ်ကို တိုက်ရမှာ။ မင်းတို့မှာက ဘာမှလည်းရှိတာမဟုတ်။ သေစရာရှိ မင်းသေမှာပေါ့"ဟု ဦးဖိုးငြိမ်း ပြောရာ

"ဒါဗမာတွေ မြှောက်ပေးတာ မဟုတ်ဘူးအဘ၊ ကျနော့်ဆန္ဒနဲ့ ကျနော် လုပ်တာ။ နယ်ချဲ့အင်္ဂလိပ်တွေကို ကျနော် မကျေနပ်ဘူး။ သူတို့ကို တိုက်ချင်လို့ ကျနော် သံမဏိတပ်ဖွဲ့ထဲဝင်တာ။" ဟုဆိုလျက် နယ်ချဲ့များ၏ အကြောင်းနှင့် ပတ်သက်၍ ကျောင်းမှ ဆရာများ ရှင်းလင်း ပြောပြထားသည့်အတိုင်း၊ သူ့ဘခင်ကို သူပြန်ရှင်းပြသည်။

နယ်ချဲ့ အင်္ဂလိပ်တပ်များ ရောက်လာပါက မိမိတို့ ကရင်များနှင့် ဘာမျှမဆိုင်၊ ဗမာပြည်တွင် ဗမာများနှင့်သာဆိုင်သည်ဟု ယူဆထားကြမည်ဆိုလျှင် မမှန်ကန်ကြောင်း ဆရာတွေက ပြောခဲ့သည်။ ကျိုက္ခမိဘက်က ကျွန်းတောကြီး ပြောင်အောင်ခုတ်ရာတွင် ဗမာတယောက် တလေမျှ မပါဝင်ခဲ့ကြောင်း ကရင်တွေဘဲ လုပ်ကြ ရောင်းကြခြင်းဖြစ်ကြောင်း၊ မိမိတို့ ဒေသတခွင် – ဥပမာအားဖြင့် ဝါးခယ်မဘက်၌ရှိသော လယ်ယာများကို လုပ်ကိုင်ကြသူအားလုံးမှာ ကရင်များသာ ဖြစ်ကြကြောင်း၊ ကရင်တွေ လယ်ယာက ထွက်သည့်စပါးနှင့် သစ်လုပ်ငန်းမှ သစ်များကို အင်္ဂလိပ်များက အမြတ်ထုတ်ကြကြောင်း၊ အင်္ဂလိပ်များသည် ပထမ ဆုံး အနေဖြင့် မြေယာပေါ်မှာ အခြေခံ၍ သွေးစုတ်ကြကြောင်း၊ ပထမ ... စပါး၊ နောက် ... ကျွန်းသစ်၊ပြီးလျှင် ရေနံ၊ ဓါတ်သတ္တု စသည်ဖြင့် တဆင့်စီ တက်လာမည် ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးတွင်လည်း မီးရထား၊ ရေကြောင်းတွင် ဧရာဝတီ ရခိုင်စသည်ဖြင့် ကုမ္ပဏီကြီးများ ထူထောင် အမြတ်ထုတ်လာကြောင်း၊ မန်း၊ ရေနံချောင်း၊ ချောက်၊ ရေနံချပ် တို့မှ ရေနံတွင်းများမှာ ဗမာတွေ လုပ်ကိုင်ကြသည့် အလုပ်မို့ ထားဦးတော့။ ဆန်စပါး၊ ကျွန်းသစ်နှင့် ဓါတ်သတ္တုများ အပေါ်တွင် အင်္ဂလိပ်များ ပြုမူခြင်းမှာမူ ကရင်တွေ အပေါ် အမြတ်ထုတ်ခြင်းသာ ဖြစ်ကြောင်း၊ ထို့ကြောင့် ကရင်များ ဆင်းရဲ ရခြင်း ဖြစ်ကြောင်း၊ ဗမာတွေမှာ အများအားဖြင့် လယ်မလုပ်ကြကြောင်း၊ ငွေ(၅၀)လောက် ရှိသည်ဆိုလျှင်ပင် ဗမာ မိန်းကလေး တယောက်အဖို့ ဇန်းကလေးတချပ်ဖြင့် ဟိုကပစ္စည်း ဒီယူရောင်း၊ ဒီကပစ္စည်း ဟိုပြန်ရောင်း လုပ်တတ်ပြီး၊ တနေ့ နှစ်ကျပ်ခွဲလောက်မြတ်လျှင် တကျပ်ဖိုးလောက်သာ စားကာ ကျန်တာကို စုဆောင်း ထားတတ်ကြောင်း၊ ထို့ကြောင့် ဗမာတွေကို ကြည့်လိုက်လျှင် သစ်အိမ်များ၊ ပျဉ်ထောင်အိမ်များနှင့် ဖြစ်ကြောင်း၊ "မင်းတို့ ကရင်တွေမှာ သစ်သားအိမ် ဘယ်နှစ်လုံးလောက် ရှိလို့လဲ" ဟု ဆရာ ဦးအုန်းမောင်က မေးခဲ့ကြောင်း၊ ဆရာဦးအုန်းမောင် ပြောခဲ့သည့် စကားများကို ပြန် စဉ်းစားသည့်အခါ အမှန်တွေချည်း ဖြစ်ကြောင်း၊ လက်တွေ့တွင်လည်း မိမိတို့ရွာ၌ သစ်သားအိမ်က နည်းပြီး ဝါးအိမ်တွေ သာ များနေကြောင်း၊ ဗမာများကမူ အိမ်ကြီးအိမ်ကောင်းနှင့် နေနိုင်ကြ သေးကြောင်း၊ထိုအကြောင်းများကို ပြန်သုံးသပ်မိသည့်အခါ၌ မိမိတို့ လုပ်ငန်းများမှာ သွေးစုတ် ချယ်လှယ်ခြင်း ခံနေရ၍ မကြီးပွားနိုင်ဘဲ ဖြစ်နေသည်ကို တွေ့ရကြောင်း၊ ဤကဲ့သို့ တွက်ဆ ဆင်ခြင်မိသောကြောင့် သွေးစုတ်သော အင်္ဂလိပ်များကို ချချင်သည့်ဆန္ဒ ဖြစ်ပေါ်လာခဲ့ရခြင်း ဖြစ်ကြောင်း၊ ဗမာက မြှောက်ပေးလို့ မဟုတ်ဘဲ မိမိကိုယ်တိုင် ချချင်သည့် စိတ်ဓါတ်ကြောင့်သာ သံမဏိ တပ်ထဲသို့ ဝင်ခဲ့ခြင်း ဖြစ်ကြောင်း . . . မောင်တင်ဦးသည် သူ့ဘခင်ကို စကားရည်

**"ဗမာတွေ တောင်ပြော မြောက် ပြော လျှောက်ပြောတိုင်း အဟုတ်ကြီး မှတ်နေတော့တာကိုး"**

လုရာတွင် အချက်ပိုင်ပိုင် ပြောသည့် ပုံစံမျိုးဖြင့် ရှည်ရှည်ဝေးဝေး ရှင်းပြသည်။

ဦးဖိုးငြိမ်း အကြီးအကျယ် ဒေါပွသည်။

"မင်း ဘာစကားတွေ လျှောက်ပြောနေတာလဲ။ ကျိုက္ခမိက ကျွန်းတောတွေ ဘာတွေနဲ့၊ ဒီအကြောင်းတွေ မင်းဘယ်လောက် သိလို့လဲ။ မင်းဘာနားလည်လို့ လဲ။"

မောင်တင်ဦး ဘာပြန်ပြောရမှန်း မသိတော့ချေ။ သူ့ဘခင်ကို ဒုံးဝေးရန် ကောဟူသော အတွေးဖြင့်သာ ငေးကြည့်နေသည်။ ထို့ထက်ပို၍လည်း သူဘာမျှ မပြောတတ်။

"ဗမာတွေ တောင်ပြော မြောက်ပြော လျှောက်ပြောတိုင်း အဟုတ်ကြီး မှတ်နေတော့တာကိုး"ဟု ဦးဖိုးငြိမ်း ရေရွတ် လေသည်။

## အခန်း (၂)

...ကြီးတခုဖြစ်...
...အမေရိကန်မှာ မနေသာတော့ပေ။
...ရေး ဝါဒကို စွန့်လွှတ်ကာ စစ်အ...

ပညာသင်ကြားနေရင်း တိုင်းရေး ပြည်ရေးကို စိတ်ပါ ဝင်စားခဲ့သောကြောင့်၊ ကျောင်းလာနုတ်ခြင်း ခံလိုက်ရသော မောင်တင်ဦးမှာ ရွာသို့ ပြန်ရောက်သည့်အခါ၌လည်း ကျောင်းသားပင် ထပ်လုပ်ရ ပြန်သည်။ နွားကျောင်းသား ဖြစ်၏။

ရွာသို့ ပြန်ရောက်ချိန်မှာ ၁၉၄၀ ပြည့် နှစ်ဦးပိုင်းမှာ ဖြစ်သည်။ လယ်ယာလုပ်ငန်းနှင့်ပတ်သက်၍ ဘာတခုမျှ အထူးအထွေ လုပ်စရာမရှိ။ စပါးများ ကျီထဲသို့ ရောက်ကုန်ကြပြီဖြစ်သည်။ ထင်းပေါက်ကူ ရေခပ်ကူခြင်းများမှလွဲ၍ အိမ်အလုပ်လည်း လုပ်စ ရာမလိုသောကြောင့် ဘခင်ပိုင် နွား (၈) ကောင်ကိုသာ မောင်တင်ဦး ကျောင်းခဲ့ရသည်။

မိုးဦးကျ၌ လယ်ယာ လုပ်ငန်းခွင်အတွက် ပြင်ဆင်ကြရာတွင်လည်း ဘခင်က မောင်တင်ဦးအား ထယ်မထိုးခိုင်း၊ လယ်မထွန်ခိုင်းချေ။ ထိုအလုပ်များမှာ အတော်ကလေး ပင်ပန်းပြီး ကျွမ်းကျင်မှု ရှိဘို့ရန်လည်း လိုအပ်သည်။ မည်မျှပင် အတွေ့အကြုံ များခဲ့စေကာမူ လုပ်လေ့လုပ်ထမရှိသော မောင်တင်ဦးအနေဖြင့် ထိုအလုပ်များကို လုပ်နိုင်ဘို့ မလွယ်ဟု ဘခင် ဦးဖိုးငြိမ်းက ပြောသည်။ နွားသာကျောင်းပါဦးကွာဟု မောင်တင်ဦးကို တာဝန်ပေးသည်။ သူ့ဘခင်သည်သူ့အပေါ်တွင် လုံးဝ အထင်ကြီးခြင်း မရှိ။ သူ့အား ဘာမျှမတတ်သေး၊ နားမလည်သေးသူ တယောက်အဖြစ်သာ သဘောထားသည်ဟု မောင်တင်ဦး ခံစားရလေသည်။ တကယ်



တမ်းအားဖြင့်လည်း (၆)တန်းဟူသော အတန်းပညာ အရည်အချင်းသည် ဘာမျှ မဟုတ်သေး။ သူ့၌ လေ့လာ တတ်သိစရာ အတတ်ပညာ အသိပညာများ အတော်ပင် လိုနေသေးသည်ဟူ၍မူ မောင်တင်ဦး ဆင်ခြင်မိသည်။ ဘခင်နှင့် လူငှားများ ထယ်ထိုး လယ်ထွန်အပြီး ထွန်တုံး ဖြုတ်ချိန် ရောက်သောအခါတွင်မှ သူနိုင်နိုင်နင်းနင်း ရှိနေသော နွားကျောင်းခြင်း အလုပ်ကိုသာ တနှစ်ပတ်လုံး မောင်တင်ဦး လုပ်ခဲ့ရသည်။

နောက်တနှစ်တွင် မောင်တင်ဦးမှာ လူကောင်အနည်းငယ် ပိုထွားလာသည်။ နွားတွေ၏ အထာကိုလည်း ပိုသိလာသည်။ ထို့ကြောင့် ဦးဖိုးငြိမ်းက သူထွန်ဒဏ်ကို ခံနေရလေသည်။

**၁၉၄၁ ခုနှစ် နှစ်ကုန်ပိုင်း၊ ထိုကဲ့သို့သော အခြေအနေတွင် အမေရိကန်ပြည်ထောင်စုပိုင်၊ ဟာဝိုင်ယီကျွန်း ပုလဲဆိပ်ကမ်း[၁]ကို ဂျပန်က ရုတ်တရက် ဖုံးကြဲတိုက်ခိုက်လိုက်သည်။ ဂျပန်သည် လက်ဦးမှု ရယူပြီးနောက် နာရီ အနည်းငယ် အကြာတွင် အမေရိကန်နှင့် အင်္ဂလိပ်တို့အား စစ်ကြေငြာသည်။ အမေရိကန်နှင့် အင်္ဂ**

ထယ်ထိုးခြင်းလောက် မလွယ်ကူသည့်အပြင် ပို၍လည်း ပင်ပန်းသောကြောင့် ဘခင်က မောင်တင်ဦးအား လုပ်ခွင့် မပြုသေး။ သူများ လယ်ထွန်သည့်အခါတွင် မောင်တင်ဦး တောက်တိုမယ်ရ ကူညီရင်း အလုပ်သင်သည်။ တခါတရံ၌ ကျောင်းနေစဉ် သင်ခဲ့ရသော သင်္ခန်းစာ စာအုပ်ဟောင်းများကို အပျင်းပြေ ပြန်ဖတ်သည်။ ရံဖန် ရံခါ မလက်တို ချောင်းဖျားရှိ အဒေါ်များထံသို့ သွားလည်သည်။

ယခင်က မလက်တိုချောင်းဖျား ဖီးကုန်းသို့ သွားရောက် အိမ်ခွဲနေထိုင်သော အဒေါ်တဦးသာ ရှိသည်။ မောင်တင်ဦး ရွာရောက်ပြီးနောက် လအနည်းငယ်အကြာတွင်ပင် နောက် အဒေါ်တဦး အိမ်ထောင်ပြုပြန်သည်။ ထိုအဒေါ်လည်း ဖီးကုန်းတွင်ပင် သွားနေသည်။ အဘွား အိမ်တွင် အိမ်ထောင်ရှင် အဒေါ်တဦး၊ အဒေါ်အပျိုကြီး တဦးနှင့် ဦးလေးတို့ မိသားစုများသာ ကျန်သည်။ တရွာတည်းပင် ဖြစ်သောကြောင့် ၎င်းတို့ထံသို့ မောင်တင်ဦး အချိန်မရွေး သွားလည်နိုင်သည်။ ၎င်းတို့လည်း မောင်တင်ဦးထံ ရောက်ကြသည်။ မလက်တို ချောင်းဖျားမှာမူ အတန်ငယ် လှမ်းသဖြင့် တမင်ရည်ရွယ်ပြီးသွားလည်မှ ရောက်သည်။ လူပျိုပေါက် ဖြစ်လာပြီး ငယ်စဉ်တုံးကလို ဗိုလ်ကျ ဆိုးပေခြင်း မပြုတော့သည့် မောင်တင်ဦးကို အဒေါ်များကလည်း ချစ်ခင်မပျက် ရှိကြသည်။

လယ်သမားသား ဖြစ်သော်လည်း မောင်တင်ဦးမှာ လယ်လုပ်ငန်းနှင့် အကျိုးပေးပုံ မရချေ။ မောင်တင်ဦး ထယ်

---

၁။ ³ အသေးသုံး ငွေကြေး။ (မြစ်ဝကျွန်းပေါ်အသုံးအနှုန်း)

နပ်သော်လည်း နောက်ထပ်ဘာစကား ဆက်ဦးမလဲဟု မောင်တင်ဦး စောင့်နေရသည်။ ဘခင်က တော်နှင့် စကားမဆက်။ မိမိအား အဘယ့်ကြောင့် "အတဲ့ကောင်" ဟု ပြောမှန်း မောင်တင်ဦးစဉ်းစား၍ မရ။ အဘွားအိမ်တွင် ကလေးဘဝ တလျောက်လုံး အနိုင်ကျင့် မင်းမူလာသော မောင်တင်ဦးမှာ ဘခင်အပေါ်တွင်မူ အနိုင်ကျင့်၍ မရခဲ့ချေ။ အဘွားကိုးဘွယ်ရာ ဘွားအေကြီး လယ်ထွက် စပါးများမှာ မရောင်းရ။ စပါးဈေး အတော်ကျသည့်တိုင် ဝယ်သူ မရှိဖြစ်နေသည်။ ၎င်းတို့နည်းတူပင် ဒေသတခွင်လုံး စပါးရောင်းမရသည့် နှစ်ဖြစ်သော်လည်း ပထမဦးဆုံး အကြိမ်အဖြစ် ကြိုးစားပမ်းစား ထယ်ထိုးခဲ့ရသော မောင်တင်ဦးမှာ ထိုနှစ်ကို အခြားသူများထက် ပို၍ မှတ်မိနေလေသည်။

လယ်လုပ်ငန်း နှင့် အကျိုးမပေးသော်လည်း ကိုင်းလုပ်ငန်းနှင့်တော့ မောင်တင်ဦး အတော်ကလေး အကျိုးပေးသည်။ စပါးများ မရောင်းရသောကြောင့် လည်ပတ် သုံးစွဲစရာ ငွေကြေး ပိုပို လျှံလျှံ မရှိ။ မောင်တင်ဦး သူ့ဘခင်ထံ ခွင့်တောင်းသည်။

"အဘ၊ ကျနော် အဒေါ်တို့ဆီမှာ ကိုင်းသွားလုပ်ချင်တယ်။ ဈေးသုံး[၃] လေး ဘာလေး ရတာပေါ့။ အဒေါ်တို့ကလည်း လာလုပ်ဖို့ ခေါ်နေတယ်။"

သူ့ဘခင်က ခွင့်ပြုသည်။ ဘခင် ပေးလိုက်သည့် နွားနှစ်ကောင်ကို ဆွဲကာ မလက်တိုချောင်းဖျားရှိ အဒေါ်များထံတွင် မြေပဲ၊ မတ်ပဲနှင့် အခြားပဲအချို့ သွားရောက် စိုက်ပျိုးသည်။ ကိုင်းမြေနှင့် မျိုးများကို အဒေါ်တွေက ပေးသည်။ မောင်တင်ဦးက သူ့ဘခင်၏ နွားနှစ်ကောင်ဖြင့် ထယ်ထိုးသည်။ စိုက်ပျိုးရာတွင်၎င်း၊ နုတ်သိမ်းရာတွင်၎င်း၊ ရောင်းချရာတွင်၎င်း အဒေါ်များက ဝိုင်းဝန်းလုပ်ကိုင်ကြသည်။ လုပ်ငန်းမှ ငွေပေါ်လာသည်နှင့် အဒေါ်များအား ပေးသင့်သမျှ ပေးပြီး၊ ကျန်ငွေအချို့ကို ဘခင်ထံ ယူလာခဲ့သည်။ သူ့လုပ်အားမှ ရသောငွေဖြင့် ဘခင်အား ကန်တော့နိုင်ခဲ့ပြီ ဖြစ်လေသည်။

ရွာ၌ ပြန်လည် နေထိုင်စဉ်တွင် ရန်ကုန်ကို ဗုံးကျသည်။ ရန်ကုန်၌ ဗုံးကျသည့်အသံကိုတော့ မောင်တင်ဦးတို့ရွာက မကြားရ။ ဘာဖြစ်လို့ ဖြစ်မှန်းပင် မသိလိုက်။ သို့သော်လည်း ခတ္တိယမှာ ရန်ကုန်နှင့် အဆက်အသွယ်မပြတ် ရှိနေသောကြောင့် ခတ္တိယမှတဆင့် ပြန်၍ ကြားကြရသည်။ ဗုံးကျသောကြောင့် ရှောင်တိမ်းလာကြသည့် စစ်ပြေး သမ္ဗာန်ကြီး သမ္ဗာန်ငယ် များကိုလည်း မြစ်ထဲတွင် မကြာခဏ မြင်ခဲ့ ရသည်။ ဒုတိယ ကမ္ဘာစစ် စတင်ခဲ့ပြီဖြစ်ပြီး စစ်မီးတောက်သည် မြန်မာနိုင်ငံကိုပါ ကူးစက် လာလေသည်။ မြန်မာနိုင်ငံနှင့် ပတ်သက်လာသော ဒုတိယ ကမ္ဘာ စစ်ကြီး အကြောင်းကို စစ်ကြီးပြီးသည့်နောက်၊ နှစ်အတော်ကလေးကြာမှပင် မောင်တင်ဦး လေ့လာသိရှိခဲ့ရသည်။

## စစ်

စင်စစ်၊ ကမ္ဘာအနောက်ခြမ်းတွင် ဂျာမဏီ အီတလီတို့၏ ကျူးကျော်မှုများ စတင်ခဲ့သည်မှာ ကြာပြီဖြစ်သည်။ ၁၉၃၆ ခုနှစ်တွင်အီတလျံတို့သည် အီသီယိုးပီးယားကိုင်း၊ ဂျာမန်တို့သည် ၁၉၃၈ ခုနှစ်၌ ဩစတီးယားနှင့် ၁၉၃၉ ခုနှစ်၌ ချက်ကို စလိုဗက်ကီးယားကို၎င်း သိမ်းပိုက်ခဲ့သည်။ တဖန်ဂျာမန်သည် ၁၉၃၉ ခုနှစ် အတွင်းတွင်ပင် ပိုလန်ကို ဝင်ရောက်တိုက်ခိုက်ပြန်ရာ အင်္ဂလိပ်နှင့် ပြင်သစ်တို့က ဂျာမဏီ အား စစ်ကြေငြာခဲ့လေသည်။

ရုရှားသည် ဂျာမန်၏ ရန်စွယ်ကို ရှေးမဆွကပင် ကြိုတင်မြင်ခဲ့သည့် အလျောက် စုပေါင်းကာကွယ်ရေး ပြုလုပ်ရန် အကြံပေးခဲ့သော်လည်း အချည်းနှီး ဖြစ်ခဲ့သည်။ သို့ရာတွင် ရုရှားက ဥရောပနိုင်ငံအချို့နှင့် အချင်းချင်း ယှိုင်းပင်းကြရန် စာချုပ်ကို မဖြစ်ဖြစ်အောင် ချုပ်ဆိုခဲ့သည်။ ၁၉၃၅တွင် ပြင်သစ်နှင့် မဟာမိတ်စာချုပ်[၁] ချုပ်ခဲ့သည်။ ဂျာမဏီ၏ ကျူးကျော်မှုများကြောင့် အင်္ဂလိပ်နှင့် ပြင်သစ်တို့က စစ်ကြေငြာရာတွင် ရုရှားသည် ဂျာမန် ကျူးကျော်လျက်ရှိနေသော ပိုလန်နိုင်ငံ၏ အရှေ့ပိုင်းကို ဝင်ရောက် သိမ်းယူလိုက်သည်။ ဂျာမန်က ပိုလန် အနောက်ပိုင်းကို သိမ်းထားသည်။ ရုရှားသည် ဂျာမန်နှင့် မကျူးကျော်ရေး စာချုပ်[၂] ကို ချုပ်ဆိုလိုက်ပြန်သည်။

ဂျာမဏီကို စစ်ကြေငြာခဲ့သော အင်္ဂလိပ်နှင့် ပြင်သစ်တို့မှာ စစ်ပွဲအစတွင်ပင် ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရသည်။ အင်္ဂလိပ်တို့၏ 'ကားရေ့ဂျပ်(စ်)[၃]' အမည်ရှိ လေယာဉ်တင် သင်္ဘောကြီးနှင့် ရွိုင်ရယ်အုတ်[၄] အမည်ရှိ သင်္ဘောကြီးများ နစ်မြုပ်ခဲ့သည်။

.၊ ဆရာဦးအုန်းမောင ဇ်ပြော်ခဲ့သည်ကျူးကျော်များကို ပြန် စဉ်းစားသည့်အခါည် အက်ဆာ့ခုန်းဖြစ်ကြောင်း၊ လက်တွေ့သူ ယေးနီးယား အစရှိသော ဗောလတစ်နိုင်ငံများနှင့် စာချုပ်ကာ၊ ထိုနိုင်ငံများအတွင်း ၎င်း၏ ကြည်း၊ ရေ၊ လေ တပ်များကို ပြုလုပ်ထားရှိသည်။ ဖင်လန်နိုင်ငံတွင် ...ာ်း ထိုသို့ထားရှိလိုကြောင်း စေ့စပ် ... ရာတွင် ဖင်လန်က သဘောမတူခဲ့။ ထို့ကြောင့် ဆိုဗီယက် ရုရှ က ဖင်လန်ကို တိုက်သည်။ ဖင်လန် အပြင်းအထန် ခုခံသော်လည်း အင်အားခြင်းမမျှ၍ အရေးနိမ့်လာသည်။ အင်္ဂလိပ်နှင့် ပြင်သစ်တပ်များ

---

၁။ **Treaty of Alliance.**

၂။ **Non-Aggression Pact.**

၃။ **Aircraft Carrier Courageous.**

၄။ **Royal Oak.**

က ဖင်လန်ကို စစ်ကူပေးမည်ဟု ဆိုသော်လည်း၊ ဖင်လန်မှာ စစ်ကူရလာမည့်အချိန်အထိ တောင့်ခံမထားနိုင်တော့ချေ။ ရုရှနှင့် **စစ်ပြေငြိမ်းရေးစာချုပ်**[၁] ချုပ်လိုက်ရသည်။ ထိုစာချုပ်အရ ရုရှမှာ မူလတောင်းဆို ချက်များအပြင် အခြား အခွင့်အရေးများကို ပါ ရရှိသွားခဲ့သည်။

၁၉၄၀တွင် ဂျာမန်သည် နော်ဝေးနှင့် ဒိန်းမတ်ကို ဝင်သိမ်းပြန်သည်။ မဟာမိတ်တပ်များ အရေးနိမ့်နေစဉ်တွင် နယ်သာလင်၊ ဘယ်လ်ဂျီယံနှင့် ဟော်လန်တို့ကို ထပ်မံသိမ်းသည်။ ပြင်သစ်ပြည်မြောက်ပိုင်းကိုပါ ထိုးစစ်ဆင်သည်။ အင်္ဂလိပ်နှင့် ပြင်သစ်တပ်များ ဒန်းကပ်မှနေ၍ ဆုတ်ခွာ ပြေးရ၏။ အင်္ဂလိပ်က စိတ်ဓါတ်မကျလှသော်လည်း ပြင်သစ်မှာမူ စိတ်ဓါတ်ပျက်ပြားနေပြီဖြစ်သည်။ ဂျာမန်ကို မတွန်းလှန်နိုင်။ ထိုအတွင်း အီတာလျံတို့က ပြင်သစ်ကို စစ်ကြေငြာ၍ တိုက်ပြန်သည်။ ပြင်သစ်သည် အင်္ဂလိပ်နှင့် ချုပ်ဆိုထားသောစာချုပ်ကို ဖောက်ဖျက်ကာ ဂျာမန်နှင့် စေ့စပ် ပြေငြိမ်းလိုက်ရလေသည်။

ပြင်သစ်နိုင်ငံကြီး ဂျာမဏီ၏ လက်အောက်သို့ ရောက်သွားရခြင်းကြောင့်၊ကြားနေနိုင်ငံ[၂] ကြီးတခုဖြစ်သော အမေရိကန်မှာ မနေသာတော့ပေ။ ကြားနေရေး ဝါဒကို စွန့်လွှတ်ကာ စစ်အင်အားကို တိုးချဲ့လျက် မဟာမိတ်နိုင်ငံများအား အစွမ်းကုန် ကူလေသည်။ ၁၉၄၀ ပြည့်နှစ် စက်တင်ဘာလတွင် အင်္ဂလိပ်နှင့် နှစ်ပြည်ထောင်သဘောတူ စာချုပ်လုပ်သည်။ ထိုအချိန်နှင့် မရှေးမနှောင်းတွင်ပင် ဂျာမဏီ၊ အီတလီနှင့် ဂျပန်တို့သည်လည်း သုံးနိုင်ငံ မဟာမိတ် စာချုပ် လုပ်ကြသည်။ ၎င်းတို့သုံးနိုင်ငံအား **ဝင်ရိုးတန်း နိုင်ငံများ**[၃] ဟု အမှတ် သညာပြုသည်။ ဂျပန်မှာ ၁၉၃၇ ခုနှစ်ကပင် တရုပ်အား စစ်မကြေငြာဘဲ တိုက်ခိုက်နေခဲ့သူ ဖြစ်သည်။

ဂျာမန်က ဗြိတိသျှတို့အား လေကြောင်းမှနေ၍ အပြင်းအထန် ဗုံးကြဲတိုက်ခိုက်သည်။ ဗြိတိသျှတို့ကလည်း အကြီးအကျယ် ခုခံ ကာကွယ်ကြသည်။ ရှပ်ရှပ်ချွံချွံ ကာကွယ်မှုများကြောင့် ဂျာမဏီသည် ဗြိတိသျှတို့အား လေကြောင်းမှနေ၍ အပြတ်ချေမှုန်းမည့် အကြံအစည်ကို လက်လျှော့လိုက်ရသည်။ ဗြိတိန်သည် ဂျာမဏီတို့၏ သိမ်းပိုက်ခြင်းကို မခံရသော်ငြားလည်း ၎င်း၏ နိုင်ငံတွင်း သေကြေပျက်စီး ဆုံးရှုံးမှု ပမာဏမှာ မနည်းလှပေ။

၁၉၄၁ ခုနှစ်ဦးပိုင်းတွင် ဂျာမန်သည် ဗော်လကန်ဒေသ၊ အာဖရိကနှင့် အရှေ့အနီးပိုင်း နိုင်ငံများကို ထိုးစစ်ဆင်သည်။ ဘူလ်ဂေးရီးယားနှင့် ယူဂိုဆလပ်ဗီးယားတို့က ဝင်ရိုးတန်းနိုင်ငံများနှင့် ပူးပေါင်းလိုက်ကြသည်။ ဂျာမန်သည် အီတာလျံတို့ တိုက်၍ မရခဲ့သော ဂရိနှင့် လစ်ဗျားကိုပါ တိုက်ခိုက်သိမ်းပိုက်လိုက်သည်။ ၁၉၄၁ ခုနှစ် နှစ်လည်ပိုင်းတွင်မူ သဘောတူ ချုပ်ဆိုထားခဲ့သော မကျူးကျော်ရေး စာချုပ်ကို ဖောက်ဖျက်ကာ ဆိုဗီယက်ရုရှားကိုတိုက်သည်။ ၎င်းတို့ အပြင်း အထန် တိုက်ခိုက်ကြသော်လည်း ကြိုတင်ပြင်ဆင်မှုရှိခဲ့သော ဆိုဗီယက်အား အလွယ်တကူမရနိုင်ပေ။ မော်စကိုနှင့် လီနင်ဂရက်တို့သို့ ဦးတည် ချဉ်းကပ် နိုင်ခဲ့သည့်တိုင် မသိမ်းပိုက်နိုင်ခဲ့။ ယူကရိန်းနယ်မှ ကီးယက်၊ အိုဒက်ဆာ၊ ခါခေါ့ မြို့များကို သိမ်းပိုက်ခဲ့ရာတွင်လည်း ၎င်းတို့၏ အကျအဆုံးမှာ အလွန်များပြားသည်။

ထိုအတွင်း အတ္တလန္တိတ် စာချုပ်[၄] ကို ချုပ်ဆိုပြီးသည့်နောက် ဗြိတိန်နှင့် အမေရိကန်တို့က ဆိုဗီယက်အား အကူအညီ ပေးမည့်အကြောင်း ကြေငြာသည်။ ရုရှားစစ်မြေပြင်သို့ရောက်နေသော ဂျာမန်တပ်မှာ အေးလွန်းသည့် ရာသီဥတုဒဏ်နှင့် ပြင်းထန်သော တန်ပြန် ထိုးစစ်ဒဏ်ကို ခံနေရလေသည်။

၁၉၄၁ ခုနှစ် နှစ်ကုန်ပိုင်း၊ ထိုကဲ့သို့သော အခြေအနေတွင် အမေရိကန်ပြည်ထောင်စုပိုင်၊ ဟာဝိုင်ယီကျွန်း ပုလဲဆိပ်ကမ်း[၅]ကို ဂျပန်က ရုတ်တရက် ဗုံးကြဲတိုက်ခိုက်လိုက်သည်။ ဂျပန်သည် လက်ဦးမှု ရယူပြီးနောက် နာရီ အနည်းငယ် အကြာတွင် အမေရိကန်နှင့် အင်္ဂလိပ်တို့အား စစ်ကြေငြာသည်။ အမေရိကန်နှင့် အင်္ဂလိပ်တို့ကလည်း တုံ့ပြန်သည်။ ဤတွင် ဂျာမဏီနှင့် အီတလီတို့ကလည်း အမေရိကန်အား စစ်ကြေငြာသည်။ သို့ဖြင့် အလျှံတညီးညီး စစ်မီးတောက်သည် တကမ္ဘာလုံးသို့ ပြန့်နှံ့ လောင်ကျွမ်း သွားလေ တော့သည်။

ပုလဲဆိပ်ကမ်းကို ဗုံးကြဲ တိုက်ခိုက်ခဲ့သည့် ပွဲဦးထွက် အောင်ပွဲအပြီး (၃)ရက်အကြာတွင်ပင် ဂျပန်သည် အင်္ဂလိပ်တို့၏ အကောင်းဆုံး စစ်သင်္ဘောကြီးနှစ်စီးဖြစ်သောဝေလမင်းသားနှင့် ရီပတ်[၆] တို့ကို နှစ်မြှုပ်ပစ်လိုက်နိုင်ပြန်သည်။အခြားသင်္ဘောငယ် အတော်များများကိုလည်း နှစ်မြှုပ် ဖျက်ဆီးနိုင်ခဲ့သည်။ အင်္ဂလိပ်ပိုင်နေသော ဟောင်ကောင်ကျွန်းအပြင် ဂွမ်ကျွန်း၊ ဝိတ်ကျွန်း၊ ဖိလစ်ပိုင်၊ လူဇုန်၊ ဘာတန်း၊ ကော်ရက်ဂျစ်ဒါ စသည့် ကျွန်းများစွာကို ဂျပန်တို့ သိမ်းပိုက်နိုင်ခဲ့သည်။ တို



၁။ **Armistice.**
၂။ **Neutral.**
၃။ **Axispowers.**
၄။ **Atlantic Charter.**
၅။ **Pearl Harbour.**
၆။ **(Battle ships) Prince of Wales and Repulse.**

တောင်းသော အချိန်အတွင်းမှာပင် ပစ္စိဖိတ်အနောက်တောင်ပိုင်း ဒေသတခွင်၌ ဂျပန်တို့ ကြီးစိုးလာခဲ့သည်။ ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလတွင် စလီးဗီးကျွန်းနှင့် မလေးပြည်မကြီးတို့ကို အင်္ဂလိပ်တို့ လက်လွှတ်လိုက်ရပြန်သည်။ စတိသဘောမျိုးမျှသာ ခုခံသော ထိုင်းနိုင်ငံကိုလည်း ဂျပန်က (၄) နာရီမျှဖြင့် သိမ်းပိုက်နိုင်ခဲ့သည်။

တရုပ်ကို တိုက်လိုသော ဂျပန်သည် ၁၉၃၆ ခုနှစ်အတွင်းက ဂျာမဏီနှင့် စာချုပ်တခု ချုပ်ခဲ့သည်။ **ကွန်မင်တန် ဆန့်ကျင်ရေး စာချုပ်**[၁] ဖြစ်၏။ ၁၉၃၇ ခုနှစ် အီတလီကပါ ထိုစာချုပ်တွင် ပါဝင်လာသော အချိန်၌ ဂျပန်သည် တရုပ်အား တိုက်ခိုက်နေခဲ့ပြီဖြစ်သည်။ ဂျာမန်နှင့် အီတလျံတို့ ကမ္ဘာ့ အနောက်ခြမ်း၌ ကျူးကျော် နယ်ချဲ့နေကြစဉ် ဂျပန်သည် အင်အားကြီး နိုင်ငံတခုဖြစ်သော တရုပ်ကို ထိုးစစ်ဆင်ရင်းမှ၊ ၎င်း၏ လက်နက် လူသူ အင်အားကိုလည်း ပို၍ ကြီးမားလာအောင် ပြင်ဆင် တိုးချဲ့နေခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် ဂျပန်က **မဟာအရှေ့အာရှ သာတူညီမျှ ကောင်းစားရေးနယ်**[၂] ကို ထူထောင်မည်ဟု ဟစ်ကြွေးခဲ့သည်။ သို့ရာတွင် ထိုအချိန်က ဂျပန်၏ အာရုံမှာ တရုပ်နှင့် မန်ချူးရီးယားတွင်သာ ရှိနေခဲ့သည်။

၁၉၄၁ ခုနှစ် နှစ်လည်ပိုင်း မတိုင်မီကမူ ဂျပန်သည် မြန်မာနိုင်ငံကို လုံးဝ သိမ်းယူဘို့ရန် စိတ်ကူးမရှိချေ။ ၎င်း၏ အကျိုးအမြတ်အတွက် မျှော်မှန်းလျက်၊ မြန်မာ့ လွတ်လပ်ရေး ကြိုးပမ်းမှုကို တဘက် တလမ်းမှ အကူအညီပေးရန်သာ ကြံရွယ်ခဲ့သည်။ မြန်မာနိုင်ငံနှင့် ပတ်သက်၍ ဂျပန်၏ အဓိက ရည်ရွယ်ချက်မှာ တရုပ် မြန်မာ လမ်းမကြီးကို ပိတ်ဆို့ ဖြတ်တောက် နိုင်ရေးပင် ဖြစ်သည်။ ထိုလမ်းမကြီးကို ပိတ်လိုက်နိုင်လျှင်၊ မဟာမိတ်များက မြန်မာနိုင်ငံမှတဆင့် တရုပ်ထံသို့ စစ်လက်နက် အကူအညီများ တင်ပို့မှု ထိခိုက်ပျက်ယွင်းသွားမှာ ဖြစ်ပြီး တရုပ်နှင့် ဖြစ်နေသော စစ်ပွဲအခြေအနေကို တမျိုး တဖုံ ပြောင်းလဲ သွားစေလိမ့်မည်ဟု ဂျပန်က တွက်ဆ ထားခဲ့သည်။

၁၉၃၈ နှင့် ၁၉၃၉ ခုနှစ်များတွင် (ထိုအချိန်က ဝန်ကြီးချုပ်ဖြစ်နေသော) ဒေါက်တာ ဘမော်အား ထိုလမ်းမကြီးကို တနည်းနည်းဖြင့် အသုံးမပြုနိုင်အောင် လုပ်ပေးရန် ငွေကြေးဖြင့် စည်းရုံးခဲ့သည်။ တဘက်မှလည်း အင်္ဂလိပ်ကို ထိုလမ်းမကြီး ပိတ်ပေးပါရန် တင်ပြ တောင်းဆိုသည်။ အင်္ဂလိပ်က ၁၉၄၀ ခုနှစ် ဇူလိုင်လမှ အောက်တိုဘာအထိ (၃)လမျှ ပိတ်ပေးခဲ့သည်။ (၃)လ ပိတ်ပြီးနောက် လမ်းမကြီးကို ပြန်မဖွင့်မီ အချိန်တွင်ပင် ကမ္ဘာ့စစ်ရေး နိုင်ငံရေး အခြေအနေမှာ ပြောင်းလဲနေပြီ ဖြစ်လေသည်။ ဂျပန်သည် ဝင်ရိုးတန်း နိုင်ငံများအဖြစ် ဂျာမဏီ အီတလီ တို့နှင့် မဟာမိတ်စာချုပ် ချုပ်လိုက်သည်။ အင်္ဂလိပ်နှင့် အမေရိကန် တပ်များ ဥရောပ စစ်မျက်နှာကို အာရုံပြုနေရချိန်၌ ဂျပန်က အရှေ့တောင် အာရှဒေသ တခွင်လုံးကို နယ်ချဲ့သိမ်းသွင်းရန် အကြံ ဖြစ်ပေါ်လာသည်။ ထိုအခါ မြန်မာနိုင်ငံကိုပါ စစ်ရေး အရ ထည့်သွင်းစဉ်းစား ရမည့် သဘော ရှိလာပေသည်။

အရှေ့တောင်အာရှ တခွင်လုံး နယ်ချဲ့ရန် ကြံစည်လာသည့် နောက်ပိုင်း၊ အင်္ဂလိပ်က တရုပ်မြန်မာ လမ်းမကြီးကို ပြန်ဖွင့်လိုက်သောအခါ ဂျပန်သည် မြန်မာ နိုင်ငံအပေါ် ပိုမိုအာရုံစိုက်လာခဲ့သည်။ တရုပ် မြန်မာ လမ်းမကြီး ပိတ်ဆို့ ဖြတ်တောက်နိုင်ရေးအတွက် မြန်မာ့ အကူအညီဖြင့် ဆောင်ရွက်ရန်လိုသည်။ မြန်မာတို့ထံမှ အကူအညီကို ရလိုလျှင် မြန်မာတို့နှင့် သင့်မြတ်ဘို့လိုသည်။ မြန်မာတို့နှင့် သင့်မြတ်ရန်မှာ မြန်မာ့ လွတ်လပ်ရေး ကြိုးပမ်းနေမှုကို အကူအညီ ပေးခြင်းသာ ဖြစ်ကြောင်း၊ ဂျပန်တို့ သဘောပေါက်ကြသည်။ မြန်မာနိုင်ငံသည်၁၈၈၅ ခုနှစ်မှစ၍ အင်္ဂလိပ်တို့၏ ကိုလိုနီဖြစ်ခဲ့သည်။ ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နေလာခဲ့သော နိုင်ငံကြီး ထီးကျိုးစည်ပေါက် ကျွန်ဘဝ ရောက်ခဲ့ရသည်။ သို့ရာတွင် သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် မြန်မာတို့ အစဉ်အဆက် ကြိုးပမ်းခဲ့ကြသည်။ ဗိုလ်မြတ်ထွန်း၏ ပုန်ကန်ထကြွမှု၊ တောင်သူလယ်သမား အရေးတော်ပုံ၊ ရေနံမြေသပိတ်၊ တက္ကသိုလ် ကျောင်းသားများ၏ ကန့်ကွက် ဆန္ဒပြ တောင်းဆိုမှု စသည်တို့ ပေါ်ပေါက်ခဲ့သည့်အပြင်၊ ရဟန်း သံဃာများ၊ ဝံသာနုအဖွဲ့များ၏ အမျိုးသားရေးနှင့် လွတ်လပ်ရေးအတွက် စည်းရုံး ဟောပြော လှုံ့ဆော်မှု၊ သခင်ပါတီများ အမျိုးသား ကျောင်းများ၏ လှုပ်ရှားမှု၊ သတင်းစာ ဂျာနယ်များမှ နှိုးဆွရေးသားမှု စသည်ဖြင့် မြန်မာနိုင်ငံသား အများအပြားပင် တိုင်းတပါး လက်အောက်မှ လွတ်မြောက်ရေးအတွက် ဆန္ဒရှိနေကြသည်။

၁၉၄၀ ပြည့်နှစ် ဩဂုတ်လတွင် မြန်မာ့ လွတ်လပ်ရေး ကြိုးပမ်းမှုအတွက် နိုင်ငံခြား အကူအညီရှာရန် အမွိုင်သို့ထွက်ခဲ့ကြပြီး၊ တရုပ်နှင့် ဆက်သွယ်ခဲ့ရာတွင် မည်သည့် အကောင်အထည်မျှမပေါ်ဘဲ အချည်းနှီးဖြစ်ကာ၊ အမွိုင်၌ လအနည်းငယ်မျှ သောင်တင်နေကြသော သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့သည် ဂျပန် အေးဂျင့်တဦးနှင့် ဆုံမိကြသည်။ ၎င်းမှတဆင့် တိုကျိုရှိ ဗိုလ်မှူးကြီး ဆူဇူကီး[၃]နှင့် တွေ့ကြရသည်။ တရုပ် မြန်မာ လမ်းမကြီးကို ပိတ်ရန် ကိစ္စအတွက် (အပြန်အလှန်အားဖြင့်) မြန်မာ့ လွတ်လပ်ရေး ကြိုးပမ်းမှုကို တဘက်တလမ်းမှ အထောက်အကူပေးလိုနေသော ဂျပန်တို့သည် မာနာမိ[၄] အဖွဲ့ကို ဖွဲ့စည်းလိုက်ကြ

---

၁။ **Anti Comintern Pact.**

၂။ **Greater East Asia Prosperity Sphere.**

၃။ **Colonel Keiji Suzuki.**

၄။ **Minami Kikan.**




***Photo by - Burma Issues.***

ပြီး ၁၉၄၁ ခုနှစ် နှစ်ဦးပိုင်းတွင်ပင် မြန်မာမျိုးချစ် လူငယ်တစုအား စစ်ပညာ သင်ကြား လေ့ကျင့်ပေးခဲ့သည်။

၁၉၄၁ ခုနှစ် ကုန်ခါနီး၊ ရုရှ စစ်မျက်နှာတွင် ဂျာမန်တို့ အလူးအလဲ ခံနေရချိန်၌ ဂျပန်သည် အမေရိကန်ပိုင် ပုလဲဆိပ်ကမ်းကို ရုတ်တရက် ဗုံးကြဲ တိုက်ခိုက်လိုက်ပြီးနောက် ကမ္ဘာစစ်အတွင်းသို့ ဝင်လာခဲ့သည်။ အောင်ပွဲများ အလီလီ ရခဲ့သည်။ တိုတောင်းသော အချိန် အတွင်းမှာပင် နယ်မြေအတော်များများ သိမ်းပိုက်နိုင်ခဲ့ကြသည်။ ထိုင်းနိုင်ငံကို အလွယ်တကူဖြင့် သိမ်းပိုက်လိုက်ပြီးသည့်နောက် မြန်မာနိုင်ငံသို့ ချီတက်ရန် စီစဉ်ကြသည်။ ဟိုင်နန်ကျွန်း၌ စစ်ပညာ သင်ကြားခဲ့ကြသော၊ သခင်အောင်ဆန်း ခေါင်းဆောင်သည့် မျိုးချစ် သခင်လူငယ်များနှင့် မီနာမိအဖွဲ့ဝင် ဂျပန်အရာရှိများသည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဘီအိုင်အေ[၁] ခေါ် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဖွဲ့စည်းပြီး တပ်သားအင်အား စုဆောင်းသည်။ ရဲဘော်သုံးကျိပ်ဟု မှတ်တမ်းပြုခြင်း ခံရမည့် သခင်လူငယ်များအနက် သခင် ထွန်းအုပ်မှ လွဲ၍ အားလုံးပင် ဗိုလ်အမည်ခံကာ ၎င်းတို့၏ အမည်ရင်းများကိုလည်း ပြောင်းလိုက်ကြသည်။ ဘီအိုင်အေ၏ သေနာပတိ ဗိုလ်ချုပ်ကြီးအဖြစ် ဆူဇူကီး (ဗိုလ်မိုးကြိုး) က ဆောင်ရွက်ပြီး၊ သခင်အောင်ဆန်း (ဗိုလ်တေဇ)က ဗိုလ်ချုပ်အဖြစ် တာဝန်ယူခဲ့သည်။ ထို့နောက် ဗိုလ်ရန်နိုင်နှင့် ဗိုလ်မင်းရောင်တို့ ဦးစီးသည့် စစ်ကြောင်းက ဝိတိုရိယအငူဘက်မှ၎င်း၊ ဗိုလ်လကျာ၏ စစ်ကြောင်းက ထားဝယ်မှ၎င်း၊ ဗိုလ်တေဇ၏ စစ်ကြောင်းက ဖာပွန်ဘက်မှ၎င်း စစ်ကြောင်း (၃)ကြောင်းဖြန့်၍ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ ရန်ကုန်မြို့ကို မတ်လ (၁၀)ရက်နေ့တွင် ဘီအိုင်အေ က သိမ်းပိုက် နိုင်လိုက်ပြီးနောက်၊ မေလအတွင်း မြန်မာတနိုင်ငံလုံးကို ဂျပန်များက သိမ်းနိုင်ခဲ့ကြသည်။

အင်္ဂလိပ်ကို တိုက်မည်ဟူသော ရည်ရွယ်ချက်ဖြင့် သံမဏိတပ်ဖွဲ့အတွင်းသို့ ဝင်ရောက်ခဲ့ဘူးသော မောင်တင်ဦးသည် ဘီအိုင်အေနှင့် ဂျပန်တပ်များ၏ အင်္ဂလိပ် တိုက်ပွဲအချို့အကြောင်းကို ကြားရုံသာ ကြားလိုက်ရလေသည်။ ပါဝင်ဆင်နွှဲခွင့် မရခဲ့ချေ။

အင်္ဂလိပ်တို့မှာ အရှေ့တိုင်း၌ ၎င်းတို့၏ အကြီးဆုံးခံတပ် ဖြစ်သော စင်္ကာပူ ခံတပ်ကြီး ဖေဖော်ဝါရီလအတွင်း ကျဆုံးသွားပြီးကတည်းက မဟာမိတ် အရှေ့ပိုင်း အင်အားစုများပြိုကွဲသွားခဲ့ရာ မြန်မာ နိုင်ငံတွင်းသို့ ဂျပန်များ ဝင်ရောက် တိုက်ခိုက်လာသောအခါ အပြင်းအထန်ခုခံရန် မကြိုးစား ကြတော့ချေ။ ထို့ကြောင့်လည်း (၅) လအတွင်းမှာပင် မြန်မာနိုင်ငံအား ဂျပန်က သိမ်းယူနိုင်ခဲ့ခြင်း ဖြစ်လေသည်။

ရန်ကုန်မှ အင်္ဂလိပ်များ ဆုတ်ခွာရသည့်အချိန်နှင့် မရှေးမနှောင်းမှာပင် မြစ်ဝကျွန်းပေါ် နေရာအချို့၌ ကရင် ဗမာ အဓိကရုန်းကြီး ဖြစ်ပွားခဲ့သည်။ မြောင်းမြခရိုင်ကနစိုးကုန်းရွာ အပါအဝင် ကရင်ရွာ ဗမာရွာများ တပြန် တလှည့်စီ မီးရှို့လုယက်ကြမှုမှ အစပြုကာ ပိုမိုကျယ်ပြန့်လာသော အဓိကရုန်းကြီး၏ ဂယက်မှာ မြောင်းမြ၊ ညောင်တုန်း၊ ပန်းတနော်၊ ရွှေလောင်း တို့ဘက်မှ ရွာများသို့တိုင် ရိုက်ခတ်လာသည်။ မောင်တင်ဦး တို့ဘက်မှ ကရင်ရွာများမှာလည်း ခြံစည်းရိုးကာခြင်း၊ ကင်းချခြင်းများ ပြုလုပ် ထားရသည်။

ဆက်လက်ဖော်ပြပါမည်။

၁။ **(B.I.A.) Burma Independence Army.**

# မေတ္တာရပ်ခံချက်

စာစောင်(၅)တွင် စာလုံးအပေါက် အကျ အမှားအယွင်းအချို့ပါရှိသွားသည်ကို အောက်ပါအတိုင်း ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ကွန်ပြူတာစက် ချို့ယွင်းမှုကြောင့် ယခု စာစောင် (၆) အချိန်မှီ မထွက်ရှိနိုင်ခဲ့ခြင်းနှင့် စာလုံးအပေါက် အကျအချို့ပါရှိနိုင်ခြင်းကိုလည်း သည်းခံပါရန် ပန်ကြားအပ်ပါသည်။

| စဉ် | စာမျက်နှာ | ကော်လံ | အပိုဒ် | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|---|---|---|
| ၁ | ၄ | ၁ | ၁ | ၃ | ကရင် | ကာရင် |
| ၂ | ၅ | ၃ | ၁ | ၆ | လျှောက်သွား | လျှောက်သွား |
| ၃ | ၁၃ | ၂ | ၂ | ၄ | အဓမ္မသတ်ကာ | အဓမ္မသတ်တာ |
| ၄ | ၁၃ | ၃ | ၁ | ၁ | ချောင်ပိတ်ရိုတ်တဲ့ | ချောင်ပိတ်ရိုက်တဲ့ |
| ၅ | ၁၅ | ၁ | ၂ | ၁ | ဟန်တာ အဏာပိုရှိသင့် | ဟန်တာ အာဏာပိုရှိသင့် |
| ၆ | ၁၅ | ၁ | ၃ | ၁ | ထောင့်ကိုးရာခြောက်ဆယ့်လေးမှာ | ထောင့်ကိုးရာ ခြောက်ဆယ့်သုံးမှာ |
| ၇ | ၁၇ | ၃ | ၁ | ၃ | ယေဘူယျ | ယေဘုယျ |
| ၈ | ၂၉ | ၁ | ၃ | ၁ | "ဝတ္တရား" လူ့အသိုင်းအဝိုင်းက | "ဝတ္တရား"။ လူ့အသိုင်းအဝိုင်းက |
| ၉ | ၃၁ | ၂ | ၃ | ၁ | သဗ္ဗေသခ်ါရ အနိစ္စာ | "သဗ္ဗေသခ်ါရ အနိစ္စာ |
| ၁၀ | ၃၁ | ၃ | ၂ | ၃၂ | သည်ဟု ဆိုကြသူများမှာ | သည်" ဟု ဆိုကြသူများမှာ |
| ၁၁ | ၃၄ | ၂ | ၃ | ၆ | နံပါတ် (၃)မှန်တိုင်း | နံပါတ် (၂)မှန်တိုင်း |
| ၁၂ | ၃၆ | ၂ | ၂ | ၉–၁၀ | ဖြိတိသျှခေတ် ကရင်သေနတ်ကိုင် တပ်ရင်း(၁)၌ အမှုထမ်း၊ | (ဤအကြောင်းအရာမှာ မှားယွင်း သွားပါသည်။ သီးသန့်ထုတ်ဝေမည့် ဖူးလောကွားအတ္ထုပ္ပတ္တိတွင်ဖတ်ရှုပါ။) |
| ၁၃ | ၃၆ | ၃ | ၁ | ၂ / ၃ | မင်းရန်အောင် အလင်းရောင် လောဂေါ် စသည့်စစ်ဆင်ရေးများ၊ | မင်းရန်အောင်၊ အလင်းရောင် စ သည့် ရန်သူ စစ်ဆင်ရေးများ၊ |
| ၁၄ | ၃၇ | ၂ | ၃ | ၂ | ကိုးကွယ်ရှိကြတာဘဲ။ | ကိုးကွယ်ခွင့် ရှိကြတာဘဲ။ |
| ၁၅ | ၃၉ | ၂ | ၂ | ၆ | ကရင်နှစ်သစ်ကူးပွဲတော် | ကရင်အမျိုးသားနေ့အခမ်းအနား |
| ၁၆ | ၄၄ | ၃ | ၁ | ၁၀ | သံသယဖြစ်မှုများ ရှိနေခြင်းကြောင့် | သံသယဖြစ်မှုများ ရှိနေခြင်းဖြင့် |
| ၁၇ | ၄၄ | ၃ | ၁ | ၁၂ | မရှိတို့ခြင်းတို့ကြောင့် | မရှိတော့ခြင်းတို့ကြောင့် |
| ၁၈ | ၄၇ | ၁ | ၂ | ၄ / ၅ | မယ်စံလပ် ပြည်နယ်နှင့် | မဲဟောင်ဆောင်ပြည်နယ် မယ်စမ်လပ်နှင့် |
| ၁၉ | ၄၇ | ၃ | ၃ | ၁၅/၁၆ | အနီးဝန်းကျင်သို့ နဝတ တပ်များ အနောက်အယှက်ကင်းလွတ်နေသော | အနီးဝန်းကျင်မှာ နဝတ တပ်များ၏ အနောက်အယှက်မှ ကင်းလွတ်နေသော |
| ၂၀ | ၄၈ | ၁ | ၁ | ၇ | ဒေသတွင် ထင်ပေါ်နေသော ဒေသတခု | ဒေသတွင် ထူးထူးခြားခြား ထင်ပေါ် နေသော နေရာတခု |
| ၂၁ | ၄၉ | ၁ | ၂ | ၉ | တပည့်ဒါယိကာ ဒါယိကာမ | တပည့်ဒါယကာ ဒါယိကာမ |
| ၂၂ | ၅၂ | ၃ | ၁ | ၂၄ | မုသာဝါဒ | မုသာဝါဓာ |
| ၂၃ | ၅၃ | ၁ | ၁ | ၁၄ | ဒါယိကာ ဒါယိကာမများ | ဒါယကာ ဒါယိကာမများ |
| ၂၄ | ၅၃ | ၂ | ၂ | ၁၀ | ဒါယိကာ | ဒါယကာ |
| ၂၅ | ၅၄ | ၂ | ၆ | ၃ | အလ္လကမ္ဗ | အလ္လကပ္ပ |
| ၂၆ | ၅၈ | ၃ | ၃ | ၁ | "ရောယိခဏီ စစ်ပွဲ" | "ရောဟိဏီ စစ်ပွဲ" |
| ၂၇ | ၆၅ | ၂ | ၁ | ၁၃ | ကိုယ်ရောင်ဖျောတ်ပြီး | ကိုယ်ရောင်ဖျောက်ပြီး |
| ၂၈ | ၆၅ | ၂ | ၁ | ၁၆ | သွားခြင်းဖြစ်လေသည်။ | သွားခြင်းဖြစ်နိုင်လေသည်။ |
| ၂၉ | ၆၇ | ၃ | ၁ | ၄ / ၅ | ဘာသာရေး အပြည့်အဝရှိစေရန် နှင့် ဗုဒ္ဓဘာသာဝင် | ဘာသာရေးလွတ်လပ်ခွင့် အပြည့် အဝရှိစေရန်နှင့် ဗုဒ္ဓဘာသာဝင် |
| ၃၀ | ၆၇ | ၃ | ၂ | ၁၀ / ၁၁ | ခေါင်းဆောင်အချို့၏ မကျေမနပ် အတွင်းကြိတ် | ခေါင်းဆောင်အချို့၏ လွဲမှားသော လုပ်ရပ်များနှင့် ပတ်သက်၍ အောက်လက်ငယ်သားအချို့၏ မကျေမနပ် အတွင်းကြိတ် |

ကရင့်သမိုင်းသုတေသနအဖွဲ့

# နိုင်ငံသစ်

အထူးဆောင်းပါး



# ဖြစ်ဆုံ

Photo by Canadian friends.

101 / ၁၀၁

# မြစ်ဆုံ မြစ်ဆုံ **မြစ်ဆုံ** မြစ်ဆုံ မြစ်ဆုံ

ကရင့်သမိုင်းသုတေသနအဖွဲ့



ခွဲထွက်အဖွဲ့များ စတင်အခြေပြုရာ သူမွဲထာဒေသ *Photo by I.K.H.R.A.*

{စာစောင် [၅]မှ အဆက်}

ဒီဇင်ဘာလ (၃)ရက် နေ့တွင်ပင် ဗိုလ်မှူးကြီး ထူးထူးလေးသည် သူမွဲထာ ဘုန်းတော်ကြီး ကျောင်းသို့ ပြန်သွားပြီး၊ ၎င်းတို့၏ ခေါင်းဆောင် လုပ်သူများအား အကြောင်း ပြန်ခဲ့သည်။ ၎င်းတို့၏ နစ်နာချက်များကို တင်ပြထားသည့် အခြေခံ အကြောင်း အရာများ ပေါ်တွင် လက်ခံကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေ စည်းကမ်းနှင့် အညီ စုံစမ်း မေးမြန်းခြင်းများ၊ အရေးယူ ဆောင်ရွက်ခြင်းများ ပြုရမည်ဖြစ်၍ ဤကိစ္စရပ်များ အတွက် ခိုင်မာ တိကျသော အထောက်အထားများ ရရှိဘို့ရန် လိုအပ်ကြောင်း ပြောကြားသည်။ သူမွဲထာမှ ဗုဒ္ဓဘာသာ ခေါင်းဆောင်များက ၎င်းတို့၏ ဆရာတော်နှင့် အဆက်အသွယ် မရသေးမီအတွင်း၊ ဤနေရာ၌ပင် ၎င်းတို့နှင့် အတူနေပါရန်နှင့် နှစ်ဦး နှစ်ဘက် လုံး အပြန်အလှန် ကျေနပ်စေမည့် ဖြေရှင်းချက်ရရှိရေး ကူညီဆောင်ရွက်ပေးပါရန် ဗိုလ်မှူးကြီး ထူးထူးလေးအား တောင်းဆိုကြသည်။

ထိုနေရာ၌ နေထိုင်ရင်း ပတ်ဝန်းကျင်ရှိ လှုပ်ရှား သွားလာနေသူများကို ဗိုလ်မှူးကြီး ထူးထူးလေး အကဲခတ်လေ့လာသည်။ လောလောဆယ် အခြေအနေတွင် ကျောင်းမှလူများနှင့် ပတ်သက်၍ ပြောရေးဆိုခွင့် ရှိနေသော အရာခံဗိုလ် ကျော်သန်းအား ဂရုပြုလေ့လာ စူးစမ်းသည်။ ချို့တဲ့သည့် စီမံခန့်ခွဲမှုနှင့် ရှော့တိရော့ရဲ တည်ဆောက် ဖွဲ့စည်းထားမှုများ၊ ပုံစံဟန်ပန် ကွဲပြားနေသည့် ပုဂ္ဂိုလ်များနှင့် စည်း ကမ်းတကျမရှိသော အုပ်စုများ၏ အခြေ အနေကို အကဲခတ်မိသည်။

ဤအနေ အထားသည် မိမိတို့ အရေးကိစ္စအတွက် တရားမျှတသော နည်းလမ်းဖြင့် တောင်းဆို တိုက်ပွဲဝင်နိုင်ကြမည့်သူများ၏အနေအထားမဟုတ်ပေ။ ထို့ကြောင့် စုံလင်ပြည့်ဝသော ဘုတ် ကော်မတီတရပ်ကို ထူထောင်ဘို့ရန် ဗိုလ်မှူးကြီး ထူးထူးလေးက တိုက်တွန်း ခဲ့သည်။ ပီပီ ပြင်ပြင် ရှင်းရှင်းလင်းလင်း အစီအစဉ်တကျ အမိန့်နှင့် စည်းကမ်းကို လိုက်နာသောတပ်များအဖြစ် တည်ဆောက်ရန်လည်း သူအကြံပြု လမ်းညွှန်ခဲ့သည်။ ထိုကဲ့သို့သောတပ်ကို တည်ဆောက် နေရခြင်းအားဖြင့် မကြာသေးမီက ဖြစ်ပေါ်ခဲ့သော ပြဿနာရပ်များနှင့် ပတ်သက်သည့် ၎င်းတို့၏ မကျေနပ်မှုနှင့် နာကျည်းမှု ပမာဏများကို လည်း လျော့ပါး သွားစေလိမ့်မည် ဖြစ်သည်။ ထို့ပြင်စည်းကမ်းသေဝပ်သော တပ်များအဖြစ်၊ ၎င်းတို့၏ အရေးကိစ္စကို စံနစ်တကျ တင်ပြတောင်းဆိုရာတွင်လည်း ကျေနပ်ဘွယ်ရာ တုံ့ပြန်မှုကို ရရှိစေလိမ့် မည်ဖြစ်သည်။ အမျိုးသားချင်း ချစ်ကြည်သွေးစည်းမှုဖြင့် မည်သည့်အဖွဲ့အစည်းကမဆိုလေးစားရသော ကော်သူးလေ တပ်မတော် အဖြစ် လည်း ဆက်လက်ရပ်တည်နိုင်လိမ့်မည် ဖြစ်ပေသည်။

သို့ရာတွင် ဗိုလ်မှူးကြီး ထူးထူးလေး ၏ အကြံပြု တိုက်တွန်းချက် များကို မည်သူ တဦးတယောက်ကမျှ ပြီးမြောက်ပြည့်စုံ အောင် မဆောင်ရွက် နိုင်ခဲ့ကြချေ။

ဗိုလ်ချုပ်ကြီး မြ မှာ မာနယ်ပလောမှနေ၍ အခြေအနေကို စောင့်ကြည့်လျက်ရှိနေပြီး၊ ကေအဲန်ယူ အဖွဲ့အစည်းဝင်များ၏ပြီးခဲ့သော စည်းဝေးပွဲမှ ဆုံးဖြတ်ခဲ့မှုကို ထိုအဆင့်အထိ လက်ခံ အတည်ပြုခဲ့သည်။

ဒီဇင်ဘာလ (၅)ရက်နေ့တွင် မြိုင်ကြီးငူကျောင်းမှ ဦးပဉ္စင်း အပါး(၂၀)ခန့် သူမွဲထာသို့ ကြွရောက် လာကြသည်။ ဦးပဉ္စင်းများက ဗိုလ်မှူးကြီး ထူးထူးလေးအား ကောင်းမွန်စွာပင် ဆက်ဆံကြသည်။ ဒီဇင်ဘာ (၆)ရက်နေ့တွင် သံဃာတော်ကိုယ်စားလှယ်များက ကေအဲန်ယူ ခေါင်းဆောင်များနှင့် တွေ့ဆုံ စည်းဝေးလိုကြောင်းတောင်းဆိုသည်။ စေ့စပ် ညှိနှိုင်း

ရေးကော်မတီကို စီစဉ်ပေးရန်လည်း ဗိုလ်မှူးကြီး ထူးထူးလေးအား ပြောသည်။ ဗိုလ်မှူးကြီး ထူးထူးလေးက လွတ်လပ်သော ကြားနေသူများ အဖြစ်၊ သူနှင့်အတူ စေ့စပ်ဖြန်ဖြေရေး ကော်မတီ တွင် ပါဝင်ဆောင်ရွက်ရန် ဗိုလ်ချုပ် မောင်မောင်၊ ပဒိုမန်းရှာလားဖန်း နှင့် ပဒို စံလှိုင် တို့ကို ရွေးချယ်ခဲ့သည်။ ထိုပုဂ္ဂိုလ်များမှာ ကြွယ်ဝလုံလောက်သောအတွေ့အကြုံနှင့် အရည်အချင်းရှိသူများဖြစ်ကြပြီး စုပေါင်း ဆောင်ရွက်ညှိနှိုင်းဖြေရှင်းမှုများ ပြုလုပ် ရန်လည်း အမှန်တကယ် လိုလားကြသူ များ ဖြစ်လေသည်။

**လိပ်ခဲ တည်းလည်း ဆွေးနွေးပွဲ အပြီး၌**

လွတ်လပ်စွာ ကြားနေ စေ့စပ်ဖြန်ဖြေရေးအဖွဲ့နှင့် သံဃာတော် များ ဦးဆောင် ပါဝင်သည့် အုပ်စုတို့၏ ပဏာမဆွေးနွေးပွဲကို ဒီဇင်ဘာလ (၇)ရက် နေ့တွင် သူးမွဲထာ ဘုန်းတော်ကြီး ကျောင်း ၌ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲ၌ ဗိုလ်ချုပ်မောင်မောင်၊ ပဒိုမန်းရှာ နှင့် ပဒိုစံလှိုင်တို့ အပြင် မာနယ်ပလောနှင့်သူးမွဲထာအကြား သွားချည် ပြန်လုပ် လုပ်ရင်း အချို့သော ပုဂ္ဂိုလ်များနည်းတူ သူးမွဲထာမှ ပြန်မထွက်နိုင်ဘဲ ဖြစ်နေသော ဒု ဗိုလ်မှူးကြီး ဂျော်နီလည်း ပါရှိလေသည်။ ဆွေးနွေးပွဲကို မတက်ဘို့ ဗိုလ်မှူးကြီးထူးထူးလေး စိတ်ကူးသည်။ ဦးပဉ္စင်းများနှင့် အရာခံဗိုလ် ကျော်သန်း အပါအဝင် ရဲဘော်များ၏ သဘောထားကို သူသိရှိ နားလည်ထားသောကြောင့်ဖြစ်လေသည်။အမိန့်အာဏာနှင့် လုပ်ပိုင်ခွင့် အရာတွင် မနှိုင်း ယှဉ်သာလောက်အောင် ကွာခြားသူများက အစုအဖွဲ့ငယ်များဖြင့် ဂိုဏ်းဂဏ ခွဲခြား လာမှု ဖက်ပြိုင်လာမှုတို့မှာ ကောင်းမွန်စွာ လည်ပတ်ရမည့် ညှိနှိုင်းပြေလည်ရေး ယန္တယား ကွင်းဆက်ကို ဖြတ်တောက်လိုက်သကဲ့သို့ ရှိသည်။ မည်သို့ပင် ဖြစ်စေကာမူ ဆွေးနွေးပွဲမှာ (၁၁)နာရီခွဲခန့်တွင် ပြီးဆုံးသွားခဲ့သည်။

ဘုန်းတော်ကြီးကျောင်း၏ ပတ်ဝန်းကျင် အခြေအနေမှာ၊ အပေါ်ယံကြော အမြင်အားဖြင့် ပြီးခဲ့သော ရက်အနည်းငယ်ကလိုပင် ငြိမ်သက်အေးချမ်းလျက်ရှိသည်။ စေ့စပ်ညှိနှိုင်းရေး အဖွဲ့ဝင်များနှင့် ဦးပဉ္စင်းများ၊ သူးမွဲထာအုပ်စုများမှာ တဦးနှင့်တဦး ဖော်ရွေစွာနှုတ်ဆက် ပြောဆိုလျက် ရှိကြသည်။ သို့ရာတွင် ထိုအခြေအနေမှာ အချိန်ပိုင်းကလေး အတွင်း၌သာဖြစ်သည်။ ကြေးနန်း သတင်းတခုကို ဗိုလ်ချုပ် မောင်မောင်လက်ခံရရှိသည့် အခိုက်မှာပင် ထို အေးချမ်း ငြိမ်သက်နေသော အခြေအနေကလေးမှာ ပျက်စီးသွားခဲ့လေသည်။

ကြေးနန်း သတင်းမှာ အရာခံဗိုလ်ကျော်သန်းက ဗိုလ်ချုပ်မောင်မောင်အား မာနယ်ပလောသို့ ပြန်သွားခွင့် မပြုကြောင်း၊ အကြောင်းကြားလိုက်ခြင်းပင်ဖြစ်သည်။ အရာခံဗိုလ် ကျော်သန်းသည်၊ ယခင်က သူ့လက်အောက်ရှိ **K.N.D.O.** တပ်မ အရာရှိငယ်တဦး ဖြစ်ခဲ့သည့်အပေါ်တွင် အခြား **K.N.D.O.** တပ်မှူးငယ်များမှ တဆင့် ဗိုလ်မှူးကြီး ထူးထူးလေးက ကြိုးစားကြည့်သည်။ သို့ရာတွင် အရာခံဗိုလ် ကျော်သန်းမှာ ဗိုလ်မှူးကြီးထူးထူးလေး၏ လက်အောက်ခံ အရာရှိငယ် တဦး အနေအထား၌ လွန်ခဲ့သော နာရီ အနည်းငယ် မတိုင်မီအထိသာ ရပ်တည်နိုင်ခဲ့မည် ဖြစ်လေသည်။

ထိုအတောအတွင်းမှာပင် ဒုဗိုလ်မှူးကြီး ဂျော်နီသည်လည်း ပြန်ထွက်သွားခွင့်ကို ငြင်းဆိုခံလိုက်ရသည်။ ယင်းသို့ဖြင့် စေ့စပ် ဖြန်ဖြေရေး အဖွဲ့သည် မိမိတို့ အားလုံး ထိန်းချုပ်ခံလိုက်ရပြီ ဖြစ်ကြောင်း သဘောပေါက်သွားကြသည်။ အရာခံဗိုလ် ကျော်သန်းက ဤအမိန့်အတွက် မိမိ၌ တာဝန် လုံးဝမရှိကြောင်း အခိုင်အမာ ပြောသည်။ ဗိုလ်မှူးကြီး ထူးထူးလေးကမူ သူ ထိန်းချုပ် ကွပ်ကဲမှု ချို့တဲ့ ခဲ့သည့် အပေါ်တွင် အရာခံဗိုလ် ကျော်သန်းနှင့် အခြား ဗုဒ္ဓဘာသာ ခေါင်းဆောင်များက သြဇာ အာဏာသုံးလာရခြင်းဖြစ်ကြောင်း တတွတ်တွတ်ပြောဆိုခဲ့လေသည်။ ထပ်မံဆွေး နွေးရန် စီစဉ်ကြသည်။ နောက်ထပ်ဆွေးနွေးကြခြင်းမှာ ဤအနေအထားပေါ်တွင် မူတည်မည် ဖြစ်သောကြောင့် ဗိုလ်မှူးကြီး ထူးထူးလေး မတက်ရောက်လိုတော့ချေ။ ဆွေးနွေးပွဲသို့ သူတက်ရောက်လျှင် အခြားသော ကိစ္စရပ်များကိုပါ ထပ်မံတောင်းဆို လာကြဦးမည် စိုး၍ ဖြစ်သည်။

ညနေ (၅)နာရီ ခန့်တွင် ဖြစ်သည်။ မြစ်ကမ်းနဖူး၌ ရှိနေသော ဗိုလ်မှူးကြီး ထူးထူးလေးထံသို့ ဗိုလ်ချုပ် မောင်မောင်ရောက်လာသည်။ မာနယ်ပလောသို့ ပြန်သွားရန်အတွက် သူတဦးတည်းသာ ခွင့်ပြုချက် ရရှိခဲ့ကြောင်း ပြောသည်။ ဗိုလ်ချုပ် မောင်မောင် လှေဝမ်းထဲသို့ ဆင်း၍ ထွက်ခွာရန် အသင့် ဖြစ်နေစဉ် ပုန်ကန်သော အဖွဲ့မှ အရာရှိအချို့ ရောက်လာသည်။ လောလောဆယ် ဖြစ်ရှိနေသော အခြေ အနေများကို မာနယ်ပလော၌ ရှင်းလင်း တင်ပြထုချေချက်များပြုရာတွင် အထောက် အကူ ပေးနိုင်ရန် အတွက် ဗိုလ်မှူးကြီး ထူးထူးလေးကိုလည်း တပါတည်း ထွက်ခွာခွင့် ပြုလိုက်ကြောင်း လာရောက် ပြောကြားခြင်း ဖြစ်သည်။ ည (၉) နာရီအချိန် သူးမွဲထာသို့ အရောက် ပြန်လာကြရန်လည်း ပြောသည်။ ဤသို့




*Photo by I.K.H.R.A.*

**ငြိမ်းချမ်းစွာ အဖြေရှာလိုသော ဗိုလ်ချုပ်မောင်မောင်။**

အခြေအနေ ပြောင်းလဲ တိုးတက်လာသည့်အတွက် ဗိုလ်မှူးကြီး ထူးထူးလေး အံ့အားသင့်သွားသည်။ ဤသို့ဖြင့် သူသည် ဗိုလ်ချုပ်မောင်မောင်နှင့်အတူ မာနယ်ပလောသို့ ပြန်ခဲ့သည်။ ဗိုလ်ချုပ် မောင်မောင်နှင့် ဗိုလ်မှူးကြီး ထူးထူးလေးတို့အား မာနယ်ပလောသို့ ပြန်လွှတ်လိုက်သည့် အဓိက ရည်ရွယ်ချက်မှာ ငွေကိစ္စပင် ဖြစ်သည်။ အရေးအတွက် ထောင်ဂဏန်း ချီ၍ ရှိသော သံဃာတော်များနှင့် ထို့ထက် ပိုမိုအရေအတွက်များပြားသော ဒါယကာများကိုပင့်ဖိတ်ပြီး အစည်းဝေးပွဲကြီးတခု ပြုလုပ်ပေးရန်၊ မြိုင်ကြီးငူ ဆရာတော်အား ပြန်လည်ပင့်ဖိတ်ပေးရန်စသည့်ကိစ္စများထက် ဆွေးနွေး ညှိနှိုင်းနေစဉ် ကာလအတွင်း သူးမွဲထာရှိ ရဲဘော်များ၏ အထွေထွေ အသုံးစရိတ်အတွက် လောလောဆယ် ဘတ်ငွေ တသိန်း (၁၀၀,၀၀၀) ပေး ရန် ၎င်းတို့က တောင်းဆိုလိုက်ခြင်း ဖြစ်သည်။

ဗိုလ်ချုပ် မောင်မောင်နှင့် ဗိုလ်မှူးကြီး ထူးထူးလေးတို့ မာနယ်ပလောသို့ အနိုင်နိုင် ပြန်လည်ရောက်ရှိခဲ့သည့် အချိန်မှာပင်၎င်းတို့အား ထွက်ခွာစေခြင်းအတွက် အရာခံဗိုလ် ကျော်သန်းအား သူးမွဲထာရှိ "ဂိုဏ်းခွဲ" အုပ်စုက သစ္စာဖောက်အဖြစ် စွဲချက်တင်လိုက်ကြောင်း ဆက်သွယ်ရေးဌာနသတင်းအရ သိရလေသည်။ ထို့အပြင် ဒု ဗိုလ်မှူးကြီးဂျော်နီအား ကွပ်မျက်ပစ်မည်ဟုလည်း ခြိမ်းခြောက်လာသည်။ ကိစ္စများကို အမြန်စီစဉ်လုပ်ကိုင်ပြီးနောက် မဆိုင်းမတွပင် ဗိုလ်ချုပ်မောင်မောင်နှင့် ဗိုလ်မှူးကြီး ထူးထူးလေးတို့ သူးမွဲထာသို့ ပြန်ထွက် ကြရပြန်သည်။ သို့ရာတွင် ဦးတည်ရာသို့ မရောက်သေးမီပင် တိုက်ပွဲအကြီးအကျယ် ဖြစ်နေချိန်နှင့် သူတို့ကြုံကြိုက်ရသည်။ ထိုပွဲမှ ကေအဲန်အယ်အေ တပ်များက ဗိုလ်မှူးကြီး ထူးထူးလေးတို့အား ရပ်ဆိုင်း စေခဲ့သည်။ အချိန်မှာ ည (၈)နာရီကျော် နေပြီဖြစ်သည်။ လက်နက်ကြီး၊ လက်နက် ငယ်ပစ်ခတ်မှုများ တနာရီနီးပါး ကြာသွားခဲ့ပြီးနောက် တိုက်ပွဲအရှိန်လျော့လာသည့် အခါတွင်မှ ဒု ဗိုလ်မှူးကြီးဂျော်နီနှင့် အရာခံ ဗိုလ် ကျော်သန်းတို့ထံ ကြိုးမဲ့ကြေးနန်းဖြင့် သူတို့ စကားပြောအဆက်အသွယ် လုပ်နိုင်ခဲ့သည်။ စကားပြော ဆက်သွယ်စဉ်၌ (၉)နာရီကို သိသိစွန်းခဲ့ပြီ ဖြစ်လေသည်။ အရာခံဗိုလ် ကျော်သန်းက ၎င်းတို့အား မြန် နိုင်သမျှ မြန်မြန်လာကြဘို့ရန် မှာသည်။ လက်ရှိအခြေအနေကို ထိန်းချုပ်မှုရရှိအောင် ဆောင်ရွက်ရာတွင် အထောက် အကူ ပြုပေးစေရန်အလို့ငှာ မှာခြင်းဖြစ်သည်။ သူတို့ ချက်ချင်းပင် သူးမွဲထာသို့ ထွက်ကြသည်။

တိုက်ပွဲကြီး ဖြစ်ပေါ်လာရသည့် အခြေအနေကိုမူ နောက်ပိုင်းကျမှပင် ဗိုလ်မှူးကြီး ထူးထူးလေး သဘောပေါက်နားလည်ခဲ့လေသည်။

## ဖားမီး၏ ကရင့်သွေး။

သူးမွဲထာရှိတဘက်စွန်းရောက် အုပ်စုများထဲမှ တစုသည်၊ ဘုန်းတော်ကြီးကျောင်း၏မြေတိုက်ခန်းဆီသို့ ရောက်လာကြသည်။ (ဤနယ်မြေမှာ ပြည်တွင်း စစ်မီးကြီး တောက်လောင်နေသည့် နယ်မြေတခု ဖြစ်သည်။ မဆလ၊ နဝတ တို့က အနက်ရောင် နယ်မြေအဖြစ် သတ်မှတ်ထားသည့် နေရာဖြစ်သည်။ တိုက်ပွဲကြီးငယ်များ အချိန်မရွေး ပေါ်ပေါက်နိုင်သည်။ လက်နက်ကြီးဒဏ်၊ ဗုံးဒဏ်များကို အချိန်မရွေး ခံရနိုင်သည်။ ထို့ကြောင့် ဤနယ်မြေတခွင်ရှိ အတည်တကျ ဆောက်လုပ်ထားသော အဆောက်အဦ အချို့တွင် မြေတိုက်သော်၎င်း၊ အဆောက်အဦအနီး ဗုံးခိုကျင်းသော်၎င်း ပြုလုပ် ထားရှိ တတ်ကြသည်။ သူးမွဲထာမှ ဘုန်းတော်ကြီးကျောင်းသည် နှစ်ထပ်ကျောင်းတော်ကြီး ဖြစ်သည်။ သစ်နှင့်အုတ် အင်္ဂတေတို့ဖြင့် တည်ဆောက်ထားသည်။ ဘေးအန္တရာယ်မကင်းသောနယ်မြေ ဖြစ်သည့် အလျောက် ကျောင်းမကြီးနှစ်ထပ်အပြင် မြေတိုက်ခန်းကိုလည်း ကျယ်ကျယ်ဝန်းဝန်း ထားရှိသည်။) လောလောဆယ် အခြေအနေ၌ မြေတိုက်ခန်းတနေရာတွင် ဓါးစာခံအဖြစ် ဖမ်းထားသူများကို ချုပ်နှောင်ထားသည်။ ပြီးခဲ့သော ရက်များအတွင်းက သံလွင်မြစ်အတွင်း ဖြတ်သန်းသွားလာနေသော ခရီးသည်များအား ဗုဒ္ဓဘာသာလား၊ ခရစ်ယာန်လားမေးမြန်းကာ၊ကြိမ်းမောင်း ကန်ကျောက်ခြင်း၊ ဗုဒ္ဓဘာသာပင်ဖြစ်စေ၊ ခရစ်ယာန်ပင်ဖြစ်စေ၊ ရံပုံငွေအဖြစ် ပစ္စည်းများ သိမ်းယူခြင်းတို့အပြင် ခရီးသည်များထဲမှ ခရစ်ယာန် ဘာသာဝင် အချို့ကိုလည်း ဓါးစာခံအဖြစ် ခေါ်ထားခြင်းများရှိခဲ့သည်။

ထိုနေ့မှာ ဒီဇင်ဘာ (၇)ရက်နေ့ ဖြစ်လေသည်။ နားလည်မှု လွဲမှားစွာ ခွဲထွက်သွားခဲ့သော အဖွဲ့အား လုံးဝ မပစ်ခတ်ကြဘို့၊ သေနတ် မပေါက်ကြဘို့ အမိန့်ထုတ်ပြန်ထားဆဲဖြစ်ပြီး၊ သားမြေး ရဲဘော်များထံသို့ မိမိ၏စေတနာ သဘောထားကို အသိပေး အကြောင်းကြားသော ဗိုလ်ချုပ်ကြီး မြ၏ ဒုတိယ စာကလေးတစောင် စတင် ဖြန့်ဝေသည့်နေ့လည်း ဖြစ်လေသည်။

မြေတိုက်ခမ်းသို့ ရောက်လာကြသော တဘက်စွန်းရောက် အုပ်စုသည် အကျဉ်းသားအဖြစ် ချုပ်နှောင် ခံနေကြရသည့် ခရစ်ယာန်ဘာသာဝင် ပုဂ္ဂိုလ် (၃)ဦးကို ခေါ်ယူ ဆွဲထုတ်လိုက်ကြသည်။ (၃)ဦးစလုံးမှာ ကရင်အမျိုးသားများဖြစ်ပြီး ကေအဲန်ယူ အဖွဲ့အစည်းနှင့် ပတ်သက်သူများလည်း ဖြစ်သည်။ ကေအဲန်ဒီအို မှ ဗိုလ်ကြီးကျော်အေး၊ မယ်လဲ့ထာ စစ်ဆင်ရေးဂိတ်မှ ဂိတ်မှူးပေကပ်ခေါ် စောကီးဒိုနှင့် တော်လဲ့ထာမှအရပ်သား ပဒိုတဦးဖြစ်သူ စောနယ်ကော်တို့ ဖြစ်သည်။

ခွဲထွက်အဖွဲ့၏ အုပ်စု ခေါင်းဆောင်များမှာ ကေအဲန်အယ်(လ်)အေ တပ်မဟာ (၇)မှ တပ်ကြပ်တဦးဖြစ်သူ ဖားမီး၏ ပြုမူဆောင်ရွက်မှုများကို သဘောကျ အတုခိုးကြသူများ ဖြစ်သည်။ ဖားမီးသည် အလွန် အမင်း ရက်စက်ကြမ်းကြုတ်သည်။ သူ့ကို "ကရင့်သွေး"(ကညီသွံ့၃်)ဟု လူသိများသည်။

ကရင့်သွေးဟူသော စကားလုံးကို ကော်သူးလေ ရဲဘော်တိုင်းပင် ကျွမ်း

ဝင် သုံးစွဲလေ့ရှိသည်။ မြန်မာပြည်တွင်းမှ အချို့လူငယ်များ 'သတ္တိ'ဟူသော စကားလုံးကို လက်ခုံ၊ လက်ဖျံ၊ လက်မောင်း၊ လက်ရုံးတို့တို့တွင် စုတ်ထိုးလေ့ရှိကြသကဲ့သို့ ကော်သူးလေတွင်လည်း ကရင့်နည်း ကရင့်ဟန်ဖြင့် စုတ်ထိုးတတ်ကြသည်။ "ဗမာ့သတ္တိ ကမ္ဘာကသိအောင် ..." (နဝတ ခေတ်တွင် "မြန်မာ့သတ္တိကမ္ဘာကသိအောင်"ဟု ပြောင်းလဲ သုံးနှုန်းလိုက်သော) စစ်ချီသီချင်း ကဲ့သို့ပင် ... "ကရင့်သတ္တိ" "ကရင့်သတ္တိသွေး" ကရင့်သွေး မနည်းဘူး၊ ကရင်လည်း သူ့ရဲဘော မကြောင်ဘူးဟူသော သဘော ဖြင့် ကော်သူးလေမှ ကရင်ရဲဘော်အချို့မှာ ကိုယ်ခန္ဓာရှိ မြင်သာထင်သာ နေရာများတွင် "ကရင့်သွေး" ဟူ၍ ဆေးမင်ရည် စုတ်ထိုး တတ်ကြသည်။

ဖားမီး၏ 'ကရင့်သွေး' မှာ အခြားသော ကရင် လူငယ်များစွာကဲ့သို့ လက်မောင်း၊ လက်ဖျံ၊ လက်ခုံ၊ ရင်ပတ်စသည်တို့တွင် ရေးထိုး ခြင်းမဟုတ်။ သူ့မျက်လုံးနှစ်လုံး၏အောက် နားမှာကပ်၍ မျက်နှာကို အလျားလိုက် ကန့် လန့်ဖြတ် ရေးထိုးထားခြင်းဖြစ်သည်။ "ကရင့်သွေး" "ဖမ်းလို့မိရင် သတ်ပစ်လိုက်" ဟူ၍ စုတ်ဖြင့်ထိုးထားသော ထိုစာတမ်းမှာ ကော်သူးလေ ရဲဘော်ငယ်များ အကြားတွင် အတော်ပင် ရေပန်းစား ခဲ့လေသည်။

၎င်းတို့က ဓါးစာခံအဖြစ် ဖမ်းထားသူ (၃)ဦးကို အတော်ကလေး ဝေးသော မြစ်ကမ်းနဖူးတနေရာသို့ ဆွဲခေါ်သွားခဲ့သည်။ (၃)ဦးစလုံးကို လက်ပြန်ကြိုးတုတ်ထားသည်။ မိုးချုပ်ခဲ့ပြီဖြစ်သော်လည်း မမှောင်သေး။ လပြည့်ကျော်(၁) ရက်နေ့ ဖြစ်သောကြောင့် ဝင်းဝင်းပပ လသာနေဆဲဖြစ်သည်။ ကောင်းကင်အနှံ့ အပြားမှာ ကြယ်များ တောက်ပနေသည်။ ရာသီဥတုကြည်လင်သော ခရစ်စမတ်လပင် ဖြစ်လေသည်။

ဓါးစာခံများအဖြစ် မြေတိုက်ခန်းတွင် ချုပ်နှောင်ခံခဲ့ရကြရာမှ ပြင်ပသို့ ရောက်ရှိလာကြသော်လည်း ၎င်းတို့ (၃)ဦးစလုံးမှာ အေးမြလတ်ဆတ်သော လေကို အရသာခံ၍ ရှူရှိုက်ရန်သော်၎င်း၊ ခရစ်ယာန်ဘာသာဝင်တို့ အထွဋ်အမြတ်ထားသည့် အခါသမယ၏ ပတ်ဝန်းကျင်အလှ၌ ကြည်နူး နှစ်သိမ့်ရန် သော်၎င်း မေ့လျော့နေကြပြီး အိပ်မက်ထဲလမ်းလျှောက်နေသူများပမာ ဖြစ်နေသည်။

မြစ်ကမ်းနဖူးသို့ ရောက်ရှိခဲ့သည်။ ထိုနေရာတွင် မည်သည့်အဆောက်အဦမျှ မရှိ။ တဖက်တွင် သံလွင်မြစ် ရှိသည်။ ကျန်(၃)ဖက် (၃)တန်တွင် ဘာသာရေးအစွန်းရောက် ခွဲထွက်ရဲဘော် လက်မရှိသမားများ ရှိနေသည်။ ကျရောက် လာအုံ့ဆဲဆဲ မိမိတို့၏ ကြမ္မာဆိုးကို သဘောပေါက် နားလည်လိုက်သော ဗိုလ်ကြီးကျော် အေးသည် ကရင့်သွေးအား မေတ္တာရပ်ခံသည့် စကားတခွန်းကို ဆိုသည်။ "မင်းတို့ ဒို့ကိုသတ်တော့မယ်ဆိုရင်...၊ ကျေးဇူးပြုပြီးတော့ ပထမဦးဆုံး ဒို့အားလုံး ဆု တောင်းလိုက် ကြရအောင်နော်"

ကရင့်သွေးက အင်းမလုပ် အဲမလုပ် နေသည်။

ဗိုလ်ကြီးကျော်အေးမှာ "ကဲဆုတောင်းကြစို့" ဟုဆိုလျက် ဘုရားရှိခိုး ဆုတောင်းရန် ဒူးထောက်လိုက်သည့် အချိန်ပိုင်းကလေးတွင်ပင် အသင့်မောင်းတင်ထားပြီးဖြစ်သော ကရင့်သွေး၏ ပစ်သတ်ခြင်းကို ခံခဲ့ရလေသည်။

ထို အချင်းအရာကို မြင်သော မယ်လွဲထာ ဂိတ်မှူး ပေကတ်မှာ ရုတ်တရက်လှည့်ပြီး ထွက်ပြေးသည်။ လက်ပြန်ကြိုးအတုပ်ခံလျက်သားဖြင့် ထွက်ပြေးသွားသော ဂိတ်မှူးပေကပ်အား သေနတ်သမားတဦးက ပစ်ခတ်သည်။ ဂိတ်မှူး ပေကပ်မှာ တချက်ချင်း ပစ်ခတ်သော သေနတ်ကျည်ဆံများအကြား အသက်လု၍ ပြေးရင်းမှ နောက်ကျောဘက် လက်မောင်းတွင် ထိမှန်ကာ ခြာကနဲလည်ပြီး မြစ်ကမ်းပါးမှ ကျသွားသည်။ သံလွင်၏ ရေစီးတွင် မျောပါသွားသည်။

ဂိတ်မှူးကို ပစ်ခတ်လိုက်သည့် သေနတ်သမားသည် ဂိတ်မှူး ရေထဲ ကျသွားသည်နှင့် တဆက်တည်း မှာပင် ထိုအဖြစ်များကို အံ့ဩထိတ်လန့်စွာ ငေးကြည့်နေသော သော်လွဲ့ထမှ အရပ်သား ပဒို စောနယ်ကော်ကိုလည်း ပစ်သတ်လိုက် လေသည်။

ဂိတ်မှူး ပေကပ်မှာ ရေစီးနှင့် မျောပါသွားစဉ်တွင် အော်ဟစ်ခေါ်သံများကြားလိုက်ရပြီး ကေအဲန်အယ်လ်အေမှ သစ္စာရှိစစ်သားများ၏ ကယ်ဆယ်ခြင်းကို ခံခဲ့ရသည်။ (သူ့အား လှေဖြင့် မာနယ်ပလောသို့ လိုက်လံ ပို့ဆောင် ပေးခဲ့သောကြောင့် ဖြစ်ပျက်ပုံအလုံးစုံကို သူပြန်လည် ပြောပြနိုင်ခဲ့သည်။)

ဗိုလ်ကြီး ကျော်အေး ဂိတ်မှူး ပေကပ်နှင့် ပဒို စောနယ်ကော် တို့အား ပစ်ခတ် သတ်ဖြတ်သည့် သေနတ်သံများ၏ နောက်ဆက်တွဲအဖြစ် သူးမွဲထာဒေသ ပတ်လည်ကို ကာကွယ်နေသော ကေအဲန်အယ်လ်အေ တပ်အချို့သည် (မြစ်ဘက်ဆီမှ ပေါ်ထွက်လာသော ထိုသေနတ်သံများကို ကြားရသောကြောင့်) နှောင်ခါလာ နှောင်ခါဈေး သဘောဖြင့် တဟုန်ထိုးစီးနင်း တိုက်ခိုက်လာကြသည်။ သေနတ်သံ တချက် မထွက်စေရဟု ဗိုလ်ချုပ်ကြီးမြအမိန့် ထုတ်ထားရာ သူးမွဲထာ ဒေသတွင် သေနတ်သံထွက်ပေါ်လာသည့်အတွက် စီးနင်းတိုက်ခိုက်လာခြင်းဖြစ်လေသည်။ သူးမွဲထာမှ သောလွဲ့ထာအထိ ဖြန့်ခွဲ နေရာယူထားကြသော အရေအတွက် မနည်းလှသည့် ခွဲထွက် အုပ်စုများနှင့် ကေအဲန်အယ်လ်အေ တပ်များမှာ လက်နက်ကြီး၊ လက်နက်ငယ်များကို ဖောဖောသီသီ သုံးလျက်၊ ဦးတည်ချက်မရှိ တွေ့ကရာ အရမ်းကာရော မှန်းဆပစ်ခတ်ကြသည့် အကျိုးဆက်အဖြစ် အချိန်အနည်းငယ်အတွင်း မှာပင် ဖရိုဖရဲဖြင့် ကြီးမားပြင်းထန်သော တိုက်ပွဲကြီး ပေါ်ပေါက်လာခဲ့ရသည်။ ဗိုလ်ချုပ်မောင်မောင်နှင့်ဗိုလ်မှူးကြီးတူးတူးလေးတို့ နှစ်ဦး မာနယ်ပလောမှ သူးမွဲထာသို့ ကမန်းကတန်း ပြန်လာခဲ့စဉ်တွင် ထိုဦးတည်ချက်မဲ့ တိုက်ပွဲကြီးနှင့် ကြုံခဲ့ရခြင်း ဖြစ်လေသည်။

## အမှောင့်ပူးဝင်ခြင်း

နဝတတပ်၏ ကြေးနန်း သတင်းများကို ကေအဲန်ယူမှ ရရှိခဲ့ရာတွင် ဒီဇဘ်ာ (၇) နေ့မှာ ထိုရက်များအတွင်း ကြေးနန်း ဆက်သွယ်မှု အများဆုံးသော နေ့ ဖြစ်ကြောင်း တွေ့ရှိရသည်။ သတင်းပို့သော အကြိမ်ပေါင်း(၁၁)ကြိမ်၌ သတင်းအချက်အလက်ပေါင်း (၂၇)ချက် ပါရှိသည်။ ထို(၂၇) ချက်တွင် ၎င်းတို့တပ်မှ ကိုယ်တိုင် စစ်မေး စုံစမ်းရရှိသည့် အချက်အလက်များလည်းပါရှိပြီး၊ ၎င်းတို့ထံ သတင်းလာပို့သူများထံမှ သိရှိရသော အချက်အလက်များလည်းပါရှိသည်။ သတင်းလာပို့သူများ ပြောကြားသည့် အချက်အလက်များထဲတွင် သတင်းမှားများလည်း ပါနေသည်။ ထို့ပြင် ဆက်သွယ်ရေး စက်တို့၏ ထုံးစံအတိုင်း (ကြားဖြတ်စက်မှ ဖမ်းယူ နားထောင်လေ့ ရှိသည်) တဘက်ရန်သူများကို လှည့်စားရန် (သို့မဟုတ်) စည်းရုံးရန် တမင်ရည်ရွယ်၍ မိမိတို့ အချင်းချင်း ပေးပို့သော သတင်းများလည်း ပါရှိလေသည်။ စက်သတင်းမှတ်တမ်းထုံးစံမှာ သတင်းရေးသည့်နေ့စွဲ၏နောက်၌ ထိုသတင်း ဘယ်က ရရှိသည်၊ ဘယ်နေရာမှ ဘယ်နေရာသို့ ပို့သည်ဆိုသည့် အတိုကောက် အမှတ် သင်္ကေတများကို နဖူးစည်း အဖြစ် ရေးထားတတ်ကြသည်။ ပုံစံအားဖြင့် ...

ဒီ–ရ။ စဗခ၁၊ ရတတမခ–၃၃မှ (ဒီဇင်ဘာလ(ရ)ရက်။စစ်ဗျူဟာဌာနချုပ် ၁။ ရှေ့တန်း တပ်မဟာချုပ် ၃၃ မှ ရရှိသည်။) ဟူသောနဖူးစည်းမျိုးဖြစ်သည်။ တခါတရံတွင် ရက်စွဲ နာရီနှင့် မိနစ်ကို စာကိုယ်ထဲ၌ ထည့်ရေးတတ်သည်။ သို့ရာတွင် ဘယ်ကရသည်၊ ဘယ်သို့ပို့သည်ဟု ရေးမထားသော သတင်းများကိုလည်း တွေ့ရှိရသည်။

ဥပမာအချို့ ထုတ်နုတ် ဖော်ပြ ပါမည်။

ဒီ ၇– ရက်။

ကရင် သကာသ များ၏ သူးမွဲထာ သက်သတ်လွတ်ရွာမှ မြိုင်ကြီးငူ၏ ဒကာ (၂)ဦးကို ဒီ–(၁)ရက်နေ့က မာနယ်ပလောသို့ ခေါ်ယူသတ်ပစ်ခဲ့ကြောင်း၊ ဤကဲ့သို့ အပြစ်မဲ့ဖိနှိပ်သတ်ဖြတ်မှုကြောင့်သူးမွဲထာနေ၊ မာနယ်ပလော တဝိုက်ရှိ ဗုဒ္ဓဘာသာဝင်များ၊ ပြည်သူများနှင့် ရဟန်းသံဃာများသည်၊ ဒီ–၂/၃ ရက်နေ့ မာနယ်ပလောစခန်းအား ဝင်ရောက်စီးနင်းခဲ့ကြောင်း၊ ခရစ်ယာန်ဘာသာဝင် သကာသ မောင်မောင် အပါအဝင် အမည်စီစစ်ထဲ (၅) ဦးကိုမာနယ်ပလော မြေကျင်းအချုပ်ထဲတွင် ထည့်ချုပ်ထားကြောင်း၊ ငမြမှာမူ ထိုင်းဘက်ကမ်းသို့ထွက်ရှောင်သဖြင့် ထိုင်းရဲထံ ဖမ်းခွင့်ပြုရန် ညှိနှိုင်းကြောင်း၊ မာနယ်ပလော သံဃနာယက ဦးဝိဇာနမှာလည်း ထွက်ပြေးသွားကြောင်း၊ မာနယ်ပလောတွင် ထိုသို့သော အခအန ကြောင့် ဥသုထတွင် ဖွင့်လှစ်သော သကာသ လူသစ်သင်တန်းများမှာလည်း မိမိနေရပ် အသီးသီးသို့ ပြန်ပြေးသွား၊ သာခုလော်ကျိုး နယ်မြေမှ သကာသ (၅)ဦးနှင့် ဖားအိကောင်းမှ (၁)ဦး ထွက်ပြေးလွတ်မြောက်လာသည်ကို မျက်မြင်တွေ့ရှိခဲ့ကြောင်း၊ သာခုလော်ကျိုးနှင့် ဖားအိကောင်း ပျဉ်းမတဝိုက်ရှိ ဗုဒ္ဓဘာသာဝင်များ၊ ခရစ်ယာန် သကာသများ၏ လက်နက်များကိုသိမ်း၍ သာခုလော်ကျိုး သိမ်တွင်စုထား။)

( မှတ်ချက်။ ။သကာသ = သောင်းကျန်းသူ၊ အခအန = အခြေအနေ၊)

ထိုအချက်များကို ကြည့်ပါက ဒီဇင်ဘာလ 1, 2, 3, ရက်နေ့များတွင် ဖြစ်ပွားခဲ့သည်ဆိုသော သတင်းများမှာ တိကျမှန်ကန်မှုမရှိသည့် သတင်းမှားများသာဖြစ်သည်ကို တွေ့ရပေသည်။ ဒီဇင်ဘာ ၂/၃ရက်နေ့များက မာနယ်ပလော စခန်းအား ပြည်သူများ ရဟန်းသံဃာများနှင့် ဗုဒ္ဓဘာသာဝင် သောင်းကျန်းသူများက ဝင်ရောက်စီးနင်းခဲ့ပြီး ဗိုလ်ချုပ် မောင်မောင် အပါအဝင် (၅)ဦးကို မာနယ်ပလော မြေကျင်း အချုပ်ထဲထည့် ထားသည် ဆိုသည့် သတင်းမှာ ကော်သူးလေ တခွင် အုတ်အုတ် ကျက်ကျက် ကစဉ့်ကလျား ဖြစ်သွားစေရန် ရည်ရွယ် လုပ်ကြံလိုက်သည့် သတင်းသာဖြစ်လေသည်။

ဒီဇင်ဘာလ(၁)ရက်နေ့ သူးမွဲထာ၌ စုရုံးပြီးကတည်းက ဇန္နဝါရီလ (၂၆) ရက်နေ့ မတိုင်မီအထိ ခွဲထွက်သော အဖွဲ့သည် မည်သည့်ပြည်သူ၊ မည်သည့် ရဟန်းသံဃာများနှင့်မျှ မာပလောကို ပူးပေါင်း စီးနင်းနိုင်ခဲ့ခြင်း မရှိချေ။ ဗိုလ်ချုပ် မောင်မောင် အပါအဝင် (၅)ဦးကို ချုပ်ထားသည် ဆိုခြင်းမှာလည်း အမှန်စင်စစ် မာနယ်ပလောမြေကျင်းထဲတွင် မဟုတ်ဘဲ၊ သူးမွဲထာ ဘုန်းတော်ကြီး ကျောင်းအောက်ရှိ မြေတိုက်ထဲတွင် ချုပ်နှောင်ထားခြင်း သာဖြစ်လေသည်။ မိမိတို့ အချင်းချင်း အကြီးအကျယ် မငြိမ်းသွယ် ဖြစ်ရမည့် ပြဿနာကို ပြေလည်စေလိုသည့်စေတနာကောင်းဖြင့် ကြားဝင် ဖျန်ဖြေ ပေးရန် တာဝန်ယူခဲ့ကြသော ပုဂ္ဂိုလ်များအား ခွဲထွက်အဖွဲ့က ဓါးစာခံအဖြစ် ချုပ်နှောင်ဖမ်းဆီးခဲ့ခြင်းသာ ဖြစ်လေသည်။ ဗိုလ်ချုပ်ကြီးမြပင် ထိုင်းဘက်ကမ်းသို့ ရှောင်ပြေးသောကြောင့် ဖမ်းယူခွင့်ပြုရန် ထိုင်းရဲထံတွင် ညှိနှိုင်းရသည်ဟု ဆိုထားသည်။ ထိုအခြေအနေသို့သာ အမှန်တကယ် ရောက်ခဲ့ရသည်ဆိုပါက မာနယ်ပလော၏ အခန်းကဏ္ဍမှာ ထိုအချိန်ကတည်းက ချုပ်ငြိမ်းခဲ့မည် ဖြစ်ပြီး၊ ဒီကေဘီအေ ဟူသော အဖွဲ့ပင် ပေါ်ပေါက်လာစရာ အကြောင်းရှိတော့မည် မဟုတ်ချေ။

စစ်ရေးနှင့်ပတ်သက်သည့် ကြေးနန်း သတင်းများအားလုံးကို အမှန်ဟုယူဆ၍မရ။တဘက်ရန်သူအား အနိုင်ရရှိနိုင်မည့် သေနင်္ဂဗျူဟာများထဲတွင် ရန်သူ့အခြေအနေအား ဖရိုဖရဲ ဖြစ်စေရန် (ဝါ) တွေဝေ လမ်းလွဲစေရန် ရည်ရွယ်ချက် ဖြင့် လိမ်လည်လှည့်ဖြားသည့် နည်းပရိယာယ်များမှာလည်း တရားမဝင်စွာ ပါရှိနေပေသည်။

(မှတ်ချက်။ ။အများပြည်သူနှင့် သက်ဆိုင်သည့် အဖြစ်အပျက် အကြောင်းအရာကိုလေ့လာရေးသားရာတွင် ထိုကဲ့သို့သော သတင်းပေးမှုများကို အလွန်ပင် သတိ ထားရသည်။ ဆင်ခြင် သတိဖြင့် အမှား အမှန်ကို ဝေဘန်ပိုင်းခြား၊ မေးမြန်း

စိစစ်ပြီးမှ ဖြစ်ပျက်သည့် ကိစ္စရပ်အား အမှန်အတိုင်း ရေးရမည်ဖြစ်သည်။ ထိုသို့သော သတင်းများကိုလည်း လုပ်ကြံ လီဆယ်သော သတင်းများအဖြစ် ဖော်ပြကာ၊ ထိုသတင်းများ၏ ဂယက်ကြောင့် ဖြစ်ပေါ်လာသော ထိခိုက်နစ်နာမှု တွေဝေလမ်းလွဲမှု စသည့်အကြောင်းအချက်များကိုလည်း အမှန် အ တိုင်း ဖော်ပြရမည်ဖြစ်သည်။)

ထိုရက်အတွင်းက ရရှိသော နဝတ ၏ ကြေးနန်းသတင်းများတွင်–

စဗခ–၁၊ ရတ– တမခ–၃၃။

လက်နက်စုစုပေါင်း၊ (၄၀)ကျော်နှင့် လမ်းလျှောက် စကားပြောစက် များပါဝင်။ အထက်ပါ လက်နက်နှင့် စက်များထဲတွင် ဖားအိကောင်းကာကွယ်ရေးမှူး ငွေလှိုင်၏ လက်နက်နှင့် စက်များပါဝင်ကြောင်း၊ ငွေလှိုင်မှာမည်သည့် ဘာသာကိုမျှ ကိုးကွယ်သူ မဟုတ်ကြောင်းနှင့်၊ ၎င်းမှာ လှုပ်ရှားမှုတွင် မပါဝင်လိုဟုဆိုကာ တိမ်းရှောင်သွားကြောင်း။

ဗုဒ္ဓဘာသာဝင် သကသ များနှင့် ပြည်သူများသည် သာခုလော်ကျိုးမှ သူးမွဲထာအထိလမ်း လခရ ယူထားပြီး၊ ရဟန်းသံဃာ များနှင့် ဗုဒ္ဓဘာသာပြည်သူများကို သူးမွဲထသို့ စုစည်းချိတက်လာကြရန် ဆင့်ခေါ်ခဲ့ကြောင်း။

(မှတ်ချက်။ ။ လခရ– လုံခြုံရေး)

မဲပိုင်ဂွင်တွင် လှုပ်ရှားနေသော အောင်ငြိမ်းဦးစီးသော သကသ အဖွဲ့မှ လက်နက်များကိုလည်း ဗုဒ္ဓဘာသာ လက်နက်ကိုင်များမှ သိမ်းဆည်းလိုက်ကြောင်း။

မာနယ်ပလောဌာနချုပ်အား စိစစ်ဆဲ ကရင် သကသ– ရင်း (၁၉) ဂျော်နီ ဦးစီးအဖွဲ့မှ သိမ်းယူ လိုက်ကြောင်း။

(မှတ်ချက်။ ။ အမှန်စင်စစ် ထိုအချိန်က ဒု ဗိုလ်မှူးကြီး ဂျော်နီကိုယ်တိုင် သူးမွဲထာတွင် ထိန်းချုပ်ခံနေရသည်။)

ကမမောင်း– ဖာပွန် ပြေးဆွဲနေသော ဦးထွန်းအောင် မောင်းနှင်သော စက်လှေသည် ဒီ–**021630** ချိန်ခန့်တွင် ဘောကြော့ထ ခမ /**565341** တွင် ကရင် သကသ အင်အား (၁၀၀)ခန့်မှ ရပ်တန့်စေပြီး ၎င်းတို့အား ယွန်းစလင်းချောင်း အနောက်ဖက်မှ အရှေ့ဘက်သို့ (၄)ကြိမ် ပို့ဆောင် ပေးခဲ့ရကြောင်းနှင့်၊ ၎င်းတို့မှာ ဗုဒ္ဓဘာသာ လက်နက်ကိုင်များ ဖြစ်ပြီး ဘာသာရေးပြဿနာ ဖြေရှင်းရန်အတွက် မာနယ်ပလောသို့သွားမည်ဟု ပြောပြသွားကြောင်း၊ ၎င်းတို့နှင့်အတူ သာမန်ထက် များသော လက်နက်ကြီးများ ပါသွားကြောင်း။

ဒီ– (၇) ရက်နေ့ မြေပြင်သတင်းအရ၊ **KNU** ဗဟိုဌာနချုပ် မာနယ်ပလောတွင် ဗုဒ္ဓဘာသာ သကသ အင်အား(၁၀၀) ခန့်အား ချုပ်နှောင် ထားကြောင်း၊ တပ်မဟာ (၁) ဂွင်မှ သကသ (၇၀၀)ခန့်မှ မကျေနပ်၍ ဗဟိုသို့ တက်သွားကြောင်း။

စက်လှေများထံမှ ရရှိသော သတင်းအရ **KNU** သကသ များသည် ခရိယာန်နှင့် ဗုဒ္ဓဘာသာ နှစ်ခြမ်းကွဲ၍ ပဋိပက္ခ ဖြစ်နေကြောင်း၊ ဗုဒ္ဓဘာသာ သကသ အချို့သည် သာခုလော်ကျိုး၊ **H / 175719** တွင် ဘုန်းကြီးများ စုပုံနေကြကြောင်း၊ **KNU** သကသ အမှတ်စိစစ်ဆဲမှ အရာရှိ တဦးအား စက်လှေဖြင့် မြင်းတပြေး အနီးတွင် အနောက်ဖက်ကမ်းမှအရှေ့ဖက်ကမ်းသို့ ပို့ဆောင်ပေးခဲ့ပြီး၊ သာခုလော်ကျိုးသို့ လက်နက်များ အပ်နှံရန် သွားရောက်မည် ဖြစ်ကြောင်း။

အခြားသတင်းအရ၊ ဒီ(၁၀)ရက်နေ့တွင် သကသများ အရေးပေါ် အစည်းအဝေး ပြုလုပ်ရန်ရှိပြီး ၎င်းအစည်းအဝေးသို့ သကသ အရာရှိများနှင့် လခရ အတွက် စိတ်ချရသူများကိုသာခေါ်ဆောင်လာရန် ခေါ်ယူနေကြောင်း။ စသည်ဖြင့် ပေးပို့မှတ်တမ်းတင်ထားသည်ကို တွေ့ရပေသည်။အများတဝက် အမှန်တခြမ်း ရောပြွမ်းနေသော ထိုသတင်းများမှာ ခွဲထွက်အုပ်စုကို ပိုမိုသွေးကြွစေရန် လှုံ့ဆော်မှု ပြုနိုင်ခဲ့သည်သာမက ကေအဲန်ယူ ရဲဘော်များ အတွင်း၌၎င်း၊ ၎င်းတို့နှင့် နီးစပ်သည့် လူထု အတွင်း၌၎င်း၊ သံဃာတော်များ အတွင်း၌၎င်း၊ အတော်ကလေး လှုပ်လှုပ်ရှားရှား ဖြစ်သွားအောင် ဖန်တီးနိုင်ခဲ့လေသည်။

ကေအဲန်ယူနှင့် ခွဲထွက်အဖွဲ့တို့ မကျေမလည် ဖြစ်ကြရသော ကိစ္စနှင့် စပ်လျဥ်း၍ နဝတ တပ်များမှာ အစကနဦးက ပါဝင်ပတ်သက်ခြင်းမရှိဟုအချို့ ပုဂ္ဂိုလ်များက ယူဆကြသည်။ ဤယူဆချက်မှာ ရာနှုန်းပြည့် မမှန်ကန်ချေ။ နဝတ တပ်မှူးအချို့က ကေအဲန်ယူမှ အစွန်းရောက် ဗုဒ္ဓဘာသာဝင်များ ခွဲထွက်သည့် ကိစ္စတွင် ၎င်းတို့ပါဝင်ပတ်သက်ခြင်း မရှိကြောင်း၊ မြိုင်ကြီးငူ ဆရာတော်နှင့် သက်သတ်လွတ် စားသူ ဒကာဒကာမများကို အခွင့်အရေးပေးခြင်း မှာ ဗုဒ္ဓဘာသာ သာသနာတော်ကို ကြည်ညို လေးမြတ်သောကြောင့်ပင် ဖြစ်ကြောင်း (သို့မဟုတ်) အထက်မှနေ၍ ထိုဆရာတော်နှင့် ထိုဆရာတော်၏ ဒကာ ဒကာမများ အပါအဝင် သက်သတ်လွတ် စားသူများအား အခွင့်အရေး ပေးရန် ညွှန်ကြားထားသောကြောင့် ဖြစ်ကြောင်း ဖြေ ရှင်းချက်ပေးနိုင်မည် ဖြစ်သည်။

သို့သော် မပြေးသော် ကန်ရာရှိ ဆိုသကဲ့သို့ပင် ဒီဇင်ဘာလ (၄) ရက်၊ ရွှေတန်းတပ်မချုပ် (၃၃) မှ ရရှိသော သတင်း၌ ကရင်သကသ များမှ မြိုင်ကြီးငူ ဆရာတော်၏ သာသနာပြု လုပ်ငန်းများကို တဘက်သတ် ဖိနှိပ် ချုပ်ချယ်ခြင်း ဖြစ်စဉ်များကို မြန်မာ – ကရင် (၂)ဘာသာဖြင့် ရေးသား ရိုက်နှိပ်ကာ ဒီဇင်ဘာလ (၁) ရက်နေ့တွင် စတင်၍ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေရာတွင် စဗခ ၁– ရတခ ဟု အမည်မခံဘဲ ဗုဒ္ဓဘာသာဝင်များဟုအမည်ခံဖြန့်ဝေခဲ့ ဟူသော သတင်း

(မှတ်ချက်။ ။အခန်း(၂)၊ ကော်သူးလေ ကရင့် သံဃာ တော်များ အရေးပေါ် အစည်းအဝေး၏ နောက်၌ ... ဟူသည့် အခန်းငယ်တွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။)နှင့်၊ ဒီဇင်ဘာလ(၇) ရက်နေ့ စဗခ – ၁၊ ၃၃၏ "ရရှိသတင်းများ အပေါ် အခြေခံ၍ လှုံ့ဆော်စာ ရေးသားကာ ပြည်သူအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေလျက်ရှိ၊ ဖာပွန်နယ်မြေမှ ရဟန်း သံ

ဃာ တော်များနှင့် ပြည်သူများသူးမွဲထာသို့ သွားရောက်ရေးအတွက်ကိုလည်း လိမ္မာပါးနပ်စွာ စည်းရုံး ဆောင်ရွက်လျက်ရှိပါကြောင်း ” ဟူသော သတင်းများမှာ ဤဖြစ်စဉ်၏ အစအဦး၌ နဝတ မပါရှိဆိုသော အချက်ကို သံသယ ဖြစ်ဘွယ်ရှိလေသည်။

အမှန်စင်စစ် နဝတ တပ်သည် အထက်နှင့်အောက် ချိတ်ဆက် မမိလှဘဲ၊ အထက်မှခိုင်းသည့်အတိုင်း လုပ်ကိုင်ခဲ့ရင်း ပေးအပ်လာသောအခြေ အနေများပေါ်တွင် အခွင့်အရေးယူရန် သင့်မသင့်၊ ယတိပြတ် ဆုံးဖြတ်ချက် မချနိုင်ဘဲ တွေဝေခဲ့ခြင်းသာ ဖြစ်လေသည်။ တပ်မှူးအချို့မှာ အထက်မှညွှန်ကြားချက်ဟူသမျှကို လုပ်နေရသော်လည်း ၎င်းတို့ဘာကို လုပ်နေမိမှန်းပင် ၎င်းတို့ကိုယ်တိုင်မသိသူများ အတော်အတန် ရှိနေသည်။ လုပ်ရင်း ကိုင်ရင်း ပြဿနာတဖြေးဖြေးကြီးလာမှ ဆင်ခြင် စဉ်းစားမိကြသူတွေလည်း ရှိသည်။ တဘက်ရန်သူ၏ ဘာသာရေးအရ ဖြစ်ပွါး သော ကိစ္စတွင် ယခင်က အမှတ်မထင်ဖြင့် မိမိတို့ ပယောဂ ပါခဲ့သည့်တိုင်၊ ယခုအချိန်တွင် မိမိတို့အနေဖြင့် ဝင်ရန် သင့်မသင့်၊ အကယ်၍ ဝင်မည်ဆိုပါက ကမ္ဘာ့အလယ်တွင် မိမိတို့၏ သမိုင်းမှာ အမဲစက် စွန်းထင်မည်။ မဝင်ပါကလည်း အခွင့်ကောင်းတခုကို လက်လွှတ်ရမည်ဟု ဝေခွဲမရဖြစ်လာကြသူများရှိသည်။ ရှေ့တန်း တပ်မချုပ် (၃၃)သည် ၎င်း၏ တပ်မှူး အချို့ထံမှ ရရှိသောကြေးနန်းကို အထက်သို့ ပေးပို့သည်။

“ဒီဇင်ဘာလ(၈)ရက်။ ရရှိ–၃၃။

ကရင် အကြမ်းဖက် သကာသ တမဟ(၁)နှင့် တမဟ(၇) ခိုအောင်းလှုပ်ရှားသည့် နယ်မြေအတွင်း မြိုင်ကြီးငူ ဆရာတော်၏ သာသနာပြုလုပ်ငန်း ဆောင်ရွက်ချက်များ၏ ဂယက်ကြောင့် ကရင် သကာသ ဗဟိုတွင် ဘာသာရေးကို အကြောင်းပြု၍ ပဋိပက္ခ အသွင်ဆောင်သည့် သတင်းများ ဖြစ်ပေါ်လျက်ရှိ၊ မိမိတပ်မှ မြိုင်ကြီးငူ ဆရာတော်အတွက် စိုးရိမ်ပြီး လခရ အစောင့်အရှောက်များ ပြုလုပ်ပေးရန်နှင့်၊ ထိုသို့ ပြုလုပ်ပါက မြိုင်ကြီးငူ ဆရာတော်သည် မိမိ၏ အားပေး ကူညီမှုဖြင့် ၎င်းတို့နယ်မြေအတွင်း သာသနာပြု လုပ်ငန်းများ လာရောက် လုပ်ဆောင်ခြင်းဖြစ်သည်ဟု သကာသ များမှ စွတ်စွဲဝါဒဖြန့် နေသကဲ့သို့ ဖြစ်ပွားနိုင်။

(မှတ်ချက်။ ။ တမဟ = တပ်မဟာ)

ထိုကိစ္စအတွက် မည်သို့တုံ့ပြန်မှု ရှိသည်ကို ၎င်း၏ လက်အောက်ခံတပ်များသို့ ဒီဇင်ဘာလ(၁၀) ရက်နေ့ ပေးပို့သော ညွှန်ကြားချက် ကြေးနန်းများတွင် အောက်ပါအတိုင်း တွေ့ရှိရမည် ဖြစ်သည်။

“ဗုဒ္ဓဘာသာဝင် သကာသ များအတွင်း မြန်မြန်နှင့်ပဋိပက္ခဖြစ်ပြီး သွေးကွဲလျှင်မိမိတို့အကျိုးရှိမည်ဖြစ်၊ ထိုသို့ ဖြစ်လာအောင် ရွာလူကြီးများ၊ သကာသ များအတွင်း ပျံ့နှံ့သွားအောင် ဟန်ပြဝါဒဖြန့် လှုံ့ဆော်ရမည်ဖြစ်ပြီး မိမိသာသနာကို ဖြန့်ဖြေနေခြင်း မျိုးဖြင့် ပြောဆိုခြင်း စည်းရုံးခြင်း မျိုးမလုပ်ရန်။

“ရတ–၃၃၏ ညကခ ပါအတိုင်း နယ်မြေအတွင်း လူထု ရဟန်း သံဃာနှင့် သကာသ များအတွင်း၊ သကာသ ဗဟိုနှင့် ခရိယာန် သကာသ များအပေါ် ပဋိပက္ခ အသွင်ဆောင်ရန်အတွက် သွေးထိုးလှုံ့ဆော် ပေးသွားရန်။”

( မှတ်ချက်။ ။ ညကခ =ညွှန်ကြားချက်)

မည်သည့် လုပ်ငန်းကိစ္စတွင်မဆို အထက်မှညွှန်ကြားချက်အတိုင်း အောက်လက် ငယ်သား အဆင့်ဆင့်က တာဝန်ယူ ဆောင်ရွက် ရသည်မှာ ထုံးစံပင်ဖြစ်သည်။ ထိုသို့ညွှန်ကြားချက်အတိုင်းတသွေမတိမ်း လိုက်နာဆောင်ရွက်ရသည့် ထုံးစံများတွင် စစ်တပ်သည်အထူးသဖြင့် စည်းကမ်းတင်းကြပ် ပြင်းထန်လေသည်။ အရပ်ဘက်လုပ်ငန်းများတွင် ညွှန်ကြားချက် အမိန့်အတိုင်း မဆောင်ရွက်သူအား အလုပ် ဖြုတ်ရုံအပြင်၊ ဥပဒေမဲ့အပြစ်ပေးခွင့် မရှိသော်လည်း၊ စစ်တပ်(အထူးသဖြင့်ရှေ့တန်း)တွင်မူ အမိန့် မနာခံပါက အာဏာ ဖီဆန်သည်ဟူသော မှတ်ချက်ဖြင့် တရားဝင် သတ်ဖြတ်ခွင့် ရှိနေသည်ကို လူတိုင်းပင် သဘောပေါက် နားလည်ကြမည် ဖြစ်သည်။

သို့ရာတွင် စစ်သားသည်လည်း လူသားများပင်ဖြစ်၍၊ လူဆန်သော အသိစိတ်ဓါတ်ရှိသည့် တပ်မှူး တပ်သားများလည်း စစ်တပ်အတွင်း၌ မရေမတွက် နိုင်အောင်ရှိနေကြမည်ဖြစ်လေသည်။ အထက်မှ ညွှန်ကြားချက်အတိုင်း လုပ်ရသော်လည်း ထိုအလုပ်ကို မလုပ်သင့် မလုပ်ထိုက်ဟု သဘောပေါက်သူများ၊ မလုပ်ဆောင်လိုသူများ၊ စောဒကတက်လိုသူများလည်း အများအပြား ရှိကြမည်ဖြစ်သည်။ ထိုသို့ရှိနေသည့်တိုင်၊ မယုံသင်္ကာမှုများဖြင့် ထောက်လှမ်းရေး အထပ်ထပ် ဖွဲ့စည်းထားသော အာဏာရှင်၏ ကွန်ယက်အတွင်းမှ ရုန်းမထွက်နိုင်ကြဘဲ ဆက်လက် မျောပါနေရသူများမှာ တပုံတပင်ဖြစ်သည်။ ထို့ကြောင့် အထက်မှညွှန်ကြားချက်ကို စဉ်းစားချင့်ချိန်မှုဖြင့် တခါတရံ စောဒကတက်ခြင်းများ ရှိခဲ့သော်လည်း နဝတ တပ်သည် အထက် အမိန့်အရ ဤအရေးကိစ္စ၌ ပါဝင်ပတ်သက်ခဲ့သည် ဆိုကြောင်းမှာမူ ငြင်းကွယ်၍မရသော အချက်ပင်ဖြစ်လေသည်။

## တိမ်းစောင်းနေသောအမြင်များ။

နဝတ ၏ တပ်မှူး တပ်သားများမှာ ၎င်းတို့ဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အမိန့်နှင့်စည်းကမ်းကို တသွေမတိမ်းလိုက်နာ ဆောင်ရွက်နေသည့် အချိန်တွင်သူးမွဲထာဘုန်းတော်ကြီးကျောင်း ပတ်ဝန်းကျင်ရှိ စစ်သားများ၏ အခြေအနေမှာမူ ယခင်နေ့များကထက် ပို၍ စည်းပျက် ကမ်းပျက် ဖြစ်လာကြသည်။

ယခင်က စည်းလုံးညီညွတ် စည်းကမ်းသေဝပ်သည့် ရဲဘော်များအဖြစ် ဗိုလ်မှူးကြီး ထူးထူးလေး တွေ့မြင်ခဲ့ရသူများမှာ ယခုအချိန်တွင် ယူနီဖောင်းနှင့် လက်နက်ကလွဲပြီး စစ်သားဟူ၍ မည်သို့မျှ သက်သေ အထောက်အထား ပြစရာ မကျန် တော့လောက်အောင် ဖြစ်နေလေသည်။ သူ့လက်အောက်၊ ကေအဲန်ဒီအို

တပ်မှ အရာရှိငယ်များကလည်း သူနှင့် ခပ်ကင်းကင်း ရှောင်ဖယ်ဖယ်လုပ် လာကြသည်။ အမိန့်နာခံမှုနှင့် စည်းကမ်း စံနစ်ကောင်းမွန်ခဲ့သော အမြဲတမ်း တပ်မတော်၏ နေရာတွင် စစ်သွေးကြွသော တိုက်ခိုက်ရေး အလုပ်သမား၊ ယူနီဖောင်းဝတ် လက်နက်ကိုင်များနှင့် အရပ်သား လက်နက်ကိုင်များက အစားထိုး ဝင်ရောက်လာခဲ့သည်။ အချို့ဦးပဉ္စင်းများပင် လက်နက်များ ကိုင်ဆောင် နေကြသည်ကို တွေ့ရသည်။ သို့ဖြစ်သော်ငြားလည်း မိမိတို့၏ ရဲဘော် ရဲဘက်များ အရပ်သားများနှင့် ထိုဦးပဉ္စင်း များမှာ ၎င်းတို့မည်ကဲ့သို့ အသုံးချ ခံနေရသည်ကို ၎င်းတို့ ကိုယ်တိုင် မသိကြကြောင်း ဗိုလ်မှူးကြီး ထူးထူးလေးတို့က အမြင်ရှင်းကြသည်။

ဗိုလ်မှူးထူးထူးလေး၊ ပဒိုမန်းရှာ၊ ပဒိုစံလှိုင်၊ ဗိုလ်ချုပ်မောင်မောင်နှင့် ဒု ဗိုလ်မှူးကြီး ဂျော်နီတို့မှာ စေ့စပ် ညှိနှိုင်းရေးအဖွဲ့၏ ဂုဏ်သိက္ခာနှင့် မလျော် ညီစွာပင် အပြစ်သားများကဲ့သို့ စောင့်ထိန်းခံနေရပြီး၊ ၎င်းတို့အား စောင့်ကြည့် ထိန်းချုပ် နေသော အစွန်းရောက် ဗုဒ္ဓဘာသာခွဲထွက်အုပ်စုမှာမူအင်အားများသည်ထက် များလာနိုင်သည့် အခြေအနေ ရှိနေလေသည်။

ဒီဇင်ဘာလ(၈) ရက်နေ့ညနေ (၅)နာရီ (၃၀)တွင် ဦးကောသလ (သူးမွဲထာဘုန်းတော်ကြီးကျောင်းတွင် ပထမဦးဆုံးနေထိုင်သော သံဃာတော်)နှင့် ဦးပညာသာမိတို့သည် ဗိုလ်မှူးကြီး ထူးထူးလေးထံ ချဉ်းကပ်ကာ၊ အခြား ကေအဲန်ယူ ခေါင်းဆောင်များနှင့် ကေအဲန်အယ်လ်အေ ဗုဒ္ဓဘာသာဝင် ခေါင်းဆောင်များပါ ပေါင်းစုပြီး လက်ရှိပြဿနာကို ညှိနှိုင်းဖြေရှင်းရန် အလို့ငှာ အစည်း အဝေးတခု စီစဥ်ပြုလုပ်ဘို့ တောင်းဆိုခဲ့ကြသည်။ လက်တွေ့ကျကျ ရှုမြင်လုပ်ဆောင်မည့် ဤအစီအစဥ်မှာ နှမြောတသ ဖြစ်ဘွယ်ကောင်းစွာပင် ဘုန်းတော်ကြီးကျောင်းရှိ အခြားသောတပ်ဖွဲ့များ၏ ဖျက်လိုဖျက်ဆီးပြုမှုများကို ခံခဲ့ရသည်။ ထိုတပ်ဖွဲ့များ၏ ချုပ်ထိန်း နှောက်ယှက်မှုအောက်၌ ဦးပညာသာမိတို့နှင့် ပြီးပြတ်အောင်မြင်စွာ တွေ့ဆုံဆွေးနွေးရမှုမျိုးကို အမြဲလိုလိုပင် မလုပ် နိုင်ခဲ့ချေ။

မည်သို့ပင် ဖြစ်စေကာမူ ဤအဖြစ်၏ ရောင်ပြန်ဟပ်မှုသည် မကြာမီ ရက်များအတွင်းမှာပင် ပေါ်ပေါက်လာခဲ့သည်။ သံဃာတော်အများစုသည် စေ့စပ်ညှိနှိုင်းရေးနှင့် နှစ်ဦးနှစ်ဘက်အလျှော့ပေး ကျေအေးခြင်းတို့ ပြုလိုသော စိတ်စေတနာကောင်းအား ထောက်ခံလာကြခြင်းပင် ဖြစ်လေသည်။

သို့ရာတွင် ဘုန်းတော်ကြီးကျောင်း၏ ပြင်ပအခြေအနေမှာမူ အတော်ကလေး ယိမ်းယိုင်လာနေပြီဖြစ်သည်။

ဒီဇင်ဘာလ(၈) ရက်နေ့ ညဦးပိုင်းတွင် မြိုင်ကြီးငူဆရာတော်ထံသို့ ဗိုလ်ချုပ်ကြီးမြထံမှ စာတစောင် ရောက်ရှိခဲ့ကြောင်း နဝတ၏ စက်သတင်းတပုဒ် အရ သိရသည်။ မြိုင်ကြီးငူဆရာတော်က စာကိုကြည့်ရှုခြင်းပင် မပြုသဖြင့် လက်ထောက် ဦးပဉ္စင်း ဦးဆန္ဒာဘာသမှ ဖတ်ကြည့်ရကြောင်း၊ စာထဲတွင် ဆရာတော်နှင့် အေးအေးဆေးဆေး ညှိနှိုင်းချင်သည်ဟု ဆိုထားကြောင်း၊ ကေအဲန်ယူ အဖွဲ့အစည်းမှာ (၄၆)နှစ်ရှိခဲ့ပြီဖြစ်ကြောင်းနှင့် ဆရာတော်အနေဖြင့် ကရင်ဘက်ကပါမလား ဗမာဘက်ကပါမလားဟုမေးထားကြောင်း ထိုစက်သတင်းကဆိုသည်။ ဗိုလ်ချုပ်ကြီးမြ၏ ကရင်၊ ဗမာ ဟူသောအသုံးအနှုန်းများမှာ ဖိနှိပ်ခံရသူနှင့် ဖိနှိပ်သူကို ဆိုလိုခြင်းပင် ဖြစ်ဟန် ရှိသည်။ (၄၆) နှစ်တိုင်ကြာမြင့်ခဲ့ပြီဖြစ်သော ကရင့်တော်လှန်ရေးတွင် ကရင်အမျိုးသားတဦးဖြစ်သော မြိုင်ကြီးငူဆရာတော်အနေဖြင့် အဖိနှိပ်ခံကရင်အမျိုးသားများဘက်က ပါမည်လား၊ ဖိနှိပ်သူ မဟာလူမျိုးကြီးဝါဒီ (နဝတ) တို့၏ အသုံးချမှုကို ခံမလား ဟူသည်ကို အကျယ်တဝင့်ရေးသား မေးမြန်းထားသည်ဟု ယူဆရသည်။ ဗိုလ်ချုပ်ကြီးမြ ပေးပို့သော စာကို မြိုင်ကြီးငူ ဆရာတော်က မည်သို့မျှ အကြောင်းပြန် ခြင်းမပြုခဲ့ချေ။ တဘက်က ညှိနှိုင်း ဖြေရှင်း ကျေအေး လိုပါလျက် အခြားတဘက်က ပိုမို တင်းမာလာသည့် အနေအထားတွင် ရှိနေလေသည်။

ထိုညတွင် တံတားဦးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးသုနန္ဒက ဦးဆောင်ပြီး ဝါးကော်ကျေး၊ ကျွန်းတော၊ တံတားဦး၊ မီးပိုင်း-တောင်ခြေ၊ တုတ်ကြီးမှ သံဃာတော်များနှင့် ဒါယကာများကို ဟွန်ဒါစက်လှေ (၂)စီး၊ တရုပ်နီစက်လှေ (၄)စီးတို့ဖြင့် ဆားဆိပ် **(H /380260)** အထိ ခေါက်တုံ့ ခေါက်ပြန် သယ်ဆောင်ခဲ့ကြောင်း။ သံလွင်မြစ်သည် ဆားဆိပ်မှ ဟတ်ကြီးအထိ ရေတံခွန်(၃)ဆင့်ရှိသဖြင့်၊ ဆားဆိပ်မှ ထိုနေရာ **(H /354389)** ထိ ခြေလျင်လျှောက်ကြမည်ဖြစ်ပြီး၊ ထိုနေရာမှတဖန် စက်လှေဖြင့် သူးမွဲထသို့ ဒီဇင်ဘာ(၉)ရက်နေ့အရောက် ချီတက်မည်ဖြစ်ကြောင်း ဆရာတော် ဦးသုနန္ဒ၏ အဖွဲ့၌ သံဃာတော်အပါး (၂၀၀)ကျော် ပါဝင်ကြောင်းကြားသိရသည်။ ကျန်အင်အားများမှာ ဒီဇင်ဘာလ(၁၀)ရက်နေ့အရောက် ချီ တက် မည်ဟုဆိုသည်။

ယွန်းစလင်းချောင်း တလျှောက်နှင့် မဲဆိပ်ပတ်ဝန်းကျင်မှ သံဃာ၊ ဒါယကာများအား မဲဆိပ် ကျောင်းထိုင်ဆရာတော် အရှင်စန္ဒိရမှ၎င်း၊ လှိုင်းဘွဲ့မြို့နယ်ရှိ ဒါယကာများအား မြိုင်ကြီးငူလက်ထောက် ဆရာတော် ဦးဆန္ဒာဘာသမှ၎င်း၊ အသီးသီး ဦးဆောင်ကာ မြိုင်ကြီးငူမှ သူးမွဲထာသို့ ဒီဇင်ဘာလ(၁၀)ရက်နေ့ နံနက်အရောက် ချီတက်မည်ဖြစ်၍ လှိုင်းဘွဲ့၊ ဖာပွန်နှင့် ဘားအံနယ်မြေမှ သံဃာတော်များ လိုက်ပါကြမည်ဖြစ်ကြောင်းများကိုလည်း ကြားသိရလေသည်။

အခြေအနေမှာ တစထက်တစ ပို၍ ဆိုးဝါးလာနေသည်။ ဘာသာရေးကို ခုတုံးလုပ်ကာ ကရင်၊ ကရင်ချင်း သွေးချောင်းစီးစေမည့် အဓိကရုဏ်းကြီး ဖန်တီးဖြစ်ပေါ်လာရေးမှာ ပိုမိုနီးကပ်နေပြီ ဖြစ်ပေသည်။

နဝတ အုပ်စုက မွေးခဲ့သော မီးစကလေးမှာ တဖြေးဖြေး ပိုမိုအားကောင်း

လာသည်။ ထိုမီးစကို အလျှံ တညီးညီး မီးတောက်ကြီး အဖြစ်သို့ ရောက်ရှိစေရန်လည်း နဝတကပင် အသာအယာ ယပ်ခပ်ပေး ခဲ့သည်ဟု ကရင်လူငယ်ခေါင်းဆောင် တဦးကဆိုသည်။ ဒီဇင်ဘာ(၉) ရက်နှင့် (၁၀)ရက်နေ့-စဗခ-၁ ရတ-တမခ မှပင် ရရှိခဲ့သော ကြေးနန်းသတင်းများထဲ၌

"ဗုဒ္ဓဘာသာအဖွဲ့များမှာ မာနယ်ပလောနယ်မြေတွင် ဘာသာရေးနည်းဖြင့် ငြိမ်းချမ်းရေးယူရန် တောင်းဆိုမည်ဖြစ်ပြီး၊ တောင်းမရပါက အကြမ်းဖက် တိုက်ခိုက်ရန် သေနတ် ( ၄၀၀)ခန့် သိုဝှက်ထားကြောင်း။ လက်ရှိအနေအထားအရ ဗုဒ္ဓဘာသာအဖွဲ့အနေဖြင့် ဘာသာရေး အဓိကရုဏ်းမှ ဆက်နွယ်၍ ငြိမ်းချမ်းရေးကိစ္စ မဖြစ်မနေ ဆောင်ရွက်မည် ဖြစ်ကြောင်း သုံးသပ်ရ။

"ဆရာတော်များ၏ ပြောပြချက်အရ သူးမွဲ၌ ကေအဲန်ယူ ခေါင်းဆောင် (၄) ဦးအား ဖမ်းထားကြောင်း မာနယ်ပလောရှိ ခရိယာန်ဘက်မှ အဓိကအကျဆုံး (ဘိုမြ ဟု ယူဆရ) ပုဂ္ဂိုလ်အား ဒီ-၁၀ ရက်နေ့တွင် သုမွဲထသို့လာရောက်၍ ဖြေရှင်းခိုင်းယူမည်ဖြစ်၊ ရောက်ရှိပါက နဝတ နှင့် ငြိမ်းချမ်းရေးယူရန်ပြောကြားမည်ဖြစ်ကြောင်း။ ငြိမ်းချမ်းရေးရပြီးမှသာ အားလုံး လွတ်လွတ် လပ်လပ်နေ၍ ရမည်ဖြစ်ကြောင်း၊ အကယ်၍ ငြိမ်းချမ်းရေး မယူပါက မာနယ်ပလောကို ချီတက် တိုက်ခိုက်မည်ဖြစ်ကြောင်း" ဟူ၍ပါရှိနေလေသည်။

ကရင်လူငယ်ခေါင်းဆောင်က ထိုသတင်းစကားများမှာ အမှန်စင်စစ် ခွဲထွက်အဖွဲ့များ ဘုန်းကြီးများနှင့် ကျေးရွာလူထုများ၏နှုတ်မှ အမှန်တကယ်ပြောကြားသော စကားများမဟုတ်ဘဲ နဝတ၏ စကားများသာဖြစ်ကြောင်း၊ ခွဲထွက်အဖွဲ့များနှင့် ဘုန်းကြီးများက အမှန်တကယ်ပင် ပြောကြားခဲ့သည်ဆိုသည့်တိုင် ထိုသို့ ပြောကြားစေရန်အတွက် နဝတ က လမ်းကြောင်းပေးကာ တိုက်တွန်းခဲ့ခြင်းသာဖြစ်ကြောင်းပြောသည်။

နဝတဦးစီးများ၏ အရည်အချင်းညံ့ဖျင်းမှုကို ပေါ်လွင်ထင်ရှားစေသည့် ထိုစကားများမှာ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ကေအဲန်ယူ၏ သဘောထားကို လွန်ခဲ့သော နှစ်အတန်ကြာကတည်းက သိနားလည်ခဲ့ပြီးဖြစ်သော၊ ပြည်တွင်း ပြည်ပမှ လေ့လာသူများအဖို့ ရယ်မောရုံချ ဘွယ်ရာ ဖြစ်နေကြောင်း၊ နဝတ သည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး ကြိုးပမ်းမှု သမိုင်းကြောင်းကို ပြောင်းပြန်လှန်ပစ်ရန် ကြိုးစားကြည့်ခြင်းသာဖြစ်ကြောင်း၊ ရာဇဝင်ကို သာလိမ်၍ရမည် ဖြစ်သော်လည်း သမိုင်းကြောင်းကိစ္စကို လိမ်၍ မရကြောင်း၊ ၁၉၅၈ နှင့် ၁၉၆၃ခုနှစ် များတုံးက ကြိုးပမ်းပမ်းခဲ့ဘူးသော ငြိမ်းချမ်းလိုမှုများကို ဖယ်ထားဘိဦး၊ နဝတ ခေတ်တွင် ဗိုလ်ချုပ်သန်းရွှေထံသို့ ၁၉၉၃ခု ဧပြီ(၂၃)ရက်တွင် ပထမအကြိမ်၊ ဩဂုတ်လ(၁၇)ရက်တွင် ဒုတိယအကြိမ်၊ ထို့နောက်တတိယအကြိမ် စတုတ္ထ အကြိမ်စသဖြင့် အကြိမ်ကြိမ် အခါခါ ငြိမ်းချမ်းရေး ဆွေးနွေး ကမ်းလှမ်းခဲ့သော ဗိုလ်ချုပ်ကြီးမြ၏ သဘောထားများမှာလက်ကမ်းကြော်ငြာစာများအဖြစ်၎င်း၊ ခေတ်ပြိုင်ဂျာနယ် အပါအဝင် တော်လှန်သော စာစောင်များမှ၎င်း၊ နိုင်ငံခြားသတင်းစာနှင့် အသံလွှင့် ဌာနများမှ၎င်း ပျံ့နှံ့စွာ သမိုင်း တွင်ရစ်ခဲ့ပြီဖြစ်ပြီး ထာဝစဉ်တည်တံ့ခိုင်မြဲမည့် စစ်မှန်သော ငြိမ်းချမ်းရေးကို အမြဲတစေ လိုလားနေသူဖြစ်ကြောင်းလည်း မြန်မာ ပြည်သူ လူထုနှင့် ကမ္ဘာကသိခဲ့ကြပြီး ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးကို လိုလားစွာ ကမ်းလှမ်းနေသူထံသို့ ငြိမ်းချမ်းရေး ယူပါ၊ မယူကတိုက်မည်၊ အကြမ်းဘက်နည်းဖြင့် တောင်းဆိုမည် ဆိုခြင်းမှာ သဘာဝကျ မကျ စဉ်းစား ဆင်ခြင်ဘွယ်ဖြစ်ကြောင်း ထိုလူငယ်ခေါင်းဆောင်က ပြောလေသည်။

နဝတ နှင့် စေ့စပ်ညှိနှိုင်းရေး လုပ်ခဲ့သည့် တိုင်းရင်းသား လူမျိုးစုတစုမှ ခေါင်းဆောင်ငယ်တဦးကမူ နဝတ သည် ဘာသာရေး ပဋိပက္ခကို ဖန်တီးသည့် တချိန်တည်းမှာပင် တချက်ခုတ် နှစ်ချက်ပြတ်အဖြစ် ၎င်းတို့မှာ ငြိမ်းချမ်းရေးကိုလည်း လိုလားကြသူများ ဖြစ်ကြောင်း၊ ကေအဲန်ယူမှာ ငြိမ်းချမ်းရေး မလိုလားသည့် ဆူပူ သောင်းကျန်းသူများ သာဖြစ်ကြောင်း ပြည်သူလူထုနှင့် ကမ္ဘာကို လှည့်စား အမြတ်ထုတ်လိုက်ခြင်းသာ ဖြစ်သည်ဟု ဆိုသည်။

သို့ရာတွင် ၎င်းတို့အတွက် မှားသွားသည်မှာ ဘာသာရေးကိစ္စနှင့် ငြိမ်းချမ်းရေးကို ရောထွေး ပစ်လိုက်ခြင်း ဖြစ်ကြောင်း၊ ဘာသာရေးနည်းဖြင့် ငြိမ်းချမ်းရေး ယူရန်ဆိုသောစကားမှာ လွန်စွာပင် အဆီအငေါ် မတည့်လှကြောင်း၊ ငြိမ်းချမ်းရေးရပြီးမှ ဘာသာအားလုံး လွတ်လွတ်လပ်လပ် နေရမည်ဖြစ်သည်ဟု ဆင်ခြေပေးခြင်း မှာလည်း ခိုင်လုံမှု မရှိကြောင်း။ ကေအဲန်ယူ အဖွဲ့အစည်း၌ ဘာသာရေး လွတ်လပ်ခွင့် အပြည့်အဝ ရှိနေကြောင်း၊ မြိုင်ကြီးငူဆရာတော်ထံသို့လည်း ဘာသာရေးအရ ခွင့်ပြု အလျှော့ပေး ဆွေးနွေးညှိနှိုင်းမည့် အစည်းအဝေး တက်ရန် အကြောင်းကြား ကမ်းလှမ်းစာ ပို့ခဲ့ကြောင်း၊ ဘာသာရေး မကျေနပ်မှုဖြင့် ခွဲထွက်သော အဖွဲ့ကိုလည်း ဆက်လက် ညှိနှိုင်းနေကြောင်း၊ ထို့ကြောင့် မြိုင်ကြီးငူသည်၎င်း၊ နဝတ သည်၎င်း ဘာသာရေးကို အကြောင်း ပြနေ၍ မဖြစ်တော့သောကြောင့်၊ လူထုကိုပင် သွေးထိုးလှုံ့ဆော်ကာ၊ လူထုအား လုံး မျှော်လင့်နေသည့် ငြိမ်းချမ်းရေးဘက်သို့ ဦးတည်လျှက် လူထုနှင့်တိုက်ပေးလိုက်ခြင်းဖြစ်ကြောင်း ထိုပုဂ္ဂိုလ်က ပြောသည်။

ထိုပုဂ္ဂိုလ်က ၎င်း၏အမြင်ကို ဆက်လက် ပြောကြားသွားရာတွင်၊ ငြိမ်းချမ်းရေးယူလိုသည်ဟု ဆိုသူများမှာ ဘာသာရေးအရ မည်သို့လုပ်ဆောင်ရမည်ကို ဝေခွဲနိုင်ကြဟန် မတူကြောင်း။ ဘာသာရေးအရ ငြိမ်းချမ်းရေးတောင်းမည်ဟု ဆိုသူများသည် ငြိမ်းချမ်းရေးမရပါက တိုက်မည်ဟူ၍ လက်နက်များ အသင့်ဆောင်သွားကြခြင်းမှာလည်း သမိုင်းတခေတ်အတွက် မှတ်တမ်းတင်လောက်စရာ အမှားများ ဖြစ်နေကြောင်း၊ ငြိမ်းချမ်းရေး

မှာ ဘာသာရေးနှင့် လုံးဝ မပတ်သက်၊ တိုင်းရင်းသား လူမျိုးစုများ ၏ အရေးနှင့် ဒီမိုကရေစီရေးတို့နှင့်သာ ပတ်သက်သည်ကို နဝတသည် မျက်လုံး စုံ မှိတ်လျက် ကန့်ကွက်ဆောင်နေခြင်းသာ ဖြစ်ကြောင်း၊ တိုင်းရင်းသား လူမျိုးစုများနှင့် ညှိနှိုင်း ပြေလည်ပါက ငြိမ်းချမ်းရေးကို ရနိုင်မည် ဖြစ်ကြောင်း၊ ထာဝစဉ် တည်တံ့ ခိုင်မြဲသည့် ငြိမ်းချမ်းရေး ဖြစ်နိုင်ရန် အတွက် စိတ်စေတနာကောင်းဖြင့် လေးစားစွာ ဆွေးနွေးရမည် ဖြစ်ကြောင်း၊ ထိုသို့ မဟုတ်ဘဲ မရိုးသားသော အကြံအစည်ဖြင့် ဘာသာရေးကို ဗန်းပြပြီး ငြိမ်းချမ်းရေး ရယူလိုသည်ဆိုခြင်းမှာမူ လွဲမှား ညံ့ဖျင်းစွာ သွေဖည် တိမ်းစောင်းမှုကြီးသာ ဖြစ်ကြောင်းများ ပါရှိလေသည်။

မည်သို့ပင်ဆိုစေ လောလော ဆယ် အခြေအနေ၌ နဝတ ၏ လှည့်ဖြားသွေးထိုးမှုကို ခံရသော ရဟန်းသံဃာများနှင့် ဒေသခံလူထုအချို့မှာ သူးမွဲထာသို့ ဦးတည်ချီတက်လျက် ရှိနေကြပြီဖြစ်သည်။

## အခန်း(၄)

## ဏ္ဍ စ္ဆာသယ ဖောင်တော်ဦး ကျောင်းတိုက်တွင်--

လွတ်လပ်သော ကြားနေသူများအဖြစ် စေ့စပ်ညှိနှိုင်းပေးမည့် ကေအဲန်ယူမှ ပုဂ္ဂိုလ်များအား ထိန်းချုပ်ထားရာ သူးမွဲထာ ဘုန်းတော်ကြီးကျောင်း၏ အမည်မှာ "ဏ္ဍစ္ဆာသယဖောင်တော်ဦးကျောင်းတိုက်" ဟူ၍ဖြစ်လေသည်။အင်းလေးဖောင်တော်ဦး စေတီကဲ့သို့ပင် နောက်ခံသမိုင်းကြောင်း တခုခုရှိသောကြောင့်လား၊ (သို့မဟုတ်) ကျောင်းဆောက်လုပ်သည့် ပစ္စည်းများကို ဖောင်များဖြင့် သယ်ရသောကြောင့်လား (သို့မဟုတ်) အခြားမည်သည့် အကြောင်းများကြောင့်ဖောင်တော်ဦးကျောင်းတိုက် ဟု မှည့်ခေါ်ရပါသနည်း။ ထိုအချက်ကို စိတ်ဝင်တစား သုတေသနပြု မည့်သူများ မရှိသော်လည်း ဘုန်းတော်ကြီးကျောင်းနှင့် မအပ်စပ်လှစွာပင် ထိုကျောင်းအောက်၌ မြေ တိုက်ခန်းရှိနေသည့် အချက်ကိုသာ ဘဝင်မကျ ဖြစ်မိကြသော ပုဂ္ဂိုလ် အချို့ရှိသည်။ မအေးချမ်းသော နယ်မြေဖြစ်သောကြောင့် ဟူသောအကြောင်းပြချက်မှာ ယုတ္တိခိုင်လုံမှုမရှိကြောင်း၊ မအေးချမ်းသောနယ်မြေ၌ မြေတိုက်ထားရှိရန် မဆိုထားဘိ၊ ကျောင်းကြီးကြီးမားမားကိုပင် ဆောက်ရန် မသင့်ကြောင်း။ မည်မျှကြီးမားသော ကျောင်းဖြစ်စေကာမူ တိုက်ပွဲများ တကယ် တမ်းကြီးမားပြင်းထန်ပါက ပျက်စီး ဆုံးရှုံးရမည်ဖြစ်၍ ကျောင်းနှင့်အတူ မြေတိုက်သည်လည်း ပျက်စီးသွားမည်သာဖြစ် ကြောင်း၊ သက်သတ်လွတ် ကျေးရွာမှ ဒုက္ခမိသားစုများကို တိုက်ပွဲဖြစ်ချိန်၌ မြေတိုက်ထဲ ဝင်ရောက်စေခြင်းဖြင့် အကာအကွယ် ပေးနိုင်ရန် ဟူသည့် စိတ်ကူး ဆင်ခြေ ရှိသည် ဆိုလျှင်ပင် ကျောင်းကြီးနှင့်အတူ မြေတိုက်ပါ ပျက်စီးသွားမည် ဖြစ် သောကြောင့် ထိုစိတ်ကူးမှာ အဆီအငေါ် မတည့်လှကြောင်း၊ ဤနယ်မြေရှိ အဆောက်အဦအချို့၏ အနီးပတ်ဝန်းကျင်၌ ဖုံးခိုကျင်းများ ထားရှိကြသော်လည်း မြေတိုက်ခန်းရှိမရှိကိုမူ သေချာတိကျစွာ မသိရကြောင်း၊ ရှိချင်လည်း ရှိနိုင်ကြောင်း သို့ရာတွင် မာနယ်ပလောရှိ ခရစ်ယာန် ဘုရားကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းများ၌ မြေတိုက်ခန်းများ လုံးဝ မရှိကြောင်း၊ နယ်မြေတခုတည်းတွင် ဖြစ်သည့်အပြင် ဘာသာရေး သာသနာရေးကို ဆောင်ရွက်နေသော ထို (၂)ထပ် ဘုန်းတော် ကြီးကျောင်း အောက်၌မူ အဘယ့်ကြောင့် မြေတိုက်ခန်း ရှိနေရသနည်းဟု ၎င်းတို့က စူးစမ်း ဆင်ခြင်မိကြသည်။ ဤမေးခွန်း၏အဖြေကို ကာယကံရှင်များ အနေဖြင့် ဖြေဆိုရန် အကြောင်းရှိမည် မဟုတ်သော်လည်း မြေတိုက်ကတော့ အမှန်တကယ်ပင် ရှိနေခဲ့ပြီဖြစ်လေသည်။

ဒီဇင်ဘာလ (၉)ရက် နေ့မှာပင် ဖာပွန်မှ ရဟန်းပျိုအုပ်စုများ ထိုဘုန်းတော်ကြီး ကျောင်းသို့ ရောက်လာခဲ့သည်။ လူထုစည်းဝေးပွဲကို ဒီဇင်ဘာ(၁၀)ရက်နေ့ ညပိုင်းတွင် ခေါ်ယူခဲ့ပြီး၊ ထိုစည်းဝေးပွဲသို့ ရဟန်းရှင်လူ (၄၀၀)ကျော်၊ (၅၀၀) မျှ တက်ရောက်ခဲ့ကြသည်။ ဖာပွန်မှ ရောက်လာကြသော ရဟန်းပျိုများက အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ကြသည်။ ထိုရဟန်းတို့၏ အသွင်အပြင်မှာ နဝတ အုပ်စု၏ ပုံစံအတိုင်းပင်ဖြစ်ပြီး၊ မဆလ၊ နဝတ တို့သုံးစွဲသည့် ဝေါဟာရ အသုံးအနှုန်းများဖြင့် ကရင်ပြည်နယ်အပေါ်၎င်းတို့ရှုမြင်သည့် သဘောထားများကို မိန့်ကြားကြသည်။ ကေအဲန်ယူ အဖွဲ့ အစည်းနှင့် အခြားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများအပေါ် ထားရှိသော ၎င်းတို့၏သဘောထား အမြင်များကို လည်း လွန်လွန်ကဲကဲ ဖေါ်ကျူးသည်။ ဗိုလ်ချုပ်ကြီးမြအား ၎င်းတို့နှင့် လာရောက်တွေ့ဆုံရန် တောင်းဆိုသည်။ ဤသို့တွေ့ဆုံရန်ကိစ္စနှင့် စပ်လျဉ်း၍ မာနယ်ပလောမှ ပုဂ္ဂိုလ်များကို ၎င်းတို့ ကြေးနန်း ဆက်သွယ်မှု ပြုနိုင်ရန်လည်း တောင်းဆိုလိုက်လေ သည်။

ကေအဲန်ယူ မှ ပုဂ္ဂိုလ်များက အစည်း အဝေးကို ကြားနေဒေသဖြစ်သော သံလွင်မြစ်တဖက်ကမ်း ထိုင်းနိုင်ငံ ပိုင်နက်တွင် ပြုလုပ်ဘို့သင့်ကြောင်းနှင့်ဦးပဉ္ဇင်းများ ယခုလုပ်နေသည့် အစည်းအဝေးကို ပယ်ဖျက်ကြောင်း အဆိုပြုတင်ပြခဲ့သည်။ ဦးပဉ္ဇင်းများက အစည်းအဝေးကို ဆက်လုပ်သည်။ ဖမ်းဆီးထားသော ပုဂ္ဂိုလ်များ အပေါ် ၎င်းတို့၏ သဘောထား ကြေငြာချက်ကိုလည်း ဆင်ခြင်မှုကင်းမဲ့စွာ ထုတ်ပြန်ကြသည်။

"သူတို့က ခရစ်ယာန်တွေ။ သူတို့ရဲ့အပြစ်ဒုစရိုက်တွေကို ခင်ဗျားတို့ သိကြတာဘဲ။ မနက်ဖြန် မနက်ကိုးနာရီ ထိုးလို့မှ ဗိုလ်မြရောက်မလာဘူးဆိုရင် အကြိုလုပ်ရှား မှုအနေနဲ့ သူတို့တွေကို ခင်ဗျားတို့ ကြိုက်သလို လုပ်နိုင်တယ်။ တိုက်ဘို့လို့လည်း ကြိုတင် ပြင်ဆင်ရမယ်။" ဟု ဆိုကြသည်။

ယင်းသို့အားဖြင့် ၎င်းတို့၏ မွေးရာပါ ဘာသာရေး အခွင့်အရေးများကို

တောင်းဆိုလိုက်ခြင်းသည် ကာလကြာမြင့်စွာကပင် ကရုဏာစိတ်ဖြင့် မရှင်းမလင်း မသဲမကွဲ ဖြစ်နေခဲ့သော ဗိုလ်မှူးကြီး ထူးထူးလေးအား ပိုမို၍ အမြင်ပြတ်သား လာစေလေသည်။ အလွန်ကြောက်မက်ဘွယ်ကောင်းသော ဘာသာရေး ပဋိပက္ခကို ဖန်တီးလာခြင်း။

သို့ဖြစ်သော် ငြားလည်း ဤအဖြစ် အပျက်များအပေါ် ယေဘုယျကောက်ချက်ဆွဲမှုအရ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန် ဖြစ်ကြတော့မည့် ပဋိပက္ခတွင်၊ ပဒိုမန်းရှာနှင့် ပဒိုစံလှိုင်တို့မှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်နေသောကြောင့် လောလောဆယ် အခြေ အနေ၌ ၎င်းတို့နှစ်ဦးအတွက် စိုးရိမ် ပူပန်စရာမရှိဟု ဗိုလ်မှူးကြီး ထူးထူးလေးက ယူဆခဲ့သည်။ ထိုအတွေးသည် သူကိုယ်တိုင်အပါအဝင် ကျန်ပုဂ္ဂိုလ်များအတွက် စိုးရိမ်နေရဆဲဖြစ်သော်လည်း ပဒိုမန်းရှာနှင့် ပဒိုစံလှိုင်တို့အတွက် စိုးရိမ်စိတ်ကိုမူ ပြေပျောက်စေခဲ့လေသည်။

လုပ်ဘော် ကိုင်ဘက် ဘဝတူ တော်လှန်ရေး သမားများအပေါ် ကိုယ်ချင်းစာနာစိတ်ဖြင့် ဗိုလ်မှူးကြီး ထူးထူးလေးက စိုးရိမ်ပူပန်တတ်သော်လည်း ပဒိုမန်းရှာအပါအဝင် ထိန်းသိမ်းခံနေရသူအားလုံးမှာ ဖြစ်ပျက်လာသည့် အခြေအနေပေါ်တွင် ရပ်တည်ရင်ဆိုင်ဘို့ရန်အတွက် အမြဲအသင့်ရှိ ကြသူများ ဖြစ်သည်။ အထူးသဖြင့် ပဒိုမန်းရှာဆိုလျှင် မာနယ်ပလောမှ အာဏာပိုင်များနှင့် ခွဲထွက်ဗုဒ္ဓဘာသာ အုပ်စုတို့အကြား နည်းလမ်းမှန်ကန်စွာ ဆွေးနွေးပြေလည်မှု ရရှိစေရေး အတွက် နီးရာဒါးကို ကြောက်ရွံ့နေမှုမရှိဘဲ ရပ်တည်ဆောင်ရွက် ခဲ့သူဖြစ်လေသည်။ ၎င်းတို့အားလုံးပင် မိမိတဦးချင်း လွတ်မြောက်ရေးအတွက် ကြိုးပမ်းလိုသော ဆန္ဒမရှိကြချေ။ ဘာသာရေး ပဋိပက္ခဘက်သို့ ဦးတည်လာသည့် အခြေအနေကို ဆုံးဖြတ်ချက်ပေး လုပ်ဆောင်နိုင်ရန်အလို့ငှာ မာနယ်ပလောရှိ အခြားသော ကေအဲန်ယူ ဗုဒ္ဓဘာသာ ခေါင်းဆောင်များအား မှာယူဘို့ သူတို့ စိတ်ကူးကြသည်။ မာနယ်ပလော သံလွင်ဦးကျောင်းမှ (ရမ်ဘိုဘုန်းကြီး)ဆရာတော်ဦးဝိဇာနနှင့် သံဃာတော်(၈) ပါးမှာမူ ထိုနေ့တွင်ပင် ရောက်ရှိလာခဲ့ပြီဖြစ်ပြီး၊ ၎င်းတို့ကဲ့သို့ပင် ထိန်းချုပ်ခံနေရလေသည်။



Photo by I.K.H.R.A.

**မာနယ်ပလော သံလွင်ဦးကျောင်း**
**ဆရာတော် အရှင်ဦးဝိဇာန (Rambo) (သာ)**

## မဟာမိတ်များ၏စေတနာသဘောထား

သူးမွဲထာ၌ ထိုသို့သော အခြေအနေဖြစ်ပေါ်နေစဉ်တွင် မာနယ်ပလောရှိ တော်လှန်သော မဟာမိတ်အင်အားစုများမှာလည်း မလိုလားအပ်စွာ ဖြစ်ပေါ်လာတော့မည့် အရေးကိစ္စကို တားဆီးနိုင်ရန်အတွက် ခေါင်းချင်းရိုက်မျှ ဆွေးနွေးနေခဲ့ကြသည်။

ဘာသာရေး ပဋိပက္ခအသွင်သို့ ဦးတည်လာခြင်းမှာကေအဲန်ယူကိုသာမက အခြားသော တော်လှန်ရေးအဖွဲ့အစည်းများကိုပါ၊ ဘာသာရေးအရ ကျယ်ပြန့်စွာ ဂယက်ရိုက်ထိုးဖောက် ထိခိုက်လာမည်ဆိုသည်ကိုလည်း တွက်ဆမိကြသည်။

မဟာမိတ်များထဲတွင် ကိုယ့်နယ်မြေနှင့် ကိုယ်၊ ကိုယ့်အဖွဲ့အစည်းနှင့် ကိုယ်ရှိကြသူများလည်းပါဝင်၍၊ မာနယ်ပလောတွင် အခြေစိုက်ကာ စစ်အာဏာရှင် ဆန့်ကျင်ရေးနှင့် ဒီမိုကရေစီရေးအတွက် ပူးပေါင်း ဆောင်ရွက်နေသော အဖွဲ့အစည်းများလည်း ပါရှိသည်။ မာနယ်ပလော မရှိလျှင် ၎င်းတို့လည်း ဘုံပျောက်ပြီဟူသော နဝတ ၏ ခြေတိုးလုပ်ကြံသည့် စကားများကြောင့် စိတ်ပူစွာခေါင်းချင်းရိုက် ဆွေးနွေးခဲ့ကြခြင်း မဟုတ်ချေ။ ကြီးမားသော ဘာသာရေး ပဋိပက္ခကြီး ဖြစ်ပေါ်လာပြီး ကေအဲန်ယူ အဖွဲ့အစည်းကြီး ဖရိုဖရဲ ဖြစ်သွားမည်ဆိုသည့်တိုင် ၎င်းတို့၌ နေရာများစွာ ရှိနေသေးသည်။ ကမ္ဘာပေါ်တွင် နဝတ အစိုးရအား မလိုလားသည့် နိုင်ငံများမှာ လက်ညှိုးညွှန်ပြ၍ မလွဲနိုင်အောင် ရှိနေပေသည်။ နဝတ နှင့် အပြုသဘော ဆက်ဆံရေး လုပ်နေသည့် နိုင်ငံအချို့၌ပင် ၎င်းတို့ရပ်တည်လှုပ်ရှား နိုင်သေးသည်။ နဝတ အဖွဲ့အား ဆန့်ကျင်တော်လှန် နေသူများကို နည်းမျိုးစုံဖြင့် ထောက်ခံအားပေးနေသော ပြည်တွင်း၊ ပြည်ပ ပုဂ္ဂိုလ်များ၏ အကူအညီဖြင့် ဒီမိုကရေစီရရှိရေး၊ စစ်အာဏာရှင် ပြုတ်ကျရေး၊ တန်းတူ အခွင့်အရေးပြည့်ဝသော ပြည်ထောင်စု စစ်စစ် တည်ဆောက်ရေး တိုက်ပွဲများကို ဆက်လက် ဆင်နွှဲနိုင်ကြမည်သာ ဖြစ်လေသည်။ ထို့ကြောင့် ၎င်းတို့အနေဖြင့် တတ်အားသမျှ ကြားဝင်ဆောင်ရွက်ပေးရန် တိုင်ပင်ဆွေးနွေးခဲ့ကြခြင်းမှာ ကိုယ်ကျိုး ငဲ့ကွက်သော စိုးရိမ် ပူပန်စိတ်ကြောင့် မဟုတ်ဘဲ မလိုလားအပ်သည့် သွေးချောင်း စီးမှုကြီး မဖြစ်ပေါ်စေရန်အတွက်သာ ဖြစ်လေသည်။

ကေအဲန်ယူ အဖွဲ့အစည်းကြီးမှာ လွယ်ကူစွာဖြင့် ပြိုကွဲလိမ့်မည် မဟုတ်ကြောင်း၊ အကယ်၍ ကေအဲန်ယူ အဖွဲ့အစည်းကြီး ဖရိုဖရဲ ပြိုကွဲသွားသည့်တိုင် ကရင့်တော်လှန်ရေးမှာ မည်သည့်နည်းနှင့်မျှ ချုပ်ငြိမ်းပျောက်ကွယ်သွားမည် မဟုတ်ကြောင်းကိုလည်း မဟာမိတ်များက သိနားလည် ထားကြပြီး ဖြစ်သည်။

သို့ရာတွင် မဖြစ်သင့်သော ပြဿနာကို မဖြစ်ပေါ်စေရန်အတွက်၊ လက်ရှိ ပြဿနာ အသေးအမွှားကို ပြေလည်အောင် ဖြေရှင်းရမည် ဖြစ်သည်။ ကေအဲန်ယူ အဖွဲ့အစည်းကြီးသည် ထို ပြဿနာကို ငြိမ်းချမ်းသော နည်းဖြင့်သာ ဖြေရှင်း လိုသည့်ဆန္ဒအတိုင်း ခွဲထွက်အဖွဲ့၏ သက်ဆိုင်ရာ တပ်မှူး အချို့နှင့်၊ ခရိုင် မြို့နယ်

အချို့မှ ဗုဒ္ဓဘာသာဝင် ခေါင်းဆောင်အချို့ကို သူးမွဲထာသို့ စေလွှတ်ခဲ့သည်။ အချင်းချင်း ပြန်လည် ညီညွတ်မှု ရရှိရေးအတွက် ဆွေးနွေးရန် သွားခဲ့သော ထိုခေါင်းဆောင်များကို ခွဲထွက် အဖွဲ့က ဖမ်းဆီး ထိန်းသိမ်းထားလိုက်သည်။ အချို့ကိုမူ ၎င်းတို့အုပ်စုနှင့် ပူးပေါင်းရန် အကျပ်ကိုင် သိမ်းသွင်းခဲ့သည်။ ဘားအံခရိုင် အတွင်းရေးမှူး ပဒိုကျော်ယာယု၊ ဘဏ္ဍာရေးတာဝန်ခံ ပဒိုဘညွှန့်ဖဲ၊ မြို့နယ်ကော်မတီ မန်းနေမင်းနှင့် ပုဂ္ဂိုလ်အချို့မှာ ထိုစာရင်းထဲတွင် ပါဝင်သည်။ ဘားအံခရိုင်ဥက္ကဋ္ဌ မန်းရင်စိန်၊ ဗိုလ်ကြီးခုံ တို့ကိုလည်း ထိန်းသိမ်းထားလိုက်ပြီး သူးမွဲထာနှင့် မာနယ် ပလောကို သွားချည်လာလှည့် ဆွေးနွေး ညှိနှိုင်းနေသည့် ဒုတိယ ဗိုလ်မှူးကြီး ဂျော်နီ ကိုပါ ထိန်းချုပ်ထားလိုက်သည်။ အဆိုးဆုံးမှာ စေတနာရှေ့ထားလျက်ကြား နေ ဖြန်ဖြေပေးသူများအဖြစ် ဆောင်ရွက်မည့် ဗိုလ်မှူးကြီး ထူးထူးလေး အပါအဝင် ကေအဲန်ယူ ထိပ်တန်းခေါင်းဆောင် (၄)ဦးကို ဖမ်းဆီး ထိန်းသိမ်းထားလိုက် ခြင်းပင် ဖြစ်လေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ကရင်ပြည်နယ်အတွင်း ပေါ်ပေါက်လာရသော ပြဿနာကို ကရင် အချင်းချင်း ဆွေးနွေး ညှိနှိုင်းနေသည်ထက် ဗုဒ္ဓဘာသာများပင် ဖြစ်သော မိမိတို့၏ မဟာမိတ်အဖွဲ့အစည်းများအနေဖြင့် ကြားဝင် ညှိနှိုင်းဆွေးနွေးမည် ဆိုပါက ပြေလည်မှု ရရှိနိုင်ရန် ပိုမိုအလားအလာရှိကြောင်း မဟာမိတ်များကဆင်ခြင်မိကြသည်။ ထို့ကြောင့် ကေအဲန်ယူ မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းစီစဉ်ပြီး မြစ်ဆုံ ဖြန်ဖြေရေး ကော်မတီကို ဖွဲ့စည်းခဲ့ကြသည်။

မြစ်ဆုံ ဖြန်ဖြေရေး ကော်မတီတွင် ပုဂ္ဂိုလ် (၈)ဦး ပါရှိသည်။

(၁) နိုင်ရွှေကျင် ဥက္ကဋ္ဌ၊ (ဥက္ကဋ္ဌကြီး၊ မွန်ပြည်သစ်ပါတီ။) **N.M.S.P.**

(၂) ဦးတင်အောင် အဖွဲ့ဝင်၊ (ဒု- ဥက္ကဋ္ဌ၊အမျိုးသားဒီမိုကရေစီ

## သံဃာတော်၊ ဆရာတော်များသို့မေတ္တာရပ်ခံပန်ကြားချက်

ဆရာတော်၊ သံဃာတော်။ အရှင်သူမြတ်များဘုရား၊

လွတ်မြောက်နယ်မြေအတွင်းရှိ တော်လှန်ရေးအဖွဲ့အစည်းများ၏ ခေါင်းဆောင်များအနေဖြင့် ရှိသေစွာ လျှောက်ထားလိုပါသည် ဘုရား၊

တပည့်တော်တို့အနေဖြင့် မြန်မာပြည်တိုင်းရင်းသား လူမျိုးစုံအပေါင်း၏ အဓိနိုပ်ခံ ဘဝမှ လွတ်မြောက်ရေး၊ အခြေခံလူ့အခွင့်အရေးများရရှိရေး၊ လူနေမှု ဘဝတိုးတက်မြင့်မားရေးနှင့်စစ်မှန်သော ငြိမ်းချမ်းမှုဖြင့် အတူယှဉ်တွဲ နေထိုင်ရေးအတွက် နိုင်ငံရေး၊ စစ်ရေး၊ သံတမာန်ရေးနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်နေကြသည့် တော်လှန်ရေးအဖွဲ့အစည်းများဖြစ်ကြပါသည်။ တပည့်တော်တို့တိုင်းပြည်အနေဖြင့်လည်း လူမျိုးစုံ၊ ဘာသာစုံ ရှိနေကြသည့်အပေါ်တွင် လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်များ ရှိရမည်ဟုလည်းယုံကြည်မှုရှိပြီးဖြစ်ပါသည်။

ယခုကဲ့သို့ ဘာသာရေးယုံကြည်မှုအခြေခံပေါ်တွင် နားလည်မှုလွဲမှားရသည့် အခြေအနေအား များစွာစိတ်မချမ်းမြေ့ဖြစ်ရပါသည်ဘုရား။ ယခုအချိန်သည် တပည့်တော်တို့အဓိနိုပ်ခံရသူအားလုံး ညီညီညွတ်ညွတ်၊ ချစ်ချစ်ခင်ခင်ဖြင့်မြန်မာပြည်ကြီးငြိမ်းချမ်းတိုးတက်သာယာဝပြောအောင် ကြိုးပမ်းဆောင်ရွက်ရမည့်အချိန်ကာလဖြစ်ပါသည်။ တပည့်တော်တို့အားလုံးသည် တမြေထဲနေ တရေတည်းသောက် တိုင်းရင်းသား ညီနောင်ချင်းများဖြစ်ကြသည့် အားလျော့စွာရှိနေသည့် ပြဿနာများကို ငြိမ်းငြိမ်းချမ်းချမ်းဖြင့် နားလည်မှုရအောင် ကြိုးပမ်း ကြသင့်သည်ဟုယူဆပါသည်အရှင်ဘုရား-

ယခုအချိန်တွင် ကော်သူးလေနယ်မြေရှိ ဆရာတော်၊ သံဃာတော်များအားလုံး တစ်နိုင်သမျှ စုဝေး၍ ဆွေးနွေးညှိနှိုင်းရန် ကြိုးပမ်းနေကြသည်ဟု ကြားသိရသဖြင့် တပည့်တော်တို့မှဝမ်းမြောက်မိပါသည်။ ဆရာတော်၊ သံဃာတော်များမှ စုစည်းဝိုင်းပင်း၍ အဖြေရှာကာ KNU ခေါင်းဆောင်များဖြင့် ညှိနှိုင်းဆောင်ရွက်ပါကအောင်မြင်မှုရရှိနိုင်သည်ဟု ယုံကြည်မိပါသည်ဘုရား။ ဖြစ်သင့်သည့် ဖြစ်ထိုက်သည့် ကိစ္စများကို ငြိမ်းငြိမ်းချမ်းချမ်းဖြင့် အဖြေရှာနိုင်ပါက သက်ဆိုင်သူအားလုံးအတွက် ကြေလည်မှု ကိုရနိုင်ပြီးမိုးဝါးသော နောက်ဆက်တွဲပြဿနာများလည်းမပေါ်ပေါက်နိုင်တော့ဟုယူဆမိပါသည်။ သို့ဖြစ်၍ သံဃာတော်အရှင်မြတ်များအနေဖြင့် ယခုဖြစ်ပွားနေသည့် ပြဿနာများပေါ်တွင် ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေးကိုဦးတည်၍ ဆောင်ရွက်ပေးပါရန် လေးစား စွာလျှောက်ထားအပ်ပါသည်ဘုရား-

ဤသို့အဖြေရှာနေသည့် ကာလအတွင်းတွင်လည်း သက်ဆိုင်ရာတကာများကိုစည်းကမ်းတကျဖြင့် နေထိုင်ရေး၊ သွေးထွက်သံယိုမှု မဖြစ်ပွားရေးနှင့် အမြန်ဆုံးပြီးပြတ်အောင် အားထုတ်ဆောင်ရွက်ရေးကိုလည်း မိန့်ကြားပေးစေလိုပါသည်။ ဒေသအတွင်းတွင် မှီတင်းနေထိုင်ကြသော ပြည်သူလူထု၏ သွားလာရေးနှင့် စားဝတ်နေရေးကိစ္စများကိုလည်း အနှောက်အယှက် မဖြစ်ရအောင်ရေးအတွက် တကာများအား မိန့်ကြားပေးပါရန် မေတ္တာရပ်ခံ အပ်ပါသည်။

တပည့်တော်တို့အနေဖြင့် ဤပြဿနာသည် မိသားစုတွင်းပြဿနာဖြစ်သည်ဟု ယုံကြည်သည့်အလျောက် ဆရာတော်၊ သံဃာတော်များ၏ ရှေ့ဆောင်မှုဖြင့် အမြန်ဆုံး ကြေလည်မှုရရှိနိုင်သည်ဟု ယုံကြည်အားကိုးပါကြောင်းနှင့် တကာအားလုံး၏ ငြိမ်းချမ်းမှုအတွက် ကြိုးပမ်းဆောင်ရွက်ပေးပါရန် လေးစားစွာ မေတ္တာရပ်ခံလျှောက်ထားအပ်ပါသည် ဘုရား-

| | | | |
|---|---|---|---|
| နိုင်ရွှေကျင်၊ | ဥက္ကဋ္ဌ၊ | မွန်ပြည်သစ်ပါတီ | |
| ဦးတင်အောင် | ဒု-ဥက္ကဋ္ဌ၊ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | |
| နိုင်စိုးနိုင်အောင် | ဒု-ဥက္ကဋ္ဌ၊ | ရခိုင်ပြည်လွတ်မြောက်ရေးပါတီ | |
| ဦးမြင့်ဇော် | ဥက္ကဋ္ဌ၊ | လူထုဘောင်သစ်ဒီမိုကရက်တစ်ပါတီ | |
| ဒေါက်တာနိုင်အောင် | ဥက္ကဋ္ဌ၊ | မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး | |
| ဦးလွမ်းဇော် | ဥက္ကဋ္ဌ၊ | မိုးသီးဇွန်(ကိုယ်စား) | |
| ဗိုလ်မှူးကြီးချစ်မောင် | အတွင်းရေးမှူး | ရှမ်းပြည်နယ်လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့ | |
| ဦးအေးဆောင် | အတွင်းရေးမှူး | ပြည်သူ့လွတ်မြောက်ရေးတပ်ဦး | |

ရက်စွဲ - ၁၀ / ၁၂ / ၉၄

မဟာမိတ်အဖွဲ့အစည်းအချို့မှ သံဃာတော်များထံ မေတ္တာရပ်ခံ ပန်ကြားစာ။

အဖွဲ့ချုပ်၊ လွတ် မြောက် နယ်မြေ။)

**N.L.D - L.A.**

(၃) ဦးခိုင်စိုးနိုင်အောင် အဖွဲ့ဝင်၊
(ဒု- ဥက္ကဋ္ဌ၊ ရခိုင်ပြည် လွတ်မြောက်ရေး ပါတီ။)

**A.L.P.**

(၄) ဦးမြင့်ဇော် အဖွဲ့ဝင်၊
( ဥက္ကဋ္ဌ၊ လူ့ဘောင်သစ် ဒီမိုကရက်တစ် ပါတီ။)

**D.P.N.S.**

(၅) ဦးအေးဆောင် အဖွဲ့ဝင်၊
( အထွေထွေ အတွင်းရေးမှူးချုပ်၊ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး။)

**P.L.F.**

(၆) ဗိုလ်မှူးချစ်မောင် အဖွဲ့ဝင်၊
(အတွင်းရေးမှူး၊ ရှမ်းပြည် လူမျိုးပေါင်းစုံ လွတ် မြောက်ရေး အဖွဲ့။)

ရလလဖ၊

(၇) ဒေါက်တာ နိုင်အောင် အဖွဲ့ဝင်၊
(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး။)

**A.B.S.D.F.**

(၈) ဥက္ကဋ္ဌ မိုးသီးဇွန် ကိုယ်စား၊
ဦးလွမ်းဇော် အဖွဲ့ဝင်၊
(မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ် တပ်ဦး။)

**A.B.S.D.F.** တို့ဖြစ်သည်။

ဖြန်ဖြေရေး ကော်မတီမှ ပုဂ္ဂိုလ်အချို့သည် ဒီဇင်ဘာ (၈)ရက် နေ့တွင် သူးမွဲထာသို့ သွားခဲ့ကြသေးသည်။ ခွဲထွက်အဖွဲ့မှ တာဝန်ရှိသူအချို့အပါအဝင် သံဃာတော် အချို့နှင့်လည်း ဆွေးနွေးခဲ့ကြသည်။ ခွဲထွက်အဖွဲ့နှင့် ဆွေးနွေးရသည်မှာ မလွယ်ကူချေ။ တသွေးတသံ တမိန့်မရှိဘဲ စည်းပျက် ကမ်းပျက် ဖြစ်နေသောကြောင့် သဘောထားတွေကလည်း အမျိုးမျိုး ဖြစ် နေသည်။

ခွဲထွက်အဖွဲ့သည် ပြဿနာကို အေးချမ်းစွာ ဖြေရှင်းရမည့် အစားပိုမိုကြီးမားကျယ်ပြန့် သည့် ဘာသာ ရေး ပဋိ ပက္ခ အသွင်သို့ ဦး တည်လာသော ကြောင့် ကေအဲန်ယူ၏မဟာမိတ် အင်အား စုများသည် ဆရာတော် သံဃာတော်များထံသို့ မေတ္တာရပ်ခံ ပန်ကြားလွှာ တစောင်ကို ဒီဇင်ဘာ (၁၀)ရက်နေ့တွင် လက်မှတ်ရေးထိုး လျှောက်ထား ထုတ်ပြန်ခဲ့သည်။

ဆရာတော် သံဃာတော် အရှင်သူမြတ်များဘုရား၊ ဟု အစချီထားသော ထိုလျှောက်ထား ပန်ကြားချက်၌ ... ...။ တပည့်တော်တို့သည် မြန်မာပြည် တိုင်းရင်းသား လူမျိုးစု အပေါင်း၏ အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရေး၊ အခြေခံလူ့ အခွင့်အရေးများရရှိရေး၊ လူနေမှု ဘဝ တိုးတက်မြင့်မားရေးနှင့် စစ်မှန်သော ငြိမ်းချမ်းမှုဖြင့် အတူယှဉ်တွဲ နေထိုင်ရေး အတွက် နိုင်ငံရေး၊ စစ်ရေး၊ သံတမန်ရေးနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်နေကြသည့် တော်လှန်ရေး အဖွဲ့အစည်းများ ဖြစ်ပါကြောင်း။တပည့်တော်တို့ တိုင်းပြည်အနေဖြင့်လည်း လူမျိုးစုံ ဘာသာစုံ ရှိနေသည့် အပေါ်တွင် လွတ်လပ်စွာ ယုံကြည် ကိုးကွယ်ခွင့်များ ရှိရမည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း။ ယခုကဲ့သို့ ဘာသာရေး ယုံကြည်မှု အခြေခံပေါ်တွင် နားလည်မှု လွဲမှားရသည့် အခြေအနေအား၊ များစွာ စိတ်မချမ်းမြေ့ဖြစ်ရပါကြောင်း။ယခုအချိန်သည် တပည့်တော်တို့ အဖိနှိပ်ခံရသူအားလုံး ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင်ဖြင့် မြန်မာပြည်ကြီး တိုးတက်သာယာ ဝပြောအောင် ကြိုးပမ်းဆောင်ရွက်ရမည့် အချိန်ကာလ ဖြစ်ကြောင်း။ တမြေထဲနေ တရေထဲသောက် တိုင်းရင်းသား ညီ အကို ချင်းများ ဖြစ်ကြသည့် အားလျော်စွာ ရှိနေသည့် ပြဿနာများကို ငြိမ်းငြိမ်း ချမ်းချမ်းဖြင့် နားလည်မှုရအောင် ကြိုးပမ်းသင့်သည်ဟု ယူဆပါကြောင်း။

ယခုအချိန်တွင် ကော်သူးလေ ပြည်နယ်ရှိ ဆရာတော် သံဃာတော် များ အားလုံး တတ်နိုင်သမျှ စုဝေး၍ ဆွေး နွေး ညှိနှိုင်းရန် ကြိုးပမ်းနေကြသည်ဟု ကြားသိရသဖြင့် ဝမ်းမြောက် မိကြောင်း။ ဆရာတော်သံဃာတော်များမှ စုစည်း တိုင်ပင်၍ အ ဖြေ ရှာကာ ကေအဲန်ယူ ခေါင်းဆောင်များနှင့် ညှိနှိုင်း ဆောင်ရွက်ပါက အောင်မြင်မှု ရရှိနိုင်သည်ဟု ယုံကြည် မိကြောင်း။ ဖြစ်သင့် ဖြစ်ထိုက်သည့် ကိစ္စများကို ငြိမ်းငြိမ်းချမ်းချမ်းဖြင့် အဖြေရှာနိုင်ပါက သက်ဆိုင်သူ အားလုံးအတွက် ပြေလည်မှု ရရှိနိုင်ပြီး ဆိုးဝါးသော နောက်ဆက်တွဲပြဿနာများလည်း မပေါ်ပေါက်နိုင်တော့ဟု ယူဆပါကြောင်း။ သို့ဖြစ်၍ သံဃာတော် အရှင်သူ မြတ်များ အနေဖြင့် ယခုဖြစ်ပျက်နေသည့် ပြဿနာများအပေါ်တွင် ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရေးကို ဦးတည်၍ ဆောင်ရွက်ပေးပါရန် လေးစားစွာ လျှောက်ထား အပ်ပါကြောင်း။

ဤသို့ အဖြေရှာနေသည့် ကာလအတွင်းတွင်လည်း သက်ဆိုင်ရာ တကာများကို စည်းကမ်းတကျဖြင့် နေထိုင်ရေး၊ သွေးထွက်သံယိုမှု မဖြစ်ပွားရေးနှင့် အမြန်ဆုံး ပြီးပြတ်အောင် အားထုတ်ဆောင်ရွက်ရေးကိုလည်း မိန့်ကြားပေးစေလိုကြောင်း၊ ဒေသတွင်း မှီတင်းနေထိုင်ကြသော ပြည်သူ လူထု၏ သွားလာရေးနှင့် စားဝတ် နေရေး ကိစ္စများကိုလည်း အနှောက်အယှက် မဖြစ်စေရေးအတွက် တကာများအား မိန့်ကြားပေးဘို့ရန် မေတ္တာ ရပ်ခံပါကြောင်း။ တပည့်တော်တို့ အနေဖြင့် ဤပြဿနာသည် မိသားစုအတွင်း ပြဿနာဖြစ်သည်ဟု ယုံကြည်သည့်အလျောက်၊ ဆရာတော် သံဃာတော်များ၏ ရှေ့ဆောင်မှုဖြင့် အမြန်ဆုံး ပြေလည်မှု ရရှိနိုင်သည်ဟု ယုံကြည် အားကိုးပါကြောင်းနှင့် တကာအားလုံး၏ ငြိမ်းချမ်းမှုအတွက် ကြိုးပမ်းဆောင်ရွက်ပေးပါရန် လေးစားစွာ မေတ္တာရပ်ခံ လျှောက်ထားအပ်ပါကြောင်း ရေးသားထား လေသည်။

မဟာမိတ်များ၏ စေတနာကို ပေါ်လွင်စေသော ထိုပန်ကြားစာ၏ အဆုံး၌ မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌ နိုင်ရွှေကျင်၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဒု ဥက္ကဋ္ဌ ဦးတင်အောင်၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ ဒု ဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်၊ လူ့ဘောင်သစ်ပါတီ ဥက္ကဋ္ဌ ဦးမြင့်ဇော်၊ မြန်မာ

နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး ဥက္ကဋ္ဌ ဒေါက်တာ နိုင်အောင် နှင့် ဥက္ကဋ္ဌ မိုးသီးဇွန်၏ ကိုယ်စား ဦးလွမ်းဇော်၊ ရှမ်းပြည်နယ် လူမျိုးပေါင်းစုံ လွတ်မြောက်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးကြီး ချစ်မောင် နှင့် ပြည်သူ့လွတ်မြောက်ရေးတပ်ဦး၏ အတွင်းရေးမှူး ဦးအေးဆောင်တို့က လက်မှတ်ရေးထိုးထားကြသည်။

## မလွဲ မရှောင်သာ အခြေအနေ။

ဒီဇင်ဘာ (၁၁)ရက်နေ့ ဖြစ်သည်။ ကော်သူးလေ ကရင့်သံဃာတော်များ အစည်းအရုံး၏ နာယက၊ မာနယ်ပလောသံလွင်ဦးကျောင်း၏ ကျောင်းထိုင် ဆရာတော် ဦးဝိဇာနနှင့် သံဃာတော် (၈)ပါးမှာ ဣန္ဒာသယ ဖောင်တော်ဦး ကျောင်းတိုက်သို့ ယမန်နေ့ကပင် ရောက်ရှိခဲ့ပြီဖြစ်သည်။ ဆရာတော်ဦးဝိဇာနသည်၊ မြိုင်ကြီးငူဆရာတော်နှင့် အစေးမကပ်လှသော ပုဂ္ဂိုလ်ဖြစ်သည်။ ၎င်းဘို့က ဆရာတော် ဦးဝိဇါနနှင့် အာဂန္တုဆရာတော်များအား ကြိုဆိုထိန်းသိမ်းလိုက်ပြီး၊ တပါးချင်းခွဲ၍ စစ်ဆေးမေးမြန်း ခြိမ်းခြောက်မှုများ ပြုသည်။ ခွဲထွက် အုပ်စုနှင့် သူးမွဲထာရို သံဃာတော်များက ပိုမို လိုလားမျှော်လင့်ကြသည်မှာ ဗိုလ်ချုပ်ကြီး မြကိုသာဖြစ်လေသည်။ သို့ရာတွင် ၎င်းတို့ ချိန်းဆိုထားသည့် နံနက် (၉)နာရီအထိ အခြေအနေမှာ ပြောင်းလဲလာခြင်း မရှိပေ။

(၉)နာရီ ထိုးသည့်တိုင် ဗိုလ်ချုပ်ကြီးမြ ရောက်မလာပါက ဗိုလ်ချုပ်မောင်မောင် နှင့် ဗိုလ်မှူးကြီး ထူးထူးလေး အပါအဝင် ဖမ်းဆီးထားသော ဓါးစာခံများကို သတ်ပစ်မည်ဟု ကြုံးဝါး ခြိမ်းခြောက်သည့် ရာဇသံများ မာနယ်ပလောသို့ ပို့ခဲ့သော်လည်း (၉)နာရီကျော်သည်အထိ မည်သည့်ဘက်က မျှ လှုပ်ရှားမှုမပြုဘဲ နေကြ သည်။ ဗိုလ်ချုပ်မောင်မောင် တို့က လွတ်မြောက်ဘို့ရန် မကြိုးစားကြ သလို၊ ၎င်းတို့ကလည်း ကြားနေဇေ့စပ် ဆွေးနွေးရေး အဖွဲ့ထံသို့၎င်း၊ အခြား အကျဉ်းသားများ ထံသို့၎င်း၊ ဘာတခွန်းမျှ လာရောက် ပြောဆိုခြင်း မပြုကြချေ။ ၎င်းတို့၏ ဖွဲ့စည်းတည်ဆောက်ပုံမှာ ချို့တဲ့လျက် လျော့ယိလျော့လျဲ ပေါ့ပျက်ပျက် နိုင်လှကြောင်း သိသာ ထင်ရှားနေသည်။ ဓါးစားခံ ဇေ့စပ်ဆွေးနွေး ရေးသမားများအား မေးမြန်းစစ်ဆေးစရာရှိလျှင် တဦးချင်းခေါ်ထုတ်၍ မေးမြန်းသည်။ နံနက် (၁၀)နာရီ ဝန်းကျင်တွင် ဗိုလ်မှူးကြီး ထူးထူးလေးမှာ မြစ်ကမ်းဘေး တနေရာသို့ ခေါ်ယူ မေးမြန်းခြင်း ခံနေရသည်။

နံနက် (၁၀)နာရီ ထိုးသည့်တိုင် ဗိုလ်ချုပ်ကြီးမြ ရောက်မလာပါက စံပြနမူနာ အနေဖြင့် ဗိုလ်ချုပ်မောင်မောင်နှင့် ရမ်ဘို ***(Rambo)*** ဆရာတော် ဦးဝိဇန တို့အား ကွပ်မျက်မည်ဟု ခြိမ်းခြောက်ခဲ့သေးကြောင်း နောက်ပိုင်းတွင် သိရှိရသည်။ [ဒီဇင်ဘာ(၁၁)ရက်နေ့တွင် ဖြစ်ပွားခဲ့သော အရေးကိစ္စနှင့် ပတ်သက်၍ အဆင့်မြင့် နိုင်ငံခြားသတင်းထောက် တဦး၏ရေးသားချက်ကို အခြေပြုတင်ပြပါမည်။ ဤဖြစ်စဉ်၏ အချို့သောကဏ္ဍများမှာ ဗိုလ်မှူးကြီး ထူးထူးလေး နှင့် ထိုသတင်းထောက်တို့ တွေ့ဆုံ ဆွေးနွေးခဲ့သော အချက်များမှ ကောက်နှုတ်ခဲ့ခြင်း ဖြစ်သည်။ ]

၁၀ နာရီ ၁၅ ခန့်တွင်မှ "ကရင့်သွေး" နှင့် အပေါင်းပါ စစ်သွေးကြွ တစုသည် ချုပ်နှောင်ခံနေရသော ဇေ့စပ် ညှိနှိုင်းပေးရေးအဖွဲ့ထံ ရောက်ရှိလာတော့သည်။ ၎င်းတို့၏ လက်မောင်း၊ ဦးခေါင်းနှင့် လည်တိုင်စသည်တို့တွင် ဖြန့်ခွာထားသော သင်္ကန်းစများကို စည်းနှောင် ထားကြသည်။ ထိုသင်္ကန်းစများမှာ ၎င်းတို့အား အကာအကွယ်ပေးနေသည့် အရာ များဟု မှတ်ယူရဘွယ် ဖြစ်လေသည်။ 'ကရင့်သွေး'သည် စိတ်ခေါ်တ် အားမန် တက်ကြွနေပုံ ရသည်။

'ဒို့ဘယ် သွားသွား၊ ဒို့ကို ခုခံတဲ့သူ တယောက်မှမရှိဘူး'ဟု ကရင့်သွေးက



ရှေ့တန်းစစ်မျက်နှာတွင် လုံခြုံရေးတာဝန်ကို ထမ်းဆောင်နေသော *K.N.L.A.* ရဲဘော်တဦး

***Photo by I.K.H.R.A.***



ညီနောင်သားချင်းတဦး၏ ကြေကွဲဘွယ်ရာ အမြင်စီး၊ *Photo by I.K.H.R.A.*

ကြေငြာလိုက်သည်။ တဆက်တည်းမှာပင် ဤအချိန်၌ ၎င်းတို့မှာလူထုကို ဆွဲဆောင်နိုင်စွမ်း ရှိနေကြသူများ ဖြစ်ကြောင်း၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံ ရင့်ကျက်သည့် လူဟောင်းများ ဖြစ်ကြပြီး ၎င်းတို့အတွက် အတိတ်နိမိတ်ကောင်းများလည်း ရှိနေကြောင်းပြောသည်။

ထိုစကားများ၏ အကျိုး သက်ရောက်မှုကား စစ်သား လေးငါး ခြောက်ဆယ်ခန့်မှာ မြန်ဆန်စွာ စုရုံးမိကြပြီး၊ သံလွင်မြစ် တဘက်ကမ်းကို အတူတကွ ဖြတ်ကူးကြရန် ပြင်ဆင်လိုက်ကြခြင်းပင် ဖြစ်လေသည်။ သူတို့၏ ဟန်ပန် သွင်ပြင်များ၌ သူတို့သည် မာနယ်ပလောသို့လည်း ချီတက်နိုင်ကြလိမ့်မည်ဟု ယုံကြည်နေကြကြောင်းနှင့် သူတို့၏ ဦးတည်ချက်များ အတိုင်း ဖြောင့်ဖြောင့်တန်းတန်း နမူနာပြ လုပ်ဆောင်တော့မည့် ပုံစံမျိုးကို ထင်ရှားစွာ တွေ့မြင်နေရသည်။ စေ့စပ် ညှိနှိုင်းပေးရေးအဖွဲ့ထံသို့ ရောက်လာသည့် ၎င်းတို့၏ ဦးတည်ချက်မှာပျောက်သွားပြီး လောလောဆယ် ပေါ်ပေါက်လာသည့် ဦးတည်ချက် အတိုင်း ထွက်ခွာရန် ပြင်ဆင်ကြသည်။

သူးမွဲထာ ဘုန်းတော်ကြီးကျောင်း၌ မူလကတည်းက ရှိနေခဲ့ကြသော ရဟန်းသံဃာတော် များထဲမှ အများစုသည် ကရင့်သွေးနှင့် ရဲဘော်များ ထိုသို့သွား ရောက်ကြမည့်ကိစ္စကို ဟန့်တား နှောက်ယှက်မှုများ ပြုကြသည်။ မသွားကြရန် တားဆီး ဖျောင်းဖျ ကြသည်။ သို့ရာတွင် ထို သံဃာတော် များ၏ အနူးအညွတ် တောင်းပန်မှုကို မည်သူကမျှ နားမထောင် ကြချေ။ ခွဲထွက်ရေးအဖွဲ့မှ တပ်စိတ် (၂) စိတ်သည်မြစ်ကို ကျော်ဖြတ်ကာ ပထမဆုံး စစ်ဆေးရေး ဂိတ်ရှိရာသို့ သွားခဲ့ကြသည်။ ဤနေရာတခွင်လုံးမှာ ကော်သူးလေ နယ်မြေဖြစ်သည်။ မာနယ်ပလောကို အဆင့်ဆင့်အထပ်ထပ် ကာကွယ်နေသော စစ်ဆေးရေး ဂိတ်များ ရှိနေသည်။

ပထမဦးဆုံး ဂိတ်၌ ကေအဲန်အယ်လ်အေမှ ရဲဘော် (၉)ဦး တာဝန်ယူ ထိန်းချုပ်ထားသည်။ ၎င်းတို့က တက်လာသောသူများကို ချက်ချင်းပင် အော်ဟစ် အမိန့်ပေး အကြောင်းကြားသည်။ ခွဲထွက်ရေးသမားများအား မိမိတို့ထံ ဆက်လက်ချဉ်းကပ်လာမှု မပြုရန် ကိုယ့်နေရာကိုယ် အေးဆေးစွာ ပြန်ကြရန် အော်ဟစ် တိုက်တွန်းသည်။ ပုန်ကန်သူများက ဆက်လက်တက်လာကြပြီး ကေအဲန်အယ်လ်အေ တပ်ဖွဲ့ကို ဝိုင်းပတ် ထားလိုက်ကြသည်။ ကေအဲန်ယူ အပေါ် သစ္စာစောင့်သိသော **K.N.L.A.** တပ်ဖွဲ့မှာ ဤအခြေအနေပေါ်တွင် မည်သို့ ဆက်လုပ်ရမည်ကို မသိနိုင်အောင် ဖြစ်သွားကြသည်။ နားလည်မှုလွဲမှားစွာ ခွဲထွက်သွားကြသူများ ဖြစ်သော်လည်း ကရင်အမျိုးသား ရဲဘော် ရဲဘက် အချင်းချင်းဖြစ်၍ ၎င်းတို့က မပစ်ခတ်လိုကြပေ။ ဗိုလ်ချုပ်ကြီးမြ ထုတ်ပြန်ထားသည့် အမိန့်သည်လည်း တည်နေဆဲပင် ဖြစ်လေသည်။ [(၇)ရက်နေ့က ပစ်ခတ်ခဲ့ကြခြင်းမှာ သူးမွဲထာကို ကာကွယ်နေသော တပ်များ ဘက်မှသာဖြစ်ပြီး တဦးတယောက်မျှပင် ထိခိုက် ဒါဏ်ရာရရှိခဲ့ကြောင်း မကြားခဲ့ရပေ။] ထို့ကြောင့် ***K.N.L.A.*** တပ်ဖွဲ့ကလေးသည် နောက်သို့ဆုတ်ရန် ကြိုးစားရလေသည်။ (၅)ဦးမှာ အောင်မြင်စွာ ဆုတ်ခွာလိုက်နိုင်ပြီး (၄)ဦးမှာမူ ခွဲထွက်အုပ်စု၏ ဖမ်းဆီးခြင်းကို ခံလိုက်ရသည်။ ခွဲထွက်ရဲဘော်အချို့က စစ်ဆေးရေးဂိတ်တွင် ရှိနေသော လက်နက် (၁၁)လက်ကို သိမ်းယူကာ ထိုရဲဘော် (၄) ဦးကို သူးမွဲထသို့ ခေါ်ဆောင်သွားသည်။

အလားအလာ ကောင်းသော ပထမဦးဆုံး အောင်မြင်မှုကြောင့် "ကရင့်သွေး" တို့အဖွဲ့မှာ ပို၍ စိတ်ဓါတ် တက်ကြွလာကြသည်။ တဘက်မှ အလျှော့ပေးခဲ့သောကြောင့်သာ ၎င်းတို့ အောင်မြင်ခဲ့ခြင်း ဖြစ်သည်ကို မသိဘား ဆိုးရွားစွာပင် ဒုတိယမြောက်ဂိတ်ကို ချီတက်ကြပြန်သည်။ ဒုတိယဂိတ်မှာ သာမန်ဂိတ် မဟုတ်ချေ၊ ခံပစ်ကတုတ်များဖြင့် ကောင်းမွန်စွာ ပြင်ဆင်ထားသည့် ကာကွယ်ရေး ခံစစ်ကြောင်းတခုဖြစ်သည်။ ကရင့်သွေးတို့အဖွဲ့တက်လာသည်ကို ဂိတ်မှ လှမ်း၍ တားမြစ်ရာ မရပ်မနားဘဲ ဆက်တက် လာသောကြောင့် ကာကွယ်ရေးတာဝန်ကျနေသော တပ်များက စတင်ပစ်ခတ်လိုက်သည်။

ပထမဂိတ်ကို ကျော်လာခဲ့ပြီး ဒုတိယ ဂိတ်သို့ပင် ချဉ်းကပ် နှောက်ယှက်မှုပြုလာသောကြောင့် မလွှဲမကင်းသာ ပစ်ခတ်လိုက်ရခြင်း ဖြစ်သည်။ ခွဲထွက်အုပ်စုမှ (၃) ဦး ချက်ချင်းပင် ကျသွားသည်။ ကျသွားကြသူများထဲတွင် "ကရင့်သွေး"လည်း

ပါဝင်လေသည်။ ခွဲထွက်သူများ တန့်သွားကြသည်။ "ကရင့်သွေး"၏ အလောင်းကို ဆွဲယူ ဆုတ်ခွာသွားကြသည်။ ကာကွယ်ရေးတပ်များက ချောက်လှန့် ပစ်ခတ်ရုံမှ လွဲ၍ ထပ်မံ ပစ်ခတ်ခြင်း မပြုကြတော့ချေ။ သို့ရာတွင် ထိုအဖြစ်များ၏ အကျိုးဆက်များအဖြစ် နံနက် (၁၀)နာရီခွဲ သာသာတွင် ပင် သူးမွဲထာရှိ ကာကွယ်ရေး တပ်များ၏ ပတ်ပတ်လည်သို့ အမြောက်ဖြင့် ထုရန် မာနယ်ပလောမှ ဆုံးဖြတ် ချက်ချလိုက်လေသည်။

ဤလုပ်ဆောင်ချက်မှာ သူးမွဲထာကို ဖရိုဖရဲ ကမောက်ကမ ဖြစ်စေသည်။ အထူးသဖြင့် ထိုသို့ အမြောက်ဖြင့် ပစ်ခတ်ခြင်းသည်၊ အကာအကွယ်မဲ့နေသော ရွာသားများအား လွယ်လင့်တကူပင် ထိမှန်စေနိုင်လေသည်။ လူနေရပ်ရွာနှင့် ဘုန်းတော်ကြီးကျောင်းဝင်းသို့ အချိန်မရွေး လာရောက် ထိမှန်နိုင်နေသော အခြေအနေ၊ ဘုန်းတော်ကြီးကျောင်း၏ ပတ်ဝန်းကျင် ဆင်ခြေဖုံး ဖြစ်သော တောအတွင်းသို့ရှောင်နေကြသည့် ရွာသား အစုအတွဲတချို့ ကံမကောင်း အကြောင်းမလှစွာ ဗုံးဆံထိမှန်သေဆုံးနေနိုင်သည့် အခြေအနေတွင် ဗိုလ်မှူးကြီး ထူးထူးလေးသည် တည်ငြိမ်နေ၏။

ရမ်ဘို ဆရာတော် အပါအဝင် ဗိုလ်မှူးကြီး ထူးထူးလေးနှင့် ကေအဲန်ယူမှ စေ့စပ် ဆွေးနွေး ပေးရေး အဖွဲ့တို့မှာ အကျဉ်းသားများကို ချုပ်နှောင်ထားသော အခန်းတခု၏ အပေါ်ထပ်ရှိ စတိုခန်းတွင် ထည့်သွင်းထားခြင်း ခံနေရသည်။

၁၀နာရီ မိနစ် ၄၀ခန့်တွင် ခွဲထွက်စစ်သား တအုပ်နှင့်အတူ ဦးပဥ္စင်း ဦးပညာသာမိ ရောက်လာသည်။ ဦးပညာသာမိမှာ ယခင်က အစွန်းမရောက်သော သင့်တင့်မျှတသည့် သဘောထားရှိသူဖြစ်ပြီး ပြေလည် သင့်မြတ်အောင် စေ့စပ်ဖြန်ဖြေရေးကို စိတ်အားထက်သန်ခဲ့သူ ဖြစ်သည်။ ယခုအချိန်တွင်မူ ဦးပဥ္စင်းသည် စကားပြောစက် တလုံးနှင့် ပစ္စတိုသေနတ် တလက်ကို ဆောင်လာခဲ့ပြီ ဖြစ်လေသည်။ ဒု ဗိုလ်မှူးကြီးဂျော်နီကို သေနတ်ဖြင့် ချိန်ရွယ်လိုက်ပြီး အမြောက်ဖြင့် ပစ်ခတ် တိုက်ခိုက်ခြင်းများအတွက် ၎င်းအား မိမိသတ်ရမည် ဖြစ် ကြောင်း ပြောဆိုသည်။ မည်သူ တဦးတယောက်မျှ စကားမပြောကြဘဲ ဒု ဗိုလ်မှူးကြီး ဂျော်နီအား ပစ္စတိုဖြင့် ချိန်ရွယ်ထားသည့် ဦးပဥ္စင်းကို ကြည့်နေကြသည်။ ထို့နောက်တွင်တော့ ဦးပဥ္စင်းသည်ဘေးဘီကို အကဲခတ်အပြီး သူ၏ ပြုမူ ပြောဆိုလိုက်မှုများအတွက် အလွန်အမင်း ရှက်ရွံ့သွားဟန်ဖြစ်ပေါ်လာကာ အလျင်အမြန်ပင် ပြန်ထွက် သွားလေသည်။

၁၀နာရီ မိနစ် ၅၀ခန့်တွင် ပထမဆုံး စစ်ဆေးရေး ဂိတ်မှ ဖမ်းလာသည့် ကေအဲန်အယ်အေ ရဲဘော် (၄)ဦးကို ဗိုလ်မှူးကြီးထူးထူးလေးတို့အား ချုပ်နှောင်ထားသော စတိုခမ်း အောက်မှ ခါးစာခံများ ထားရှိရာ မြေတိုက်ခန်းသို့ လာရောက် ထည့်သွင်းကြသည်။

ဗိုလ်မှူးကြီး ထူးထူးလေး၊ ပဒိုမန်းရှာလားဖန်နှင့် ဒု ဗိုလ်မှူးကြီး ဂျော်နီတို့က ဤအခန်း၏ လုံခြုံရေး အခြေအနေမှာ များစွာ အားနည်းလှကြောင်း သိရှိကြပြီး ၎င်းတို့၏ အောက်ထပ်မှ အကျဉ်းချခံနေရသူများကို ဖြေလွှတ်ပေးနိုင်ရေးနှင့် သူတို့နှင့်အတူ ချိုးဖောက်လွတ်မြောက်နိုင်ရေး ကြိုးပမ်းဘို့ရန် ကြံစည်ကြသည်။ သို့ရာတွင် အကြောင်းကြောင်း ပေါ်တွင် ထောက်ထားလျက် နောက်ထပ် မီးတမီး ထတောက်စေမည့် အခြေအနေကို ၎င်းတို့ မရွေးချယ် ဖြစ်ကြတော့ပေ။

## ဦးပညာသာမိ။

၁၁ နာရီ ၁၀ မိနစ်တွင် စစ်သားများ ရောက်လာကြပြန်သည်။ ဤအကြိမ်တွင်မူ ဦးပဥ္စင်း ပါမလာ တော့ချေ။ ဗိုလ်မှူးကြီး ထူးထူးလေးတို့အား ၎င်းတို့ သတ်ကြတော့မည် ဖြစ်ကြောင်း စစ်သားများက ပြောဆိုအသိပေးသည်။ ထို့နောက် ဗိုလ်မှူးကြီး ထူးထူးလေးတို့ထံမှ နာရီများ အပါအဝင် အလိုရှိသမျှ နှိုက်ယူ ဖြုတ်ယူကာ ပြန်ထွက်သွားကြသည်။ ဗိုလ်မှူးကြီး ထူးထူးလေးတို့မှာ တုန်လှုပ်မှု မရှိစွာဖြင့် ထို အုပ်စုကို ကြည့်နေခဲ့ကြပြီး ၎င်းတို့အား သတ် မိန့်ပေးမှု ပေါ်ထွက်အလာကိုသာ စောင့်နေ ကြလေသည်။

မွန်းလွဲ ၂နာရီ ၃၀ မိနစ်ခန့်တွင် ထိုစစ်သွေးကြွ အုပ်စုများ ပြန်ရောက်လာကြသည်။ ပဒိုမန်းရှာနှင့် ပဒိုစံလှိုင်ကို့အား နေ့လည် ၁၂ နာရီခန့်ကပင် ခရစ်ယာန်ဘာသာဝင် ခေါင်းဆောင်များ၏ အုပ်စုအတွင်းမှ ခွဲထုတ် ခေါ်ယူသွားလိုက်ကြပြီး ဖြစ်သည်။ သုံးဦးသာကျန်သည်။ ဗိုလ်မှူးကြီးထူးထူးလေး၊ ဗိုလ်ချုပ် မောင်မောင်နှင့် ဒု ဗိုလ်မှူးကြီး ဂျော်နီ။ ***(Rambo)*** ရမ်ဘို ဆရာတော်မှာမူ လျစ်လျူရှုခြင်းခံရသူ ဖြစ်သည်။ ဗိုလ်မှူးကြီး ကို့အား လက်ထိပ် နောက်ပြန်ခတ်ခြင်း၊ လက်ပြန်ကြိုးတုတ်ခြင်းများကိုပြုလုပ်ပြီး အပြင်သို့ ဆွဲထုတ်သွားကြသည်။ ဆယ်ကျော်သက်ရွယ် လူငယ်တဦးသည် ဗိုလ်မှူးကြီး ထူးထူးလေးကို မြင်သည်နှင့် ပြေးတက်လာပြီး ပစ်ကန်ထည့်လိုက်သည်။

ဗိုလ်မှူးကြီးတို့ (၃)ဦးအား မြစ်ကမ်းနဘေး၊ ဖရပ်သဖွယ် [illegible] နေသော တဲငယ်ကလေး တလုံးစီသို့ ခေါ်



*Photo by I.K.H.R.A.*

အင့်မြစ်ဦးညွှတ်ရေးအတွက် ကြိုးစမ်းခဲ့သူတဦး ဖြစ်သော မန်းရှာလားဖန်း။

သွားကြသည်။ ထိုနေရာတွင် ကရင့်သွေး၏ ရုပ်အလောင်းအား သရဏဂုံ တင်နေသော ဦးပညာသာမိကို တွေ့ရသည်။ လက်နက်ကြီးများကြိုးကြား ကြိုးကြား ပစ်ခတ်နေဆဲဖြစ်ပြီး ဗုံးဆံများမှာ ဘုန်းတော်ကြီးကျောင်းဝင်း၏ ဆင်ခြေဖုံး တဝိုက် ဆက်လက် ကျရောက် နေပေသေးသည်။

ဖြစ်ပွားခဲ့သည့် အရေးကိစ္စအပေါ် ငြိမ်းချမ်းစွာ ပြေလည်မှု ရရှိစေရေးအတွက် မိမိတို့အတတ်နိုင်ဆုံး အားထုတ်ဆောင်ရွက်ခဲ့ကြကြောင်း ဗိုလ်မှူးကြီးတို့က ပြောကြားနေစဉ်မှာပင် အရာခံ ဗိုလ်ကျော်သန်းရောက်လာသည်။ ကရင့်သွေးအပါအဝင် ရဲဘော်များအား သတ်ဖြတ်မှုများနှင့် အမြောက်ဖြင့် ပစ်ခတ်မှုများအတွက် ဗိုလ်မှူးကြီးတို့ လူစုအား အပြစ်ဖို့သည်။

ဗိုလ်မှူးကြီးထူးထူးလေးက ဤအမှားအယွင်းများအတွက် မိမိတို့၌သာ တာဝန်ရှိသည် မဟုတ်။ သူးမွဲထမှာ ရှိနေကြသူများ အားလုံးပင် တာဝန် မကင်းကြောင်း၊ ဤအခြေအနေမျိုးမှ နေ၍ ဆိုးဝါးသော အကျိုးဆက်များ ဆက်လက်ဖြစ်ပွားမလာစေရန်အတွက် လုံလောက်သည့် သတိပေးချက်အနေဖြင့် ပစ်ခတ်နေခြင်းသာ ဖြစ်ကြောင်း၊ ဤအဖြစ်များမှာလည်း တဘက်နှင့် တဘက် နားလည်မှုလွဲမှားခြင်းကြောင့်သာဖြစ်ပြီး မိမိတို့ အနေဖြင့် အမြင်ရှင်းဘို့ရန် လိုအပ်ကြောင်း ပြန်လည် ခွန်းတုန့် ပြောကြားလေသည်။

အရာခံဗိုလ်ကျော်သန်း ၎င်းတို့အနားမှ ထွက်ခွာသွားသည့် အခါတွင် ဦးပဠင်း ဦးပညာသာမိက ၎င်းတို့အား သတ်မည်ဟု ကြိမ်းမောင်း ခြိမ်းခြောက်လာပြန်သည်။ သို့ရာတွင် ခြိမ်းခြောက်နေသော သူကိုယ်တိုင်မှာ ထိတ်လန့် ကြောက်ရွံ့ နေဟန်ရှိပြီး မည်သို့မျှလည်း လုပ်မလာခဲ့ချေ။ ထို့နောက်တွင်တော့ ဗိုလ်မှူးကြီးထူးထူးလေးတို့အား စတိုခမ်းသို့ ပြန်၍ ပို့လိုက်ကြသည်။

ညနေပိုင်းတွင် တံခါးဝ၌ဦးပညာသာမိ ပေါ်လာပြန်သည်။ ဦးပဠင်းသည် လွှန်ခဲ့သော မွှန်းလွဲပိုင်းကနှင့် မတူဘဲ သိသာထင်ရှားစွာ ကွဲပြားခြားနား သွားသော လေသံဖြင့် မေတ္တာရပ်ခံ မြွက်ကြားလာသည်။ မိမိတို့အားလုံး အပေါ်ထပ်သို့ တက်ကြပြီး အတူတကွ စကားပြောကြမည် ဖြစ်ကြောင်း အရပ်သားလူထုထံမှ ထုတ်ဖော်ပြောကြားလာမှုနှင့် ပတ်သက်ပြီး မိမိတို့ ထပ်မံ၍ ပြေပြစ်စွာ ဆွေးနွေးပြောဆိုလိုကြောင်း မိန့်ကြားလေသည်။

အချိန်အနည်းငယ်အတွင်း မှာပင် ဒု ဗိုလ်မှူးကြီး ရျော်နီက မာနယ်ပလောသို့ ကြေးနန်း အဆက်အသွယ်လုပ်သည်။ နောက်ထပ် ပစ်ခတ်မှုများ မပြုလုပ်ရန်အလို့ငှာ ဆက်သွယ်လိုက်ခြင်း ဖြစ်ပြီး မိမိတို့အနေဖြင့် ဇေ့စပ် ဆွေးနွေးမှုများကို ဆက်လက် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သတင်းပို့ အကြောင်းကြားလိုက်သည်။

ထိုနေ့ တနေ့အတွင်း သူးမွဲထာသို့ ပစ်ခတ်လိုက်သည့် အမြောက်ကျည်စုစုပေါင်းမှာ (၅၃)လုံး ဖြစ်သည်။ အရပ်သားတဦးသေဆုံးပြီး၊ သုံးဦး ဒဏ်ရာ ပြင်းထန်သည်။ [ထိုသုံးဦးကို မယ်စရင်းဆေးရုံသို့ ပို့ပေးခဲ့ သည်။ မပြောပလောက်သော ထိခိုက်ဒဏ်ရာရသူ အနည်းအကျဉ်းမျှ ရှိခဲ့ကြောင်းလည်း နောက်ပိုင်းသတင်းများအရ သိရလေသည်။ ] ထိုညဥ့် ပြင်းထန်သည့် စစ်သွေးကြွ အုပ်စုများဟူ၍ သက်သေ အထောက်အထားပြစရာ အနည်းငယ်မျှပင် မတွေ့ရှိရတော့ချေ။

(မှတ်ချက်။ ။ ၁၉၉၅ခု ဇန္နဝါရီလ(၉)ရက်နေ့တွင် ထုတ်ပြန် ဖြန့်ဝေသော တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားများ အစည်းအရုံး၏ ကြေငြာချက်အမှတ် ၂ / ၉၅ အပိုဒ် (၅)၌၊ ထိုနေ့က သူးမွဲထာသို့ ၇၅ မမနှင့် စိန်ပြောင်းများဖြင့် (၅၈)ချက်ပစ်ခတ်ခဲ့ကြောင်း၊ ဖာပွန်မှ ကျောင်းဆရာတဦး သေဆုံးပြီး မိန်းခလေးငယ်တဦး ဒါဏ်ရာ ရရှိခဲ့ကြောင်း ဖော်ပြထားသည်။ အမှန်မှာ (၅၃)ချက်သာ ဖြစ်သည်။ လက်ရေးဖြင့်ရေးထားသော ဝါဒဖြန့်ချိရေးကြေငြာချက်ကို ရိုက်နှိပ်ရာတွင် အင်္ဂလိပ်ဂဏန်း (၅၃) ကို (၅၈)ဟုထင်ပြီး မြန်မာဂဏန်းဖြင့် စာရိုက်မှားသွားခဲ့ခြင်းပင် ဖြစ်လေသည်။ မည်သို့ပင်ဆိုစေ (၅၃)ဆိုသည့် ထိုအရေအတွက်သည်လည်း မနည်းလှပေ။

ဘာသာရေး ကိစ္စကို ခုတုံးလုပ်ကာ ကေအဲန်ယူ အဖွဲ့အစည်းအား ဆန့်ကျင်မှုတစထက်တစ ဆိုးဝါးလာသည့် အပေါ် ကေအဲန်ယူ အဖွဲ့အစည်းမှ သတိပေးပစ်ခတ်စေခဲ့သည့် ကိစ္စမှာ ဗိုလ်မှူးကြီးထူးထူးလေး ပြောသကဲ့သို့ပင် တဦး တယောက်တည်း၏ တာဝန် မဟုတ်ချေ။ ကျောင်းဆရာတဦး သေဆုံးပြီး မိန်းကလေးငယ်တဦး ထိမှန်ဒဏ်ရာ ရရှိသွားသည် ဆိုခြင်းမှာမူ စိတ်ထိခိုက်ဘွယ် ဖြစ်သော်လည်း ထိုမျှလောက်သာ ထိခိုက်မှု ရှိခဲ့သည့်အတွက် ရှာကြံ ဖြေသိမ့်ရမည်ဖြစ်ပေသည်။

ထိုအပိုဒ် (၅)တွင်ပင် ဖော်ပြထားသော ဖားမီး ကျဆုံးသည့် အကြောင်းကိစ္စမှာမူ လုပ်ကြံလီဆယ်ထားခြင်းသာ ဖြစ်လေသည်။ ထိုကြေငြာချက်၌ "(၁၁၊ ၁၂၊ ၉၄) ရက်နေ့တွင် ကေအဲန်ယူမှ ဗိုလ်ချုပ်မောင်မောင်၊ ဗိုလ်မှူးကြီးထူးထူးလေးတို့မှ အရေးအခင်း အတွက် ဆွေးနွေးမည့်နေရာတွင် ကေအဲန်ယူ လက်နက်ကိုင်များ မထားရှိပါဟု ပြောသည့်အတွက် ဦးပညာသာမိနှင့် တကကက ဖားမီးတို့မှ ၎င်းတို့ထံ သွားရောက် ညှိနှိုင်းကြပြီး အပြန်တွင် ကေအဲန်ယူအဖွဲ့ရှိ ဗုဒ္ဓဘာသာဝင် ရဲဘော် (၇)ဦးမှ ဘာသာတူချင်း မတိုက်လို၍ ဦးပညာသာမိနောက်သို့ ပြန်လိုက်လာခဲ့ရာ လမ်းတဝက်အရောက်တွင် ခရစ်ယာန်အဖွဲ့မှ ပစ်ခတ်သဖြင့် ဖားမီးတို့နှင့် ရဲဘော်တဦး ကျဆုံးပြီး နှစ်ဦး ဒဏ်ရာ ရရှိခဲ့ပါသည်" ဟု ဖော်ပြထားသည်။

၎င်းကြေငြာချက်မှာ ***D.K.B.A. (Democratic Kayin Buddhist Organization.)*** တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားများ အစည်းအရုံး ဖွဲ့စည်းပြီးသည့်နောက် သီတင်းပတ်အနည်းငယ် အကြာတွင်မှ ပေါ်ပေါက်လာ

သော ကြေငြာချက်ဖြစ်သည်။ ထိုအချိန်တွင် ခွဲထွက်သောအဖွဲ့သည် နဝတ အုပ်စုနှင့် လုံးလုံးလျားလျား ပူးပေါင်းမိသွားကြပြီဖြစ်ပြီး၊ နဝတ အုပ်စု၏ ကူညီထောက်ပံ့ခံ၊ ဩဇာခံဘဝသို့လုံးဝ ကျရောက်သွားခဲ့ပြီ ဖြစ်သည်။ နဝတ ၏ ဦးဆောင်မှုအောက်တွင် ထုတ်ပြန်သော ထိုကြေငြာချက်၌ နဝတ၏ ကလိမ်ဉာဏ်ဆင်မှုများနှင့် မဆလ၊ နဝတ အသုံးအနှုန်းများဖြင့်သာ ပြည့်နှက်နေပေသည်။ ပုံစံအားဖြင့် တကကဟူသော အသုံးအနှုန်း။ 'တပ်ကြပ်ကြီး'ဟုအခိပ္ပါယ်ရသည့် ထိုအတိုကောက် (ဗျည်းသက်သက်) အခေါ်အဝေါ်ကို ကေအဲန်ယူမှ ရဲဘော်များ သုံးနှုန်းလေ့ မရှိချေ။

ဗုဒ္ဓဘာသာ ရဲဘော် (၇)ဦးဟု ဆိုရာတွင်လည်း အမှန်မှာ (၇)ဦးမဟုတ်။ (၄)ဦးသာဖြစ်သည်။ ဝါဒဖြန့်ချိရေး ဗမာစာစဲတွင် အင်္ဂလိပ်ဂဏန်းဖြင့် ရေးထားသည့်အပေါ် နဝတ မှ စာရိုက်သော ပုဂ္ဂိုလ် မသဲကွဲခဲ့ ခြင်းသာ ဖြစ်သည်။ ထို့ပြင် "ဗုဒ္ဓဘာသာဝင် ရဲဘော် (၇)ဦးမှ ဘာသာတူချင်း မတိုက်လို၍" ဟူသော စကားလုံးများနှင့် 'ခရစ်ယာန်အဖွဲ့မှ ပစ်ခတ်သဖြင့်' ဟူသော စကားလုံးများမှာ ဘာသာရေး အဓိကရုဏ်း ဖြစ်စေရန် နဝတ အုပ်စုက တမင်ရွေးချယ် ထည့်သွင်းထားမှန်း သိသာလွန်းနေသော စကားလုံးများ ဖြစ်သည်။ ခွဲထွက်အဖွဲ့၏ ဖမ်းဆီးခံရသော ရဲဘော် (၄)ဦးသည်၎င်း၊ ဒုတိယ ဂိတ်မှ ပစ်ခတ်ကြသော ရဲဘော် များသည်၎င်း၊ မည်သည့် ဘာသာကို ကိုးကွယ်ကြကြောင်းပင် ၎င်းတို့တပ်အပ် သေချာစွာ မသိရှိကြသော်လည်း သွေးထိုး လှုံ့ဆော်သည့် အနေဖြင့် ရေးလိုက်ခြင်းသာ ဖြစ်လေသည်။ ဖော်ပြပါ ကြေငြာချက် အပိုဒ် (၈)ခုစလုံးမှာ လိမ်ဉာဏ် ဆင်ခဲ့ခြင်းများသာဖြစ်ပြီး အဖြစ်မှန်မှာမူ ဤမှတ်ချက် အထက်က တင်ပြခဲ့သည့် အတိုင်းသာ ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် သိရှိခဲ့ရပေသည်။ အခင်းဖြစ်ပွားချိန်က ဦးပညာသာမိမှာ ဘုန်းတော်ကြီး ကျောင်း၌ပင် ရှိနေခဲ့သည်။ သွေးထိုး လှုံ့ဆော်ထားချက်၌ "ဦးပညာသာမိနှင့်ဖားမီးတို့မှ" ဟူသော စာလုံးတွင် 'တို့'သည် ဗဟုဝုစ် ဖြစ်နေပြီး 'ဖားမီးတို့နှင့် ရဲဘော်တဦးကျဆုံးပြီး' ဟု ဆိုလိုက်ရာတွင်မူ 'ဖားမီးတို့' ဟူသည်မှာ အမည်ဖြစ်နေသည်။ ထို့ကြောင့် ထိုကြေငြာချက်ကို ရေးသားသူမှာ ဖားမီးကိုပင် သိရှိသူမဟုတ်ဘဲ၊ လေသံကြားတရားနာကာ ကမ္မန်းကတ္တန်း မှတ်ချက်တိုများ ရေးလျက် အကွက်ဆင် ပေးခဲ့သော နဝတ သာလျှင် ဖြစ်ကြောင်း ထင်ရှားသွားလေသည်။ )

## သူးမွဲထာ၊ မြိုင်ကြီးငူနှင့် ကမမောင်း။

ဒီဇင်ဘာ (၁၁)ရက်နေ့ သူးမွဲထ၌ ဖားမီးနှင့် စစ်သွေးကြွ ရဲဘော်တစု၏ တဆင့်ကဲ လုပ်ဆောင်လာမှုများကြောင့် ပစ်ခတ်သတိပေးမှုများ ခံနေရချိန်၊ ဗိုလ်ချုပ် မောင်မောင်၊ ဗိုလ်မှူးကြီး ထူးထူးလေးနှင့် ဒုဗိုလ်မှူးကြီး ဂျော်နီတို့အား သတ်ဖြတ်လုနီးပါး အခြေအနေသို့ ရောက်ရှိခဲ့ချိန်တွင်၊ မြိုင်ကြီးငူနှင့် ကမမောင်းတို့၌ အလုပ်ရှုပ်နေကြပုံကို ထိုနေ့ နဝတ ကြေးနန်း သတင်း အချုပ်အရ သိရှိရသည်။

ရှေ့တန်း တပ်မဌာနချုပ် (၃၃)၏ ဒီဇင်ဘာ (၁၁) သတင်းအချုပ် (မူရင်း) တွင် အောက်ပါအတိုင်း တွေ့ရလေသည်။

ဒီဇင်ဘာ (၁၁)။ ရသတင်း။

တစ်။ ။သုမွဲထရှိ ဗုဒ္ဓဘာသာအဖွဲ့မှ သောင်းကျန်းသူ အရာရှိ မောင်ကြည်သည် ***101100*** ချိန် မြိုင်ကြီးငူသို့ ရောက်ရှိလာပြီး တောင်တန်းသာသနာပြု ဥက္ကဋ္ဌ ဦးနာရိန္ဒနှင့် တွေ့ဆုံခဲ့ကြောင်း၊ ၎င်း၏ ပြောပြချက်အရ သုမွဲထတွင် ခရိယာန် ခေါင်းဆောင်(၁၄)ဦး ဖမ်းထားရာ(၈)ဦးအား သတ်လိုက်ပြီဖြစ်ကြောင်း၊ ကျန် အဖွဲ့များပါ ရှင်းလင်းရန်အတွက် ဆရာ တော်များထံမှ ဆန္ဒတောင်းခံနေကြောင်း။

နှစ်။ ။ ဆရာတော်ဦးနာရိန္ဒမှ၊ ဖမ်းထားသူများထဲမှ *K.N.U.* သကသ ဗိုလ်ချုပ် မောင်မောင်နှင့် နို့ဖြူဘုန်းကြီး ဦးဝိဇာနတို့အား မိမိတပ်ကို အပ်နှံ၍ ကျန် အဖွဲ့များကိုမူ အများသဘောအတိုင်း ဆောင်ရွက်ရန် မိန့်ကြားခဲ့ကြောင်း၊ မောင်ကြည်သည် ***1400*** အချိန်ခန့်တွင် မြိုင်ကြီးငူမှ သုမွဲထသို့ ပြန်လည်ထွက်ခွာသွား။

သုံး။ ။ ဆရာတော် ဦးနာရိန္ဒသည် ***111500*** ချိန် မြိုင်ကြီးငူမှ ကမမောင်း သို့ ရောက်ရှိလာပြီး ကေအဲန်ယူ သကသ ဗိုလ်ချုပ်မောင်မောင်၊ နို့ဖြူဘုန်းကြီး ဦးဝိဇာနအား မိမိတပ်သို့ ပေးအပ်မည်ဖြစ်ကြောင်း မြိုင်ကြီးငူသို့ခေါ်ဆောင်လာရန်၊ လမ်းခရီး အနှောက်အယှက်မပေးရန်၊ အပ်နှံပြီးက သတ်ပစ်ခြင်းမပြုရန် အာမခံစေလိုကြောင်း၊ ၂ – ၃ ရက်ခန့်အတွင်း ရောက်ရှိလာမည်ဖြစ်ကြောင်း ပြောကြား။

နဗဟ ၃၃၂မှ ရတ ၃၃ သို့တင်ပြချက်။

တစ်။ ။ ဖားအံတောင်တန်း ဆရာတော် ဦးနာရိန္ဒမှ သုမွဲထဘက်တွင် ၎င်းတို့ဖမ်းထားသောဗိုလ်ချုပ်မောင်မောင် အား မြိုင်ကြီးငူသို့ ခေါ်လာမည်ဖြစ်။ မြိုင်ကြီးငူ ဆရာတော်နှင့် ဆွေးနွေးပြီးက မောင်မောင်အား မိမိတပ်လက်သို့ အပ်နှံမည်ဟုပြော။

နှစ်။ ။ လမ်းတွင်မိမိတပ်မှ မနှောက်ယှက်ရန်နှင့် ယင်းအားမိမိတပ်မှ မသတ်ဟု အာမခံရမည် ဖြစ်ကြောင်း ဆရာတော်မှပြော။

သုံး။ ။ ခွင့်ပြု လိုက်မည်ဖြစ်ကြောင်း အထက်သို့ တင်ပြပေးပါရန်။
(မှတ်ချက်– အထက်မှ ခွင့်ပြုသည်။)

ရတ ၃၃ မှ ၃၃၂ သို့။

တင်ပြသည့်အကြောင်းရင်းနှင့် စပ်လျဉ်း၍ခွင့်ပြုမည်။

ဗိုလ်ချုပ် မောင်မောင်အား လမ်းတွင်မနှောက်ယှက်ပါ။ ဆွေးနွေးပြီးလျှင် မိမိတပ်သို့ အပ်ဖို့ဘဲ လိုကြောင်း ဆရာတော်အား ပြန်လည်ပြောကြားရန်–
***111800***။

(မှတ်ချက်။ ။ သတ်ပုံနှင့် အသုံးအနှုန်းများကအစ မပြင်ဆင်ဘဲ ဖော်ပြထားခြင်း ဖြစ်သည်။)

ထိုကြေးနန်းသတင်း (၃)ခုမှာ ဆက်တိုက် မဟုတ်ဘဲ၊ တခုနှင့် တခု အကြားတွင် အခြားသတင်းများလည်း ပါရှိသည်။ ထိုသတင်းများ၌ ဒေသတွင်းမှ န ဝ တ တပ်များ စစ်ဆင်ရေး အရွေ့ အပြောင်း လုပ်သည့် အစီအစဉ်များကို တွေ့ရှိ ရသည်။

နဗဟ (နည်းဗျူဟာ) ၃၃၃ နှင့် ရတမ ၁၁၆ သည် နဗဟ ၃၃၂၊ ရတလ ၇၆ တို့နှင့် စဆရ (စစ်ဆင်ရေး) လဲလှယ်ရန် ဒီ– ၁၁ ရက် နေ့တွင် ကမမောင်းသို့ ရောက်မည်။ လမ်းကြောင်း အထောက်အကူပြု လခရ (လုံခြုံရေး) တပ်ချင်း မမှားရေးနှင့် ဆုံရပ်သတ်မှတ်၍ ညှိနှိုင်း ဆောင်ရွက်သွားရန်။ နဗဟ မှူး ဗိုလ်မှူးကြီး သိန်းအောင် ဦးစီး နဗဟ ၃၃၃ သည် ကတိုင်တိသို့ ရောက်ပါက မှူးကြီး သိန်းအောင်သည် နဗဟ မှ ဦးစီးအရာရှိ တဦးနှင့်အတူ ကတိုင်တိတွင် အခပ (အခြေပြု) ရန်။ နဗဟ ၃၃၃မှ ကျန်ဦးစီး အရာရှိတဦး ဦးစီး –နဗဟ ဦးစီး အဖွဲ့နှင့် နဗဟ တွဲဖက်တပ်ဖွဲ့များသည် သာလွန်သို့ ဆက်လက်ချီတက်ပြီး နဗဟ ၃၃၂နှင့် တာဝန်လဲလှယ်ရန်။ ယာယီ နဗဟ မှူး ဒုမှူးကြီး ရွှေမြိုင်သည် နဗဟ ၃၃၂နှင့်၊ ဦးစီး အရာရှိ တဦးနှင့် သာလွန်သို့ ရောက် ရှိလာသည့် နဗဟ ဦးစီးအဖွဲ့. တွဲဖက် တပ်ဖွဲ့များ နှင့်အတူ သာလွန်တွင် ဆက်လက် အခပ ရန်။ နမဟ ၃၃၂ ဦးစီးအဖွဲ့များ ပြန်လည်ဖွဲ့စည်းလေ့ကျင့်ရန်အတွက် သာလွန်မှ သထုံသို့ချီတက်ရန် –– စသည့် စီစဉ်ညွှန်ကြားချက်များ ဖြစ်သည်။)

သူးမွဲထာ၌ ဒီဇင်ဘာ (၁၁)ရက်နေ့ ဖြစ်ပွားသော အရေးကိစ္စနှင့် ပတ်သက်၍ နဝတ ၏ ဒီဇင်ဘာ (၁၂)ရက်နေ့ ကြေးနန်းတခုတွင် ဤသို့တွေ့ရှိရသည်။

"ကရင်အကြမ်းဘက် သကာသ ဗဟိုတွင် အချင်းချင်း အပြန်အလှန် ပစ်ခတ်မှုဖြစ်ပြီး သံလွင်မြစ်ကြောင်း အတွင်းသွားလာမှုများကို ပိတ်ထားသဖြင့် အချို့အင်အားစုများသည် မယ်ညောမှတဆင့် ယွန်းစလင်း ချောင်းအတိုင်း ဆင်းလာနိုင်ကြောင်း သုံးသပ်ရ၊ ထိုသို့ဆင်းလာပါက ရွှေဖလားကျ တပိုက်တွင် ရတခ ၇၆ စက ၁ –၂ ခွဲဖြင့် တိုက်ခိုက်နိုင်ရေးအတွက် ယခုကန ရချိန်မှစ၍ ကတိုင်တိတွင် စုဖွဲ့ထားရန်။"

တော်လှန် စစ်ပင်ဖြစ်စေ၊ ကျူးကျော်ချေမှုန်းစစ်ပင်ဖြစ်စေ၊ တဘက်နှင့် တဘက် စစ်ပွဲဆင်နွှဲနေကြသောရန်သူများ အနေဖြင့် တဘက်၏ အားနည်း ချက်ကို တဘက်က အခွင့်ကောင်း ယူတတ်ကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ အုပ်စုတစုအတွင်း စည်းလုံးညီညွတ်မှုမရှိဘဲ အက်ကြောင်းထင်လာမည်၊ ကွာဟကွဲပြဲလာမည်ဆိုလျှင် ပြိုင်ဘက် အုပ်စုသည် မည်သည့်အခါကမျှ စေ့စပ်ပေးရိုး ထုံးစံမရှိချေ။ မိမိသိက္ခာကို ထိန်းသိမ်းသောအားဖြင့် ပြိုင်ဘက်၏အခြေအနေ ဆိုးဝါးမှုအပေါ် မီးလောင်ရာ လေပင့်မလုပ်ဘဲ လျစ်လျူရှုခဲ့သော ထိုင်း နိုင်ငံ အဖွဲ့အစည်းများမှာ အတော်ပင် နည်းပါးလေသည်။ များသောအားဖြင့် ပြိုင်ဘက်၏ အခြေအနေ ယိမ်းယိုင် ယိုယွင်းလာမှု၊ အက်ကြောင်းထင်လာမှုများအပေါ် မပြိုပြိုအောင်၊ မကွဲကွဲအောင်လုပ် မည်ဖြစ်ပြီး ကွဲပြဲစပြုလာသော အုပ်စု၏ တဘက်ဘက်သို့ အကူအညီပေး သိမ်းသွင်းကာ၊ ကျန်တဘက်ကို ကြေပြုန်း ပျက်စီးအောင် လုပ်ခဲ့ကြသည်မှာ ကမ္ဘာ့သမိုင်း အဆက်ဆက်၌ အထင်အရှား ရှိခဲ့ပြီး ဖြစ်လေသည်။

ဒီဇင်ဘာ (၁၂)ရက်နေ့ ရရှိသော နဝတ ၏ ကြေးနန်းသတင်းများတွင် ဒီဇင်ဘာ (၁၃)ရက်နေ့ ကစထ ၂မှူးနှင့် တပ်မမှူးသည် ရဟတ်ယာဉ်ဖြင့် သာလွန်မှ ဖာပွန်၊ ကမမောင်းတို့သို့ နေ့ချင်းပြန်လာရောက်မည်ဖြစ်၍ ရဟတ်ယာဉ်ကွင်း လုံခြုံရေးကို ၁၂ ရက်နေ့ ၁၈ နာရီ အပြီး ဆောင်ရွက်ရန် ညွှန်ကြားလိုက်သည့် သတင်းနှင့် တဆက်တည်း "ရတ ၃၃မှ နဗဟ ၃၃၂ အား မြိုင်ကြီးငူကျောင်း စားသောက်ရေးအတွက် ဆန်လိုအပ်မှုအခြေအနေ မေးမြန်းပြန်ကြားရန်၊ မော်လမြိုင်နှင့် ဖားအံရှိ မိမိ တို့အဖွဲ့များမှ ဆန်လှူမည်ဖြစ်ကြောင်း။ မြိုင်ကြီးငူကျောင်းမှ ကိုယ်စားလှယ်အဖွဲ့. ဖားအံ ရတ ၄၄ သို့ စေလွှတ်ပေးရေး ဆောင်ရွက်ရန်နှင့်၊ သုမ္မွဲထ နှင့် မာနယ်ပလော အခအနေများအား (ရန်ကုန်) မှ အထူးစိတ်ဝင်စား၍ အခအနေ စောင့်ကြည့်နေကြောင်း" များပါရှိလေ သည်။

ကေအဲန်ယူ အဖွဲ့အစည်းအတွင်း ပေါ်ပေါက်လာသည့် အရေးကိစ္စနှင့် ပတ်သက် ၍လည်း နဝတ ၏ သဘောထားကို ဒီဇင်ဘာ (၁၂)ရက်နေ့ ရရှိသော ညွှန်ကြားချက်များတွင် အောက်ပါအတိုင်း တွေ့ရှိရသည်။

တစ်။ ။ မာနယ်ပလောတွင် လက်ရှိဖြစ်ပေါ်နေသော အရေးအခင်းသည် ဗုဒ္ဓဘာသာဝင်နှင့် ခရိယာန်ဘာ သာဝင်တို့၏ ပဋိပက္ခသာဖြစ်။

နှစ်။ ။ မိမိတို့ ဗုဒ္ဓဘာသာဝင်ဘက်မှ ယခုအရေးအခင်းတွင် အရှုံးပေးလျှင် ဗုဒ္ဓဘာသာဝင် အနေဖြင့် တသက်လုံး အနိုင်ရရှိရန်နှင့် နာလံထူစရာ အကြောင်းမရှိ။

သုံး။ ။ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များ မိမိတပ်မတော်မှ ရပ်တည်တိုက်ခိုက်ပါ။ လိုအပ်သည်များကို အကူအညီပေးသွားမည်ဖြစ်။

လေး။ ။ ယခု အရေးအခင်းတွင် ဗုဒ္ဓဘာသာများဘက်မှ အနိုင်ရအောင်ပွဲ ဆောင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရန်နှင့် အထက်ပါ အချက်များအား ပတ်ဝန်းကျင်ရှိ ကျေးရွာလူကြီးများ၊ ရဟန်း သံဃာများအတွင်း ပျံ့နှံ့ စေရေး သွေးထိုး နိုးဆော်ခြင်း။

ငါး။ ။ ကွပ်ကဲမှု အောက်ရင်းများသို့လည်း ထပ်ဆင့်ညွှန်ကြားသွားရန်။

(၁)။ ။ မာနယ်ပလောတွင် ဖြစ်ပွားနေသော အခအနေ များအရ လိုအပ်သလိုတာဝန်ပေးနိုင်ရန်အတွက် နဗဟ ၃၃၃ နှင့် ရတမ ၁၁၆ သည် ကတိုင်တိသို့ ရောက်ရှိချိန်မှစ၍ စပြီး

အသင့် စုဖွဲ့ထားရန်။

(၂)။ ။ နဗဟ ၃၃၂ နှင့် နဗဟ ၃၃၃ လဲလှယ်ခြင်း ရတလ ၇၆ နှင့် ရတမ ၁၁၆ လဲလှယ်ခြင်းတို့အား ခေတ္တဆိုင်းထားရန် ညွှန်ကြားသည်။

## မောဟအဝိဇ္ဇာတရား၏ ဖုံးလွှမ်းပိတ်ဆို့မှုမှ။

သူးမွဲထာ၏ ဒီဇင်ဘာ (၁၂)ရက်နေ့မှာ အေးချမ်း တည်ငြိမ်သော နေ့သစ်ဖြစ်သည်။ စောစောပိုင်းက ပုန်ကန်ခဲ့ကြသူများမှာ ကေအဲန်အဲလ်အေနှင့် ကေအဲန်ဒီအို တို့မှ အမြဲတမ်း တပ်ဖွဲ့များအသွင်ဖြင့် ဘုန်းတော်ကြီး ကျောင်းတွင်းသို့ ပြန်လာကြသည်။ တဦးက ဗိုလ်မှူးကြီး ထူးထူးလေး၏နာရီကိုပြန်ပေးကာ ဝန်ချ တောင်းပန်သည်။

ဗိုလ်ချုပ် မောင်မောင် မာနယ်ပလောသို့ ပြန်ခွင့်ရသည်။ ၎င်းအား ဦးပညာသာမိက တာဝန်ခံရွေး ချယ်ခဲ့ခြင်းဖြစ်သည်။ အကယ်၍ ဗိုလ်ချုပ် မောင်မောင် ညနေ (၅)နာရီ ထိုးသည့်တိုင် ပြန်မရောက် ပါက ခွဲထွက် ပုန်ကန်သော စစ်သားများအနေဖြင့် မိမိအား သတ်ပစ်နိုင်ကြောင်း ဦးပညာသာမိက အာမခံခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဗိုလ်ချုပ်မောင်မောင်မှာ သတ်မှတ်ထားသည့် အချိန်ထိတိုင် ပြန်ရောက် မလာခဲ့ပေ။ အသက်အရွယ်ကြီးရင့်လာခါမှ ကိုယ်ရော စိတ်ပါ ထိခိုက်ပင်ပန်းမှုများစွာ ကြုံဆုံခဲ့ရသော ဗိုလ်ချုပ်မောင်မောင်သည် မာနယ်ပလောသို့ အရောက်တွင်ပင် ဖျားသွားသောကြောင့် ဖြစ်လေသည်။ သို့ဖြင့်မည်သူမျှ အသတ်မခံရတော့ပေ။

ဗိုလ်မှူးကြီး ထူးထူးလေးသည် ဘုန်းတော်ကြီးကျောင်းသို့ ပြန်ရောက်လာသော စစ်သားများထဲမှ အတော်များများနှင့် စကားပြောဆိုခွင့် ရခဲ့သည်။ ထိုအခါတွင်ပင် ယခင်အပတ်က ဖြစ်ပျက်ခဲ့သော ကိစ္စရပ်များ အားလုံး၏ အခြေခံ အရင်းအမြစ်ကို ရှာဖွေတွေ့ရှိလေသည်။ အခြေခံ အရင်းအမြစ်ကား ၎င်းတို့၏ မသိနားမလည်မှု ရိုးအမှုပင် ဖြစ်သည်။ ဤမသိနားမ လည်မှုများမှာ ယခင်အပတ် မတိုင်မီကတည်းက ရှိနေခဲ့ခြင်း ဖြစ်သည်။ လိမ်လည်လှည့်ဖြားမှုကို ရိုးအစွာ ခံရခြင်းကြောင့်သော်၎င်း၊ နောက်လိုက် ငယ်သားများအနေဖြင့် ၎င်းတို့၏ အထက်အရာရှိများက ညွှန်ကြားသည့်အတိုင်း ယုံမှားသံသယ ကင်းစွာဖြင့် လုပ်ဆောင်ရမည်ဟူသော လေ့နံ့ခါးထစ် သဘောထားကြောင့်သော်၎င်း ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်လေသည်။

အထက်အရာရှိ၏ ညွှန်ကြားချက်အတိုင်း လိုက်နာ လုပ်ဆောင်ရမည်ဆိုသည့် သဘောထားမှာ စစ်သားများတွင် ရှိသင့်ရှိထိုက်သော သဘောထားဖြစ်သော်လည်း၊ ၎င်းတို့၏ အထက်အရာရှိများ အဆင့်ဆင့် ကိုယ်၌က ဦးဆောင်ချုပ်ထိန်းနိုင်မှု စွမ်းရည် နည်းပါးသောအခါတွင် စည်းကမ်းပျက်သော မင်းမဲ့စရိုက် လက္ခဏာများသာ ဖြစ်ပေါ်လာခဲ့ရသည်။ အချို့မှာ ဗုဒ္ဓဘာသာကို အယူအစွဲပြင်းထန်သူများ မဟုတ်ချေ။ မိရိုး ဖလာကိုးကွယ်လာသော သာမန်ဗုဒ္ဓဘာသာဝင် အဆင့်မျှသာရှိသည်။ ဗုဒ္ဓတရားတော်၏ အနှစ်သာရကိုလည်း ကောင်းစွာ သဘောပေါက်ကြသူများ မဟုတ်။ အကောင်းအဆိုး အကြောင်းအကျိုးကို ဆင်ခြင်သတိဖြင့် ရှုမြင်သုံးသပ်ကာ ချင့်ချိန် လုပ်ဆောင် တတ်ကြသူများလည်း မဟုတ်ချေ။ မိမိတို့ မိရိုးဖလာ ကိုးကွယ်ခဲ့သော ဘာသာ သာသနာကို မိမိတို့၏ အဖွဲ့အစည်းက လျစ်လျူရှုခြင်း ခံရသည်၊ မိမိတို့အပေါ် ဘာသာရေးအရ ဖိနှိပ်ခြင်းကို ခံရသည်ဟူသော အပေါ်ယံကြော အမြင်ဖြင့်သာ လမ်းလွဲ လိုက်မိခဲ့ကြသူတွေ များလေသည်။ ဗိုလ်မှူးကြီးတို့ လူစု ကောင်းစွာ သဘောပေါက်သွားကြသည်။

ထိုနေ့၌ အရေးတကြီး အသည်းအသန် ကိစ္စတခုသည် စေ့စပ်ဆွေးနွေးရေးအဖွဲ့များ မသိလိုက်ရဘဲ ဖြစ်ပွားခဲ့သည်။ သူးမွဲထာအုပ်စုမှ ခေါင်းဆောင်အချို့သည် မြိုင်ကြီးငူ ဆရာတော်၏ ကျောင်းသို့ မနက်စောစောပိုင်း ကတည်းက ထွက်ခွာသွားခဲ့ခြင်းပင် ဖြစ်လေသည်။

## ကေအဲန်ယူနှင့် မဟာမိတ်များ၏ စေတနာ။

ဦးကောသညနှင့် ဦးပညာသာမိတို့ ဖြစ်စေချင်သော အစီအစဉ်များမှာ ဒီဇင်ဘာ (၁၃) ရက်နေ့တွင် စတင်အကောင် အထည် ပေါ်လာလေသည်။ ကေအဲန်ယူနှင့် ကေအဲန်အဲလ်အေတို့မှ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန် ခေါင်းဆောင်များ ပါဝင်လျက် လက်ရှိပြဿနာကို ညှိနှိုင်း ဖြေရှင်းရန်အလို့ငှာ သူးမွဲထမှ ဗုဒ္ဓဘာသာ ခေါင်းဆောင်များနှင့် တွေ့ဆုံစည်းဝေးပွဲ တခုပြုလုပ်ဘို့ ထိုပုဂ္ဂိုလ်များက ဆန္ဒရှိခဲ့သည်။ တရားမျှတမှုရှိစွာဖြင့် ငြိမ်းချမ်းပြေလည် စေရေးအတွက် ဦးတည်သည့် ကိစ္စဖြစ်သောကြောင့် မာနယ်ပလောမှ ခေါင်းဆောင် များကလည်း လှိုက်လှိုက် လှဲလှဲပင် သဘောတူကြသည်။ ထို့ကြောင့် ဆွေးနွေး ညှိနှိုင်းပွဲကို သံလွင်မြစ်၏ တဘက်ကမ်း ထိုင်းနိုင်ငံဘက်ခြမ်းတွင် ဒီဇင်ဘာ (၁၃)ရက်နေ့မှ စ၍ ပြုလုပ်ခဲ့သည်။

(၁၅)ရက်နေ့အထိ ဆွေးနွေးပွဲကို (၃)ကြိမ်ပြုလုပ်ခဲ့ရာတွင် (၂)ကြိမ်မှာ ထိုင်းဘက်ကမ်းတွင်ဖြစ်ပြီး (၁)ကြိမ်မှာ သူးမွဲထတွင်ဖြစ်သည်။ ဆွေးနွေးပွဲ၏ ပုံစံမှာ အတန်ငယ် ထူးခြားသည်။ သူးမွဲထာ ခွဲထွက်အုပ်စုနှင့် ကေအဲန်ယူ အဖွဲ့အစည်း၏ ဆွေးနွေးပွဲပုံစံမျိုးမဟုတ်။ ဘာသာရေးအရ ဖြစ်ပေါ်လာရသော ပြဿနာ အရပ်ရပ်အပေါ် နားလည်မှုရှိစွာဖြင့်၊ ဘာသာရေးအဖိနှိပ်ခံရသည်ဟူသော မကျေနပ်ချက် များ၊ ဘာသာရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များ၌ တရားနည်းလမ်း ကျစွာ အခွင့် အရေး ရလိုမှုများကို ပြေလည်စေရန် ဆွေးနွေး ညှိနှိုင်းသည့် ဘာသာရေး




အခြေခံသော ဆွေးနွေးပွဲဖြစ်သည်။

ဘာသာရေးအရ မကျေနပ်မှုကို ဖြေရှင်းရမည်မှာ အခြားသောအဖွဲ့အစည်းများနှင့် မဟုတ်ဘဲ မိခင် ကေအဲန်ယူအစည်းအရုံးမှ နားလည်မှု လွဲမှားစွာ ခွဲထွက်သွားကြသူများနှင့်သာ ဖြစ်လေရာ၊ ကေအဲန်ယူ တဖွဲ့တည်းသားချင်းကို ခွဲထွက်အဖွဲ့ဟူ၍ သဘောမထားဘဲ ကေအဲန်ယူကို ဘာသာရေးအရ မကျေနပ်ကြသော ဗုဒ္ဓဘာသာဝင်များ အဖြစ်သာ သဘောထားပြီး ကေအဲန်ယူနှင့် နှစ်ဦးနှစ်ဘက် အလျော့ပေး လိုက်လျော့မှု များ ပြုလုပ်ကာ ပြေလည်မှုရရှိအောင် ကြိုးပမ်းခြင်းသာ ဖြစ်လေသည်။

ထို့ကြောင့် ကေအဲန်ယူ၏ ကိုယ်စားလှယ်များနှင့် ဗုဒ္ဓဘာသာဝင်များ၏ ကိုယ်စားလှယ်များ ဆွေးနွေး ညှိနှိုင်းကြမည်ဖြစ်၍ ဗုဒ္ဓဘာသာဝင်များက ၎င်းတို့၏ အရေးကိစ္စအတွက် ဆွေးနွေးပေးကြမည့် ကိုယ်စားလှယ်များကို ၎င်းတို့ယုံကြည်စိတ်ချသူများထဲမှ စိတ်ကြိုက် ရွေးချယ်ခဲ့ရာ (၁) ဦးပညာသာမိ၊ (၂)ဦးကောသည၊ (၃) ပဒိုမန်းရှာ၊ (၄) ဒုဗိုလ်မှူးကြီး ဂျော်နီ၊ (၅) ဗိုလ်မှူးချုပ် ကျော်လင်း၊ (၆) ဗိုလ်မှူးကြီး ထူးထူးလေးနှင့် (၇) ဗိုလ် မောင်ချစ်တို့ ပါဝင်ခဲ့သည်။

ကေအဲန်ယူ၏ ကိုယ်စားလှယ်များအဖြစ် (၁) ဒုဗိုလ်ချုပ်ကြီး တာမလာဘော၊ (၂) ပဒိုဘသင်၊ (၃) ဒေါက်တာအမ်မာတာ၊ (၄) ပဒိုကော်စိုး၊ (၅) ဒုဗိုလ်မှူးကြီးရောဂျာ၊ (၆) ပဒို မန်းရင်စိန်၊ (၇) ပဒိုရီဂျင်နယ်ရွှေနှင့် (၈) ဒုဗိုလ်မှူးကြီး စိုးစိုးတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဗုဒ္ဓဘာသာဝင်များ၏ ကိုယ်စားလှယ်များအဖြစ် ဆောင်ရွက်သော ပုဂ္ဂိုလ်များတွင် ဦးပညာသာမိနှင့် ဦးကောသညတို့မှလွဲလျှင် ကျန်ပုဂ္ဂိုလ်များမှာ ကေအဲန်ယူ အစည်းအရုံးဝင်များပင် ဖြစ်ကြသောကြောင့် ကေအဲန်ယူတွေချည်း ဆွေးနွေးကြသော အကွက်ဆင် လုပ်ကြံမှုဟူ၍ ထင်မှတ်ဘွယ်ရာ ဖြစ်သည်။ အမှန်စင်စစ် ထိုဆွေးနွေးပွဲမျိုးမှာ လုပ်ကြံ လီဆယ်၍ မရချေ။ ကိုယ့် အချင်းချင်း၏ ပြဿနာ အရေးကိစ္စ ဖြစ်သောကြောင့် ပိုမို ဂရုတစိုက် ဆွေးနွေး ညှိနှိုင်းရသည်။ ကေအဲန်ယူဘက်မှ မိမိတို့ဖြစ်စေချင်သလို ဆွေးနွေးဆုံးဖြတ်လျှင် အခြေအနေ ပို၍ ဆိုးရွားနိုင်လေသည်။ ဗုဒ္ဓ ဘာသာဝင်များက ၎င်းတို့၏ အရေးကိစ္စကို ဆွေးနွေးပေးရန် ယုံကြည်စွာ အပ်နှံခြင်းခံရသော ကေအဲန်ယူ ခေါင်းဆောင်များမှာလည်း သမာသမတ် ကျစွာ ကျိုးကြောင်းခိုင်လုံစွာဖြင့် အောက်ခြေ ရဲဘော်များ၏ ဘာသာရေး အရမကျေနပ်မှုနှင့် ပတ်သက်သည့်အထွေထွေအရေးကိစ္စများ အပေါ်တွင် အလေးထား တင်ပြ ဆွေးနွေးကြရသည်။

နှစ်ဘက် ညှိနှိုင်း ဆွေးနွေးပွဲ တလျှောက်လုံး၌ မြစ်ဆုံ ဖြန့်ဖြေရေး ကော်မတီအပြင် မာနယ်ပလောရှိ ဒီမိုကရေစီရေး အင်အားစုများနှင့် အမျိုးသား လွတ်မြောက်ရေးအင်အားစု အချို့မှ မဟာမိတ်များလည်း တက်ရောက် ပါဝင်ခဲ့ကြသည်။ မဟာမိတ် အင်အားစုများမှာ ကေအဲန်ယူအဖွဲ့အစည်းအတွင်း မျှတငြိမ်းချမ်းစွာဖြင့် ပြဿနာများကို ဖြေရှင်းပြေလည်မှု ရရှိစေရေး၊ နဝတ အကြိုက် ကရင်အမျိုးသားထုအတွင်း မလိုလားအပ်သော သွေးကွဲမှု သွေးမြေကျမှုကြီး မဖြစ်ပေါ်လာစေရေး၊

အမျိုးသားချင်း စည်းလုံး ညီညွတ်မှုဖြင့် တော်လှန်ရေး တာဝန်များကို ဆက်လက် ထမ်းဆောင်သွားနိုင်ရေးတို့အတွက် တွန်းအားပေးသည့် အနေဖြင့် ပါဝင် ကြိုးပမ်းခဲ့ကြခြင်း ဖြစ်လေသည်။

ဒီဇင်ဘာ (၁၃)ရက်နေ့မှစ၍ နှစ်ဘက် ကိုယ်စားလှယ်များ အကျေအလည် ညှိနှိုင်း ဆွေးနွေးခဲ့ကြရာ ဒီဇင်ဘာ (၁၅) ရက်နေ့တွင် ပဏာမ သဘောတူညီချက်များကို ချမှတ် နိုင်ခဲ့ကြသည်။ ပဏာမ သဘော တူညီချက် (၅)ရပ် ရှိသည်။

(၁) ဗုဒ္ဓဘာသာကို ကိုယ်စား ပြုသည့် ကော်မတီတရပ် ဖွဲ့စည်းခွင့် ပေးရန်။

(၂) ၎င်း ကော်မတီသည် ဘာသာရေး ပဋိပက္ခများ ဖြစ်လာလျှင် တိကျမှန်ကန်သော နည်းလမ်းများ ရှာကြံကူညီ ဖြေရှင်းပေးရန်။

(၃) အရေးအခင်း ဖြစ်ပွားမှုတွင် ပါဝင်ခဲ့ကြသော ရဲဘော်၊ သံဃာတော်၊ ပြည်သူများအား အပြစ်ပေး၊ ဖမ်းဆီး၊ သတ်ဖြတ်၊ ထောင်သွင်း အကျဉ်းချခြင်းများ မပြုလုပ်ရန်အတွက် ကေအဲန်ယူ အဖွဲ့အစည်းနှင့် ဖြန်ဖြေရေး ကော်မတီမှ လုံးဝ တာဝန်ယူရန်။

(၄) ဗုဒ္ဓဘာသာဝင် ရဲဘော်၊ တပ်မှူးများ အပြစ်ကျူးလွန်မိပါက သက်ဆိုင်ရာ တပ်ရင်း တပ်ဖွဲ့ ခေါင်းဆောင်များအား အကြောင်းကြားပြီး ၎င်း၏ သဘောတူညီမှုဖြင့် အပြစ်ဒါဏ် ပေးခြင်းအား စီရင် ဆုံးဖြတ်ပိုင်ခွင့် ချမှတ်ပေးရန်။

(၅) လွတ်လပ်စွာ ကိုးကွယ် ဝတ်ပြုပိုင်ခွင့်အတွက် သာသနာပိုမို ပြန့်ပွား တည်တံ့ရေးကို တားဆီးဟန့်တားသူ မှန်သမျှအား တိကျထိရောက်စွာ အရေးယူ ဆောင်ရွက်ပေးရန် တို့ဖြစ်သည်။

အထက်က ဖော်ပြခဲ့သော နှစ်ဘက်ကိုယ်စားလှယ်များအပြင် ဖြန်ဖြေရေး ကော်မတီမှ ပုဂ္ဂိုလ်များအပါအဝင် အသိသက်သေ အချို့က ထို ပဏာမ သဘောတူညီချက်ကို ပိုမို ခိုင်မာစေရန် အားဖြည့် လက်မှတ်ရေးထိုးခဲ့ကြသည်။ အသိသက်သေအဖြစ် လက်မှတ် ရေးထိုးသူများတွင်

(၁) ဦးတင်အောင် ဒု ဥက္ကဋ္ဌ၊
(N.L.D. - *L.A.*)

(၂) ဒေါက်တာနိုင်အောင် ဥက္ကဋ္ဌ၊
(A.B.S.D.F.)

(၃) နိုင်စိုးနိုင်အောင် ဒု ဥက္ကဋ္ဌ၊
(A.L.P.)

(၄) ဒေါက်တာစိန်းအောင် ဝန်ကြီး၊
(N.C.G.U.B.)

(၅) ဦးမြင့်ဇော် ဥက္ကဋ္ဌ၊
(D.P.N.S.)

(၆) ဒေါက်တာ မြင့်ချို
ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်
(A.B.S.D.F.)

(၇) နိုင်ဖေသိန်းဖြာ
[ဥက္ကဋ္ဌ နိုင်ရွှေကျင်ကိုယ်စား၊]
(N.M.S.P.)

(၈) ဦးလွမ်းဇော်
[ဥက္ကဋ္ဌ မိုးသီးဇွန် ကိုယ်စား၊]
(A.B.S.D.F.)

(၉) ***PAKRU SALKITCHANURAK***
[ထိုင်းဘုန်းတော်ကြီး တပါး]

တို့ ပါဝင်သည်။

ဤသို့ဖြင့် မိမိတို့အချင်းချင်း နားလည်မှု လွဲမှားခြင်းကြောင့် ဖြစ်ပေါ်လာခဲ့ရသော ပြဿနာမှာပြေလည်လုနီးပါး အခြေအနေသို့ ရောက်ခဲ့ရလေသည်။ ကို ပဏာမ သဘောတူညီချက်ကို မြိုင်ကြီးငူ ဆရာတော်နှင့် ဒေသတွင်းမှ သံဃာတော်များအား ပင့်ဖိတ်လျှောက်ထား တင်ပြကာ ထိုသဘောတူညီချက်ကဲ့သို့ လက်မှတ်ရေးထိုး ပါရှိကြပြီးဖြစ်သော နှစ်ဘက် ခေါင်းဆောင်များ အသိ သက်သေများအပြင် မြိုင်ကြီးငူဆရာတော်နှင့် သံဃာ၊ ဒါယကာ အချို့ကပါ ဗုဒ္ဓဘာသာဝင် ကိုယ်စားနှင့် အသိ သက်သေ များအဖြစ် ဝင်ရောက်ပူးပေါင်းပြီး ထပ်မံဆွေးနွေး အတည်ပြုလျက် သဘောတူလက်မှတ် ရေးထိုးလိုက်နိုင်ပြီဆိုလျှင် ဤပြဿနာ ပြီးပြောက် ပြေလည် ပြီဖြစ်သည်။

နဝတ၏ သပ်လျှိုသွေးခွဲမှုကို ခံရစေကာမူ၊ မိမိတို့အချင်းချင်း အပေးအယူ အလျှော့အတင်း ပြုလုပ်လျက် အကျေ အလည် ဆွေးနွေးနိုင်မည်ဆိုလျှင် ထို ပြဿနာများ ပြေလည်စေလိမ့်မည်ဟု ဗိုလ်မှူးကြီး ထူးထူးလေးအပါအဝင် ကြားနေ စေ့စပ် ဆွေးနွေးပေးရေး အဖွဲ့မှ ကေအဲန်ယူ ခေါင်းဆောင်များနှင့်၊ မဟာမိတ် အဖွဲ့အစည်းအချို့မှ ခေါင်းဆောင်များ၏ မြစ်ဆုံ ဖြန်ဖြေရေး ကော်မတီက အခိုင်အမာယုံကြည်ကြိုးပမ်းခဲ့ကြသည်။ ဒီဇင်ဘာ (၁၁)ရက်နေ့က ဖားမီးနှင့် စစ်သွေးကြွ ရဲဘော် အချို့၏ တဆင့်ကဲ လုပ်ဆောင်မှုများနှင့် ပတ်သက်၍ ကေအဲန်ယူက မလွဲမရှောင်သာ ပစ်ခတ် သတိပေးမှုများ ပြုလုပ်ခဲ့ရခြင်းမှလွဲပြီး ပြဿနာ ကြီးကြီးမားမားဟူ၍ မရှိဘဲ၊ သွေးထွက်သံယိုမှု အနည်းဆုံးဖြင့် စေ့စပ်ဆွေးနွေး ပြေလည်စေရေးသို့ ဦးတည်နိုင်ခဲ့ကြသည်။

(၅)

## သံသယ သံသရာ

ပထမအဆင့်အနေဖြင့် ပဏာမ သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခြင်းသည် ကေအဲန်ယူ မိသားစု အချင်းချင်း ပြန်လည်သင့်မြတ် ညီညွတ်ရေးအတွက် အောင်မြင်မှု လှေခါးထစ် တထစ်ကို လှမ်းတက်လိုက်နိုင်ခြင်းပင်ဖြစ်လေသည်။ ဒုတိယ အဆင့်အနေဖြင့် မြိုင်ကြီးငူဆရာတော်နှင့် သံဃာတော်အချို့အား ပင့်ဖိတ်ကာ၊ အပြီးသတ် သဘောတူ လက်မှတ်ရေးထိုးစေရေးတရားနည်းလမ်း ကျ ဆက်လက် ကြိုးပမ်းဘို့သာ ကျန်တော့သည်။ ပထမအဆင့်ကို အောင်မြင်စွာ လှမ်းတက်နိုင်ခဲ့ပြီဖြစ်၍ ဒုတိယအဆင့်ကိုလည်း အခက်အခဲများစွာမရှိဘဲ လုပ်ဆောင်နိုင်ကြလိမ့်မည်ဟု မြစ်ဆုံဖြန်ဖြေရေးကော်မတီက ယုံကြည်လေသည်။

သို့ရာတွင် ... ။ ထို "သို့ရာတွင်" မှာ အထူးတလည် အရေးကြီးသည့် 'သို့ရာတွင်'ဖြစ်သည်။ ဒီဇင်ဘာ (၁၂)ရက်နေ့က သူးမွဲထာမှ ခေါင်းဆောင်အချို့သည် စေ့စပ်ဆွေးနွေးပေးရေးအဖွဲ့များမသိလိုက်ရဘဲ မြိုင်ကြီးငူသို့မနက်စောစောပိုင်းထွက်

မြစ်ဆုံ အရေးအခင်း ကိစ္စနှင့် ပတ်သက်၍ ဖြန်ဖြေရေးကော်မတီ
မှ ပန်ကြားချက်

ရက်စွဲ ၁၆.၁၂.၉၄

၁။ အပစ်အခတ် လုံးဝ မရှိ လုပ်ကြရန်၊

၂။ ပဏာမ သဘောတူညီချက် (၅) ချက်ကို ဆက်လက်ထိန်းသိမ်း အာမခံရန်၊

၃။ ဂူဖက်ကို ကုန်ကြီးအား ထိုင်ပတ်ကာ၍ မြစ်ဆုံ၌ ကော်မတီနှင့်အတူ နေစေရန်၊ ဒေကပယ်၍ လာမနေပါက KNU မှ တာဝန်ယူဖြေရှင်းရန်

၄။ ဗိုလ်မှူးဘွား၊ ဗိုလ်လှ ကြီးကျော်နီ၊ ဗိုလ်ကသဲဖျား ကြီးတူဘုလေ တို့ကို ကော်မတီ အတူ မြစ်ဆုံသို့ ပြန်လွှတ်ပေးရန်၊

၅။ ကော်မတီမှ လုပ်ငန်းများ လုပ်ဆောင်ရာတွင် လွတ်လပ်လုံခြုံမှု ရှိစွာ ဆောင်ရွက်သွားမည်၊

၆။ ကော်မတီ၏ လုပ်ငန်းများကို ဥဒဟို လုပ်၍ တားမြစ်ထွက်ဖြစ်မနေရန်၊

၇။ ကော်မတီနှင့် မတိုင်ပင်ဘဲ ကောလာဟလ သတင်းများကို အခြေခံ၍ လုပ်ဆောင်မှုများ မရှိ လုပ်ရန်၊

၈။ ကော်မတီနှင့် ဆက်သွယ်ပြီး ရာတွင် (၂)ဖက်စလုံးမှ တိကျသော ခေါင်းဆောင်များ ရွေးချယ် တာဝန်ပေး အပ်ရန်။

လက်ခံကျေပါသည်၊ သဘောတူပါသည်၊

၁။ စောဦးဘသင် (KNU)
၂။ ဦးသုမင်္ဂလ

ဦးတင်အောင်
ကော်မတီ ကိုယ်စား

ခွာသွားလိုက်သည့် အသည်းအသန်အရေး တကြီး ဖြစ်ရပ်နည်းတူပင် ဒီဇင်ဘာ (၁၅) ရက်နေ့ နှစ်ဦးနှစ်ဘက် ဆွေးနွေးကာ ပဏာမ သဘောတူညီချက်များ ချမှတ်ရေး ထိုးအပြီး မကြာမီ အချိန်ပိုင်းကလေးတွင်ပင် မြစ်ဆုံ ဖြန်ဖြေရေးကော်မတီမှ မျှော်လင့်ထားမှု မရှိသည့် အသည်း အသန် အရေးတကြီး ကိစ္စတခု ဖြစ်ပွားခဲ့သည်။ ထိုသို့ဖြစ်ပွားသည့်ကိစ္စသည် ဒီဇဘ်ာ(၁၂) ရက်နေ့က မြိုင်ကြီးငူသို့ လျှို့ဝှက်စွာ ထွက်ခွာသွားခဲ့သော သူးမွဲထာ ခွဲထွက်အုပ်စုဝင် နဝတ သြဇာခံများ၏ လှုပ်ရှားမှုကို အင်အား ဖြည့်တင်းပေးလိုက်သကဲ့သို့ ရှိလေသည်။

ဒီဇင်ဘာ(၁၅)ရက်နေ့ ဖြစ်ရပ်နှင့် ပတ်သက်၍ ကေအဲန်ယူမှ ထုတ်ပြန်သော ကြေငြာချက်များ၌ရော ***D.K.B.O.*** ဖွဲ့စည်းပြီးနောက်၌ ခွဲထွက်အဖွဲ့မှ ထုတ်ဝေသည့် ကြေငြာချက်များ၌ပါ တိကျမှန်ကန်ပြည့်စုံစွာ ဖော်ပြခဲ့ခြင်းမရှိချေ။ အထူးသဖြင့် ကေအဲန်ယူမှ ထုတ်ပြန်ခဲ့သည့် ကြေငြာချက်များ၌ ဒီဇင်ဘာ(၁၅)ရက်နေ့ကိစ္စအား ဂရုတစိုက် ထိန်းထိန်း ချုပ်ချုပ် ရေးသားထားသည်ကိုငှင်း၊ လုံးဝ မရေးဘဲ ရှောင်ရှားသွားသည်ကိုငှင်း တွေ့ရှိရသည်။

"... ... ၁၅/ ၁၂/၉၄ နေ့တွင် ကေအဲန်ယူ ခေါင်းဆောင်များနှင့် သံဃာတော်များ၊ ဗုဒ္ဓဘာသာဝင် ***K.N.L.A.*** ရဲဘော်များတို့သည်၊ တွေ့ဆုံပြီး အချက် (၅)ချက်ပါ ပဏာမသဘောတူညီချက်ကို အသိသက်သေများရှေ့တွင် လက်မှတ်ထိုး ရရှိကြသည်။ ဆက်လက်ပြီး ကြားအဖွဲ့အစည်းများဖြစ်သော ဦးတင်အောင် ခေါင်းဆောင်သည့် မြစ်ဆုံကော်မတီမှ ဖြစ်ရှိနေသော အခြေအနေအပေါ် နဝတ အကြိုက် မဖြစ်ရန်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုဖြင့် တော်လှန်ရေးအောင်ပွဲခံရန်အတွက် ကြားဝင် စေ့စပ်ဖြေရှင်းခဲ့သည်။ ကြားဖြန်ဖြေရေးအဖွဲ့မှ ၁၆/၁၂/၉၄နေ့စွဲဖြင့် တင်ပြလာသော အချက်(၈)ချက်ပါပန်ကြားချက် အားနှစ်ဘက်စလုံးမှလက်ခံရရှိ သဘောတူညီကြောင်းကိုကေအဲန်ယူခေါင်းဆောင်များဘက်မှ ပဒိုဘသင်၊ သက်သတ်လွတ်ဂိုဏ်းသံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင် ***K.N.L.A.*** ရဲဘော်များကိုယ်စား ဦးသုမင်္ဂလမှ လက်မှတ်ရေးထိုးကြသည်။

ဤသို့ ကေအဲန်ယူ ခေါင်းဆောင်များနှင့် သက်သတ်လွတ်ဂိုဏ်း သံဃာတော်များ၊ ဗုဒ္ဓဘာသာဝင် ***K.N.L.A.*** ရဲဘော်များ၏ ပဏာမ သဘောတူညီချက် (၅)ချက်နှင့် မြစ်ဆုံ ဖြန်ဖြေရေးကော်မတီမှ အထက်ပါ နှစ်ဘက်သို့ တင်ပြလာသော (၈)ချက်ပါ ပန်ကြားချက်တို့ကို ကရင် တမျိုးသားလုံး၏ အကျိုးကို ရှေ့ရှုပြီး တိကျစွာ လိုက်နာလုပ်ဆောင် အကောင်အထည်ဖော်သွားရမည်ဖြစ်သည်။ သို့မှသာ ပြန်လည် ငြိမ်းချမ်း ညီညွတ်ရေးကို ရမည်။ နဝတ တို့၏ ထောင်ချောက်ဆင် မြှောက်ပင့်မှုများမှ ရှောင်ကွင်းနိုင်မည် ဖြစ်သည်။... ..." (ကေအဲန်ယူ – ကရင်အမျိုးသားအစည်းအရုံး၊ ဗဟိုအမြဲတမ်းကော်မတီ၏ ဒီဇင်ဘာ (၂၂)ရက်နေ့ ထုတ်ပြန်သော"ဘာသာရေးအရယုံကြည်ကိုးကွယ်ဝတ်ပြုမှုအပေါ် ကေအဲန်ယူ ကရင်အမျိုးသား အစည်းအရုံး၏ သဘောထားနှင့် ခံယူချက်"မှ။)

ဒီဇင်ဘာ (၂၁)ရက်နေ့ နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သော ကေအဲန်ယူ ဗဟိုအမြဲတမ်း ကော်မတီ၏ ကြေငြာချက် (ကေအဲန်ယူ ခေါင်းဆောင်များနှင့် သက်သတ်လွတ်ဂိုဏ်း သံဃာတော်များ (နှင့်) ဗုဒ္ဓဘာသာဝင် ***K.N.L.A.*** တပ်မှူး ရဲဘော်များ၏ သဘောတူညီချက်အပေါ် ***K.N.U.*** ၏ သဘောထား ထုတ်ပြန်ကြေ ငြာချက်) ၌မူ ဒီဇင်ဘာ (၁၅)ရက်နေ့ ပဏာမ သဘောတူညီချက် (၅)ရပ်နှင့်၊ ထိုသဘောတူညီ ချက်အား လက်မှတ်ရေးထိုးကြသော နှစ်ဘက်ကိုယ်စားလှယ်များနှင့် အသိသက်သေများကိုပါဖော်ပြထားသည်။ ဒီဇင်ဘာ (၁၆)ရက်နေ့ မြစ်ဆုံ ဖြန်ဖြေရေး ကော်မတီမှ တင်ပြသည့် အချက် (၈)ချက်ပါ ပန်ကြားချက်နှင့် ပတ်သက်၍မူ ဖော်ပြ

ခဲ့ခြင်းမရှိချေ။ ဒီဇင်ဘာ(၂၂)ရက်နေ့ ထုတ်ပြန်သော ကြေငြာချက်တွင်မှ ထိုပန်ကြားချက်ကို နှစ်ဘက်စလုံးမှ လက်ခံရရှိခဲ့ပြီး ညှိသည့်ပုဂ္ဂိုလ်များက လက်မှတ်ရေးထိုးခဲ့ကြောင်းကိုဖော်ပြထားသည်။ အချက်(၈)ချက်ပါ ပန်ကြားချက်များနှင့် မည်ဖြင့် အကြံဉာဏ်များရယူနိုင်ရန် ခေတ္တခေါ်ယူထားသော ဆရာတော်ဦးဝိဇာနနှင့် ***K.N.U.*** ခေါင်းဆောင်များ၏ လွတ်လပ်စွာသွားလာခွင့်ကို ရဟန်း သံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင် တပ်မှူး ရဲဘော်များမှ ခွင့်ပြုခဲ့ပါသည်။ … …" (ကရင်အမျိုးသားကော်မတီ၏ ထုတ်ပြန်ကြေငြာချက်များအရ၊ လူအများပင် သိရှိခဲ့ကြပြီးဖြစ်သည်။

"၄။… … ပုန်ကန် ထကြွမှု ပြုသော အုပ်စုနှင့် ဇေ့စပ်ညှိနိုင်း အဖြေရှာရန် ရည်ရွယ်၍ ဗိုလ်ချုပ်မောင်မောင်၊ ဗိုလ်မှူးကြီးထူးထူးလေး၊ ပဒိုမန်းရှာလာဖန်း၊

**ကရင်အချင်းချင်း နားလည်မှု လွဲမှားစွာ ဖြစ်ပေါ်လာခဲ့ရသည့် ဤအရေး အခင်းကြီး၏ ဖြစ်ရပ်မှန်သမိုင်းကြောင်းကို လေ့လာရေးသားရာတွင် မှန်ကန်သော စေတနာဖြင့် အမှန်တရား၏ မျက်နှာကို သာ ထောက်ရှုလျက် ရေးရမည်ဖြစ်သည်။**

သည့်အတွက် ဤပန်ကြားချက်ပေါ်ပေါက်လာရခြင်း ဖြစ်ကြောင်းကိုမှ မဖော်ပြခဲ့ချေ။

ကေအဲန်ယူ အဖွဲ့အစည်းသည် အမျိုးသားချင်း ပြန်လည် ညီညွတ်ရေးနှင့် အချင်းချင်း ပြေငြိမ်းမှုရရှိစေရေး၊ ရန်သူ့အကြိုက် မဖြစ်စေရေးတို့အတွက် အကျယ်အကျယ် မငြိမ်းဘွယ် ဖြစ်ရမည့် ကိစ္စကို ရှောင်ရှားသည့် အနေဖြင့် ရှင်းလင်းရေးသားမှု မပြုခဲ့ခြင်း ဖြစ်ဟန်ရှိလေသည်။ နဝတ၏ကူညီထောက်ပံ့မှုခံယူကာ ***D.K.B.O.*** အဖွဲ့ကို ဖွဲ့စည်းလိုက်သော ခွဲထွက်အုပ်စုအား ဒီဇင်ဘာ(၃၁)ရက်နေ့ နောက်ဆုံးထားပြီး မိခင်အဖွဲ့အစည်းထံ ပြန်လည်ဝင်ရောက်လာရန်ကြိုဆိုခေါ်ယူခဲ့ရာတွင် ***D.K.B.O.*** အဖွဲ့များ စိတ်အနှောက်အယှက်ဖြစ်စေမည့်အသုံးအနှုန်းကို ရှောင်ရှားခဲ့ခြင်းမျိုးပင် ဖြစ်နိုင်ဘွယ် ရှိသည်။ ထိုသို့ ရှောင်ရှားခဲ့သည့် သာဓက အချို့ကို အောက်ပါအတိုင်း တွေ့ရှိရသည်။

"၂။……မဟာမိတ် ကြားဖြန်ဖြေရေး ကော်မတီဝင်များကို အသိသက်သေပြုလျက် အချက်(၅)ချက်ပါ ပဏာမ သဘောတူညီချက်ကို နှစ်ဘက်သဘောတူပြေလည်မှုစတင်ဖော်ဆောင်နိုင်ခဲ့ပါသည်။

၃။ သဘောတူညီပြီးနောက်ပိုင်းတွင် မိသားစု စိတ်ဓါတ်နှင့် အပြန်အလှန်ရင်းနှီး နားလည်မှုကို ဖော်ပြသည့်အနေ အစည်းအရုံး ဗဟိုအမြဲတမ်းကော်မတီ၏ ၂၉ /၁၂ /၉၄ ရက်နေ့ ထုတ်ပြန်သော "နဝတ ၏ ကရင်အမျိုးသားထုအတွင်း သွေးစည်း ညီညွတ်မှု ပြိုကွဲစေရန် အစီအစဉ်ရှိရှိ လုပ်ဆောင်နေမှုနှင့် စပ်လျဉ်း၍ ထုတ်ပြန်ကြေငြာချက်အမှတ်(၂)"မှ)။

အမှန်စင်စစ် ဆရာတော်ဦးဝိဇာနနှင့် ကေအဲန်ယူ ခေါင်းဆောင်များကို ခွဲထွက်အုပ်စုက အကြံဉာဏ်များ ရယူရန် ဟူသည့် ရည်ရွယ်ချက် (သက်သက်)ဖြင့် ခေါ်ယူထားခဲ့ခြင်း မဟုတ်ကြောင်း ဗဟို ပဒိုစံလှိုင်တို့ ဦးစီးသော အဖွဲ့အားဖွဲ့စည်း၍ ၎င်းတို့ထံ စေလွှတ်ခဲ့ပါသည်။ ထိုအဖွဲ့အား ဖမ်းဆီး ညှဉ်းပမ်းမှုကို ပြုခဲ့ပါသည်။ ၁၀/ ၁၂/၉၄ရက်နေ့တွင် ဆရာတော်ဦးဝိဇာနနှင့် သံဃာတော်(၈)ပါးမှ ကြားဝင်ဖြန်ဖြေရန်အတွက် ကြွရောက်ခဲ့ရာ ဆရာတော်များ အားလည်း ဖမ်းဆီးချုပ်နှောင် ခဲ့ပါသည်။ ၁၁ /၁၂ /၉၄ နံနက် (၉)နာရီတွင် သံဃာတော်များနှင့် ကေအဲန်ယူ ခေါင်းဆောင်များအား ကွပ်မျက်မည်ဟု ရာဇသံပေးခဲ့ပါ သည်။ ယခုအချိန်တွင် ၎င်းတို့၏




*Photo by I.K.H.R.A.*

ကံကြမ္မာ မည်သို့ရှိမည်ကို မှန်းဆ၍ မရနိုင်ပါ။...”

(ကရင်အမျိုးသားအစည်းအရုံး ဗဟို ကော်မတီ။ ၁၁/၁၂/၉၄။ “နဝတမှ ကရင်အမျိုးသားထုအတွင်း သွေးကွဲစေရန် သပ်လျှိုဖြိုခွဲလုပ်ဆောင်မှုနှင့် စပ်လျဉ်း၍ ကေအဲန်ယူ၏ ထုတ်ပြန်ကြေငြာချက်”မှ)။

ထို ဒီဇင်ဘာ (၁၁)ရက်နေ့ ကြေငြာချက်ကဲ့သို့ အဖြစ်မှန်အတိုင်း ဖြစ်ပါလျက်နှင့် ***D.K.B.O.***ကို ပြန်လည်စည်းရုံး ခေါ်ဆောင် လိုသောကြောင့်၎င်း၊ ရန်သူ နဝတ အုပ်စုအား ကျေနပ်မည့် အဖြစ်ကို မဖြစ်စေလိုသောကြောင့်၎င်း အထက် ဖော်ပြပါ ဒီဇင်ဘာ (၂၉)ရက်နေ့ ကြေငြာချက် အတိုင်း အဖြစ်နှင့်လွဲချော်သော စကားလုံး များကို သုံးစွဲခဲ့ခြင်း သို့မဟုတ် အဖြစ်မှန်အတိုင်း မသုံးဘဲ ရှောင်ရှားခဲ့ခြင်း မျိုးပင် ဖြစ် နိုင်သည်။

ကရင့်သမိုင်း သုတေသန အဖွဲ့အနေဖြင့်မူ ကရင်အချင်းချင်း နားလည်မှုလွဲမှားစွာ ဖြစ်ပေါ်လာခဲ့ရသည့် ဤအရေးအခင်းကြီး၏ဖြစ်ရပ်မှန်သမိုင်းကြောင်းကို လေ့လာ ရေးသားရာတွင် မှန်ကန်သော စေတနာဖြင့် အမှန်တရား၏ မျက်နှာကိုသာ ထောက်ရှုလျက် ရေးရမည်ဖြစ်သည်။ နဝတ အုပ်စုသည် ကရင်အမျိုးသားများ အတွင်း စည်းလုံးညီညွတ်မှု ကင်းမဲ့စေရန်၊ သွေးကွဲစေရန်၊ ကေအဲန်ယူ အစည်းအရုံးကြီး ပြိုကွဲစေရန်နည်းမျိုးစုံသုံးလျက် လုပ်ဆောင်ခဲ့သည်မှာ ယခုမှ မဟုတ်ချေ။ သန့်ရှင်း ဖဆပလနှင့် မဆလ ဘဝတည်းကပင် လုပ်လာခဲ့ကြခြင်း ဖြစ်လေသည်။ ၎င်းတို့၏ သမိုင်းကြောင်းကို လိမ်၍မရ။ ထိုကဲ့သို့ နည်းအမျိုးမျိုးဖြင့် လုပ်ဆောင်ခဲ့ပါလျက် ကရင့်တော်လှန်ရေးကိုမူ ၎င်းတို့မည်သည့် အခါကမျှ လွတ်လွတ်ကျွတ်ကျွတ် အောင်ပွဲမခံနိုင်ခဲ့ချေ။ နယ်မြေဆုံးရှုံးခြင်းသည် တော်လှန်ရေးတခုလုံး ဆုံးရှုံးခြင်းမဟုတ်။ တော်လှန်ရေး ဆက်လက်ရှင်သန်နေသမျှ နယ်မြေတခုမဟုတ်တခု ရှိနေမည်သာဖြစ်သည်။ သို့ရာတွင် ယခုအရေးအခင်းကြီးနှင့် ဆက်နွှယ်လျက် မာနယ်ပလောကို လက်လွှတ် လိုက်ရခြင်းသည် ကေအဲန်ယူ အတွက် အတိုင်းအတာ တရပ်ထိ ဆုံးရှုံးနစ်နာမှု ဖြစ်ခဲ့သည်မှာမူ အမှန်ပင်ဖြစ်သည်။ ယခုဖြစ်ပျက်ခဲ့သည့် ကိစ္စမှာ အလွန်ကြောက်မက်ဘွယ်ရာကောင်းသည့် အဖြစ်အပျက်ကြီး ဖြစ်သည်။ အစီအစဉ်ရှိရှိဖြင့် ထိုးခွဲမှုကြီးကို ကေအဲန်ယူ အဖွဲ့အစည်းဖြစ်၍သာ ဤမျှလောက်အထိ ခံနိုင်ခဲ့ခြင်း ဖြစ်သည်။ ဘာသာရေးအရ ထိုးခွဲမှုကြီး အခြားအဖွဲ့အစည်းများဆိုလျှင် ပြတ်ထွက်သွားသည်မှာ ကြာပြီဖြစ်သည်။ ကေအဲန်ယူ ထက် အင်အား များစွာကြီးသော ဗကပ သည်ပင် ထိုမျှ လောက် ကြောက်မက်ဘွယ်မကောင်းသည့် သပ်လျှိုထိုးခွဲမှု အောက်တွင် ဖရိုဖရဲ ပျောက်ကွယ်သွားခဲ့ရပြီ ဖြစ်လေသည်။

သို့ရာတွင် ကေအဲန်ယူ သည် မဟာမိတ်အဖွဲ့များ၏ ကြားဝင်ဖြန်ဖြေဆောင်ရွက် ပေးမှုနှင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်အများစု၏ (အချို့က အင်အားသုံးလိုကြသည်) မှန်ကန်သော စေတနာပေါ်တွင် အရင်းခံကာ ခွဲထွက်အဖွဲ့နှင့် ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ကြပြီး၊ မိမိတို့အချင်းချင်း ပြေလည်ညီညွတ်စွာဖြင့် ပဏာမ သဘောတူညီချက်ကိုပင် ချမှတ်နိုင်ခဲ့ကြသည်။ နဝတ ၏ သပ်လျှိုသွေးခွဲမှုကို ကျော်ခိုင်းလျက် မိမိတို့အချင်းချင်း ပြန်လည် လက်တွဲရေးကို ရှေ့ရှု နိုင်ခဲ့ကြသည်။ ဗုဒ္ဓ ဘာသာဝင် သူးမွဲထာအုပ်စုက ကြည်ညို လေးစားသော မြိုင်ကြီးငူဆရာတော်အပါအဝင် သံဃာတော်အချို့ကို ပင့်ဖိတ်ပြီး၊ အပြီးသတ် သဘောတူ လက်မှတ်ရေးထိုးနိုင်ပြီဆိုလျှင်တော်လှန်ရေးတာဝန်များကို အတူတကွ ဦးလည်မသုန် ထမ်းရွက်ဘို့သာ ကျန်ရှိတော့မည် ဖြစ်သည်။ သို့ဆိုလျှင် ၁၆/၁၂/၉၄ ရက်နေ့စွဲပါ ပန်ကြားချက်နှင့် သဘောတူညီချက် လက်မှတ် ရေးထိုးမှုသည် အဘယ့်ကြောင့် ဖြစ်ပေါ်လာခဲ့ရပါသနည်း။ (ထိုကိစ္စနှင့်ပတ်သက်၍ ကြေငြာချက် စာရွက်စာတမ်းများ လေ့လာခြင်း မြစ်ဆုံ ဖြန် ဖြေရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်အချို့အား စုံစမ်းမေးမြန်းခြင်းများကို မိမိတို့ ပြုလုပ်ခဲ့သည်။)

၁၆/၁၂/၉၄ ရက်နေ့စွဲဖြင့် တွေ့ရှိရသော မြစ်ဆုံအရေးကိစ္စနှင့် ပတ်သက်၍ ဖြန်ဖြေရေးကော်မတီမှ ပန်ကြားချက် မူရင်းမှာ အောက်ပါအတိုင်းဖြစ်လေသည်။

(၁) အပစ်အခတ် လုံးဝ မပြုလုပ်ကြရန်။

(၂) ပဏာမ သဘောတူညီချက် (၅) ချက်ကို ဆက်လက် ထိမ်းသိမ်းအာမ ခံရန်။

(၃) ရမ်ဘို ဘုန်းကြီးအား ထိုင်းဘက်ကမ်း မြစ်ဆုံ၌ကော်မီတီနှင့် အတူလာနေစေရန်။ အကယ်၍လာမနေပါက ကေအဲန်ယူ မှ တာဝန်ယူ ဖြေရှင်းရန်။

(၄) ပဒိုမန်းရှာ၊ ဗိုလ်မှူးကြီးဂျော်နီ၊ ဗိုလ်မှူးကြီးထူးထူးလေး တို့ကို ကော်မီတီအတူ မြစ်ဆုံသို့ပြန်လွှတ်ပေးရန်။

(၅) ကော်မီတီမှလုပ်ငန်းများ လုပ်ဆောင်ရာတွင် လွတ်လပ်လုံခြုံမှုရှိစွာ ဆောင်ရွက်သွားမည်။

(၆) ကော်မီတီ၏ လုပ်ငန်းများကို ခုတုံးလုပ်၍ အမြတ်ထုတ်ခြင်း မပြုရန်။

(၇) ကော်မီတီနှင့် မတိုင်ပင်ဘဲ ကောလဟာလ သတင်းများကို အခြေခံ၍ လုပ်ဆောင်မှုများ မပြုလုပ်ရန်။

(၈) ကော်မီတီနှင့် ဆက်သွယ်ရာတွင် (၂) ဖက်စလုံးမှ တိကျသောခေါင်းဆောင်များ ရွေးချယ်တာဝန်ပေးအပ်ထားရန်။

ဟူ၍ဖြစ်သည်။ ကေအဲန်ယူ အဖွဲ့အစည်း ဘက်မှ ပဒိုဘသင်နှင့်၊ ဗုဒ္ဓဘာသာဝင်သူးမွဲထာ ခွဲထွက်အဖွဲ့ကိုယ်စား ဦးသုမင်္ဂလာတို့က လက်ခံရရှိ၊ သဘောတူညီကြောင်း၊ လက်မှတ်ရေးထိုး ထားကြပြီး ဖြန်ဖြေရေး ကော်မတီ၏ကိုယ်စား ဦးတင်အောင်က လက်မှတ်ရေးထိုး ထား သည်။

ထိုနေ့က အဖြစ်အပျက်နှင့် ပတ်သက်၍ မြစ်ဆုံဖြန်ဖြေရေး ကော်မတီဝင်တဦးဖြစ်သူ ခိုင်စိုးနိုင်အောင်( **NDF** အတွင်းရေးမှူး၊ **ALP** ဒု ဥက္ကဋ္ဌ) က အောက်ပါ အတိုင်း ပြောကြားလေသည်။

(ဆက်လက်ဖော်ပြပါမည်။)

INDEPENDENT KAREN HISTORICAL RESEARCH ASSOCIATION.

# NEW STATE JOURNAL

VOLUNE 6.











